www.burmeseclassic.com

# လရောင်ကျူးရှင်

ချစ်သူ့ရာဇဝင်



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၃ ခုနှစ်၊ ဇွန်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

လရောင်ကျူးရင့်
ချစ်သူ့ရာဇဝင် လရောင်ကျူးရင့်၊ ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၁၃။
၃၇၂- စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ချစ်သူ့ရာဇဝင်

BURMESE CLASSIC .com



## အခန်း(၁)

'နန်းမဟာ'ဆိုသလောက် တိုက်ကြီးက နန်းဆန်သည်။ သစ်ပင်မြင့်ကြီးတွေ ဝိုင်းရံနေသည့်ကြားမှာ ထီးထီးမားမားကြီး ရှိနေပုံကြောင့်ပို၍ ကြီးကျယ်ခမ်းနားနေတာလား မသိ ..။

ရုတ်တရက်ကြည့်လျှင် အိမ်ခေါင်ငါးလုံးပူးနေသလိုရှိကာ ကျော့ချင်းကပ်ပြီး မျက်နှာစာပတ်လည် ထုတ်ထားတာမျိုး ..။

ခေါင်မိုးတွေက ပြားတာလည်း မဟုတ်၊ ချွန်တာလည်း မဟုတ်ဘဲဂငယ်ခုံးပြေပြေလေးတွေ ဖြစ်သည်။ အပြာရောင်သမ်းသော မီးခိုးပြာပျော့ပျော့လေးမို့ သစ်ပင်ကြီးတွေကြားမှာပေမယ့် ထင်းနေသည်။

အဝေးကြည့်မှန်ပြောင်းထဲမှာ ကျယ်ပြောသည့် ခြံကြီးပတ်လည်ကိုလိုက်ကြည့်ရင်း ဘောဘီ အသည်းတွေ ယားနေမိ၏။

ကိုယ်ဝယ်လိုက်တဲ့ခြံကြီးပဲ ကျယ်လှ .. လှလှပြီ ထင်နေသည်။ ဟိုဘက်ကိုကြည့်လိုက်ကာမှ သေချင်စော်နံသွားမိတဲ့အဖြစ် ..။

"ဘာတွေ ခိုးချောင်းနေတာလဲ ဘောဘီ .."

"ကိုကြီး .."



www.burmeseclassic.com

www.burmeseclassic.com



"ပြော ..."

ဘော်ဘီ ရဲ့ ဘေးပြတင်းပေါက်ကိုကိုင်ပြီး ကိုကြီးက ဟိုဘက်ကို လှမ်းကြည့်၏။

"အဲဒီခြံကြီးက အရမ်းလှတာပဲ .. ကိုကြီး သတိထားမိလား .."

"သတိထားမိတော့ ဘာလုပ်ရမှာလဲ ...၊ ကိုယ်နဲ့ ဘာဆိုင်တာမှတ်လို့"

"ခြံနီးချင်းတွေဖြစ်နေပြီပဲ ကိုကြီးရဲ့ .. ဘာပဲဖြစ်ဖြစ် 'မကြည့်ချင် မြင်ရက်သား' ဆိုသလို .."

"ဟား .. ဟား .. ဟား ..."

ကိုကြီးက သူ့ခေါင်းလေးကို နောက်ကနေ ဖျတ်ခနဲပုတ်လိုက်ပြီး ရယ်နေ၏။ မှန်ပြောင်းကြီးကို လက်နဲ့ အသာလေး ဖိချန့်မိလိုက်ကာ...

"မှန်ပြောင်းကြီးနဲ့ ကျကျနနချောင်းကြည့်နေပြီးတော့ .. မကြည့်ချင် မြင်ရက်သားပဲ ဖြစ်ရသေးတယ်၊ ဟားဟား ဟား .. သူခိုးမလေး"

ခေါင်းကိုပဲ နောက်ထပ်ပုတ်တော့ ဘော်ဘီ က လက်နဲ့ကာလိုက်ပြီး ရှောင်ကာ ...

"ဘာမှ ခိုးချောင်းတာ မဟုတ်ဘူး ...၊ ဒီမှန်ပြောင်း ကိုကြီးပဲ ဝယ်ပေးတာ .. ခိုးချောင်းဖို့လား ...၊ ကဲ .."

"အံမာ .. အံမာ .. ငါ့ကို ပြန်ပြောနေသေးတယ်၊ လူလည်မလေး.. ညည်းပဲ ဒါကိုမှမရရင် အခန်းတံခါးပိတ်နေပါတော့မယ်ဆိုလို့ ခရီးသွားခါနီး ပြေးဝယ်ရတာလေ ...၊ ဖေဖေ ဘယ်လောက်ဆူတယ် မှတ်လို့လဲ"

"နောက်ကြောင်းတွေ မပါဘူးလေ ...၊ ဒီမှန်ပြောင်း ဘယ်သူ ဝယ်ပေးတာလဲပဲ သိစေချင်တာ .."

တက်ပြားနက္ခတ်ပဲ မွေးလာသလားတော့ မသိ ...၊ မသိနိုင် မမြင်နိုင်ဘူးဆိုတာတွေကို သိရ မြင်ရအောင် လုပ်ယူရသည့်ဝါသနာ ဘော်ဘီမှာ ရှိသည်။





အဝေးကြီးမှာ မပီမသမြင်နေလျှင် မှန်ပြောင်းနဲ့ ဆွဲကြည့်မည်။ မဝေးဘဲနဲ့ ပိတ်ကွယ် ကာဆီးနေတာမျိုးဖြစ်နေတော့ ခြံကျော် တံတိုင်းကျော် .. ဘယ်လိုပုံစံ စွန့်စားရမလဲ ..။

ဘာလုပ်လုပ် ဘော်ဘီအတွက် အဖော်မလိုပေ ..။

"လာဟေ့ .. အောက်မှာ သူများတွေ အလုပ်ကိုယ်စီနဲ့၊ ချောင်းနိုးမနေနဲ့"

ဘော်ဘီနဲ့ စကားပြိုင်ပြောမိတိုင်း နိုင်ချေရှိရှိ မရှိရှိ ဘယ်တော့မှ ပြိုင်မငြင်းတတ်သည့် မြတ်သု က ထုံးစံအတိုင်း အပြုံးနဲ့ပဲ အဆုံးသတ်ကာ ...

"လာ .. တော်ကြာ ဖေဖေ ဆူလိမ့်မယ်နော် .."

"ကိုကြီးကလည်း မကြီးသူငယ်ချင်းတွေလည်း အများကြီးပဲ ဝိုင်းလုပ်နေကြတာပဲဟာ၊ ဖေဖေလည်း အပြင်က ပြန်မလာသေးဘဲနဲ့ .."

"အေးနော် .. ဖေဖေ ပြန်ရောက်လာရင်တော့ ကိုကြီး လာသတိပေးမှာ မဟုတ်ဘူး၊ ဆူခံထိမှ မျက်ရည်လေး စမ်းစမ်းစမ်းစမ်း လုပ်မနေနဲ့၊ အဲဒါကြီးနဲ့ ဒီပုံစံမိသွားရင်တော့ ဖေဖေ ညည်းကို ဆူရုံပဲဆူမှာမဟုတ်ဘူး"

အိမ်မှာ ကိုကြီးမြတ်သု နဲ့ မကြီးမြတ်နိုး က အမြွှာတွေဖြစ်ကာ ဘော်ဘီ ကို ရှစ်နှစ်ခြားပြီးမှ မွေးခဲ့တာဖြစ်သည်။

ဖေဖေတစ်ယောက်ပဲ စည်းကမ်းတင်းကျပ်သူဖြစ်ကာ မောင်နှမအားလုံး မေမေ့ကို ဆိုးတာကောင်းတာကအစ ဘယ်တော့မှ ပြန်စံမပြောရဲခဲ့ ..။ မေမေနဲ့ ကိုကြီးတို့ မကြီးတို့ဆို ဘော်ဘီ နဲ့ပတ်သက်လျှင် ဘာလုပ်လုပ်၊ ဘယ်လိုနေနေ ပြောပြောဆိုဆို ညည်းညည်းညူညူနဲ့ပဲ အလိုလိုက်ခဲ့ကြတာချည်းပဲ ဖြစ်၏။

ဖေဖေ ပြန်ရောက်လာရင်လို့ ကိုကြီး သတိပေး သံချောင်းခေါက်သွားတာနှင့် ဘော်ဘီ မှန်ပြောင်းကို အခန်းထဲမှာ သွားပြန်သိမ်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဒီပြတင်းနားမှာပဲ ပြန်ရပ်မိကာ ကြည့်နေမိသည့်မျက်လုံးတွေကိုလည်း ဆုံးမ မရ ..။ ဒီ့ထက်ပိုပြီး သေချာမြင်တွေ့ချင်လာသော အားမလိုအားမရစိတ်တွေကလည်း ခက်သည်။

"ဘောဘီ .."

"အမလေး!..."

ဖေဖေ ရောက်လာရင်ဆိုသည့်စိတ်က တစ်ဖက်နှင့် လည်ပင်းလေးရှည်အောင် လိုက်ကြည့်နေမိသဖြင့် မြတ်နိုး ရောက်လာတာကို ထိတ်ခနဲ ဖြစ်သွား၏။

"သိသားပဲ .. ငါ့ညီမ ပျောက်နေရင် တချောင်ချောင်မှာ ကပ်ပြီး တစ်ခုခုကို စိတ်ဝင်စားနေပြီဆိုတာ .."

"တော်သေးတာပေါ့ .. ခိုးချောင်းနေတယ် မပြောလို့ .."

"ဟုတ်လား ..၊ ကိုသု ပြောသွားပြီလား .."

"ဟုတ်တယ် .. မကြီးကရော ဘာလဲ ..၊ ဘောဘီ ကို ခိုင်းချင်လို့ လာခေါ်တာလား .."

"မဟုတ်ပါဘူး .. မကြီးသူငယ်ချင်းတွေက ညီမလေးကို မတွေ့တာ ကြာပြီတဲ့ .. ကြည့်ချင်လို့တဲ့ ..၊ မကြီးက ညီမလေး အရမ်းလှလာတယ်လို့ ကြွားထားတော့ သူတို့က ကြည့်ချင်တာပေါ့၊ လာ .. ခဏ လိုက်ခဲ့"

"မကြီး .."

"ဟင် .."

"မကြီး ဟိုဘက်ကအိမ်ကြီးကို စိတ်မဝင်စားဘူးလား .."

ဘောဘီ ပြောမှပဲ ကြည့်မိတော့သည်။ မြတ်နိုး က ပြတင်းနား လျှောက်သွားပြီး သေချာကြည့်၍ ...

"အင်း .. ရှေ့ကဖြတ်သွားရင်းနဲ့ သတိတော့ထားမိတယ်၊ ခြံက တော်တော်ကျယ်ပုံရတယ်၊ ခြံပြင်ကနေဆို တိုက်ကို မမြင်ရဘူး .."





"ဟုတ်တယ် .. ညာဘက်က အုတ်တိုင်ပေါ်မှာ စာရေးထားတယ်၊ အသားကိုထွင်းထားတာ မတွေ့ဘူးလား .."

"တွေ့တယ်၊ 'နန်းမဟာ'ဆိုတာ ကြောင်တောင်တောင်တွေပါ၊ ကြည့်ရတာ တော်ဝင်မျိုးနွယ် ဘာညာဆိုတဲ့ အစွဲတွေ ရှိတဲ့လူတွေပဲ.."

"မကြီးက အဲဒီကလူတွေကို မြင်ဖူးလို့လား .."

"မမြင်ဖူးပါဘူး .. ဒီရောက်စက ဟိုဘက်ခြံက အပျိုကြီး တစ်ယောက်ပြောတာ ..၊ လူသုံးယောက်ပဲရှိတာတဲ့ .. အလုပ်သမား ဘာညာလည်း မရှိဘူးတဲ့၊ ဒီလောက်ကြီးတဲ့ အိမ်ကြီး .. လူသုံးယောက်တည်းနေတာ ဘယ်လောက် စိတ္တဇဆန်လဲ .."

"ဟုတ်တယ်နော် .. အိမ်ကို ဂရုစိုက်မကြည့်မိပေမယ့် မကြီးက အများကြီး သိထားတာပဲ .."

"ဩော် .. ကိုယ်က ပြောင်းလာကာစဆိုတော့ ခြေရင်းခေါင်းရင်း ကပ်လျက်လူတွေအကြောင်း မေးမြန်းထားရတာပေါ့၊ အိမ်တက်တရား နဲ့လည်း ဖိတ်ထားတယ်လို့ မေမေ ပြောတယ် .."

"ဟုတ်လား .. ဒါဆို သူတို့ လာကြမှာပေါ့"

"မသိဘူးလေ .. ဖိတ်တာတောင် ခြံဝကနေ ဘဲလ်တီးတာ မရလို့ ခြံထဲကို ဖိတ်စာပစ်ထည့်ခဲ့ရတာ .."

ဘောဘီ စိတ်ဓာတ်ကျသွားသည်။ မကြီး ပြောလိုက်မှ စိတ်ဝင်စားမှုက ပိုသွားသလိုရှိကာ မသိရတာတွေကို ပိုသိချင်သွား၏။

"မကြီး သိတာ ဒါပဲလားဟင် .."

"ဟုတ်တယ် မယ်စပ်စုလေးရဲ့ ..၊ လာပါ .. လူကဖြင့် ပထမနှစ်ဖြေပြီးနေပြီ.. ခုချိန်ထိ ကလေးလို နေချင်တုန်း.. အောက်ကိုဆင်းခဲ့တော့"

မကြီးနဲ့ ကိုကြီးတို့က ဘောဘီ ဘာမေးမေး စိတ်ရှည်လက်ရှည် ပြောပြကြသည့်အကျင့်လေးတွေ ရှိသည်။ အပြီးသတ်ကျမှသာ 'ချစ်စိန်လေး' 'မယ်စပ်စုလေး' စသဖြင့် 'ပဲခူးဆား'လို့ ခေါ်ခဲ့တာတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိသည်။ ဘာဖြစ်ဖြစ် ဘောဘီ က လက်လှမ်းမမီတာတွေကို ပိုသိချင်နေတတ်ကာ ...

"ဘောဘီ ကတော့ ဘွဲ့ရပြီးရင် သတင်းထောက်လုပ်မှာပဲ"လို့ တစ်ခါတည်း ကြိမ်းဝါးထား၏။ သေချာတာက ဒီသတင်းကို ဖေဖေ့ဆီ အရောက်ခံမှာ မဟုတ်ဘဲ မေမေနဲ့ ကိုကြီးတို့ တိုက်ဖျက်ကြလိမ့်မည်။ ဘောဘီ ကိုယ့်စိတ်နဲ့ ကိုယ့်ဆုံးဖြတ်ချက်တွေ တွေးကာ ပြတင်းနားက ခွာလိုက်ကာမှ မျက်ဝန်းထောင့်မှာ လှုပ်ရှားမှုလေးတစ်ခုကို ဖျတ်ခနဲ မြင်လိုက်လျှင် ...

"ဟင်!..."

လူက ကျောခိုင်းမိတော့မလိုဖြစ်သွားပြီမို့ ကမန်းကတန်းပြန်လှည့်ကြည့်မိ၏။ အမြင့်ဆုံးခေါင်မိုးကြီး၏ အမြင့်ဆုံးပြတင်းတစ်ချက် ပွင့်သွားသည်။

ပြီးတော့ လူရိပ်တစ်ရိပ် ဖျတ်ခနဲ လာရပ်ပြီး ချက်ချင်း ပြန်ပျောက်သွား၏။ ထိုနေရာကို တံခါးပြန်မပိတ်ဘဲ ခန်းဆီးစ အညိုရောင်လေး လွင့်ခနဲ ပိတ်သွားတဲ့အထိ ဘောဘီ စိတ်ဝင်တစားကြည့်နေမိသည်။

ဆက်ကြည့်နေပေမယ့် အားလုံးက ပြန်လည်ငြိမ်သက်သွားခဲ့ပြီး မချင့်မရဲစိတ်တွေနှင့် ဘောဘီ တက်ခေါက်မိ၏။ မှန်ပြောင်းကိုင်ထားတုန်းက ဒီတံခါး ပွင့်လိုက်ပါလား ...။

ပေါ်လာသည့်လူကို အသက်ကြီးသလား၊ ငယ်လား၊ ဖြူလား၊ မည်းလား သေချာမြင်ရနိုင်သည်။ ခုတော့ အရိပ်လေးလောက်ပဲမြင်လိုက်ရ၏။

ဒီပြတင်းပေါက်မပိတ်သေးဘူးဆိုတော့ လာငြိနိုင်ပိတ်လျှင် တွေ့နိုင်သေး၏။ ဒါပေမယ့် သူမ အောက်ထပ်ကို ဆင်းရတော့မှာ ဖြစ်သည်။

တစ်ကွေ့တော့ တွေ့ဦးမှာပါ ...။





## အခန်း(၂)

နေ့လယ်ခင်းကျတော့ တရားနာတာတွေ၊ ညည့်ခံကျွေးမွေးတာတွေ အားလုံး ပြီးသွားသည်။ ဒါပေမယ့် မြတ်နိုး နဲ့သူငယ်ချင်းတွေက စကားဖောင်ဖွဲ့လို့ကောင်းနေတုန်း ဖြစ်သည်။

အစတည်းက တကြည့်ကြည့်လုပ်နေသည့် ဦးသက်ပန် က သမီးဖြစ်သူနှင့် သူငယ်ချင်းတစ်စု ထွက်လာကြတာမြင်ကာမှ အားလုံး၏ရှေ့မှာ သွားရပ်လိုက်ပြီး ...

"သမီးတို့ ပြန်ကြတော့မလား .."

"ဟုတ်ကဲ့ အန်ကယ်လ်"

"အေးကွယ် .. သမီးတို့အားလုံးက မြို့ခံလူတွေဖြစ်နေပြီဆိုတော့ သမီးကို အစစအရာရာ ကူညီရင်းနဲ့ အရင်လိုပဲ တရင်းတနှီး ဝင်ပါထွက်ပါ .."

"ဟုတ်ကဲ့ရှင့် .."

အားလုံးက ဦးသက်ပန် ရဲ့အကြည့်စူးစူးတွေကို ရှောင်ရှားခါနီး၌ အမြန်ဆုံးထွက်ခွာရေးကိုသာ အလျင်စလို တွေးမိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော သုံးနှစ်ကျော် လေးနှစ်လောက်ကလည်း ဦးသက်ပန်၏ အကြည့်တွေ ..၊ အပြောတွေအောက်မှာ သူတို့အားလုံး မျက်နှာငယ် အနေခက်ခဲ့ရတာ မမေ့နိုင် ..။

ခုနေခါမှာ ဒါတွေ မေ့ပျောက်လောက်ပြီ ထင်ရသော်လည်း ...

"တစ်ခုတော့ ကျေးဇူးပြုပြီး ကြိုပြောချင်တယ်ကွယ် .."

"ဟုတ် .. ဟုတ်ကဲ့ ပြောပါ အန်ကယ် .."

"သမီးတို့တွေ ဟိုတုန်းကလို တက္ကသိုလ်ကျောင်းသူလေးတွေ မဟုတ်တော့ဘူးလေ၊ အဲဒါကြောင့် မိဘက နေရာတကာ လိုက်ပြီး တည့်မတ်ထိန်းကျောင်းနေဖို့ မလိုတော့ပါဘူး .."

ဦးသက်ပန် မျက်နှာက ဟိုတုန်းကလို ခက်ထန်ရိပ်တွေ ယှက်သန်းလာခဲ့လျက် ...

"ဒါပေမယ့် မိဘတိုင်းက ကိုယ့်သားသမီးအပေါ်မှာ ဘယ်အရွယ် ဖြစ်ဖြစ် လက်လွှတ်တယ် မရှိဘူး၊ အန်ကယ်လ်ကတော့ သမီးကို ခုချိန်ထိ အရင်လိုအဖြစ်မျိုးနဲ့ တိုးမလားလို့ စိုးရိမ်နေတုန်းပဲ .."

မေကျော် နဲ့ မြတ် တို့ မျက်လုံးချင်းဆုံသွားသည်။ ပြီးတော့ မေကျော် တခြားသူငယ်ချင်းတွေဆီ မျက်လုံးဝေ့မိပြန်သည်။

အားလုံးကို သူမပဲ အာမခံ ခေါင်းဆောင်ပြီး ဒီကိုခေါ်လာခဲ့တာ..။

"ဒါတွေက ပြီးသွားပါပြီဟာ .. လူကြီးက အငြိုးတွေ အာဃာတတွေနဲ့တော့ မဆက်ဆံပါဘူး"လို့ သူမကိုယ်တိုင် သေချာ အာမခံခဲ့မိ၏။

ဦးသက်ပန် က သူမတို့ကို မျက်မှောင်ကုတ်၍ စိုက်ကြည့်သည်။ ပြီးမှ ခပ်ဖြေးဖြေး ဖြေချ၍ ...

"အန်ကယ်လ် ပြောချင်တာက ဒီလိုပါ၊ သူငယ်ချင်းကောင်းဆိုတာ မတော်တာတွေ့ရင် အမုန်းခံပြီး တားဆီးရတယ်၊ ငယ်တုန်းက ဒါတွေကို သိပေမယ့် ဆင်ခြင်စိတ်နဲ့ယှဉ်ပြီး ခေါင်းထဲ မထည့်တတ်ဘူးလေ၊ ခုချိန်မှာတော့ မှတ်သားစရာ .. ဖယ်ကြဉ်စရာဆိုတာတွေကို ကိုယ်တိုင်





ခွဲခြားစိတ်ဖြာနိုင်ကြပြီ၊ လူငယ်ပီပီ ပေါ့လားဝါးလား မြှောက်ထိုးပင့်ကော် လုပ်ခဲ့တာမျိုးတွေ ဟိုတစ်ချိန်က လုပ်ခဲ့သလို အခု ထပ်မလုပ်ကြပါနဲ့.."

ပွင့်ပွင့်လင်းလင်း ပြောလိုက်သည့်စကားသံနှင့်အတူ ဦးသက်ပန် မျက်နှာက တည်တည်ကြီး ဖြစ်သွား၏။ ထို့နောက် ဝက်ဝံရုပ်တွေ သုံးနေရသည့်အဖြစ်တို့ကို ထားခဲ့လိုက်ကာ ...

"အန်ကယ်လ် ပွင့်ပွင့်လင်းလင်း ပြောမယ်နော် ..၊ တည်တည်ငြိမ် ငြိမ် ရိုးသားစွာ ခေါ်ပြောဆက်ဆံကြပါ၊ မိဘရှေ့မှာတစ်မျိုး .. ကွယ်ရာမှာ တစ်မျိုး .."

"အန်ကယ်လ် .. ဟိုလေ .. သမီးတို့ကလည်း ..."

"နေဦး ..၊ အန်ကယ်လ် ပြောချင်တာက အန်ကယ့်လ်သမီး မရိုးသားရင် ကွယ်ရာမရောက်ခင် အန်ကယ်လ်တို့ကို အသိပေးရမယ်.. ဟုတ်ပြီလား ..၊ သမီးတို့အားလုံးကို အန်ကယ်လ်တို့က သမီးရဲ့သူငယ်ချင်းကောင်းတွေလိုပဲ ယုံကြည်ကြတယ်၊ ဒီတိုင်းပဲ ဆက်ပြီး ယုံကြည်သွားကြရအောင်ပေါ့ .."

ပြောချင်တာပြောပြီး ဦးသက်ပန် က ခေါင်းတစ်ချက်အညိတ်နှင့် နုတ်ဆက်ထွက်သွားသည်။

"မြတ်နိုးရယ်၊ ငါတို့ကလေ .."

"ငါ တောင်းပန်ပါတယ်ဟာ .. ဒက်ဒီက အဲဒီကတည်းက အိမ်သားတွေကိုတောင် စကားကောင်းကောင်း မပြောတော့ဘူး၊ အရှိန်ရှက်သွားတာ .. အဲဒါ ငါ့ကြောင့်ပါ၊ တကယ်ဆို နင်တို့နဲ့ မဆိုင်အဲနဲ့ .."

မေကျော် က မျက်နှာလေးမကောင်းပေမယ့် ခေါင်းညိတ်ရှာသည်။

"မဆိုင်ဘူးလည်း မဟုတ်ပါဘူး မြတ်နိုး ရယ် .. ငါတို့မကောင်းတာလည်း အများကြီး ပါပါတယ်၊ ဖခင်တစ်ယောက်အနေနဲ့ ဒီလောက်ထိ အရှက်ကွဲထားတာကို ဘယ်မေ့နိုင်ပါ့မလဲ ..၊ တကယ်ဆို ငါတို့က ဆင်ခြင်သင့်တာကို ..၊ မျက်နှာပြောင်သလိုကြီး ဖြစ်သွားတာ.."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ ..၊ ငါတို့က မသွားဖို့ ပြောသားနဲ့ .."

မကျော် က နားလည်ပေးနေပေမယ့် ကျန်တဲ့သူငယ်ချင်းတွေက တော့ ရှက်နေကြသဖြင့် မျက်နှာတွေ မကောင်းကြပေ ..။

"နင်တို့ စိတ်ဆိုးသွားကြတာလား စန္ဒီ တို့ .. ဟင် ..၊ ဒက်ဒီ ကိုယ်စား ငါ တောင်းပန်ပါတယ် .."

"အို .. မဆိုးပါဘူး .. မဆိုးလို့ ငါတို့ လာကြတာပေါ့၊ နောက်လည်း ဝင်ထွက်ကြမှာပါ၊ အန်ကယ်လ် ပြောသလို ငါတို့စိတ်ထားတွေ ပြင်ရမှာပေါ့"

မကျော် ကတော့ အပြုံးမပျက် ပြောနေဆဲပင် ..။

"တွေးကြည့်ရင် ငါတို့တွေ မိုးမမြင် လေမမြင် အပျော်လွန်ပြီး မြှောက်ပင့်ပေးသလို ဖြစ်ခဲ့တာလည်း မှန်တာပဲ၊ တကယ်ဆို သူနဲ့ မြတ်နိုး ဆုံခဲ့တာကိုက ကံကြမ္မာက ရက်စက်တာ .."

သူငယ်ချင်းတွေကို အိမ်တံခါးမှာ စုံစုံလင်လင် ပြန်မြင်လိုက်ရခြင်းနှင့်ပတ်သက်၍ မေမေ ဘယ်လောက်ထိ ဒေါကန်သွားသလဲဆိုလျှင် မြတ်နိုး ကို အိမ်ထောင်ချပေးတော့မည်လို့ ချက်ချင်း ဆုံးဖြတ်ချက်ချခဲ့ပြီး ...

"ငြင်းဖို့စိတ်မကူးနဲ့ ..၊ တစ်ခုခု ဖီဆန်ပြီး လုပ်သွားရင် အမွေဖြတ်မနေဘူး .. တစ်ခါတည်း လိုက်သတ်မှာ"

လို့ ကြိမ်းဝါး၏။

မြတ်နိုး ဘုမသိဘမသိနှင့် ခေါင်းစဉ်လိုက်ရလေသည်။

တကယ်ဆို သူမ ရည်းစားလေးတောင် ထားခဲ့ဖူးတာမဟုတ် ..။





## အခန်း(၃)

မကြီးက ငိုနေသည်။ မေမေက ချော့လည်း မချော့ ..၊ ဖေဖေ့လို တင်းတင်းမာမာမျက်နှာမျိုးလည်း မဟုတ် ..။

ကိုကြီးက ဝင်လာပြီးမှ အခြေအနေကို အကဲခတ်၍ ပြန်ထွက်သွားဖို့ ခြေလှမ်းပြင်လျှင် ...

"ကိုသု .."

"ဟင် .."

မြတ်သု က နောက်ပြန်လှည့်ကြည့်တော့ မြတ်နိုး က မျက်ရည်တွေလည်နေသည့် မျက်လုံးတွေကို လက်ခုံနဲ့ ဖိကပ်ပွတ်ပစ်ကာ ...

"အဲဒီလူကို နင်က ထောက်ခံပေးတာဆို .."

မြတ်သု က အကြီးပေမယ့် အမြွာတွေမို့ မြတ်နိုး က နင်နဲ့ငါပဲ ပြောနေကျ ..။

"နင် တော်တော် ငါ့ကို ယောက်ျားရစေချင်တယ် .. ဟုတ်လား"

"အံမာ .. ဘာဆိုင်လို့လဲ ..၊ နင်နဲ့ခေါင်းစဉ်မှာ ဝဏ္ဏ မှန်းတောင် ငါ မသိဘူး၊ ငါနဲ့သိလို့သိတယ်ပြောတာ ဘာဖြစ်လို့လဲ.. မဆိုင်ဘူးနော် ဆွဲမထည့်နဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"နင် ထောက်ခံလိုက်လို့ ဟိုကစေ့စပ်တာကို ဖေဖေ လက်ခံဖြစ်သွားတာ ငါ သိတယ်၊ အဲဒါ နင့်ကြောင့် .."

မြတ်သူ က မွေ့ရာစပ်မှာထိုင်နေသည့် မြတ်နိုး ရဲ့ရှေ့ကို ပြန်လှည့်ဝင်လာသည်။ ပြီးတော့ ဇေဒါရောင် မြန်မာဝတ်စုံလက်လက်လေးနှင့် ဘေးမှာအပုံလိုက်ချထားသည့် ခြုံပဝါပါးလေးကိုပါ သေချာ စုံအောင်ကြည့်သည်။

မြတ်နိုး က ဆံပင် ပခုံးလောက်လေးနဲ့ပေမယ့် ကိုယ်လုံးလေးလှတော့ မြန်မာဝတ်စုံလေးနဲ့ဆို ဘယ်အချိန်ကြည့်ကြည့် လှသည်။

"ဖေဖေက နင့်ကို ဝဏ္ဏ နဲ့ မဟုတ်လည်း သူ့မိတ်ဆွေထဲက တစ်ယောက်ယောက်ရဲ့သားနဲ့ စေ့စပ်ပေးမှာပဲ၊ အဲဒီလို အလျင်စလို ကိုယ်ကစကမ်းလှမ်းရတဲ့အဖြစ် မရောက်ဘဲ ရေငတ်တုန်း ရေတွင်းထဲကျတာ ဘယ်လောက်ကောင်းလဲ .."

"ဘာ!..."

"မဟုတ်ဘူးလား မေမေ ..၊ ဝဏ္ဏ ကလည်း သိပ်မချောပေမယ့် ရာထူးရာခံနဲ့ စည်းစိမ်ဥစ္စာနဲ့ .."

မြတ်သူ က ဒေါ်မြတ်သဇင် ကိုလည်း သက်သေထူလိုက်သေးသည်။ ပြီးတော့ ...

"ကိုယ့်အသက်အရွယ်လည်း ပြန်ကြည့်ဦး.. ယောက်ျားပေးစားမှာစိုးလို့ နပ်ချေးထွက်အောင် ငိုရမယ့်အရွယ်လား၊ အစတည်းက ဗိုင်းကောင်းကျောက်ဖိ မနေတတ်တာ ငါ့အပြစ်လို့ ပြန်တွက်၊ ဘယ်သူမပြုမိမိအမှု"

"တော်ပါတော့ .. သူ့ကိုများ အပြစ်တင်ရမလား မှတ်တယ်၊ သွားတော့ .. သွား .."

"အံမာ .. ကိုယ့်ထက်အကြီးကို .. မေမေ့သမီး ကြည့် .."

"ကဲ .. သွားပါ သားကြီးရယ် .. တော်ကြာ စကားတွေများပြီး





မောဖြစ်ကြဦးမယ်"

"မေမေ့သမီးပဲ အကြီးမှန်းမသိ အငယ်မှန်းမသိ မိုက်ရိုင်းတာ၊ ကျွန်တော်က ကိုယ့်ညီမလေးဆိုပြီး အမြဲတမ်း ခွင့်လွှတ်ရတယ် .."

ထွက်သွားတဲ့အထိ ပြောလို့မဆုံးဘဲ ဘဘကို ကို မျက်စိမှိတ်ပြီး မြတ်နိုး ဆီ မေးဆတ်ပြသွား၏။

ကိုကြီးနဲ့ မကြီးတို့က ဘဘကို သာ အငယ်ဆုံးမရှိလျှင် ဘယ်လောက်များ ရန်ဖြစ် ဆိုးနွဲ့နေကြမလဲ မသိပါ ..။

စကားပြောကြပြီဆို အမြဲတမ်း စကားနိုင်လုတတ်ကြပြီး ဘယ်သူကမှလည်း အရှုံးမပေး ..။

"ကဲ.. သမီးလည်း စကား နောက်မှပြော .. အဝတ်စားလဲလိုက်ဦး၊ သမီးတို့ချင်း မရင်းနှီးသေးလို့ပါ၊ လက်မထပ်ခင် တစ်ယောက်အကြောင်း တစ်ယောက် လေ့လာ အကဲခတ်လို့ ရသေးတာပဲ၊ သိပ်စိတ်ညစ်မနေပါနဲ့ .."

"ရင်းနှီးသွားလည်း လက်ထပ်ရမယ့်သူအဖြစ် ဘယ်လိုလုပ် ကြည့်မြင့်လို့ရမှာလဲ မေမေရယ် .. အသားက မည်းသေးတယ်၊ လူက တုတ်တုတ်"

"ဟယ် .. မကြီးကလည်း .. ဂျမ်းတဲလ်မန်းပုံစံပါ၊ ခန့်ခန့်သန့်သန့်နဲ့ ကြည့်ကောင်းပါတယ်"

"ဘဘ နော် .. ဒါကြီးကို .."

"သမီးမြတ် .."

ဒေါ်မြတ်သဇင် ၏မျက်နှာက တည်ငြိမ်မှုတွေကြောင့် အေးစက်နေသလို ရှိ၏။ ဒီသမီးနှစ်ယောက် အတူရှိတိုင်း မြတ်နိုး ကို သမီးမြတ်လို့ ခေါ်နေကျအတိုင်း စေ့စေ့ကြည့်၍ ...

"ချောတဲ့ လှတဲ့ စကားတွေ သမီးဖေဖေရှေ့မှာ မပြောမိဖို့ ဆင်ခြင်စမ်း၊ ဒါကြောင့်ပဲ သမီး အခုလို ဒုက္ခတွေ့တွေ့ရပြီ.. မမှတ်သေးဘူးလား"

ဒေါ်မြတ်သဇင် မျက်နှာမှာ နူးညံ့ခြင်းနှင့် အေးစက်ခြင်း ဒွန်တွဲနေ



www.burmeseclassic.com

www.burmeseclassic.com



ကာ အပြင်ကိုထွက်လာတော့မှ အခန်းထဲကို ပြန်ပြီး နားစွင့်မိ၏။

ပြီးမှ ရှေ့ဆက်ထွက်လာခဲ့လျှင် ဘောဘီ က ဆေးကနေ လက်မောင်းကို လာဖက်၍ ...

"မေမေ .. ဘောဘီ တစ်ခုလောက် မေးချင်လို့ .."

"ဘာလဲ မေးလေ .."

ဘောဘီ အတင်းဖက်တွယ် ခေါင်းလေးမှီနေသည်မို့ တစ်ခုခုတော့ တစ်ခုခုလို့ ထင်လိုက်ပေမယ့် နောက်ကျသွား၏။

"မကြီး မန္တလေးမှာ ကျောင်းသွားတက်တုန်းက ဘာတွေဖြစ်ခဲ့လို့လဲဟင် .. ဖေဖေနဲ့ မကြီးချစ်သူနဲ့ စကားအချေအတင်တွေ ဖြစ်ခဲ့ကြတယ်ဆိုတာပဲ သိရတယ်၊ ဘာတွေဖြစ်ပြီး ဘယ်လောက်ကြီးကျယ်သွားလဲဆိုတာ မသိရဘူး၊ အဲဒါ ပြောပြလေ .."

"ပြီးခဲ့ပြီပဲ သမီးရယ် .. ဘာမှမဟုတ်တော့ဘူး .."

"ဟုတ်လို့ပဲ အခု မကြီး ငိုနေရတဲ့ဥစ္စာ .."

ဒေါ်မြတ်သဇင် က သက်ပြင်းချလိုက်ပြီး ဘောဘီ့ လက်ဖဝါးလေးကို ဆုပ်ကိုင်သည်။ ဆံပင်ရှည်လေးနဲ့ သမီးငယ်လေးက သမီးကြီးထက်တောင် ပိုလှနေသေးသည်။

ဒါပေမယ့် ပထမနှစ်ပြီးတဲ့အထိ ရည်းစားသနာ မထားခဲ့ပါလားဆိုပြီး ဝမ်းသာလို့ မရသေးပေ။ သမီးမြတ် လည်း နောက်ဆုံးနှစ်ကျမှ ပြဿနာ စခဲ့တာ ဖြစ်၏။

"မကြီးက သူများတွေလိုပဲ သူ့ချစ်သူနဲ့ နီးရာလိုက်ဖို့ ကြိုးစားခဲ့တာလားဟင် .. မေမေ"

"အို .. မဟုတ်ပါဘူး သမီးရယ်၊ ချစ်သူအဆင့်ကို မရောက်ခဲ့ပါဘူး၊ ဒါပေမယ့် ..."

ဒါပေမယ့်ဆိုပြီး ရှေ့မဆက်တော့ ခဏတိတ်ကျသွားသည်။ ဘောဘီ က စောင့်နေရင်း ဘာမှထပ်မပြောတော့မှ ...





"ဆက်ပြောလေ မေမေ ..၊ ဖေဖေနဲ့ အဲဒီလူ ဘယ်လိုငြိသွားတာလဲ ..၊ အဲဒါကြောင့် မကြိုက်ဖြစ်ခဲ့တာလား၊ ဖေဖေက ကြိုသိပြီး ခွဲလိုက်တာလား .."

"ဘောဘီ ရယ် .. အဲဒါတွေ မပြောချင်ဘူး"

"မေမေကလည်း .. ဟိုတုန်းကလည်း ဘောဘီ ငယ်သေးတယ်ဆိုပြီး ဘယ်သူကမှ မပြောပြဘူး၊ ခုလည်း ..."

"ခုလည်း သမီးကိုယ်သမီး လူကြီးဖြစ်ပြီ ထင်နေလား .."

"ကလေးမှ မဟုတ်တော့တာ .."

ဒေါ်မြတ်သဇင် က စိတ်လျှော့လိုက်သလိုမျိုး သက်ပြင်းရှည်ကြီးချ၏။ ဒါပေမယ့် ဘောဘီ မျှော်လင့်နေသလို ဖြစ်ကြောင်းကုန်စင် ပြောပြတော့မည်ဆိုတာ မဟုတ်ပေ ..။

"သိပ်ကို ရှက်စရာကောင်းတဲ့အဖြစ်မို့လို့ပါ ..၊ ချစ်သူချင်းခွဲရတာ ခိုးပြေးပြီးမှ သဘောမတူလို့ ပြန်သိမ်းလိုက်ရတာတွေ၊ ဒါမျိုးတွေ ဖြစ်ခဲ့ရင်တောင် အဲဒီတုန်းကလောက် ရှက်မိမှာ မဟုတ်ဘူး .. သိပ်မိုက်တဲ့ သမီး .."

မေမေ့ နာကျင်မှုတွေကို သိလိုက်ရကာ ဘောဘီ ဆက်မေးဖို့လည်း မကြိုးစားတော့ပါ။ ဒါပေမယ့် စပ်စပ်စုစု သိချင်နေသည့် စိတ်ထဲမှာ ဟိုဘက်က 'နန်းမဟာ' စံအိမ်ကြီးရယ် .. မကြီးရဲ့ ဘယ်လိုပတ်သက်ခဲ့မှန်းမသိသော တစ်ယောက်သောသူရယ်ဟာ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

"ပြောစမ်းပါ .. နင် နေ့စဉ် စိတ်ဝင်တစား ချောင်းမြောင်းကြည့်ရှုနေရတဲ့ 'နန်းမဟာ'အိမ်ကြီးအကြောင်း .."

"နန်းမဟာ မဟုတ်ပါဘူး၊ 'စိတ္တဇမြိုင်'ပါ"

လက်ပ်တော့တစ်လုံးနဲ့ အလုပ်ရှုပ်နေသည့် သူ့လက်တွေ ရပ်တန့်သွား၏။ စကားပြောရင်း လျှောက်လာကြတာဖြစ်ကာ သူ့ကျောနောက်ကပ်လျက်လေးမှာ ထိုင်ချလိုက်ကြမှန်း အသံ၏ အတက်အကျနှုန်းက ဖော်ပြသွားခဲ့သည်။

"ဟယ် .. နင်ကလည်း စိတ္တဇတော့ မဆန်ပါဘူး၊ တိုက်ကြီးက ဒီလောက်လှနေတာ ..၊ ခြံကြီးက အရမ်းကျယ်ပြီး တောကြီးနဲ့ တူနေတာ .."

"ဟဲ့ .. ပြောပါဦး၊ နင်တို့ အိမ်တက်နေ့က မလာကြဘူးလား တစ်ယောက်မှ .."

"မလာတဲ့အပြင် ငါတို့အိမ်က အကြီးစု လေ ..၊ ဈေးကပြန်တော့ အဲ့ဒီခြံထဲက ထွက်လာတဲ့ လူတစ်ယောက်တွေ့လို့ ဖိတ်စာထားခဲ့တယ်၊ မနက်ဖြန် လာပါနော်လို့ ကောင်းကောင်းမွန်မွန် ပြောတဲ့ဥစ္စာ .."





"အေး .. အကြီးစု က စကားပြောကိုက ချိုနေတာ ..၊ ကောင်းကောင်းမွန်မွန်ပဲ ပြောမှာပါ"

"အဲဒါကို ဘာပြန်ပြောလိုက်တယ် မှတ်လဲ .."

"အင်း .. ဘာတဲ့လဲ .."

"ဖိတ်စာလာပို့တုန်းက ခေါ်နေတာ မြင်တယ်တဲ့၊ တမင် ထွက်မယူတာတဲ့ .."

"အယ်!..."

"နောက်ကို သာရေးနာရေး လာမဖိတ်ပါနဲ့၊ ကျေးဇူးတင်တယ်တဲ့"

"ဟုတ်လား .. ရိုင်းလိုက်တာ .."

"အကြီးစု တွေ့ခဲ့တာ ဘယ်အရွယ်တဲ့လဲ"

"မသိပါဘူး.. မေးတောင် မမေးလိုက်မိဘူး၊ အကြီးစု က သိတယ်မို့လား၊ သဘောသာကောင်းတာ စိတ်က ဆတ်တယ်၊ ဈေးကပြန်လာပြီး မေမေ့ကို ဒေါတွေမောတွေနဲ့ ပြောပြနေတာ ..၊ မေမေက ဖေဖေသိမှာစိုးလို့ လိုက်ပိတ်ထားရတယ်၊ ဖေဖေကလည်း ခပ်ပြတ်ပြတ်သမားလေ .. ဒီရက်ပိုင်းတွေမှာ အလုပ်ရှုပ်ပြီး စိတ်ပါမကြည်တာ၊ ပတ်ဝန်းကျင်နဲ့ ငြိုငြင်စရာတွေ ဖြစ်မှာစိုးလို့တဲ့ .."

"အေးပေါ့ .. ငါတို့တောင် အဲဒီနေ့တည်းက မေးမလို့၊ နင့်မကြီးရဲ့ သူငယ်ချင်းတွေကလည်း ရှိတယ်၊ အန်ကယ့်လ်ပုံစံကလည်း နည်းနည်းတင်းနေသလားလို့ ..၊ ရာသီဥတုမကောင်းဘူးဆိုပြီး ဒီတိုင်း ပြန်လာခဲ့ရတယ် .."

တကယ်ဆို ဖေဖေ ရန်ကုန်ကိုပြောင်းလာပြီးမှ ဒီနေရာထိ ထပ်ပြောင်းလာခဲ့တာဟာ ပိုပိုပြီး တိတ်ဆိတ် ချောင်ကျသည့်နေရာကို ရွေးချယ်ခဲ့ခြင်းသာ ဖြစ်သည်။

သားသမီးသုံးယောက်စလုံး အရွယ်တွေရောက်နေပေမယ့် ထင်ရာစိုင်းခွင့် မပေးနိုင်သော ဖေဖေ့ရဲ့ပင်ကိုအယူအဆကိုက အပေါင်းအသင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့စုပြီး တရုန်းရုန်း နေထိုင်သွားလာတာကို မကြိုက် ..။

ထို့ပြင် မကြီးရဲ့ပြဿနာ အစရှိထားတော့ ပိုဆိုးသည်။ မကြိုက်ပါဘူးဆိုမှ ထိုနေ့ကျမှ ရောက်လာကြတာ အစုလိုက် အပြုံလိုက် ..။

"သူတို့ကြည့်ရတာ နင်တို့က အစွန်ဆုံးခြံကို ဝယ်လိုက်လို့ တင်းနေတာလား မသိဘူးနော် .."

"ဘာဆိုင်လို့လဲ .."

"သာရေးနာရေးတောင် မဖိတ်ပါနဲ့ဆိုတော့ .."

"သူတို့ဘာသာ လူမှုရေး မရှိတာလေ .. သေတာတောင် ပို့မယ့်လူရှိမှာ မဟုတ်ဘူး .."

"အေးလေ .. ပတ်ဝန်းကျင်ဆိုတာ မရှိမကောင်း ရှိမကောင်း"

"သာယာရဲ့ လူပဲဥစ္စာ .. ဥကပေါက်လာတာမှ မဟုတ်ဘဲ .."

ဒေါသတွေကြောင့် ရင်တွေပူလာတာ ထင်သည်။ သူများအတင်းပြောရင်း အာခေါင်ခြောက်လာသဖြင့် ဝယ်လာသည့်ရေဘူးကို ဖွင့်နေရင်း ...

"ဥကပေါက်တာတွေ သစ်ခေါင်းထဲက ထွက်လာတာတွေတောင်မှ သူတို့ရဲ့ .. အမေ့!..."

ရေသန့်ဘူးကို မျက်နှာမော့၍ ပါးစပ်ထဲ လောင်းချလိုက်စဉ် နောက်ကနေ တံတောင်ဆစ်ကို ဆောင့်တိုက်ချလိုက်တာ ဖြစ်သည်။

ရေဘူးက ဘုတ်ခနဲ လွတ်ကျသွားတာ မဟုတ်ဘဲ ဘောဘီ မျက်နှာပေါ် ရေတွေ ဖြောခနဲ သွန်ချပြီးမှ ပေါင်တစ်ဖက်ပေါ် ခဏမေးတင်ပြီး ရင်ခွင်ထဲကို တစ်ဝက်သွန်သည်။

ပြီးတော့မှ မြက်ခင်းပေါ် ခုန်ဆင်း၍ တလိမ့်လိမ့် ထွက်ပြေးလေသည်။

"ဘောဘီ .."

"စိုကုန်ပြီ .. ကြည့်စမ်း .."





သာယာ နဲ့ စိုး တို့ သံပြိုင်ထွက်ကြပေမယ့် ဘောဘီ လက်လေးမြှောက်လျက်သားအတိုင်း သံပတ်ကုန်သွားသည့် အရုပ်လေးလိုပင် ..။

လှုနားကပ်လျှောက်သွားသည့် ကျောပြင်ကျယ်မှာ မျက်လုံးက သံလိုက်လို ကပ်ပါသွားခဲ့ပြီ ..။

"တောက် .."

"ဟုတ်တယ် .. ပလက်ဖောင်းပေါ်မှာ သွားနေတာလည်း မဟုတ်ဘူး၊ မလွတ်လို့ တိုက်မိရအောင် .."

"ဘယ်ချောင်ထဲက ထွက်လာတာလဲ မသိဘူး၊ တမင်တိုက်သွားတာ .."

သူတို့က ဘင်ကြေးပေးနေတုန်း ဘောဘီ က ဆတ်ခနဲ ထရပ်လိုက်ပြီဖြစ်ကာ ...

"တွေ့မယ် .."

သာယာ တို့ တားဖို့ပြင်လိုက်တုန်း ဘောဘီ က ပြေးလိုက်သွားပြီဖြစ်၏။

"ဒီမှာ .."

နောက်ကနေ လက်မောင်းကို လက်သူ့ိုးလေးနဲ့ သေသေချာချာကို တိုက်ပစ်လိုက်၏။

ထိုသူကလည်း ဒီတိုင်းကိုင်ထားသည့် လက်ပ်တော့ပ်လေးကို ဘယ်ညာ ပြောင်းကိုင်လိုက်ပြီး လှည့်ကြည့်သည်။

ပြီးတော့ တစ်ကိုယ်လုံး မျက်နှာချင်းဆိုင်လှည့်လာပုံက အေးဆေး ..။

သူ့မျက်လုံး၊ သူ့ပုံစံအရ တမင်တကာ တိုက်ချသွားသည်ဆိုတာ သေချာပြီးရင်း သေချာနေ၏။ သို့သော် ...

"ပြော .. ဘာလဲ .."

"ဟို ..."



www.burmeseclassic.com

www.burmeseclassic.com



ဘောဘီ မျက်လုံးတွေ ဝိုင်းနေကာ မျက်တောင်ခတ်ဖို့လည်း မေ့သည်။ ဘာတွေပြောဖို့ ပြေးလိုက်လာခဲ့မှန်းလည်း သတိမရ ..။

ဖြူဝင်းသည့်မျက်နှာမှာ ပါးမို့နေရာတွေက သိသာစွာ နီမြန်းနေသည်။ နှုတ်ခမ်းတွေက ပုံကျသေသပ်သလောက် စိုရဲနေသေးသည်။

မျက်တောင်ရှည်တို့နှင့် မျက်ဝန်းထူပေမယ့် နက်မှောင်သွယ်တန်းနေသည့်မျက်ခုံး..၊

ဆံပင် မထူမပါးက ခပ်ပျော့ပျော့ပဲဖြစ်ပြီး အညိုရောင် ..။

"ကျွတ်!..."

ဘောဘီ မျက်လုံးတွေ ကျွတ်ကျမတတ် ပြူးဝိုင်းနေပေမယ့် သူ့မျက်နှာက ဘောဘီ ငေးနေတာကို ရှုံ့မဲ့မဲ့ စုတ်သပ်၏။

ပြီးတော့ ချာခနဲ ..၊

"ဒီမှာ နေပါဦး .."

"ဘာလုပ်မလို့လဲ .."

သူ့ရဲ့ ဝေါက်ဆတ်ဆတ်အသံကြောင့် ဘောဘီ လန့်သွား၏။

ပစ်မယ်ခတ်မယ်ဆိုပြီး ကျည်အပြည့်နဲ့ မောင်းတင်လာခဲ့တာက ကိုယ်..၊

ပစ်ချလိုက်တော့ သူက ..၊

ဘောဘီ သတိရသွားကာ လျော့ရိလျော့ရဲ ကိုယ့်မျက်နှာကို ပြန်တင်းသည်။ ဒါပေမယ့် တင်းလို့လည်း မရာဲ ပြေမလို မပြေသလို မျက်နှာနှင့် ...

"ခင်ဗျား ဘောဘီ ကို တမင်တိုက်ချသွားတာ မဟုတ်ဘူးလား.."

"ဟုတ်တော့ မင်း ဘာလုပ်မလဲ .."

အယ်!...

ဘောဘီ မျက်နှာလေး ဖျတ်ခနဲ ပြောင်းသွားပေမယ့် ...

"မဟုတ်ဘူးလေ .. ခင်ဗျားနဲ့ ဘောဘီ ဘာမှငြိစရာမရှိဘဲနဲ့ .."





"နားငြီးလို့ .. သူများ အတင်းအဖျင်းတွေပြောဖို့ ပန်းခြံထဲလာပြီး ရှေသောက်ပြောနေရတာ စိတ်တိုလို့ ..၊ ကဲ .. ဘာသိချင်သေးလဲ"

"ဘာသိချင်ရမှာလဲ .. ဘာအကြောင်းပြောနေနေ သူများစကား ခိုးနားထောင်တာ ပြောတဲ့လူက လွန်သလား၊ နားထောင်လို့ဝမှ စိတ်တိုနေတဲ့လူက လွန်သလား .."

"ဟော့ .. မင်း .. .."

သူကလည်း စိတ်တိုလွယ်သူဖြစ်ပုံရှိကာ ပါးပြင်တွေ ပိုနီသွားတာ သိသာသည်။ လွှတ်ခနဲ ပြောပြီးမှ ရှေ့မဆက်ဘဲ လူကို ကွေ့ရှောင်သွားပြန်သည်။

"ဒီမှာ .."

"ဟော့ .. မင်း ဆက်မလိုက်နဲ့ .."

ဘောဘီ တားလိုက်တာနှင့် သူ တုံ့ခနဲ ရပ်လိုက်ပြီး လေသံက မာထန်လျက် ...

"ငါ့ကို ရှုပ်ရှုပ်ယှက်ယှက်တွေ လာမပတ်သက်နဲ့၊ မင်း ရေသန့်ဘူး လွတ်ကျသွားတယ် .. အစားပြန်လိုချင်သလား .."

"ဒီမှာ စိုကုန်တာ .."

"အင်္ကျီဖိုးပါ ပေးမယ်၊ ရော့ .."

"ဟင်!..."

သူ ဝတ်ထားသည့် အဖြူရောင်ရှပ်အင်္ကျီအိတ်ထဲက ဆွဲထုတ်လိုက်တာ ပိုက်ဆံတော့မဟုတ်။ ဒါပေမယ့် ပိုက်ဆံအိတ်ပြားလေးဖြစ်ကာ ဒီတိုင်းပဲ ဘောဘီ ‹ ›က်ထဲ လာထည့်သည်။

သူမက ဆုပ်ကိုင်မထားဘဲ ကြောင်သလို ငေးသလို လုပ်နေတော့ အိတ်က မြက်ခင်းပေါ် ပြုတ်ကျသွား၏။

သူက အိတ်ကို တစ်ချက်မှ ငုံ့မကြည့်ဘဲ ဘောဘီ ကို ကြည့်၍..

"ဟွန့် .."



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းမဲ့တာထက် နှာခေါင်းတစ်ဖက်ပါ မသိမသာ တွန့်တက်သွားသည်။ ဟွန့်ခနဲ အသံထွက်အောင် မဲ့လိုက်သဖြင့် ရုက်ဖို့ကောင်း၏။

ဒါပေမယ့် ဘေဘီ ရှက်ဖို့ သတိရသည့်အချိန်မှာ သူက ပြုံးကားလှလှလေးပေါ် တက်သွားပြီဖြစ်သည်။

"ဘေဘီ .."

"ဟွဲ .. ဘာတွေပြောသွားတာလဲ၊ ကြည့်ရတာ နင်က ကောင်းကောင်းလိုက်ချော့နေသလိုပဲ .."

စိုး က ပြောနေရင်း ကျနေသည့်အိတ်ကို ငုံ့ကောက်လိုက်သည်။

"ဟယ် .. ငါးထောင်တန်တွေ မနည်းဘူး၊ ဒါ .. ဒါ ဘာလုပ်ဖို့ပေးသွားတာလဲ .."

ဘေဘီ ဘာတစ်ခွန်းမှ မဖြေနိုင် ...၊ ရင်ထဲမှာ အဆမတန် ဆွေးသွားတာက မင်းသားလေးတစ်ပါး အိပ်မက်ထဲက ပျောက်သွားဘော့မျိုး။

"နင်တို့မြင်လိုက်လား .. အရမ်းချောတာ .."

"မြင်တယ်လေ ...၊ အရမ်းချောပေမယ့် နင်တို့က ရန်ဖြစ်နေတော့ စိတ်ပူနေတာနဲ့ ..."

"တကယ် အရမ်းကိုချောတာ၊ ငါ သူ့ကိုမှ ဘာဖြစ်လို့ စိတ်တိုသွားအောင် သွားလုပ်မိတာလဲမသိပါဘူး"

"ဟင် .."

ခုမှပဲ ဘေဘီ ဘာဖြစ်ကျန်ခဲ့ပြီကို သူတို့ ရိပ်မိသွားတော့သည်။ လှမ်းမြင်ရတာက အလှမ်းဝေးနေသဖြင့် အရုပ်မြင်မြင့် ဖြူဖြူသန့်သန့် ယောကျ်ားတစ်ယောက်ဆိုတာပဲ သိလိုက်သည်။ ဒီလို ခွဲလမ်းဝေးငိုင်ကျန်ရစ်လောက်အောင်တော့ မတင်မိပေ ...။

"နေပါဦး .. ဒီပိုက်ဆံတွေ ဘာလုပ်ဖို့ ပေးသွားတာလဲ ဖြေစမ်းပါ။ ကြည့်ဦး .. နှစ်သိန်းကျော်တယ် .."

"ဟင်!... ဟုတ်လား .."





"ဩော် .. ဒီမှာ ရေပြီးပြီ .."

သာယာ ကတော့ ဟိုလူ ကြောကြောမောမော ပြောဆိုသွားမှာပဲဆိုတာ အတပ်သိပြီးဖြစ်ကာ မခံချင်ဖြစ်နေသည့် မျက်နှာနှင့် ...

"နင့်အကျီတွေ စိုကုန်ပြီလို့ နင်ပြောလို့ ပေးသွားတာလား၊ ဒါ ဘာလုပ်တာလဲလို့ .."

"ဘာကြောင့်ပေးပေးပေါ့ .. ပေး ငါ့ကို .."

ဘေဘီ က ပိုက်ဆံအိတ်အညိုရောင်လေးကို ဆွဲယူလိုက်ပြီး နှုတ်ခမ်းမှာ ဖိကပ်နမ်းသည်။

"သူ့ရဲ့ဘယ်ဘက်ရင်အုံပေါ်မှာ ရှိနေတဲ့ ပစ္စည်း၊ သူသုံးတဲ့ ရေမွှေးနံ့လေးနဲ့ .."

"ဘေဘီ နင် ဘယ်လိုဖြစ်နေတာလဲ .."

"ရွှဲနေပြီ .. ငါ သူ့ကို ထပ်ရှာမှာ ...၊ မတွေ့တွေ့အောင် ရှာမှာ...၊ ကားနံပါတ် မှတ်ထားလိုက်တယ် .."

"ကြည့်စမ်းဟယ် .. ဒီလိုပုံစံကိုများ .."

သာယာ က သူမ ဘာမှမကြားလိုက်ပေမယ့် ဘာကဲခတ်ရုံနဲ့ပဲ မကျေမချမ်းနိုင် ဖြစ်နေဆဲရှိကာ ...

"သူကလည်း ရန်စသွားသေးတယ်၊ သူကပဲ တစ်ပြန်စီး ပြောဆိုသွားတာကို .."

"နင်က ကြားလို့လား .."

"ဩော် .. ဘေဘီ .. ကြားဖို့မလိုဘူး၊ ရှင့်ပါးစပ်ကြီး အပြဲသားနဲ့ မော့ငေးနေတာကို ဟိုက ပြောဆိုနေတဲ့ ပုံပန်းအမူအရာတွေလေ .."

ဘေဘီ့ မျက်နှာမှာ ဘယ်သူ့သွေးကိုးစကားမှ အောင်မြင်မှာမဟုတ်တော့သည့် နှလုံးပီကီ ငွမ်းဆီထိနေသော အပြုံးတွေဝေလျက်။

"ငါ့ကိုမြင်တာနဲ့ ရောဖို့ ဖောဖို့ ကြိုးစားနေတဲ့ ယောကျ်ားလေးတွေကျတော့လည်း နင်တို့ကဲ ကဲ့ရဲ့တယ် ...၊ သူ့ကျတော့ကျပြီး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါကျတော့လည်း သဘာဝကျလို့လား ဘောဘီ ရယ် .. နေပါဦး.. သူက နှင့်ကို ဘာဖြစ်လို့ တိုက်ချသွားတာလဲ .."

"အတင်းပြောနေတာ ကြည့်မရလို့တဲ့၊ အဟွန်း .."

"သူ့ကို ဘယ်သူက ကြည့်ခိုင်းလို့လဲ .."

"သာယာ ရယ် .. သူ ငါတို့နောက်ကျောက အနီးမှထဲမှာရှိနေတာ ဖြစ်မှာပေါ့၊ ငါတို့ကလည်း ဟုတ်တာပဲ .. ကိုယ်ချည်းပဲရှိတယ်ထင်ပြီး လက်ပံပင် ဆက်ရက်ကျသလို ပြောဆိုနေကြတာ .."

စိုး ကတော ဘောဘီ ကို နားလည်ပေးဖို့ ကြိုးစားပြီ ထင်သည်။ သာယာ က မှုန်ကုတ်ကုတ်လေး ကြည့်၍ ---

"လာ .. ပြန်ထိုင်မယ် .."

သုံးယောက်သား မူလနေရာမှာ မထိုင်ဘဲ ဘောဘီ ခြေဦးလှည့်သည့်အတိုင်း ခုနက သူ ထွက်လာသည့်ကျောဘက်ကိုပဲ လျှောက်သွားမိကြ၏။

"ငါ မပြောဘူးလား .. ဝါးပင်ရုံကြီးဖြစ်နေလို့ ငါတို့ မမြင်လိုက်တာ၊ သူက လက်ပ်တော့ပ်နဲ့ဆိုတော့ အလုပ်လုပ်နေတာလားမှ မသိဘဲ၊ စိတ်တိုလောက်တယ် .."

စိုး က နောက်ထပ် ထောက်ခံ၏။

"ဒါပေမယ့် နားမထောင်နိုင်ရင် ထသွားရုံပဲဟာကို ဘာဖြစ်လို့ ရန်စသွားတာလဲ .. ပုံစံက သန့်သန့်ပြန့်ပြန့် ထည်ထည်ဝါဝါနဲ့ ..၊ ဒီလောက် စွာနေတာ .."

"အေးနော် .. ယောကျ်ားကြီးဖြစ်ပြီး စွာလိုက်တာ၊ ကြားသွားရင် ကျွမ်းသုံးပတ်လောက် ထိုးသွားဦးမယ် .."

"သေပေါ့ .. အတင်းပြောတော့ ဘာဖြစ်လဲ၊ သူ့ယောက္ခမ ဆန်ချေးမဆပ်လို့ ငါတို့က ဆဲနေတာ ကျနေတာပဲ .."

သာယာ မပြီးမစီးနိုင် ရေရွတ်နေတာကို စိုး က ပြုံးနေပြီးမှ...





"ဟယ် .. ငါ တစ်ခု သတိရတယ် .."

"ဘာလဲ .."

"ဘောဘီ ပြောနေတာ 'နန်းမဟာ'အကြောင်းနော် ..၊ သူက 'နန်းမဟာ'ကလားမှ မသိတာ .."

သုံးယောက်စလုံး တိခနဲ အသံတိတ်သွားကြသည်။

ပြီးတော့ ဝင်းဝင်းလက်လက်ဖြစ်သွားသည့် ဘောဘီ မျက်ဝန်းလေးတွေကို ကြည့်ပြီး သာယာ က စိုး ကို မျက်စောင်းလှမ်းထိုးသည်။

ဒီမှာ ရောဂါသည်းတော့မှာကို မသိဘူးလား ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

"ဟဲ့ .. ဟဲ့ .. ဒါက ဘယ်ကိုလဲ .."

"ခြံထဲကို မေမေ .."

"ဪ .. ညှော့ခန်းထဲမှာ ညှော့သည်တွေနဲ့လေ"

"အဲဒါ ဘာဖြစ်လို့လဲ ..၊ ညှော့သည်က ဘောဘီ့ ညှော့သည်မှ မဟုတ်တာ .."

"ဟုတ်တယ်လေ .. ဒါပေမယ့် လူကြီးတွေ ပါတယ်၊ သမီး ဒီလို ဝတ်စားထားပြီး ဖြတ်လျှောက်သွားရင် ညည်းဖေဖေ ဆူလိမ့်မယ် .."

အဖြူရောင်တီရှပ်လက်တိုလေးနှင့် ပန်းသွေးရောင်ပေါ်မှာ အဖြူရောင်ဘေးစင်းပါသော ဘောင်းဘီတိုက ပေါင်ဝက်လောက်တော့ရှိ၏။

ဘောဘီ က ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်လိုက်ပြီး မျက်နှာလေး မဲ့၍ ...

"ခုခေတ် တင်ဖုံးရုံလေးတွေတောင် ဝတ်နေကြတာကို မေမေက လည်း ..၊ ပြီးတော့ ဘောင်းဘီ အတိုအရှည် ဘာဝတ်ဝတ် တင်းကပ်တစ်ရစ်နေတာ .."





"အဲဒါတွေကို စကားကိုထည့်မပြောနဲ့ ဘောဘီ ..၊ မြန်မာ မိန်းကလေးတွေဖြစ်ပြီး ရှိုဖို့ကောင်းတယ်၊ ဘာတွေ လွတ်လပ်ခွင့် ဘယ်လောက် ရနေနေ ယဉ်ကျေးမှုကို ကျိုးပေါက်လို့ မဖြစ်ဘူးဆိုတာ သူတို့ ရှုမစိုက်ကြလို့ .. မေမေတို့ကတော့ စိုက်ရမယ်၊ နှမ်းတစ်လုံးနဲ့ ဆီဖြစ်ဖြစ် မဖြစ်ဖြစ် ဆီဖြစ်ခွင့်ရတဲ့ အမျိုးအစားပဲဆိုတဲ့ ဂုဏ်သိက္ခာတော့ ထိန်းရမှာပဲ၊ ယဉ်ကျေးမှုပျောက်ရင် အမျိုးပါပျောက်မှာ၊ သမီးတို့ဖေဖေလည်း အဲဒီပုံစံတွေကို မကြိုက်ဘူးနော် .. မေမေ ဒါပဲပြောမယ် .."

ဘောဘီ့ တစ်ကိုယ်လုံးကို ဒီတစ်ခါကြည့်တာ 'ခု သွားလဲပစ်စမ်း' လို့ တစ်ချက်လွှတ် အမိန့်ပေးလိုက်တာမျိုး ...။

"အိမ်မှာနေရင်း လွတ်လွတ်လပ်လပ် နေပါစေဆိုပြီး ကြည့်နေလိုက်တာ၊ ကာလံ ဒေသံ ဆိုတာ နားမလည်ရင် လုံးဝ ဝတ်ခွင့်မရှိတော့ဘဲ ဖြစ်သွားမယ် .."

လို့ ထပ်၍ သတိပေးသွားသေးသည်။ ဘောဘီ နောက်ပြန်လှည့်လာခဲ့ရကာ အင်္ကျီပြန်လဲမနေချင်တာနှင့် နောက်ဖေးကနေ ခိုးဆင်းလာခဲ့၏။

"ဘဘ .."

"ဟေ သမီး ဘာလိုချင်လို့လဲ ..၊ ပန်းခူးမှာလား .."

"မခူးပါဘူး .. နှင်းဆီတွေက ခုမှ နေရာချပြီးတာကို၊ ပါလာတဲ့ အပွင့်လေးတွေ မခူးရက်ပါဘူး၊ ဘဘကို မေးစရာရှိလို့ .."

ခြံစောင့် ဦးလှရီ က ရေချိုင့်ကြီးနဲ့ ခက်ရင်းခွကို ချထားလိုက်ပြီး ဘောဘီ ရပ်နေသည့်နားကို လျှောက်လာသည်။

ပန်းခြံကို ခုမှ နေရာချကာ ပန်းအိုးတွေတောင် အကုန် ချမစိုက်ရသေးတာတွေ ရှိသေးသည်။ ဘောဘီ စိတ်ဝင်စားနေတာက ဒီခြံထဲက ဝန်းပင်တွေကို မဟုတ်ပါ ...။

"ဘဘ ဟိုဘက်ခြံထဲမှာ အပင်တွေစိမ်းနေတာ အေးချမ်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာနော် ..."

"ဟုတ်တယ် သမီး.. အဲဒီအပင်တွေထဲမှာ အနည်းဆုံး သက်တမ်းသုံးနှစ်လောက်ရှိတဲ့ အပင်တွေချည်းပဲ၊ ပန်းပွင့်တဲ့ အပင်၊ မပွင့်တဲ့အပင်၊ နေရာတကျရှိနေတော့ ပိုကြည့်ကောင်းတယ်၊ အိမ်ရှေ့မျက်နှာစာမှာကျတော့ မြက်ခင်းတွေချည်းပဲ တစ်ပြင်လုံး .."

"ဘဘက သေချာမြင်တယ် ဟုတ်လား၊ ခြံစပ်ကနေ သွားကြည့်ထားတာလား .."

ဦးလှရီ က ပြုံးနေသဖြင့် ဘေဘီ က စိတ်စောကာ ...

"ဘေဘီ ဆို အိမ်ပေါ်ကနေ မှန်ပြောင်းနဲ့ကြည့် ..၊ ခြံနားကပ်ကြည့် .. ဘာမှကို သေချာမမြင်ဘူး"

"သမီးက စိတ်ဝင်စားလို့လား .."

"ဝင်စားတာပေါ့ .. ဘေဘီ က ဒီခြံကြီးကို ဖေဖေ ဝယ်ပေးတော့ တိတ်ဆိတ်တဲ့နေရာ အကျယ်ကြီးပဲဆိုပြီး သူငယ်ချင်းတွေကို ကြွားနေတာ .. တန်ဖိုးကလည်း အရမ်းကြီးတာလေ၊ ခုမှပဲ ကိုယ့်ထက်ချမ်းသာတဲ့လူတွေကို မော့ကြည့်ရတော့တယ်၊ ခြံကြီးကကိုပဲ ဒဏ္ဍာရီဆန်ပြီး အရမ်းလှတာနော် .."

"ဟုတ်တယ် .. ဘဘ ကြည့်တာတော့ ဒီနေ့ထိ လူမတွေ့ဘူး၊ မနက်အရုဏ်တက်ပြီးလောက်ဆိုရင်တော့ အဲဒီဘက်က တံမြက်စည်းလှည်းသံ ကြားတယ် .."

"ဟုတ်တယ် .."

"သေချာတယ်.. အဲဒါ တစ်ပတ်ကို နှစ်ရက်တော့ ပုံမှန်ကြားတယ်"

"အဲဒါကို ဘဘက သွားမကြည့်ဘူးလား၊ ဒီလောက်လျှို့ဝှက်လှတွေကို မြင်ဖူးအောင် .."

"ဘယ်လိုလုပ် ကြည့်မလဲ သမီးရဲ့ .. ခြံက တံတိုင်းခတ်ထားတာကို .."





"အင်းနော် .."

ခြံတံတိုင်းကြီးကို လှမ်းကြည့်ပြီး နှုတ်ခမ်းလေးပွတ်ရင်း ...

"ဒီဘက်တံတိုင်းကြီးက ပိုတောင် မြင့်တက်နေသလိုပဲ"

ဘေဘီ ပြောလိုက်ကာမှ ဦးလှရီ က အသံထွက်အောင်ရယ်သည်။ ပြီးမှ ...

"အဲဒီတံတိုင်းခတ်တာကိုက 'နန်းမဟာ'ဘက်က သူတို့ဘက်ကို တစ်ပေပြန်ဆုတ်ပြီး တံတိုင်းခတ်ခဲ့တာပဲ၊ မြေပုံမြေရာဇဝင်မှာ တစ်ပေတစ်လက်မဆိုတာ နည်းတဲ့တန်ဖိုးမှမဟုတ်တာ သမီးရဲ့ .. အဲဒါကို ဆုံးရှုံးခံပြီး သူတို့စိတ်ကြိုက် အမြင့်တက်ပြီး ခတ်လိုက်တာပေါ့"

"သြော် .."

"အဲဒီက တံတိုင်းအမာခံရှိနေတော့ ဒီဘက်ကလည်း ထပ်ပြီး မခတ်တော့ဘူးလေ ..၊ ဒါကြောင့် တံတိုင်းက ဆေးရောင်ချင်းလည်း တူမှ မတူတာ၊ အရောင်တွေ မရှိသလောက်ဖြစ်နေပေမယ့် သေချာကြည့်ရင် သိသာတယ် .."

"သူတို့က ဒီလောက်တောင် ဘာဖြစ်လို့ ပတ်ဝန်းကျင်နဲ့ကင်းချင်ရတာလဲ မသိဘူးနော် .. သူတို့က ဒီမှာပဲ ဘိုးဘွားပိုင်ထင်တယ် .."

"အဲဒါတော့ မသိဘူး.. တိုက်ကြီးကတော့ နန်းဆန်တယ်၊ ခေတ်မီတယ်၊ သမီး ကြည့်ပါလား .. ရှေးကျတဲ့ပုံစံ တစ်စက်မှမှ မရှိတာ၊ ပြန်ဆောက်ထားတာလား .. ဒီတိုင်းပဲကို အဟောင်းမခံဘဲ ဆေးသုတ်ပြင်ဆင်ထားတာလား .. ဘယ်လိုလုပ် သိမလဲ .."

တံတိုင်းကြီးက မြင့်ပေမယ့် ဒီတံတိုင်းကိုကျော်၍ ဟိုဘက်ကို ကြည့်နိုင်လောက်သည့် ခရေပင်ကြီးတစ်ပင်တော့ ဘေဘီ တို့နောက်ဖေး ခြံထောင့်မှာ ရှိသည်။

ထို့ကြောင့် အစီအစဉ်တိုင်း ဘေဘီ လှုပ်ရှားတော့၏။

"အ!..."



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်က တက်ရခက်နေသည်။ မှန်ပြောင်းကိုလည်း လွယ်ထားရသေးသည်။ လူမသိအောင် တိတ်တဆိတ် လာလုပ်ထားခဲ့သည့် သစ်ပင်၏ပင်စည်မှာ ဓားနဲ့ထွင်းထားတာတွေက လုပ်တုန်းကတော့ ဒီလောက်ဆို ရပြီထင်ခဲ့ပြီး တကယ်တမ်း ကုပ်တွယ်ကြည့်ကာမှ အများကြီး လိုနေသေးတာကို သိရ၏။

သိရသည့်အချိန်မှာ လူက အထက်မရောက် အောက်မရောက် ဖြစ်နေပြီမို့ မရမကတက်လိုက်တော့ လက်ထိပ်တွေမှာ ပွန်းရှကုန်သည်။

ထိုင်လို့ရသည့် ခွဆုံလေးတစ်ခုမှာ နေရာရတော့ ဘောဘို့ လက်ဖျားလေးတွေ သွေးခြည်ဥကာ ဆတ်ဆတ်တုန်နေပြီ ဖြစ်၏။

"ကျွတ်!... ကျွတ် .. နာလိုက်တာ .."

လက်ကိုခါနေရင်း လည်ပင်းလေး ရှည်ကြည့်မိတော့ ဟိုဘက်က တိုက်ကြီးကို ဖြစ်သည်။ ပြီးတော့ မှန်ပြောင်းနဲ့ ကပ်ကြည့်မိ၏။

"သူက 'နန်းမဟာ'ကလားမှ မသိတာ" လို့ စိုး ပြောလိုက်သည့် စကားသံဟာ ဘောဘို့ အတွက် သစ်ပင်မကလို ဓားတောင်ကိုပဲ ကျော်ရကျော်ရ .. မီးပင်လယ်ကိုပဲ ဖြစ်ရဖြတ်ရ ..။

"ဒီဘက်ကိုသွားတာ ဟုတ်လို့လား ဦးလှရီ .."

"ဟုတ်တယ် ဆရာကတော် .. နောက်ဖေးဘက် ရောက်နေတာ ထင်တယ် .."

သေစမ်း .. ထပ်ပြီးတော့တောင် လမ်းညွှန်လိုက်သေးတယ် ဒီဘာဘကြီး ..၊

ခရေပင်ပေါ်ကို မေမေ မော့မကြည့်ပါစေနဲ့လို့ ဆုတောင်းရုံအပြင် ဘာမှမတတ်နိုင်တော့ပေ ..။

ဘောဘို .. မြင့်သထက်မြင့်အောင် တိုးတက်ခဲ့ရင်း ပိုဟန်ကျသွား၏။ သစ်ပင်နဲ့ မလှမ်းမကမ်းကနေ မေမေ ဖြတ်လျှောက်သွားတာကို မြင်လိုက်သည့်ပြင် မှန်ပြောင်းထဲမှာ အရိပ်တစ်ခု ပေါ်နေပြီ ..။





ဘာလဲ .. ဒါ ဘယ်သူလဲ .. လာစမ်းပါ ..။

သိပ်မဝေးဘဲနဲ့ အနီးကပ် ဆွဲကြည့်တာတောင် သေချာပေါ်မလာ။ လူရိပ်တော့ လူရိပ်ပဲဖြစ်ကာ ခေါင်းကို မေးကနေသိုင်း၍ မာဖလာပတ်ထားသည့်ပုံလည်း ထင်ရှားလာ၏။

သုံးချိုးနှစ်ချိုးပေါ်နေသော ပြတင်းပေါက်က မြင်နေရသည့်ပုံအရ ယောကျ်ားတစ်ယောက်ဆိုတာလည်း သိသာသည်။ ပိုသေချာတာက ဟိုနေ့ကလူတော့ မဖြစ်နိုင် ..။

"ဟင်!..."

ပြတင်းပေါက်တွေမှာ တံခါး ဘယ်နှစ်ထပ်တောင် တပ်ထားသလဲ..၊ ပလတ်စတစ် အကြည်စားလား .. ဒါမှမဟုတ် မှန်နောက်ကာထားတာလား မသိ ..။

ဒါကြောင့် လူရိပ်က မှုန်ဝါးနေတာမှန်း သိလိုက်သဖြင့် အံ့ဩသွားမိသည်။ ကြည့်နေတုန်း လူရိပ်ပျောက်သွားတော့ ဘောဘို မချင့်မရဲဖြစ်သွား၏။

ယောကျ်ားကြီးဖြစ်ပြီး ချမ်းလည်းမချမ်းဘဲနဲ့ မာဖလာကြီးပတ်လို့..၊

မှန်ပြောင်းကို ဟိုဒီဝေ့ဝိုက်ကြည့်နေမိစဉ် ကားတစ်စီး ဝင်သွားသည့် လှုပ်ရှားမှုလေးကို ဖျတ်ခနဲ မြင်လိုက်ရသဖြင့် ပြူးပြဲလိုက်ကြည့်မိသည်။

ဒါပေမယ့် အနက်ရောင်ကား၏နောက်မြီးလေးအစွန်းကိုသာ တွေ့လိုက်ပြီး ဘယ်ထိဝင်သွားမှန်း မသိ ..၊ ဘယ်မှာရပ်မှာမှန်း မသိ ..။

'နန်းမဟာ'ခြံကြီးထဲကို ထဲထဲဝင်ဝင် ရောက်သွားအောင် ဘယ်လမ်းကြောင်းနဲ့ ဝင်နိုင်မလဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

"ဘုရားကိုးဆူ ဆိုတော့ ညဥ့်နက်တဲ့အထိနေမှ ကောင်းမှာ မမေ ရဲ့ .."

ခွင့်မပြုဘူးဆိုတာ သိပြီးသား ..၊ ဒါပေမယ့် နှစ်ခုတောင်းဆိုမှ တစ်ခုတော့ တင်ကျန်မှာမို့ တမင် ထည့်သွင်းတောင်းဆိုလိုက်ခြင်း ဖြစ်သည်။

"ညဥ့်နက်ဖို့မပြောနဲ့ မိုးချုပ်တဲ့အထိ အိမ်မှာမရှိတာတောင် သမီးတို့ဖေဖေ ဘယ်လောက် ဒေါသဖြစ်သလဲ မသိဘူးလား၊ မရဘူး.. မနက်ပိုင်းစောစော သွားရင်သွားနေလိုက်၊ ညနေ လေးနာရီထိုးတာနဲ့ တန်းပြန်ခဲ့ .."

စိုး တို့မှာ သားအမိနှစ်ယောက်ပဲ ရှိသည်။ ရန်ကုန်မှာက အဘွားနဲ့ အဒေါ်တွေ ရှိကြ၏။ သိပ်မချမ်းသာပေမယ့် တက္ကစီတွေ ထောင်ထားသည့်ပြင် ကုန်စုံဆိုင်ကြီးရှိသဖြင့် ပြည့်စုံကြသည်။

မန္တလေးကနေ ရန်ကုန်ပြောင်းလာတဲ့အထိ စိုး က လိုက်ပြောင်းဖြစ်အောင် သူ့အမေကို ပူဆာသောကြောင့် ရန်ကုန်ကို ဘောဘီ တို့နဲ့ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြတာ ဖြစ်သည်။





ရောက်စတုန်းက သူ့အဘွားတွေနဲ့နေပြီး ဘောဘီ တို့ ဒီဘက်ထပ်ပြောင်းလာကာမှ သူတို့လည်း အိမ်နဲ့ ခြံ ဝယ်လိုက်ကြသည်။

ပြောရပါလျှင် စိုး တို့မိသားစု ရန်ကုန်ရောက်လာကြတာ စိုး နဲ့ ဘောဘီ တို့ရဲ့ သံယောဇဉ်ကြီးမားခြင်းကြောင့် အဓိကဖြစ်နေရာ လူကြီးချင်းလည်း ရင်းနှီးခဲ့ကြသလို စိုး ကိုဆို ဖေဖေကအစ အခြားသူငယ်ချင်းတွေထက် ပိုပြီး ရင်းနှီးခဲ့၏။

နေရာတကာ စည်းကမ်းကြီးတတ်ခဲ့ပြီး စိုး တို့မိသားစုနဲ့ပတ်သက်တိုင်း မိဘတွေက အလျှော့ပေးခဲ့သဖြင့် ဘောဘီ ဒီတစ်ခါ အခွင့်အရေးရသွားခဲ့သည်။

စိုး နဲ့ ကောင်းကောင်းတိုင်ပင်ထားကာ 'နန်းမဟာ'ခြံကြီး၏ အဝင်အထွက်ကို တစ်နေကုန်အောင် စောင့်ကြည့်ဖို့ ..၊

"နင့်အစီအစဉ်က သိပ်မဟုတ်သေးဘူးထင်တယ် ဘောဘီ၊ တစ်နေကုန်ဆိုတော့ ဟိုနားဒီနား အပေါ့အပါးထသွားချင်ရင်တောင် အလွယ်တကူရှိတာလည်း မဟုတ်ဘူး၊ တကယ်ကို တစ်နေကုန်ကြီး စောင့်ကြည့်မှာလား .."

"တစ်နေမကုန်လောက်ပါဘူးဟာ .. လူ ဘယ်လောက်နည်းနည်း ဒီထဲက တစ်ယောက်ယောက်တော့ အဝင်အထွက် ရှိလာမှာပဲ .."

"ဩော် .. တစ်လကိုးသီတင်းစာ ဝယ်ထည့်ထားပြီး အေးဆေးနပ်နေလို့လည်း ရတာပဲဥစ္စာ၊ ခြံထဲမှာ အညောင်းမိစရာလည်း မရှိဘူး၊ ကစားကွင်းတောင်ရှိတဲ့ဟာ ..၊ ငါတို့မမြင်ရတဲ့ဘက်ခြမ်းမှာ ရေကူးကန်တွေ ဘာတွေလည်း ရှိမှာပဲ .."

"ရှိရှိဟာ .. နင်ကလည်း ကတ်သတ်ဈေးဆစ်နေတာပဲ၊ နောက်ထဲမှာ စားစရာသောက်စရာတွေ အပြည့် တင်ပေးထားတာတောင်မှ .."

မေမေတို့ လုံးဝ မသိအောင် ကားတစ်စီးလုံး ငှားထားပြီး မသိအောင် သည့်နေရာမှာ ရပ်ထားတာဖြစ်ကာ ဘောဘီ က စကားသာပြောနေသည်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးက 'နန်းမဟာ'မှာပဲ ဖြစ်၏။

"ဘောဘီ .."

"ဟင် .."

"ဒီမှာ ငါ့ကို ကြည့်စမ်းပါ .."

ပန်းကိုဆွဲလှုပ်တော့ ဘောဘီ က ဆွဲလှုပ်နေသည့်လက်ကို မကြည့်ဘဲ ဖယ်ချပစ်လေ၏ ...

"ပြောပါလား ကြားနေရတဲ့ဟာကို .."

"စကားပြောတာ မျက်နှာကြည့်ပြောမှ အလုံးပြောင်မှာပေါ့ .."

"ဘာအလုံးလဲ .."

"စကားလုံးလေ .. သူ စကားပြောရင်ဖြင့် ဟိုကြည့်ဒီကြည့် ကြည့်တာ မကြိုက်ဘူး .."

"ငါက အလုပ်ကြီးအကိုင်ကြီး လုပ်နေတာပါရော .."

"သြော် .. သြော် .. ဟုတ်တာပေါ့၊ အလုပ်အကိုင်က ကြီးရှာတာ"

စိုး က ပြောသလို ခေါင်းညိတ် လိုက်လျောတတ်ပေမယ့် ပါးစပ်ကတော့ ဒီလိုပဲ အမြဲတမ်း ပေါက်ပေါက်ဖောက်တတ်၏။ လိုအပ်နေတော့လည်း သည်းခံ၍ ...

"ဘာလဲ ပြော .. ပြော .."

"နင်က ဟိုဘဲ .. အဲဒီမှာရှိမယ်ထင်လို့ အသည်းအသန်ရှာနေတာလား .."

"အေးလေ .. ဒါပေမယ့် အစတည်းက ငါ အဲဒီတိုက်ကြီးကို စိတ်ဝင်စားနေတာပါ"

"ဒါပေမယ့် နင်ပြောသလိုဆိုရင် အဲဒီလူတွေ နည်းနည်းနော်နော် ချမ်းသာတာ မဟုတ်ဘူးနော် .."

"မထင်ပါနဲ့ .. တိုက်ကြီးပြောင်ပြောင် ဝမ်းခေါင်ခေါင်တဲ့၊ အထဲမှာ ဘယ်လိုရှင်ဆိုင် ကျော်ဖြတ်နေကြရသလဲ၊ ဘယ်လိုအခြေအနေလဲ





သိလို့လား .."

"မသိပေမယ့် နင်ထင်သလိုတော့ မဖြစ်နိုင်ဘူး၊ ကြားရသမျှမှာ 'နန်းမဟာ'အိမ်ကြီးရဲ့ အပျက်အစီးသတင်း ဘာမှမပါသေးဘူးလေ၊ အထည်ကြီးပျက် လုံးဝ မဖြစ်နိုင်ဘူး ..၊ နောက်ပြီးတော့ နင်ကလည်း စီးပွားရေး ယိမ်းယိုင်ချုချာနေတဲ့ အိမ်တစ်အိမ်က သိသာတယ်ဟ၊ နင်တို့က ငါတို့ထက် အများကြီးချမ်းသာတော့ အဲဒီအပိုင်းတွေ သိချင်မှ သိမှာ ..၊ ငါတို့ကတော့ ဆင်ခြေဖုံးရပ်ကွက်လေးတွေမှာပဲ နေတာလေ၊ မိသားစုတစ်စုရဲ့ အခြေခံအနိမ့်အမြင့်တွေကို မြင်နေရတာကိုး .."

ကားထဲမှာပဲ နှစ်ယောက်သား အပျင်းပြေ စကားပြောနေရသဖြင့် ဘောဘီ က လှည့်ကြည့်ပေးလိုက်၊ ခေါင်းညိတ်လိုက်နှင့် မျက်လုံးတွေကို ကျွတ်ထွက်မတတ် လှုပ်ရှားနေရ၏။

"စီးပွားလာဘ်လာဘရွှင်နေတဲ့အိမ်နဲ့ ယိမ်းယိုင်ကျဆင်းနေတဲ့အိမ်က ကျက်သရေမဲ့ခြင်း မမဲ့ခြင်းမှာကို အရမ်းကွာတာ၊ အဲဒီတိုက်ကြီးကို ငါ မြင်ကတည်းက တကယ့်ဂရိတ်တွေမှန်း တွက်မိတယ်၊ အကယ်၍ ဟိုနေ့ကဘဲသာ အဲဒီအိမ်က တကယ်ဖြစ်ရင် သူ မောက်မာတဲ့ပုံစံနဲ့ ဒီလိုချမ်းသာပုံမျိုးနဲ့ နင် ခုလို သေလုမြောပါး ကြိုးစားနေတာကို ဘယ်လိုမြင်မလဲ .."

"အံမယ် .. ငါတို့ကရော ဆင်းရဲလို့လား .."

"နင့်လိုပြောမယ်ဆို ငါတို့လည်း မဆင်းရဲပါဘူး၊ ဒါပေမယ့် နင်တို့လူတန်းစားနဲ့ကျတော့ ဘာဖြစ်လို့ ကွာခြားနေခဲ့တာလဲ .. ပြော.."

"မကွာခြားပါဘူး .. အားလုံး အတူတူပဲ .."

"ပြော .. ဖွတ်သာပြောတော့ ..၊ ငါဖြင့် အဲဒီလူ ဒီအိမ်ကမဟုတ်ပါစေနဲ့လို့ပဲ ဆုတောင်းနေတာ .."

"တောင်းပေါ့ ..၊ ငါကတော့ .. ဟယ် .. ဟိုမှာ .. ဟိုမှာ .."

အနီရောင်ပြိုင်ကားလေးတစ်စီး ခြံထဲကနေ ကွေ့ထွက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



ရှောခနဲ ..၊

"ငါ မနေ့က မြင်လိုက်တာ အနက်ရောင် .."

"ဘယ်နှစ်စီးတောင် ရှိသလဲမှ မသိတာ .."

ပြောပြီး မျက်နှာကို မဲ့ရွဲ့ပစ်ကာ ..

"ကားမောင်းထွက်လာတာကိုက ကြည့်ပါလား၊ တစ်လောကလုံးကို လူမထင်တဲ့ဒီနိုင်း .."

"ပြိုင်ကားမောင်းတာပဲဟ"

"ပြိုင်ကားပေမယ့် ဒါ.ကားပြိုင်ပွဲကွင်းမှ မဟုတ်တာ၊ သူ့ခြံထဲက ဝိုက်ထွက်လာပုံကို ကြည့်ဦး .. လမ်းပေါ်ကဖြတ်သွားတဲ့ကား ရှိနေရင် တိုက်ပြီ .."

"အခု တိုက်မှမတိုက်ဘဲ .."

ပြောပြီး ဘောဘီ က စတီယာရင်ကို ထုပစ်လိုက်ရင်း တက်ခေါက်၏။

"စိတ်တိုရတဲ့ကြားထဲ နင်က တစ်မျိုး .."

"ဘာစိတ်တိုတာလဲ .. ပြိုင်ကားမြင်ပြီး အစီအစဉ်တွေ ပျက်ပါပြီဆိုပြီးတော့လား .. ဟွန့်၊ ပြိုင်ကားစီးကတည်းက စိတ်ပုပ်ကြီးမှန်း အသိသာကြီး .."

"စိုး နော် .. ငါ နည်းနည်းတင်းလာပြီ .."

"ဟုတ်တယ်လေ .. မိတ်ဆွေအပေါင်းအသင်းနဲ့ စိုစိုပြည်ပြည် သွားလာနေထိုင်တတ်တဲ့အကျင့် မရှိတာ သိသာနေတာပဲဥစ္စာ .."

"နင် သူ့ပုံစံကို မြင်ဖူးနေလို့ပါ မိစိုး ရယ် .. ပြိုင်ကားလေးစီးပြီး ကြွားနေတဲ့ ဂျစ်ပစီလေးတွေမှ တစ်ပုံကြီးပဲ၊ သူလိုလူက စီးတော့ .."

"ပုံစံပေါ်သွားတာပေါ့ .."

စိုး က ဆက်ပြောပြီး မဲ့သည်။ လူများများနဲ့ မနေတတ်ပါဘူး ဆိုတဲ့ အထာတွေ ပြနေတာ။ ကြည့်ရင်းနဲ့ကို မကျေနပ်စရာတွေပဲဖြစ်





နေတာတော့ မတတ်နိုင်ပေ။ ဒါမှမဟုတ် ပြိုင်ကားပုံစံကိုပဲ အစတည်းက ကြည့်မရသည့်စိတ်ကြောင့် သူ စီးလိုက်တော့ ပိုပြီး ရုပ်ဆိုးတာလား မသိ ..။

ဘောဘီ အကြံအိုက်နေတာ စိတ်တော့မကောင်းပေမယ့် စိတ် သိပ်မဝင်စားတာလည်း အမှန် ..။

"စိုး .."

"ဟင် .."

"ငါ ဘယ်လိုလုပ်ရင် ကောင်းမလဲ .."

"ပြန်မယ်လေ .. ငါလည်း မေမေ့ကို ဝိုင်းကူရဦးမှာ"

"နင်ကလည်း အန်တီက မလိုပါဘူးဆိုတဲ့ဟာကို .."

"မလိုဘဲနေမလား ဘောဘီ ရယ် .. ကိုယ့်အိမ်မှာ အလှူအတန်း လုပ်မယ့်ဟာ ..၊ မေမေက နင့်ကိုချစ်လွန်းလို့ ဒီလိုနေ့မျိုးမှာတောင် သမီးတစ်ယောက်လုံး သုံးစွဲခွင့် ပေးထားတာ .."

"အံမယ် .."

ဘောဘီ က ရယ်လိုက်ပြီး စိုး မျက်နှာက ပါးဖောင်းဖောင်းလေး တွေကို ဆွဲလိမ်ပစ်သည်။

"ဟုတ်တယ် .. ဒီနေ့လည်း ခြေရင်းခေါင်းရင်းက လာဝိုင်းကူကြတဲ့ အန်တီကြီးတွေနဲ့တင် ပြည့်စုံနေပြီ၊ ငါတို့ မလိုဘူးတဲ့ .. ပြောတာ မကြားဘူးလား၊ အနားမှာရှိနေရင် ညည်းလေးတို့ကို အော်နေရတဲ့ အလုပ်တောင် ပိုသေးတယ်တဲ့ .."

စိုး တို့အိမ်မှာ မာလကာပင်နှစ်ပင် ပါသည်။ ဆီးပင်အမြင့်ကြီး တစ်ပင် ရှိ၏။ သူတို့လည်း ဘောဘီ တို့လိုပဲ အိမ်သစ်ပဲဖြစ်ကာ စိုက်ပျိုး ရေးခြံတွေဘက်ရောက်သွားသဖြင့် အိမ်လည်းကောင်း၊ ခြံလည်းကျယ်၏။

စိုး ရဲ့မေမေက အိမ်ရှေ့မှာပဲ ကုန်စုံဆိုင်ဖွင့်မှာဖြစ်ကာ ရွှေအပေါင်ခံ၊ ငွေတိုးချေးသည့်အလုပ်မှာ ကျွမ်းကျင် ပိုင်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် လူမှုဆက်ဆံရေးလည်း ကောင်းတော့ လူသစ်ပေမယ့် ပတ်ဝန်းကျင်နဲ့ ရင်းနှီးနေပြီ ဖြစ်သည်။

"နင်တို့က အမေတစ်ခု သမီးတစ်ခုပေမယ့် နမ်ခုသုံးခုရှိတဲ့ ငါ့ ထက်တောင် ပိုပြီး စိုပြည်သေးတယ် သိလား .."

"ဘာရယ် .."

"ဟုတ်တယ်လေ .. အန်တီက သူ့သမီးလေးကို ယုံလည်း ယုံ ကြည်တယ်၊ အရမ်းလည်း အလိုလိုက်တယ်၊ ဒရိုင်ဘာထားရမှာစိုးလို့ ကားမဝယ်ပေမယ့် စက်ဘီးနဲ့ ဆိုင်ကယ်လ်နဲ့၊ နင် ဘာစီးစီး ဘယ်သွား သွား လွှားခနဲပဲ .."

"ဒါကတော့ ဒေါ်သီတာ ရဲ့သမီးက ယုံထိုက်တယ်လေ၊ ဒေါ်မြတ် သဇင် ရဲ့သမီးလေးကျတော့ .."

"စိုး နော် .."

"ခု ကြည့်ပါလား .. မိုးကျရွှေကိုယ် မာနမင်းသား၊ ဟန်ကြီးဇ ကြီးနဲ့ ဘဝင်ရူးနောက်ကိုမှ တကောက်ကောက် .."

"ကြည့်စမ်း .. ကြည့်စမ်း မစိုး .."

"ဘာတုန်း .."

"နင် .. နင်လေ .. ငါနဲ့ သူနဲ့သာ လက်ထပ်ရင် နင့်ကို လုံးဝ မဖိတ်ဘူး .."

"မဖိတ်နဲ့ပေါ့ .."

"ငါတို့ဘာသာနေတဲ့အိမ်ကိုလည်း အလည်မခေါ်ဘူး .."

"လာတာ မလာတာ ငါ့အပိုင်းပါ"

ပြောပြီးမှ ဘာကို သတိရသွားမှန်း မသိဘဲ ...

"နေဦး .. အခု နင် ဘာလုပ်နေတာလဲ ..၊ ဟိုက ထွက်သွားပြီ"

"အေးလေ .."

"ပြန်မယ်လေ .."





"ဘယ်သူက ပြန်မယ် ပြောလို့လဲ .."

"မပြန်ဘူး .. ဟုတ်လား .."

"အင်း .."

"ဒီမှာ နင်က ..."

"သူပြန်လာတဲ့အထိ စောင့်မလို့ .."

"ဟင်!..."

စိုး မျက်လုံးပြူးသွားသည်။ မယ်မင်းကြီးမက ရယ်နေလိုက်တာ နားဆွဲတန်းလန်းလေးတွေ တလှုပ်လှုပ်နှင့် ...။

"ဘယ်လိုကြီးလဲ .. ဘာလုပ်မလို့လဲ ဘေဘီ ရယ် .. အန်ကယ်လ် က ဒေါသကြီးတယ်နော်၊ မကြီး မြတ်နိုး ကိုတောင် ရည်းစားလေးထား မိတာနဲ့ ခုချိန်ထိ မျက်နှာသာပေးတာ မဟုတ်ဘူး .."

စိုး ကတော့ မန္တလေးတည်းက အိမ်မှာရင်းနှီးခဲ့သူမို့ တော်ရုံကိစ္စ လောက်ဆို ဘေဘီ က ပြောပြနေကျ ...။ ဒါကြောင့် ဖေဖေ့အကြောင်းကို သာယာ သိတာထက် ပိုသိနေတာလည်း မဆန်းပေ ...။

"ငါ အန်ကယ့်လ်ကိုတော့ ကြောက်တယ်နော် ဘေဘီ၊ ခုကိစ္စက ငါ့မေမေလည်း ပါမှာ၊ ငါတို့အိမ်မှာဆိုပြီး စိတ်ချခဲ့တာကို ..."

"နင် ငါ့အကြောင်းသိသားနဲ့ စိုး ရယ် .. သူများ ဒုက္ခရောက်နေ ရင်သာ ငါ ကူညီချင်တာ၊ ငါ့ကြောင့် ဘယ်သူ ဒုက္ခရောက်ခဲ့ဖူးလို့လဲ"

"ဒါပေမယ့် အခုတော့ ငါ ဒုက္ခရောက်ဖို့ မြင်နေပြီ .."

"လုံးဝမရောက်စေရဘူး စိတ်ချ .. ငါ့အစီအစဉ်နဲ့ငါ ရှိပြီးသားပါ"

"ဘာအစီအစဉ်လဲ ..၊ အဲဒီအစီအစဉ်မှာ ငါရော ပါတာပဲမို့လား"

"ပါးပါးလေးပဲ .."

ဘုရား!... ဘုရား ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

"ဟိတ် .. ဒါ ဘာဖြစ်နေတာလဲ .."

အစကတော့ ကိုယ့်ခြံတံခါးရှေ့မှာ ပြဿနာရှာပြန်ပြီလို့ ဒေါ်မိပြီး စိတ်ရှုပ်သွားမိရဲ့ ..။ မျက်နှာလေးတွေ မတ်ခနဲ လှည့်လာကြတာ မြင်လိုက်မှ ...

"ဟင်!..."

ချက်ချင်းမှတ်မိလိုက်တာ ဒီကောင်မလေးရဲ့ မျက်နှာ ..၊

"သူလေ .. သူ့ကို ကားမောင်းသင်ပေးနေရင်း ဒီထဲကို ဘီးတစ်ဖက် ကျပြီး .. ကားက ဘာဖြစ်သွားမှန်း မသိဘူး .."

ဟွန်း ..၊

မယုံကြည်သည့် သူ့မျက်နှာ မဲ့ကျသွားတာ ချက်ချင်း ..။

ဘောဘီ ကလည်း မျက်နှာချင်းဆိုင်မိတာနှင့် အပြောင်းလဲကြီး ပြောင်းလဲသွားသည့် သူ့မျက်လုံးတွေကို နားလည်လိုက်သည်။ ကိုယ့်ကို သူ မှတ်မိသွားပြီ။

"သူ နင့်ကို သိတယ် ဘောဘီ ..၊ ကျွတ်!... တကယ်ပါပဲ .."





စိုး က ဘောဘီ ဘက်ကို မျက်နှာလှည့်ကာ ငုံ့ကြည့်သလိုလို၊ ရှာဖွေသလိုလိုနှင့် နှုတ်ခမ်းမလှုပ်အောင် ကပ်ညည်း၏။ ဘောဘီ တို့က ဆက်တင်ကောင်းပြီးသား ..။

သူ့မျက်နှာကို ဆက်ကြည့်မနေဘဲ ကားထဲ ပြန်ဝင်ထိုင်လိုက်သည်။ စိုး ဟိုဘက်က ပြန်တက်ရမလို၊ ဒီတိုင်း ရပ်နေရမလိုနှင့် ရုတ်အရက် ကြောင်တောင်တောင်လေး ကျန်ခဲ့၏။

"တီ .."

ခဏငြိမ်သွားသည့်အချိန်မှာ ဟွန်းသံရှည်ကြီးတစ်ချက် ထွက်ပေါ်လာပြီး ကားပေါ်ကဆင်းလာသည့် သူ့ပုံရိပ်ကို ဘောဘီ မှန်ထဲမှာ မြင်လိုက်သည်။

ထို့ကြောင့် နှုတ်ခမ်းတွန့်ရုံလေး ပြုံးမိကာ ခဏအတွင်းမှာ ထိုနှုတ်ခမ်းလေး နေသားတကျ ပြန်ဖြစ်သွား၏။

"ဟော့ .."

"ဟင် .. ဘာလဲ .."

"မင်း ဘာလုပ်နေတာလဲ .. သူများအိမ်ရှေ့မှာ ..၊ ဆုတ် .. ပြန်ခေါက်ဆုတ်စမ်း .."

"မခေါက်တတ်ဘူး .."

"ဟ .. မင်း ကားမောင်းသင်ပေးနေတယ် ဆိုပြီးတော့ .."

"ဟုတ်တယ် .. မတတ်သေးတဲ့လူထက် ဒီက နည်းနည်းလေးပဲ ပိုတတ်တာ၊ ပါကင်တောင် မထိုးတတ်သေးတဲ့ဟာ .. ဘယ်လို ဘက်ခ်ဆုတ် ကျွမ်းမှာလဲ .."

"ကျွတ်!... အမိပ္ပာယ်မရှိတာ .."

ဒေါသက အဆမတန်ထွက်နေပြီ ဖြစ်သည်။ တမင်တကာလုပ်နေသည်ဆိုတာ သိနေလျက်နှင့် မိန်းကလေးတွေမို့ ဒီထက်လည်း မပြောချင် ..။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မပြောချင်တာကို ပြောဖြစ်အောင် သူမလေးက မျက်နှာလေးနှစ်ဖက်ပင့်၍ နားဆွဲလေး လှုပ်လီလှုပ်လဲ့နှင့် ...

"ဘီးတစ်ဖက်က မြောင်းနှုတ်ခမ်းပေါ် ကျွံနေလို့ မဆုတ်ရဲတာ၊ တော်ကြာ မြောင်းထဲထိုးဆင်းသွားရင် ဘယ်လိုလုပ်မလဲ ..၊ ခင်များ ပြန်ဆုတ်ပေးပါလား .."

"ဘာပြောတယ် .."

"မပေးချင် နေလေ .. ဒီရှေ့မှာ အရိပ်လည်းကောင်းတယ်ဆိုတော့ ခေါ်ထားတဲ့လူ လာတဲ့အထိ .."

"ဟော့ .."

"ဘုန်း .."

ကားဘောက်ကို ပုတ်ပစ်လိုက်တာ ပခုံးနဲ့ကပ်ထားမိသည့် ဘောဘီ့ ကိုယ်လေးပါ တုန်သွားသလား မသိ ..။

သူက တစ်ခုခုပြောမလို့ပြင်ပြီးမှ ခြေတစ်လှမ်းဆုတ်၍ ရှေ့မှာ ဘီးကျွံနေတာကို လှမ်းကြည့်သည်။

တံခါးရှေ့မှာ ခင်းထားသည့် ကွန်ကရစ်ဘောင်နှင့် မြောင်းရဲ့ကြား မှာ ကျကျနန ကျွံကျနေပုံက မကျွမ်းကျင်တဲ့သူဆိုလျှင် မြောင်းထဲကို ကျကိုကျသွားမှာ ဖြစ်သည်။

"ဒီမှာ မင်း တမင်လုပ်ထားတာ သိပေမယ့် မပြောချင်တော့ဘူး"

"အို .. တမင်လုပ်စရာလား .."

"ဟွန်း .. မင်းနဲ့ကားကို ငါ လမ်းလွှတ်တဲ့အထိ လိမ့်ထွက်သွားအောင် တိုက်ချလိုက်ဖို့လည်း စိတ်ကူးမိသေးတယ်၊ ဒါပေမယ့် ထပ်ရှုပ် လာမှာတွေကို မရှင်းချင်လို့ အောက်ကို ဆင်း .."

ဘောဘီ ပျော်သွားတာကို ပခုံးလေးတွန့်၍ ဖုံးပစ်လိုက်သည်။ ဒီနေ့မှ သူ စိတ်ထားတာက ပုစွန်ဆီရောင် ရှပ်လက်တို၊ ကိုယ်ကလည်း ပုစွန်ဆီရောင် ..။





"ဟော့ .. ဆင်းလို့ ပြောနေတာ ကြားလား .."

"ဘာလို့ ဆင်းရမှာလဲ ..၊ ဒါ တစ်ယောက်တည်းစီးလို့ရတဲ့ ကားမှ မဟုတ်တာ .."

ကြည့်စမ်း ..၊ ဒရိုင်ဘာနေရာကနေ ဟိုဘက်ကို ကုန်းကွကူးသွား လိုက်တာ သူ မျက်နှာလွှဲလိုက်ရတဲ့အဖြစ် ..။

"ရပြီလေ .."

ဘောဘီ က နှစ်ဖက်ခွဲစည်းထားသည့် ဆံပင်ရှည်တွေကို ကျော နောက်ရောက်အောင် ပို့ပစ်လိုက်ပြီး မျက်မှောင်ကြီးကုတ်၍ တစ်ဖက် လှည့်နေသည့် သူ့ကို ကားထဲကနေ မြင်အောင်ကြည့်၍ ပြောသည်။

ကားထဲကို သူ ဝင်ထိုင်လိုက်တာ တံခါးဆွဲပိတ်လိုက်တာ အားလုံး မှာ ကားတစ်စီးလုံး လှုပ်ခုန်တုန်ခါသွားခြင်းက ကြောက်စရာပါလား..။

စိုး မျက်လုံးတွေပြူးနေတာ နေရာမကျတော့ဘဲ ကား ဘယ်ကို ဘယ်လိုဆုတ်မှာမှန်း မသိတော့ ပို၍ဆိုးကာ ဟိုပြေးရမလို ဒီပြေးရမလို..။

"ဝူး .. ဒုန်း .."

"အမေ့!..."

ကားကို ကစားစရာလေးလို ဆွဲထုတ် ဝိုက်ချပစ်လိုက်သဖြင့် ဒုန်း ခနဲ ဆောင့်ခုန်ကာ လမ်းပေါ်ရောက်သွားပုံက လေတိုက်သွားသည့်အတိုင်း။

ဖီးလ်တွေမြင့်ပြီး ခဏလေး သတိလွှတ်သဖြင့် ဘောဘို ကိုယ်လေး ကံကောင်းလို့ မှန်ကို ဖောက်ထွက်မသွားတာပါလား ..။

ကား ဘက်ခ်ဆုတ်ပြီး ကိုယ့်ဆီကို ခေါင်းတည်လိုက်သဖြင့် စိုး မျက်လုံးတွေ စုံမှိတ်ကာ ဘယ်လိုမှ ဟန်မဆောင်လိုက်နိုင်ဘဲ လက်ဖဝါး လေးနှစ်ဖက်ပါ နားတွေပေါ် ဖိကပ်ပြီးသား ဖြစ်သွားသည်။

ဒါပေမယ့် ကိုယ့်ကိုယ်လုံးကြီး ကိုက်ငါးဆယ်လောက်ထိ လွှင့် ထွက်သွားပြီထင်လိုက်ပြီးမှ အားလုံး ငြိမ်သက်သွားသည့်အခါ ...

"ဟော့ .. ဖယ်စမ်း .."



www.burmeseclassic.com

www.burmeseclassic.com



စိုး မျက်လုံးတွေဖွင့်ကြည့်လိုက်တော့ သူ့ကားပေါ် ပြန်ရောက်သွားပြီဖြစ်သည့် ပုဂ္ဂိုလ်ကြီးက သတိပေးခြင်းနှင့်အတူ ကားကို ဝေါခနဲ လှည့်ဝင်လာ၏။

ပြေးရှောင်လိုက်ရပြန်ပြီ စိုး သေလုမြောပါး ..။

"ဂျိမ်း .."

သော့ပိတ်ထားတာ မတွေ့ ..၊ ဆင်းဖွင့်တာလည်း မဟုတ်ဘဲ သူ့ကားတံခါးရှေ့မှာ ကပ်ကပ်လေးရပ်လိုက်တာနှင့် တံခါးကြီးနှစ်ချပ်က အလယ်ကနေ တအိအိ ကွဲသွား၏။

သူ တောက်လျှောက် မောင်းဝင်သွားသည့်နောက်မှာ တံခါးက အလယ်လျှာထိုးတစ်ချပ် လျှောခနဲ ဖြတ်ထွက်လာပြီး ချက်ချင်းပိတ်သွားသည်။

တံခါးမကြီးနှစ်ချပ် ပွင့်သည့်နှုန်းအတိုင်း အေးဆေး ပြန်ပိတ်သွားတဲ့အထိ စိုး နဲ့ ဘောဘီ သေချာကြည့်နေမိကြ၏။ ဒီအိမ် ဒီခြံကြီးက ဒီလောက်ထိ တခမ်းတနားလား ..။

ဘယ်လိုစနစ်တွေနဲ့ စီမံထားတဲ့ လုံခြုံရေးမှန်း မသိပေမယ့် သူမတို့ တအံ့တဩ ဖြစ်နေခဲ့ကြသည်။

ဒီလိုလူက သူ့ကားရှေ့ကနေ ပိတ်ရပ်သလိုဖြစ်နေသည့် သူမတို့ ကားစုတ်လေးကို တိုးတိုက်ဖယ်ချသွားနိုင်သည်ဆိုတာ အပိုပြောသွားတာ မဟုတ်လောက်ပေ ..။

ဘုရား .. ကံကောင်းလို့ ငှားလာတဲ့ကားကို ပြန်မလျော်ရတာပါလား။

လှည့်ကြည့်လိုက်တော့ ဘောဘီ က ကားပေါ်တက်ဖို့ လက်မလေးထောင်ပြီး အချက်ပြနေတာ စပ်ဖြဲဖြဲလေး။ ဒီမျက်နှာ ဒီလိုပုံဆို သေချာပါသည်။ နောက်ထပ် ကြံစည်မှုတွေ ရှိဦးမှာ ..။





အခန်း(၈)

"ကိုကြီး .."

"ဟင် .. ဘာလဲ .."

"အဲဒီ မန်းနီဖက်ရှင်တွေ လိုက်ကြည့်မနေစမ်းပါနဲ့၊ ကြည့်ကောင်းရှုကောင်းအောင် ဓာတ်ပုံပညာတွေနဲ့ လုပ်စားနေတာပါ .."

"ဟ .."

ပြောတာနှင့်တစ်ပြိုင်နက် စာအုပ်ကိုဆွဲယူလိုက်သောကြောင့် ပြန်ဆွဲတော့မလို၊ ဆွဲလည်းမဆွဲဖြစ်ဘဲ မြတ်သု တပြင်ပြင်နှင့် ကျန်ရစ်၏။

ဘောဘီ က စာအုပ်ကို စားပွဲပေါ် လှမ်းတင်လိုက်ပြီးမှ ဘေးမှာ ဝင်ထိုင်လိုက်လျှင် ...

"ဘာလုပ်တာလဲ ဘောဘီ ရာ .. မိမြတ် မင်္ဂလာဆောင်မှာ ဘာဝတ်မှန်းမသိလို့ ဦးနှောက်ခြောက်နေလို့ .. ပြန်ပေးစမ်းပါ စာအုပ်"

"ကိုကြီးကလည်း ဖက်ရှင်ဆိုတာ ကိုယ်ပိုင်ဖက်ရှင်လေးနဲ့ ပေါ်လွင်တာပဲ ကောင်းပါတယ် .."

"မဟုတ်ပါဘူး .. ကိုကြီးက အကျီဘောင်းဘီတွေပဲ ကြည့်တာပါ၊ သူတို့ တွဲဖက်ထားသလိုလည်း မဟုတ်ဘူး၊ ကိုယ် ကြိုက်နှစ်သက်ရာ ရွေးချယ်ကြည့်ပြီးမှ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး .."

"ပြော .. ဘာလဲ .."

"ယောကျ်ားတွေထဲမှာ ဘယ်လောက်ထိ ချောမွေ့ ရှင်းသန့်နေ မျိုး မြင်ဖူးလဲ ..၊ ဟိုလေ .. ယောကျ်ားတွေ အရမ်းချောရင် အခြောက် ပြောတယ်မို့လား၊ အခြောက်နဲ့တူသွားတာမျိုး မဖြစ်ဘူးလေ.. ဂျမ်းတဲ မန်းနှစ်တိုင်လ်ပဲ၊ ဒါပေမယ့် သိမ်မွေ့နူးညံ့ပြီး အရမ်းကို မဟာဆန်ဆန်

"ကဲ..တော်ပါတော့၊ တော်ကြာ မေမေကြားရင် ညည်းကို စိတ်က နေတယ်ထင်ပြီး ကျောင်းတောင်မပြီးဘဲ မြတ်နိုး ထက် ဆိုးသွားမယ်

"အံမယ် .. ကိုကြီးက ဘေဘီ့ ကို အဲဒီလို ထင်လိုက်တာလား

"မထင်ပါဘူး .. ကိုကြီးက ကိုကြီးညီမလေးကို ကလေးပေါက် လေးတစ်ယောက်လိုပဲ မြင်နေတုန်း .."

မြတ်သု က ဘေဘီ့ ခေါင်းလေးကို ပွတ်လိုက်ပြီး ဖာစ်ဖတ် စာအုပ်ကို လက်လှမ်း၏။ ဘေဘီ က သူ့လက်ကို အမိအရ ပြန်တွန် လိုက်ကာ စာအုပ်ကိုပါ ထပ်ရွှေ့ပစ်သည်။

"အဲဒီလောက် ပိစိလေးလို့ပဲလည်း အမြဲမမြင်နဲ့လေ ကိုကြီး လည်း ..၊ ဟို ..."

"အံမာ .. ဘာ!..."

"မဟုတ်ဘူး .. ကလေးလို ဆိုးနွဲ့လို့ရပေမယ့် ကလေးလုပ်ခွင့်မ တဲ့အလုပ်တွေက အများကြီးပဲ .."

"သေချာပါပြီ ဘေဘီ .. ညည်း ချစ်သူတွေ့နေပြီမို့လား .."

"မတွေ့ပါဘူး ကိုကြီးကလည်း .. ဒီက မသိတာဆို မေးနေ ဥစ္စာ ..၊ မေးတာကိုပဲ ဖြေစမ်းပါ"

"ဘာကိုဖြေရမှာလဲ .. အဓိပ္ပာယ် မရှိတာတွေကို .."

"ရှိတယ် .. လုံးဝကို ရှိတယ် .."

"ဘာလဲ .. ညည်း မြင်လိုက်လို့လား၊ ကိုယ်ထင်ရင် ခုတင်ရွှေနန်း





ဘဲ၊ ကိုယ့်စိတ်က အဟုတ်ထင်လာရင် ခုတင်စုတ် းလးကိုတောင် နန်း ဆောင်ကြီးလို တခမ်းတနား မြင်လာတတ်တာ ..၊ ညည်း တစ်ယောက် ဆောက်မြင်ပြီး အဟုတ်ကြီးထင်နေတာ သေချာပါပြီ .."

မြတ်သု ပုံစံက စာအုပ်ပြန်ကောက်ကြည့်ဖို့ အဓိကမဟုတ်တော့ ဘဲ တကယ်စူးစမ်းလာတာ ဖြစ်၏။ ဘာဖြစ်လို့ ကိုယ့်ထက် အသက် ကြီးတဲ့လူတွေက ရှေ့ကို ပိုပြီး မြင်တတ်နေကြတာလဲ ...။

ညာရတဲ့အလုပ်ကို ကျွမ်းကျင်ပေမယ့် ဒီတစ်ခါ ညာရတာက ဘယ်ဘက်ရင်အုံထဲကနေ မြည်သံတွေပေးနေတာ အပြင်ကလူ ကြား သွားမလားတောင် မသိ ...။

ဘယ်သူ့ကိုမှ မပြောရဘဲနှင့် အားလုံး၏ ဝိုင်းကြည့်ခံနေရသလို ဘေဘီ့ မျက်နှာလေး ရှုံ့မဲ့မဲ့နှင့် လွှဲဖို့ ကြိုးစားမိသည်။

"မရဘူးနော် ဘေဘီ .. လုံးဝ ရည်းစားမထားရဘူး၊ ခုခေတ် ငယ်တွေက တက္ကသိုလ်စတက်ပြီဆိုတာနဲ့ သူတို့ကိုယ်သူတို့ ရည်းစား ထားခွင့်ပါမစ် ရသွားတဲ့အတိုင်းပဲ .."

"ခုခေတ်မှ မဟုတ်ပါဘူးနော် .. ဟိုအရင်ကတည်းက တက္ကသိုလ် ရောက်ပြီဆိုတာ .."

"ပြောပါဦး ဘာဖြစ်လဲ .."

"မပြောပါဘူး .. ကိုကြီးက ခေတ်နဲ့ကိုင်ပြီး ပြောနေလို့ .."

"အပွန်း .. ဘေဘီ ရာ .. ငါ့ညီမ ..."

"ဟုတ်ပါတယ် ကိုကြီးညီမပါ .. ဒါပေမယ့် ကိုကြီးညီမ အငယ် ဆုံးလေးအကြောင်းတော့ ကိုကြီး မသိသေးပါဘူး .."

"ဘာလို့မသိရမှာလဲ.. အခု ရည်းစားထားဖို့ စိုင်းပြင်းနေပြီး အစ်ကို ကြီးတစ်ယောက်ဆီမှာ တိတ်တခိုး လာစုံစမ်းနေတဲ့ မြီးကောင်ပေါက်မ"

"လုပ်ပြန်ပြီ .. မြီးကောင်ပေါက်မအရွယ်တော့ ကျော်နေပြီဥစ္စာ .."

"တွေ့လား .. အရမ်းအရမ်းကိုပညာစုံ အရွယ်ရောက်ချင်နေတာ၊



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်တော့ဘူး .. ငါ မေမေနဲ့ တိုင်ပြောရတော့မယ်၊ ခြောက်လှန့်
မဟုတ်ဘူးနော် .. တကယ်တိုင်မှာ .."

"ဟာ!... ကိုကြီး .."

မြတ်သု က ပြောပြီး တကယ်ထရပ်လိုက်သဖြင့် ဘောဘီ လ
လည်း လန့်သွားကာ စိတ်လည်း တိုမိ၏။

"ကိုကြီး တကယ် အကျင့်မကောင်းဘူး သိလား၊ သူများကို အ
လိုက်မလိုလိုနဲ့ ရယ်သလို မော်သလို ဟန်ဆောင်ပြီး အစ်အောက်
တယ်၊ ဝမ်းထဲမှာ တစ်မျိုး .. အပြင်က တစ်မျိုး .."

မြတ်သု မျက်နှာ ရယ်ချင်ပက်ကျိဖြစ်သွားသလို နှုတ်ခမ်းတွေ
အတင်းဖိပိတ်ထားပြီး ခပ်တည်တည်နှင့် ပြန်ငုံ့ကြည့်၏။

"ဒါကတော့ အစက ညည်းကိုလည်း မထင်လို့လေ .."

"အခု ဘောဘီ က ထင်စရာဖြစ်နေလို့လား .."

"ဖြစ်လို့ပေါ့ .. မှန်မှန်ပြော .. ဘာတွေ အမိကသိချင်နေတာလဲ
ဘာလုပ်ဖို့လဲ .. လုံးဝ အမှန်အကန်နော်၊ ညာပြောပြီထင်တာနဲ့ ကိုကြီး
က မညာဘူးလို့ ပြောပြီးသား .."

တည်သထက်တည်အောင် မျက်နှာကိုပြင်ဆင်ပြီးမှ နေရာမှာ ဖြ
ထိုင်သည်။ ဘောဘီ က ခဏခဏညာတတ်ပေမယ့် ကလေးဆန်လွန်း
သည့် ဟန်မဆောင်နိုင်မှုကြောင့် ဘယ်တော့မှလည်း ကြာကြာဖုံးထား
နိုင်တာ မရှိ ...။

"ပြောလေ .. ဘယ်လိုပုဂ္ဂိုလ်မျိုးနဲ့ တွေ့လာလို့လဲ .."

"ဟိုဘက်ခြံက .."

"ဘာ!..."

"လန့်လိုက်တာ .. ကိုကြီးကလည်း .."

မြတ်သု က ဘောဘီ့ မျက်နှာလေးကနေ ခြေဖျားထိ ထိတ်လန့်
သလို တအံ့တသြ ကြည့်သည်။ ဟိုဘက်ကတိုက်ကြီး ကောင်းလွန်းလို





ခဏ အကြည့်ရောက်သည်။ လူရှိနေမှန်းသိလျက်နှင့် ဒီနေ့ထိ
ကြီးလူငယ် ဘယ်လိုလူတစ်ယောက်ကိုမှ သူတို့ မမြင်ဘူးခဲ့သေး...။

"ဘောဘီ .. နင် အဲဒီကလူကို ဘယ်လိုသိသွားတာလဲ ..၊ ဘယ်မှာ
တွေ့ကြတာလဲ .."

"ဟို .."

ဘောဘီ့ မျက်နှာ မလုံမလဲလေးဖြစ်သွားတော့ စိုးရိမ်စိတ်က ပို၍
များသွား၏။

"နင် ခုနက ဖွဲ့နွဲ့ပြောနေတာ အဲဒီကလူလား .."

"ဟုတ် .."

"ဘာ!..."

"ကိုကြီးက ဘာဖြစ်နေတာလဲ .. ဘောဘီ က မြင်ဖူးတာပါ၊ ချော
ချောတယ်ပြောတာကို .."

"ဟား!..."

မြတ်သု မျက်နှာက စောစောကနဲ့ လုံးဝမတူတော့ဘဲ အလေးအနက်
ပူလောင်တွေဝေသွားလျက် ...

"မဟုတ်သေးပါဘူး .. ဘာဖြစ်လို့ ဒီလောက်တောင် ဒါမျိုးတွေ
လည်း လာကြုံနေရတာလဲ .."

"ဟင် .. ဘာဖြစ်လို့လဲ .."

ဘောဘီ ဆတ်ခနဲထရပ်လိုက်ပြီး မြတ်သု မျက်နှာကို ရှုစိုက်ကြည့်
သည်။ ကိုကြီးရဲ့ စိုးရိမ်ခြင်းတွေမှာ သယ်ဇာတတွေ ပါနေပြီဖြစ်ရာ...

"ကိုကြီး ဘာဖြစ်လို့လဲဟင် .."

ထပ်မေးလိုက်မှ ရုက်၍ ဒေါသထန်နေသည့်မျက်နှာကြီးနှင့် ဖျတ်
ခနဲ စိုက်ကြည့်ကာ ...

"မြတ်နိုး မန္တလေးမှာတုန်းက ပြဿနာတက်ခဲ့ဖူးတာ အဲဒီလိုမျိုး
ကြောင့်ပဲလေ.. ဖေဖေဆိုရင် သူ့သမီးကို ကလေးလိုပဲ၊ ချစ်လည်း ချစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ယုံလည်း ယုံတယ်၊ သားသမီးတွေအပေါ်မှာ အမြဲတမ်း နွေးထွေး ကြင်နာခဲ့တဲ့ ဖေဖေဟာ အဲဒီကိစ္စကစပြီး ခုလိုပုံစံ ဖြစ်သွားတာ ..”

“ဘာဖြစ်ခဲ့မှန်း ဘေဘီ မသိပေမယ့် ဖေဖေ ဒေါသထွက်ခဲ့တာကို တော့ သိပါတယ်၊ တကယ်တော့ အဲဒါ ဖေဖေ အထင်လွဲတာ နေမှာပါ ကိုကြီးရယ် .. မကြီးက ရည်းစားလည်း ...”

“အေး .. ရည်းစားမထားဘူးဆိုတဲ့ ရိုးသားမှုကို ခေါင်းပေါ်တင်ပြီး ထင်ရာလုပ်တာတွေကြောင့် ခက်ကုန်တာလေ၊ သူငယ်ချင်းတွေနဲ့ ပျော် ပျော်နေတတ်တာ၊ အစားလေးပဲ မက်တာ .. ကစားလေးပဲ မက်တာနဲ့ ဒီကောင်လေး ချောလိုက်တာလို့ အသံကြားလိုက်ရတဲ့နောက်ပိုင်းမှာ ဘာတွေဖြစ်ကုန်လဲ သိလား ..”

ဘေဘီ ဘာမှ မပြောနိုင်တော့ပေ ...။

“အားလုံး ရှုပ်ကုန်တာ .. ပတ်ဝန်းကျင်မှာ ဖေဖေဆိုတာ မျက်နှာ မပြရဲဘူး၊ အဲဒီကောင်နဲ့ မြတ်နိုး ကိုမျှား ..၊ တောက် ..”

ဘေဘီ မျက်စိလည်နေပါပြီ၊ မေမေ ပြောတော့လည်း ဒီလိုမဟုတ် မကြီးကိုယ်တိုင်ကလည်း ရည်းစားမထားခဲ့ဘူးပါလို့ ဆိုသည်။

ဒါဆို ဘာမှားနေသလဲ ...။

“ချောတယ်ဆိုတဲ့ကောင်တွေကို အထင်မကြီးလိုက်နဲ့ ..၊ လုံးဝ မှားသွားမယ် မှတ် .. အထူးသဖြင့် ဒီလိုကောင်မျိုး ..”

မမြင်ပေမယ့် မျက်လုံးတွေကို ထိုခြံကြီးဆီ ပို့မိ၏။ ကြားထားတဲ့ သတင်းစကားတွေအရ အဲဒီတိုက်ကြီးရဲ့မျိုးရိုးစဉ်ဆက်တွေက ဇော်ဘွား မျိုးတွေလိုလို .. တော်ဝင်မိသားစုတွေလိုလို ...။

သူနဲ့သိသည်၊ ငါတို့နဲ့ မိတ်ဆွေတွေ ဘာညာ၊ သူ့ထက်ငါ သတင်း ထူးပြောချင်ကြပြီး ‘နန်းမဟာ’ကလူတွေအကြောင်း ဂဃနဏ ပြောနိုင် တဲ့သူ ဘယ်သူရှိခဲ့လို့လဲ ...။

ဒီလူတွေ ဘယ်လောက်ထိ ချမ်းသာသလဲဆိုတာ ဘယ်သူမှ မသိ





ယ့် သွားလာသုံးစွဲနေပုံတွေအရ လူကုံထံဆိုသူတွေ မျက်စိစပါးမွေး ကြတာလည်း သေချာသည်။

ဘေဘီ ပြောသလောက် တကယ်ပဲ ချောမောတင့်တယ်နေတာမှန် င် မြတ်နိုး ဟုန်းကထက် အဆမတန် ပိုမိုဆိုးသွမ်းသော ...၊

“ထင်တော့ထင်လိုက်သားပဲ .. ဒါပေမယ့် ထင်ကိုမထင်တာ၊ မှန် ောင်းတစ်လက်နဲ့ ဒီလောက် ချောင်းမြောင်းနေတဲ့ဟာ တစ်နေ့နေ့ တော့မယ်ဆိုတာ ..”

တက်ခေါက် တိတ်ဆိတ်နေပြီးမှ မြည်တွန်တောက်တီးလာတော့ ဘီ က ခေါင်းခါ၍ ...

“မှန်ပြောင်းနဲ့ကြည့်လို့ မြင်တာမဟုတ်ဘူး ကိုကြီး၊ ဘေဘီ မြင်ဖူး း်းက အဲဒီတိုက်ကြီးကမှန်းတောင် မသိဘူး၊ နောက်မှ ...”

“ဘာ!...”

ဒါနဲ့ဆို ကိုကြီးထံမှ ‘ဘာ..’သံတွေထွက်လာတာ သုံးကြိမ်ရှိပြီဖြစ် ရှင်းပြနေလေ ဒေါသက လျော့ပါးမသွားခဲ့ဘဲ ပိုပိုတိုးလာလေ..။

“အဲဒီကောင်နဲ့တွေ့ကြတာ တစ်ခါနှစ်ခါမကတော့ဘူးပေါ့ ဟုတ် း ဘေဘီ ကိုကြီးကို မညာနဲ့နော်.. ဒီလိုကောင်မျိုးတွေက ရုပ်ရှိရေလျှံ တဲ့ အမျိုးအစားထဲက .. ဘာမှသုံးစားမရတဲ့ကောင်တွေ နားလည် ..၊ မိန်းကလေးတွေကို သူတို့က တန်ဖိုးထားစရာ မြင်တာ မဟုတ် ကစားစရာ အရုပ်တစ်ရုပ်လို .. ဘောလုံးတစ်လုံးလို.. ဒီလောက်ပဲ”

“ကိုကြီးကလည်း ခုနကတော့ အဓိပ္ပာယ်မရှိတာလို့ပြောပြီး ခုကျ အတည်ပေါက်ကြီး ဆူနေတယ် ..”

“ခုနကနဲ့ မတူဘူးလေ..၊ ညည်းက လျှောက်ပြောနေတာမှ မဟုတ် အဲဒီကောင်ကို တကယ်ကို စွဲလမ်းနေတာလား ..”

‘ဟုတ် ..’လို့သာ ခေါင်းညိတ်လိုက်လျှင် ကိုကြီးပုံစံ ကြည့်ကောင်း ည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုကြီး မဟုတ်ပါဘူးဆို ..၊ ကိုကြီးတို့က အဲ့ဒါ ခက်တာ ကိုယ့်အစ်ကိုဆိုပြီး ပျော်စရာပျက်စရာ ဘာမှ ပြောဆိုရယ်မောလို့ မ ဘူး၊ ဒီက ပြောရင်းဆိုရင်း ရယ်မလို့ဟာ .."

"ဟား!... ဒါ ရယ်စရာလား ဘေဘီ ရာ .."

မြတ်သု မျက်နှာကြီးက ဒေါသဆက်ဖြစ်ရခက် .. ပြန်ချော့ရခက်၊ ပြီးတော့ မေမေ ပြောခဲ့ဖူးတာကိုလည်း သတိရမိပြန်သည်။

"အဲဒါ သားတို့ဖေဖေ ဒေါသကြီးလိုက်လို့ ဖြစ်ရတာ ..၊ မေမေ တင်းကျပ်လိုက်မိတာလည်း စောသွားတယ်၊ ဒီလိုပြဿနာမျိုးဆိုတာ ကိုယ့်ကလေးရဲ့ရင်ထဲကို မြင်နိုင်အောင် သိမ်သိမ်မွေ့မွေ့လေး နှိုက်ယူ တတ်ရတယ်၊ ကိုယ် တကယ် သိပြီ .. သေချာပြီဆိုတော့မှ လိုသလို ပုံသွင်းစည်းရုံးဖို့ ကြိုးစားရမှာ .."

"ဖအေကို ကြောက်ရ .. အမေကို ကြောက်ရနဲ့ သူငယ်ချင်း အပေါင်းအသင်းနဲ့ တိုင်ပင်ပြီး ခိုးလုပ်တော့ မှားတာပေါ့၊ ဘာလုပ်မယ် ထင်လိုက်တာနဲ့ ချက်ချင်း ဝုန်းဒိုင်းကြဲပစ်တော့ ကိုယ့်သားသမီး ဘယ် ခြေလှမ်းနေသလဲဆိုတာ မသိရတော့ဘူး၊ လူငယ်သဘာဝ တားရင် ပို လုပ်ချင်တယ်၊ ခိုးစားတဲ့အသီး ပိုချိုတယ်ဆိုတာမျိုးလေ .. စွန့်စားရလို့ ရင်ခုန်တာကို အချစ်လို့ ထင်တာတွေ .."

ဘေဘီ့ မျက်နှာလေးကို စိုက်ကြည့်ရင်း ဘယ်စကားလုံးနဲ့ ရှေ့ ဆက်ရမှန်းမသိ ဖြစ်နေမိ၏။ သေချာတာကတော့ မေမေ သင်ပေးထား ပေမယ့် ဒါမျိုးတွေမှာ သူ မကျွမ်းကျင် ..။

မေမေ့ကို ပြေးတိုင်ရအောင်ကလည်း မေမေ့သမီး ဘယ်လိုကောင် နဲ့ဆိုတာ လက်ညှိုးထိုးပြစရာ မရှိ ..။

မိုးကတော့ မပြိုပေမယ့် ညိုနေပါပြီ ..။





## အခန်း(၉)

"ချစ်သူများနေ့ဆိုတော့ ချစ်သူရှိတဲ့လူတွေပဲ ပျော်ရမယ့်နေ့ပေါ့ နော် ..၊ အင်း .. မျက်နှာငယ်လိုက်ပါဘိ .."

"မငယ်ချင်လည်း ရည်းစားလေးတစ်ယောက် အမြန် ကောက် ထားလိုက်ပါလား .."

"ကောက်ထားလည်း ပိုက်ဆံကောက်သလို ကောက်ယူလိုက်လို့ ရရင်တောင် ဒီနှစ် ချစ်သူများနေ့ မနက် စံတော်ချိန် ကိုးနာရီတိတိ ရောက်နေပြီဆိုတော့ မနွှဲရဘဲ လွှဲရပါပြီဟယ် .."

စိုး နဲ့ သာယာ တို့ မျက်နှာတွေ ရှုံ့တွရရွတ်ပြီးမှ ပခုံးချင်းတိုက်၍ ခိုးခိုးခစ်ခစ် ရယ်နေကြသည်။ ဘေဘီ ကတော့ မရယ်ပါ။

ကော်ဖီဆိုင်ထဲကို ဝင်သွားသည့် ပြိုင်ကားရောင်လေးက သူမ၏ စိတ်အာရုံတို့ကို ဆွဲညှို့ ခေါ်ဆောင်သွားပြီဖြစ်လျက် ...

"ဟဲ့ .. ငါတို့ ဟိုကော်ဖီဆိုင်ကို ပြောင်းထိုင်ရအောင် .."

"ဟင် .. ဘာဖြစ်လို့လဲ .."



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်မိကြပေမယ့် ဘေဘီ ဘာဖြစ်လို့ပြောမှန်း သူမတို့တွေ သတိမထားမိကြ။

ဒီဝင်းထဲကို ရောက်လာကြတိုင်း ဆိုင်တွေမှာ သိပ်မထိုင်ဖြစ်ကြတာ သူမတို့သုံးယောက်ရဲ့စတိုင်လ်လို ဖြစ်နေပါပြီ ..။

မုန့်တစ်ခုခုဝယ်ပြီး အရိပ်ကောင်း၍ မျက်လုံးအေးမည့် လိုကေးရှင်းတစ်နေရာပဲ လိုသည်။

"ဘာလဲ .. သူများစုံတွဲတွေ ကံစမ်းမဲနှိုက်တာ ငုတ်တုတ်လေး ထိုင်ငေးချင်လို့လား .."

"အေးလေ .. ရုက်စရာကြီး၊ အဲဒီဆိုင်က စုံတွဲတွေအတွက် အထူးအစီအစဉ်တွေ လုပ်နေတာ ဆိုင်ထဲမှာ ငါတို့လို ကဏန်းလေးတွေ မရှိဘူး .."

"ဘာလဲ ကဏန်း .."

"ခြေထောက်လေးတွေ အများကြီးရှိမှ သွားလို့ရတာလေ .."

"ရှိရှိမရှိရှိ ငါတော့ သွားမှာပဲ .."

"ဘာရယ် .."

"ခဏပဲ .."

"ဟဲ့ .. အယ် .. တကယ် ထသွားတယ် ကြည့်စမ်း ..၊ နေဦးလေ.. လိုက်ခဲ့မှာပေါ့ .."

"မလိုက်ပါနဲ့ ..၊ ခဏပါပဲဆိုမှ .."

ကြိုးသိုင်းအိတ်ရှည်လေးကို ပခုံးပေါ် ထပ်ဆွဲတင်၍ ရင်ညွန့်ရှေ့မှာ ထပ်ဆုပ်ကိုင်ရင်း ကြိုးလေးကို ခပ်ဖွဖွ ပွတ်သပ်နေမိ၏။

မြက်ခင်းလေးတွေ မစိုမပို့နှင့် ကားလမ်းလေးကို ဖြတ်ကူးရင်း ခြေလှမ်းလေး နှေးသွားလိုက် ..၊ နည်းနည်း ပြန်ကျဲလိုက်နှင့် ဘေဘီ အကြံထုတ်နေမိ၏။

သူ ဝင်သွားတာ တွေ့သည်။ တစ်ယောက်တည်းပဲ ဝင်သွားတာမို့





ကိစ္စတစ်ခုခုရှိလို့ပဲ ဖြစ်နိုင်သည်။

ဆိုင်ထိုင်ဖို့အတွက်နဲ့ ဒီနေ့မျိုးမှာ ဒီလိုနေရာကို သူ လာမှာမဟုတ်ဘူးဆိုတာ တရားသေ တွက်လိုက်ကာ စားပွဲတစ်ခုခုမှာ ရှာဖွေဖို့ အစီအစဉ်ကို ကြက်ခြေခတ်လိုက်သည်။

ပြီးတော့ ဒီဆိုင်ထဲမှာ အထပ်မရှိ ..၊ အတွင်းပိုင်းမှာလည်း သီးသန့်ခန်း မထားပေ ..။

စိတ်ကူးထဲမှာ ဘာမှမရေးရသေးဘဲ 'တွန်းပါ'လို့ ရေးထားသည့် မှန်တံခါးရှေ့မှာ ခြေစုံရပ်လိုက်တာနှင့် တံခါးက မတွန်းရဘဲ ပွင့်သွားသည်။

"မင်္ဂလာပါရှင် .. ချစ်သူများနေ့ အထူးအစီအစဉ်တွေနဲ့ အဲဗားတိုင်းလ်က ကြိုဆိုပါတယ်ရှင် .."

တစ်ယောက်တည်း လှမ်းဝင်ရမည့်ခြေလှမ်းက မျက်နှာကို အပူတက်ဟပ်သလား မသိ ..၊

အထဲမှာ ကြက်သွေးရောင် နှစ်ယောက်တွဲ ဆိုဖာကြီးတွေ မျက်နှာချင်းဆိုင် စားပွဲတစ်လုံးနှင့် သူ့အကန့်လိုက် .. အတွဲလိုက်လေးတွေ ရှိနေကြကာ လေအေးပေးစက်အရှိန်ကြောင့် အေးစိမ့်နေသည်။

ရယ်နေတာတွေ .. လက်ခုပ်သံတွေနှင့် မေးနေ ဖြေနေသူတွေ၊ ကံစမ်းမဲနှိုက်သည့်ရှေ့မှာ တန်းစီနေတာတွေ ..၊ တကယ့်ကို ပျော်စရာပင်..။

ဘေဘီ မျက်လုံးတစ်ချက်ပဲ ဝေ့လိုက်သည်။

အဖြူရောင် ရှပ်အင်္ကျီလက်ရှည်၏ ရင်ဘတ်မှာ မိုးပြာရောင် အရိပ်ဖျော့ဖျော့နှင့် သူမရဲ့မင်းသား ..၊

မျက်လုံးပိုင်းမှာ မှောင်လဲ့နေသည့် မျက်မှန်နက်နှင့် ဖြူဝင်းသည့် မျက်နှာက ထင်းနေသည်။

သူက မဲနှိုက်နေသူတွေနှင့် မဆိုင်သော ဘေးစွန်းစွန်းထောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



မတ်တတ်ရပ်နေတာဖြစ်ကာ အစီအစဉ်မှာ ပါဝင်သူ မဟုတ်နိုင်သော ဒီဆိုင်က ပိုင်ရှင်ဖြစ်နိုင်သည့် ရွယ်တူယောကျ်ားတစ်ယောက်နှင့် စကား ပြောနေသည်။

နှုတ်ခမ်းမပွင့်ဘဲ ပြုံးနေသည်။ ဘောင်းဘီအိတ်နှစ်ဖက်ထဲမှာ လက်တွေ ထည့်ထားပြီး မျက်နှာ ခပ်လွှဲလွှဲနှင့် ပြုံးနေတာကြောင့် ဘောဘီ အသက်ရှူမှားအောင် ငေးမိ၏။

သူမ တစ်ယောက်တည်း ရှူးနေတာလား ..၊ ကိုကြီး ပြောတာကို သတိရပြီ သူ့ရဲ့ဘေးဘီကို ကြည့်မိ၏။ မျက်လုံးတွေ အများဆုံးက သူ့ဆီမှာ တဝေ့ဝေ့နှင့် ..။

ဘောဘီ ကျေနပ်သွားသည်။ 'ငါ မရှူးဘူး'လို့ ရဲဆေးတင်ကာ ခေါင်းထဲမှာ ချက်ချင်းရလာသည့် စိတ်ကူးတို့နှင့် ...

"ကိုကိုက ဒီမှာလား .."

"ဟင်!..."

သူနဲ့အတူ စကားပြောနေသည့်လူပါ ပြုံးရယ်နေတာတွေ ရပ်တန့်သွားပြီး အံ့သြဟန်နှင့် လှည့်ကြည့်သည်။

သူက ဘောဘီ ကို မြင်တော့ မျက်မှန်ကို ခပ်မိန့်မိန့်ဖြုတ်လိုက်ပြီး ခြေဆုံးခေါင်းဆုံး ကြည့်၏။ ဘောဘီ ကလည်း သူ့ကို အံ့သြသလို ပြန်ကြည့်သည်။

ပြီးတော့ ဟိုလူ့ရှေ့မှာ ရှက်သွားသလိုလို မျက်နှာငယ်ဟန်လေး လုပ်ပစ်လိုက်ပြီး ဘေးလူတချို့ကို ဝေ့ကြည့်၍ ...

"ကိုကို ဘာတွေစိတ်ဆိုးနေနေ ဒီလိုနေ့မှာတော့ မလုပ်ပါနဲ့ ကိုကို ရာ ..၊ ဟို .. ဘောဘီ ကို အရုပ်လေးတစ်ရုပ်လောက် ရအောင် ယူပေး.. နော် .. ကိုကို .."

"ဘာတွေ လာပြောနေတာလဲ ..၊ မင်း .."

"ဟာ!... ကိုကို .."





ဘောဘီ ရှက်လည်းရှက်မိပြီဖြစ်ကာ ရှက်သွားသလို သရုပ်ဆောင် လိုက်တာ ပိုပြင်သွား၏။

"ကိုကို ဒီထဲကို ရောက်နေတည်းက ဘောဘီ ကို သတိရလို့ဥစ္စာ၊ ဘောဘီ လည်း ကိုကို့ကို သတိရလို့ ထွက်လာတာပဲ .."

ဘောဘီ က သူ့နား တိုးလိုက်ပြီး ပခုံးချင်းတိုက်မိအောင် ခြေဖျား လေးထောက်၍ ကပ်သည်။

"ဟိတ် .. မင်း .. မင်းကွာ .."

"ကဲပါ စက် ရာ .. မင်း ဒီနေ့မှ ရောက်လာတာ ထူးခြားလှချေ လားလို့ ငါ ပြောနေတာ ပါးစပ်မပိတ်သေးဘူး၊ ဟား .. ဟား .. သွား ပါ .. လုပ်ပေးလိုက်ပါ၊ ဒီလိုနေ့မျိုးမှာ ချစ်သူတွေ စိတ်မကောက်ကြ ဘူးကွ .."

စက် မျက်နှာ တင်းသွားသည်။ မိတ်ဆွေအရင်းကြီးဖြစ်ပြီး ဟန်ဝင်း အလိုက်မသိတတ်တာကို တားဆီးချိန် မရလိုက်သလို ..၊ ဒီကောင်မ လေးက ဘာလဲ ..။

ဘေးအနီးအနားက စုံတွဲနှစ်တွဲကလည်း ကြည့်လာကြ၏။ မိန်းမ ငယ်လေးတစ်ယောက်အပေါ် နင်ပဲငဆ ပြောချလိုက်ပြန်ရင်လည်း သူပဲ လွန်ရာကျတော့မည်။

"လာပါ ကိုကိုရယ် .. အပြင်ရောက်မှ ကိုကို့ဒေါသတွေ ပြေ အောင် .."

"ဖယ် .."

ပခုံးချင်း ထိကပ်လာတာကို သူ တိမ်းပစ်လိုက်ကာ မျက်နှာလေး ကို စီးမိုးကြည့်မိတာ လှလို့ မဟုတ် ..၊ သူ့မေးရိုးနှစ်ဖက် ခိုင်ကြည်သွား တာကို ဘောဘီ ကလည်း မြင်သည်။

လှလို့ စိုက်ကြည့်လိုက်တာ မဟုတ်မှန်း သိသားပဲ ..။ မသိတဲ့သူ တွေကတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"မြဒွါ ရေ .. ကိုယ့်သူငယ်ချင်းကြီး ခိုင်လျှိုထားတာ ပေါ်သွားတဲ့ပွဲကွာ ..၊ လုပ်ပါ .. သူတို့အတွက် .."

"ရတာပေါ့ မောင် ရဲ့ ..၊ လာ .. ညီမလေးတို့ လာကြ .."

သူ့မျက်နှာကြီး တဖြည်းဖြည်း ရဲတက်လာတာကို မော့မကြည့်ရဲတော့ဘဲ ဘောဘီ မျက်လွှာလေး ချနေလိုက်ရကာ ...

"ဘောဘီ ပဲ နှိုက်တော့မယ် .."

သူ့ကိုပဲ ပြန်စိတ်ကောက်သလိုလို ဘောဘီ တစ်ယောက်တည်း နှုတ်ခမ်းစူ ..၊ တစ်ယောက်တည်း ကိုယ့်ဘာသာ နှိုက်လိုက်တော့ ရလာတာက မင်္ဂလာစုံတွဲပုံ ဖန်လုံးကလေး ..။

"ဟယ် .. လှလိုက်တာ .."

လက်ခုပ်သံတွေက ကြားနေခဲ့တာတွေထက် ပို၍ ကျယ်လောင်ကာ တစ်ဆိုင်လုံး အုန်းအုန်းထသွား၏။ အားလုံး၏မျက်လုံးတွေကလည်း သူမတို့ဆီမှာပဲ ဖြစ်ကာ ..၊

ဖျတ်ခနဲ ဝင်းထိန်သွား၏။ ဓာတ်ပုံ တစ်ယောက်ယောက် ရိုက်လိုက်ပြီမှန်း သိသည်။ ဘယ်ကမှန်း ဘယ်သူမှန်း မသိ ..။

ကိုယ့်ကိုလား ..၊ တခြားစုံတွဲတွေဆီကိုလား ..။

ဒေါသနှင့် ရှက်စိတ်တွေကြောင့် စက် ရဲ့မျက်လုံးတွေ တစ်ဆိုင်လုံးမှာ ဝေ့ဝဲ ပြေးလွှားသွား၏။

"ဘယ်ကောင် ဓာတ်ပုံရိုက်တာလဲ .." လို့ မေးပြန်ရင်လည်း မကောင်း ..။ သိသိကြီးနှင့် ပြောခွင့်မသာသည့်အဖြစ်ကို မချိမဆံ့ ရင်မှာ ပိုက်ထားရလျက် ...,

"ကိုကို .. ဘောဘီ အပြင်ကပဲ စောင့်နေမယ်နော် .."

ရလိုက်သည့် ဖန်လုံးလေးကို မက်မောမြတ်နိုးစွာ ဆုပ်ကိုင်ဖက်တွယ်ရင်း ဘောဘီ လှစ်ခနဲ ထွက်သွားပုံက သူများတွေအမြင်မှာ ကစားစရာ ရလိုက်သည့် ကလေးငယ်လေးနှယ် ..။





ပန်းရင့်ရောင်ပေါ်မှာ ပန်းနုရောင်စာတမ်းလေးပါသည့် လက်ရှည်ခါးရှည် ကိုယ်ကျပ်အင်္ကျီနှင့် ကော်ဖီရောင် ဒူးကျဘောင်းဘီအကျပ်လေး..။

ထင်းရှင်းနေသည့် မနိမ့်မမြင့် ကိုယ်လုံးသွယ်သွယ်လေး၏ကျောပြင်ကို သူ အံကြိတ် မျက်မှောင်ကုတ်ပြီး စိုက်ကြည့်နေတာပေမယ့်...

"ကဲပါ .. ကဲပါ .. မာနတွေ ထားမနေပါနဲ့တော့ ..၊ မျက်လုံးကြီးကပ်ပါသွားဦးမယ်၊ နေနိုင်မှာလည်း မဟုတ်ဘဲနဲ့ .."

လုပ်စမ်း ဟန်ဝင်း ..၊

မင်းလိုကောင်မျိုး ရှိနေဖို့ပဲ လိုတာ ..။

အရွဲ့တိုက်ပြီး တစ်ခုခု ပြောချင်နေသည့် ဒေါသကို ချုပ်တီးကာ ကိုယ့်ကိုယ်ကိုယ် ကလေးဆန်နေပြီလားလို့ တွေးမိ၏။ ဒါပေမယ့် ...

ဒေါသဆိုတာ အိုတယ် မရှိ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

"ဟား .. ဟား .."

"ခစ် .. ခစ် .. ခစ် .."

သုံးယောက်စလုံး ရယ်သံတွေ မြိုင်သွားပေမယ့် သာယာ ချက်ချင်း အသံတိတ်သွားကာ အံ့သြဟန်လေးနှင့် ...

"သူ ဘာမှမပြောဘဲ ကံစမ်းမဲလိုက်ယူပေးတာ အံ့သြစရာပဲနော်.. ဒီလောက်ဖြစ်နေတဲ့လူက .."

"သြော်.. ယောက်ျားပီသတဲ့စိတ်ရှိတဲ့သူတိုင်း ဒီလိုပဲ..၊ ယောက်ျား မဆန်တဲ့လူတွေသာ သူတို့ မလိုရင် မလိုသလို ချိုးဖွဲ့ ပုတ်ခတ်ပြောကြတာ .."

စိုး က စိတ်လိုလက်ရ ရှိုးမွမ်းလိုက်သေးသည်။ ပြီးတော့ ...

"နင်ကလည်း မပြောမဆိုကြီး ထလုပ်လိုက်တာ..၊ သတ္တိကောင်းလိုက်တာဟယ် ..၊ ဟိုကသာ မဖွယ်မရာ တစ်ခုခု ပြောလွှတ်လိုက်ရင်.. ဥပမာ နင်နဲ့သူ ဘာမှ မသိကျွမ်းခဲ့တဲ့အကြောင်း သိသာစေတာမျိုး တစ်ခုခု ပြောချလိုက်ရင် သွားပြီ .."





"ဟုတ်တယ် .. အဲဒီလိုဖြစ်လာရင် ဘယ်လိုလုပ်မလဲဆိုတာရော နင် စဉ်းစားထားရဲ့လား .."

ဘေဘီ က ခေါင်းလေးခါပြရင်း ...

"ဟင့်အင်း .. ဒါပေမယ့် ငါ့စိတ်ထဲမှာ သိနေတယ်ဟ ..၊ သူ အဲဒီလို ငါ့ကို လုပ်မှာ မဟုတ်ဘူးလို့ .."

"ဘာ!..."

"ဒီလိုဟာ.. သူ အဲဒီလို ပြောဆို ဂုဏ်ဖော်တတ်တဲ့လူမျိုး မဟုတ်လောက်ဘူးဆိုတာ တွေးကြည့်ထားတာမျိုး မဟုတ်ဘဲ အလိုလို စိတ်ထဲမှာ ယုံကြည်နေတာ၊ ခု ကြည့်ပါလား .. သူ့မျက်နှာကြီး ဒီလောက်ပျက်နေတာကို ငါ ပြောချင်တာပြောပြီး လှည့်ထွက်လာတာ .."

"ဒေါ်သတွေ ဘယ်လောက်နှုန်းနဲ့ ခုန်ဆွခုန်ဆွ ဖြစ်ကျန်ခဲ့လဲ သိဘူး၊ ခစ် .. ခစ် .."

"ငါကတော့ ပျော်တယ်၊ သူနဲ့ ငါ့ရဲ့ ကံစမ်းမဲကို ဒါလေးပေါက်တော့ လက်ခုပ်သံတွေ ဆူညံသွားတာများ လူကို မြောက်ကြွသွားသလိုပဲ၊ အဟွန်း .. အဲဒီအသံတွေ .. အဖြစ်တွေ ခုထိ နားထဲက မထွက်ဘူး"

ပြောနေရင်း လက်က လွယ်ထားသည့်အိတ်လေးထဲကို နှိုက်နေမိကာ သွားလေရာ ထည့်ယူသွားတတ်သည့် ဖန်လုံးလေးကို ထုတ်ကြည့်မိပြန်သည်။

"ဟဲ့ .. ဟိုမှာ ပြင်ဆင်နေကြတယ် တွေ့လား ..၊ ဒီနားမှာ ဗီဒီယိုလာရိုက်မလို့ ထင်တယ် .."

"ဟုတ်လား .. သွားကြည့်ရအောင် .."

"မကြည့်ချင်ပါဘူး ..၊ မင်းသား မင်းသမီးတွေတောင် မလာသေးဘူးထင်တယ် .."

သာယာ က ပြောနေရင်း ဘေဘီ ကို လှည့်ကြည့်၍ ...

"ကဲ .. အဲဒါကြီး တကိုင်ကိုင်နဲ့ သိမ်းလိုက်စမ်းပါ ဘေဘီ ရယ်.."



www.burmeseclassic.com

www.burmeseclassic.com



ကန်တော်ကြီးထဲမှာ နင်တစ်ယောက်တည်း ရှိနေတယ် ထင်လို့လား နင့်ရုပ်ကြီးကို လှမ်းမြင်လိုက်တာနဲ့ ရည်းစားပေးတဲ့လက်ဆောင် ကြည့်ပြီး အဆမတန် ပီတိတွေဖြာနေတာမှန်း တန်းခနဲ သိမှာ ..."

"သိသိပေါ့ ..၊ ငါက သူ့နာမည်ကို သိရင် ဟောဒီ အောက်ခြေလေးမှာ သူ့နာမည်လေး ရေးထည့်ပြီး သူ ပေးထားသလိုလို ..."

"အဲ့ဒီလို လွယ်လွယ်နဲ့ မရဘူး ..."

"ဟင်!..."

"အယ်!..."

"ဟောတော့ ..."

စိုး ပါးစပ်လေး အဟောင်းသားနှင့် သာယာ အလန့်တကြား အသံပြုပြီးမှ ပါးစပ်ကို လက်နဲ့ ပြန်ပိတ်၏။ ဘောဘီ ကိုင်ထားသည့် ဖန်လုံးလေးကတော့ တစ်ယောက်သောသူ လက်ထဲကို ပါသွားပြီဖြစ်ကာ ...

"ဘာလုပ်တာလဲ ကိုကို .. မလုပ်ပါနဲ့ ..."

ဘောဘီ ကြောင်တောင်တောင် ဖြစ်ကျန်ခဲ့ပြီးမှ သူ့နောက်ကို ပြေးလိုက်သည်။ ကိုကိုလို့ လွှတ်ခနဲ ခေါ်မိတာကလည်း ကော်ဖီဆိုင်ထဲမှာ တုန်းကလို တမင်တကာ မဟုတ်ခဲ့ပါ ...။

ဘာကြောင့်ဆိုတာ မသိဘဲ ထိတ်ထိတ်ပျာပျာ ခေါ်ဖြစ်သွားတာကိုက ဒီအတိုင်း ...။ ထို့ကြောင့် ရုတ်တရက် ရုတ်ရုတ်သဲသဲ ထဖြစ်သွားသည့် သူတို့ဆီကို မလှမ်းမကမ်းက မျက်လုံးတွေ စုပြုံရောက်လာကြ၏။

"ဒီမှာ .. ဘာလုပ်မလို့လဲ .. ခင်ဗျားနော် ..."

ဘောဘီ လို့ သူ့ကိုယ်သူ ပြောတတ်သည့် ကောင်မလေး ပြေးလိုက်လာတာသိတော့ သူ့ခြေလှမ်းတွေ ပိုမြန်သွားသည်။

သူမနဲ့အတူ ဒီပစ္စည်းကို ပြန်မြင်လိုက်ရခြင်းဟာ သူ့ဒေါသတွေကို အမြင့်ဆုံးထိ တွန်းပို့လိုက်သလို ဖြစ်သွားခဲ့ပြီး စိတ်ရှိတိုင်း ပေါက်ခွဲဖို့





အပြင် ဘာမှ မမြင် ..။

"ဘယ်ကိုသွားနေတာလဲ အဲဒါ ..၊ ဒီမှာ .."

သူမ ကိုယ့်ဘေးကို ရောက်လာသည်နှင့် စက် ရဲ့လက်တစ်ဖက် မြောက်တက်သွား၏။

"ဟင်!..."

တံတားဝိုင်း၏ အလယ်လောက်ကနေ လွှင့်ခနဲ မြောက်တက်သွားသည့် ဖန်လုံးလေးက ဟိုးအဝေး ရေပြင်ကျယ်မှာ တိတ်ဆိတ်စွာ မြုပ်ဆင်းသွား၏။

"ရှင့် .. ရှင် ဘာလုပ်လိုက်တာလဲ .. ဟင် ..၊ ဘာလို့ အဲဒီလို လုပ်လိုက်တာလဲ .."

နှမြောကြေကွဲခြင်းက အတိုင်းအဆမဲ့ ဖြစ်ထွန်းကာ သူ့လက်မောင်းကို တွန်းပစ်လိုက်ပြီး ဘောဘီ အတင်းအော်သည်။

"ရှင် တော်တော်ကို အတ္တကြီးတဲ့လူ .."

"ဟုတ်တယ် .. နောက်ထပ် ကြီးမားတဲ့အတ္တတွေ ရှိသေးတယ်၊ အဲဒါ မင်း မှတ်ထားဖို့ ထပ်ပြောမယ် .."

စက် က ရေပြင်ပြန်တိုး၍ ဘောဘီ့ မျက်နှာလေး မော့နေတဲ့အထိ ကပ်ကပ်လေးရပ်ပြီး ငုံ့ကြည့်သည်။

"ငါ မိန်းမတွေကို အထင်မကြီးဘူး ..၊ ငါ့ကိုမွေးခဲ့တဲ့ အမေကစပြီး နောက်ထပ် မြင်မြင်သမျှ မိန်းမတွေအားလုံး ဘယ်မိန်းမကိုမှ အထင်မကြီးဘူး ..၊ အဲဒီထဲမှာ မင်းလို မိန်းမမျိုးကြောင့် ငါ့ရဲ့အတ္တက ပိုပြီး ပြင်းထန်သွားပြီ .. နောက်ထပ် ငါနဲ့ပတ်သက်ဖို့ လုံးဝ မကြိုးစားနဲ့၊ မင်း ဒီ့ထက် ကြေကွဲသွားရမယ် မှတ် .."

"အို .. မသိဘူး ..၊ ဒီမှာ .. ရှင် မသွားနဲ့ဦး .."

ဘောဘီ သူ့လက်မောင်းကို အတင်းပြန်ဆွဲသည်။ ပြီးတော့ သူ့ရှေ့ ရောက်အောင် သွားရပ်ပြီး ပိတ်ထားမိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ဘာသာ ဘာအတ္တတွေ ဘယ်လောက် အဆိပ်တွေ့ကျက်နေနေ… မိန်းမတွေကို ဘယ်လိုသဘောထားထား .. မိဘကို မိဘလို သဘောထားနေသေးရင် အဲ့ဒါ ရှင့်ခေါင်းထဲမှာ မိန်းမတစ်ယောက်တော့ ရှိကို ရှိနေလို့ပဲ .."

"တိတ်စမ်း .."

"အား!…"

ဘောဘို့ ပခုံးလေးနှစ်ဖက်ကို ဆောင့်ခနဲ ကိုင်လှုပ်ပစ်သည်။ ပြီးတော့ …

"တောက် .."

ဟက်ခေါက်၍ လက်တွေကို ပြန်လွှတ်၏။ ဒေါသမှစ၍ ပြောချင်နေသည့် ဥပေက္ခာစကား အစုစုတို့ကို ပြန်လည် မျိုသိပ်၍ ဒီနေရာက ခွာဖို့ ခြေလှမ်းပြင်လိုက်သော်လည်း …

ဟင်!…

စက် တစ်ကိုယ်လုံး အခိုးအငွေ့တွေ ရှိန်းရှိန်းထသွားသလား မသိ…၊ ပတ်ဝန်းကျင်မှာရှိနေသည့်လူစုက အင်နဲ့အားနဲ့မဟုတ်ပေမယ့် ဟိုတစ်စု ဒီတစ်စုနှင့် အနီးအနားမှာ စုဝေးလာကြတာ လူတွေ မနည်း…။

ဖြစ်လာသည့်ဒေါသနှင့် ရှက်ခြင်းက သူမကို ပြန်လှည့်ကြည့်မိတာတောင် မျက်နှာဆီမရောက်ခင် အကြည့် ပြန်လွှဲမိတဲ့အထိ …။

ရှောင်လေဝေးဝေး ဆိုပေမယ့် ပြေးကာမှ ခြေခေါက်လဲရတဲ့ အဖြစ်မျိုးနဲ့ သူ …၊





## အခန်း(၁၁)

"ဘောဘီ .."

"ဟင် .."

"ခဏလိုက်ခဲ့ဦး .."

"ဘာလဲ .. ဒီနေ့ တီချယ် စာမေးမှာ …၊ ငါ ဘာမှ မကြည့်ခဲ့ရဘူး၊ ပြောစရာရှိ နောက်မှ ပြော .."

"မဟုတ်ပါဘူး .."

"ဗိုက်ဆာရင်လည်း သာယာ့ ကို စောင့်ခေါ်ဟာ .."

"သြော် .. ဒုက္ခပါပဲ …၊ လာပါဆို .. ခဏ .."

"ဟဲ့ .. ဘာဖြစ်တာလဲ .."

စိုး က ဘောဘီ လွယ်ထားသည့် အိတ်ရဲ့ကြိုးကို ဆွဲလိုက် ပြန်လျှော့ပေးလိုက်နှင့် ဖရိုဖရဲသိမ်းဆည်းရင်း ဘောဘီ ထရပ်တဲ့အထိ စောင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အပြင်ကို အတူတူ ထွက်လာခဲ့ကြပြီး လူရှင်းသည့် ထောင့်ကွယ်တစ်နေရာကို သုတ်သီးသုတ်ပျာ ပြေးကွယ်လိုက်ရင်း ...

"ဒီမှာ ကြည့်ဦး .."

"ဘာလဲ .."

"ဟောဒီမှာ .."

အခေါက်လိုက် ထည့်ပိတ်ထားသည့် ဂျာနယ်တစ်စောင်ကို လွယ်ထားသည့်အိတ်ထဲက ထုတ်၍ လက်ထဲ ထည့်ပေးသည်။ ထည့်ပြီးမှ ပြန်ဆွဲယူ၍ သူမကိုယ်တိုင်ပဲ ဖွင့်ပြကာ ...

"တွေ့လား ..၊ ဒီမှာ ပြူးပြဲနေတာ .."

"ဟယ်!..."

ဘေဘီ 'ဟယ် ..'ခနဲ ဖြစ်သွားသည်။

တဖြည်းဖြည်း ဝိုင်းစက်သွားသည့် မျက်ဝန်းလေးတွေသာမက ဂျာနယ်ကို ပြောင်းယူကြည့်ကာ ရင်ခုန်သံတွေပါ အထိတ်တလန့် ဆူညံလာ၏။

"သွားပြီ .."

"ဟုတ်တယ် ဘေဘီ .. ရှုပ်ကုန်ပြီ ..၊ ဘယ်လိုလုပ်ကြမလဲ .."

"ဒါ .. ဒါကြောင့် ငါ သင်တန်းထဲ မဝင်ခင် ပါကင်နားကကောင်တွေ ငါ့ကို ကြည့်ပြီး .."

"ဘာတွေ ပြောနေကြသလဲ .."

"မသိဘူး ..၊ ဒါပေမယ့် ခါတိုင်းလို ရိသဲ့သဲ့စကားတွေ မဟုတ်ဘူး၊ အဲဒါတော့ သေချာတယ်၊ ပြီးတော့ အို .. ဒုက္ခပဲ၊ ငါ .. ငါ အဲဒီသောက်ထိ .."

"ဟုတ်တယ်လေ .. နင် အဲဒီလို မရည်ရွယ်ဘူး၊ ဒါပေမယ့် အခုသူ နင့်ကိုပဲ ထင်မှာ ..၊ ပြီးတော့ အန်ကယ်လ်တို့ သိသွားရင် .."

"ဘုရား!... ဘုရား .. ရှုပ်ကုန်ပြီ၊ ဘယ်လိုလုပ်ရမလဲ .."





ဘုရားတရင်း မပျာစဖူး ပျာယာခတ်သွားသည်။ သူမဘဝမှာ ဒီသောက်ထိ ထိတ်လန့်သွားခဲ့တာမျိုး တစ်ခါမှ မဖြစ်ခဲ့ဘူးသလိုလို ..။

"ဒါ .. ကိုကြီး အရင်သိမှာ .."

ပြောပြီး ပြန်ငုံ့ကြည့်မိ၏။

ဘေဘီ့ ပခုံးကို ဆုပ်ကိုင်ပြီး ငုံ့ကြည့်နေသည့် သူ့မျက်နှာနှင့် မော့ကြည့်နေသည့် ဘေဘီ့ မျက်နှာက နီးနီးလေး..။

ပြီးတော့ ဂျာနယ်စာမျက်နှာပေါ်မှာ ဘယ်သူ့မျက်နှာပေါ်က မှ(ဒ်)ဆိုမှ ဖမ်းကြည့်လို့ မရတော့ ပို၍ဆိုးသည်။

ထို့ပြင် ရေးထားသည့်စာတွေက ဘယ်လိုမှ ဖြေရှင်းဖို့ မလွယ်ကူနိုင်သည့် အစီပွားယ်တွေဆောင်လျက် ..၊

"သူတို့ ဘာတွေ ဖြေရှင်းနေကြသလဲ .."

ဆိုသည့် စာတမ်းကြီးက ပြူးပြဲ ထင်ရှားနေသည်။

"မင်းသားမင်းသမီးတွေ သရုပ်ဆောင်နေကြသည်ထင်ပြီး လူတွေဝိုင်းအုံနေလောက်အောင် လိုက်ဖက်တင့်တယ်သည့် သူတို့အကြောင်း.."

ဟု နောက်ဆက်၍ 'အားလုံး သိချင်ခဲ့ကြသည်' ဆိုတာတွေ ..၊ ဘာတွေလဲ ..၊

ဒါတွေ ဒီလိုလုပ်ချလိုက်တာ ဘယ်သူလဲ ..။

"အဲဒီလူတွေ တကယ်ဆိုးတယ်ဟာ .."

"အေးလေ .. အောင်မြင်တဲ့ အနုပညာသမားတွေဆိုလည်း ထားပါတော့ .."

သူတို့ ချောင်ကပ်နေတာပေမယ့် သာယာ ကတော့ သူမတို့ရှိရာကိုပဲ တဖားဖား ပြေးလွှားရောက်လာကာ ...

"ဟဲ့ .. နင်တို့ ဟိုဟာ .."

"သိပြီးပြီ .. ဒီမှာ ..၊ ဒီမိန်းမ အစောကြီး အတန်းတက်နေပြီးဘာမှမသိလို့ ခေါ်ထုတ်လာရတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ .."

"မသိလို့ပေါ့ မယ်သာယာ ရယ် .."

နှစ်ယောက်ကနေ သုံးယောက်ပေါင်း၍ ညည်းညူခြင်းသို့ ရောက်၏။

"မျက်နှာတွေက ဝါးတားတားပေမယ့် သူ့အရပ်အမောင်း၊ သူ့ရဲ့ ဘော်ဒီစထရပ်ချာနဲ့ .. နင် ဆံပင်နှစ်ဖက်ခွဲပြီး အမြင့်တင်စည်းထားတဲ့ပုံ က အသိသာကြီး .."

"ဟုတ်ပ .. ကြည့်လိုက်တာနဲ့ နှစ်ယောက်စလုံး ဘယ်သူက ဘယ်သူဆိုတာ ထင်းခနဲပဲ .."

ပြောဖြစ်ကြတိုင်း ဒီစကားကိုပဲ ပြန်ရောက်ခဲ့ရကာ စိတ်ညစ်နေရင်း ငိုမဲ့မဲ့တွေ ဖြစ်လာကြ၏။

"ငါ့ကိုဟယ် ဒီဝင်းထဲဝင်လာတည်းက မေးမြန်းစပ်စုချင်တဲ့ မျက်လုံးတွေနဲ့ ကြည့်လိုက်ကြတာ၊ ဘောဘီ ရှေ့က နှစ်ယောက် သိလား..၊ သထုံကဆိုတဲ့ ဖြူဖြူလေးတွေလေ .. သူတို့ကတော့ လာပြီးတော့ကို မေးတာ ..၊ ဘယ်လောက်တောင် စပ်စုချင်လဲ ကြည့် .."

"ငါတို့ကတော့ စောစောရောက်လာလို့ နင့်လောက် ရင်မဆိုင်လိုက်ရဘူး၊ ဒီမိန်းမကဲဆို ဘာမှကို မသိတာ .."

သူတို့နှစ်ယောက်တည်း ပြောရင်း စိုး က မေးဆတ်ပြတော့ သာယာ က ဘောဘီ ကို ကြည့်၍ ...

"အံ့သြပါ့ ဘောဘီ ရယ် .. ဒီလောက်ထိ ဖြစ်ပျက်ထားကြတာကို များ .. အေးဆေး နေနိုင်ရတယ်လို့ .."

"ဟဲ့ .. ဖြစ်ပြီးတာက ပြီးပြီလေ ..၊ ငါက ရုပ်ရှင်မင်းသမီးလည်း မဟုတ်၊ နိုင်ငံကျော် အဆိုတော်လည်း မဟုတ်ဘဲနဲ့ ဂျာနယ်ကျော် ဖြစ်လာလိမ့်မယ်လို့ ထင်မလား ..၊ ပေါက်ကွဲသွားတာကလည်း သူ့လုပ်ပုံကို ကြည့်ဦးလေ .. ငါ ဒါလေးကို ဘယ်လိုပဲ ရထား ရထား သူနဲ့ ပတ်သက်





သက် မသက်သက်ပေါ့၊ ငါ့လက်ထဲက ငါပိုင်တဲ့ပစ္စည်းကို ဒီလို လုပ်ရောလား .."

"ဒါပေမယ့် နင့်ဘက်က အဲဒီလောက်ထိ ပေါက်ကွဲခွင့် မရှိဘူး ဆိုတာတော့ မမေ့သင့်ဘူးလေ .."

"သူ ဒီလိုလုပ်ခွင့် မရှိဘူးဆိုတာ .. သူက အရင်သိသင့်တာပေါ့"

"တွေ့လား .. ပြောလေ ကဲလေ .."

"ဟုတ်တယ် ဘောဘီ .. ဒါ တကယ့် ရှော့ခ် အကြီးကြီးနော် ..၊ ဒီလို နင့်ကို .."

"သူ့ကို ငါ ဂရုမစိုက်ပါဘူး ..၊ ငါ စိုက်တာ ဖေဖေတို့ ကိုကြီးတို့ သိရင် မလွယ်ဘူး၊ ငါ ဖြစ်ချင်တာတွေ ဘာမှဖြစ်မလာသေးဘဲ ပျောက် ပျက်စီးကုန်မှာ စိုးတယ် .."

"ဘာ!... ဘာပြောလိုက်တယ် .."

သာယာ က ဘောဘီ့ လက်ကိုဆွဲကာ အုတ်ခုံအစွန်းလေးမှာပဲ တုတ်တုတ်ထိုင်ချလိုက်ပြီး ...

"ထိုင် .. ဒီမှာ .."

ဘောဘီ ထိုင်ဖြစ်အောင် လက်လေးကို ဆွဲချလိုက်ရင်း ...

"နင်က ဘာတွေဖြစ်ချင်သေးလို့လဲ ဘောဘီ .. ပြောပါဦး၊ အခြေအနေက အဆိုးဝါးဆုံးကို ရောက်နေပြီ .. ဖြစ်ချင်တာတွေက မကုန်သေးဘူး .."

"အေးပါ .. တော်ပါတော့ ဘောဘီ ရယ် .. အန်ကယ်လ်တို့သာ ကြားသိနာရှာရင်တော့ မေမေနဲ့ ငါ ကျိုင်တက်ပြီ .."

"နင်တို့ကလည်း ကြေးစည်ထုပြီးတဲ့ အသုဘ ဆယ်ခုလောက်ရဲ့ အလောင်းကို ရောက်နေရသလိုပဲ ..၊ တကယ် စိတ်ညစ်ဖို့ ကောင်းတယ်၊ ငါလည်း လန့်ဖျန့်ပွတူနေတာ နင်တို့ထက် ဆိုးတယ် .."

"အမလေး .. ငါတို့ထက် ဆိုးနေတဲ့ရုပ်ကြီးတဲ့ .. ကြည့်ပါဦး၊



www.burmeseclassic.com

www.burmeseclassic.com



ခုပဲ ဘာလုပ်ဦးမယ် .. ညာလုပ်ဦးမယ်နဲ့ ကြိမ်းဝါးနေတာကို ..”

စိုး က ငိုဖော်ညို၍ တံတောင်နဲ့တို့ပေမယ့် သာယာ က ဂရုမစိုက်အား ...။

“ငါ ထင်တာ ပြောရရင် သူ့ပုံစံက မိန်းကလေးတွေနဲ့ လုံးဝကို မပတ်သက်ချင်တာ သေချာတယ်၊ ဒီပြဿနာမှာ နင်တို့ ရင်ဆိုင်ဖြေရှင်းတဲ့အထိ ဖြစ်သည်ဖြစ်စေ .. မဖြစ်ဘူးဖြစ်စေ တော်ကြပါတော့ဟာ ..၊ ဒါပြီးရင် လုံးဝ ရှေ့မဆက်ပါနဲ့တော့ ..”

“သာယာ ရယ် .. ဟိုပုဂ္ဂိုလ်က အနံ့ရော ကွင်းရော ကျယ်တဲ့ပုံကြီးနဲ့ ဒါကို ငြိမ်ခံနေမယ် ထင်လို့လား ..၊ ဘောဘီ ကို ပြဿနာမရှာလည်း အဲဒီဂျာနယ်တိုက်ကို သူ အလွတ်ပေးမှာ မဟုတ်ဘူး ..”

“ဒါမျိုးတွေက ရှိတတ်တာပဲဟာ ..”

“ကဲပါ .. တော်ကြပါတော့ဆိုမှ ..”

“နင် တော်ဖို့ ပြောပြနေရတာပါ ..”

“ရှေ့ဆက်ဖို့ မဆက်ဖို့ ငါ့ကို တားမနေနဲ့..၊ ဒါတွေကိုသာ အိမ်က သိလို့ကတော့ ..”

သုံးယောက်အလယ်မှ ဘောဘီ အိတ်လေးထဲက ဖုန်းခေါ်သံလေး ထမြည်လာသဖြင့် အသံတွေ တိတ်ကုန်ကြကာ မျက်လုံးတွေ ဆုံသွားကြ၏။

ဘောဘီ က ကမန်းကတန်း ထုတ်ယူကြည့်လျှင် စိုး က လက်တို့၍ ...

“ဘယ်သူလဲဟင် ..”

“ကိုကြီး ..”

သေပြီလို့ စိုး တို့ တီးတိုး ပြိုင်တူ ရေရွတ်ကာ တံတွေး မျိုချမိကြတာလည်း ပြိုင်တူ ..။

“ဟလို ..”





“ဟလို မနေနဲ့ ..၊ အခု ပြန်ခဲ့ .. နင် ဘယ်မှာလဲ ..”

ကိုကြီးရဲ့ မိုးကြိုးပစ်သလို အသံကျယ်ကြီးကို ဖုန်းနားမှာ စုပြုံးကပ်၍ နားထောင်နေကြသည့် သာယာ တို့ ကြားသွားကာ ဘောဘီ မျက်နှာလေးကို မော့ကြည့်သည်။

ဘောဘီ က ရှင်းပြောင်နေသည့် နဖူးပြင်လေးကို လက်ဖနောင့်လေးနဲ့ ထပ်ပွတ်၍ ဆံပင်မရှုပ်ဘဲနဲ့ ရှုပ်နေသလိုမျိုး မျက်နှာလေးမော့၍ ခါထုတ်ပစ်သည်။

“ကိုကြီး .. ဖေဖေရောဟင် .. ဟိုလေ ..”

“ခု ပြန်ခဲ့ .. နင် .. ဒါပဲ ..”

ဖုန်းချလိုက်သည့် မြည်သံလေး ကျန်ရစ်ခဲ့တာတောင် နားက မခွာနိုင်သေး ..။

ဖေဖေတို့က မကြီး မင်္ဂလာကိစ္စနှင့် ညောင်တုန်းကိုသွားကြသည်။ ဒီသတင်းကို ဖေဖေ အရင်သိပြီး ကိုကြီးကို ဖုန်းဆက်လိုက်တာလား..၊ ကိုကြီး အရင် သိတာလား ..။

ဖေဖေ မသိပါစေနဲ့လို့ ဆုတောင်းရင်း ရင်ထဲမှာ ဗလောင်ဆူလာ၏။ ပြီးတော့ စက် လို့ ခေါ်သံကြားလိုက်သည့် သူ့မျက်နှာကို မြင်ယောင်လာသည်။

ထိုအခါ ကြောက်စိတ်တွေ ရှိနေလျက်နှင့် ဒိတ်ခနဲ ခုန်သွားသည့် ဘောက်ရင်အုံမှာ တသိမ့်သိမ့် ကြည်နူးခြင်း စသော ရင်ခုန်သံက စည်းချက်မှန်လို့ပါလား ..။

သူ ဆုပ်ကိုင်ထားသည့် လက်တို့ကို ပြန်ငုံ့ငေးရင်း လူတွေ ဟိုထင်ဒီထင် ဖြစ်နေကြတာကို တကယ့် ပဋိပက္ခလေးတစ်ခုလို တောင့်တလာခဲ့မိသည်။

ကိုကို့ကို ဘောဘီ ချစ်ခွင့်ရချင်မိ၏။ တကယ်သာ ချစ်သူဖြစ်ခဲ့ပါလျှင် ကိုကို ဘယ်လိုပဲ အနိုင်ယူပါစေ ..။



www.burmeseclassic.com

www.burmeseclassic.com



"ဘောဘီ .."

"ဟင်!..."

ဖျတ်ခနဲ ပခုံးပုတ်လိုက်သဖြင့် ဘောဘီ လန့်သွားသည်။

"ဘာတွေဖြစ်သွားတာလဲ..၊ အန်ကယ့်လ်ကို ကြောက်ပြီး အသက်ရှူရပ်သွားတာလား .."

"မဟုတ်ဘူး သာယာ ..၊ အဲဒီမျက်လုံး ဂျာနယ်ပေါ် ပြန်ရောက်သွားတာ မြင်လိုက်တည်းက ငါ သိတယ်၊ အရေးထဲ အကြောင်းထဲမှာ ဟိုတစ်ယောက်ကို သူ သတိရသွားတာ .."

"အံမယ် .. ဟုတ်လား .."

"ဟုတ်ကို ဟုတ်တယ် ..၊ ခုနေသာ ချစ်သူတွေဖြစ်ခဲ့ရင် ငါ သူ့ဆီ ပြေးမိမှာပဲ ဆိုပြီးတော့ .."

စိုး က တစ်အပ် ဟောကိန်းထုတ်သည်။

လုံးဝဥဿုံ မှန်သွားတာ မဟုတ်သော်လည်း မှန်တော့ မှန်နေသဖြင့် ဒီတစ်ခါ ကိုယ့်သူငယ်ချင်းကိုတောင် ဘောဘီ တအံ့တသြ ပြန်ကြည့်မိ၏။

"ဘယ့်နှယ်လဲ .. ဟုတ်သွားပြီမို့လား ..၊ ငါတို့ကတော့ သူ့အပူကို ကိုယ့်အပူလိုပဲ၊ ဒီမှာ ခေါင်းနားပမ်းကြီးနေကြရတာ .."

"ငါလည်း ခေါင်းကျိန်းနေတာပါပဲ စိုး ရယ် .. ဒါပေမယ့် နင် တွေးသလိုကြီးလည်း မဟုတ်ပါဘူး .."

"ဟုတ်တော့ ဟုတ်တယ်ပေါ့ .."

"ဒါကတော့ ငါက တစ်ဖက်သတ် စွဲလမ်းနေတာကိုး ..၊ တကယ် မဟုတ်ဘဲ အပြောခံရတာထက် ဟုတ်နေရင်တောင် တော်သေးတယ်"

"ဘာရယ် .."

"ပြောပြတာပါ"

"ဘောဘီ ရယ် .. အံ့ရော .."





"သြော် .. ပြောပြတာပါဆိုမှ .. ငါက စိုး ပြောသလောက်ကြီး စိတ်မကူးပါဘူး၊ သူ ကြည်ဖြူတဲ့ ကောင်မလေးတစ်ယောက် ဖြစ်ခွင့်ပဲ ဆိုချင်တာ .."

"တော်ပါပြီဟယ် .. အဲဒီပုဂ္ဂိုလ်လည်း နင့်ကို လာစွပ်စွဲဦးမှာပဲ၊ ကြည်ဖြူမှာတွေ ညီတူမှာတွေ မျှော်လင့်မနေနဲ့ ..၊ ဘယ်ဘက်ကို ဘယ်လိုင်းနဲ့ ကာမလဲ .. အဲဒါပဲ စဉ်းစား .."

"ဒါကတော့ သာယာ ..၊ ခုဖြစ်လာတာ ဘောဘီ လုပ်ကြံတာ မဟုတ်ဘူး၊ ငါတို့ ဘာမှမသိရတဲ့ကိစ္စကို စွပ်စွဲကြည့်ပါလား .."

"အေးလေ .."

ဘောဘီ က အားနည်းသည့် လေသံပျော့ပျော့လေးနှင့် ထောက်ခံလိုက်တော့ သာယာ ခေါင်းခါမိ၏။

ပြောကို မပြောချင်တော့ပါ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

"စက်အာဏာသျှန် ဟုတ်လား သား .."

"ဟုတ်တယ် မေမေ .. သူ အစစ်ပဲ .. ကျွန်တော် စုံစမ်းပြီး ပြီးတော့ ကျွန်တော်တို့ခြံဘေးမှာ ရှိနေတဲ့ 'နန်းမဟာ' စံအိမ်ကြီးရဲ့ အ… သခင်က .. သူ .."

"အို!… ဘုရား .. ဘုရား .. ဒီလောက်တောင် တိုက်တိုက်ဆို… ဆိုင် .."

မေမေ ရင်ဘတ်ဖိနေပြီကို မမြင်ရဘဲနဲ့ သိနေသည်။ ပြီးတော… ဖုန်းပြောရင်း လှမ်းမြင်နေရသည့် 'နန်းမဟာ' စံအိမ်ကြီးကိုပဲ မျက်… ထားခဲ့ရင်း …

"အခု ကျွန်တော် ဘာဆက်လုပ်ရမလဲ မေမေ …၊ ဖေဖေ သိသွ… တော့ ဘာပြောလဲ .."

"မနက်တုန်းက သား ပြောသလောက်ပဲ သိသေးတာလေ …၊ ထဲကလူကို 'စက်အာဏာသျှန်' ဆိုတာ သိမှ မသိသေးတာ၊ သိသွာ…





…တော့ လုံးဝ မလွယ်ဘူး သား …၊ ဒီမှာ စီစဉ်ထားတာတွေတောင် ပျက်စီး…ကုန်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းညီမ မြတ်နိုး ကလည်း ဒီကဲ…ကောင်လေးကို သိပ်သဘောမကျဘူး၊ စက်အာဏာသျှန် က မေမေတို့ …သားစုဝင်တွေနဲ့ ပတ်သက်ခဲ့ဖူးတာ .. သမီးငယ်နဲ့ကျမှ လူတွေ အုန်း…ခနဲ ထသိကုန်ရင် ခက်ပြီ .."

ဖုန်းထဲမှာ အသံ ခဏတိတ်သွားပြန်သည်။ ပြီးမှ …

"တတ်နိုင်သမျှ လူမသိလေ ကောင်းလေပဲ သား …၊ မင်းဖေဖေ့ကို …မေမေ အတတ်နိုင်ဆုံး အဆင်ပြေအောင် ပြောပြမယ်.. ပြီးတော့ ဘယ်သူ…မှ မရိပ်မိအောင် ကြည့်ကျက်ပြောပြီး ချက်ချင်းပြန်လာခဲ့မယ်၊ သမီးငယ်…ဆို ရှာတာ သားက ဖုံးဖုံးဖိဖိ လှုပ်ရှားနော် .."

"ဟုတ်ကဲ့ပါ .."

"သားက ဒေါသရှေ့ထားပြီး ဗျူးဖြဲသွားလုပ်တာကိုး …၊ မေမေ …ခါများတွေဖြစ်တတ်တာ ပြောပြထားရဲ့သားနဲ့ကွယ်၊ အခု အဲဒီခြံမှာ လူရိပ် …တွေ့ရဘူးလား .."

ဒီတိုင်းပဲ မပြောင်းလဲပေမယ့် မေမေ မေးလိုက်ကာမှ ဟိုဒီ ခေါင်း…အိမ်း၍ လိုက်ကြည့်မိသေးသည်။

"ဘယ်တုန်းကများ လူရိပ်လူယောင် မြင်ခဲ့ရဖူးလို့လဲ မေမေ …၊ …အလကား စိတ္တဇစံအိမ်ကြီး .. ကြည့်ရတာ ဒီကောင် ဒီရပ်ရှည်လေးနဲ့ …ဘုားယောင်းပြီး တစ်ခုခု လှုပ်ရှားဖို့ ကြိုးစားနေတဲ့ စိတ္တဇလူသတ်သမား …ဖြားလား မသိဘူး၊ မိန်းကလေးတွေက သူ့ကို မြင်လိုက်တာနဲ့ အရူးအမူး …တွေ ဖြစ်ကုန်ကြတာ .."

"သားရယ် .. မိန်းကလေးတိုင်းပဲ တမ်းတမ်းစွဲကုန်တာ မဟုတ်ပါ…ဘူး၊ ဒါက တစ်ယောက်နဲ့တစ်ယောက် အကြောင်းပါလာကြတဲ့ ပဋ္ဌာန်း…ဆက်တွေပါ .."

"ပဋ္ဌာန်းဆက်ဆိုရင်လည်း မေမေ့သမီးတွေကိုပဲ ကွက်ကျားမို…



www.burmeseclassic.com

www.burmeseclassic.com



ရှာချပေးလိုက်တဲ့ ပဋ္ဌာန်းဆက်ဖြစ်မှာ''လို့ အသံတိတ်ပြောရင်း မြတ်သူ မျက်နှာမဲ့သွား၏။

တစ်ယောက်နဲ့တစ်ယောက် အကြောင်းပါလာတဲ့ ပဋ္ဌာန်းဆက် ဆိုရင်ရော ..၊ အခု ဘာဖြစ်လို့ နှစ်ယောက်နဲ့တစ်ယောက် ဖြစ်နေရတာ လဲ ..။

ဒီကောင်ကို တမ်းတမ်းစွဲကြီး ဖြစ်နေကြတာက ကိုယ့်ညီမနှစ် ယောက်စလုံး ဖြစ်လာရသည့် ပဋ္ဌာန်းဆက်ဆိုရင်တော့ စိတ်ပျက်စရာ ပါ..။

နာရီကြည့်လိုက်တော့ ညနေ သုံးနာရီထိုးနေပြီ ..။

"ဟလို .. ဟလို .. သားကြီး နားထောင်နေလား .."

"ဗျာ .. မေမေ ..၊ ဟုတ်ကဲ့ .. ပြောလေ .."

"သြော် .. မေမေက လိုင်းများကျသွားသလားလို့ ..၊ တစ်နာရီခြား တစ်ခါ ဖုန်းဆက်နော် သား ..၊ သားညီမနဲ့ ဖုန်းချိတ်မိရင် မနက်ကလို ဒေါသတွေနဲ့ ဖိမဆူလိုက်နဲ့ဦး သိလား .."

"ဟုတ်ကဲ့ပါ .."

"သူ့အဖေ သိသွားမှန်းသိရင် ပိုပြီး ပြန်မလာရဲဘဲ နေလိမ့်မယ် သူ တစ်နေရာရာမှာ ပုန်းနေတာဆိုရင်တောင် တော်ဦးမှာ ..၊ မေမေတို့ ထင်သလို တစ်ခါတည်းများ အဲဒီလူနဲ့ လိုက်ပြေးသွားရင် .."

"ကျွန်တော် အဲဒီလောက်ထိ မထင်ဘူး မေမေ၊ ဖေဖေနဲ့ ဒီကောင် ဖြစ်ကြတုန်းက သူ ပြောဆိုသွားတဲ့ပုံကို တွက်ကြည့်ရင် .."

"အိုကွယ် .. သမီးငယ်က သူ့အစ်မနဲ့မှ မတူတာ ..၊ အရုပ်လေးနဲ့ တူအောင် ချစ်စရာကောင်းတာ .."

မေမေ့စကားကြောင့် ဂျာနယ်ထဲကပုံကို အာရုံထဲမှာ ပြန်မြင်မိ၏။ မင်းသား၊ မင်းသမီးတွေလို့ ထင်ရအောင် နှစ်ယောက်စလုံး ချောနေကြ တာက အမှန်ပါ ..။





ရေးတဲ့လူက ဘယ်လိုသဘောနဲ့ ဒီတိုင်း ရေးလိုက်မှန်း မသိပေ ဆဲ့ ဘာမှမဟုတ်ကြသေးဘဲ အကြောင်းတစ်ခုခုနဲ့ ပတ်သက်မိခဲ့ကြ ဘာလည်း ဖြစ်နိုင်သေးသည်။

ဒါဆို မြတ်နိုး တုန်းကလိုပဲ စက်အာဏာသျှန် ဆိုတဲ့ကောင်ကို ဘာဘီ ကပဲ ..၊

"တောက် .."

ဒီလိုမဖြစ်စေချင်ကာမှ တွေးမိလိုက်တိုင်း ဒီဘက်ကိုချည်း ရောက် နေတော့သည်။

မဖြစ်ရဘူး ..၊ နှင် ဒီလိုဖြစ်ရင် ဖေဖေ မပြောနဲ့ ငါလည်း ခွင့် လွှတ်ဘူး ဘောဘီ ..၊

ရိုက်သတ်ပစ်မယ် မှတ် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

"ဘောဘီ ရယ် .. ဒီလောက်ဆိုရင် နင် အရှမ်းကြောက်နေတာ သူတို့ သိလောက်ပါပြီ၊ သူတို့မှာလည်း ဆွမယ် ရိုက်မယ်ဆိုတဲ့ ရည်ရွယ်ချက်တွေချည်း ဖြစ်မနေလောက်ပါဘူး .."

"အေးလေ .. ဖုန်းလေးတော့ ကိုင်ကြည့်လိုက်ပါဦး .. ဒီလောက်ခေါ်နေတာကို ..၊ ဖုန်းပြောလိုက်ရုံနဲ့ နင် ရှိတဲ့နေရာကို သိသွားမှာလည်း မဟုတ်ပါဘူး .."

"ဟင့်အင်း .."

ကိုကြီးအကြောင်း ဘောဘီ အသိဆုံး ..၊ ဖေဖေနဲ့ ကိုကြီး ဒေါသချင်းက သားအဖ ပီသကြသည်။ ထို့ပြင် စက် ဆိုသည့်လူက ဟိုဘက်မြို့က လူမှန်းသာ ကိုကြီး သိသွားလျှင် ဘောဘီ တိတ်တဆိတ် ချောင်းမြောင်း ပိုးပန်းနေခဲ့သည်လို့ တစ်ထစ်ချထင်ကာ ရှက်သည့်ဒေါသက ပိုဆိုးနိုင်၏။ ခုလောက်ဆို ဖေဖေတို့ကိုလည်း အကြောင်းကြားပြီးနေမှာ သေချာပါသည်။





"ငါ့ကို တီချယ့်အိမ်ကိုပဲ ပို့ပေးခဲ့ပါ၊ ကျန်တာ နင်တို့ 'မသိဘူး' လို့ပဲ ပြောပေးရင် ရပြီ .."

"မသိဘူးလို့က ခုလည်း ပြောနေရတာပဲလေ ..၊ ငါတို့ဖုန်းကို ခေါ်နေတာ တစ်နေကုန်ပဲ၊ အဲဒါကိုက ငါတို့ပြောတာကို မယုံတဲ့ သဘောပဲ .."

"ဟုတ်တယ်ဟာ .. ဟိုလိုလှည့်မေး ဒီလိုလှည့်မေးနဲ့ ကြာရင် ပေါ်ကုန်တော့မှာ၊ နင် ကိုယ့်အိမ်ကို ပြန်ပါ ဘောဘီ ရယ် .. ကိုကြီး ဖြတ်သု က နင့်ကိုဆို ကလေးလေးလိုပဲ အရှမ်းချစ်တာ၊ အန်ကယ်လ်တို့ ပြန်မရောက်ခင် ကိုယ့်အစ်ကိုကို ရှင်းပြ စည်းရုံးထားပေါ့ .."

"ဟင့်အင်း! .."

ဘယ်လိုပြောပြော ဘောဘီ က ဇွတ်တရွတ် ခေါင်းခါသည်။ ကားလေးက မောင်းနှင်သူရဲ့ စေလိုရာအတိုင်း ညအမှောင်ကိုခွင်း၍ တရိပ်ရိပ် ပြေးနေသည်။

သူမက ခေါင်းမာနေသလောက် ဘေးမှာပါနေသည့် သာယာ က ရှုံ့မဲ့ကာ စိုး လည်း ထိုင်လိုက်နေရပြီး ဖင်မကျ ..၊

"ငါ နင့်ကို အိမ်မှာ ဝင်ချပေးခဲ့မယ်နော် ..၊ နင့်အိမ်က သာယာ တို့လို မဟုတ်ဘူး၊ အန်တီက စိုးရိမ်ကြီးလို့ .."

"သာယာ ကရော .."

"သာယာ့ ကိုလည်း ဝင်ထားခဲ့မှာပဲ .."

"အံမယ် .. နင်က တစ်ယောက်တည်း .."

"ဘာဖြစ်လဲ .."

သာယာ နဲ့ စိုး တို့ ရှေ့နဲ့နောက် လည်ပင်းတွေလိမ်၍ မျက်လုံးချင်းဆုံ မေးငေါ့ ဖြစ်ကုန်ကြလျက် ...

"ဒီကားကရော .."

"ဒီကားကို မနက်ကျမှ သာယာ လာယူမောင်းသွားလေ ..၊ ခုနှာ



www.burmeseclassic.com

www.burmeseclassic.com



ကို ငါ နှစ်ရက်စာတောင် ပေးထားတာ၊ နင် မနက်ဖြန် နေ့လယ်နှစ်နာရီ ထိ မောင်းနေလို့ ရသေးတယ် ..''

လူကြီးမသိတာ တစ်ခုခုလုပ်ချင်ပြီဆို ဒီလိုပဲ ကားငှားမောင်းပြီး ဘောဘီ လျှပ်တစ်ပြက် လှုပ်ရှားတတ်တာ တစ်ခါနှစ်ခါမကတော့ပေ..။

''ဘောဘီ ရာ .. နင် ဆက်မောင်းသွားရမှာ ဝေးသေးတာကို နင် တစ်ယောက်တည်း ..''

''ဖြစ်ပါတယ်ဟာ .. ငါ နင်တို့ကို ခေါ်သွားလည်း နင်တို့ပြန်ရင် ဘယ်လိုလုပ် စိတ်ချနိုင်မှာလဲ ..၊ ပူမနေနဲ့ တီချယ့်ကို ငါ ဖုန်းဆက်ပြီး သား ..''

ကားမောင်းနေရင်း ဘောဘီ က လက်တစ်ဖက်ကိုပါ မြှောက်တာ ရော ခါတာရော စုံအောင် လုပ်ပြောရင်း လုံးဝ အေးဆေးပုံစံနှင့် ပြောနေ၏။ ထို့ပြင် ...

''ငါ တီချယ့်ဆီမှာ ရှိမယ်လို့ နင်တို့မပြောရင် ဖေဖေတို့ လုံးဝ သိမှာ မဟုတ်ဘူး၊ တီချယ်ကလည်း သူ့မောင်လေး နှစ်တန်းကျောင်း သား ဝတုတ်ချာတိတ်တစ်ယောက်တည်း ..၊ တိုက်ခန်းကြီးက အကျယ် ကြီးပဲ၊ ငါ ဖုန်းဆက်တုန်းက လာပါ.. နေပါနဲ့တောင် ဖြစ်နေသေးတာ..''

ပြောရမယ်ဆို ကိုကြီးကို မကြာခဏ မြင်ဖူးနေပြီး တီချယ်က သဘောကောင်းနေတာပါ။ မိန်းမချင်းမို့ နားလည်နေသည်။

သင်တန်းကို ကိုကြီး မကြာခဏ လိုက်ကြိုတတ်ပေမယ့် တီချယ် နဲ့ မသိပေ။ ထို့ပြင် ဘောဘီ နဲ့ တီချယ် ဒီလောက်ထိ ရင်းနှီးမှန်းလည်း သိမှာ မဟုတ် ..။

တစ်ယောက်နဲ့တစ်ယောက် လှမ်းမြင်သည်။ မောင်နှမ စကား ပြောရင်း တီချယ့်ဆီ အကြည့်ရောက်သည့်အခါ ပြုံးပြသည်။ ဒါထက်မှ မပိုခဲ့ဘဲ ..၊

ဘောဘီ ကိုယ့်စိတ်ကူးနဲ့ကိုယ် နိုင်မာနေခဲ့၏။ အခု ဖြစ်တဲ့ပြဿနာ





တို့ သေချာရှင်းပြလိုက်ရင် ပြီးသွားနိုင်မှန်းလည်း မသိလို့ မဟုတ်ပေ..။

ဒါကို ရှင်းရမှာထက် ရှင်းလိုက်ကာမှ ကိုကိုနဲ့ ပိုဝေးသွားမှာကို သေချာသိနေလို့ ခက်သည်။ ပတ်သက်ဖို့ အကြောင်းရှိလာပြီဆိုလျှင် တ် ဆိုတာ ဘယ်လိုမျိုးလဲလို့ ကိုကြီးတို့ စုံစမ်းတော့မှာ ဖြစ်၏။

ထိုအခါ ဒီပုံစံ ဒီလိုအနေအထားတွေ ရှိနေမှန်း သိသွားကြမှာ ပင်..။ ဘယ်လိုပုံစံ ဖြစ်နေနေ ကိုယ်က နားလည်လက်ခံနိုင်ပေမယ့် ကိုကြီးတို့ သိကုန်ကြရင် ဝေးပြီ ..။

''ဒုတ် .. ဒုတ် ..''

ဘာဖြစ်တာလဲ ..၊

တစ်ယောက်တည်း ဆက်မောင်းလာကာမှ လမ်းမပေါ်မှာ ကားက ခွေဖောက်ပြီ ထင်သည်။ ပြည်လမ်းမကြီးပေါ်မှာပေမယ့် ဒီနေရာက တိတ်ဆိတ်လွန်းနေသဖြင့် ကားသွားကားလာကို မျှော်ကြည့်ရင်း တံခါး ဒွင့်ဆင်းလိုက်သည်။

သိပ်မသိပေမယ့် ဆီပျောက် မီးပျောက်လောက်တော့ ကြည့်တတ် သေးသည်။ ထိုင်နေမယ့်အစား ဖွင့်ကြည့်မှ သိမှာမို့ ဘွန်းနက်အဖုံးကို ဖွင့်လိုက်၏။

ကိုယ့်ကား ကိုယ်မောင်းရတာ ပြဿနာမရှိပေ။ အရေးပေါ် လိုအပ်မည်ထင်တာတွေ ကားထဲမှာ အစုံအလင် ပါသည်။ ခုတော့ ...

မီးအလင်းရောင်က နည်းသည့်ပြင် ဓာတ်မီးလည်းမပါတော့ ဘာမှ မမြင် ..၊ ရမ်းသမ်းစမ်းကြည့်ပြီး ခန့်မှန်းရလောက်အောင်လည်း ကျွမ်း ကျင်နေတာ မဟုတ်တော့ ခက်သည်။

ဘောဘီ ထိတ်လန့်စိတ်တွေ ဝင်လာဆဲ ..၊ ကားမီးရောင်တွေ လှမ်း မြင်လိုက်သဖြင့် ဝမ်းသာသွား၏။ သို့သော် လမ်းသွယ်တွေထဲ ချိုးဝင် သွားသည့်ကားတွေ ဖြစ်နေသည်။

ဒီအချိန် အင်းလျားကန်ပေါင်ဘက်က တက်လာသည့် ကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ မတားရဲပေ။ သောက်စားမူးရူးလာတာတွေပဲ များကာ အကူ
အညီမရဘဲ ဒုက္ခပိုကြီးသွားဖို့သာ ရှိ၏။

ထိုစဉ် နောက်ထပ် ကားမီးတစ်စုံ ဝင်းခနဲ ပေါ်လာသည်။ ဒီတစ်
ခါ တည့်တည့်လာနေတာ သေချာသွား၏။ ဘာပဲဖြစ်ဖြစ် အကူအညီ
တောင်းကြည့်ဖို့စိတ်ကူးကာ ကားကို ကြည့်နေမိဆဲ ...၊ ကားက ကိုယ့်ဆီ
တည့်တည့်ကြီး ပြေးဝင်လာ၏။

"အမလေး!..."

ကြောင်ကြည့်နေပြီးမှ အထိတ်တလန့် ဆုတ်ရှောင်လိုက်တော့
ဘောဘီ့ကိုယ်လေး ကားဘော်ဒီမှာ ကျောနှင့် အပြားလိုက် ကပ်သွားတာ
တစ်သားတည်း ...။

ဘာလုပ်တာလဲ ...၊ အမူးသမား မောင်းလာတဲ့ ကားလား ...။

ကိုယ့်ကို ပြေးတိုက်မလို ဖြစ်သွားတာ ဒေါသထွက်ရမည့်အစား
ခပ်လွှန်လွှန်မှာ ဆိမ့်ခနဲ ဆောင့်ခုန်ရပ်၍ ဗရမ်းဗတာ ရပ်သွားသည့်ကား
ကြောင့် ထိတ်လန့်ရပြန်သည်။

ဒါပေမယ့် ကားထဲကဆင်းလာတာ သူမ ထင်ထားသလို အမူး
သမား မဟုတ်ခဲ့ဘဲ ...

"ဟင်!..."

စက် ကို မြင်လိုက်ရသဖြင့် တောဘီ မှင်တက်မိသွားသည်။ ဘာဖြစ်
လို့ သူနဲ့ချည်းပဲ ဒီလောက်ထိ ...၊

"ကိုကို .."

ခေါ်လိုက်မိတာလည်း ရင်ထဲမှာ ဖြစ်နေခဲ့တဲ့အတိုင်း ...။

သူ့မျက်နှာကတော့ မြင်နေကျထက် ပိုမိုသော အေးစက်ခက်ထန်
ခြင်းတွေနဲ့ ဖြစ်သည်။

ဝတ်ထားတာက အပြာနုဖျော့ဖျော့မှာ အနက်ရောင် ကန့်လန့်စင်း
တွေပါသည့် စပို့ရှပ်လက်ရှည်ဖြစ်ကာ ဖြစ်သလို ဆွဲတင်ထားသည့်ပုံနှင့်





ဘောင်းဘီအောက်ဆစ်အောက်လောက်မှာ တွန့်ခေါက်နေ၏။

ဘောင်းဘီရှည်ကတော့ အနက်ပဲ ဖြစ်မည်။ ညအမှောင်မှာ အကျီ
ဆင်းကျားနှင့် ဖြူဝင်းနေသော သူ့မျက်နှာကသာ ဖွေးထင်နေခဲ့လျက်...

"သူ ဘယ်က ပြန်လာတာလဲဟင် .."

"မင်း ငါ့ကို မေးခွန်းထုတ်ဖို့ မလိုဘူး၊ ပြဿနာတွေ တစ်ခုပြီး
တစ်ခု ရှာပြီး ဘာလုပ်တာလဲ ...၊ မင်း .. မင်း မိန်းကလေးဖြစ်ပြီးတော့...၊
တောက် .."

သူ လက်တပြင်ပြင်နှင့် တွန်းမလို ဆွဲမလို ဖြစ်လာပြီးမှ နောက်
ပြန်ဆုတ်သည်။ ပြီးတော့ တက်ခေါက်၍ ရှေ့ပြန်ရောက်လာကာ ...

"မင်းနဲ့ ဘာမှ မပတ်သက်ဘဲနဲ့ .. မင်းကိုလည်း မကြည်ဖြူတဲ့
ယောက်ျားတစ်ယောက်ကို ဘောဘီ .. မင်း ရူးနေသလား .."

ပြောခွင့်မသာလို့ ကြည့်နေခဲ့ရသည့်အဖြစ်ဟာ ဘောဘီ ဆိုသည့်
သူ့နှုတ်ဖျားက ခေါ်သံလေးကြောင့် နလုံးသွေးတွေပါ ကျင်ခဲသွားခဲ့သလား
သေ ...။ သူ့ကို တုံ့ပြန်အော်ဟစ်ချင်နေသည့် စကားလုံးတွေ ပျောက်ဆုံး
သွားခဲ့ပြီးသည့်နောက် ...၊

"မင်း ငါ့ရှေ့ကို ရောက်လာတိုင်း လုပ်ကြံမှုတစ်ခုခုကို နောက်
ကွယ်မှာ စီစဉ်ခဲ့တယ် .."

"မဟုတ်ဘူး .."

"မင်းလိုမိန်းမမျိုး မင်းတစ်ယောက်ပဲ တွေ့ဖူးတာ မဟုတ်ပေမယ့်
မင်းလို ရူးတာ မင်းပဲ ရှိတယ် .."

ဒါဆို ဘောဘီ လို ရူးသွပ်ခဲ့ဖူးတဲ့မိန်းမ ရှိခဲ့ဖူးတာပေါ့ ...၊ မပြုံးပေ
မယ့် ရယ်မြူးရိပ် ထင်သွားသည့် မျက်နှာလေးကို အမှောင်ရိပ်ထဲမှာ
သူ မြင်မှာ မဟုတ်ပေ ...။

"ဒီမှာ .. မင်းရဲ့လုပ်ရပ်တွေကို ဆင်ခြင် ...၊ မဟုတ်ဘူးဆိုရင်
နောက်ထပ် ဒါမျိုးဖြစ်လာတဲ့အခါ မင်းကို ငါ မညှာဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို .. အခု ကိုကို ညှာလိုက်မယ်ပေါ့ .."

"ဘာ!... မင်း .."

သူ ဘေဘီ့ ရှေ့ နီးနီးလေးကို ထပ်ရောက်လာကာ ...

"နောက်ကို အဲဒီလို မင်း ခေါ်ကြည့် .."

"ခေါ်မိတဲ့အခါလည်း ရှိမှာပဲ ကိုကို ..၊ ကိုယ့်အစ်ကိုအရွယ်ပဲဟာ ကိုကို ခေါ်တာ ဘာဖြစ်လို့လဲ .."

"ဘေဘီ .."

သူ ဘေဘီ့ လက်ကောက်ဝတ်လေးကို ဖျတ်ခနဲ ဖမ်းဆုပ်ပြီး လက်ကို လှန်ရိုးပစ်တော့မလို ထောင်ကိုင်လိုက်သည်။ ကားမှာ ကျောကပ်မှီထားသည့် ဘေဘီ က သူ့မျက်နှာကို မော့ကြည့်ကာ ခွန်းတုံ့ပြန်နေပေမယ့် သူ့ ပြုသမျှမှာ အရုပ်လေးတစ်ရုပ်လိုသာ ..။

"မင်း ဘယ်လိုမိန်းကလေးလဲ ..၊ ညဉ့်နက်သန်းခေါင် လမ်းမပေါ်မှာ .."

"ကိုကိုတောင် လမ်းပေါ်ရောက်နေသေးတာပဲ ..၊ ဘေဘီ လည်း ရောက်စရာအကြောင်း ရှိလို့ ရောက်တာပေါ့၊ ပြီးတော့ ဒါ ညဉ့်နက်သန်းခေါင်အချိန်မှ မဟုတ်တာ .."

"ထားလိုက် ..၊ မင်းလို မိန်းကလေးတွေအတွက် အချိန်အခါက အရေးမပါဘူး၊ ဒါပေမယ့် ခွေးတစ်ကောင်လို ခြံကျော်ဝင်လာရင် ခွေးမဟုတ်တဲ့အတွက် ခဲနဲ့လှမ်းပစ်လိုက်ရုံနဲ့ မရဘူး .."

"ဒါဆိုလည်း ပြောပါ ..၊ ကိုကို ဘာလုပ်မယ်ဆိုတာ ကြေညာရဲရင် .."

"ဟွန်း .."

"အစတုန်းက ရှင် အရမ်းချောလို့ စိတ်ဝင်စားမိတာ ..၊ ဒါပေမယ့် အခု ဘာဖြစ်လို့ ဒီလောက်တောင် မာနတွေထားနေတာလဲဆိုတာကို ပိုစိတ်ဝင်စားလာတယ် .."





ဘေဘီ က လက်ကိုပြန်ရုန်းလိုက်ပြီး ကိုယ်ကို မတ်မတ်ရပ်သည်။

"ပြောလေ ကိုကို ..၊ ကိုကို မပြောရဲတော့ဘူးလား .."

"ပြောရဲတယ် .."

စက် က သူမ မျက်နှာလေးကို စေ့စေ့ကြည့်ကာ ...

"မင်းလို တားမရဆီးမရ ကဲလာတဲ့ မိန်းမတစ်ယောက်ကို ငါ ဘာလုပ်ခဲ့လဲ သိလား .."

"ပြောပါ .."

"သူ့လက်ကိုဆွဲပြီး သူ့အဖေဆီ သွားအပ်ခဲ့တာ .."

ဘေဘီ မျက်နှာလေး ပျက်သွား၏။ စိုးရိမ်စိတ်တစ်ချက် ဖျင်းခနဲ ဖြစ်သွားတာ သူ သိလိုက်ရင်တော့ ကျေနပ်အားရ ဖြစ်သွားမှာပါ ..။

"သူ့အဖေရှေ့ရောက်မှ ပြောထားခဲ့တယ်၊ 'ခင်ဗျားသမီး လိုက်နောင့်ယှက်လွန်းလို့ ထိန်းသိမ်းပေး ..၊ မဟုတ်ရင် ကျွန်တော့်အဆိုးဆိုနဲ့'လို့ .."

ဘေဘီ သူ့ရင်ဘတ်ကို တိုက်ချလိုက်မလို ရှေ့တိုးတော့ သူက နောက်တစ်လှမ်း ဆုတ်၏။

"ဂုဏ်ယူစရာကြီးပဲ ..၊ ရှင် အဲဒီလောက်ထိ မာနကြီး ပြလိုက်တာကို ပျော်လား .."

"ပျော်တယ် ..၊ အဲဒီလို ပြောခွင့်ရအောင် တွန်းပို့ပေးတဲ့မိန်းမရဲ့ အရှုံးခန်းကို မြင်ရလို့ ပျော်တယ်၊ ငါ စိတ်ပျက်တဲ့ အဲဒီမိန်းမနဲ့ နောက်ထပ် ပတ်သက်ဖို့ မရှိတော့တာကို ကျေနပ်တယ် .."

"ကောင်းတာပေါ့ ..၊ ရှင့်လိုလူ ရှားပါတယ် .."

သူ့စကားတွေကြောင့် မိန်းမဆိုသည့် မာနက ခေါင်းပြူလာသည်။ အကယ်တမ်း အရွဲ့တိုက် ပြောနေမိပေမယ့် ဒီပြဿနာကို ကိုယ် ဖန်တီးတာလည်း မဟုတ် ..။ ဒါပေမယ့် ကိုယ်တိုင် စပြီး ရွဲ့ချိတ်ထားခဲ့ပြီးနောက်ပြန်မဆုတ်နိုင် ..။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုတော့ ဘောဘီ ဘက်က ပြောဖို့ရှိတယ် ...၊ ကိုကို ပြောသလို ပေါ့ .. ဘောဘီ လို ရူးတာ မရှိဘူးလေ၊ မိန်းမတွေကို အထင်မကြီးဘူး ဆိုတဲ့ ရှင့်ကို ဘောဘီ က ရအောင် ယူပြမယ် .."

သူက စကားတစ်ခွန်းမှ မဆိုဘဲ တိတ်ဆိတ်စွာ စီးမိုးကြည့်နေ၏။ အံကြိတ်၍လား ...၊ 'မင်း ပြီးအောင် ပြောစမ်း' ဆိုတဲ့ အခွင့်အရေး ပေး လိုက်တာမျိုးလား .. ဘာမှန်းတော့ မသိ ...။

"အဲဒါ အခု ရှင့်ရဲ့မာနတွေကြောင့် ချက်ချင်းဖြစ်သွားတဲ့ ဆုံးဖြတ်ချက်ပဲ .."

"မင်းဘက်မှာ အခွင့်အရေး ဘယ်လောက်ထိ ရှိနိုင်မှာလဲ .."

"ရှိတဲ့အခွင့်အရေး အကုန် ရအောင် ယူမယ် .."

"မင်းကို ငါ အဲဒီလောက်ထိ အချိန်ပေးမယ် ထင်လို့လား .."

"အို!... ဘာလုပ်တာလဲ .."

"မင်းကို ငါ နောင်တစ်ချိန်ချိန်မှာ ကြင်နာနိုင်မလားလို့ ချွေ လင့်ထားတာတွေရှိရင် ဖြစ်လာမလာ အခု လက်တွေ့ပြမလို့ .."

"ကိုကိုနော် .. ဘာလုပ်တာလဲ ...၊ လွှတ် .."

"ကားထဲထည့်ပိတ်ခဲ့ပေမယ့် လမ်းပေါ်မှာ မင်းဘာသာ ချွေးစေ စား ကျိုးထိုးထိုး .."

"ဟင့်အင်း .. ရှင် .. အဲဒီလိုလုပ်လို့ မရဘူး လွှတ်နော် ...၊ ဘောဘီ အော်လိုက်မှာ .."

လက်ကို အတင်းပြန်ရုန်းရင်း လမ်းတစ်ဖက်ခြမ်းမှာရှိနေသည့် အုတ်တံတိုင်းနှင့်မြံကြီးတွေဆီ အကြည့်ရောက်၏။ သူကလည်း မလွှတ် ဘောဘီ ကလည်း အကျောက်အကန် ရုန်းနေကာ ...

"ရှင် .. ရှင်နော် .. ဒီကား .. ဘောဘီ ကားလည်း မဟုတ်ဘူး .. အား! ..."

အတင်းရုန်းနေတော့ လက်ကောက်ဝတ်တွေက ကျိုးကြေမတ





ကျင်သွား၏။ ဒါပေမယ့် သူ တံခါးဖွင့်လို့မရအောင် ရုန်းရင်းဆန် တော်တွေ ဖြစ်နေရဆဲရှိကာ ...

"တောက် .."

ဘောဘီ ကိုယ်လုံးလေးကို ပခုံးနှစ်ဖက်ကနေ ပြန်ဆွဲယူပြီး မျက်နှာ ကို စူးစူးရဲရဲ စိုက်ကြည့်ကာ ...

"ငါ ဘားအံကိုသွားနေတဲ့ လမ်းပေါ်ကနေ ချက်ချင်း ပြန်ခေါက် လာခဲ့တာ၊ အဲဒါ မင်း လုပ်လိုက်တဲ့အပြစ်အတွက် ကျကျနန တုံ့ပြန် လို့ပဲ၊ ဒီတော့ မင်း လုပ်ချင်တိုင်း ဘာမှ လုပ်ခွင့်မပြုနိုင်ဘူး၊ မင်း ငါနဲ့ နောက်ထပ် လုံးဝ မပတ်သက်ရဘူး .. မပတ်သက်စေရဘူး .."

သူ ဘောဘီ တစ်ကိုယ်လုံးကို ထွေ့ခနဲ ဆွဲဖက်ကာ လက်တစ်ဖက် တည်းနဲ့ သိုင်းဖက်ချုပ်သည်။ ပြီးတော့ ကားတံခါးကို ဆွဲဖွင့်၏။

သူ ကားသော့ပိတ်ပြီး နတ်ယူသွားခဲ့ရင် သွားပြီ ...၊

မလှုပ်နိုင်အောင် ဖက်ချုပ်ခံထားရသဖြင့် ဘောဘီ ထိတ်လန့်စိတ် ကြောင့် မျက်လုံးတွေပါ ပြာသွား၏။ ထိုစဉ် ကားမီးရောင်တန်းတစ်ခု က သူမတို့နှစ်ယောက်ပေါ်သို့ ထိန်လင်းစွာ ဖြာကျလာ၏။ အလင်းရောင် သည် ရေခနဲ ဝဲခနဲ ပွတ်ကပ်ပြေးတာမျိုး မဟုတ်ဘဲ တည့်တည့်ကြီး ထိုးထားတာမျိုးဖြစ်ကာ ဒီကိုပဲ ဦးတည်လာနေသလို ခံစားလိုက်ရ၏။

စက် ၏ လှုပ်ရှားမှုတွေ ရပ်တန့်တုန်ကာ ဘောဘီ ကိုယ်လေးကို လွှတ်လိုက်၏။ ကားက လန်ခရူဇာဖြစ်ကာ သူတို့နဲ့ မျက်နှာချင်းဆိုင်မှာ ရပ်သွားပြီး မီးမပိတ်ဘဲ လူတွေ ဆင်းလာ၏။

"ဟင်!... မေမေ .."

"ဘောဘီ .."

"မေမေ .."

ဦးသက်ပန် က ကားမီးရောင်အောက်မှာ မင်းသားတစ်ပါးလို ရှာမှေ့နေသည့်မျက်နှာနှင့် စက် ကို စူးစိုက်ကြည့်ရင်း တစ်လှမ်းချင်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာ၏။

ဘောဘီ ခြေလှမ်းပြင်လိုက်ပေမယ့် ရှေ့မတိုးရဲတော့ဘဲ သူ့ဘေးမှာ
ပဲ ရပ်နေလိုက်ရ၏။ ဒေါ်မြတ်သဇင် ကလည်း ခင်ပွန်းဖြစ်သူနဲ့အတူ
ရှေ့ကို ပါမလာပေ ..။

သူမနောက်မှာမှ ဒရိုင်ဘာက ကားနားမှာပဲ ရှိနေ၏။ အခြေအနေ
အားလုံးက ဦးသက်ပန် နဲ့ စက် ရဲ့ မျက်နှာချင်းဆိုင် ရင်ဆိုင်မိကြခြင်း
ပေါ်မှာပဲ တိတ်ဆိတ်စွာ မှီတွယ်နေခဲ့လျက် ...

"မင်းပဲ ဖြစ်နေပါလား စက်အာဏာသျှန် .."

"သူက အန်ကယ့်လ်သမီးပဲ ဖြစ်နေတာတော့ မယုံနိုင်စရာပဲ .."

ဦးသက်ပန် မျက်လုံးတွေက စက် ရဲ့ နီမြန်းသော နှုတ်ခမ်းအစုံ
အပေါ်မှာ စူးစိုက်နေခဲ့၏။ ဒီနှုတ်ခမ်းတွေကနေ မောက်မာရင့်သီးသော
စကားတွေ ဆိုခဲ့သည်။ မျက်ရည်စိုနေသော မျက်လုံးဝိုင်းလေးတွေနဲ့
မိန်းကလေးတစ်ယောက်ကို သူ့ရင်ခွင်ထဲအရောက် စာနာခြင်းကင်းမဲ့စွာ
တွန်းပို့၍ ...

"အားတော့နာတယ် .. ဒါပေမယ့် ခင်ဗျားသမီးကို ထိန်းသိမ်းပေး
ပါ၊ မိန်းကလေးတစ်ယောက် ကိုယ့်ကိုယ်ကိုယ် ဘယ်လို နေထိုင်
ဆင်ခြင်တတ်ရသလဲဆိုတာတွေ သူ မသိဘူး ထင်တယ် .."

"ဘာ!... မင်း .. မင်း .. ဘာပြောလိုက်တယ် .."

"သူ ကျွန်တော့်ကို အမြဲတမ်း နှောင့်ယှက်နေတာ သည်းမခံနိုင်
တော့ဘူး၊ ခင်ဗျားတို့က မဆုံးမဘူးဆိုရင်တော့ ကျွန်တော့်အဆုံး မဟုတ်
ဘူးနော် ..၊ ဒါ နောက်ဆုံး သတိပေးတာ .."

အတိတ်ဆိုပေမယ့် ဘာမှမကြာသေးဘဲနဲ့ အခု နောက်ထပ် တစ်
ယောက်လား ..၊ ဦးသက်ပန် အကြည့်တွေက ဘောဘီ မျက်နှာလေးပေါ်
ရက်စက် စိမ်းကားစွာ ကျရောက်၏။

စက် က သားအဖနှစ်ယောက်ရဲ့အခြေအနေကို မျက်လုံးဝေ့လို





း ...

"ငါ ဘယ်လိုလူလဲဆိုတာ မင်းအဖေ သိတယ် ဘောဘီ ..၊ ကြည့်ရ
တာ မြတ်နိုး ဆိုတာ မင်းနဲ့ ညီအစ်မ ထင်တယ် .."

ဘောဘီ တအံ့တသြ မျက်ဝန်းလေးတွေက တိုက်ဆိုင်လွန်းသည့်
အခြေအနေတွေပေါ်မှာ ဘယ်လိုမှ မယုံနိုင်စွာ ..။

"မေမေ .."

ဖေဖေ့ကို မေးခွန်းမထုတ်ရဲသဖြင့် မေမေ့ကို ခပ်တိုတိုခေါ်၍ လှမ်း
ကြည့်မိ၏။ စက် က သူမလက်ကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်ပြီး ...

"ဘောဘီ .. ဒီလိုနည်းနဲ့ မင်း ငါ့ကို ပိုင်ဆိုင်ဖို့ ကြိုးစားတာဆိုရင်
မင်း ကြိုးစားတာတွေ အလကားဖြစ်သွားပြီ၊ မင်းရဲ့လူတွေ ငါ့အကြောင်း
သိတယ် ..၊ အိမ်ကျမှ ပြန်မေးကြည့် ..၊ အခု သွားတော့ .."

"အို!... မကိုင်နဲ့ .."

သူက တွန်းလွှတ်ဖို့ ပြင်သည်။ ဘောဘီ က ခြေကန်လိုက်ပြီး ရုန်း
သည်။ ဦးသက်ပန် မျက်လုံးတွေ မီးပွင့်တွေ ဖြာထွက်လာတော့မတတ်..။

"ဘော .. ဘီ ..."

တုန်ခိုက်အက်ရှသည့် ခေါ်သံကြီး ထွက်လာခဲ့ပြီး ...

"နင် .. နင် .. မိဘကို နောက်ထပ် အရှက်ရစေမယ့်သမီးလား..
နင်.."

"မဟုတ်ဘူး ဖေဖေ ..၊ ဘောဘီ က .."

"ဟုတ်ဟုတ်မဟုတ်ဟုတ် ဒီဘက်ကို လာခဲ့စမ်း ဘောဘီ .."

မေမေက ရှေ့ကိုတိုးလာပြီး ဖေဖေ့ဘေးမှာ ရပ်လိုက်ရင်း ခေါ်
သည်။ ဘောဘီ သူ့မျက်နှာကို ပြန်လှည့်ကြည့်မိ၏။

သူ မိန်းကလေးတစ်ယောက်ကို ဒီတိုင်းပြောခဲ့ပါသည်ဆိုတာ ကြား
ဖူးတာပေမယ့် မထင်ခဲ့ပါ။ ထို့ပြင် သူမက မကြီး ဖြစ်နေနိုင်သလားလို့
တော့ ဘယ်လို ဆက်စပ်ပြီး တွေးမိနိုင်မှာလဲ ..။



www.burmeseclassic.com

www.burmeseclassic.com



မယုံနိုင်ခြင်းသည် နာကျင်တာတွေရော .. ဒီလို အတုံ့အလှည့် ရန်စတွေနဲ့လားလို့ တွေးလိုက်မိပြီး ဝေးရှုပြီဆိုသည့် အသိကြောင့်ရော ရုတ်တရက် ဘောဘီ ခြေလှမ်းတွေက သူ့ဆီကိုသာ ..။

"ဘောဘီ .. လာခဲ့စမ်း .."

"ဖေဖေ .. ဘောဘီ .."

"ဖြန်း; .."

"အား!..."

ဦးသက်ပန် ရှေ့တက်ပြီး ဘောဘီ လက်ကို ဆွဲထုတ်သည်။ အမှတ်တမဲ့ ပြန်ရုန်းလိုက်မိရင်း ဓာဒကတက်ဖို့ ကြိုးစားလိုက်မိသဖြင့် ရိုက်ချက်က ပြင်းထန်သည်။

ဖြန်းခနဲ ထိခတ်သံနှင့်အတူ ဘောဘီ မျက်နှာလေး လည်ထွက်သွားကာ ဆံပင်တွေက ဖွာခနဲ ..၊

"ဘောဘီ .. သမီး .. .."

ဒေါ်မြတ်သဇင် ရုတ်တရက် စိုးရိမ်စိတ်နှင့် ရှေ့ကို ဖျတ်ခနဲ လှမ်းလိုက်လျှင် ...

"ရပ်နေစမ်း .."

ဦးသက်ပန် ၏ မိုးခြိမ်းသံကဲ့သို့ တားဆီးခြင်းနှင့်အတူ ..၊

"နင် ဘယ်လောက်ထိ သိက္ခာမဲ့ချင်သလဲ ဘောဘီ ..၊ အခု ... လိုက်စမ်း ..၊ ပြန်လိုက်မလား .. မလိုက်ဘူးလား .."

ဘောဘီ နားထဲမှာ ကြားနေသည်။ လှုပ်ရှားဖို့လည်း ကြိုးစားမိ... ဒါပေမယ့် မျက်လုံးကျမှ ဘာမှမမြင် ..။

"တောက် .. နင့်ကို ဒီတစ်သက်တင်မကဘူး .. ဆယ်သက်... နောက် ဘယ်တော့မှ နာမည်တူတောင် မခေါ်ဘူး .."

ဖေဖေ .. ဖေဖေ မဟုတ်ပါဘူး ..၊ ဟင့်အင်း ..။

လှုပ်ရှားသွားသည့် ခြေသံတွေကို ကြားသည်။ ကားထွက်သွားတာ...





...ကိုလည်း ကြားနေရ၏။ ဒါပေမယ့် သူမ နောက်ထပ် အာရုံစုစည်းနိုင်... ...မ်းတို့ မဲ့သွား၏။

အသိမဲ့သွားသည့်ကိုယ်ခန္ဓာက ကားကိုမှီလျက်လေး ခွေခေါက်ကျနေ... ...မယ့် စိတ်ဝိညာဉ်က ဖေဖေတို့ကားနောက်ကို ပြေးလွှားလိုက်နေမိ၏။

ဘောဘီ သူ့ကို စွဲလမ်းနေမိတာ မှန်ပါတယ် ..၊ ရုတ်တရက် ဘာမှ ...ဆိုင်သလို နေလိုက်ရတော့မှာလားလို့ တွေးမိပြီး ချောက်ချားသွားတာ ...ည်း အမှန်ပါပဲ ..။

ဒါပေမယ့် ဖေဖေတို့ ဒီလောက်ထိ သိက္ခာကျပါစေ..၊ အရှက်ရပါ ...ဆိုပြီး ဥပေက္ခာထားလိုက်နိုင်တဲ့အထိတော့ မမိုက်မဲပါဘူး ဖေဖေရယ်..၊

ဖေဖေတို့ ဒီလောက်ထိ ဖြစ်ခဲ့ဖူးတာကို ဘာမှမသိခဲ့တာလည်း ...မှန်ပါ။ ယုံပါ ဖေဖေရယ် .. ဘောဘီ ခဏလေး တွေဝေသွားမိတုန်း ...ဝေ အထင်လွဲသွားတာ ..။

"ဟိတ် .. ထစမ်း ..၊ ဘောဘီ .. ဟေ့ .. တောက် .."

ပခုံးလေးတစ်ဖက်ကို ကိုင်လှုပ်နှိုးကြည့်ပြီး မရတော့မှ ဒေါသနှင့် ...နောင်တက ပူးတွဲထွက်၏။ သူ အစတည်းက အရင်ထွက်သွားလိုက်ရ ...ာကို မသွားမိခဲ့ ..။

အဲဒီလို လက်ပိုက်ကြည့်နေလိုက်ခြင်းဖြင့် ကိုယ့်ဘက်က ရက်စက် ...သည့် ဥပေက္ခာတရားကို သူမ သေချာ နားလည်သွားတာကို လိုချင်မိ ...သည်။ ဒီတိုင်း ဖြစ်လာမယ်လို့လည်း တွက်ထားမိ၏။

တကယ်ဖြစ်သွားတာက တခြား ..။

"ကျွတ်!..."

သူမ အားကနေ ထရပ်လိုက်ရင်း စိတ်တိုစရာတွေချည်း တွေးနေ ...မိ၏။ သူ ဘာလုပ်ရမလဲ ..၊ မူလအစီအစဉ်အတိုင်း ထားခဲ့ဖို့က သူမ ... သတိလစ်နေသည်။ မိဘတွေက ကိုယ်နဲ့အတူ ကျန်ရစ်ခဲ့သည်လို့ ...ွက်ပြီး ဒီတိုင်း မိုးလင်းသွားလျှင် ခက်ဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပွတ်လိုက် .. လည်ပင်းပွတ်လိုက်နှင့် အတန်ကြာ စိတ်အိုက်နေပြီးမှ ဒီတိုင်းပဲ ကားပေါ်တင်ခေါ်သွားဖို့ ဆုံးဖြတ်လိုက်ရ၏။

သူ့မိဘလက်ထဲကိုပဲ သွားထည့်ရမည့်အလုပ်ကို ဒုတိယမြောက်ဆောင်ရွက်ဖို့အပြင် သူ ဘာမှမတတ်နိုင် ..၊ ခြံချင်းကပ်နေတာမို့ ကျန်သည့်ပြဿနာ ကျန်သလို ဆက်ရှင်းရုံသာ ..။

"ဘယ်လိုပုံစံကြီးလဲ ကိုယ့်လူ ..၊ ကြည့်မကောင်း ရှုမကောင်း.."

ပတ်ဝန်းကျင်ကို တစ်ချက်မှ ငုံ့မကြည့်မိသောအဖြစ်က လူသုံးယောက် ကိုယ့်ဘေးကို ရောက်နေကာမှ လှည့်ကြည့်မိ၏။

ဘယ်ချောင်ဘယ်ကြားကနေ ထွက်လာကြတာလဲ ..၊ အားလုံးကို စောင့်ကြည့်နေခဲ့တာလား ..၊ ခုမှ ထွက်လာကြတာလား ..။

တွေးပေမယ့် အဖြေမရောက်လိုက်ဘဲ သူတို့ကို ရင်ဆိုင် လှည့်ရပ်လိုက်၏။ ဒါပေမယ့် သူ ဘာမှ မေးမြန်းပြောဆိုလိုက်ရခြင်းသို့ မရောက်လိုက်ဘဲ ...

"ခွပ် .."

ပြင်းထန်သည့် ရိုက်ချက်ကြောင့် ခေါင်းတစ်ခုလုံး ပြုတ်ထွက်ပါသွားပြီလား ထင်ရသည်။ ပြီးတော့ ...

"ဘုန်း .."

နောက်ထပ်ရိုက်ချက်က ဇက်ပိုးကို ကျသွားခဲ့ပြီး သူ့တစ်ကိုယ်လုံး ခွေကျသွား၏။

ညရဲ့ လှည့်စားမှုနှင့် ရှုပ်ထွေးသွားခဲ့သော ခြေရာများ၏နောက်.. သေချာတာက မနက်ဖြန်တွေမှာ အကျည်းတန်နေလိမ့်မည် ..။





## အခန်း(၁၄)

သတိရလာသည်နှင့် မျက်လုံးတွေက တစ်အိမ်လုံးကို ဝေ့ပတ်သွားခဲ့၏။ အိမ်ကြီးထဲမှာ ဖွဲ့စည်းထားသည့် အခန်းတွေ၏ပုံစံက စိတ္တဇဆန်သည်။ နေရာတိုင်းမှာ အားနည်းသော အလင်းရောင်က အပြင်မှာ နေ့လား .. ညလား ခွဲခြားဖို့တောင် ခက်လိမ့်မည်။

ပြီးတော့ အနက်ရောင်လုနေသည့် ရေညှိစိမ်းပုတ်ပုတ် ကတ္တီပါတော်ဇောကို ခင်းထားကာ ခန်းဆီး၊ လိုက်ကာတွေအားလုံးက နီညိုရောင် ရဲတောက်နေ၏။

အစိမ်းနဲ့အနီက လှိုက်ဖက်ပေမယ့် ဒီအိမ်ကြီးထဲမှာတော့ ပန်းတောင့်နိုင်ဘဲ ရှိလေသည်။ နေရာတိုင်းက အေးစိမ့်နေပြီး မွှေးနေတာလည်း မဟုတ်၊ နံစော်တာမျိုးလည်း မဟုတ်ဘဲ သူ့မ နှာခေါင်းထဲမှာ စိမ်းသက်နေသည့်အနံ့ကို ဘယ်လိုဖော်ရမှန်း မသိ ..။

ပစ္စည်းတစ်စုံတစ်ရာကို ပါကင်ဖွင့်လိုက်လျှင် ရသည့်အနံ့မျိုး ..။

အသစ်နံ့လိုလို .. ဆေးနံ့လိုလို ..။



www.burmeseclassic.com

www.burmeseclassic.com



ဒါ 'နန်းမဟာ'စံအိမ်ကြီးပဲဆိုတာ သူမ အတပ်သိလိုက်သည်။ ညက သူမ သတိပြန်ရလိုက်သေးသည်။ မျက်လုံးဖွင့်လိုက်တော့ ခေါင်းတွေ မူးနောက်ကာ အမြင်အာရုံထဲမှာ ညအချိန်ဆိုတာကို သေချာ သိလိုက်သည်။

ထို့ပြင် အရှိန်နှင့်ပြေးနေသည့် ကားပေါ်မှာ သူမ ရှိနေလျက် ကားမောင်းနေတာက စက်အာဏာသျှန် ကိုယ်တိုင်ပဲ ဖြစ်၏။

ပြီးတော့ ဒုန်းခနဲ ဆောင့်ခုန်သွားသည့်ကားက တစ်စုံတစ်ခုကို တိုက်မိတာလား ..၊ ချိုင့်ကျသွားသည်လား မသိလိုက်ဘဲ သူမ နောက်ထပ် သတိလစ် မေ့မြောသွားခဲ့လေသည်။

ဘယ်လောက်ထိကြာသွားခဲ့မှန်း မသိ ..၊ ဘာတွေ ဖြစ်သွားလိုက်မှန်းလည်း မသိ ..။

"အား!..."

တရွေ့ရွေ့ တိုးလျှောက်ခဲ့ရင်း အတွေးတွေ ရှုပ်လာကာ ခေါင်းက တဆစ်ဆစ် ကိုက်လာသည်။ စည်းထားသည့် ပတ်တီးကို စမ်းမိတော့ ဖေဖေ ရိုက်သည့်ရိုက်ချက်အရှိန်နှင့် ကားဘုတ်ခ်မှန်ပေါ် ပစ်ကျသွားခဲ့တာ ပြန်မြင်လာ၏။

ကိုယ့်ကိုယ်ကိုယ် ခေါင်းပေါက်သွားခဲ့မှန်းတောင် မသိခဲ့ပေ။ တစ်ညလုံး ဖြစ်ပျက်ခဲ့သမျှတွေကို ဟိုတစ်စ ဒီတစ်စ ပြန်တွေးရင်း ပစ္စုပ္ပန်နဲ့ ဆက်စပ်ကြည့်ကာ ခြေလှမ်းတွေက အိမ်ရှေ့ဘက်ကို ဦးတည်နေခဲ့သည်။

လူတစ်ယောက်မှလည်း မတွေ့ ..၊ ဘာသံမှလည်း မကြားရဘဲ တစ်ဖက်ခြမ်းမှာ ကိုယ့်ခြံရှိနေမှန်း သိလျက်နှင့် ပြေးကြည့်လိုက်ဖို့ ပြတင်းပေါက်ဆိုတာလည်း မရှိ ..။

ခါဆို ဟိုဘက်က လှမ်းမြင်နေရသည့်ပြတင်းပေါက်ပေါင်း များစွာဟာ အခန်းတွေထဲကပဲ ဖြစ်ဖို့ရှိတော့သည်။ ဒီအခန်းတွေ အားလုံးကို ပိတ်ထားမှတော့ ပြတင်းပေါက်တွေဆီသွားဖို့က မဖြစ်နိုင်တော့ပေ ..။





'နန်းမဟာ'စံအိမ်ကြီးဟာ အပြင်က မြင်နေရသည့်အတိုင်း အထဲ စီတွာဇဆန်စွာ ဖွဲ့စည်းထားပုံက တစ်ထပ်တည်းပါလား ..။

သူမ ဒီစံအိမ်ကြီးရဲ့ အခန်းလွတ်တစ်ခုထဲက အခင်းအကျင်းမဲ့ ခုတင်တစ်လုံးပေါ်မှာ ရောက်နေခဲ့သည့်အဖြစ်ကရော ဒါ အိပ်မက် .. တကယ်လား ..။

သူမကို စက်အာဏာသျှန် ကိုယ်တိုင် ကားပေါ်တင်ခေါ်လာတာ သိနေပါလျက်နှင့် မယုံနိုင် ..။

ခြံချင်းကပ်နေလျက်နှင့် ပြန်မပို့ဘဲ ခိုးယူထားတာဆိုရင်တော့ အာဏာသျှန် ဆိုသည့်ယောကျ်ား ရူးသွားတာပဲ ဖြစ်နိုင်၏။

သူမ၏ အသက်မဲ့သော တရွေ့ရွေ့ ခြေလှမ်းတွေ အိမ်ပြင်ပိုင်းကို ပ်လာလျှင် ...

"တကယ်ဆိုရင် အဲဒီမှာတည်းက မင်း ငါ့ကို ဖုန်းလှမ်းဆက် တ်ရမှာ ..၊ ဒါဆိုရင် ဒီမိန်းကလေး 'နန်းမဟာ'ခြံဝင်းထဲထိ ပါလာ အကြောင်းကို မရှိဘူး .."

"ဆုံးဖြတ်ဖို့ ရှိလာတိုင်း ဖုန်းဆက်မေးရအောင် ကျွန်တော်တ ယ့်သုံးနှစ်သားလေးမှ မဟုတ်တာ .."

"ဒါပေမယ့် ဒီကိစ္စမျိုး မင်း ဆုံးဖြတ်ခဲ့ဖူးသလား .."

"ဆုံးဖြတ်ဖို့လည်း အချိန်မရှိဘူး ဦးမောင် ..၊ လမ်းပေါ်မှာဆိုတဲ့ သိနဲ့ ကျွန်တော် ဆေးခန်းကိုရောက်အောင် မနည်း သွားရတယ်.."

"ဒါဆို အဲဒီကား မင်းနားမှာ ရှိမနေရင်ရော .. ငါ့ကို ဖုန်းဆက်ဖို့ တိမရတော့ဘူးလား .."

"ကားလိုလို့ ဖုန်းဆက်ဖြစ်ရင်လည်း ဦးမောင် ဆီကို မဆက်ဖြစ် ဆိုတာ သေချာတယ် .."

"ဘာဖြစ်လို့လဲ .."

"ဒါ လူကြီးတွေ ပါရမယ့်ကိစ္စ မဟုတ်သေးလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟား .. မင်း အခု ဒီမိန်းကလေးကို အဝတ်ထုပ်တစ်ထုပ်လို အမှိုက်ပုံးထဲ သွားထည့်ထားလို့ မရတော့ဘူး၊ သူ့အတွက် စီစဉ်ပေးရ… တွေ ရှိလာရင်ရော ငါ့ကို သတိမရသေးဘူးပဲလား .."

"သတိရတော့ ဦးမောင် က မိဘတို့ဝတ္တရားရှိသည်နှင့်အညီ ထိမ်းမြားပေးမှာလား .."

"ငါ မင်းကို မိန်းမယူဖို့ စိတ်ကူးတွေ ဖြစ်နေမယ်လို့မှ မထင်ခဲ့တာ.."

"စိတ်ကူးခဲ့တာ မဟုတ်ဘူး ..၊ ဒါက မလွှဲသာတဲ့ကိစ္စ .."

"မလွှဲသာလို့ မိန်းမယူလိုက်ရအောင် ..၊ 'နန်းမဟာ'က သခင်လေးက ဘာလဲ .."

"ယောက်ျားတစ်ယောက်ပဲ ဦးမောင် ..၊ သူ့ကို လမ်းမပေါ်မှာ ဒီတိုင်း မထားခဲ့နိုင်ဘူး၊ ကိုယ်နဲ့ တစ်ညလုံး အတူတူရှိနေခဲ့ပြီး အ… ပြန်ပို့လို့လည်း မဖြစ်နိုင်တော့တဲ့အခြေအနေနဲ့ ကျွန်တော့်လက်ထဲမှာ နေလွှဲမွှန်းတည့်ရှိနေပြီးမှ လက်ထပ်မယူလို့လည်း မဖြစ်နိုင်ဘူး၊ အဲဒါ ကျွန်တော် ယောက်ျားမို့လို့ ဆုံးဖြတ်လိုက်တာပဲ .."

"မင်း စကားပြောတာ မာကျောလှချေလား သျှန် .."

သူတို့ကတော့ သျှန် လို့ ခေါ်ကြတာလား ..။

ဘောဘီ နံရံထောင့်ကွယ်ကနေ ရင်ခုန်သံတွေ မြန်လာသည်။ သူ… မှာ မိဘမရှိဘူးလား ..၊ ဖေဖေတို့က လုံးဝ လက်မခံလို့ ဘောဘီ… သူ ပြန်ခေါ်ခဲ့ရတာလား ..။

ဒါတော့ မဖြစ်နိုင်ပေ။ သွားပြန်ပို့တာတောင် 'ပြန်ခေါ်သွားတော့' လို့ ပြောရအောင် ဖေဖေတို့ ဘောဘီ အပေါ် ဥပေက္ခာထားလိုက်တာ ဘယ်လိုမှ မဖြစ်နိုင် ..။

ခြည့်ခန်းဟု ထင်ရသည့် မြင်ကွင်းကျယ်ကြီးထဲကို ခေါင်းပြူချောင်းကြည့်ချင်ပေမယ့် ဘယ်လိုမှ အစွန်းအစဖော်လို့ မဖြစ်သည်မို့ ဒီတိုင်း…





…းစွင့်နေခဲ့ရ၏။

"ထိမ်းမြားလက်ထပ်ခြင်းဆိုတာ နှစ်ဖက်မိဘ မပါဘဲလည်း ဖြစ်…ဘပဲလို့ မင်း ပြောလိုက်တာလား ..၊ ဒါမှမဟုတ် မင်းအဖေ တစ်…ယောက်လုံး ရှိနေတာကိုတောင် .."

"ဦးမောင် .. ကျေးဇူးပြုပြီး ဖေဖေ့ကို ထည့်မပြောပါနဲ့ .."

"မပြောချင်ပါဘူး ..၊ ဒါပေမယ့် သူက မင်းကို ဦးဆောင် ချုပ်ကိုင်…ခွမ်းမရှိတဲ့ လူမမာ၊ သူ့ရဲ့အစ်ကိုဖြစ်တဲ့ ငါကပဲ သူ့ကိုယ်စား ပြော…ရှိက ပြော ..၊ ဆိုရေးရှိက ဆို .."

"သူ့ကို ကျွန်တော် လက်ထပ်မယူလို့ မဖြစ်တော့တဲ့အကြောင်း …မောင် ကို အရှင်းဆုံး ပြောပြပြီးပြီ၊ ဒါကိုမှ ဦးမောင် သဘောမတူဘူး…ရင် ဖေဖေ့ကိုပဲ .."

"မင်း သွားတွေ့ဖို့ မလိုပါဘူး ..၊ မင်းအဖေမို့ မင်း ခင်တွယ်သလို…ဖြစ်တဲ့အတွက် ငါနဲ့ သက်ဆိုင်တယ်၊ ခုချိန်မှာ မင်းရဲ့လုပ်ရပ်၊ …ဆိုပုံတွေကြောင့် သူ့ကို စိတ်ထိခိုက်မခံနိုင်ဘူး၊ ဒီတော့ မင်း သူ့ကို …ဘောကျသလို စီရင် ..၊ ငါ လုံးဝ သဘောမတူဘူး .."

မျက်နှာမူရာအရပ်သည် ကိုယ်ရှိနေရာအရပ်ဖြစ်ကာ ခြေသံက …ဘက်ကို ဦးတည်လာ၏။

ဘောဘီ ပြေးကပ်ရှောင်တိမ်းစရာ ကွယ်ရပ်တစ်ခု အပြေးအလွှား …ကြည့်ပေမယ့် ဘယ်မှာမှ မတွေ့ ..။

ဘုရား!... ဘုရား ..။

ချောင်းမြောင်း နားထောင်နေခဲ့သည့် ပုံစံအတိုင်းသာ လူမိသွားခဲ့… ဒီလို အပြောကြမ်းသည့်လူကြီးရဲ့ ပါးစပ်ထဲက ဘယ်လိုစကားတွေ …ကျလာဦးမည် မသိ ..။

မျက်လုံးစုံမှိတ်၍ ဘုရားတနေရင်း ရင်ခုန်သံတွေက ပြောင်းဆန်… ခုန်ပေါက်နေ၏။ သို့သော် ခြေသံသည် သူမထင်သလို ကို…ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ကို ရောက်မလာခဲ့ပေ ..။

ဘယ်ဘက်ကို ကွေ့ထွက်သွားတာလဲ ..၊ ညည့်ခန်းကနေ ဒီနေရာ ကို ဖြတ်ကို ဖြတ်ရမှာဖြစ်လျက်နှင့် ကိုယ့်ဘက်ကို လျှောက်လာနေတာ လည်း သိသာနေခဲ့ပြီး ဘယ်ကို ချိုးဝင် ပျောက်ကွယ်သွားတာလဲ ..

ဘောဘီ မျက်လုံး ပြန်ဖွင့်လိုက်ပေမယ့် ခေါင်းထဲမှာ မူးရိပ် ဖြစ်လာ၏။ ဘာဖြစ်ဖြစ် အားတင်း၍ထွက်ဖို့ စိတ်ကူးနှင့် ကွယ် ကနေ လှမ်းထွက်ခဲ့မိ၏။

ကနုတ်ပန်းတို့နှင့် သုံးလုံးတွဲ ကျွန်းဆက်တီကြီးတွေ ပတ်လည် ရံကာ ထိပ်ဦးပိုင်းမှာ တစ်ယောက်ထိုင် ဆက်တီကြီးတစ်လုံးက ခန့်ညား စွာ ရှိ၏။

စက် က သုံးယောက်ထိုင်၏ ဘေးအစွန်းမှာ ခပ်လျော့လျော့ လျက် မျက်လုံးတွေ မှိတ်ကာ ငြိမ်သက်နေသည်။

သူ့ခေါင်းမှာလည်း သွေးစွန်းနေသည့်ပတ်တီးနဲ့ပါလား ..၊ သူ ဒဏ်ရာ ဘယ်လိုရခဲ့တာလဲ ..။

သူမ မသိလိုက်တာတွေ များစွာနှင့် ညတစ်ညအတွက် တ တပြုံ ဖြစ်နေရထာတွေလည်း မပြီးနိုင်ပါလား ..။

"မင်း ဒီနားကို ဘာလာလုပ်တာလဲ .."

ဟင်!...

သူ့နား မလှမ်းမကမ်းမှာ ဘောဘီ ခြေလှမ်းတွေ ရပ်သွား၏။ စ က မျက်လုံးတွေ မဖွင့်သေးဘဲ ...

"ငါနဲ့ ဝေးဝေးမှာ သွားနေလိုက် ဘောဘီ ..၊ မင်းမျက်နှာကို င မမြင်ချင်ဘူး .."

ဘယ်သူကရော ဖွင့်ကြည့်စမ်းပါ ..၊ ကြည်ဖြူစမ်းပါလို့ တောင်းပန်နေလို့လဲ ..။

ခုချိန်ထိ တစ်စိုးတစိမ့် မတင်ခဲ့သည့်ဒေါသက သူ့စကားကြော





ထောင်းခနဲ ဖြစ်သွား၏။

လူတိုင်းမှာ မာနနဲ့ ..၊

"ရှင် မောင်းထုတ်တိုင်း ချောင်တစ်ချောင်မှာ ကုပ်ကုပ်လေး သွား ဆိုင်နေရအောင် .. ဘောဘီ က ရှင် မွေးထားတဲ့ တိရစ္ဆာန်တစ်ကောင်မှ မဟုတ်ဘဲ .."

"ဟုတ်တယ်လို့ပဲ ထားလိုက်တော့ .."

သူ့မျက်လုံးတွေ ပွင့်လာသည်။ မြင်နေကျလို ဒေါသတွေက တစ် စက်မှ မလျှော့ခဲ့ဘဲ ...

"တိရစ္ဆာန်ဖြစ်ဖြစ်.. လူဖြစ်ဖြစ် ငါ့ခြံဝင်းထဲကို တစ်ကောင်တစ်မြီး မှ ဝင်ခွင့်မပြုခဲ့ဘူး ဘောဘီ ..၊ အခု မင်း ဝင်လာခဲ့တာလဲ ငါ ကျေနပ် ကြည်ဖြူလို့ ခေါ်သွင်းလာခဲ့တာ မဟုတ်ဘူး .."

"ရှင့်ဦးလေးကလည်း သဘောမတူဘူးလို့ ပြောသွားတာပဲ .."

"ဘာ!..."

သူ နေရာမှ ခပ်ဖြည်းဖြည်း ထရပ်လိုက်ပြီး ဘောဘီ ကို စူးစိုက် ကြည့်သည်။

"မင်း နားထောင်နေတယ်ပေါ့ .."

"ရှင်တို့ကရော တီးတိုးပြောကြတာမှ မဟုတ်ဘဲ..."

"အေး .. ကြားပြီးပြီဆိုရင်လည်း ထပ်မှတ်ထား ..၊ မင်းကို ငါ လက်ထပ်ယူမယ် .. [illegible]က အဖြစ်ပဲ ရှိနေမယ်၊ စာချုပ်တစ်စောင် ပိုင်ဆိုင်လွှမ်းမိုးမှုတွေ မပါဘူး၊ ဥပမာ 'မင်းကို ငါ' .. 'ငါ့ကို မင်း'.."

"မရဘူး ကိုကို .. လက်ထပ်ကြတာဟာ ပိုင်ဆိုင်မှုတွေကို ပြကြ တာပဲ၊ ကိုကို မလိုချင် နေလေ .. ဘောဘီ ကတော့ ကိုကို့ကို အပိုင်ရမှ ဖြစ်မှာ ..၊ အဲဒါကြောင့် သဘောမတူတဲ့လူတွေရော .. မလိုချင်တဲ့လူပါ စိတ်ချမ်းသာသွားအောင် ဘောဘီ ကို ကိုကို လက်မထပ်နဲ့ .. ရတယ်"

ဘောဘီ က သူ့မျက်နှာကို စေ့စေ့ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ကို တစ်ဖက်သတ် စွဲလမ်းပြီး ရူးသွပ်သွားပါစေ .. ဘယ်သူမှ မလိုလားတဲ့အိမ်မှာ ကုပ်တွယ်နေရလောက်အောင် ဘောဘီ သိက္ခာမဲ့ဘူး၊ ဘောဘီ့ မှာ မိဘရှိတယ် .. အသိုင်းအဝိုင်း ရှိတယ် .."

"မင်းမှာ အခု ဘာမှ မရှိတော့ဘူး ...၊ မိဘ အသိုင်းအဝိုင်းကအစ မြေတစ်လက်မ၊ အဆုံး .."

"ဘယ်လို!..."

စက် သည် မိတ်ကပ်ရောင် ရှပ်လက်တိုပွပွနှင့် လေးသွင်းရောင် ချည်ချောပုဆိုးကို ရိုးရိုးပဲ ဝတ်ထားပေမယ့် ဘောဘီ့ မျက်လုံးထဲမှာ မင်းသားလေးတစ်ပါးလို ချောနေသည်။

အာဏာစက်ပြင်းသော မင်းတစ်ပါးကဲ့သို့ ထည်ဝါနေသည်။ သို့သော် သူ့ရဲ့ထည်ဝါမှုတွေဟာ ခက်ထန်ခြင်းတို့ ဖုံးလွှမ်းနေကာ အမြဲတမ်း မလိုလားခြင်းတွေကတော့ သူမအတွက်ပဲ ရှိနေခဲ့ပြီး ...

"အဲဒီတော့ မင်း ဆုံးဖြတ်ရမှာက .."

"ဟင့်အင်း .. မဖြစ်နိုင်ဘူး .."

သူ့စကားမဆုံးခင် ဘောဘီ ခေါင်းခါလိုက်မိသည်။ တံတိုင်း ဟိုဘက်ကို ကူးလိုက်တာနှင့် ဖေဖေတို့ ခြံဝင်းထဲကို ရောက်သွားရင် ပြီးပြီ။ သူ ဘာတွေ ပြောနေတာလဲ ...။

"ဒီမှာ .. ငါ ပြောတာကို မင်း သေချာ နားထောင် ...၊ မင်းရဲ့ မိသားစုအားလုံး ညတွင်းချင်း ပြောင်းသွားကြတယ် .."

"ဟင်!..."

"မင်းရဲ့လုပ်ရပ်တွေကြောင့် အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ညတွင်းချင်း ထွက်သွားကြပုံပဲ၊ ငါ မင်းကို ပြန်ခေါ်လာတော့ မိုးသိပ်မလင်းသေးဘူး၊ ဒါပေမယ့် ခြံစောင့်က 'အိမ်ရောင်းမည်'ဆိုင်းဘုတ်ကို ခြံဝမှာ ချိတ်နေပြီ .."

ဘောဘီ့ မျက်ဝန်းလေးတွေ မျက်ခွံပြေပြေမှာ မျက်တောင်ဖျားတို့





ဖြန့်ကပ်နေတဲ့အထိ ဝိုင်းစက် ပြူးကျယ်နေသည်။ နှုတ်ခမ်းလေးတွေ တလှုပ်လှုပ်နှင့် ဘာသံမှလည်း မထွက် ...။

"ငါ မေးကြည့်တော့ ပြောင်းသွားကြပြီတဲ့၊ အဲ့ဒါကြောင့် ငါ မင်းကို ဒီခြံထဲထိ သွင်းလာခဲ့ရတယ်၊ ဒီမနက်ထိ ကြိုးစားကြည့်သမျှ မင်းမိသားစုရဲ့ခြေရာကို ဘယ်လိုမှ ခံမရတော့လို့ .."

"ရှင် .. ဘောဘီ့ ကို လက်ထပ်ရတော့မယ့်အဖြစ်ကို ရောက်ခဲ့တယ်ပေါ့ .."

"မင်း ဒီတိုင်းပဲ ဖြစ်ချင်ခဲ့တာမို့လား .."

"ဟုတ်တယ် .. ဒါပေမယ့် မဟုတ်ဘူး ကိုကို၊ ဒီလိုအခြေအနေမျိုးနဲ့ လုံးဝ မဟုတ်ဘူး .. ခြံစောင့်ရှိရင် ဖေဖေတို့ ဘယ်သွားမှန်း သိမှာပဲ၊ ဘောဘီ သွားမေးမယ် .."

"ဟေ့ .."

ဘောဘီ ခေါင်းတခါခါနှင့် လှည့်ပြေး၏။ စက် က လှမ်းဆွဲလိုက်၏။ နှစ်ယောက်စလုံးမှာ ဒဏ်ရာတွေနဲ့ ခပ်ယဲ့ယဲ့မို့ ဆွဲလျက်သားအတိုင်း လဲကျသွားကြတာ ထွေးခနဲ ...။

"အား!..."

"ကျွတ် .. ကျွတ် .."

ဘောဘီ က တစ်ခါ ပြန်တွန်းထလိုက်သဖြင့် စက် ခေါင်းတွေ ချာချာလည်ကာ ပခုံးနှစ်ဖက်စလုံး အောင့်တက် နာကျင်သွားတာ စာဖွဲ့မပြနိုင်အောင်ပင် ...။

"အ!..."

သူ ဆက်တီတွေကြားထဲ ပြန်လဲကျသွားမှ ဘောဘီ ပျာပျာသလဲဖြစ်လျက် ...

"ကိုကို .."

"ဖယ်စမ်း .."



www.burmeseclassic.com

www.burmeseclassic.com



စက် က ဘေဘီ့ လက်လေးကို ပုတ်ချပစ်လိုက်ပြီး ...

"မင်း သွားချင်ရင် သွား ...၊ သတင်းမေးရုံတော့ မရဘူး၊ ထွက်သွားပြီးရင် ပြန်လှည့်လာလို့ရမယ် မထင်နဲ့ .."

သူမကို ဘာဖြစ်လို့ ဆွဲထားလိုက်မိတာလဲ ...၊ အံကြိတ် တက်ခေါက်ရင်း ကိုယ့်ကိုယ်ကိုယ် ထုရိုက်ပစ်ချင်၏။

စက်အာဏာသျှန် ...၊

မင်း အမြင်မတော်တာတွေ များနေပြီ ...၊ ဘာဖြစ်လဲ .. ထားလိုက်ပါလား ...။

ကျွတ်ခနဲ ရှုံ့မဲ့သွားကာ သူမမျက်နှာကို ပြန်မမြင်ချင်လောက်အောင် ဒေါသက ဆတိုးနှင့် ပွား၏။

မိန်းမတွေ မရှိရင် ကောင်းသလောက် .. ရှိလည်း မကောင်း ...၊





## အခန်း(၁၅)

"ဘာကွ!... မင်းက .. ငါ့ကို .."

"အို .. ကိုသက် .. ဗိုသက် .. မလုပ်ပါနဲ့ .."

ဘယ်ဟာ အမှန်တရားဆိုတာ ပေါ်မလာသေးခင် ဦးသက်ပန်၏ လက်သီးလုံးကြီးက မြတ်သု ရဲ့မျက်နှာရှေ့မှာ တဝဲဝဲ ဖြစ်နေသည်။

ဒေါ်မြတ်သဇင် ကိုယ်တိုင် မျက်ရည်လည်ရွဲ ဖြစ်နေပေမယ့် မိသားစုအားလုံး ကြိမ်မီးအုံးသလို စွဲကပ်လာသည့် အပူမီးကြောင့် တစ်ယောက်တည်း ပြေးငိုနေချင်လို့လည်း မရ ...။

"ကျွန်တော် ပြောတာက ဖေဖေ ဒေါသအလျောက် ဆုံးဖြတ်လိုက်သလို ဖြစ်သွားမှာစိုးလို့ပါ၊ ဒီတိုင်း လုပ်ကိုလုပ်တော့မှာဆိုရင်တော့ ညီမနှစ်ယောက်ရဲ့ ကျဆုံးခန်းကို ကျွန်တော် ကြည့်မနေနိုင်ဘူး .."

"ဘာပြောတယ် .. မင်း .. ဒါကိုပဲ ထပ်ပြောရဲတယ် ဟုတ်လား.."

"ကျွန်တော့်ညီမလေးက အငယ်ဆုံးလေး ဖေဖေ ...၊ ပြီးတော့.."

"သား .. သားကြီးရယ် .. အဲဒီအကြောင်း မေမေတို့ ပြောမယ်၊ သားက ခဏဖြစ်ဖြစ် မျိုသိပ်ထားလိုက်ပါကွယ် ...၊ ခုချိန်မှာ ပြဿနာက ပူပူလောလောကြီး ရှိသေးတာ .."



www.burmeseclassic.com

www.burmeseclassic.com



"အေးအေးပူပူ ငါ့ဆုံးဖြတ်ချက်က ဒါပဲ ..၊ မင်း နိုင်ငံခြားထွက်မယ့်ကိစ္စက အစတည်းက ရှိပြီးသားမို့လို့ ထွက်မှာဆိုရင် နွေးနွေးထွေးထွေး နှုတ်ဆက်ပြီး အေးအေးဆေးဆေး သွား ..၊ စက်အာဏာသျှန် ဆိုတဲ့ကောင်နဲ့ ပတ်သက်နေတာဆိုရင်တော့ ငါ ပြောလိုက်မယ် ..၊ ပြန်လှည့်ကြည့်မနေနဲ့ .."

ဆောက်လက်စတိုက်ကြီး၏ အပေါ်ထပ် အခန်းလွတ် တစ်ခုတည်းထဲမှာ မိသားစု သုံးယောက်ပဲရှိပြီး နွေးထွေးမှုကို ရှာမရနိုင် ..။ တစ်ရက် နှစ်ရက်ဆိုရင်ပဲ သမီးကြီးက လက်ထပ်တော့မည်။

သားက ဒီရက်ပိုင်းမှာပဲ နိုင်ငံခြားသွားတော့မည်လို့ ကြေညာနေ၏။ ဘယ်သူကမှ မလျှော့ကြပေမယ့် ဘယ်သူ မှားသလဲ မှန်သလဲ ဆိုတာလည်း မသိကြ ..။

"စက်အာဏာသျှန် နဲ့ပတ်သက်တာကို ပြောနေတာ မဟုတ်ဘူး ဖေဖေ ..၊ ညီမလေး အရှိန်ကို သနားစရာကောင်းလို့ ပြောနေတာ၊ သူတို့ ဘာမှ မဟုတ်ကြသေးဘူး .. အဲဒါ ကျွန်တော် သိတယ်၊ မြတ်နိုး တကယ်ဟုတ်လို့ တမ်းတမ်းစွဲလိုက်နေတဲ့အထိ ဖြစ်တာတောင် ဖေဖေ ပြန်ထိန်းသိမ်းခဲ့တာ ဘယ်သူမှ မသိလိုက်ဘူး .."

"ဘယ်သူမှမသိတဲ့ ငါ့မျက်နှာမှာ စက်အာဏာသျှန် ဆိုတဲ့ကောင် ပစ်ပေါက်သွားတဲ့ စကားလုံးတွေကြောင့် ဒဏ်ရာသာ မြင်ရမယ်ဆိုရင် ကျင်းရာချိုင့်ရာတွေ ပြည့်နှက်နေပြီ၊ မင်း ဘာမှ မခံစားခဲ့ရဘူးလား.. ပြော .."

"ခံစားခဲ့ရတယ် ဖေဖေ..၊ ကျွန်တော်လည်း အစ်ကိုကြီးတစ်ယောက်ပါ၊ ဒါပေမယ့် ဒါက ပြင်လို့ရတဲ့အမှား မဟုတ်ဘူးလား၊ ကျွန်တော် ပြုပြင်ပေးခဲ့ကြတာ ဘာမှ ပြဿနာမကြီးခဲ့ဘူး ..၊ အခု ညီမလေးက ဒီလောက် မဟုတ်သေးဘူး၊ မြတ်နိုး တုန်းကထက်လည်း ငယ်ပါသေးတယ် ဖေဖေရာ .."





မြတ်သု က ညီမဖြစ်သူအတွက် အယူခံဝင်နေရင်း မျက်ဝန်းဆောင့်တွေ နီရဲလာ၏။ ပြီးတော့ မျက်နှာ ခပ်လွှဲလွှဲ ငုံ့၍ ...

"ညီမလေးမှာ ဒဏ်ရာနဲ့တဲ့ ..၊ ခြံဝထိ လာခေါ်ပြီး ပြန်ပို့တာကို ကျွန်တော်တို့က တံခါးပိတ်ထားတယ်၊ ကိုယ်ကလေးကို အမှိုက်တစ်စ ပစ်သလို ဘယ်သူနင်းနင်း .. ဘယ်သူကန်ကန် .. ခြံထဲက ထုတ်ပြီး ရှန့်ပစ်လိုက်သလိုပဲ .."

"ဒီကောင် ဒီတိုင်း ထပ်ပြီး ပြောအားရှိအောင် ငါ မွေးတဲ့သမီး တစ်ယောက်က ထပ်ဖန်တီးတယ် ..၊ အမြင့်မတက်နိုင်ဘဲ ထပ်ခါထပ်ခါ အညွန့်ချိုးခံခဲ့ရတာက ငါ့သိက္ခာတွေ .."

လွှဲနေသည့် မြတ်သု မျက်နှာကြီး ပြန်မော့လာ၏။

"သားသမီးတွေနဲ့ပတ်သက်ပြီး မိဘတိုင်းမှာ စွန့်လွှတ် ကျရှုံးမှုတွေ အနည်းနဲ့အများတော့ ရှိနေကြတာပါပဲ ဖေဖေ .."

"မြတ်သု မင်းရဲ့လိုရင်းကို ပြောစမ်း ..၊ ငါ့ကို မိကျောင်းမင်း ခေါင်းမပြနဲ့ .."

"လိုရင်းကိုပြောရင် ဖေဖေ့ကို ဖီဆန်တယ်၊ ဆရာလုပ်တယ်ဆို တာတွေပဲ ဖေဖေ မြင်ဦးမှာ ..၊ တစ်ခါတလေ ဒေါသကြီးလာရင် လူကြီး ဖြစ်ဖြစ် လူငယ်ဖြစ်ဖြစ် မှားတတ်ကြတာမို့လို့ အကျိုးအကြောင်း ရှိနေတာကို ကျွန်တော်က ရှင်းပြနေတာပါ၊ အခုကိစ္စက စက်အာဏာသျှန်နဲ့လည်းပဲ ပတ်သက်မိနေတဲ့ဖြစ်ရပ်ကို ချန်လှပ်ပြီး ညီမလေးအမှားမျိုးက ခွင့်လွှတ်သင့်တဲ့ အမှားလား .. မလွှတ်သင့်တဲ့အမှားလား ဆိုတာပဲ.."

"ငါ လုံးဝ ခွင့်မလွှတ်ဘူး ..၊ သူတို့ ဘာတွေ ဘယ်လိုရှိခဲ့ပစေ အခု ဘေဘီပန်ထွာ ဆိုတဲ့ သမီးမိုက် ဘယ်ဘဝရောက်ရောက် .."

မိဘမို့ ပြောနေရင်း ရင်ထဲမှာ မီးစနဲ့ထိုးသလို နင့်သွား၏။ နီမြန်းသည့်မျက်နှာပြင်ကြီးမှာ မျက်ရည်ရောင်တွေပါ ပြိုးပြက်လက်နေခဲ့ပြီး ..

"ပတ်သက်ခွင့် မပြုနိုင်ဘူး ..၊ ငါ ခွင့်မပြုနိုင်တာကို သူ ရှုတ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့အတွက် ခွင့်မလွှတ်ဘူး ..''

စိတ်အာရုံမှာ ထင်ဟပ်နေသည်။ ဒီဘက်ကို လာခဲ့စမ်းလို့ ခေါ်တဲ့ အချိန်လေးမှာ စက်အာဏာသျှန် ကို ပြန်မော့ကြည့်၍ မိဘဆီကိုတော့ ခြေတစ်လှမ်းမှ ရွှေ့ဖို့ မပြင်ခဲ့တဲ့ သမီး ..။

ဒီလို သမီးမျိုးကို ပြန်လိုက်ခဲ့ပါ သမီးရယ်လို့ ဆက်ချော့ခေါ်နေရမလား ..၊ ဘာဖြစ်ဖြစ် ပါလာရင် ပြီးရောဆိုပြီး ပြေးဆွဲချုပ်နှောင်ပြီး ပြန်ခေါ်ရမလား ..။

မိဘပီသတာ မပီသတာတွေကို ဂရုမစိုက်နိုင်တဲ့အထိ မာန ထားခဲ့မိတဲ့အတွက် ဘယ်သူတွေ ဘယ်လိုတဲ့ရဲ့ကြပါစေ ..၊ စေတနာ အနစ်နာများနှင့် မိဘမေတ္တာ ဥပဒေပုဒ်မ ဘယ်လောက်နဲ့ပဲ ငြိငြိ ..။

စက်အာဏာသျှန် ၏ ပက်စက်ရင့်သီးသော စကားလုံးတို့၏ ပဲ့တင်သံတွေကို ကြားနေရသရွေ့ ..၊ ဒီလိုလူကိုမှ တမ်းတမ်းစွဲနေပါသည်ဆိုသော သမီးမိုက်တို့၏ဖခင် ဖြစ်နေသမျှ ..၊ သူဟာ မိဘတန်းမဝင်နိုင်သည့် မိဘမပီသသူ ဖြစ်နေရလိမ့်မည်။ သို့ဆိုပါလျှင် ...

''ညီမလေး အခု ပြန်လာမယ်ဆိုရင် ဖေဖေ ခွင့်လွှတ်ပေးမှာလား ပြောပါ ..၊ ကျွန်တော် ဘယ်လိုနည်းနဲ့ပဲ ခေါ်လာလာ ဖေဖေ့ရှေ့မှာ ညီမလေး ရှင်းပြလိမ့်မယ် .. နောက် မဖြစ်စေရပါဘူးလို့ ဝန်ခံစေရမယ်၊ အဲဒါကို ခွင့်ပြုပေးပါ ဖေဖေ ..''

''ဘယ်တော့မှ ခွင့်မပြုဘူး၊ သူ့ဘဝအတွက် စက်အာဏာသျှန် ရှိမှသာ တင်းပြည့်ပြည်ပြည့် ရှိမှာပါဆိုတာ ဆန်ခြင်သလို ဆလုတ်တိုက်ပြလိုက်ပြီးပြီ၊ ငါတို့က သူ့အတွက် မလိုအပ်တဲ့ ဆန်ခေါ်တွေပဲ ..''

''အဲဒီလိုတော့ မပြောပါနဲ့ ကိုသက် ရယ် .. သမီးငယ်ကို အကျိုးအကြောင်းလေးတော့ ပြောခွင့်ပေးသင့်တယ်ဆိုတာ ခံစောင့်ကြီးကလည်း..''

''ဘာလဲ သခင် .. မင်းက ပတ်ဝန်းကျင်ကတောင် ပြောကုန်ကြပြီလို့ ငါ့ကို သတိပေးနေတာလား ..''





''မဟုတ်ပါဘူး ..''

''မဟုတ်ရင် မပြောနဲ့ ..၊ အခု ငါတို့ပိုင်ဆိုင်တဲ့အိမ်မှာတောင် မနေဘဲ ဟောဒီ ကန်ထရိုက်တိုက်ခန်းထဲမှာ ဖြစ်သလို လာနေတာ နားမလည်ဘူးလား ..၊ မင့်သမီး သိတဲ့နေရာမှာကို မနေချင်လို့ပဲ..''

''ဒါဆိုရင် ဟိုကောင်လေးကိုယ်တိုင်စာ တာဝန်မယူဘဲနဲ့ သမီးလိုမျိုး လုပ်ခဲ့ရင် မိဘအရိပ်ကို ပြန်မလာနိုင်ဘဲ သမီးလေး ဒုက္ခရောက်သွားမှာပေါ့ ..''

''အေး .. မင်းတို့ ဝိုင်းဖျောင်းဖျနေတာ မဟုတ်ဘဲ သူကိုယ်တိုင် ရောက်ပါပြီ .. သိပါပြီဆိုပြီး ငါ့ကို ဖုန်းဆက်လာရင် ပြန်ခေါ်လိုက်..''

ပြောပြီး နာကျင်သည့်မဲ့ပြုံးနှင့် သားအမိနှစ်ယောက်စလုံးကို ဝေ့ကြည့်၏။ ပြီးမှ ...

''အဲဒီလို မျှော်လင့်နေတယ်ဆိုရင် စောင့်ကြည့်လိုက် သခင် ..၊ မင့်သမီး ပြန်လာမလားဆိုတာ ..''

တစ်ဆက်တည်း မြတ်သု ကိုပါ စိုက်ကြည့်၍ ...

''စိတ်ကစားရုံပါပဲဆိုတဲ့ အဖြေစကား မှန်သလား .. မှားသလား သိရမှာပေါ့ ..''

''ဒါဆိုရင်လည်း ကိုသက် ရယ် .. ဘာဖြစ်လို့ အဝေးကြီးကို ချင်း ပြောင်းရွှေ့ဖို့ စီစဉ်နေတာလဲ ..၊ သောဘီ တစ်ယောက်တည်း ရောက်နေရင် ..''

''ညည့်နက်သန်းခေါင် လမ်းပေါ်ရောက်နေအောင် ထွက်ပေါက်ရှာတော့သေးရင် သူ့ရဲ့ မသေဆေးပင် ဘယ်မှာလဲဆိုတာ ရှာတတ်မှာပဲ..၊ ဒီအကြောင်း တစ်ယောက်မှ လုံးဝ လာထပ်မပြောနဲ့ .. ဒါပဲ''

ပြတ်သားသော အမိန့်တစ်ရပ်၏အဆုံးမှာ တိတ်ဆိတ်ခြင်းသည် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

"ဟော့ .."

အော်လိုက်သည့်အသံက နည်းနည်းနောနော မဟုတ် ..။

ဘောဘီ မလန့်ပေမယ့် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိ၏။

သူမနဲ့ အလှမ်းကွာသည့်နေရာမှာ ဦးမောင်မောင် တောင့်မတ်[…] ရပ်နေကာ ခုနက အော်ဟစ်တားဆီးလိုက်တာ သူမဟုတ်သလို [...] ခမ်းအစုံက တင်းတင်းစေ့လျက် ...

"အန်ကယ်လ် ဘောဘီ ကို ခေါ်လိုက်တာလားဟင် .."

"မခေါ်ဘူး ..၊ မင်းရဲ့ခြေလှမ်းတွေ လွန်သွားမှာစိုးလို့ .."

ဘောဘီ ကိုယ့်ခြေထောက်တွေကို ပြန်ငုံ့ကြည့်မိ၏။ ပြီးတော့ သူ[…] ရပ်နေသည့် အိမ်ကြီးရဲ့နောက်ပိုင်း တီပုံသဏ္ဍာန် လမ်းသုံးခွဆုံကို မျက်[…] လုံးဝေ့သွားသည်။

ဦးမောင်မောင် ကလည်း သူမ မျက်လုံးဝေ့သွားတဲ့အတိုင်း အခြေ[…] တစ်ခုကို သိသွားအောင် စောင့်ကြည့်နေတာမျိုး တိတ်ဆိတ်စွာနေသည့် ဘောဘီ ပြန်မော့ကြည့်ကာမှ ...





"အိမ်ကြီး အကျယ်ကြီးပေမယ့် ဒါ မင်း ခြေဦးတည့်တိုင်း သွားလို့ [...]တဲ့နေရာ မဟုတ်ဘူး .."

"ဘာဖြစ်လို့လဲ အန်ကယ်လ် .. အိမ်ဆိုတဲ့ တစ်မိုးအောက်မှာ [...]ကြီးသေးသေး တစ်မိုးအောက်ထဲပါပဲ၊ ဘောဘီ က ဒီမှာ .."

"မင်းက ညှိသည် .. ညှိသည်လို နေရမယ် .."

"ဘောဘီ က စက်အာဏာသျှန် ရဲ့ .."

"ဟော့ .. တိတ်စမ်း .."

ဦးမောင်မောင် လက်နှစ်ဖက် နောက်ပစ်ထားရင်း ခြေလှမ်းကျဲ [...]နှင့် လျှောက်ထွက်လာသည်။ မျက်နှာတစ်ပြင်လုံးသည် အထိုး [...]ကြိတ်ခံထားရသူလို နီရဲ တင်းမာလျက် ...

"မင်းက ငါ့တူကို နာမည်ခေါ်ရအောင် ဘာမို့လို့လဲ ..၊ မင်းအရွယ် [...] သူ့အရွယ် .. မင်းအဆင့်အတန်းနဲ့ သူ့ရဲ့အဆင့်အတန်း .."

"ဟင်!... အန်ကယ်လ်က ပေါ်တင်ကြီးပါလား .."

ဘယ်လိုမှ မထင်မှတ်ဘဲ တစ်ခါမှလည်း အပြောမခံခဲ့ရဘူးသည့် [...]ကားတွေမို့ ဘောဘီ မျက်နှာလေး တင်းသွား၏။

"အဆင့်အတန်းစကား ပြောရအောင် ဘောဘီ တို့က ဆင်းရဲနေလို့ [...]လား .."

"ဟွန်း .. ငါ ဘာဖြစ်လို့ အဆင့်အတန်းစကား ပြောရတယ်ဆို [...]တာ မင်း မကြာခင် သိလာလိမ့်မယ်၊ နောက်ထပ်ပြီး ခုလို နာမည်တစ်စ [...]တစ်ဆုံး ခေါ်လိုက်တာမျိုး မကြားချင်ဘူး၊ အိမ်ထဲမှာ ဟိုလိုက်ချောင်း [...]ကြည့် ..၊ ဟိုလိုက်ရှာကြည့် လုပ်နေတာ မမြင်ချင်ဘူး .."

"ဘောဘီ လိုက်ချောင်းကြည့်နေတာ မဟုတ်ပါဘူး၊ ဒီလို တားမြစ် [...]နယ်မြေတွေ ရှိနေမယ်မှန်းလည်း မသိဘူး၊ ကိုယ်နေရမယ့်အိမ်မို့လို့ သွားတတ်လာတတ်အောင် ကြည့်တာ .."

"သွားတတ်လာတတ်ဖို့ မလိုဘူး၊ ဒီအိမ်မှာ လူသုံးယောက်ပဲ ရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ တစ်ခါတလေ သုံးလေးရက်ရှိတာတောင် တစ်ခါ မျက်နှာချင်း မဆိုင်ဖြစ်ဘူး၊ မင်းလည်း နေတတ်အောင် နေ .. မစပ်စုနဲ့၊ အောက်ထပ်က အိပ်ခန်းသုံးခန်းစလုံးမှာ မင်း လိုအပ်နိုင်တာတွေ အားလုံး ရှိတယ် ကိုယ့်အခန်းထဲကနေ တစ်ဖဝါးမှ မခွာဘဲ နေရုံပဲ''

ပြောပြီး ချာခနဲ လှည့်ထွက်သွားသည်။

ထူးဆန်းသည့်အိမ်ကြီးထဲမှာ နားလည်ရခက်သည့်လူတွေနှင့် - ဘောဘီ ဘယ်လိုဘယ်ပုံ ဆက်ဆံရမည်မှန်း မသိတော့ဘဲ ဘာမှလည်း မပြောလိုက်နိုင် ..။

ကိုယ်နေရတဲ့အခန်းကို လှည့်ပတ်ကြည့်မိကတည်းက တအံ့တဩကြီး ဖြစ်ခဲ့ရတာမို့ ဦးမောင်မောင် ပြောသွားတာတွေအပေါ်မှာ ထူးပြီး မအံ့ဩမိတော့ဘဲ အတွေးတွေသာ ချာချာလည် ကျန်ရစ်၏။

ဒီအိမ်ကျကာမှ အိပ်ခန်းတစ်ခန်းထဲမှာ အိမ်တစ်လုံးလုံး၏ အင်္ဂါရပ်တွေ အစုံ ထည့်သွင်း ဖွဲ့စည်းထားခဲ့တာလဲ ..၊ ထို့ပြင် ပိုပြီး အံ့ဩဖို့ကောင်းတာက ခု ပြောသွားသည့်အတိုင်းဆို ဒီလိုအခန်းမျိုး အောက်ထပ်နှစ်ခန်း ရှိနေသေးသည်။

လူစိမ်း အဝင်မခံလိုသည့် 'နန်းမဟာ'စံအိမ်သည် လူစိမ်းရောက်လာခဲ့လျှင် ဤပုံဤနည်းဖြင့် ကန့်သတ်စည်းခြားဖို့ ပြင်ဆင်ခဲ့တာလား..။

စည့်သည်ကို ခုတင်ကြီးပေါ်မှာ အပေါ်စား ခပ်ပါးပါး ဆိုဖာလေး တစ်ချပ်နှင့် ဖြစ်သလို ပေးသိပ်ထားတာကရော စည့်သည်ကို အကျဉ်းသားလို့ သဘောထားပြလိုက်တာလား ..။

နားလည်ခြင်း .. မလည်ခြင်းတွေ ရှုပ်ထွေးလျက် ..၊ ဘောဘီ ကိုယ့်ဘဝ.. ကိုယ့်မာနကို ဘယ်နေရာ ဘယ်လိုလစ်မစ်မှုးထားပြီး နေထိုင်သွားရမှန်းလည်း မသိတော့ပေ ..။

ကိုယ့်ခြံဘက်ကို ချောင်းကြည့်ရတာတောင် အောက်ထပ်စည့်ခန်း ပြတင်းကနေ မှန်တွေ ဖွင့်လို့မရလို့ ဒီတိုင်း လှမ်းငေးရသည်။





သစ်ပင်ကြီးတို့၏ ကြိုကြားထဲက အိမ်ခေါင်မိုးနီနီကို မြင်ရတာ ဘ မိုင်ကုန်ပါပဲ ..။

မိဘက စွန့်ထားရစ်ခဲ့သည့် မလိုလားတဲ့သူတွေကြားမှာ အကျဉ်းထောင်လို အဆောက်အအုံကြီးနဲ့ နေရ၏။ ဘယ်သူ့ကို တော်လှန်၍.. ဘယ်သူ့ကို သည်းခံရမည်မှန်းလည်း မသိ ..။

ဒါဟာ ဘယ်လိုဝဋ်ကြွေးနဲ့ ပေးဆပ်ရခြင်းလဲ ..။

ဘောဘီ တရွေ့ရွေ့ ပြန်လှည့်လျှောက်ခဲ့ရင်း လမ်းကျဉ်းကလေးတစ်လျှောက်မှာ နေ့နေ့ညည ထွန်းထားသည့် မျက်နှာကြက်မီးလုံးတွေကို ငေးသည်။

မဟုတ်ဘူး ဘောဘီ ..၊ ညည်း မမှားဘူး ..၊ လူမှန်ရင် အကြင်နာမေတ္တာဆိုတာ ရှိတယ်၊ အလျားအနံ တိုင်းတာလို့မရပေမယ့် အသွားအပြန်တော့ ရှိတယ် ..၊

ညည်း လိုအပ်နေတာ စက်အာဏာသျှန် ရဲ့မေတ္တာပဲ မဟုတ်ဘူးလား၊ ကျန်တာ ဖယ်ထားလိုက် ..၊

ဘောဘီ ကိုယ့်ကိုယ်ကိုယ် အားတင်းထားရင်း မျက်လုံးတွေကို ဖျတ်ခနဲ မှိတ်၍ ရေရွတ်နေမိ၏။ ပြီးမှ ပြန်ဖွင့်၍ ရပ်တန့်သွားသည့် ခြေလှမ်းတွေကို ပြန်စသည်။

ငါက ကိုကိုနဲ့ လက်ထပ်မယ့်သူ ဖြစ်သွားပြီပဲ၊ ငါ မမျှော်လင့်ရဲခဲ့တဲ့ ဘဝတစ်ခုကို ကံကြမ္မာက ရင်ခွင်ထဲအရောက် ပို့ပေးခဲ့တာ .. ဘာကို ကြောက်နေရမှာလဲ ..။

"ကြောက်စရာ မလိုဘူး၊ ငါ လုပ်တဲ့ကိစ္စ ငါ ရှင်းနိုင်တယ်၊ မင်းသာ ငါပြောသလို အားလုံး စီစဉ်ပြီး လာခဲ့ .."

စက် ရဲ့အသံကြောင့် ဘောဘီ တုံ့ခနဲ ဖြစ်သွား၏။

"ပြီးခဲ့တာတွေ မေ့မနေနဲ့ ..၊ ပြန်ပြောပြရတာတွေကို စိတ်မရှည်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"... ... ... ..."

"ဒဏ်ရာက သိပ်တော့ မနာတော့ဘူး၊ ဒါပေမယ့် ခေါင်းမူးမူး နေတယ် .."

"... ... ... ..."

"ဘာမှကို မပြောလိုက်ရဘူး၊ ငါတို့က လမ်းပေါ်မှာ ဖရိုဖရဲ ကိုးယို့ကားယား ဖြစ်နေလို့ ကွိုင်ရှာဖို့ ဝင်လာတယ်ပဲ ထင်တာ .."

"... ... ... ..."

"ဟုတ်တယ် .. လှည့်ကြည့်လိုက်တာနဲ့ ရိုက်ချလိုက်တော့ .."

"... ... ... ..."

"အင်း .. ဝင်လာတည်းက ဒါလုပ်ဖို့ပဲ နေမှာပေါ့ .."

"... ... ... ..."

"ပါသွားတာပေါ့ ..၊ အဲ့ဒါတွေတင်မကဘူး .. ငါ့ကားထဲက ရှိသမျှ အကုန်ဖြုတ်ယူသွားတာ အခွံပဲ ကျန်တယ်၊ ဒါနဲ့ မင်း ငါအပ်ခိုင်းတဲ့ကား အပ်ပြီးပြီလား .."

"... ... ... ..."

"ဆောရီးကွာ .. ခဏတစ်ဖြုတ်တော့ ဒုက္ခပေးရဦးမှာပဲ၊ လုပ်စမ်းပါ .. နောက်ထပ် မလာဘူး .."

ဖုန်းပြောရင်း သူ ဒီဘက်လှည့်လိုက်လျှင် ဘောဘီ ရပ်ငေးနေတာကို မြင်သွား၏။

"ဒါပဲ .. အေး .."

စကားစဖြတ်ပြီး ဖုန်းချလိုက်ကာ ...

"ဘာလာလုပ်တာလဲ .."

"ကိုကိုနဲ့ စကားပြောချင်လို့ .."

စက် က ဘောဘီ့ ဘက်ကို အကျအန ရင်ဆိုင်ရပ်လိုက်ပြီး ဘောင်းဘီအိတ်တွေထဲ လက်နှစ်ဖက် ထည့်ထားကာ ...





"မင်းကို လက်ထပ်စာချုပ် ချုပ်ပေးမယ်..၊ ကျန်တာတွေကို ငါပြောပြီးသား .."

"ပြောပြီးသားတွေကလည်း သာယာနာပျော်ဖွယ် စကားတွေမှ မဟုတ်တာ ..၊ အဲဒါတွေကို ထပ်ကြားချင်လို့ ကိုကို့နား ရောက်လာတယ် ထင်လို့လား .."

စက် က ဘောဘီ့ ရှေ့ကို လျှောက်လာပြီး ခြေစုံပြန်ရပ်၏။ ပြီးတော့ မျက်နှာကို စိုက်ကြည့်ရင်း ...

"ငါ့ဘက်က မင်းကို သာယာနာပျော်ဖွယ်တွေ ပြောလာမယ့်နေ့ကို မမျှော်လင့်နဲ့ ဘောဘီ .. အခု စာချုပ်ချုပ်ပေးရမှာက ငါ့ဂုဏ်သိက္ခာအတွက် ..၊ လက်ထပ်စာချုပ်ကို မင်း ပိုင်မှာပေမယ့် မင်းကို ငါ လက်ထပ်ယူလိုက်တာ မဟုတ်ဘူးဆိုတာ နားလည် .."

"ကိုကို ဘောဘီ့ ကို ကတ်သတ် ချန်လှပ်မနေပါနဲ့ ..၊ လက်ထပ်တာ ဘယ်လိုပဲထပ်ထပ် လက်ထပ်ပြီးရင် လင်မယားပဲ .."

စက် မျက်နှာမှာ တင်းမာမှုတွေ သိသာစွာ ဖြစ်ထွန်းသွားသည်။ သူ့အနာဂတ် ရည်မှန်းချက်တွေတိုင်းမှာ ကြင်ဖက်ချစ်သူဆိုတာ မပါခဲ့ပေ ..။

ဇနီးတစ်ယောက်ဆိုတာကို သူ့ဘဝအတွက် လိုအပ်ချက်တစ်ခုအဖြစ် ဘယ်တော့မှ တောင့်တလာဖွယ် မရှိဟု ယုံကြည်ထားခဲ့သမျှ..၊

"အဲဒီစကားတွေကို မကြားချင်ဘူး ..၊ ငါ့ကို မင်းရဲ့ခင်ပွန်းအဖြစ်၊ မင်းက ငါ့ရဲ့ဇနီးမယားလို အဲဒီ အပြောမျိုးတွေကို အထူးတလည် ရှောင်ရှား ပြော .."

"ကိုကို့ .."

စက် က သူမကို ပခုံးချင်း မထိတထိ ပွတ်ကပ် ရှောင်ထွက်သွား၏။ ဘောဘီ အတင်းပြန်လိုက်ကာ ...

"ကိုကို ဘောဘီ့ ကို လက်ထပ်တယ်ဆိုပြီး ဘယ်လိုအခိပ္ပာယ်တွေ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ဖော်နေတာလဲ ပြောပါဦး ..၊ ဘောဘိ က ဒီအိမ်မှာ ဘယ်လို အနေအထားနဲ့ နေရမှာလဲ ..”

“မနေနိုင်တဲ့နေ့ မင်း အချိန်မရွေး ထွက်သွားလို့ ရတယ်”

“ကိုကို့ ..”

သူက ခြေလှမ်းမရပ်ဘဲ ဒီတိုင်း တောက်လျှောက်သွားနေရင်း ပြောသည်။

ဘောဘီ ပြေးလိုက်ရင်း မောလာတော့ ကိုယ့်ခြေထောက်ကို ခလုတ် တိုက်ပြီး ဟပ်ထိုးလဲ၏။

ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် ထိန်းရင်း လက်က သူ့ခါးကို အမိ လို ဖက်လိုက်ပြီး ဖြစ်သွားရင်း ...

“ကိုကိုက ဖြည်းဖြည်းသွားပါလား ..”

ပစ်စလက်ခတ်ကြီး ဖက်ပစ်လိုက်မိသဖြင့် ဘောဘီ ရှက်ရှက်နှင့် လှူးလဲပြန်မတ်ကာ ဘာပြောမိမှန်းတောင် မသိ ..၊ သေချာ စွဲကျန်ခဲ့တာ က သူ့ကိုယ်က ရေမွှေးနံ့ ..။

ထိုအခါကျမှ စက် ၏ ရှေ့ဆက်မရတော့သည့်ခြေလှမ်းတွေ ရပ် တန့်ကုန်လေသည်။

“တောက် .. ဗရုတ်သုတ်ခနဲ့ကွာ ..”

“ဘောဘီ တမင်လုပ်တာမှ မဟုတ်တာ ..”

“ယုံစရာကို မရှိဘူး၊ မင်းလို မိန်းကလေးမျိုး ..”

“ကိုကို နော် ..”

“ဟော့ .. ခွာခွာနေစမ်း ..”

ကိုယ် တစ်လှမ်းမှ မရွှေ့ရသေးဘဲ သူ တစ်လှမ်းဆုတ်ပြီး အော် လိုက်သဖြင့် ဘောဘီ ရှက်စိတ်တို့ကြောင့် မျက်ရည်တွေ ဝဲလာသည်။

“ဘာဖြစ်လို့ အဲဒီလိုပုံစံ ဆက်ဆံတာလဲ ကိုကို ..၊ ဘောဘီ က အနူအဝဲမို့လို့လား ..”





“ဘောဘီ .. မင်း ..”

သူ့မျက်နှာ ဖျန်းခနဲ ရဲသွားကာ လက်တစ်ဖက် မြှောက်ရွယ်လိုက် သည့်အရှိန်က ဒီတိုင်း ဖြတ်ရိုက်ပစ်လိုက်မည်ဆိုလျှင် ဘောဘီ လွင့်ထွက် သွားမလား မသိ ..။

“တောက် .”

အဲဒီလောက် ဖြစ်သွားဖို့ လိုလို့လား ..၊ သူ့လက်တစ်ဖက် တဖြည်း ဖြည်း ပြန်ကျသွားတဲ့အတိုင်း ဘောဘီ မျက်လုံးတွေ တအံ့တသြ ကပ် တွယ်ပါသွားကာ ...

“ကိုကိုက ရိုက်ချင်တယ် ဟုတ်လား ..၊ အဲဒီလို ပြောလိုက်တဲ့ အပြစ်ကြောင့်လား ..”

“မင်းပါးစပ်ကို ပိတ်ပြီး ထွက်သွားလိုက်စမ်း ဘောဘီ ..၊ သွားဆို သွား ..”

“မသွားဘူး ..၊ ကိုကို အဲဒီလောက်ထိ ဖြစ်နေတာ မုန်းတယ်၊ ဒီနေ့က စပြီး ကြည့် ..၊ စာလည်း ချုပ်မယ်၊ လူကိုလည်း ယူမယ်၊ ကိုကိုက ဘောဘီ ယောကျ်ား၊ ဘယ်တော့မှ ကွဲကွာသွားမှာ မဟုတ်တဲ့ လင်မယားအဖြစ် ရှိနေဖို့ ကိုကို့နားကနေ ဘောဘီ တစ်လှမ်းမှ ရွှေ့မယ် မထင်နဲ့ ..”

“နေလေ .. မင်း ထွက်သွားအောင် ငါ လုပ်ဖို့ မလိုဘူး၊ မင်းကိုယ် တိုင် ဖိနပ်တောင် ပြန်မစီးချင်လောက်အောင် ဖြစ်လာလိမ့်မယ်၊ နောက် ပြန်လှည့်မကြည့်ချင်လောက်အောင် ပြေးချင်သွားဦးမယ်၊ ဒါပေမယ့် ပြောပါ .. မင်း သွားမယ်ဆိုရင် နစ်နာကြေးတော့ ရသွားမှာပေါ့ ..”

မျက်ရည်တစ်စက် ပေါက်ခနဲ ကြွေဆင်းသွားကာမှ ဘောဘီ အကြမ်း တမ်း ပွေ့သုတ်ပစ်ကာ ...

“ဒီနေ့ အားရအောင် ငိုလိုက်မယ် ကိုကို ..၊ ကိုကိုကတော့ ဒီနေ့က စပြီး ပက်စက်ရင့်သီးတဲ့ စကားတွေနဲ့ နှိပ်စက်ဖို့ တိုင်တယ်ချလိုက်ပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဘောဘီပန်ထွာ ဆိုတာ လမ်းမသိရင် ခဏတွေဝေသွားလိမ့်မယ်၊ လမ်းသိပြီဆိုရင် အဲဒီလမ်းမှာ မားသွား လှုံသွားတွေပဲ ရှိနေနေ ..."

ဘောဘီ လှည့်ထွက်သွားတာကို စက် ရဲ့မျက်လုံးတွေ တစိုက်မတ်မတ် ကပ်ပါသွားခဲ့၏။

မျက်လုံးအစုံ ကုတ်ချီထားခြင်းသည် တဖြည်းဖြည်း ပြေကျသွားခဲ့လျက် ရှုပ်ထွေးရီဝေသော မျက်ဝန်းတို့၏ နက်ရှိုင်းခြင်းက ကြာရှည်စွာ ဖြစ်တည်၏။

ပြီးတော့ ကြိတ်၍ရှိုက်သော ပင့်သက်တစ်ရှိုက်၏ နှာကျင်မှုက သူမှလွဲ၍ တခြားလူ နားမလည်နိုင်သော ...၊





## အခန်း(၁၇)

"ဒုန်း ..."

မျက်လုံးတွေ မှိတ်ထားပြီး အိပ်ဖို့ ကြိုးစားနေကာမှ ဘယ်ကအသံကြီးလဲ မသိ ...။

"ဂျစ် .. ဂျွမ် .."

ဘောဘီ ငေါက်ခနဲ ထထိုင်လိုက်မိသည်။ အသံသည် ကိုယ့်အခန်းရှေ့ကလိုလို .. အဝေးကလိုလို ...။

"ဂျိုး .."

နောက်ထပ်အသံကြောင့် ကြက်သီးတွေ ဖျန်းခနဲ ထသွား၏။ ဘယ်ကလဲ ...။

ချက်နှာကြက်က လာတဲ့အသံလား ...၊

နံရံ လေးဖက်စလုံးကလား ...၊

မဟုတ်ရင် ကြမ်းခင်းအောက်က လာတာလား ...။



www.burmeseclassic.com

www.burmeseclassic.com



ကပျာကယာ ပုံစံပြောင်းထိုင်လိုက်ရင်း ဘုရားရှိခိုးမိ၏။ ဒါ… မယ့် အာရုံစုစည်းလို့လည်း မရ …။

"ဒုန်း …"

ဘောဘို ကိုယ်လေး တုန်သွားကာ ခြေထောက်တစ်ဖက်က ခုတ… အောက်ကို ချပြီး ဖြစ်၏။

မကြောက်နဲ့ .. မကြောက်နဲ့ ဘောဘို …၊

ဒီစံအိမ်ကြီးမှာ နင် တစ်သက်လုံး နေသွားရမှာ …၊ စိတ်ကိုတင်… တံခါးနားကို ကပ်လာခဲ့မိ၏။

ထမင်းစားခန်းဘက်ကို တစ်လှမ်းချင်း နင်းဖြတ်သွားရင်း ကြ… တွေလား .. ဘာလား နားစွင့်ကြည့်သည်။

ထမင်းစားခန်းဆိုပေမယ့် ထမင်းအိုးလေးတစ်အိုးနှင့် ကြက်သ… ကြော် သုံးတုံးပါသည့် ဟင်းပန်းကန်တစ်ချပ်ကို စားပွဲပေါ်မှာ အု… ဆောင်းနဲ့ အုပ်ထားတာပဲ ရှိသည်။

တခြားကြွက် လာစရာအကြောင်း ဘာမှလည်း မရှိ …။

ကိုယ့်အတွက်ဆိုသည့် အခန်းငယ်တိုင်းမှာ လျှောက်ပတ်ကြည့်… မယ့် ဘာသံမှလည်း မထွက်တော့ဘဲ ကြားလိုက်ရသည့်အသံတွေ… ဘယ်လိုသုံးသပ်ရမှန်းလည်း မသိတော့ပါ …။

"ဟီး .. ဟီး .. ဟီး .."

"ဟင်!…"

ဘောဘို စိတ်ခုံးခုံးချ၍ ခုတင်ဆီ ပြန်လာမလို့ ခြေလှမ်းပြင်လို… ကာမှ နားထဲမှာ ခပ်သဲ့သဲ့ ကြားလိုက်ရတာ ညည်းသံကြီး …။

ဟုတ်ရဲ့လား …၊ ငိုညည်းသံလား .. လူညည်းတာလား …။

နောက်ထပ် ဒီအသံကိုကြားလိုက်ရမှ စိတ်ကမခိုင်တော့ဘဲ ဘော… အပြင်ကို ထွက်ခဲ့မိ၏။

ညှိခန်းနှင့် ဘေးနှစ်ဖက် ခန်းမွဲ့ကျယ်နှစ်ခုမှလွဲလျှင် စကြံလ…





လေးတွေသာရှိကာ သိပ်မကျဉ်းပေမယ့် ညဘက်, တိတ်ဆိတ်ခြင်း ကြောင့် ချောက်ချားဖွယ် ဖြစ်နေသည်။

ထို့ပြင် မီးတွေ တောက်လျှောက်ဖွင့်ထားတာတောင် တစ်ဖက် ထိပ်ကနေ တစ်ဖက်ထိပ်ကို လှမ်းကြည့်လိုက်လျှင် တစ်ဖက်အဆုံးထိ မြင်ရတယ် မရှိ …။

ကိုကို အိပ်နေပြီလား …၊ ဒါမှမဟုတ် နောက်ထဲ ဝင်သွားသလား၊ အသံကတော့ အခန်းထဲ တစ်ခုခုက ဖြစ်ဖို့ရှိကာ သူမ သွားရှာကြည့်သင့် သလား …၊ တစ်ညလုံး ဒီထဲမှာပဲ ငုတ်တုတ်ထိုင်နေရမလား …။

စဉ်းစားတာက သပ်သပ် ပါးစပ်ကလည်း ပရိတ်ရွတ်နေမိသဖြင့် ဉ်းစားတာကလည်း မပေါ၊ ပရိတ်ရွတ်နေရတာလည်း ဟိုရောက် ဒီရောက် …။

ကြောက်လွန်းတော့ ပုန်းမနေရဲဘဲ ဖြစ်နေတာမျိုး …၊ ဘောဘို ငိုချင်သလိုလို .. ရယ်ချင်သလိုလိုနှင့် နောက်ဆုံး ကိုကို ဘယ်မှာလဲ ဆိုတာ ရှာဖို့ ဆုံးဖြတ်လိုက်၏။

အရမ်းရက်စက်တယ် ကိုကို …၊ ဘောဘို ကို ကိုကို တကယ်ပဲ ဘယ်တော့မှ မကြင်နာနိုင်တော့ဘူးလား …။

ခြေလှမ်းတို့နှင့်အပြိုင် မျက်ရည်တွေ တပေါက်ပေါက် ကျလာကြ သည်။

မငိုတော့ဘူးလို့ ဘယ်လိုဆုံးဖြတ်ကာ တင်းထားလည်း မျက်ရည် တွေက သူ့ကွယ်ရာမှာတော့ သစ္စာမဲ့နေကြပါလား …။

နောက်ထပ် ဘယ်လို ကြိုးပမ်း ဖည်းရုံးပါစေ ဒီအိမ်က ဒီလူတွေရဲ့ ဘနာငဲ့ညှာမှု၊ ချစ်ခင်ကြင်နာမှုဆိုတာတွေ ဘယ်တော့မှ ဖြစ်မလာနိုင် တော့ဘူးဆို နင် ဘာလုပ်မလဲ …။

"အပာမ်း .."

ချောင်းဟန့်သံသဲ့သဲ့လေး ကြားလိုက်သဖြင့် ဘောဘို ခြေလှမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



တုံ့ခနဲ ရပ်သွားသည်။ ဒါ ကိုကို့အသံပဲ..၊ ဝမ်းသာအားတက်ကာ အသံ ကြားလိုက်သည့် အခန်းရှေ့ရောက်အောင် သွားမိသည်။

အထဲမှာ မီးဖွင့်ထားလား .. မဖွင့်ထားဘူးလား ..၊ နည်းနည်းလေး မှ ကြည့်လို့မရဘဲ ဘေဘီ တံခါးခေါက်လိုက်၏။

"ခေါက် .. ခေါက် .."

အထဲက တုံ့ပြန်သံ ဘာမှမကြားရပေ ..။

နောက်ပြန်လှည့်ကြည့်လိုက်တော့ တစ်ဖက်စွန်းမှာ မှောင်ရိပ်ဖုံး နေသည့် စင်္ကြံလမ်းရှည်နှင့် ရှေ့မှာတော့ အနီရောင်ရင့်နေသည့် ဧည့်ခန်း ၏ အစွန်းအစ ..။

"ခေါက် .. ခေါက် .."

"ကိုကို့ .. ကိုကို .."

ကြောက်သည့်စိတ်နှင့် မရမကခေါ်ထုတ်ဖို့ ဆုံးဖြတ်လိုက်ပေမယ့် ငိုသံပါနေပါပြီ ..။

"ကိုကို ဘေဘီ့ ကို တံခါးဖွင့်ပေးပါ..၊ ဘေဘီ မအိပ်ရဲဘူး .. ကိုကို ကြားလား .."

တိတ်ဆိတ်နေသည့် တုံ့ပြန်မှုကို နားစွင့်ရင်း .. ခေါ်နေရင်းနှင့် ဘေဘီ နှုတ်ခမ်းလေး ကိုက်ထားမိသည်။ နောက်ဆုံးမှာ တံခါးကို ဒုန်း ခနဲ ထုပစ်လိုက်ရင်း ...

"ကိုကို အရမ်းရက်စက်တယ် သိလား ..၊ လုပ်ပါ .. ကိုကို နေနိုင် သလို နေ .. ဘေဘီ ဟိုအဝေးကြီးမှာ တစ်ယောက်တည်း သွားပြီး ငုတ်တုတ်ထိုင်နေရမယ့်အတူတူ ဒီမှာပဲ နေမယ်၊ ဒီနားမှာပဲ အိပ်မယ် ကိုကို အေးဆေးအိပ်ပေ့ါ .."

ပြောလည်းပြော ငိုလည်းငိုနှင့် ဘေဘီ တံခါးကိုမှီရင်း ငုတ်တုတ် လေး ထိုင်ကျသွားသည်။ ပြီးတော့ ကြိတ်၍ ရှိုက်နေရင်း ရှိုက်သံတွေ တစစ ကျယ်လာကာ ချုံးပွဲချ ငို၏။





ထိုစဉ် တံခါးလော့ခ်ဖြုတ်သံ ကြားလိုက်သဖြင့် ဘေဘီ ကျော ... ကော့ထားမိသည်။ တံခါးပွင့်သွားတော့ တံခါးနဲ့ပါမသွားဘဲ သူမ ... န်းကို ကျောပေး၍ ထိုင်လျက်ပုံလေးအတိုင်း ကျန်ရစ်ကာ ...

"အဲ့ဒါ ဘာဖြစ်နေတာလဲ .."

ဘေဘီ ကမန်းကတန်း ထရပ်လိုက်ပြီး သူ့မျက်နှာကို မော့ကြည့် ...ည်။ မျက်ဝန်းအိမ်ထဲမှာ ပြည့်လျှံနေသည့် မျက်ရည်မိုးတိမ်တို့ကြောင့် ...က်နှာကိုတောင် သဲကွဲစွာ မမြင် ..။

"ကိုကို အရမ်းကို ရက်စက်တယ် သိလား .."

"မင်းကို ကြင်နာ ယုယပါ့မယ်လို့များ ကတိပေးခဲ့ဖူးလို့လား..၊ ...မ် .. ငါ့ပိုင်နက်ထဲကို ရောက်လာရဖို့အကြောင်းတွေ မင်းပဲ ဖန်တီး ...၊ ငါ ဘယ်လိုနေတဲ့ကောင်လဲ ..၊ ဘယ်လို စိတ်ဓာတ်မျိုးရှိသလဲ.. ...မှမသိခဲ့ဘဲ မင်း အရူးထတာတွေ .."

"ဟုတ်တယ် .. ဘေဘီ့ ကြောင့်ပါ ..၊ ဒါပေမယ့် .."

"ဆောရီးပဲ ဘေဘီ .. မင်းကို ဒီခြံမြေထဲကိုပဲ ကျူးကျော်ခွင့် ...ခဲ့သေးတာ၊ မင်းနဲ့ ငါ လက်ထပ်စာချုပ်တောင် မရှိသေးဘူး၊ အဲဒီ ...့ မင်း အဆင်ပြေသလို နေ၊ ပြေတာ မပြေတာလည်း မင်းကိုယ် ...ပဲ တာဝန်ယူ .."

"ကိုကို့ .."

ဘေဘီ က သူ တံခါးပိတ်တော့မည့်လက်ကို ဖမ်းဆွဲထားလိုက်ပြီး ...က်ကို မလွှတ်ဘဲ အခန်းထဲကို ဝင်ပစ်လိုက်၏။

"လက်ထပ်ပြီးရင် ဘေဘီ့ ကို အတူတူနေခွင့် ပေးမှာလား ..၊ ...ဆိုရင် လက်ထပ်မယ်လေ ကိုကို .. ဘေဘီ တို့ လက်ထပ်ကြမှာပဲ ...တ်ဘူးလား .."

"ကျွတ်!..."

စက် မျက်နှာ မဲ့သွားကာ ဘေဘီ ကိုင်ထားသည့်လက်ကို ဖယ်ပစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ ကျောခိုင်းရပ်လိုက်လျှင် ဘောဘီ က သူ့ခါးကို နောက်ကနေ တအားကျူးဖက်ထားလိုက်ပြီး ...

"ဘောဘီ .. ကိုကို့ကို အရမ်းချစ်တယ် .."

"ဘောဘီ .. ကျွတ် .. ဖယ်စမ်း .. လွှတ်စမ်း .."

"ဟင့်အင်း .."

ဘောဘီ သူ့ကျောပြင်မှာ ပါးလေးတစ်ဖက် ကပ်ထားပြီး တွင်တွင်ခေါင်းခါ၏။

စက် က သူ့ရင်ဘတ်အောက်မှာ ပူးယှက်ဖိဆုပ်ထားသည့် ဘောဘီ့လက်ဖဝါးလေးတွေကို မရမက ဖြေချကာ မျက်နှာချင်းဆိုင် လှည့်၏။

ဘောဘီ သည် ဖြူဝင်းချောမွေ့နေသည့် မျက်နှာကို မော့ငေးနေလျက် ...၊

စက် က ငုံ့မိုးကြည့်၍ စိတ်ပျက်စွာ ...။

"မင်း ဘယ်လိုမိန်းကလေးလဲ .."

"ကိုကို့ကို ချစ်တယ် .."

"မင်းကို ငါ ဘယ်တော့မှ ချစ်လာမှာ မဟုတ်ဘူး .."

"ချစ်လာမှာပါ ...၊ ကိုကို့အချစ်ကို မရသရွေ့ ဘောဘီ ကိုကို့နားကခွာမယ်ထင်လို့လား .."

"ခုပဲ မင်း ဒူးနဲ့မျက်ရည် သုတ်နေရပြီ၊ မင်းကို ငါ လက်ထပ်ရမယ့် မဖြစ်မနေ အကြောင်းတစ်ခုကလွဲရင် အဲဒါမတိုင်ခင် မင်း ထွက်သွားချင်လာအောင် ငါ ဘာတွေလုပ်မယ် ထင်လဲ .."

"ကိုကို ဘာထပ်လုပ်ဦးမှာလဲ ...၊ ဘောဘီ ကို အခန်းထဲ ထည့်ပိတ်ပြီး အစာငတ် ရေငတ် ထားမလား ..။ သရဲတွေ စုပြုံထည့်ပြီး ကြောက်လန့်သေသွားအောင် လုပ်မှာလား .."

ဘောဘီ ပြောနေတာကို နားထောင်ရင်း စက် ရဲ့မျက်ခုံးထူထူတွေ စုကုတ်သွားခဲ့၏။





"အခု အသံတွေ မျိုးစုံပေးပြီး ခြောက်လှန့်တာ ဘောဘီ က မသွား ...ဆိုလို့ အကောင်အထည်ကြီး ပြတော့မှာလား ...၊ ခုနက ကြောက်ခဲ့ ...မယ့် အဲခု သိသွားပြီမို့လို့ မကြောက်တော့ဘူး ကိုကို၊ ကိုကိုက ...င်နိုပ်စက်တာဆိုရင် နည်းလမ်းရှိသရွေ့ လုပ်လိုက်ပါ၊ ဘောဘီ လို ...တာ ကိုကိုနဲ့ အတူနေခွင့်ပဲ .."

"ဘောဘီ .."

စက် က ဘောဘီ့ မျက်နှာလေးကို စူးစိုက်ကြည့်ကာ ...

"မင်းကို ငါ ဘယ်တော့မှ မချစ်နိုင်ဘူးဆိုတဲ့စကားကို ငါက ...တွေပြပြီး အားရကျေနပ်စွာ ကြွားဝါပြောနေတယ်လို့ ထင်နေ ...လား .."

"ဒါတော့ ကိုကိုပဲ သိမှာပေါ့ .."

မီးရောင်ကို ကျောပေးထားပေမယ့် အခန်းထဲမှာ ဖွေးထိန်နေ ...ခြင့် သူ့မျက်နှာကို ဘောဘီ ရှင်းလင်းစွာ မြင်နေရသည်။

ဘောဘီ့ မျက်နှာလေးကိုတော့ အလင်းရောင်ထဲကအတိုင်း သူက ...နေရကာ ...

"မင်းကို ငါ့ရဲ့လျှို့ဝှက်ချက်တစ်ခု ပြောပြမယ်၊ အဲဒါကို နား ...ောင်ပြီးမှ မင်း ငါ့နားမှာပဲ နေမယ်ဆိုတဲ့ ဆုံးဖြတ်ချက် မှန်မမှန် ...ဦးစား .."

ဘောဘီ မျက်နှာလေး ကွက်ခနဲ ပျက်သွားသည်။ သူက ပြုံးတာ ...ည်း မဟုတ်ဘဲ ပိုင်နိုင်သည့်အကြည့်စူးရှူးတို့နှင့် ဘောဘီ့ မျက်နှာ ...ောင်းလဲသွားတာကို စိုက်ကြည့်သည်။

'ဘယ်လိုလဲ နားထောင်ရဲလား ..' လို့ မေးနေတာမျိုး ...။

"ငါ့မှာ မိန်းမရှိတယ်" လို့ ပြောလိုက်မှာလားဆိုသည့် အတွေးနှင့် ...ဘီ ရင်ခုန်သံတွေ ဆောင့်ခါလာတာကို ကိုယ့်ကိုယ်ကိုယ်ပဲ သိသည်။ ...ဉ် တစ်ဝက်လောက်ပွင့်နေသည့် တံခါးအပြင်ဘက်မှာ ဦးမေခင်



www.burmeseclassic.com

www.burmeseclassic.com



မောင် မျက်နှာကြီး ပေါ်လာ၏။

"မအိပ်ကြသေးဘဲ ဘာလုပ်နေတာလဲ .."

ဘယ်သူ့ကို မေးမှန်း မသိသည့် မေးခွန်းက နှစ်ယောက်စလုံးကို ကြည့်သည့်မျက်လုံးတွေကြောင့် ဘယ်သူမှ ဖြေသံမထွက် ..။

"အိမ်မှာ .. လူမမာရှိသေးတယ်"

ဆိုသည့်စကားကို ပြောပြီးမှ ဘောဘီ ကို ကြည့်၍ ...

"မင်းရဲ့အသံကို ကြားနေရလို့ သျှန် မင်းအခန်းထဲ ရောက်နေတယ် ထင်တာ ..၊ ပြောင်းပြန်ပါလား .."

ဒီလူကြီးနဲ့ပတ်သက်၍ အရှုံးပေးလိုက်မည်ဆိုသည့် ဆုံးဖြတ်ချက်တော့ ဘယ်တုန်းကမှ မချခဲ့ဘူးသည်ဖြစ်ရာ ...

"အစတည်းက ကိုကို နဲ့ ဘောဘီ တို့အဖြစ်က ဇောက်ထိုးမိုးမျှော် အနက်ကယ်လ် ..၊ စုပါနေထရယ်လ်ပေါ့ .."

"ဟွန်း .."

ဦးမောင်မောင် က ဆတ်ခနဲ ခေါင်းညိတ်ပြီး အခန်းထဲကို တည့်တည့် ရင်ဆိုင်ရပ်လိုက်ရင်း ...

"အဲဒီလို စတန့်တွေ မင်း သဘောကျတယ် ထင်တယ်၊ ဒါပေမယ့် သဘာဝဖြစ်ရပ်တွေထဲကနေ ဖောက်ထွက်ကျူးလာရင် အဲ့ဒါ ခဏ တစ်ဖြုတ်ပဲ .."

"ဟုတ်တယ် .. အဲ့ဒါကြောင့် ဘောဘီ နဲ့ ကိုကို လက်ထပ်ဖြစ်မှာ လေ .."

"ဘာပြောတယ် .."

ဦးမောင်မောင် ဒေါကန်သွားပုံက လိုတာထက် ပိုနေသလိုပင်.. ဘောဘီ ကလည်း တစ်ဖက်မှာ သည်းခံနေရသမျှ ဒီလူကြီး တစ်ဖက် စောင်းနင်း ပြောတတ်ပုံကိုပါ မခံရပ်နိုင် ဖြစ်နေခဲ့ရာ ..။

"ပြောပြတာပါ .. ခဏတစ်ဖြုတ် သာယာသွားတယ်ဆိုရင်လည်း





ဒီခဏတစ်ဖြုတ်မှာ ဘောဘီ လိုချင်ကာ ရလိုက်တဲ့အတွက် ကျေနပ် ရမှာပဲလေ .."

"အဲ့ဒါဖြစ်ရာပဲ..၊ အင်း .. မင်း ဒီလိုမိန်းကလေးမို့လို့လဲ 'နန်းမဟာ' ခြံမြေထဲထိ ပါလာနိုင်တာ၊ ဒါပေမယ့် မင်းရဲ့ရည်ရွယ်ချက်တွေ အထ မြောက်သေးဘူးဆိုတော့ ကျေနပ်စရာတော့ မဟုတ်သေးဘူး .."

ဦးမောင်မောင် က စက် ရဲ့မျက်လုံးတွေ စူးရဲနေတာကို ဖျတ်ခနဲ ပြန်စိုက်ကြည့်၏။ ပြီးတော့ နှုတ်ခမ်းခပ်မဲ့မဲ့နှင့် ပြုံးသည်။ ပြီးမှ ဘောဘီ ကို ခပ်စွေစွေ ပြန်ငဲ့ကြည့်၍ ...

"အဲဒီတော့ .. အခု မင်း နေရမယ့်နေရာကို သွားလိုက်ပါ"

"ဒီလောက် မှောင်မိုက်ကြီးကျယ်နေတဲ့အိမ်ထဲမှာ ဘောဘီ မအိပ်ရဲဘူး .."

"မင်းကို ဘယ်သူ ခေါ်လာလို့လဲ .."

"ကိုကို ခေါ်လာတာလေ ..၊ ဘောဘီ မျက်လုံးဖွင့်ကြည့်တော့ ဒီထဲ ရောက်နေတာ .."

ဦးမောင်မောင် နှုတ်ခမ်းသားတွေ တင်းခနဲ ဖြစ်သွားသည်။

"မင်း ဘယ်လိုပဲ ပါလာလာ .. ကားပေါ်ကို ငှက်ချေး ပါချလိုက်ရင်တောင် ဒီကား အိမ်ပြန်မောင်းလာရင် ချေးတွေလည်း အိမ်ထိ ပါလာမှာပဲ၊ အဲ့ဒီတော့ ဖြစ်စဉ်ကို ဖယ်ပြီး စည်းကမ်းအတိုင်း ပြောမယ်၊ မင်း ခုချက်ချင်း ဒီထဲက ထွက်မလား .. ငါ ဆွဲထုတ်ရမလား .."

"အနက်ကယ်လ်က ကိုကို့ ရှေ့မှာ ဘောဘီ ကို ဆွဲထုတ်မလို့လား.."

ခါးနှစ်ဖက်ထောက်ကာ ခပ်နွဲ့နွဲ့ ရပ်ကြည့်နေသည့် စက် ကို နှစ်ယောက်စလုံး လှည့်ကြည့်မိကြသည်။

စက် ရဲ့မျက်နှာက တည်ငြိမ်နေကာ ဘယ်လိုစကားမျိုး ဝင်ပြောလိုက်မှာလဲဆိုတာကို ခန့်မှန်းဖို့ မလွယ် ..။

ဦးမောင်မောင် က ပြုံးလိုက်ပြီး ပြန်လှည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... မင်းက မသွားနိုင်ဘူးလို့ ပြောလိုက်တာပေါ့ ..."

မေးခွန်းဆုံးသည်နှင့် ဖျတ်ခနဲ ရွေ့လိုက်သည့်ခြေလှမ်းက အခန်း ထဲကို ချဉ်းနင်းဝင်ပြီးဖြစ်ကာ ဘောဘီ လက်လေးကို ဖျတ်ခနဲ ဆုပ်ကိုင်သည်။

"ကိုကို့ ..."

ဘောဘီ က မိန်းကလေးပဲဖြစ်ကာ သူများအိမ်ရာထဲမှာလည်းဖြစ် လျက် အနိုင်မခံ အရှုံးမပေး ပြောနိုင်ရှုံကလွဲ၍ ...

"အ!..."

မညှာမတာ ဆွဲခေါ်လိုက်သဖြင့် ဘောဘီ့ ပခုံးလေးတစ်ဖက် တံခါး ဘောင်နှင့်တိုက်ကာ အဆမတန် နာကျင်သွား၏။ စက် ကို ခေါ်ရှုံသာ ခေါ်နိုင်ပြီး လှည့်တောင်မကြည့်လိုက်ရဘဲ အခန်းပြင်ကို ဒယိမ်းဒယိုင် လေး ပါသွားခဲ့သည်။ ထိုစဉ် ...

"ဦးမောင် နေဦး ..."

စက် ကို ပြန်လှည့်ကြည့်လိုက်တော့ တံခါးမှာ ရပ်နေလျက်ရှိ ကာ ...

"သူ့ကို ခေါ်မသွားပါနဲ့ ..."

"ဘာ!..."

"ထားခဲ့လိုက်ပါ .."

"သျှန် .. မင်းက ငါ့ကို ကလေးထိန်းတစ်ယောက်လို့ အမိန့်ပေး နေတာလား .."

စက် ရဲ့မျက်နှာက မလိုအပ်ဘဲ ပြောဆိုနေရတာကို စိတ်ပျက်သွား တာမျိုး ...။

ဘယ်မျက်နှာကိုမှ မကြည့်ဘဲ မျက်တောင်တွေ ဖိပိတ်ခတ်လိုက် ပြီးမှ ပြန်ကြည့်ကာ ...

"ခေါ်ထုတ်မသွားဖို့ပဲ ကျွန်တော် ပြောနေတာ .."





ဦးမောင်မောင် က မချင့်မရဲ ဒေါသများနှင့် သူ့မျက်နှာကို အတန် ကြာအောင် စိုက်ကြည့်နေ၏။ ပြီးတော့မှ ဘောဘီ့ လက်လေးကို လွှတ်ချ ထားလိုက်ကာ ...

"သူ့ကို မပြောရရင် ငါ မင်းနဲ့ပြောဖို့ ရှိလာပြီ၊ ခဏလိုက်ခဲ့.."

ပြတ်တောက်သည့်စကားသံတို့နှင့် ချာခနဲ လှည့်ထွက်သွားသည်။

"ဒီည မလာနိုင်ဘူး .."

ဦးမောင်မောင် ကျောခိုင်းလျက်သားနှင့် ခြေလှမ်းတုံ့သွားသည်။ ပြန်လှည့်ကြည့်လိုက်တော့ စက် က အထဲဝင်သွားပြီ ဖြစ်၏။

မိန်းမတစ်ယောက်နဲ့ ပတ်သက်မိခြင်းရဲ့ အစလား ..။

ဦးမောင်မောင် မျက်နှာကြီး တင်းမာခြင်းထက် ပိုမိုကာ ...

မင်းကလည်း အာဏာသျှန် ..၊ ငါကလည်း ကြံ့တိုင်းအောင်တဲ့ မောင်မောင် ပဲ ..၊ ပဋိပက္ခဆိုတာကတော့ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

"မင်း အခု ဘာလုပ်မှာလဲ .."

"ဒီအခန်းထဲမှာပဲ နေချင်တယ် .."

ဘောဘီ ကို သူ စိုက်ကြည့်နေပြီးမှ မျက်နှာလွှဲသည်။ ဘာမှမပြော
ဘဲ ငြိမ်သက်နေပြီးမှ ...

"ဟို ဗီရိုထဲမှာ ညာဘက်ခြမ်းက အိပ်ရာခင်းနဲ့ စောင်တွေ ရှိတယ်
သွားယူပြီး ကြိုက်တဲ့နေရာမှာ အိပ် .."

"ဘောဘီ က ကြမ်းပေါ်မှာ အိပ်ရမှာလား ..၊ မွေ့ရာမရှိဘဲ မအိ
တတ်ဘူး"

ကျောခိုင်းလိုက်ပြီးမှ သူ ပြန်လှည့်ကြည့်သည်။ ပြီးတော့ ဖျတ်ခ
ပြန်လှည့်သွားကာ သူ့ခုတင်ပေါ်က မွေ့ရာထူကြီးကို မရမက ဆွဲထုတ်
ပြီး ကြမ်းပေါ်ရောက်အောင် ဆွဲချ၏။

မင်း ဒီပေါ်မှာ လာအိပ်ဆိုတာ မရှိ ..၊ မအိပ်နိုင်ရင် ထွက်သွား
လည်း မနိုင်းတော့ဘဲ သူ လုပ်ကိုင်နေပုံက တစ်ယောက်ယောက်ကို
ရှဲ့နေတာလိုလို ..။





ဘောဘီ သူနဲ့ ရန်ဆက်ဖြစ်ရဦးမှာလို့ ထင်ခဲ့တာပါ။ ခုတော့ ထူး
ဆန်းနေသည့်မြင်ကွင်းကို ဒီတိုင်းပဲ ရပ်ကြည့်နေမိကာ သူနဲ့ တစ်ခန်း
တည်းမှာ နေခွင့်ရလိုက်သည့်အတွက် ကြည်နူးလို့ မဆုံး ..။

"ကိုကိုက ဒီတိုင်း အိပ်မှာလား .."

မေးတော့လည်း မဖြေ ..။

အိမ်ကြီးကို နန်းတော်ကြီးလိုဆောက်ပြီး လူလေး နှစ်ယောက်
သုံးယောက်နှင့် အလုပ်သမား မထား။ မိသားစုဝင် မရှိ ..၊ ဒီလိုနေလာ
ခဲ့ရတဲ့ပုံစံ. ဝင်သွားတာလား ..။

မာနကြီးတတ်တာ ဝမ်းတွင်းပါ အကျင့်တစ်ခုလား ..။

"မင်း ဒီတစ်ခါ ထပ်ရွှေ့ဖို့ မကြိုးစားနဲ့ .."

"ဟင်!... ကိုကိုက ဘယ်ကိုလဲ .."

တံခါးဆီကို ခြေဦးလှည့်ထားပြီး ပြန်ကြည့်သည့်မျက်ဝန်းတို့သည်
နက်သည့် မျက်တောင်ဖျားတို့ ဝန်းရံခဲ့လျက် ဒေါသတွေနဲ့ စူးတောက်
နေတော့ ပိုချောနေသလိုပင် ..။

သူ့ကို ငေးမိသွားတိုင်း အရာခပ်သိမ်းသော သက်ရှိတို့ဟာ သူ့မ
တွက် သက်မဲ့ရုပ်တွေလို အခိပ္ပာယ်မဲ့သွားခဲ့ပြီး ...

"ထွက်သွားဦးမလို့လား ကိုကို .."

"ဘောဘီ မင်း နောက်ထပ်ပြဿနာရှာရင် ဦးမောင် ဆွဲထုတ်မှာ
ဟုတ်ဘူးနော် .."

"ကိုကိုလည်း ဆွဲမထုတ်ပါဘူး ..၊ ကိုကို ဘယ်လိုနေနေ .. ကိုကို့
င်ထဲမှာ အဲဒီလိုလုပ်ပစ်လောက်တဲ့အထိ ရက်စက်ယုတ်မာတဲ့စိတ် မရှိ
ူး၊ အဲဒါ ဘောဘီ သိတယ် .."

"ဘာလဲ .. လက်တွေ့ သိချင်တာလား .."

"ဟင့်အင်း .."

ဘောဘီ က ခေါင်းခါလိုက်ပြီး မွေ့ရာနဲ့အတူ လုံးထွေးပါလာသည့်



www.burmeseclassic.com

www.burmeseclassic.com



မွေ့ရာခင်းနဲ့ ခေါင်းအုံးတွေ၊ စောင်တွေကို သိမ်းကျုံးမွေ့လိုက်၏။

"ဘာလုပ်တာလဲ .."

"ကိုကို သွားလေ ..၊ ဘောဘီ ဘာမှမပြောရင် ပြီးရောပေါ့၊ ကိုယ့်လည်း ဘောဘီ ကို ဒီထဲက ဆွဲမထုတ်ရတော့ဘူး .."

စက် ရဲ့မျက်ခုံးနှစ်ဖက် ဆတ်ခနဲ တွန့်သွားသည်။ ဒီကောင်မလေး ဘာလုပ်ပြန်ပြီလဲ ..။

ကြည့်လိုက်တော့ စောင်တွေကို မေးဖျားလေး မော့နေအောင် ဖက်ထားကာ သူနဲ့ မျက်လုံးချင်းမဆုံအောင် မျက်တောင်ဖျားလေးတွေ စင်း၍ ဘေးလွှဲထား၏။

"ငါသွားတဲ့နေရာ မင်းက လိုက်မယ် .. ဟုတ်လား .."

"ဟုတ် .."

"ဘောဘီ .."

"ဟင် .."

"မင်း ငါ့ကို ယောကျ်ားတစ်ယောက်လို သဘောမထားတာလား .. မင်းကိုယ်မင်း တန်ဖိုးထားရမှန်း မသိတာလား .."

"နှစ်ခုစလုံး သိတယ် .."

"တစ်ခုမှမသိလို့ မင်း ထင်သလို ပြော ..၊ ထင်သလို လုပ်နေတာ .."

"အဲဒီလို တစ်ခုမှမသိတော့အောင် ရူးသွပ်နေပြီဆိုရင်လည်း ကိုကို့ကြောင့်ပဲ .."

"ဘာကွ! .."

"ဟုတ်တယ် .. ကိုကို ပြေးလွှန်းလို့ လိုက်နေရတာနဲ့ အမောဆို့ပြီး ရူးတာ .."

"ဘောဘီ .. စကားကို တည်တည်တံ့တံ့ ပြောစမ်း .."

"ဪ .. ဒီထက် တည်တာတောင် ဒီလောက် တည်မှာမဟုတ်ဘူး .."





ဘောဘီ ဆိုတဲ့ ကောင်မလေး ပြောလေကဲလေ ..၊ ဘာလဲ ရွဲ့နေတာလား ..၊ တကယ်ကို ပြောရဲနေတာလား ..။ သူမနဲ့ မြတ်နိုး ကို ယှဉ်ကြည့်မိတော့ ဘာမှမဆိုင်ဘူးဆိုသည့် အဖြေပါ ထွက်လာခဲ့၏။

ညီအစ်မပေမယ့် မြတ်နိုး က ဘောဘီ လို ကလေးဆန်ပြီး သွက်လက် ရဲတင်းတာမျိုး မဟုတ် ..။ လိုချင်တာကို မရမက ခြေကန်ပူဆာတတ်သည့် ကလေးတစ်ယောက်၏ ညာဉ်မျိုး ဘောဘီ မျက်နှာလေးပေါ်မှာ ရှိနေသလို မြတ်နိုး က ဒီလိုမဟုတ်ပေ ..။

သူမကို ဘယ်မှာတွေ့တွေ့ သူငယ်ချင်းတွေ ပါလာတတ်ကာ သူ့နေ့ထိ ရောက်လာပြီဆိုလည်း အုပ်စုလိုက် ..။

ထို့ပြင် သူတစ်ယောက်တည်း ရှိသည့်နေရာတွေကိုသာ ရောက်လာတတ်ကာ ဘောဘီ လို စူးရဲသည့်မျက်လုံးလေးတွေနှင့် တွေ့မရှောင်တင်ရာပြောရဲတဲ့အထိ သတ္တိမျိုး မရှိတာလည်း သေချာသည်။

တလက်လက် တောက်ပနေသည့် မျက်ဝန်းတို့ကို ငုံ့မိုးကြည့်ရင်းက် စိတ်ပျက်သည့်မျက်နှာကို ဆတ်ခနဲ လှည့်ပစ်သည်။

"ဒီမှာ ကိုကို .."

ဘောဘီ က စောင်တွေ ပိုက်ထားလျက်နှင့် သူ မျက်နှာလှည့်ပစ်သည့်ရှေ့ကို ရောက်လာကာ ...

"ဘောဘီ ကို အစွမ်းကုန် အထင်သေးလိုက်ပါ၊ ဒါပေမယ့် ဘောဘီ ဟာ က ချောတဲ့ယောကျ်ားလေးတိုင်းကို မျက်စိကျတတ်တဲ့ မိန်းမ မဟုတ်ဘူး ..၊ ရည်းစားတွေထားပြီး ရှုပ်ခဲ့ပွေခဲ့တဲ့ ရာဇဝင်လည်း မရှိခဲ့ဘူး .. ဒါတွေ ကိုကို သိလာမှာပါ"

"မသိချင်ဘူး .. မင်း ဘယ်လိုမိန်းကလေးဖြစ်ဖြစ် ငါ စိတ်မဝင်စားဘူး၊ မင်းလည်း ငါ့ဘေးမှာ အဲဒီလောက် ကြာကြာ နေခွင့်ရမှာ မဟုတ်ဘူး ဘောဘီ ..၊ မိန်းမတစ်ယောက်ကို ချစ်ဖို့ ..၊ မိန်းမတစ်ယောက်အကြောင်း သိလာဖို့၊ မင်း မဟုတ်တဲ့ တခြား ဘယ်မိန်းမအပေါ်မှာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ် ငါ ဘယ်တော့မှ စိတ်ဝင်စားမှာမဟုတ်ဘူး၊ အဲဒီတော့ ငါက မိန်းမတွေကို သဘောကျမှာမဟုတ်တဲ့ ယောက်ျားလို့ မင်း ယူဆလိုက်တော့–

"ဘာဖြစ်လို့ ယူဆရမှာလဲ .."

ဘောဘီ က ပမာမခန့်အပြုံးလေးနှင့် စောင်တွေကို ပစ်စလက်ခတ် လွှတ်ချပစ်သည်။

"ဘောဘီ ကိုကို့ကို စွဲလမ်းခဲ့တာက ဆင်ကန်းတောတိုး ..၊ မျက်ကန်းတစ္ဆေ မကြောက် ..၊ ဘယ်လိုစကားပုံနဲ့ဖြစ်ဖြစ် ဥပမာပြနိုင်တယ် ဒါပေမယ့် နှလုံးသားက ကန်းရင် ကန်းမယ်၊ မျက်လုံးတွေက မကန်းဘူး၊ ခုလို ကိုကိုနဲ့ လက်ထပ်ခွင့်ရနေကာမှ ပိုပြီး မကြောက်သေးတယ် ဘောဘီ ကိုကိုနဲ့အတူတူ နေခွင့်ရဖို့ပဲ ..၊ ကျန်တာ ဘာမှ ဂရုမစိုက်ဘူး–"

"မင်းကို ငါ ပေါင်းသင်းစုံဖက်ကြဖို့ လက်ထပ်မှာ မဟုတ်ဘူး တိုက်ဆိုင်သွားတဲ့ အခြေအနေတွေကြောင့် မင်းလိုမိန်းကလေးကို ပစ်လက်ခတ်ထားခဲ့ပြီး အေးဆေးနေဖို့ မလွယ်တာကိုလည်း နားလည်စေလို့၊ စိတ်ပျက်စွာ လက်ထပ်ရခြင်းပဲ .."

"ဘောဘီ ကတော့ အရမ်းပျော်နေတာ .."

ပြောရဲသည့် မျက်နှာလေးကို မော့ပြလိုက်တော့ မျက်ဝန်းထောင့်မှာ မျက်ရည်တွေ ပြိုးပြက်လက်နေတာ မြင်လိုက်သည်။

စက် ဝမ်းသာသွား၏။ ဒါပေမယ့် ရုတ်တရက် ဆွံ့အသလိုဖြစ်သွားခဲ့ပြီး မျက်နှာလွှဲလိုက်မိတာ ဘာကြောင့်မှန်း မသိ ..၊ ပြီးမှ ပြန်လှည့်၍–

"မင်း ပိုပျော်သွားအောင် ထပ်ပြောဦးမယ်၊ ငါနဲ့ မိုးလင်းတဲ့အထိ အတူတူ ရှိနေခဲ့တဲ့ မင်းရဲ့ဂုဏ်သိက္ခာ နစ်နာမှုအတွက် .."

"ဘာပေးပေး မလိုချင်ဘူး .."

"ဘာပေးပေးဆိုတာ ဘာတွေမှန်း မင်း မသိသေးလို့ပါ၊ ဒါမှမဟုတ် စိတ်ထဲမှာ ကြိတ်ပြီး ဝမ်းသာနေတာလည်း ဖြစ်ရင်ဖြစ်မယ်၊ ကိုယ့်ရဲ့ မိသားစုနဲ့ ခွဲရတာတောင် မင်းမျက်နှာ တစ်ပတ်မညှိုးခဲ့ဘူးဆိုတော့–





ဘောဘီ က သူ့မျက်နှာကို သေသေချာချာ မော့ကြည့်ပြီး မဲ့သည်။

"ဟုတ်တယ် .. ညှိုးဖို့မှ မလိုတာ၊ နိုင်ငံခြားဖြစ်ဖြစ် စကြဝဠာ အပြင်ဘက်ဖြစ်ဖြစ် ဖေဖေတို့ ရှိနေကြရင် ပြီးတာပဲ၊ ဘယ်အချိန် ပြန်တွေ့တွေ့ သူတို့က ကိုယ့်ရဲ့မိသားစုပဲ .."

နှုတ်ခမ်းပါး လျှာပါး နီကြာရဲလေးနှင့် တစ်ခွန်းမှ မကျန်ခဲ့အောင် ချေပနေပုံကို သူ စိုက်ကြည့်နေမိ၏။ လှုပ်လီလှုပ်လဲ့ မျက်ရည်စတို့နှင့် မြိန်းမြိန်းမျက်နှာလေးက ကလေးဆန်သလောက် ငိုသံလေးနှင့် ပြောနေတာမို့ နားထောင်နေရတာ သိပ်အဆင်မပြေ ..။

ဖြစ်နိုင်ရင် 'ခု တိတ်စမ်း' ဆိုပြီး ပါးစပ်ကို လက်နဲ့ဖိကပ်ပိတ်၍ ခွန်းထုတ်ပစ်ချင်လာ၏။ သူမက ပြောနေဆဲ ..။

"ဘောဘီ့ ကို အံ့သြားတိုင်း .. မြင်လိုက်တိုင်း မုန်းတီးနေတဲ့ ယောက်ျားကို ဘောဘီ လက်လွှတ်ခံနိုင်မလား ..၊ အချစ်ဆိုတာကို ထိန်းချုပ် တောင်းရမ်းယူလို့ မရနိုင်သလို ကိုယ့်ကို လက်မခံနိုင်တဲ့ ယောက်ျားကိုရော ဘောဘီ က လက်ထပ်ရအောင်ပါလို့ ပြောတိုင်း အောင်မြင်မှာလား ..၊ အခြေအနေက ဘောဘီ့ နှလုံးသားရဲ့ လိုအပ်ချက်တစ်ခုကို အလိုအလျောက် ဖြည့်ဆည်းပေးလိုက်တာ ကိုကို ..၊ ဒါကို ဘယ်လို အရာနဲ့ဖြစ်ဖြစ် ဘောဘီ လဲယူမှာပဲ .."

"ငါကလည်း မင်း ထွက်သွားဖို့အတွက် ဘယ်လိုအရာနဲ့လဲပြီး နှင့်လွှတ်ရ လွှတ်ရ .. မရရအောင် လုပ်ယူမှာ၊ စက်အာဏာသျှင် က ဘယ်လိုထိန်းချုပ်မှုကိုမှ မလိုလားတဲ့ အာဏာသျှင် ..၊ မိန်းမတစ်ယောက်ယောက်ကို ဘယ်တော့မှ လိုအပ်မှာ မဟုတ်တဲ့ယောက်ျား .."

သူက တရားသေ စီရင်ချက်နှင့် ပိုင်နိုင်စွာ ပြော၍ ...

"မင်း ငါ့ရဲ့ဘေးမှာနေရင် တစ်သက်လုံး နစ်မွန်းသွားမှာ လိုချင်သလား ..၊ ငါ ချမ်းသာတဲ့ထဲက မင်း ရသင့်တဲ့အတိုင်း ငါ ပေးတာယူပြီး သွားမလား .."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနဲ့ပဲ နေချင်တယ် .."

"ငါ ဘယ်လောက်ထိ ချမ်းသာသလဲ မင်းကို ပြမယ်၊ ပြီးမှ ဆုံးဖြတ် .."

"အခု ဆုံးဖြတ်နေတာ ကိုကို ..၊ ကိုကိုနဲ့ပဲ နေချင်တယ်လို့ .."

"ဘောဘီ .."

"အထပ်ထပ် ကြားချင်နေသလား ကိုကို .. ပြောပါ ..၊ ကိုကို့ကို ဘောဘီ ဘယ်လို စွဲလမ်းမြတ်နိုးနေခဲ့သလဲဆိုတာ ဘယ်လောက် ပြောနေရပစေ ဘောဘီ ပြောနိုင်တယ်၊ ပိုက်ဆံချမ်းသာတိုင်း ထုံးတမ်း အစဉ်အလာကို ပယ်ချင်တယ်ဆိုရင်တော့.. ရမလား့လို့ ကိုကို လှပ်ကြည့်လိုက်"

"မင်း အရှက်မရှိ ငါ့ကို ခြိမ်းခြောက်မနေနဲ့ .."

"ကိုကို နှင်ထုတ်ဖို့ ကြိုးစားနေသရွေ့ အရှက်မရှိတဲ့စကားတွေ ပြောနေရမှာပဲ၊ ကိုကိုက ဒါကို ဂုဏ်ယူပြီး သာယာနေတယ်ဆိုရင်တော့ ပြောပေးပါ့မယ်၊ ကိုကိုနဲ့ပတ်သက်ရင် ဘောဘီ က အားလုံးကို စွန့်လွှတ်ပြီးသား .."

"မင်းကို .."

"ကိုကို ပြန်မချစ်ရင် နေလေ .. ကိုကိုနဲ့နေရရင် ပြီးတာပဲ၊ ဘယ်လိုဖြစ်ဖြစ် .. ဘာတွေလာလာ .."

ကိုကိုနဲ့နေချင်တာတွေချည်း ခွေရစ်သလို ပြန်ပြောနေသည့်ဝိုဏ ကြာတော့ သက်မဲ့ရုပ်လေးက တစ်သံတည်း ထမြည်နေသလိုပင် ..။

စက် လက်လျှော့ခဲ့ရလေသည်။ ပြောနေတာထက် လက်တွေ့ဘဝထဲကို အတူဝင်လိုက်ကြတာ အကောင်းဆုံး ..။

မနက်ဖြန်တွေအတွက် ချန်ထားဦး ဘောဘီ ..၊ မင်းရဲ့မျက်ရည်တွေကို ..။





## အခန်း(၁၉)

"ဒါက ဘယ်ကိုသွားမလို့လဲ .."

"ကိုကိုနဲ့ လိုက်မှာလေ .."

"မင်းကို ဘယ်သူက လိုက်ခဲ့ပါ ခေါ်လို့လဲ .."

အပြင်သွားမယ်လို့တောင် မပြောမိခဲ့ဘဲ သူမက ကြိုရောက်နေတာ ကားနားမှာ အဆင်သင့် ..၊ ထို့ပြင် အခန်းထဲမှာ သူ အမြတ်တနိုးယူထည့်ထားခဲ့သော မေမေ့ရဲ့ ရွှေခြည်ထိုး ဆီးရောင်အပါးသားအင်္ကျီလေးကို ဝတ်ထားတာ မြင်လိုက်ရလျှင် စိတ်က ထောင်းခနဲ ထိုသွား၏။

"မင်းကို ဒါ ယူဝတ်ဖို့ ဘယ်သူ ခွင့်ပြုထားလို့လဲ .."

"ဟင်!..."

ဘောဘီ က သူမကိုယ်သူမ ပြန်ငုံ့ကြည့်၏။ ပြီးတော့ စတစ်လည်ဆောင် ရင်ဖုံးလေးကို လက်ဖဝါးလေးနဲ့ ဖိကပ်ကိုင်ကြည့်ပြီးမှ ပြန်မော့ကာ ...

"ဘောဘီ မှာ လဲစရာမှ မရှိတာ ကိုကိုကလည်း .."



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်နေတော့လည်း သူပဲ ပါးစပ်ပြန်ပိတ်လိုက်ရသည်။ ဒါပေမယ့် လည်ထောင်ရင်ဖုံးလေးနှင့် ဆံပင်ရှည်တွေ နစ်ဖက်ခွဲစည်းထားသည့် မျက်နှာလေးမှာ ရှိန်းမြမြ နားသယ်စပ် ဆံစလေးတွေက မျက်နှာလွှဲလိုက်တာတောင် စိတ်အာရုံထဲမှာ အရိပ်ထင် ကျန်ရစ်၏။

"ဖယ် .. ဖယ် ..."

သူ ဘာမှမပြောတော့ဘဲ တံခါးဖွင့်ဖို့ လက်လှမ်းလိုက်တော့ သူမက ကိုယ်တိုင် ဖွင့်ပေးသည်။ ပြီးတော့ သူမပါ ဝင်ထိုင်ဖို့ ခြေလှမ်းပြင်၏။

"ဘေဘီ .."

"ဟင် .."

"မင်း ဘာလုပ်တာလဲ..၊ မင်းကို လိုက်ခဲ့ဖို့ ငါ ခွင့်ပြုနေလို့လား.."

"ဘေဘီ့ မှာ ဘာမှ ဝတ်စရာ မရှိဘူးလေ ..၊ ပြီးတော့ လိုအပ်တာလေးဘာလေး ကိုကို ဝယ်မပေးတော့ဘူးလား .."

"မင်းကို ဝယ်ခြမ်းပေးဖို့အတွက် ငါက မင်းသွားလေရာ တကောက်ကောက် လိုက်ရှင်းနေရမှာလား ..၊ ရော့ .."

ဒတ်ရှ်ဘုတ်ထဲကို နှိုက်ယူလိုက်တာ သော့တွဲတစ်တွဲ ပါလာသည်။ သူက ဘေဘီ့ လက်ထဲကို ကားထဲကနေ လှမ်းထည့်ပေး၍ ...

"ငါ့အံဆွဲတွေထဲမှာ ကြိုက်တဲ့အထပ်ကို ဆွဲဖွင့်လိုက် ..၊ ကြိုက်သလောက် ယူ၊ ကြိုက်တာ အကုန်ဝယ်၊ မင်းပါ ပြန်မလာရင်လည်း ဝမ်းနည်းမယ့်သူ ဘယ်သူမှ မရှိဘူး .."

ဘေဘီ က သော့ကို မျက်နှာရှေ့မှာ ထောင်ကြည့်ကာ တရိပ်ရိုက်သွားသည့် မှန်တင်လို့မဆုံးမီ ကားထဲသို့ ပြန်ထည့်ပေးလိုက်ပြီး ..

"ကိုကို လိုက်မပို့တဲ့လမ်းကို ဘယ်လမ်းမှ မသွားဘူး .."

ပြော၍ ကားမထွက်ခင် ချာခနဲ ပြန်လှည့်ဝင်ခဲ့သည်။ ပြောလိုက်ရင် ငွေစကားပဲ ..။





ဘေဘီ က ကိုကို့ကို အရမ်းချမ်းသာမှန်းသိလို့ တွယ်ကပ်နေတယ် ထင်နေလို့လား ..၊

ဟိုညကလည်း ဦးမောင် ဆိုသည့်လူကြီးက လှောင်ပြုံးနှင့် ပြောသွားခဲ့သည်။ ကိုကိုက နစ်နာကြေးပေးပြီး ကွာရှင်းမလိုလို တစ်မျိုးဆော်ကား၏။

သူတို့ ဘယ်လောက်တောင် ချမ်းသာနေသလဲ မသိပေမယ့် ဘေဘီ တို့ကလည်း နောက်ဆုံးပေါ်ကားတွေ ထည်လဲစီးနေနိုင်တဲ့ အဆင့်အတန်းမျိုးပါ ..။

ကိုကို့ဆီက နွေးထွေးတဲ့ ဆက်ဆံရေးမျိုးဖြစ်ဖြစ် နည်းနည်းလောက် ရချင်ပေမယ့် ခုချိန်ထိ လိုက်လေ ပြေးလေ ရှိနေတုန်း ..။

အေးစိမ့်စိမ့် မှုန်ပျပျ အဆောက်အအုံကြီးထဲကို ပြန်လှည့်ဝင်ခဲ့ရင်း ဧည့်ခန်းမှာပဲ အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိသည်။

ကိုကို့ တစ်မျက်နှာတည်းကို ကြည့်ပြီး ဘာမဆို အဆေးအဖွဲ့လေးသို့ သဘောထားနိုင်ပေမယ့် ကိုကို မရှိတဲ့အရပ်မှာတော့ မနေချင်ပေ..။

ဧည့်ခန်းတစ်ခုလုံးမှာ နံရံကပ် အထပ်စင်မြင့်တွေ ရှိသည်၊ သိန်းရာကျော်တန် ယဉ်ကျေးမှုပန်းချီကားကြီးတွေ ရှိသည်။ ပြီးတော့ ရှေးဟောင်းပစ္စည်းအမျိုးမျိုးထဲမှာ ကြေးတွေ၊ ရွှေသားစစ်စစ်တွေနှင့် ပြုလုပ်ထွက်လက်နေတာတွေလည်း ရှိ၏။

တစ်နေရာမှာ ရင်ခွင်ပိုက်အရွယ် တီးခတ်နိုင်သည့် စောင်းကောက်ကြီးတစ်လုံးကို ဒေါက်စင်မြင့်နှင့် တင်ထားတာ ရှိသည်။

စောင်း၏ တစ်ကိုယ်လုံးမှာ ကျောက်သံပတ္တမြားတွေနှင့် စီခြယ်ထားသဖြင့် ဘယ်အရပ်ထောင့်ကပဲ လှမ်းကြည့်ကြည့် တဖျပ်ဖျပ်တောက်ပနေ၏။

ဘေဘီ ထိုပစ္စည်းတွေရှိသည့်ဘက်အခြမ်းကို ခြေဦးတောင် မလှည့်ခဲ့မိပါ။ ရောက်စတုန်းကဆို ဒီပစ္စည်းတွေကို လှလွန်းလို့ ကြည့်ခဲ့မိပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် အစစ်တွေလို့တောင် မထင် ..။

ညှို့ခန်း၏ညာဘက်အခြမ်းအထဲကို ဝင်သည့်အဆုံးမှာ မင်္ဂလာ မောင်နှံရုပ်လေးနှစ်ရုပ်ကို ချစ်စရာကောင်းလွန်းလို့ ကိုင်ကြည့်မိကာ တအံ့တသြ ဖြစ်ခဲ့ရ၏။

သတို့သား၏ ကျက်သရေခေါင်းပေါင်း လည်ကတုံးကြယ်သီးနှင့် ကြိုး၊ အင်္ကျီလက်ရှည်၏ လက်ဝနှစ်ဖက်က ကြယ်သီးတွေ အားလုံးမှာ ရွှေကြိုးထိုးကာ စိန်တွေတပ်ထားတာ မြင်လိုက်ရမှ ...

"ဘောဘီပန်ထွာ .."

ဘေးမှာ လူရိပ်နှင့်အတူ ဦးမောင်မောင် ရောက်လာသည့်မျက်နှာ က အေးစက်စက် ..။

ဘောဘီ က ခါးမတ်မတ်လေး ပြင်ထိုင်လိုက်ကာ ...

"ဟုတ်ကဲ့ .. ပြောပါ အန်ကယ်လ် .."

"ပြောရရင်လည်း ဒါတွေပဲ ဖြစ်နေလိမ့်မယ် ..၊ မင်း ဘယ်တော့ ထွက်သွားမှာလဲ .."

"ဘောဘီ က ဘာဖြစ်လို့ သွားရမှာလဲ အန်ကယ်လ် ..၊ ဒီညနေ အိမ်မှာပဲ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးကြဖို့ ကိုကိုက စီစဉ်ပြီးပြီ"

"မင်းကို ပြောလား .."

"ဟုတ်တယ် .. ပြောသွားတယ်၊ ဒါကြောင့် ဘောဘီ အေးဆေးနေခဲ့တာပေါ့ .."

တကယ်က ကိုကို ဖုန်းပြောနေတာကို ကြားမိလို့ မှန်းသမ်းပြောလိုက်တာပါ။

ဦးမောင်မောင် မျက်နှာပျက်သွားပုံကြောင့် စက် နဲ့ ဒီလူကြီးရဲ့ ကြားက ဆက်ဆံရေးကို ဘောဘီ စိတ်ဝင်စားသွားမိသည်။

အုပ်ထိန်းသူဆိုပေမယ့် စက် ကို ဦးမောင်မောင် ချုပ်ကိုင်နိုင်စွမ်း မရှိတာကတော့ သေချာနေ၏။





"မင်းကို ပြောပြမှပဲ ဖြစ်တော့မယ် .."

ဦးမောင်မောင် လေသံက ချက်ချင်း ပုံစံပြောင်းသွားကာ ဘောဘီ ထိုင်နေသည့်ရှေ့က ဆက်တီခုံတွေနောက်ကို ဖြည်းလေးသော ခြေလှမ်းဖြင့် လျှောက်ဝင်လာ၏။

ပြီးတော့ မျက်နှာချင်းဆိုင်တည့်တည့် လှည့်ရပ်ကာ ...

"မင်း ကိုယ့်ဘဝကို မနစ်မွန်းအောင် စောင့်ရှောက်ရမယ်ဆိုတာ နားလည်ရင် ခုနေ ဒီက ထွက်သွားလိုက်ပါ .."

ပြောပြီးတော့ ဘောဘီ့ မျက်ဝန်းလေးတွေကို စိုက်ကြည့်သည်။

"ခုနေ မင်း ထွက်သွားမယ်ဆိုရင် မင်းဘဝ မထိခိုက်သေးတဲ့ အပြင် မင်းရဲ့ တစ်သက်စာ ရင်းနှီးစားသောက်လို့ မကုန်နိုင်တဲ့ စည်းစိမ်တွေ မင်း ရသွားလိမ့်မယ် .."

"ဘောဘီ က ကိုယ်ချစ်တဲ့ယောကျ်ားနောက်ကို လိုက်နေခဲ့တာပဲ၊ ဘာဖြစ်လို့ နစ်မွန်းရမှာလဲ .."

"မင်း သူနဲ့ လက်ထပ်ပြီးရင် ဟုတ်ဟုတ်မဟုတ်ဟုတ် လင်မယား ၊ မင်းကို အပျိုစင်လေးအတိုင်းပါပဲဆိုတာ ဘယ်သူ ယုံမှာလဲ .."

"ယောကျ်ားယူပါတယ်ဆိုမှ အပျိုလုပ်နေဖို့ရော လိုသေးလို့လား အန်ကယ်လ်၊ ပြီးတော့ တစ်ရက်တည်းပဲနေနေ .. တစ်ညတည်းပဲနေနေ ကိုကိုနဲ့အတူ ရှိနေခဲ့ပြီဆိုမှတော့ ဘောဘီ တို့က .."

"မင်း တော်တော် ပြောရခက်ပါလားဟ .. ဟင် .."

ဦးမောင်မောင် အချိုသတ် စည်းရုံးဖို့ ကြိုးစားထားသည့် မျက်နှာက ကွာကျသွားခဲ့ပြီ ဖြစ်သည်။

"ငါ မင်းကို ရှင်းရှင်းပဲ ပြောမယ် ..၊ ငါ့တူက အမြင့်မှာတော့ ယောကျ်ားကောင်းတစ်ယောက်ပဲ၊ ဒါပေမယ့် .."

ဘောဘီ ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခုန်သွား၏။ ဦးမောင်မောင် မျက်နှာကြီးကလည်း သုန်မှုန် နီမြန်းလာခဲ့ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ အဲလောက်ထိ မပြောချင်ဘူး၊ ငါ့တူလေးမို့လို့ ပြောလည်း မပြောရက်ဘူး .. အဲဒီတော့ မင်း သူ့ကို ဒီ့ထက်ပိုပြီး စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့၊ မင်းအတွက် ထိခိုက်လာမှာ ဖြစ်သလို၊ သူ့စိတ် သူ့ဒေါ တွေ ဘယ်လောက် ကျယ်ပြန့်နေပြီလဲဆိုတာ မင်း နားလည်ဖို့ လိုတယ်"

ဘောဘို ရင်ထဲမှာ ဆောက်တည်ရာမရအောင် ချောက်ချားသွား ပေမယ့် ဦးလူကြီး ပြောတာကို မယုံနိုင်ပါ။ ထို့ပြင် သက်သေမရှိပေမယ့် သူမ ယုံကြည်နေမိသည်။

စက် ဟာ ဒီလိုချို့ယွင်းချက်မျိုး ရှိနေတဲ့သူ မဟုတ်နိုင် ...။

"ငါ ပြောတာ မင်း နားလည်ရဲ့လား .."

"နားလည်ပါတယ် ...၊ ဒါပေမယ့် ဘောဘို ကိုကို့ကို ချစ်တဲ့အချစ် က ဒီလိုအပ်ချက်အတွက်နဲ့တော့ .."

"ဟား .. ဟား .. ဟား ..."

ဦးမောင်မောင် ဟားတိုက် ရယ်ချလိုက်သဖြင့် ဘောဘို စကားမဆုံး ဘဲ ရပ်သွားသည်။

"မိန်းမတွေထဲမှာ ဘယ်လောက်ထိ ကောင်းတဲ့မိန်းမ ရှိမလဲ၊ ဟား ဟား .. ဟား ... တော်လေးဝ ဝင်တဲ့ ပါရမီဖြည့်ဘက် မိန်းမမျိုးတွေ အားကျသလား ...၊ လုပ်မနေနဲ့ ဘောဘိပန့်ထွာ .. မင်းတို့လို ကိုယ်ကျ သိက္ခာကို တန်ဖိုးထား ထိန်းချုပ်ရမှန်းမသိတဲ့ မိန်းကလေးမျိုးတွေ သူတို့က တခြားစီ .."

"တခြားစီဆိုရင်လည်း ရာဇဝင်ထဲမှာ ထားခဲ့ရမှာတွေကို ထား လိုက်တော့လေ ...၊ အခု ဘောဘို ပြောနေတာ ဘောဘို ကိုပဲ ကြည့် အပြောနဲ့အလုပ် ညီမညီဆိုတာ လက်တွေ့သိချင်ရင် အချိန်တော့ တယ်မို့လား ...၊ တော်လေးဝ ဝင်ကြတဲ့ မယ်တော်တွေ ဘယ်လိုပြု စောင့်သိကြတယ်ဆိုတာ အန်ကယ်လ် လက်တွေ့ ဆွဲမပြနိုင်တော့ မယ့် ဘောဘို အပြောနဲ့ အလုပ်ကို ဘောဘို က သက်သေပြနိုင်တယ်"





ဦးမောင်မောင် မျက်ခုံးနှစ်ဖက် တွန့်ခနဲ စုကျုံ့သွားသည်။ ဘောဘို က နေရာမှ ထရပ်လိုက်ကာ ...

"ဘောဘို အပြောကြီးခဲ့တာဆိုရင် လက်တွေ့ ထောက်ပြနိုင်အောင် အန်ကယ်လ် ကြိုးစားပါ၊ ဒီခြံထဲက ဆွဲထုတ်ဖို့ ကြိုးစားရင်တော့ လကားပဲ ...၊ ဘောဘို က ကိုကို့နားက တစ်ဖဝါးမှ ခွာမှာ မဟုတ်ဘူး"

ဦးမောင်မောင် က မျက်နှာတစောင်းထားပြီးမှ ပြန်ငဲ့ကြည့်သဖြင့် ဘောဘို ကို မကျေမချမ်း မျက်စောင်းထိုးနေသလိုပင်။ ပြီးမှ ပြန်လှည့် သွားပြီး ခေါင်းညိတ်လိုက်ကာ ...

"ဟုတ်ပြီ .. ငါကလည်း ငါ့တူအတွက် ကာကွယ်ထားသင့်တာ အားဖို့ ပြင်ဆင်ရတော့မှာပေါ့ .."

ပြောပြီးတော့ ခြေလှမ်းကျဲများနှင့် ထွက်သွားတာ ခုန္နက လျှောက် လာပုံမျိုးနဲ့ တခြားစီ ..။

"တစ်ခု ကျန်သေးတယ် .."

ဘောဘို မျက်နှာလွှဲလိုက်ကာမှ သူက ပြန်လှည့်လာပြီး ...

"အိမ်ကြီးဟောင်းတော့ သရဲအောင်းတယ်တဲ့၊ ဒီအိမ် ဟောင်း ဟောင်း .. သရဲအောင်းမအောင်း ငါ မသိဘူး၊ မင်းကို တစ်ခု ကြိုပြော ထားမယ်၊ ကိုယ့်ဘာသာ ခိုးချောင်ခိုးဝှက် သွားလာ စပ်စုချင်တယ်ဆိုရင် မင်းရဲ့ခြေလှမ်းတိုင်းကို ဘယ်သူကမှ စောင့်ဖမ်းနေနိုင်မှာ မဟုတ်ဘူး၊ ကြောက်စရာမြင်လို့ ကြောက်တတ်မယ်ထင်ရင် ကိုယ့်ဘာသာ ဆင်ခြင်..၊ ငါ့တူနား ကပ်ဖို့ အခွင့်အရေးတစ်ခုအဖြစ် အသုံးမချနဲ့ .."

ပြောပုံက ရင့်သီးလွန်းသည်။ အကြည့်တွေက ပို၍ ရိုင်းစိုင်း၏။

"စိတ်သွားတိုင်း ကိုယ်မပါနိုင်တဲ့ ငါ့တူရဲ့ဘေးမှာ မင်းလို အကြောင်းရှာပြီး ပွတ်ကပ်ချွဲနေတတ်တဲ့ မိန်းကလေးမျိုး ရှိနေတာ ဘာကယ့်လက်နက်အန္တရာယ်ပဲ၊ ချိုသာတာက ကောင်းပေမယ့် မာယာ ဖြစ်သွားပြီဆိုရင် ရှုံဖို့ ကောင်းတယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဘောဘို မျက်နှာလေး နီရဲလာကာ သည်းခံနိုင်ခြင်းတရားတို့ ကုန်ဆုံးခဲ့သည့်အချိန်မှာ ဦးမောင် က တဖားဖား လှမ်း၍ ပျောက်ကွယ်သွားပြီ ဖြစ်သည်။

ဒီလူကြီး ယုတ်ယုတ်မာမာတွေ ပြောသွားတာ .. သရဲခြောက်တယ်လို့ အသိပေးသွားတာလား ..၊ ကိုကို့နား ကပ်နေတာကို မကြိုက်လို့ ပြောသွားတာလား ..။

ဟိုညက ကြားရသည့်အသံတွေကို သတိရသွားသဖြင့် ဆက်တွေးကြည့်မိသည်။ ကိုယ့်ကို မလိုလားလို့ တမင် ခြောက်လှန့်ပြောသွားတာတော့ မဖြစ်နိုင်ပါ ..။

ပြောသွားပုံက ကြောက်လန့်ပြီး ကိုကို့ရင်ခွင်ထဲ ပြေးဝင်လိုက်မှာကို မလိုလားတာသာ အဓိက ဖြစ်သည်။ ဒါဆို ရင်ခွင်မဲ့သော ညဘက်တွေကို သူမ ဘယ်လို ခရီးဆက်ရမလဲ ..။

အထီးကျန် ခံစားလာရတိုင်း မြင်လာမိသည့် မျက်နှာတွေကို လွမ်းဆွတ် တမ်းတမိ၏။ ခုလောက်ဆို ဘောဘို ကို ဖေဖေ စိတ်နာနေမှာပါ။

မေမေတို့ ကိုကြီးတို့ရော ဒီသဘောပဲ ရှိနေကြမလား ..။

တကယ်ဆို ဘောဘို ကိုကို့ကို ခွဲလမ်းခဲ့ပေမယ့် ဒါတွေကို တမင်ဖန်တီးခဲ့တာ မဟုတ်ဘူးဆိုတာလောက်တော့ နားလည်ပေးသင့်တယ် မဟုတ်ဘူးလား ..။

အချစ်နဲ့သက်ဆိုင်သော အရာရာတိုင်းအတွက် သူမရင်ထဲမှာ တကယ်တော့ ..။





## အခန်း(၂၀)

"မင်း အဆင်ပြေရဲ့လား .."

"အင်း .. ပြေပါတယ်"

မေးသည့်မျက်နှာက စိုးရိမ်ခြင်းတွေအပြည့်နှင့်ဖြစ်ကာ ပြန်ဖြေသည့်မျက်နှာက အေးစက်စက် ခံစားချက်မဲ့လျက် ..၊

"ကိုစက် ရယ် .. လက်စွပ်လေးတော့ ဝတ်ပေးလိုက်ပါလား၊ ကျွန်မတို့က ကိုစက် တို့အတွက် .."

"ကျေးဇူးတင်ပါတယ် .. မလိုလို့ပါ .."

သူငယ်ချင်းဆိုသည့် ဟန်ဝင်း နဲ့တော့ တရင်းတနှီးပါပဲ။ ဒါပေမယ့် ဟန်ဝင်း ရဲ့ဇနီးကိုကျတော့ ခပ်စိမ်းစိမ်း။ နောက်ကျောက စကားတွေကို ကြားပေမယ့် သူ လှည့်မကြည့်မိအောင် နေလိုက်သည်။

ထို့ပြင် ကိုယ့်ရဲ့ ဘယ်လက်ချောင်းလေးတွေကို လူမမြင်အောင် မသိမသာ ဖြန့်၍ ငုံ့ကြည့်မိ၏။ သူများက အလိုက်တသိ လက်ဖွဲ့ပေးတဲ့ လက်စွပ်လေးကိုတောင်မှ ကိုကိုက ကိုယ်တိုင် ဝတ်မပေးချင်ခဲ့..။



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ထိုးမယ်ဆိုတော့လည်း ကိုယ့်ကိုတော့ ဘယ်မှလည်း မသွားစေချင်၊ ခေါ်သွားပေးပါဆိုတာလည်း ဘယ်တုန်းကမှ မရခဲ့ဘဲ လက်မှတ်ထိုးဖို့ကျမှ ဒီဆိုင်လေးရဲ့ နောက်ခန်းထဲကို ခေါ်လာခဲ့သည်။

ပါသင့်သည့် ဥပဒေအကျိုးဆောင်ကြီးနှစ်ယောက်နှင့် ကိုဟန်ဝင်း တို့လင်မယားရယ် .. ဒါပဲ ဖြစ်ကာ ခဏော့ အားလုံး ပြီးသွားပြီဖြစ်၏။

သူမအတွက်ကလည်း တခြား ပစ္စည်းသနတွေကို မလိုချင်ပါ။ ဘောဘို ကို ဘာမှ တခမ်းတနား ပေးမဆင်ဘဲ သူ့အမေရဲ့အကျီ ထဘီ တွေပဲ ဝတ်ထွက်ခဲ့ရတာကိုလည်း ကျေနပ်သည်။

ဒါပေမယ့် ကိုကို့ မျက်နှာပေါ်မှာ မလိုလားခြင်းကြောင့် ဖြစ်ပေါ် နေခဲ့သည့် တင်းမာမှုတွေကိုတော့ နည်းနည်းပါးပါး လျှော့ထားခဲ့ကြ ကောင်းပါသည်။

ဒီကောင်မလေး မျက်နှာပြောင်လှသည်လို့ ပက်ပက်စက်စက် ထင်မြင် ပြောဆိုလာတာတောင် ဂရုမစိုက်စွာ ပြော ..၊ သိက္ခာမဲ့သလို နေခဲ့ပေမယ့် ဘောဘို ရင်ထဲက နှလုံးသားမှာ ဒဏ်ရာတွေနဲ့သာ ..။

စိတ်နာလို့ မရပေမယ့် စိတ်တော့ ဆိုးတတ်သည်။ နာကြည်းစိ တာမျိုး မဟုတ်သော်လည်း နာကျင်မိ၏။ ထိုစဉ် ကိုဟန်ဝင်း ၏ ရယ်ဟဟ စကားသံနှင့်အတူ သူတို့ အပြင်ထွက်လာကြပြီကို သိလိုက်၏။

"ငါက မင်း ပထမပြောတုန်းကအတိုင်း အိမ်မှာ လာလုပ်ပေးဖို့ပါ ခုပဲ ထွက်လာကြပြီဆိုတော့မှ အံ့ဩသွားတာ၊ ဘယ်လိုဖြစ်တာလဲ အခ အစဉ် ပြောင်းတာက .."

"ဘာမှမဖြစ်ပါဘူး .."

သူဖြေပုံက လိုအပ်တာထက် ဘာမှမပို ..၊ ရင်းနှီးမှုတွေပါ ပျောက် ဆုံးနေ၏။ ဒါပေမယ့် ဟန်ဝင်း ကတော့ နားလည်နေပုံပါ ..။

"ဟိုမှာ ဘောဘို တစ်ယောက်တည်းပါလား ..၊ မင်းကလည်း စကားလေးဘာလေး သွားပြောနေတာ မဟုတ်ဘူး မြူ ရာ .."





"ဩော် .. ဘယ်ထွက်သွားလိုက်မှန်းမှ မသိတာ .."

ဘောဘို နားကို မြူ ချက်ချင်းရောက်လာသည်။ သူတို့ လင် မယားနှစ်ယောက်စလုံးက သဘောကောင်းကြပုံပါ။ ကိုကို့အပေါ်မှာ လည်း အတော် နားလည်နိုင်ကြပုံ ပေါ်သည်။

"ညီမလေးက အရမ်း ချစ်ဖို့ကောင်းတာပဲ၊ ကိုစက် နဲ့ ရှေ့သွား နောက်လိုက် ညီတယ်၊ တစ်ယောက်က ချောချောခန့်ခန့် ..၊ တစ် ယောက်က နုနုဖတ်ဖတ် ချစ်စရာလေး၊ ကိုရေ .. ကြည့်ပါဦး .. နှစ် ယောက်စလုံး မဟာဆန်ဆန်လေးတွေနော် .."

"စက် ရဲ့မျက်နှာကို အကဲမခတ်မိဘူးလား ဒီမိန်းမ" လို့ တွေးရင်း ဟန်ဝင်း ခေါင်းကုတ်မိသည်။ သူငယ်ချင်းဆိုပေမယ့် ဒီကောင်ကလည်း အတွင်းရေး အပြင်ရေး ဘာအရေးဖြစ်ဖြစ် ရင်ဖွင့်တိုင်ပင်ခဲ့တယ်ဆိုတာ ဆုံးစံမရှိ ..။

ကိုယ့်ကို သူငယ်ချင်းလို့ သတ်မှတ်ခဲ့တာတောင် ဂျပန်မှာတွေကြ တုန်းက တရင်းတနှီး လက်တွဲလုပ်ကိုင်ခဲ့ဖူးတဲ့ နည်းပညာပိုင်းဆိုင်ရာ စီးပွားရေးလုပ်ငန်းတွေနဲ့ပတ်သက်ကာမှ မိတ်ဆွေသူငယ်ချင်းလို ရင်းနှီး ခဲ့ကြတာ ဖြစ်သည်။

ဒီတုန်းက စက် ကို စီးပွားရေးပညာရှင်ကြီးတစ်ယောက် ဖြစ်လာ မယ့်သူပဲလို့ သူ သတ်မှတ်ထားခဲ့သည်။ ချမ်းသာကြွယ်ဝမှုနှင့် စက် နဲ့ တင့်တယ်ခန့်ညားသော ရုပ်ပိုင်းဆိုင်ရာအားလုံးက သူနဲ့လည်း ဘယ် နေရာမှာမှ မယှဉ်သာခဲ့ပေ ..။

ဒါပေမယ့် ဒီမှာ ပြန်တွေ့လို့ မေးကြည့်တော့ 'တတ်ထားချင်လို့' လို့ စက် က အေးစက်စက် ဖြေခဲ့၏။ သူ့မှာတော့ ပညာတွေ သိမ်းကျုံး သင်လာပြီး အခက်အခဲ အနှောင့်အယှက်တွေ အမျိုးမျိုးကြောင့် ဘာမှ မလုပ်နိုင်ခဲ့တာ ခုချိန်ထိ ..။

ဟိုမှာတုန်းက သူငယ်ချင်းတွေလို နေခဲ့တဲ့ စက် ကိုတောင် ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ဆိုင်လေး ပိစိကွေးနဲ့ ဒီမှာ ပြန်ဆုံလိုက်ရတော့ သိမ်ငယ်မိသည့်စိတ် က အထာမကျနိုင် ..။

စက်အာဏာသျှန် အကြောင်း သူကိုယ်တိုင် ဒီလောက်ထက်ပို ဘာမှမသိခဲ့တာ အမှန်ပင် ..။

"နောက်ဆိုရင် တစ်ယောက်အကြောင်းတစ်ယောက် နားလည် လာပြီး အဆင်ပြေသွားမှာပါ၊ ညီမလေး မမတို့ဆိုင်ကို အချိန်မရွေး လာလို့ရတယ်နော် ..၊ အိမ်လိပ်စာလည်း ပြောပြီးပြီဆိုတော့ လာချင်တာ ပဲဖြစ်ဖြစ် .. ပြောချင်တာပဲရှိရှိ ဖုန်းဆက်လိုက်လို့လည်း ရတယ် ..

လုပ်ချလိုက်ပြန်ပြီ ..။

မြဋ္ဌူ ပြောသမျှ ဟန်ဝင်း စက် ကို အားနာနေမိသည်။ သူ့အိမ်မှာ သူ့စည်းကမ်း ကလနား ဘယ်လိုထားသည် မသိဘဲနဲ့ သူ့မိန်းမကိုမှ-

"ငါတို့ ပြန်မယ်ကွာ .."

"အေး .. အေး ..."

သေချာတောင် ညှို့ဝတ်ပျူငှာသမှု မပြုလိုက်နိုင်ဘဲ မြဋ္ဌူ လက် ကိုသာ အိမ်ထဲ ပြန်ဆွဲလာခဲ့လျက် ...

"မင်းကလည်းကွာ .. ဘာဖြစ်လို့ စကားတွေ ဒီလောက် ရှုန်းရှုန်း ဝေအောင် ပြောချလိုက်တာလဲ .."

"ဘာဖြစ်လို့လဲ .."

"ဘာဖြစ်ရမှာလဲ ..၊ စက် တို့ အိမ်ကို မင်း မသိပါဘူး .."

"ကိုကရော သိလို့လား .."

"မသိဘူးလေ .. မင်းက ပိုပြီး မသိတဲ့လူပဲ ..၊ ဘာဖြစ်လို့ သူ့မိန်း ကို စွက်ဆက်ပြီး ခေါ်ထုတ်နေတာလဲ .."

မြဋ္ဌူ က သူ ကိုင်ထားသည့်လက်ကို ဖယ်ချလိုက်ပြီး အတွင်းခ ထိ ဝင်သွားသည်။

ပြီးတော့ လူကြီးတွေကို ညှိခံခဲ့သည့် စားသောက်ပွဲတွေကို သိမ်း





အပြင်ကို လှမ်းအော်ပြောလိုက်ပြီးမှ ...

"ရှင်တို့ဘာသာ ယောက်ျားချင်း အကြောင်းတွေရှိတာ ပြောကြ မြဋ္ဌူ တို့က မိန်းမသားချင်း .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"ကို .."

"ပြော .."

"ယောက်ျားတွေကို အကဲခတ်တဲ့နေရာမှာ မိန်းမတစ်ယောက် တတ် ရှင်က ပိုကျွမ်းကျင်နေသလား .."

ဟန်ဝင်း က နားမလည်သလို မျက်မှောင်ကုတ်သွားသည်။ ပြီးမှ ခေါင်းညိတ်၍ ...

"ဟုတ်တယ်လေ .. ယောက်ျားချင်း အသိဆုံးပဲဟာ .."

"အဲဒီအသိဆုံးတွေက ဘယ်လိုနေရာတွေမှာလဲတော့ မသိဘူး၊ သူတို့အနေအထားကို အကဲခတ်လိုက်တဲ့နေရာမှာကို မြဋ္ဌူ လောက် တော်ပါဘူး .."

"အံမယ် .."

"ဟုတ်တယ် .. ဘောဘို ကို လက်ထပ်ဖို့ထိ သူ ဆုံးဖြတ်လိုက်တာ ကြည့် .."

"ဟ .. အဲဒါတွေ ငါတို့လည်း သိသားပဲ၊ ဟိုတစ်ညက .."

"ဒီမှာ ကို ..၊ ယောက်ျားတွေ ရှောင်လွှဲလာချင်ရင် သူတို့ပါးစပ် အားမှာပဲ အကြောင်းအမျိုးမျိုး ရှိတယ် .."

"ဘောဘို ကို စက် ကိုယ်တိုင် လိုလားခဲ့တာလို့ မင်း ပြောချင်တာ သား .."

"အတိတ်နဲ့ အနာဂတ်တော့ လွဲနေသေးတယ်၊ မြဋ္ဌူ ပြောချင်တာ က သူ ဘောဘို ကို မြတ်နိုးလာလိမ့်မယ် ..၊ လုံးဝကို မမှားနိုင်ဘူး ခဲ့ဒါ .."



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဝင်း က နားထောင်နေကာ ...

"ဟုတ်တယ် .. စက် က မိန်းမဆို လုံးဝ အကင်းပဲ၊ ကိုယ်တော် သူ့ကို ယုံထင်ကြောင်ထင် ဖြစ်မိခဲ့သေးတယ်၊ ဒီလောက်ထိ ချောနေပြီး ဂုဏ်မယူတတ်ဘူး၊ အရမ်း ချမ်းသာနေပေမယ့် မမောက်မာဘူး၊ သူ မာနကြီးကြီးနဲ့ နေတာ .. ချစ်ရေးချစ်ရာကိစ္စတွေအပေါ်မှာပဲ ကြည့်ပါ လား .."

"ကိုပဲ ထင်ရက်တယ် ...၊ သူ့မျက်လုံးတွေထဲမှာ အဲဒီလိုပုံစံ လုံး မတွေ့ပါဘူး၊ ဘေဘီ ကို သူ လှမ်းလှမ်းကြည့်နေတာ မြဲ့ မြင်သားပဲ သူ ဒီပုံ လက်ထပ်လိုက်ရတဲ့အတွက် ဘေဘီ ကို သနားနေတာ .."

ဟုတ်ပါ့မလားလို့ ဟန်ဝင်း က တွေးနေ၏။ ဟိုတစ်ခါ မိန်း ချောလေးတစ်ယောက်နဲ့ ကွိုင်တက်ခဲ့တုန်းကလည်း ဒီကောင့်ဘက်က အေးဆေးရယ် ...၊

ဂျပန်မှာ ဆုံကြတွေ့ကြပြီး လမ်းခွဲပြီးကာမှ ရန်ကုန်မှာ ပြန်ဆုံ မိကြတာလည်း သိပ်မကြာသေးတော့ စက် နဲ့ပတ်သက်တာ သူ သိ မသိပေ ...။

တကယ်လို့ အတူတူရှိနေကြရင်တောင် စက် လိုလူက သူ မပြော ချင်ဘဲ လည်ပင်းညှစ်ထားရင်တောင် ပြောပြမယ့်ပုံ မရှိပါ ...။

"ဘေဘီ လက်ထဲကို မင်း ဘာထည့်ပေးလိုက်တာလဲ ...၊ အဲဒါကို စက် မမြင်ဘူးများ ထင်နေလား .."

"မြင်မြင်ပေါ့ .. မွေ့မွေးအကောင်လိုက် ထည့်ပေးတာမှ မဟုတ် တာ၊ သူများက စေတနာရှိလွန်းလို့ လက်ဖွဲ့တာကို သူက ငြင်းခဲ့တာ သူ့မှာတောင် လူမှုရေးပြစ်ချက် ရှိနေသေးတယ် .."

"ဘာလဲ .. လက်စွပ်လား .."

"ဟုတ်တယ်လေ ...၊ သူ့ခမျာ လက်ထပ်လက်စွပ်လေးတော့ လိုချင်ရှာမှာပေါ့"





"မလိုပါဘူးကွာ .. ဒါတွေက နောက်ပိုင်းကျမှ ယဉ်ကျေးမှုတွေ ရောနှောလာတာပါ၊ တို့ မြန်မာထုံးစံက လက်ဖက်တစ်ရိုး ကွမ်း တစ်ယာပဲ .."

"အခု လက်ဖက်ပွဲ ကွမ်းပွဲနဲ့ တောင်းကြတဲ့ စုံတွဲတွေကို မြင်ဖူး သို့လား .."

ဟန်ဝင်း မျက်ခုံးတွေ ပင့်လိုက်ပြီး ရယ်ကျဲကျဲ ဖြစ်သွား၏။

"ကိုနော် .. သူများအတွက်ဆိုပြီး လက်စွပ်ပျောက်သွားတာကို ဖြန့်မလုပ်ပေးဘဲနဲ့ ...၊ ဟွန်း .. ဟိုထုံးစံ ဟိုယဉ်ကျေးမှုနဲ့ ပုတ်ခတ်နေ တယ်၊ ဘေဘီ ကလည်း နုံချာတဲ့ အဆင့်အတန်းထဲက မဟုတ်ဘူး၊ သူ့ခမျာ မိဘကို စွန့်လွှတ်ပြီး .."

"မြဲ့ .."

"ဘာလဲလို့ .."

"မိန်းမသားချင်းမို့ စာနာစိတ် ဖြစ်နေရင်လည်း ကွယ်ရာမှာ ဖြစ် ပါကွာ ...၊ သူတို့အကြောင်း ကိုယ် ဘာမှ သေချာသိတာ မဟုတ်ဘဲနဲ့.."

"ကို မသိပါဘူး ...၊ နောင်တစ်ချိန် ဘေဘီ ကို ကိုစက် မြတ်နိုး သွားခဲ့ရင် သူ့ဇနီးလေးကို အစစအရာရာ ဂရုစိုက်ပေးခဲ့တာဆိုပြီး ကို့ နိုးမကို ပထမဆုံး လာပြီး အလေးပြုလိမ့်မယ်၊ မယုံ ကြည့်နေ .."

ဘေးလူအမြင်နဲ့တော့ စိတ်ကူးတွေက အလန်းသားပါ ...။

စက် နဲ့ ဘေဘီ ရင်ထဲမှာရော တကယ် လန်းကြရဲ့လား ...။

အတွေးနှင့် ဟန်ဝင်း သက်ပြင်းရှိုက်မိ၏။

သူကတော့ မထင် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၁)

"တောက် .."

တက်ခေါက်သံတစ်ချက်ကို ပီပီသသ ကြားလိုက်ရသည်။ ဘောဘီ ခြေလှမ်းတွေ ရပ်သွားကာ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ပေမယ့် လူသူ တစ်စုံတစ်ယောက်ကိုမှ မမြင် ..။

အကြာကြီး နားစွင့်နေပြီးမှ ပြန်ဆက်ဖို့ ခြေလှမ်းပြင်လိုက်တော့ တီးတိုးစကားသံတွေ ထွက်ပေါ်လာပြန်၏။

ဒါ လူကြားမှာစိုးလို့ တီးတိုးပြောနေကြတဲ့အသံ မဟုတ် ..၊ ပုံမှန် အတိုင်း ပြောနေကြတာဖြစ်ကာ ကိုယ်သာလျှင် လူကိုလည်း မမြင်၊ အသံလာသည့် အရပ်မျက်နှာကိုလည်း ရှာမတွေ့နိုင် ..။

"ဒုန်း .."

"အမေ့!..."

တိတ်တဆိတ် နားစွင့်နေတုန်းမို့ အသံကျယ်ကြီးတစ်ချက်ကြောင့် သူမ ပခုံးလေးတွေတောင် ကျုံ့သွားခဲ့သည်။





"ခွမ်း ..."

တစ်ခုခု ကွဲရှသံကို ထပ်မံ ကြားလိုက်ရလျှင် အသံကြားတဲ့နောက် ကို ဘောဘီ ပြေးလိုက်မိတော့၏။ သို့သော် အသံသည် လုံးဝ ထပ်ပေါ် မလာတော့ဘဲ သူမသာ မောဟိုက်သွားခဲ့ပြီး ...

"ဟင်!..."

ဦးမောင်မောင် ၏အရိပ်တို့ မြင်လိုက်ရသဖြင့် မောတာတွေပါ ပျောက်၏။ သူမ ရပ်နေသည့်အခန်းနှင့် တစ်ခန်းကျော်လေးထဲက ထွက် သွားတာ ဖြစ်သည်။

ဒီလူကြီး ဘောဘီ့ ကို မြင်သွားသလား ..၊ မမြင်ဘဲတော့ နေမှာ မဟုတ်ပါ။ သူမ နောက်ဖေးဘက် မှောင်ရိပ်ကျသည့်ဘက်ကို ရပ်ငေး နေမိသဖြင့် ခုနကဆို ကျောခိုင်းလျက်သား ဖြစ်လိမ့်မည်။

"ဘောဘီ .."

"ဟင် .. ရှင် .. လာပြီ ကိုကို .."

ဘောဘီ ချာခနဲ လှည့်ပြေးသည်။ ဒါပေမယ့် လူကို ရှာမတွေ့ဘဲ ဘယ်ကိုသွားရမှန်းမသိ ဖြစ်သွား၏။

"ကိုကို .."

"ဒီမှာ .."

"ဟင်!..."

နောက်ကို အလျင်စလို လှည့်ကြည့်လိုက်တော့ လက်တစ်ဝါး လောက်ထူသည့် စာအုပ်ကြီးတစ်အုပ်ကို ပိုက်ထားကာ စက် က အနက် နဲ့ အပြာကွက်စိပ်ပုဆိုးကို စပို့ရှပ်လက်ရှည်အနက်နှင့် ဝတ်ထား၏။

ရေချိုးထားပြီးစမှန်း သိသာနေသည့် မျက်နှာက မီးရောင်အောက် မှာ နုသစ် ဖြူဝင်းနေလျက် ...

"မင်း ငါ့ခုတင်ပေါ် ဘာတက်လုပ်တာလဲ .."

"ခဏ လှဲကြည့်ရင်းနဲ့ အိပ်ပျော်သွားတာ .."



www.burmeseclassic.com

www.burmeseclassic.com



"လဲကြည့်စရာ မလိုဘူး ဘောဘီ .. မင်းနဲ့ ငါ တစ်ခန်းတည်း အတူတူရှိနေကြပေမယ့် စည်းနဲ့ကမ်းနဲ့နေ ..၊ ငါ့ရဲ့အိပ်ရာ၊ ငါ့အသုံး အဆောင်ပစ္စည်း .. မင်း ဘာမှ မထိနဲ့၊ မကိုင်မိစေနဲ့ .."

"ဒါတော့ ဘယ်လိုလုပ်ရမလဲ ကိုကို ..၊ ဘောဘီ ရှိနေသားနဲ့ ကိုကိုက ကိုယ့်အိပ်ရာ ကိုယ်သိမ်းနေရရင် .."

"အဲဒါ မင်း ပူဖို့ မလိုဘူး .."

"ကိုကို .."

သူက ပြောချင်ရာပြောပြီး လှည့်ထွက်သွားသည်။ ဘောဘီ က နောက်က လိုက်သွားကာ ...

"ကိုကို ညစာ မစားရသေးဘူးမို့လား ..၊ ဘောဘီ နဲ့အတူတူ စားရ အောင်နော် .."

"စားပြီးပြီ .."

"မဟုတ်ဘဲနဲ့ .."

ဘောဘီ က ခြေလှမ်းလေး တုံ့သွားရင်း ရေရွတ်ကာ ...

"အိမ်မှာ ထမင်းချက်လည်း မထားဘူး၊ သန့်ရှင်းရေးလုပ်တဲ့လူ လည်း မရှိဘူး၊ ဒီလောက် အိမ်ကြီးထဲမှာ ကိုကိုတို့ .."

"ဘောဘီ .."

ခေါ်သံက ဆောင့်ခါ ကျယ်လောင်လျက် ...

"မင်း ဘာတွေ စပ်စုနေတာလဲ ..၊ ဒီအိမ်ကြီးထဲမှာ ဘာဖြစ်ဖြစ် ဘာတွေရှိရှိ မင်း နေတတ်ရမယ်၊ ပါးစပ်ရှိနေတာ စကားပြောမှာပေါ့ ဆိုရင်လည်း ကိုယ့်လျှာကို သွားဖြတ်ထုတ်လိုက်တော့ .."

"အဲဒီလောက်ထိ လိုလို့လား ကိုကို၊ ဘောဘီ က ရန်ကုန်မြို့ပေါ်က အချမ်းသာဆုံး လူကုံထံတွေနေတဲ့ ရပ်ကွက်ထဲက တိုက်ကြီးပေါ်မှာ စကြဝဠာအပြင်ဘက်ကို ရောက်နေတာ မဟုတ်ဘူး .."

"ဟုတ်တယ်လို့ပဲ မှတ်လိုက် ..၊ မနေနိုင်ရင် မင်းကို ဘယ်သူမှ





ချုပ်မထားဘူး .."

"သိပ်နှင်မနေနဲ့ ကိုကို..၊ ဘောဘီ က မိဘက စွန့်ပစ်ခဲ့လို့ ခိုကိုးရာ မဲ့ပြီး ကိုကို့အရိပ်မှာ တွယ်ကပ်နေတာ မဟုတ်ဘူး .."

"ဟုတ်တယ် .. မင်းမှာ ပိုင်ဆိုင်မှုတွေ ရှိတယ်၊ မင်းက နန်းမဟာ အရှင်သခင်နဲ့ပတ်သက်အောင် ကြိုးစားနိုင်ခဲ့တာပဲ၊ အခုကစပြီး မင်း ဘဝထက် အဆပေါင်းများစွာ သာသွားပြီ .."

"မဟုတ်ဘူး ..၊ ဘောဘီ အဲဒါတွေကို ရည်ရွယ်ပြောတာ မဟုတ် ဘူး .."

"ဟွန်း .."

သူ မဲ့လိုက်သည့် ခပ်တွန့်တွန့် နှုတ်ခမ်းသားတို့၏ သက်ရောက်မှု က ရင်ထဲကို စူးအောင့် နာကျင်သွားစေခဲ့ပြီး ...

"ဟုတ်တယ် .. အဲဒါလည်း မှန်တယ်၊ ဒါပေမယ့် ဘောဘီ ကိုကို့ ဆီက သွားဖို့ဆိုတာ .."

"ဘယ်တော့မှ စဉ်းစားမှာ မဟုတ်ဘူးလို့ ပြောမလို့လား ..၊ ဟွန်း.. ဘယ်စဉ်းစားမလဲ ..၊ ယူမယ့်ယူ တစ်ခုလုံး အကုန်ယူမှာပေါ့၊ တစ်ဖဲ့ တစ်ရွဲ့နဲ့ ဘယ်ကျေနပ်နိုင်မလဲ .."

"ပြော .. ကိုကို ကြိုက်သလောက် ပြော၊ ဒီအိမ်ပေါ်မှာ ဘောဘီ တစ်မိနစ်၊ တစ်စက္ကန့်မှ မနေချင်တော့အောင် ပြောလိုက်ပါ၊ အဖြစ် အပျက်တစ်ခုဟာ အမှန်တရားပျောက်နေခဲ့ရင် ပစ္စုပ္ပန်မှာတော့ အကျည်း တန်နေမှာပဲ၊ တစ်နေ့ဆိုတဲ့ အနာဂတ်စာမျက်နှာမှာ ကြက်ခြေခတ်ပြီး အား ပေါ်လာမလား ..၊ အမှတ်အပြည့်နဲ့ ပြီးပြည့်စုံစွာ ပေါ်လာမလား ဆိုတာက စောင့်ကြည့်ရမယ့်အပိုင်း .."

"ငါ ပြောပြီးပြီပဲ၊ အဲဒီလောက်ထိ မင်းမှာ အချိန်မရှိတော့ဘူး"

"ရှိတယ် ..၊ ဘောဘီ အသက်ရှင်နေသမျှ ကိုကိုနဲ့အတူတူ မခွဲမခွာ တို့ရှိနေမှာ .."



www.burmeseclassic.com

www.burmeseclassic.com



တမင်တကာ ပြောပစ်လိုက်ပြီး ဘောဘီ ကိုယ့်စိတ်ကို ပြန်တ[illegible] သည်။ ဂရုမစိုက်ဘူးဆိုပေမယ့် ဦးမောင်မောင် ပြောခဲ့သည့်စကား[illegible] ကိုတော့ ဖျတ်ခနဲ ရုပ်ခနဲ မကြာခဏ သတိရနေခဲ့၏။

ဒါပေမယ့် ယုံကြည်ချက်တစ်ခုနှင့် အဆုံးထိ လျှောက်ဖို့က နိုင်[illegible] ပြီးသားပါ။ အဘယ်ကြောင့်ဆိုလျှင် ကိုယ်လိုချင်တဲ့အချစ်မျိုး သူ့ရင်[illegible] မှာ ရှိကို ရှိရမည်ဆိုတာ ..။

"ဘောဘီပန်ထွာ .."

သူ မရှိတော့ပေမယ့် အတွေးတွေက မပြတ်ဘဲရှိစဉ် ဦးမောင်မော[illegible] က လက်နှစ်ဖက် နောက်ပစ်ဆုပ်ရင်း ခပ်မိန့်မိန့် လျှောက်လာကာ–

"မင်းကို ပြောထားချင်လို့ .."

သူက စကား ခဏရပ်လိုက်ပြီးမှ ...

"နောက်ကို ခြံနောက်ဘက်က ဂေါ်ရခါးညွန့်တွေ သွားမခူးပါနဲ့ လာပြန်ပြီ တစ်ယောက် ..၊

စိတ်ထဲမှာ တင်းသွားရင်း တစ်ခုခုကို ပြန်ပြောဖို့ ပြင်လိုက်ပြီး[illegible] ဒီလို ဟင်းရွက်ခူးတာလောက်ကို နမြောတွန့်တိုလို့ တားမြစ်တာတော့ မဟုတ်နိုင်ဘူးဆိုတာ သတိရလိုက်သည်။

ထို့ပြင် သူမကိုယ်တိုင်ကလည်း ကိုယ့်အိမ်ကနေ လှရိပ်မြင်[illegible] တွေ့ခဲ့သည့် ပြတင်းပေါက်ကို မှန်းဆရှာဖွေရင်း ထိုနေရာကို ရောက်သွား[illegible] တာ ဖြစ်၏။

ရောက်သွားလို့သာ ဂေါ်ရခါးညွန့်တွေပါလားဆိုပြီး အလုပ်မ[illegible] အလုပ်ရှာရင်း ခူးဖြစ်ခဲ့တာ ..။

"မင်းကို ရှိတာနဲ့ စားဇာတ်အောင် စားဖို့ ပြောပြီးသား .."

"ရှိတာနဲ့စား ဆိုတာ ကိုယ့်ခြံဝင်းထဲက စားပင်သီးပင်ရော မ[illegible] ဘူးလား အန်ကယ်လ်..၊ ဘောဘီ က ဘာဝယ်ပေးပါ ညာဝယ်ကျွေး[illegible] ပြောနေမိလို့လား .."





"မင်းက ပြန်ပြီး မေးခွန်းမထုတ်နဲ့ ..၊ ညည်သည်ဆိုတာ အိမ်ရှင် [illegible]ခတ်တဲ့စည်းကမ်းအတိုင်းပဲ နေရမယ် .."

"ဒါဆိုရင်တော့ ဘောဘီ မပါဘူးပေါ့၊ ဘောဘီ က အခု ဒီအိမ်ရဲ့ [illegible]သခင် .."

"ဘာပြောတယ် .."

ဦးမောင်မောင် ဒေါပွသွားတာကို ဘောဘီ က အေးဆေး ကြည့်နေ [illegible]ပြီး ...

"ဘောဘီ တို့ လက်ထပ်ပြီးပြီ .."

"ငါ အသိအမှတ်မပြုလို့ ငါ့ခြံဝင်းထဲမှာတောင် လက်ထပ်စာချုပ် [illegible]ပ်ရဲခဲ့ဘူး၊ မင်းရဲ့အဆင့်အတန်းကို သဘောပေါက်ဖို့ ကောင်းတယ်"

"ဘောဘီ့ အဆင့်အတန်းဆိုတာ လူတော်တော်များများ သိပါ [illegible]ယ် ..၊ 'နန်းမဟာ'စံအိမ်ကြီးက ဘယ်လိုအဆင့်အတန်းမျိုးနဲ့ လူတွေ [illegible]ဆိုတာပဲ လူမသိကြတာ .. ခုတော့ သိသွားကြပါပြီ၊ မိန်းကလေးတစ် [illegible]ောက်ကို ဘယ်လို လက်ထပ်ယူသလဲဆိုတာ .."

ဦးမောင်မောင် မေးရိုးနှစ်ဖက် ကားခနဲ ထောင်သွားတာ သိသာနေ [illegible]၊ ဘောဘီ ကတော့ နာကျင်နေသည့် နှလုံးသားနဲ့ပါ ..။

"ထမင်းစားကြတာချင်း အတူတူ မတ်တတ်ရပ်ရင်း မစား [illegible]ောင်းဘူး၊ ခြေဆင်းပြီး မစားကောင်းဘူးဆိုတဲ့ ပညတ်ချက်တွေ ရှိနေ [illegible] ဘာဖြစ်လို့လဲ ..၊ လက်ထပ်ယူနိုင်လို့ ယူပြီဆိုတည်းက ဘယ်လို [illegible]ဆင့်အတန်းနဲ့ သတ်မှတ်ပြီးတော့ယူယူ အဲဒီမိန်းမက ကိုယ့်ဇနီး ဖြစ် [illegible]တာပဲ၊ ဒီမိန်းမမှာပဲ အဆင့်အတန်းမရှိတာလို့ ဘယ်လို သတ်မှတ် [illegible]လဲ .."

ဦးမောင်မောင် ရုတ်တရက် စကားစရှာမရဘဲ ဒေါသတွေသာ [illegible]န်လာ၏။ မနူးမနပ် မိန်းမငယ်လေးတစ်ယောက်က ကျကျနနကြီး [illegible]း‌တုံ့ပြန်နေသဖြင့် ပြိုင်ဆိုင် ရန်ဖြစ်နေရပြန်ရင်လည်း မကောင်း..၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီးရော နေလိုက်ရအောင်က ပြောသည့်စကားလုံးတွေက လူနဲ့မတန်

"မင်းကို လက်ထပ်ယူထားလိုက်တာက မင်းရဲ့ မရမက[illegible] အောင်လုပ်မှာ ဖြစ်တဲ့ ညာဥ်ဆိုးကြောင့် ..၊ နန်းမဟာရဲ့ဂုဏ်သိက္ခာ ကြောင့်..၊ မင်းကိုယ်မင်း သျှန် ရဲ့ဇနီး ဖြစ်ရပြီဆိုပြီး ဒီနေရာမှာ မြဲ သွားလိမ့်မယ် ထင်လို့လား .."

"ဟွန်း.. နေရာဆိုတာ ကိုယ်ရပြီးသွားရင် ဖယ်ပေးချင်မှ ဖြစ်[illegible] ပါ၊ ဒီမှာ ယောကျ်ားတွေချည်း ရှိနေကြတာတောင် မိန်းကလေးတ[illegible] ယောက်ကို အမျိုးမျိုး ချိုးဖဲ့ ပုတ်ထုတ်ဖို့ပဲ ကြိုးစားနေကြတယ်နော် ဘောဘီ အရမ်းအံ့သြတာပဲ၊ အိမ်ထောင်စုတစ်စုမှာ မိန်းကလေးတ[illegible] ယောက်ရဲ့ စွမ်းဆောင် ကူညီမှုဟာ .."

"ငါတို့အတွက် မလိုဘူး .. ဒီစံအိမ်မှာ ဘယ်လိုမိန်းမမျိုးမှ မ[illegible] ဘူး၊ မင်းကိုလည်း သျှန် က တစ်နေ့နေ့ လိုလားလာမယ်လို့ မျှော်[illegible] မနေနဲ့၊ မရနိုင်တာကို တမ်းတလွန်းရင် ရူးတတ်တယ် .."

ဦးမောင်မောင် က ဘောဘီ တစ်ကိုယ်လုံးကို သေးကျုံ့ပြာကျသွ[illegible] စေတဲ့ အကြည့်တစ်ချက်နှင့် သတိပေးသလိုလို စိုက်ကြည့်ပြီး လှ[illegible] ထွက်သွားသည်။

ဂေါ်ရခါးပင်နားက လှမ်းကြည့်လျှင် မြင်ရသည့် ပြတင်းပေါက်[illegible] မကြည့်စေချင်တာလား ..၊ ဒီလို ဟင်းရွက်လောက်ကိုတော့ မတွန့်[illegible] လောက်ဘူးဆိုလျှင် ဖြစ်နိုင်တာက ဒါပဲ ရှိသည်။

ဒီအိမ်ကြီးရဲ့လျှို့ဝှက်ချက်တွေက ဘယ်သူမှ ဘာမှမပြောဘဲ သူ[illegible] မျက်နှာတွေမှာပဲ သိပ်သည်းစွာ ပေါ်နေခဲ့သည်။ ဘာမှန်းတော့ မသိ[illegible]

လေးဘက်လေးတန် နေရောင်မထိုးနိုင်သော အလုံပိတ် စံအိမ်[illegible] ထဲမှာ သူမဘဝ ဘယ်သို့ ရှေ့ဆက်မလဲ ..၊ ကိုယ်ချစ်တဲ့သူရဲ့မျက်နှာ[illegible] မြင်နေရပေမယ့် အိပ်ရတာက သူတခြား .. ကိုယ်တခြား ..။

စားရတော့ တစ်နေရာစီ တစ်ချိန်စီ ..။





အတူတူ နေခွင့်ရပြီမို့လို့ ဝမ်းသာအားရ ချက်ပြုတ်စီစဉ်ထားခဲ့ [illegible]ိုင်း သူကတော့ အမြဲတမ်း စားပြီးသားပဲ ဖြစ်နေခဲ့၏။

မစားရသေးဘူး ထင်ရတဲ့အခါတွေမှာလည်း သူ ဘယ်တော့မှ [illegible]က်မခံခဲ့ပါ။ ဖိနပ်မပါပေမယ့် ထီးဆောင်းထားရရင်တောင် တော်ပါ [illegible]းသည်။

ခုတော့ ထီးမပါ ခြေဗလာနှင့် ကန္တာရခရီးက ဘယ်ထိရှည်ဦးမည် [illegible]သိ ..။ တွေးနေရင်းနဲ့ ဘောဘီ ခေါင်းထဲကို တစ်စုံတစ်ယောက် ဝင် [illegible]ာခဲ့၏။ ထိုသူက စက်အာဏာသျှန် ရဲ့ဖခင် ..၊

ဟုတ်သည် ..၊ ဖခင်ရင်းတစ်ယောက်ကတော့ သူ့သားနဲ့ပတ်သက် [illegible]ာကို သမာသမတ်ကျကျ တွေးခေါ် ဆုံးဖြတ်ပေးမှာပဲ ဖြစ်၏။

ဦးမောင်မောင် လိုလူကြီး မဟုတ်ပါစေနဲ့လို့ ဆုတောင်းမိရင်း [illegible]မြင်ဘူးသေးသည့်လူကို ရှာဖွေတွေ့ဆုံဖို့ ရည်ရွယ်ချက်တွေ ထဖြစ် [illegible]ာ၏။

ဒီအိမ်ကြီးထဲမှာ ရှိနေတာမှန်လျှင် ဦးမောင်မောင် ဆိုသည့်လူကြီး [illegible]ဖြစ်နေပုံကို အကဲခတ်ခြင်းဖြင့် ကိုကိုရဲ့အဖေဟာ နာတာရှည် လူမမာ [illegible]တစ်ယောက် ဖြစ်နေနိုင်သလို .. မသွားမလာနိုင်ခြင်း သို့မဟုတ် မျက် [illegible]လုံးမမြင်ရခြင်း တစ်ခုခုသော ချို့တဲ့သူ ဖြစ်ရမည်။

ဦးမောင်မောင် က ကိုကိုတို့ သားအဖကြားမှာ တစ်စုံတစ်ခုသော [illegible]နိုင်ကွက်ဖြင့် ချုပ်ကိုင်ထားနိုင်ခြင်းမှလွဲ၍ တခြားဖြစ်ဖို့အကြောင်း မရှိ [illegible]ဟု သုံးသပ်မိကာ မခံရပ်နိုင်ခြင်းတွေ ဖြစ်လာမိသည်။

ဆုံးဖြတ်လိုက်မိတာက ဒါကို ရအောင် စုံစမ်းဖို့ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၂)

ရေခဲသေတ္တာ ဖွင့်လိုက်တိုင်း ကြက်အရှုချောင်းနဲ့ ကြက်သား ... ပြီးတော့ ဟင်းသီးဟင်းရွက် နှစ်မျိုးသုံးမျိုးလောက်က နေ့စဉ် ဒါတွေပဲ ဖြစ်နေ၏။

"ကိုကို .."

စက် က စားပွဲမှာထိုင်၍ ဘာတွေ ရေးမှတ်နေမှန်း မသိဘဲ ဘောဘီ ခေါ်လိုက်တော့ လှည့်ကြည့်၏။

"ကိုကိုတို့ကတော့ ကြက်တစ်နေ့၊ ဝက်တစ်နေ့၊ မှိုတစ်မျိုး၊ ကန်စွန်းတစ်မျိုးနဲ့ စားနေကြရတာလားဟင် .."

လေသံလေးက ခပ်ဖျော့ဖျော့နှင့် မီးဖိုခန်းတံခါးဝမှာ ဘောင်ကိုမှီ၍ ရပ်နေပုံလေးက ချက်ချင်းပဲ အားပြတ်ပြီး ပုံကျသွားတော့မယ့်အတိုင်း ..။

စက် က ချက်ချင်း မျက်နှာလွှဲမသွားဘဲ ဘောဘီ ကို စိုက်ကြည့်နေ၏။





"ဘောဘီ နဲ့လည်း မစားဘူး၊ ဘောဘီ အတွက် ထည့်ပေးထားတာ ...ကလည်း ဒါတွေချည်းပဲ၊ အဲဒါကြောင့် ကိုကိုတို့ရော ဒီတိုင်းပဲလား..၊ ...ယ်လို စားနေကြတာလဲလို့ .."

စက် ထိုင်မနေနိုင်တော့ဘဲ နေရာမှထ၍ စီးကရက်နဲ့ မီးခြစ်ကို ...တ်တစ်ဖက်နဲ့ ကောက်ယူ၍ ...

"အခု မင်း-ဘာပြောချင်လို့လဲ .."

"ဒါလေးကိုတော့ ဖြေပါ ကိုကိုရယ် .. ဘောဘီ က ဟင်းချက်စရာ... ဖွယ်ဖွယ်ရာရာနဲ့ မရှိးတမ်း ချက်ပြုတ်စားချင်လို့ မဟုတ်ပါဘူး၊ ...သမယ့် ကိုကို့ကိုတော့ ဘောဘီ ချက်ကျွေးချင်တယ်၊ ဘောဘီ ကို ...ည့်ပေးထားတာတွေပဲ ကိုကို့ကို ကျွေးနေတယ်ဆိုရင်တောင် မိန်းမ...င်ယောက်က သူ့ယောက်ျားကို ချက်ပြုတ်ကျွေးတာလောက် မဖွယ်ရာ...င်ပါဘူး .."

ဘောဘီ့ မျက်နှာလေးကလည်း နွမ်းလျလို့ပဲ ဖြစ်သည်။ သူ့ကို ...မင်း အတူစားဖို့ ခေါ်တဲ့နေ့တည်းက ဘောဘီ ထမင်းကောင်းကောင်း ...းဘဲ သွန်သွန်ပစ်နေတာ သူ မြင်သည်။

ဆန္ဒပြနေတာမှန်း သိနေလို့ သူ တမင် ဂရုမစိုက်ဘဲ နေခဲ့တာဖြစ်...ည်။

သူမက တစ်ရက်ပြီးတစ်ရက် တကယ်ကို နေနိုင်လွန်းသဖြင့် မသိ...လိုသာ နေနေရသည်။ ခဏခဏတွေးမိလာတာ သူမအကြောင်း ..၊

"ကိုကို .. ဘောဘီ ဆက်ပြောရမှာလားဟင် .."

"ပြော .. မင်း ပြောချင်တာက မင်းအတွက်ဆိုတာတွေကို မစား...တာလား ..၊ ငါ့ကို အကြောင်းပြပြီးတော့ ပြောချင်တာလား .."

"ကိုကိုနဲ့ အတူတူ လက်ဆုံစားချင်တယ် .."

"ဟွန့် .."

"မမှဲ့ပါနဲ့ ကိုကို ..၊ ဆောရီးလုပ်မှာပဲဆိုတာ သိပြီးသားပါ၊ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



သိစေချင်တာက ဘောဘီ ကလည်း ကိုကို့လိုလူပဲ၊ ဘောဘီ ကို တစ်ချ
တည်း ပုံမှန်ထည့်ပေးထားတဲ့ စားစရာတွေကို ဘောဘီ မစားနိုင်သ
ကိုကို အဲဒီလို စားနေရတယ်ဆိုရင်လည်း ဘောဘီ စိတ်ကောင်းနိုင်မှ
မဟုတ်ဘူး .."

"အဲဒီတော့ .."

"ဘောဘီ ကို ဈေးဝယ်ထွက်ဖို့ ကိုကို လိုက်ပို့ပေးပါ၊ ဘောဘီ မှ
ရှိအပ်တာတွေ အများကြီး ဝယ်စရာရှိတယ်၊ ကိုကို့အမေ အင်္ကျီတွေ
ဝတ်နေလို့ ရတယ်ဆိုပေမယ့် မရတာတွေ ရှိတယ်၊ မိန်းကလေးတ
ယောက်အတွက် အဝတ်အစားဝတ်နေရုံအပြင် တခြား မရှိမဖြစ် လိုအ
တာတွေလည်း ရှိသေးတယ် .."

ဘောဘီ က ရင်ခွေလက်ရှည်ပွပွ ထဘီလေးတကားကားနှင့် ခပ်
ယှဲ့ လျှောက်ထွက်လာ၏။

စက် က မျက်မှန်းကျိုးနေသည့် အကြည့်တစ်ချက်နှင့် မျက်
လွဲ၏။

လူလေးကြည့်တော့ လှုပ်လီလှုပ်လဲ့နှင့် ခေါင်းမာတတ်တာ
စိတ်တိုမိသည်။

'ကိုကို့လိုလူပဲ' လို့ ပြောလိုက်တော့ ပိုဆိုးသွားသည်။ အရွဲ့ပေး
တယ်ပြောပြီး တိုက်ခိုက်နေတာ မဟုတ်ဘူးလား ..။

သူမ ပြောနေတာတွေကို မလိုက်လျှောဘူးဆိုရင်ရော ဘာဆ
ဆက်ဖြစ်ဖို့ ရှိသလဲ ..။

"ကိုကို လိုက်မပို့ဘူးဆိုရင် .. ဘောဘီ နဲ့လည်း ဘယ်တော့
ထမင်း အတူမစားဘူးဆိုရင် .."

သူမက ဆက်ပြောပြီးမှ ရပ်ပစ်လိုက်တော့ စက် ရဲ့မျက်ဝန်းထ
ဒီဘက် ပြန်ရောက်လာ၏။

ထိုအခါ မျက်လုံးချင်း ဆုံသွားခဲ့ပြီး ...





"ဘောဘီ နောက်ထပ် ဘာမှမစားဘဲ နေတော့မယ်၊ ကိုကိုလည်း
ချုနပ်မှာပါ..၊ ဘောဘီ အရှင်ပဲထွက်ထွက် အသေထွက်ထွက် ဒီက
ထွက်သွားရင် ကြိုက်တယ်မို့လား .."

"ဟုတ်တယ် ..၊ မင်းလမ်းကို မင်း ရွေးလိုက်တာ အကောင်းဆုံးပဲ၊
န်းမဟာ မှာ ဘာပြဿနာရှိရှိ ဘယ်တော့မှ ကြီးထွားခဲ့တာ မရှိဖူးဘူး၊
ဘာဖြစ်လို့လဲ သိလား .."

"သိတယ် ကိုကို ..၊ ကိုကို့မှာ ငွေရှိတာကိုး .."

သူ ခေါင်းညိတ်လိုက်တာကို ငေး၍ ဘောဘီ နှုတ်ခမ်းလေး ကတုန်
ယင် မဲ့ကျသွားသည်။

ပြိုင်ကြပြီဆိုရင်တော့ အနိုင်အရှုံးဆိုတာ ရှိလာမှာပဲ ကိုကို..၊ ကိုကို
င့်ကြည့်လိုက်ပါ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၃)

"မင်း ဘယ်လိုလုပ်လိုက်တာလဲ သျှန် .."

"အဆင်ပြေသလို လုပ်ရတာမို့လို့ ဦးမောင် ကို ပြောချိန် မရလိုက်ဘူး .."

"မင်း ဆရာဝန်ခေါ်ဖို့တောင် သတိရသေးရင် ငါ့ကို ပြောဖို့လည်း သတိရရမှာပေါ့ .."

"ဦးမောင် ကို အရင်ပြောလို့ သူသေသွားရင် ဘယ်လိုလုပ်မလဲ.."

"ဟ .. ဆွဲချပစ်လိုက်ရုံပဲ၊ သူ့ကို ဘယ်သူက အစာငတ် ရေငတ်ထားသလဲ .."

ဦးမောင်မောင် ဒေါသတွေ ရှူးရှူးရှားရှား ထဖြစ်ကာ လူငယ်တစ်ယောက်လို လက်ခါ ခေါင်းခါတွေ ဖြစ်လျက် ...

"ဒီကောင်မလေး နည်းနည်းနောနောဇ မဟုတ်ဘူး သျှန် ..၊ အဲဒါ မင်း မသိဘူးလား .."

"ဘယ်လို'ဇ'မျိုးပဲရှိရှိ သေလောက်အောင် ဖျားနေတာ ဆေးမကုရင် သေမှာပဲ .."

"မင်းက ဒီလောက်တောင် စိုးရိမ်နေတယ်ပေါ့ .."





စက် ရဲ့မျက်နှာမှာ ဒေါသရိပ်တွေ တရစ်ရစ် တက်လာသည်။ အပေါ်ဆုံးထပ် ဝရန်တာအစွန်းမှာ ရပ်နေရင်း ဦးမောင်မောင် ၏ မျက်နှာဆီမှလွှဲ၍ ခြံထဲ ရောက်တတ်ရာရာဆီ မျက်လုံးတွေကို ပို့၍ အလုပ်ပေးနေမိ၏။

တစ်သက်လုံးက အုပ်ထိန်းလာခဲ့တဲ့ ဦးလေးမို့ ခံပြောခံဆို သိပ်လုပ်ချင်ပါ။ ဒါပေမယ့် နည်းလမ်းမကျတဲ့စကားမျိုးတွေကို မကြာခဏ ပြောဆို ဖိနှိပ်လာတတ်တာကို မခံချင် ..။

သဘာဝလွန်စကားတွေ ပြောလာခဲ့တာ တစ်သက်လုံး ..။

ကိုယ့်စိတ် .. ကိုယ့်ဘဝကို သိနေပါသည်ဆိုကာမှ အမြဲတမ်းပဲ အဆင်းကို ဘီးတပ်ပေးသလို စကားတွေချည်း ဆိုခဲ့သည်။

ပတ်သက်ရာပတ်သက်ကြောင်းတွေ ရှိလာတိုင်း အပြစ်ထောက်တတ်၏။ ပြောသမျှ စကားတွေဟာ ဖေဖေ့အတွက် ဖေးမညှာတာဖို့တွေ ပါနေခဲ့ပြီး သူ့ဘက်ကိုတော့ သတိပေး တားမြစ်ချက်များနှင့် ကန့်သတ်ခြင်းသာ ဖြစ်သည်။

သူ့အစ်ကိုလို့ တွင်တွင်ပြော၍ ကာကွယ်နေတာကို စိတ်တိုင်းမကျသလို ဖြစ်လာမိတိုင်း သူ့အစ်ကိုဆိုပေမယ့် ငါ့အဖေပဲဆိုသည့် အသိနှင့်သာ ဖြေခဲ့သည်။ ဒါပေမယ့် ...

ကြာလာလေ ပိုဆိုးလေ..၊ ဒီနေ့ သူ ဘာပြောသင့်သလဲ ..၊ ကိုယ်တိုင်တည်ဆောက်ခဲ့သည့် အတိတ်နဲ့ပစ္စုပ္ပန်အားလုံးဟာ အနာဂတ်မှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲတော့မည်ဆိုတာ ..။

"ငါ ချမှတ်ခဲ့တဲ့ မူဝါဒတစ်ခုကို လုံးဝ ကျိုးပေါက် ပျက်စီးမခံနိုင်ဘူး သျှန် .."

သူ တိတ်ဆိတ်နေတာကို ဦးမောင်မောင် က သည်းမခံနိုင်ဖြစ်နေ၏။

"မင်း ဒီကောင်မလေးအပေါ်မှာ မသာယာနဲ့ ..၊ ခေါင်းသင်း



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်သွားဖို့လည်း စိတ်မကူးနဲ့ ..”

“‘နန်းမဟာ’ရဲ့ဂုဏ်သိက္ခာကို မင်း မေ့လို့မရဘူး၊ ကိုယ့်ကိုယ် ကိုယ် ဘာလဲဆိုတာလည်း မမေ့နဲ့ ..”

“ဦးမောင် ..”

“နေဦး သျှန် .. မင်း ဒီအချိန်မှာ ငါ့ကို ခွန်းတုံ့ပြန်ဖို့ မကြိုးစား နဲ့၊ အခု ဖြစ်ပျက်နေတဲ့ မင်းရဲ့ခြေလှမ်းအမှားတွေအပေါ်မှာ ငါ ဒီ့ထက် ပိုပြီး လိုက်လျောမပေးနိုင်ဘူး၊ ဒီပြဿနာကို ‘ရှဥ့်လည်း လျှောက်သာ ပျားလည်း စွဲသာ’ မင်း ရှင်းပေးလိုက်မှာပဲလို့ ငါ မျှော်လင့်ခဲ့တယ် ဒါပေမယ့် ဖြစ်မလာဘူး၊ အဲဒါတွေကြောင့် ငါ ဘာမှ ထပ်ပြီး နားလည် မပေးနိုင်တော့ဘူး ..”

“မပေးနိုင်တာတွေ များလှချေလား ဦးမောင် .. ဦးမောင် ဆီက ကျွန်တော် ဘာမှ မတောင်းခဲ့ဘူးထင်တာ ..”

“ဟွန်း .. မင်း ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိတယ်လို့ ပြောချင်တာလား”

“ကိုယ့်ဘက်က ကိုယ့်စကားကိုပဲ ပြောကြမယ်ဆိုရင် ကျွန်တော် တို့ ခုလို ပြောနေကြဖို့ မလိုပါဘူး ..”

“သျှန် ..”

ဦးမောင်မောင် က ဒီလိုဖြစ်လာမှာကို တွေးထားပြီးဖြစ်ပုံနှင့် မျက် နှာက တဖြည်းဖြည်း တင်းမာ နီရဲလာခဲ့လျက် ...

“မင်းကိုယ်မင်း မေ့လိုက်ရင် မင်းအဖေကိုပါ မေ့လိုက်တာပဲ အဲဒါကို နားလည်ရဲ့လား ..”

“အဲဒါ မဆိုင်ဘူး ဦးမောင် ..၊ မိဘနဲ့ သားသမီးကြားမှာ သွေး ရင်ကွဲ ဘယ်လိုနည်းနဲ့ပဲ ဝေးကွာသွားပစေ မိဘက မိဘ ..၊ သူ့ရဲ့သား လည်း သားပဲ၊ ဖေဖေနဲ့မသက်ဆိုင်ဘဲ ကျွန်တော့်ဘဝ ကျွန်တော့် ဂုဏ် သိက္ခာအတွက် လုပ်သင့်လုပ်ထိုက်တာဆိုရင်တော့ လုပ်ရမှာပဲ ..”

“မင်း ဘယ်လိုပြောလိုက်တယ် သျှန် ..၊ ဒီစကားတွေကို မင်း





ပြောနေတာ ဟုတ်ရဲ့လား ..”

သူ ရှေ့တိုးလိုက်တော့ သျှန် က စူးစူးရဲရဲ ပြန်ကြည့်နေပြီး တစ် ချက်မှ နေရာ မရွေ့ ..။

“ဒါ မိန်းမတစ်ယောက်နဲ့ပတ်သက်ပြီး စတင် တိုက်ခိုက်ဖို့ ပြင် ထားတဲ့ ခြေလှမ်းတွေလား ..၊ ကောင်မလေးကို မင်း ဖြတ်ချထားခဲ့လို့ ရဲ့နဲ့ လက်ထပ်ဖို့ထိ လုပ်ပစ်လိုက်တည်းက ..”

“အဲဒါက အခြေအနေ အချိန်အခါတွေကြောင့် ဖြစ်ခဲ့တယ်ဆိုတာ ဦးမောင် ကို ကျွန်တော် ရှင်းပြပြီးပြီ၊ ဒါပဲ အထပ်ထပ် စွပ်စွဲနေရင်တော့ ကျွန်တော်တို့ ပြောသမျှ အဆင်ပြေမှာ မဟုတ်ဘူး ..”

“ဘယ်ပြေနိုင်မလဲ ..၊ မင်း ငါ့ကို ဂရုစိုက်စရာလို့မှ မမြင်တော့ ဘူး၊ မင်းကိုယ်မင်း ကိုယ့်ရဲ့အနာဂတ်ကို ကိုယ်တိုင်ဖန်တီးတော့မယ်လို့ ဆုံးဖြတ်လိုက်တာလား ..၊ ဖန်တီးနိုင်လိမ့်မယ်လို့ ထင်ယောင်ထင်မှား ဖြစ်လာတာလား ..”

ဦးမောင်မောင် မျက်နှာထက်မှာ ကြင်နာစာနာသည့် နူးညံ့သော အပြုံးအရယ်တွေ ဆိတ်သုဉ်းနေခဲ့လျက်..၊ အောင်နိုင်သူ၏မဲ့ပြုံးတို့ဖြင့်...

“သိပ်လှတဲ့ ချာတိတ်မလေးတစ်ယောက်က မျက်ရည်လေး သစမ်းစမ်းနဲ့ ပွတ်သီးပွတ်သပ် ကပ်ချွဲနေတော့ စိတ်မခိုင်တော့ဘူးပေါ့”

ပက်ခနဲ ပြန်ပြောလိုက်ဖို့ လျှာပေါ်ရောက်လာသည့် စကားတို့ကို ချိုသိပ်ရင်း စက် ရဲ့မျက်နှာကလည်း အပြင်းထန်ဆုံး ဒေါသတို့ကြောင့် နီရဲလာ၏။ ခံစားချက်တို့မှ သီးပွင့်လာခဲ့သော စကားလုံးတွေ ရင်ဘတ် နဲ့ မဆံ့ပါ။ ဒါပေမယ့် ရင်ထဲရှိသမျှ ပြောလိုက်ပြန်လျှင် ဒါက နောက် ဆုံးတိုက်ပွဲ ဖြစ်သွားနိုင်၏။

“ဒီမှာ သျှန် .. မိန်းကလေးတွေ မင်းကို မြင်တာနဲ့ မူးမိုက်ရူးသွပ် သွန်လောက်အောင် မင်း ချောပါတယ်၊ အဲဒါထိ မှန်သေးတယ်၊ ဒါပေ မယ့် မင်း ဘာလဲဆိုတာ သူတို့ မသိကြဘူး၊ ဒါကို မင်းက သိစေချင်



www.burmeseclassic.com

www.burmeseclassic.com



သလား၊ သိချင်သိပါစေတော့လို့ မင်းပါ ရောပြီး ရှုးသွပ်သွားတာလား–

"ဘယ်သူသိသိ မသိသိ ဦးမောင် တစ်ယောက် သိနေတဲ့အတွက် ကျွန်တော့်ဘဝက မွေးလာတည်းက သေဆုံးနေခဲ့တာပါ"

ဦးမောင် ကိုယ်လုံးကြီးပါ မတ်ခနဲ ဖြစ်သွားသည်။ စက် က နောက်ပြန် နှစ်လှမ်းလောက် ဆုတ်၍ ဝရန်တာတန်းတွေပေါ်မှာ လက် နှစ်ဖက် နောက်ပြန်တင်လိုက်ကာ …

"ကျွန်တော့် တစ်ဘဝလုံးကို ခြောက်လှန့်လာခဲ့တာ ပတ်ဝန်းကျင် ရဲ့အသံတွေ မဟုတ်ဘူး .."

စက် ရဲ့မျက်လုံးတွေက ဦးမောင်မောင် မျက်နှာထက်မှာ စူးရဲစွာ ရှိနေခဲ့ပြီး …

"ဦးမောင် ဆီကပဲ .."

"ခြောက်လှန့်နေတယ်လို့ ထင်တာက မင်းဘက်ကပါ၊ တကယ့် အဖြစ်မှန်ကို ရင်မဆိုင်ရဲတဲ့စိတ်က မင်းရင်ထဲမှာ ဘဝတစ်လျှောက်လုံး ကြီးစိုးနေခဲ့တာ .. အဲဒါ ငါနဲ့ မဆိုင်ဘူး သျှန် …၊ တကယ်တော့ မင်း က ထွက်ပေါက်ရှာနေတဲ့ ကြွက်ကလေးတစ်ကောင်နဲ့ တူနေတယ် –"

"ဒါဆိုလည်း ကြွက်ကို လှောင်အိမ်ထဲ ထည့်ကစားတဲ့သူဟာ ဦးမောင် မဖြစ်စေချင်ဘူး၊ နန်းမဟာက အရှင်သခင်က ကျွန်တော့် အဖေ၊ မျိုးဆက်သွေးက ကျွန်တော်ပါ .."

"ဒါကြောင့် မင်းလိုချင်တဲ့ ထွက်ပေါက် ဘယ်မှာမှ မရှိနိုင်ဘူးဆို တာ မင်း နားလည်သင့်တယ် .."

"ကျွန်တော်က တစ်စုံတစ်ယောက်ရဲ့ ခြောက်လှန့်ထိန်းချုပ်မှု ရှိနေ တယ်လို့ ခံစားလာရတာပါ၊ ထွက်ပေါက်ရှာနေတာ မဟုတ်ဘူး၊ ဦးမောင် ကို တစ်ခု ပြောပါရစေ .. ပြောပြီးတဲ့စကားတွေ ထပ်ခါထပ်ခါ မပြောပါ နဲ့၊ သားသမီးလို သဘောထားပြီး စိုးရိမ်တာဆိုရင် အချုပ်သားတစ် ယောက်လို နေရာတကာ လိုက်ကြည့်နေ ပြောနေတာ အဆင်ဆိုးတယ်"





"ဟုတ်ပြီ .. ဒါဆိုရင် အခု ငါ့အိမ်ထဲထိ ဆရာဝန်ခေါ်လာတဲ့ အတွက် 'နန်းမဟာ'စံအိမ်ကြီးကို အဲဒီဆရာဝန် မျက်စိကျသွားပြီ၊ အဲဒါ ကို မင်း ဘယ်လိုအရာနဲ့ ပြန်ပြီး ပိတ်ဆို့ကာကွယ်မလဲ ..၊ ဟောဒီစံအိမ် ဘ ညှိခန်းကြီးတစ်ခုထဲမှာပဲ ရှေးဟောင်းလက်ရာ အနုအရှုတွေထဲမှာ မြှုပ်နှံ ပြဋ္ဌာန်းထားတာ ရတနာတွေ သိန်း ထောင်နဲ့သောင်းနဲ့ချီပြီး ရှိနေတယ်ဆိုတာ သိသွားတဲ့နောက်မှာရော .. ဘာတွေဖြစ်လာနိုင်လဲ.."

စက် က မဖြေ ..၊ ဦးမောင်မောင် က ခဏငြိမ်နေပြီးမှ …

"မင်း ဒီထဲကို လူတစ်ယောက် ခေါ်လာရင် အဲဒီလူတာဝန် မင်း ယူရမှာ၊ အခု တစ်ယောက်ကို ခေါ်လာတဲ့အတွက် နှစ်ယောက် ပါလာ တယ်၊ ဒီလူ နောက်တစ်ခေါက် ပြန်ရောက်လာရင် ဘယ်နှစ်ယောက် ပါလာမလဲ ..၊ မင်း တွေးထားရဲ့လား .."

"လေပင့်ရာ မီးလောင်မှန်း သိကြပေမယ့် လေမလာအောင် ဘယ် သူမှ မတားနိုင်ဘူး ဦးမောင်၊ ဒီနေ့ထိလည်း မီးဘေးဒုက္ခသည်ဆိုတာ တွေ ရှိနေကြတုန်းပဲ .."

"ဟ .. ဒါက သဘာဝအန္တရာယ် .."

"သဘာဝအန္တရာယ်ကို တားဆီးဖို့ ကြိုးစားနေကြတဲ့ သိပ္ပံပညာ ရှင်တွေ အခု ရှိနေကြပြီ၊ ကံတရားကြောင့် တွေ့ဆုံကြုံကြွဲ ဖြစ်လာကြ တာကို ဘယ်သူ တားဆီးဖို့ ကြိုးစားသလဲ ..၊ ဘယ်နေရာမှာဖြစ်ဖြစ် ရွှေမပဋိပဒါ မကျရင်တောင် တစ်ဖက်တည်း အစွန်းရောက်နေတာ ကောင်းဘူး .."

"ဒါဖြင့် မင်းက 'နန်းမဟာ'ကို တံခါးဖွင့်ဝါဒနဲ့ ရှေ့ဆက်တော့ မယ်ပေါ့ .."

"မဟုတ်ဘူး ဦးမောင် .. ဘာကိုမှ မထိခိုက်စေချင်သလို မထိခိုက် အောင်လည်း ကျွန်တော် ကြိုးစားနေတာ၊ ဒါပေမယ့် ဖြစ်လာရင်ဖြစ် သင့်တဲ့အတိုင်း ဆုံးဖြတ်ရမှာတွေ ရှိတယ်၊ ဦးမောင် ပြောနေသလို သတိ



www.burmeseclassic.com

www.burmeseclassic.com



ပေးစကားတွေကို ကျွန်တော့်နားထဲမှာ စွဲနေပြီ၊ မှတ်သားနာယူသင့်တဲ့ ဆုံးမစကား မဟုတ်တော့ဘဲ အဆိပ်အတောက်တွေလို ဖြစ်နေခဲ့ရင် မကောင်းတော့ဘူး၊ အဲဒါကြောင့် ရှေ့ဆက် ဒီစကားမျိုးပြောတာ ဆင်ခြင်ပေးပါ ..”

“လုံးဝ မပြောဖြစ်တော့အောင် မင်း ရဲ့ ဘောဘီ ဆိုတာလေးကို အမြန်ဆုံး ကွာရှင်းလိုက်တော့ သျှန် ..၊ မင်းရဲ့အချိုးတွေ ပြောင်းလဲနေပြီ၊ စကားတွေ ဒီ့ထက် ကျွံလာရင် မင်းနဲ့ ငါတို့ ရှေ့ဆက်ဖို့ ခက်လိမ့်မယ်၊ ဒါတွေမဖြစ်ရအောင် မင်း သူ့ကို ဒီက အမြန်ဆုံး မောင်းထုတ်ပါ”

“သူ သွားမှာ မဟုတ်ဘူး ..”

“မသွားရင် ဆွဲထုတ်ပစ်လိုက်..၊ သူ့ပါးစပ်ထဲ ရှိသမျှ ထင်ရာတွေ စွပ်စွဲပြောဆိုမှာ မင်း ကြောက်နေတယ်ဆိုရင် နန်းမဟာရှိတဲ့ ဟောဒီ အရပ်ဒေသကိုပါ ငါ စွန့်လွှတ်နိုင်တယ်၊ ဘာတွေကုန်ကုန် ဘယ်လောက် ဆုံးရှုံးသွားပါစေ မင်း လက်ထပ်ရမယ့်အဖြစ်ကို ရှောင်ရမယ် ငါတို့မိသားစုထဲကို တခြားသွေး ရောလို့ မဖြစ်ဘူး ..”

စက် ဘာမှမပြောနိုင်တော့ဘဲ ဖြစ်သွားသည်။ ကျောခိုင်းထားသည့် ဝရန်တာဘက်ကို မျက်နှာမူလိုက်ပြီး ငေးကြည့်လိုက်မိတာ ခြံထဲကိုပေမယ့် သစ်ပင်ပန်းပင်တွေ သူ ဘာကိုမှ မမြင်ပေ ..။

ရတနာပုံကြီးပေါ်မှာ ထိုင်ပြီး ကြိမ်မီးအုံးသလို ပူလောင်နေခဲ့သည့် ဘဝဟာ အစမှ အလယ်သို့ ရောက်လာခဲ့ပြီဖြစ်ကာ အဆုံးဆီ ဒီတိုင်း သွားတော့မှာလားဆိုတာလည်း မသေချာ ..။

ဆွဲ့အသွားခဲ့သည့် သူ့ကိုကြည့်၍ ကျောခိုင်း လှည့်ထွက်သွားခဲ့သော ဦးမောင်မောင် နှုတ်ခမ်းမှ အပြုံးတို့၏ စေတသိက်အညွှန်းတို့တော့ ..။





## အခန်း(၂၄)

“ဒါတွေက ခုထိ ဘာဖြစ်လို့ မစားတာလဲ ..”

“မစားချင်တော့လို့ ..”

“ဘာမှ မစားဘဲနဲ့ ဘာဖြစ်လို့ မစားချင်တာလဲ ..၊ ဘောဘီ .. မင်းကြောင့် ငါ ဘယ်လောက်ထိ စိတ်ပျက်နေရလဲ မင်း သိရဲ့လား..၊ ရော့ - ယူလိုက်စမ်း ..၊ ခု မြန်မြန်ကုန်အောင် မျိုချ ..”

မတ်တပ်ကနေ လက်ညှိုးထိုး ခိုင်းနေသည်။ သူ ဝယ်လာသည်ဆိုသော ဆန်ပြုတ်ပန်းကန်ကို ဘောဘီ က ငဲ့၍တောင် မကြည့်ဘဲ အိပ်ရာထဲမှာ ခပ်လျော့လျော့ ထိုင်နေရာကနေ အနည်းငယ်မျှ မလှုပ် ..။

ထို့ပြင် မျက်ဝန်းလေးတွေ မှိတ်ချပစ်လိုက်တော့ မျက်ဝန်းထောင့်မှ မျက်ရည်စက်တို့ တလိမ့်လိမ့် ဖြတ်စီးသွားကြ၏။

“ဘောဘီ .. ဟေ့ .. မင်း မျက်လုံးတွေ ဖွင့်လိုက်စမ်း ..”

“ဘာမှ ထပ်မျိုမချနိုင်းဘူးဆိုရင် ဖွင့်မယ်၊ ဒါမှမဟုတ်ရင်လည်း ဒီကို့ဘာသာ နေလိုက်ပါ၊ ဘောဘီ ဆီကို မလာပါနဲ့ ..”



www.burmeseclassic.com

www.burmeseclassic.com



"တောက် .."

မိတ်တုံတုံနှင့် လှည့်ထွက်သွားမလိုပြင်ပြီးမှ ခြေလှမ်းတွေက မရွေ့ဖြစ် ..၊ တမင်တကာ မွေ့ရာနဲ့ အိပ်ခင်းတွေ ပစ်ချပေးထားပြီး ကြမ်းပေါ်မှာပဲ အိပ်နိုင်းခဲ့သည်။

ညညဆို ကိုယ် အိပ်ရာမဝင်မချင်း ငုတ်တုတ်လေး ထိုင်စောင့်နေတတ်တာကိုလည်း တစ်ချက်လေးမှ ငဲ့မကြည့်ဘဲ နေခဲ့၏။

ပြီးတော့ သူ အိပ်နေသည့်ခုတင်ဘက်ကို စောင်းလှည့်ထားပြီး သူမ အိပ်မပျော်မချင်း မျက်တောင်ကော့လေးတွေ ဖြန့်ကပ်နေအောင် ငေးနေတာကိုလည်း သူ မသိကျိုးနွံ ပြုထားခဲ့သည်။ ထားသလို နေ— ပြောသမျှ ဆိုသမျှ မျက်ရည်ကျလိုက်၊ အံလေးကြိတ်ထားလိုက်နှင့် သူမ သည်းခံနေရှာ၏။

နေ့စဉ် ဖြတ်သန်းလာခဲ့ရတာ မကြာသေးပေမယ့်လည်း ကိုယ့်ကိုယ်ကိုယ် မလုံချင်တော့ပေ။ ယောက်ျားကြီးမတန်မယ့် သူ မတရားပြုရာ ကျနေပြီလား ..။

သည်းခံသူနှင့် ဖိနှိပ်သူ ..၊ သူမက သည်းခံနေသူဆိုလျှင် ဘယ်သူ လွန်နေတာလဲ ..။ သူ တစ်ကိုယ်ကောင်းဆန်ခဲ့တာတွေ တရားလွန်နေခဲ့ပြီဆိုလျှင် ..၊

စက် ကျောခိုင်းနေပြီးမှ ဖျတ်ခနဲ ပြန်ငဲ့ကြည့်သည်။ ပြီးတော့ ဘောဘီ အိပ်ရာဘေးကို ပြန်လျှောက်လာပြီး ခြေဖျားထောက် ထိုင်လိုက်ရင်း ...

"မင်း တကယ် သေချင်လို့ ကိုယ့်ကိုယ်ကိုယ် သေအောင် ကြံနေတာလား .."

"တကယ်သေချင်တာပါဆိုရင် ကိုကိုက ရိုက်သတ်ပေးမလို့လားဒါဆိုလည်း ခုပဲ လုပ်ပါ .."

ဘောဘီ ကလည်း သတ္တိတွေ ကောင်းနေဆဲဖြစ်ကာ ...





"ဘောဘီ့ အတွက် ကိုကို နည်းနည်းလေးမှ ဘာမှ မလိုက်လျောဘူးဆိုရင် ဘာတစ်ခုမှ မစားဘူး .."

'ဘာ'ချင်းထပ်အောင် ပြော၍ ယတိပြတ် စိန်ခေါ်နေသည်။ ပြီးတော့ မျက်တောင်ဖျားလေးတွေ တလှုပ်လှုပ်နှင့် မျက်ဝန်းလေးတွေ ဖြည်းဖြည်း ပွင့်လာ၍ ...

"ဘောဘီ ကိုကိုနဲ့ နေချင်တာ ..၊ ကိုကိုနဲ့အတူ ဘယ်လိုပုံစံဖြစ်ဖြစ် .."

ပြော၍ မျက်တောင်တွေ ခတ်နေသည်။ ပြီးမှ သူ့မျက်နှာဘက်ကို စောင်းငဲ့ကြည့်၍ ...

"ဘာညာသာရကာနဲ့ ရမ္မက်ဆန်ဆန် မျှော်လင့်ခဲ့တာ မဟုတ်ဘူးကိုကို ..၊ ဘောဘီ အဲဒီလို မိန်းမမျိုးလည်း မဟုတ်ဘူး .."

"မင်း ဖြစ်ချင်တာတွေ ဖြစ်ခွင့်ရမယ်လို့ ဘယ်သူက မျှော်လင့်ချက် ပေးခဲ့ဖူးသလဲ .."

"ချစ်တဲ့စိတ်ကပါ ..၊ ဘောဘီ ဒီလောက် စွဲလမ်းမြတ်နိုးနေခဲ့တာကို ဘယ်လိုပုံစံနဲ့ပဲ ဆက်ဆံဆက်ဆံ ဘောဘီ သည်းခံနိုင်ခဲ့တာ..၊ အဲဒီချစ်စိတ်ဟာ တစ်နေ့နေ့တော့ အသွားအပြန် ရှိလာမှာပဲလို့ ယုံကြည်တယ် .."

"အခု မင်း သေသွားမယ်ဆိုလည်း ငါက ထိုင်ကြည့်နေဖို့ အဆင်သင့် ဖြစ်နေပြီ၊ ဘာလုပ်မလဲ .. ပြော .."

ဘောဘီ က မျက်ခုံးလေးတွေ တွန့်ကျသွားတဲ့အထိ သူ့ကို စိုက်ကြည့်သည်။ ပြီးတော့ တုန်ယင်နေသည့် နှုတ်ခမ်းလေးတွေကို တင်းတင်းစေ့လိုက်ပြီးမှ ...

"ကိုကို မျက်တောင်မခတ်ဘဲ ကြည့်နေပေးပါ .. ကိုကို့ရှေ့မှာ သေသွားရမယ်ဆိုလည်း တန်ပါတယ် .."

"ဘောဘီ .."



www.burmeseclassic.com

www.burmeseclassic.com



စိတ်သွားရာ လက်ရောက်သွားကာ ဘောဘီ့ မေးဖျားလေးကို ချ
ခပ်ဆတ်ဆတ် ဆွဲလှည့်လိုက်ပြီး ...

"အခု .. ဒါကို ထသောက်လိုက် ...၊ ပြီးရင် မင်းနဲ့ငါ စကားပြော
မယ် .."

"မသောက်ခင်ပဲ ပြောပါ၊ ကိုကို ဘောဘီ အတွက် နည်းနည်း
ပါး လိုက်လျောဆက်ဆံပေးဖို့ .."

သူ့ကို မကြည့်ဘဲ မျက်တောင်ဖျားတို့ မှေးစင်းထားသည့်အတိုင်း
ငြိမ်ငြိမ်သက်သက်လေးနေပြီး တောင်းဆိုသည်။

"ခေါင်းမာလှတယ်ထင်ရင် ကိုကို ကြိုက်သလို ဆုံးဖြတ်ပါ၊ ဒီ
ပိတ်လှောင်နေတဲ့ ကမ္ဘာခြားတစ်ခုထဲမှာ ဘောဘီ့ အတွက် ဖြေ
သာယာစရာ ကိုကို့အသံလေးမှ မကြားရဘူးဆိုရင် သေသွားတာ
ဘာမှမ ထူးတာ၊ ဆရာဝန်ကလည်း အားဆေးတွေ သွင်းပေးခဲ့တယ်
တော့ ကိုကို စဉ်းစားနေတုန်း ဘောဘီ သေသွားမှာ မဟုတ်သေးဘူး

ဘာလဲ ...၊ မာဒင်္ဂလို ခွဲမျိုးနဲ့လား ...။

ဘောဘီ့ မျက်နှာလေးကို အပေါ်စီးကနေ စိုက်ကြည့်ရင်း သူ့မျက်
တွေ တဖြည်းဖြည်း ပြေကျ၏။ ဖွေးနုသော ခေါင်းအုံးထက်မှာ ဆံ
တွေ ဖြန့်ခင်းထားသလို ရှိနေသည့် မျက်နှာဖြူနုနုလေးက ဒီလော
တောင် ခေါင်းမာတတ်တဲ့ မိန်းကလေးတဲ့လား ..။

စက်အာဏာသျှန် .. မင်းကို အာဏာသျှန် လုပ်နိုင်တဲ့သူက
ရှေ့ ရောက်နေပြီ ..။

နေရာမှ ထရပ်လိုက်ရင်း နှုတ်ခမ်းမှာ ခပ်သဲ့သဲ့အပြုံးတို့ ဖြစ်

သူမက အသွားအပြန် မျှော်လင့်နေပေမယ့် သူကတော့ ဘယ်
သွားလို့ ဘယ်ကို ပြန်ရမှန်း မသိသေး ..။





## အခန်း(၂၅)

"နင် .. နင် တကယ်ပေါ့နော် .."

"အင်း .."

"အံ့သြစရာကြီးပဲ .."

နက်ခ်တိုင်တွေ ရောင်းသည့်ရှေ့မှာ တိုက်မိကြမလိုဖြစ်မှ သူငယ်
တွေ ပြန်ဆုံမိကြ၏။

ဇေဒါရောင် ပိုးချိတ်လေးနှင့် ပိုးပျော့ရင်ဖုံး လက်တိုလေးကို ဝတ်
သည့် ဘောဘီ ကို ခြေဆုံးခေါင်းဆုံးကြည့်ကာ သာယာ့ လက်ညှိုး
တောင် ကတုန်ကယင် ဖြစ်နေရှာသည်။

ပြီးတော့ စိုး ကိုလည်း ပြန်ကြည့်လိုက်သေးလျက် ...

"ကြည့်ပါဦး .. ချစ်စရာလေး ဘောဘီ ကနော် .."

"အင်း .."

စိုး က ခေါင်းလေးညိတ်ကာ ဘောဘီ ကိုင်ထားသည့် နက်ခ်တိုင်
လေးတွေနဲ့ ဆိုင်ကို ကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"သူ့အတွက် ဝယ်နေတာလား ...၊ သူရောဟင် .."

"သူ ဒီကသူဌေးနဲ့ စကားပြောရင်း ဘယ်ထွက်သွားလဲ မသိဘူး"

"ဘောဘီ ရယ် .. ငါတို့လေ နင် ငါတို့ကြောင့် ဖြစ်ရတာဆိုပြီး ငါတို့မှာ ငိုလိုက်ရတာ .."

ငိုလိုက်ရတာဆိုပြီး အတိတ်ကို ပြန်ကောက်နေသူက မျက်ရည်တွေ ထပ်ကျ၏။ စိုး က မျက်တောင်တဖျပ်ဖျပ်ခတ်ရင်း ပါးတစ်ဖက်မှ ကျလာသည့် မျက်ရည်စကို လူမမြင်အောင် သုတ်ပစ်၏။

အံ့သြနေရင်း ငိုဖို့ သတိမရခဲ့သည့် သာယာ ကတောင် စိုး ကို လှည့်ကြည့်ပြီး မျက်နှာလေး ချက်ချင်း နီလာသည်။ ဒါပေမယ့် ဘာမှ မဖြစ်သလို ပြုံးပြနေကာ ...

"ငါတို့က နင် ဒီလို အဆင်ပြေသွားမယ် မထင်ဘူး၊ သူက နင့်ကို ကြင်နာရဲ့လားဟင် .."

"ဟင့်အင်း ..."

ဘောဘီ ခေါင်းခါပြပုံက ဝမ်းနည်းကြေကွဲနေတာမျိုး မဖြစ်ဘဲ တကယ် ဟိုအရင်ကအတိုင်း ...။

"ဘယ်ကြင်နာမလဲ ...၊ သူက ငါ့ကိုမှ မချစ်တာ .."

"ဟင်!... ဒါဆို ငါတို့ကြားတဲ့အတိုင်းပဲ နင်က ဗွတ်တရွတ် - ဟို .."

"အဲလိုလည်း မဟုတ်ဘူး ...၊ ငါ သူ့အိမ်ထဲမှာ သတိရလာတော့ ဘာမှတောင် တွေးမရဘူး၊ ခေါ်တာကတော့ သူ ခေါ်သွားတာပါ"

ဘောဘီ က ပတ်ဝန်းကျင်မှာ သွားလာနေကြသည့်လူတွေကို လှည့်ကြည့်ပြီး လွယ်ထားသည့် ဆလင်းဘက်ခ်လေး ထပ်ဆွဲတင်ကာ -

"ငါတို့ ဆိုင်တစ်ဆိုင်မှာ သွားထိုင်ရအောင် .."

"လာ .. ကျော့ဒိုးနပ်ဆိုင်က ဒီနားမှာ .."

အတူတူ လျှောက်သွားကြရင်း ဘောဘီ က ဖြစ်သမျှကို ပြောပြ





သည်။

ဆိုင်ထဲမှာ ထိုင်တော့လည်း သာယာ ကပဲ မုန့်တွေယူလာကာ ရေခဲမုန့်တွေကို ရွှေ့ရောက်အောင် ကမန်းကတန်း ချပေးပြီး ထိုင်ချလိုက်၏။

"ငါ့ကို ပြန်ပြောပြ .."

ဘောဘီ ပြောတာတွေကို နားထောင်ချင်စောနှင့် မျက်လုံးလေးတွေပါ ဝိုင်းနေ၏။

"ငါက ဒ်က်ဒီ ရိုက်လိုက်လို့ ဘက်ခ်မုန့်နဲ့ ဆောင့်မိပြီး မေ့လဲသွားတာ ...၊ သူ့ကိုကျတော့ ဘယ်သူတွေမှန်း မသိဘဲ ဝင်ရိုက်ပြီး သူ့နာရီရော သူ့ကားက ပစ္စည်းတွေပါ ဘာမှမကျန်အောင် အေးဆေး ဖြုတ်ယူသွားကြတယ် .."

"အေးလေ .. တစ်ညလုံးကြီး လမ်းပေါ်မှာ အချိန်တွေ ရနေမှာပေါ့၊ ဒါနဲ့ နင်တို့မှာ ဒဏ်ရာတွေနဲ့ ဘယ်လိုတွေ ဖြစ်ကုန်ကြလဲ .."

"ငါ မသိပါဘူးဆိုမှ ...၊ သူက ငါ့ကို ငါ မောင်းလာတဲ့ကားပေါ် ထွေ့တင်ပြီး ဆေးခန်းကို အရင်သွားတာ၊ သူတို့ ပြောနေတာ ကြားတာတော့ ဒဏ်ရာက ကြာသွားတော့ ချုပ်လို့မကောင်း၊ သွေးထွက်တွေလွန်ပြီး ချက်ချင်း မပြန်နိုင်ဘူးတဲ့၊ သူ့ဦးလေး ဦးမောင်မောင် ဆိုတဲ့ လူကြီးက ဘယ်လိုပုံစံကြီးမှန်း မသိပါဘူးဟာ ...၊ ဆေးခန်းကို မသွားဘဲ ပြန်မလာလို့ ...၊ ငါ့ကို အိမ်ထိ ခေါ်လာလို့ .. အကြောင်းတွေ စုပုံချပြီး အဲဒီနေ့က ကျိုင်တက်ကြတာ .."

"ဒါဆို သူ နင့်ကို ပူပင်စိတ်လေးတော့ ရှိတာပဲ .."

"အန်ကယ်လ်ကလည်း ရက်စက်တယ်ဟာ .. နင် အနေအထိုင် အတတ်တတ် မတတ်တတ် ဒီလိုပစ်ထားခဲ့ဖို့တော့ မကောင်းပါဘူး၊ မိုးရာ ဆိုက်တာ မဟုတ်ဘူးလို့ နင် ရှင်းပြနေတာကို .."

အားလုံး မသိလိုက်ကြသည့်ကိစ္စတစ်ခုဟာ ဖေဖေတို့အားလုံး နှင့်



www.burmeseclassic.com

www.burmeseclassic.com



မလွှတ်နိုင်ကြသည့် မကြီး မြတ်နိုး နဲ့ ကိုကို့အကြောင်းပဲ ဖြစ်သည်။

ဒါကိုတော့ ဘောဘီ ကိုယ်တိုင်လည်း ပြန်မပြောချင်ခဲ့တာပါ။ ထို့ကြောင့် သူတို့ သိထားကြသည့်အတိုင်းပဲ နေလိုက်ဖို့ ဆုံးဖြတ်၍ ...

"ငါ ဝိန်သွားလားဟင် .."

"အင်း .. မျက်နှာလေး နည်းနည်းချောင်သွားတယ်၊ ကိုယ်လုံးလေးကတော့ ကျမသွားပါဘူး၊ နင် ဒီလိုဝတ်စုံလေးနဲ့ အရမ်းလှတာပဲ သိလား ..၊ နည်းနည်းလေး ပွနေတာ တစ်ခုပဲ .."

"အဲ့ဒါ သူ့အမေရဲ့ အဝတ်စားတွေ .."

"ဟင်!... ဟုတ်တယ် .."

"အင်း .."

"သူ့အမေဟာတွေကိုတောင် ထုတ်ပေးတယ်ဆိုတော့ မဆိုးပါဘူး၊ သူ ဒီလောက် မာကျောကျောနေခဲ့တာ .. ငါတို့ဆိုရင် အနိကယ်လ်တို့က ပစ်ထားလိုက်ပြီဆိုတော့ အရမ်းကို ဝမ်းနည်းသွားကြတာ .."

"ဟုတ်တယ် .. ငါတို့နှစ်ယောက် 'နန်းမဟာ'ခြံကြီးရှေ့ကို တစ်နေ့ တစ်ခေါက် နှစ်ခေါက်တော့ အမြဲ လာကြည့်ကြတယ်၊ ခြံရှေ့မှာလည်း နာရီဝက်လောက် စောင့်ကြည့်နေသေးတယ်၊ နင်တို့ခြံကြီး သော့ခလောက်ကြီးနဲ့ ခတ်ထားတာ ကြည့်ပြီး ငါတို့မှာလေ .."

"ကဲ .. တော်ပါတော့ ..၊ ဆိုင်ထဲမှာ မျက်ရည်က ကျဦးမယ်.."

စိုး မျက်နှာလေး အခြေအနေမဟန်တာမို့ သာယာ က ပေါင်ကို လှမ်းတို့သည်။

"ခု .. ခုရော .. နင် သွားချင်ရာ သွားနေတာ သူ လိုက်ရှာနေရလို့ ဒေါကန်ဦးမယ်၊ ဖုန်းပါလို့လား .."

"ဟင့်အင်း .. အိမ်မှာရှိတဲ့ ဖုန်းတွေလည်း ငါ ဆက်လို့ မရဘူး၊ ဖုန်းတွေအားလုံးကို ပတ်စ်ဝေါ့ဒ်တောင်းတဲ့စနစ် ထည့်ထားတာ .."

"ဟုတ်လား .. အဲဒါ အစတည်းကလား ..၊ နင်ရောက်သွားမှလား"





"အစတည်းကပါ ..၊ ဒါပေမယ့် ငါ ဖုန်းလည်း မကိုင်ရဘူး၊ အိမ်မှာ လူကလည်း နည်းတော့ .."

"အေးပေါ့ .. ပျင်းစရာကြီး ဖြစ်နေမှာနော် .."

"အဲဒါကြောင့် မေးနေတာ ..၊ သူ နင့်ကို ဘယ်လိုလုပ် ရှာမလဲ..၊ ငါတို့နဲ့ တွေ့ဆုံပြောဆိုနေတာကိုတောင် ကြိုက်ပါ့မလား မသိဘူး.."

"မကြိုက်ဘူး"

ဖြေသံက နောက်ကမို့ သာယာ 'ဟင်..'ခနဲ ဖြစ်သွားသည်။ သုံးယောက်စလုံး တစ်ပြိုင်တည်း မော့ကြည့်လိုက်ကြကာ ဘောဘီ နေရာမှ ထရပ်လိုက်ရင်း ...

"ကိုကို .. သူတို့က .."

"မင်းကို သူငယ်ချင်းတွေနဲ့တွေ့ဖို့ ခေါ်လာတာ မဟုတ်ဘူး .."

ပြောရင်းနဲ့ ဘောဘီ့ လက်ကို ဖျတ်ခနဲ ဆုပ်ကိုင်ကာ ဆွဲခေါ်သွား၏။

သာယာ တို့ နှစ်ယောက်စလုံး ဘာတစ်ခွန်းမှ ပြောဖို့ သတိမရကြဘဲ ဘောဘီ တို့ ပျောက်ကွယ်သွားမှ ...

"စက်အာဏာသျှန် တဲ့ ..၊ နာမည်ကိုက မဟာဆန်နေတာနော်၊ ကြည့်လေ ချောလေပဲ၊ ဘောဘီ ဒီလောက်ဖြစ်သွားတာလည်း မပြောနဲ့.."

သူမတို့မှာ ကိုယ့်ရှေ့မှာ ရိုင်းပျသွားတာတောင် ဒီလူ မောက်မာလေခြင်းလို့ မတွက်မိကြပေ ..။

ဘောဘီ လိုချင်တဲ့ဘဝလေး ရသွားတာပဲဆိုပြီး ကျေနပ်မိကြ၏။

ရင်းနှီးခဲ့တာလည်း မဟုတ် ..၊ ချစ်သူတွေဖြစ်ဖို့ အကြောင်းလည်း မရှိဘဲနှင့် ..၊

ထို့ပြင် ဒီလိုမျိုး ရှောင်ဖယ်ဖယ်နေတတ်သောမာနတွေနဲ့ ယောကျ်ားက ...

"သူတို့ ဖူးစာဆုံပုံက ဆန်းတယ်နော် သာယာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ .. ဘယ်လိုမှ မျက်နှာချင်းဆိုင်လို့ မရကြဘဲ ချက်ချင်းကြီး ကောက်ကပ် ညားသွားတာ ...၊ ပြီးတော့ စက်အာဏာသျှန် ကပိုချမ်းသာတာလည်း သေချာနေတာကို .."

"ဘောဘို့ ထက်လည်း နည်းနည်း ပိုချောတယ်နော် ...၊ ဘောဘီလည်း လှပေမယ့် သူ့ကပဲ ထင်းနေတာ .."

"သူ ဘောဘို့ ကို ကြင်ကြင်နာနာမှ ဖြစ်လာပါ့မလား .."

"ဘောဘို့ ပုံစံက ပျော်နေတဲ့ပုံပါ ...၊ ကြင်နာလာဖို့ အကြောင်းရှိနေ ..လို့ ဖြစ်မှာပေါ့ .."

ဒါပေမယ့် ဖြစ်နိုင်ခြေ အနည်းဆုံးရာခိုင်နှုန်းမှာ ဘယ်လောက်ထိကြာရှည်ဦးမည်ဆိုတာ မသိ ...။





## အခန်း(၂၆)

သူ မရှိတုန်း မြန်မြန်ပြီးအောင် ချိုးဖို့ ပြေးလွှားလှုပ်ရှားနေကာမှ ...ပ်ပြာဘူးက ညှစ်ချလို့ မရ ...။

"ကဲ .. ကဲ .."

ကုန်ခါနီးဘူး ဖြစ်နေသဖြင့် မရမက ညှစ်လိုက်တော့လည်း ခုန်ပျံ ...က်ကုန်ကာ လက်ဝါးပေါ်ကျမလာဘဲ ကြမ်းပေါ်မှာ ပြန့်ကျဲကုန်သည်။

အိပ်ခန်းထဲက ရေချိုးခန်းဆို မှောင်မိုက်နေသည့်ပြင် တံခါးလော့ခ် ...ပြီးပြီဆို ဘာသံတွေ ကြားနေရမှန်း မသိ ...။ ထိုအခါ အိမ်ကြီးဟောင်း ...ဘော့ သရဲအောင်းသည်ဆိုတာကို အမှတ်ရပြီး ကျောချမ်းမိ၏။

ဒီအခန်းမှာကျတော့ နေ့လယ်ခင်းတွေဆို ကိုကိုက ဒီထဲမှာပဲ နေ ...တတ်တာ သိထားသည်။ ပြီးတော့ ကျယ်လည်း ကျယ်တော့ သိပ်မမှောင် ... ...။

ဘောဘီ တစ်ယောက်တည်း ဟိုတွေးဒီတွေးနှင့် ကိုကို အပြင်က ...မရောက်ခင် အမြန်ဆုံး ပြီးဖို့ လုပ်ရင်း ပျာယီပျာယာတွေ ဖြစ်... ...၊ ထိုစဉ် တံခါးက ရှပ်ခနဲ ပွင့်သွားပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ!..."

"အမလေး!..."

စက် မျက်လုံးတွေထဲမှာ ပြိုးပြက်လက်ကုန်သလား မသိ ...
ချက်ချင်း ကျောခိုင်းလိုက်ပေမယ့် ...

"အား!..."

"ဒုတ် .."

တစ်ကိုယ်လုံး အေးခနဲဖြစ်လျက် ဘယ်ချောင်ထဲ ပြေးကွယ်
မသိ ခြေလှမ်းများကာ ဆပ်ပြာရည်တွေနဲ့ ချော်ကာ ဘောဘီ ဘိုင်
ပစ်လဲလေသည်။

သူ ထွက်လာခဲ့ပြီးမှ တုံ့ခနဲ ဖြစ်သွားသည်။ နားစွင့်ကြည့်
တော့ ရေချိုးခန်းထဲမှာ တိတ်ဆိတ်နေသဖြင့် ...

"ဘောဘီ .."

တစ်ခုခု ဖြစ်သွားပြီမှန်း သိလိုက်လျှင် ရေချိုးခန်းရှေ့ကို
လျှောက်သွားခဲ့ရင်း ...

"ဘောဘီ .."

"အား!... ကိုကို .."

ညည်းသံလေးနှင့် ခေါ်သံက သဲ့သဲ့လေး ...။

"ဘောဘီ .. မင်း ဘာဖြစ်တာလဲ .."

"ခေါင်း .. ခေါင်းကို .. အား!... မလာနဲ့ .. မလာနဲ့ .. ရတ
မလာနဲ့နော် .."

အသံသည် တိုးလျသွားခဲ့ပြီး လုံးဝ တိတ်ကျသွားလေသည်

"ဘောဘီ .."

သူ ဘာလုပ်ရမယ်မှန်း သိလိုက်သည်နှင့် အိပ်ခန်းထဲမှ စော
ထည် သွားပြေးယူကာ ရေချိုးခန်းထဲကို ပြန်ဝင်၏။ မကြည့်လို့
မရ ...၊ မထိလို့လည်း မဖြစ် ...။





တစ်သက်နဲ့တစ်ကိုယ် မိန်းမတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို ပွေ့
ပိုက်ဖို့ နေနေသာသာ ပခုံးလေးသော်မျှ မဖက်ခဲ့ဘူးပါ ...။ ကြွေပြားတွေ
ပေါ်မှာ လဲကျနေသည့် သူမကိုယ်ကို စောင်နဲ့ ဖြစ်သလို လုံးထွေးပတ်ခြုံ
လိုက်စဉ် တစ်ကိုယ်လုံး မွှထူရှိန်းဖိန်းကာ အငွေ့ပျံနေသလား ထင်ရ၏။

ဒီကြားထဲ သူမက 'မလာနဲ့' လို့ အော်ရင်း သတိလစ်သွားတာမို့
သတိရလာပြီး လူကို တစ်မျိုးတစ်မည်ထင်ကာ စွပ်စွဲလာမှာလည်း စိုးရ
သေးသည်။ နှစ်ယောက်အိပ်ခန်းထဲ ပြန်ရောက်လာပြီး ခေါင်းကို စစ်
ကြည့်လိုက်တော့ နောက်စေ့နေရာမှာ သွေးစလေးတွေရှိနေတာ တွေ့ရ၏။

သေချာကြည့်လိုက်ပြီးမှ ချုပ်ရပြုရလောက်အောင် မဖြစ်တာမို့
သက်ပြင်းချမိသည်။ စောင်ထုပ်လေးချထားသလို ရှိနေဆဲ သူမ၏ကိုယ်
ပေါ်ကို စောင်ထပ်ခြုံပေးလိုက်ကာ ခေါင်းက ဒဏ်ရာကို ဆေးထည့်ပေး
လိုက်၏။

ဆံပင်တွေ ရေစိုနေတာရော .. သူမကိုယ်ပေါ်ကို အကျီအဝတ်စား
တွေ စွပ်ချပေးဖို့ လိုတာတွေရော .. သူ ဘာတစ်ခုမှ မလုပ်တတ်ဘဲ
ဒီတိုင်းပဲ ထွက်လာခဲ့မိသည်။

ရေချိုးခန်းထဲ ပြန်ဝင်ကြည့်လိုက်တော့ သူမ ချော်လဲထားသည့်
နေရာတစ်ဝိုက်မှာ ဆပ်ပြာရည်တွေနဲ့ ချော်ချွဲနေတာ တွေ့ရ၏။

ပြီးတော့ ကြမ်းခင်းပေါ်မှာ ဒီတိုင်း ကျနေဆဲ ဆပ်ပြာဘူး ...။

"တောက် .. လုပ်လိုက်ရင် အမြဲတမ်း ရှုပ်ရှုပ်ပွေပွေ .."

တစ်ယောက်တည်း မကျေမနပ် တက်ခေါက်ရင်း ရေရွတ်မိသည်။

နည်းသေးတယ် ...၊ စောင်နဲ့မထုပ်ဘဲ ဒီတိုင်း ခြေထောက်နှစ်
ချောင်းက ဆွဲထုတ်သွားပြီး ဝရန်တာကနေ ကြိုးနဲ့ ဆွဲထားသင့်တာ..။

နောက်တစ်ခါ ဒါမျိုး ထပ်ဖြစ်ကြည့်စမ်း ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၇)

"မင်းကို ဘယ်သူက ဒီအခန်းထိ ရေလာချိုးပါ ပြောလို့လဲ .."

"ကိုကိုကလည်း အဲဒီအခန်းက အကျယ်ကြီးဆိုတော့ လင်းတယ်၊ ဒီထဲမှာ ကျဉ်းကျဉ်းမှောင်မှောင်လေးရယ် .. ပြီးတော့ တံခါးပိတ်လိုက်တာနဲ့ ကိုယ် လှုပ်ရှားသမျှ ပြန်ကြားရတယ်၊ ဘာသံတွေမှန်း မသိတာတွေရော .."

"ဒါဆိုလည်း တံခါး သေချာပိတ်ချိုးပါလား၊ ဘာလဲ .. မင်းငါ့ကို တမင်တကာ မြှူဆွယ်တာလား ..၊ ခုလိုဖြစ်ကုန်မှာကို သိလို့.."

ဒါကျတော့ တွင်တွင်ငုံ့ထားသည့် မျက်နှာလေး ဆတ်ခနဲ မော့လာ၏။

"အခု ဘာတွေဖြစ်ကုန်လို့လဲ ..၊ ကဲ .."

ဘောဘီ က မေးဖျားလေး ပင့်ထားပြီး တကယ့် စွာတေးမလေးလို..။

"ကိုကို ခုလို အထင်သေး အမြင်သေး ပြောဆိုနေတာတွေ ခံရတာ ဘောဘီ့ မျက်နှာမှာ ပျော်နေတဲ့ပုံများ ပေါက်နေလို့လား .."





"ဘာမှ ပြန်မေးမနေနဲ့ ..၊ မင်း လုပ်ချလိုက်တိုင်း အုတ်အော် ဆောင်းနှင်း ကျော်မကောင်း ကြားမကောင်း .."

"ကိုကို တစ်ယောက်ပဲ မြင်တာကို .."

"ဘာ!..."

"ဟုတ်တယ်လေ .. ကိုကို ပြန်မပြောရင် ဘယ်သူမှ မသိဘူး.."

"ဘောဘီ .. မင်း .."

သူပဲ စိတ်ပျက်ရ .. တက်ခေါက်ရ ..။

သူမကတော့ စားပွဲရှေ့က ထိုင်ခုံမှာ ဆံပင်တွေ ဖားလျားဖြန့်ချအားသည့်ပုံစံနှင့် မော့ကြည့်ပြောလိုက် ..၊ နှုတ်ခမ်းလေး စူပြီး ပြန်ငုံ့သွားလိုက် ..၊

ပြီးတော့ ဘာကို သတိရသွားမှန်း မသိဘဲ မော့လာပြန်ကာ ...

"ကိုကိုက ဘာဖြစ်လို့ ညအိပ်ရာဝင်ချိန်လေးပဲ အခန်းထဲ ရောက်ရောက်လာတာလဲ .."

"အဲ့ဒါ မင်းနဲ့ ဘာဆိုင်လဲ .."

"ဆိုင်တာပေါ့ ကိုကိုရဲ့.. ဒီအိမ်မှာ အန်ကယ်လ်မောင် က တစ်နေကုန်နေလို့ တစ်ခါ မတွေ့ဘူး၊ ဘောဘီ နဲ့ ကိုကိုပဲ ရှိတာလေ ..၊ ကိုကိုလည်း အပြင်ထွက်သွားပြီဆို နှစ်နာရီ သုံးနာရီ ..၊ ဘောဘီ တစ်ယောက်တည်းပါ့ရော ..၊ အခန်းတစ်ခုခုထဲဝင်ပြီး တံခါးပိတ်လိုက်ရမှာ ကြောက်စရာကြီး .."

"နေ့ရော ညရော မင်း ဒီလောက် နေစရာမရှိ ဖြစ်နေရင် ဒီမှာ ဘယ်လိုလုပ် နေမလဲ .."

"ကိုကိုနဲ့ နေမှာပေါ့ .."

တကယ်ကို လက်လန်ပါပြီ ..။

စက် ဘာမှထပ်မပြောတော့ဘဲ လှည့်ထွက်လာတော့ ဘောဘီ က ခေါ်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမလို့လဲ ကိုကို .."

"ငါ့ဟာငါ ဘယ်သွားသွား..၊ မင်း အခု အခန်းထဲ ပြန်သွားလိုက်

"ထမင်းစားရအောင်လေ .."

"မစားချင်ဘူး .."

"ဒါဆို ကိုကို ရေမချိုးရသေးဘူးမို့လား .. ချိုးလေ .."

"အဲ့ဒါရော မင်းဆီမှာ ဘယ်သူက ခွင့်ပြုချက် တောင်းနေလို့လဲ

သူ ခြေလှမ်းရပ်ပစ်လိုက်တော့ ဘောဘီ က သူ့ဘေးကို ရောက်

ခဲ့ပြီး ...

"ကိုကို့အတွက် .. ဘောဘီ လည်စည်းလှတာလေးတွေ ဝယ်

တယ် .. အဲဒါလေး တပ်ကြည့်ချင်လို့၊ အိမ်မှာဆို နက်ခ်တိုင်ချည်

ဘောဘီ က အတော်ဆုံး .."

"မလိုဘူး ..၊ အဲဒီလို ဝတ်စုံမျိုးနဲ့ ဘယ်ပွဲမှလည်း သွားဖို့ မရှိ

ဝတ်ရတာလည်း ဝါသနာ မပါဘူး၊ မင်း လက်စွမ်းပြချင်ရင် ဒါ

အလိုရှိနေတဲ့သူကို ရှာပြီး တပ်ပေးလိုက် .."

"ကိုယ်တောင်မှ လိုချင်တိုင်း မရတဲ့ဥစ္စာ .. သူများ အလိုရှိတာ

ပေးစရာလား ကိုကို ..၊ ကိုကိုကလေ .. ဘယ်လောက်ပြောထား

အချိုးကို မပြောဘူး .. တကယ်ပဲ .."

"ဘာပြောတယ် .."

သူ အော်လိုက်တော့ ဘောဘီ ပခုံးလေး ကျုံ့သွား၏။

"ကန်တော့ .. ကန်တော့ .. အဲဒီလိုကြီး ပြောချင်တာ မဟုတ်

ဘူး ..၊ ဟိုလေ .."

"တော်တော့ .. မင်း လက်သီးစာ မိတော့မယ် .."

"ကိုကို့ .."

ထွက်သွားမည်ပြင်တာနှင့် သူမက ပခုံးချင်းတိုက်ပစ်ပြီး ခေါ်လိုက်

အင်္ကျီလက်မောင်းစကို ဆွဲထားလိုက်နှင့် ...





"ကိုကို ဘာတစ်ခုခုပဲ လုပ်လုပ် .. ဘောဘီ ကို ခေါ်နော် .."

"ဘာလဲ .. ဘာတစ်ခုခုလဲ .."

"ဘာတစ်ခုခု ဖြစ်ဖြစ်ပါဆို .."

"မင်း ဘာဖြစ်နေတာလဲ ဘောဘီ .."

"ကိုကိုနဲ့ပဲ နေမယ်လေ..၊ ဘာလုပ်လုပ် အနားမှာ ထိုင်နေမလို့.."

"မလိုဘူး ..၊ တစ်သက်လုံး ငါတစ်ယောက်တည်း နေလာတာ.."

"အခု နှစ်ယောက် ဖြစ်နေပြီဥစ္စာ .."

"ဟား!..."

"အပြင်ထွက်မယ်ဆိုလည်း ပြောဆိုပြီးမှ ထွက်ပါ ကိုကိုရယ် ..
ပ်တဲ့အထိ ပြန်မလာတာမျိုးရှိရင်တော့ ဘောဘီ အသက်ထွက်နေမှာ
ချာတယ်၊ ကိုကိုတို့အိမ်ကြီးက ဘာဖြစ်လို့ ဒီလောက်တောင် ချောက်
ရာကြီးဖြစ်အောင် ဆောက်ထားရတာလဲ ..၊ ရဲတိုက်ဟောင်းကြီးနဲ့
သလိုလို ..၊ မီးပြတိုက်ကြီးထဲ ရောက်နေရသလိုလို ..၊ အသံတစ်သံ
လိုက်လို့ ရှာပြန်တော့လည်း ကြားသာ ကြားနေရပြီး တွေ့လည်း
ဘူး .."

"ဘာသံကြားကြား .. ဘယ်တော့မှ မရှာနဲ့ .."

"ဘာဖြစ်လို့လဲဟင် ..၊ အဲဒါ ဘာသံတွေလဲ ကိုကို သိလို့လား.."

"မင်းကို မစပ်စုနဲ့လို့ ဦးမောင် မှာထားတယ်မို့လား၊ မနေတတ်
ရင် အနေကျပ်မယ်ဆိုတာ မမေ့နဲ့ .."

"ဟယ် .. လှေကားကြီးက ဒီမှာ .."

လှေကားခြေရင်းရောက်မှပဲ သူမကို ဒီနေရာထိ ခေါ်လာမိပါလား
နောင်တရမိ၏။ ဒီကနေ တက်ကြည့်မယ့် စိတ်ကူးမိတာနှင့် ဒီ
င်မလေး မဖြစ်မနေ တက်တော့မှာ ဖြစ်သည်။

ထို့ကြောင့် ပြောကို ပြောရတော့မှာ ဖြစ်ကာ ...

"ဟုတ်တယ် ..၊ ဒီကနေ တက်သွားရင် အပေါ်ထပ် မခြရင်းဘက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခြမ်းလုံးမှာ ငါတို့ရဲ့ ဘိုးစဉ်ဘောင်ဆက် အကြီးအကဲတွေရဲ့ အရိုး တွေကို တစ်ခန်းစီမှာ အခေါင်းနဲ့ ထည့်ထားတာတွေ ရှိတယ် ..”

“ဟင်!... ဘယ်လို ..”

ဘေဘီ လန့်ဖျန့်သွားတာကို မြင်လိုက်ရသဖြင့် စက် ရဲ့မျက်ဝန်း တွေမှာ ရယ်မြူးရိပ်တွေ ဖြစ်သွား၏။

“အရိုးစုတွေ ဟုတ်လား .. ပြာအိုးလောက်ဆို တော်ရောပေါ့ ဗုဒ္ဓဘာသာဖြစ်ပြီး ဒီလောက်တောင် အယူသီးနေကြသလား .. ကြောင် စရာကြီး ..”

“ပြီးတော့ ဦးမောင် အပေါ်ထပ်မှာ အမြဲရှိတယ် ..၊ မင်း လန့်ဖျန့် အော်ရင် ကူညီမှာ မဟုတ်ဘူး၊ လှေကားထိပ်ကနေ ကန်ချလိုက်မှာ-

လှေကားကြီးက ငါးထစ်ကို တစ်ချိုးကွေ့ လုပ်ထားသဖြင့် ကြောင် လိမ်ပုံစံမျိုး ဖြစ်သွားကာ ဟိုအပေါ်ထိ လုံးဝ မော့ကြည့်လို့ မမြင် ..

“သူကတော့ ဘေဘီ လန့်အော်စရာ မလိုပါဘူး၊ ကန်ကို ချချင်နေ တာ သိတယ်၊ အပေါ်ထပ်မှာ ကိုကို့အဖေရော ရှိတာပေါ့နော် ..၊ လုံး မဆင်းဘဲနဲ့ ဘယ်လိုလုပ် နေနိုင်တာလဲ ..၊ သူက နာတာရှည် လူမမာ လား ..”

မေးခွန်းတွေ ထပ်ဆင့်သွားသဖြင့် စက် က လှေကားကိုဝိတ်ပြီး သူမနဲ့ မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

“ဟုတ်တယ် .. သူ့ကို နှောင့်ယှက်လို့ လုံးဝ မရဘူး၊ ဦးမောင် အိမ်မှာ လူစိမ်းရောက်လာတာကို မကြိုက်ဘူးဆိုတာ အဲဒါကြောင့် -

“ဘေဘီ ကိုတော့ လူစိမ်းလို့ ပြောလို့မရပါဘူး ကိုကိုရယ် - လူမမာကို ပြုစုတာ ယောက်ျားသားတွေက မိန်းမတွေကို မမီပါဘူး ကိုကို့ဖေဖေ့ကို ..”

“ပြုစုပေးပါ့မယ်ဆိုတာ စမလာနဲ့ ..၊ ဒီအိမ်မှာ အားလုံးက သူ့ဟာ နဲ့သူ အထာကျပြီးသားတွေ ..”





“ အခါကမှ အသားကျသေးတာ ..၊ အိမ်မှာ အလုပ်မရှိ အကိုင် မရှိ ..၊ ဘယ်မှလည်း သွားလာလျှောက်ကြည့်တာ မကြိုက်ဘူး၊ မသိလို့ မေးတိုင်းရော ကိုကို စိတ်ရှည်လက်ရှည် ရှင်းပြဖူးလို့လား ..၊ အဲဒါ ကြောင့် လူမမာကို ပြုစုပေးနေရရင် ပျင်းရိငြီးငွေ့ချိန်လည်း မရှိတော့ ဘူး၊ ကိုကို့ဖေဖေက ဘေဘီ့ မိဘပဲလေ ..”

“ကြားလို့တော့ ကောင်းတယ်၊ ငါကတော့ နားဝင်မချိုဘူး ..”

“နားဝင်ချိုရအောင် ကိုကို့နားထဲကို ပျားရည်တွေ ဂါလံပုံးလိုက် လောင်းထည့်နေတာမှ မဟုတ်ဘဲ၊ ကိုကိုကမှ ဘေဘီ့ ကို အကောင်း ထောင်တဲ့ဥစ္စာ .. ဘာပြောပြော အကောင်းမြင်မလား ..”

“သိရင်လည်း အပိုတွေ ပြောမနေနဲ့..၊ လူမမာက လူမမာ ပြုစု မယ့်လူ ရှိပြီးသား ..၊ မင်း ထပ်နှောင့်ယှက်သလို မလုပ်မိဖို့ လိုတာ..”

“ဒါဆို ကိုကို့ဖေဖေကို ခဏလောက် တွေ့ခွင့်မရဘူးလား ..”

ဒါကို မကြိုက်လို့ တားမြစ်နေတာတောင် ဒီကောင်မလေး အလိုက်ကမ်းဆိုး မသိပါလား ..။

စက် ရဲ့မျက်နှာ ဘယ်လိုပြောင်းလဲသွားတာကို ဘေဘီ ကလည်း သတိထားမိသည်။ ဒါပေမယ့် ...

“ကိုကို့ဖေဖေမို့လို့ မြင်ဖူးချင်တာပါ၊ အန်ကယ်လ်မောင့် လိုတော့ ဘေဘီ့ ကို ..”

“မင်းကို နန်းမဟာက ဘယ်သူကမှ မေတ္တာထားမှာ မဟုတ်ဘူး”

ဦးမောင်မောင် ရောက်လာမှန်း သိလိုက်ကြပေမယ့် စက် နဲ့ ဘေဘီ မျက်လုံးချင်းသာ ဆုံသွားပြီး ဘယ်သူကမှ လှည့်မကြည့်ကြပေ ..။

“ဘာဖြစ်လို့လဲဆိုတော့ သူက ငါ့ညီလေ ..”

ကိုယ်ကလည်း သူ့အကြောင်း ထည့်ပြောလိုက်မိတာမို့ ဘေဘီ မျက်လွှာလေးချ ခေါင်းငုံ့၏။

“မင်း သွားတော့ ..”



www.burmeseclassic.com

www.burmeseclassic.com



စက် က ဆောဒ်ို ကို ထွက်သွားနိုင်းလိုက်သဖြင့် ဦးမောင်မောင် လှောင်ပြုံးတွေ ဆင်ထားသည့် မျက်နှာကြီးက ဖျတ်ခနဲ ညိုသွား၏။

"အဲဒီလောက်တောင် ဖြစ်နေပြီလား သျှန် .."

"သူ့ကို ဦးမောင် ချေသည်လို သဘောထားရင်တောင် ချေဝတ် မကျေရင် နေပေါ့၊ မျက်နှာမြင်တိုင်း ပြောလားဆိုလား လုပ်နေတာတွေ က ကြာလာရင် ကျွန်တော်တို့အားလုံး ကိုယ့်အဆင့်အတန်း ကိုယ်ပြန် ပြီး သတ်မှတ်နေသလို ဖြစ်လာမယ် .."

"မျက်နှာမြင်တိုင်း ပြောတယ်ဆိုတာက ဘာလဲ ..၊ ငါ သူနဲ့ ပြောမိတဲ့အချိန်တွေမှာ မင်း ရှိမနေပါဘူး၊ ကြည့်ရတာ တစ်လုံးမကျန် ပြန်တိုင်ပြောထားပုံပဲ .."

စက် မျက်မှောင်ကုတ်၍ တစ်ဖက်လှည့်ပစ်သည်။ ပြီးတော့ အပေါ် ထပ်တက်ဖို့ ပြင်လျှင် ...

"မင်းအဖေ အိပ်နေတယ် .."

ဖေဖေ့ဆီ သွားဖို့ ခြေလှမ်းပြင်လိုက်တိုင်း အမြဲတမ်းပဲ ဖြတ်ရိုက်ခံ ရသဖြင့် ဒေါသက ထောင်းခနဲ ဖြစ်သွားသည်။ ဒါပေမယ့် လှမ်းပြီးသည့် ခြေလှမ်းကို ပြန်ရုတ်လိုက်ရတာပဲ ဖြစ်ကာ ...

"အိပ်နေတာဆိုလည်း ခုလောက်ဆို နိုးပြီပေါ့ .. ကျွန်တော်တို့ ဒီနားမှာ ရပ်စကားပြောနေတာ ကြာလှပြီ .."

"ရပ်စကားပြောနေတာ ဒီနားမှာ လာပြောမှ ရတာလား .."

ဦးမောင်မောင် က စက် ရဲ့ဘေးက ပွတ်ကပ်တက်လိုက်ပြီး အပေါ် တစ်ထစ်ကျော်ကနေ ပြန်လှည့်ရပ်လိုက်သည်။ လှေကားပေါ်ကို ဆက် တက်ခွင့် မပြုနိုင်ဘူးလို့ ပြောလိုက်တာမျိုး ..။

စက် ရဲ့မျက်ဝန်းတွေ ကျဉ်းမြောင်းသွားတဲ့အထိ မျက်မှောင်ကုတ် လျက် ဦးမောင်မောင် ကို စေ့စေ့ကြည့်၏။ ဦးမောင်မောင် က နှုတ်ခမ်း မွေးနှစ်ဖက်ပေါ်ကို လက်မနဲ့ လက်ညှိုးတင်၍ ပွတ်ဆွဲရင်း နှုတ်ခမ်းကို





…င်လိုက်ကာ ...

"ဘောဘီပန်ထွာ ကို မင်း စိတ်ဝင်စားနေပြီမို့လား သျှန် .."

မေးလိုက်ရင်း မျက်နှာတစ်ပြင်လုံး အေးစက်စက်ဖြစ်သွားလျက်...

"ဟုတ်တယ်လို့ ဝန်ခံမှာကို ကြားချင်လို့ မေးတာ မဟုတ်ဘူး …် ..၊ မမေ့သင့်တာတွေကို မင်း မေ့နေမှာစိုးလို့ ..၊ ပြီးတော့ ငါတို့ …ာ်ထပ်ပြီးပြီဆိုပြီး ကိုယ့်နားကို အလွယ်တကူ ရောက်လာတဲ့ ပန်း …်ပွင့်လို .."

"ဦးမောင် .."

"မကြားချင်လည်း ပြောရမှာပဲ သျှန် ..၊ ဒီကောင်မလေး သိပ်လှ …ာပဲဆိုပြီး မင်းက မမြင်ဘူး မူးမြစ်ထင် ဖြစ်နေပြီ၊ တစ်သက်လုံးက …မဆို အရှင်းနေလာခဲ့တဲ့လူက ဇွတ်တရွတ်လေးနဲ့ကျတော့ မင်း …ှင်နေပြီမို့လား ..၊ အေး .. ငါ ပြောထားမယ်၊ မင်း စိတ်အလိုကို …ာ်မိတာနဲ့ မင်းရောသူပါ ဘဝပျက်ပြီ .."

"ဦးမောင် ကျွန်တော့်ကို ဒါတွေ တစ်နေ့ ဘယ်နှစ်ခါ ပြောနေ …ာလဲ .."

မအော်စဖူး အသံက ကျယ်သွားသဖြင့် ဦးမောင်မောင် က ဒေါသ …ာ ထိန်းချုပ်ထားရသည့် မျက်နှာကြီးနှင့် ...

"မင်း တစ်နေ့တခြား ဒီကောင်မလေးကို နေရာပေးလာတာ …ာက်ပိုပြီး ငါ ကြည့်မနေနိုင်ဘူး၊ မိန်းမတစ်ယောက်ကို တာဝန်ယူ …ာ်ရတာ မဆန်းဘူး၊ မက်လောက်အောင်ပေးပြီး ကန်ထုတ်ပစ်လိုက် …ာတွေလည်း ဒါ လုပ်ရိုးလုပ်စဉ်ပဲ၊ လောကမှာ ငွေရှိဖို့ပဲ လိုတာကွ..၊ …်းအတွက် ဘာမဆို ဖြစ်လို့ရနေတဲ့အခြေအနေမှာ ဒီကောင်မလေးကို …န်ထိ ဘာလုပ်ထားတာလဲ .."

"နန်းမဟာက လူယုတ်မာတွေ စုဝေးနေတဲ့နေရာ မဟုတ်ဘူး …ောင် .."



www.burmeseclassic.com

www.burmeseclassic.com



"လူမဆန်တဲ့သူကို ကိုယ်က ယုတ်မာသင့်ရင် ယုတ်မာရမှာပဲ မိန်းကလေးက မိန်းကလေးအလုပ် လုပ်ခဲ့တာလား .."

"သူ့ကို ကျွန်တော် ခေါ်လာခဲ့တာ .."

"အဲဒီတည်းက မင်းကို ငါ မယုံကြည်တော့တာပဲ .."

"ကျွန်တော် ဘယ်သူယုံကြည်အောင်မှ လုပ်ပြနေတာ မဟုတ်ဘူး ကျွန်တော့် အနာဂတ်မှာလည်း ကျိုးမလား .. ပဲ့မလား .. မီးလောင် ပြာကျသွားပါစေ အဲဒါ ကျွန်တော် လုပ်ခဲ့တာပဲ ဖြစ်ချင်တယ်၊ ဦးမောင် ကျွန်တော့်ဘဝကို မောင်းနှင်ဖို့ မကြိုးစားပါနဲ့ .."

"မင်းက ဒီတိုင်း ပြောလာပြီလား .."

"ကိုယ့်စည်းကိုယ့်ကမ်းနဲ့ နေစေချင်တာ .."

"ဟား .. ဟား .. ဟား ..."

ဦးမောင်မောင် က အသံကျယ်စေတာ မဟုတ်ဘဲ မျက်နှာမော့၍ ရယ်၏။

"ပြုစုထိန်းကျောင်းလာခဲ့တဲ့လူကို မောင်းနှင်တယ်လို့ မင်း ပြော လိုက်တာလား ..၊ ဟွန်း .. ခုတော့ မင်း ဒီစကားမျိုးတွေ ပြောတတ် လာပြီပေါ့ .."

"ပြောတတ်လာတာ မဟုတ်ပါဘူး .. ဒါတွေပဲ ပြောရလွန်းလို့ အလွတ်ရနေတာ၊ ဒီမိသားစုနဲ့ ကျွန်တော့်အကြောင်းကို ကျွန်တော် သိတယ်၊ အဲဒါကြောင့် ဖြစ်သင့်တဲ့အတိုင်း ဆုံးဖြတ် လုပ်ကိုင်နိုင်အောင် ကြိုးစားနေတာပါ၊ မလိုအပ်တဲ့ စကားတွေကြောင့် .."

"မင်း သူ့ကို ကြာရှည်ထားလို့ မရဘူးဆိုတဲ့ အနေအထားကိုတော့ အမြင်မတော်တိုင်း ပြောနေရမှာပဲ၊ ဟိုနေ့ကလည်း သူ လိုက်ချောင်းနေ တာ လေ့ကားကြီးနားထိ ရောက်လာတယ်၊ ငါ့ဒေါသကို ငါ သိနေလို့ မမြင်ချင်ယောင်ဆောင်နေလိုက်ရတာ ..၊ တစ်နေ့နေ့ သူ အားလုံးကို သိသွားမှာပဲ၊ အဲဒီ တစ်နေ့နေ့ဆိုတာ မနက်ဖြန်လည်း ဖြစ်နိုင်တယ်၊





ကက်နေ့ဆိုတာလည်း ဖြစ်နိုင်တာပဲ၊ အဲဒီတော့ ငါ ဘယ်လိုလုပ် စပ်ပိတ်နေရမလဲ .."

"ကျွန်တော် အခု ဖေဖေနဲ့ စကားပြောချင်တယ် .."

"ငါတို့ဆွေးနွေးနေကြတာ ကျော်အောင် နဲ့ မဆိုင်သေးဘူး သျှန်..၊ တိပန်ထွာ ကို မောင်းချလိုက်ဖို့ပဲ .."

"ကုပ်ကနေ ဆုပ်ကိုင်ပြီး အပြင်ဆွဲထုတ်သွားရအောင် သူက ခွေး ကောင်မှ မဟုတ်ဘဲ .."

"သူ့မိဘကတော့ ခွေးတစ်ကောင်လို ထားခဲ့တာပဲ၊ အားလုံး သိ တယ် .."

"သူ့ကို ကျွန်တော် ခေါ်သွားတယ်ဆိုတာလည်း လူတိုင်း သိတယ်၊ ောင် ဒါမှမဟုတ်ရင် .."

"ပြောပါ .. ဆက်ပြောစမ်းပါ .."

သူ မပြောဖြစ်ခဲ့ပါ ..၊ ရင်ထဲမှာတော့ တနုံ့နုံ့ ခံစားနေရရင်း ောင်မောင် ရဲ့ လုပ်ကွက်တွေ ရှိုင်းစိုင်း ရင့်သီးလာတာကို တရေးရေး တွေးမိနေခဲ့သည်။

"မင်း တစ်ခါပြောသွားတည်းက မင်းအဖေကို ငါ အားလုံး မခြွင်း ပြောပြခဲ့တယ်၊ သူကိုယ်တိုင်က မင်းကို မတွေ့ချင်ဘူးဆိုလို့ တို့သားအဖကြားမှာ ဖြစ်လာမယ့် မီးတောက်ကို ငါ ငြိမ်းပေးနေ မင်းက ဒါကို ဘယ်လိုထင်ပြီး တွေ့ပါရစေပဲ ပြောနေတာလဲ .. မင်းတို့သားအဖ တစ်အိမ်တည်းနေကြတာ တွေ့တော့ တွေ့နေ တာပဲ၊ ဘာလိုအပ်နေသေးသလဲ .."

"ဦးမောင် က တွေ့လိုက်ပါဆိုမှ တွေ့ရတာ သိပ်သဘာဝမကျဘူး လို့ပါ .."

"အဲဒါလည်း မင်းအတွက်ပဲ သျှန် ..၊ သူလည်း မင်းကို သူ့နား ာစေချင်ဘူး၊ မင်းအဖေအတွက် စိတ်ချရမယ့် သွေးသားရင်းချာ



www.burmeseclassic.com

www.burmeseclassic.com



ငါ တစ်ယောက်လုံးလည်း ရှိနေတယ်၊ အားလုံးက ဟိုအရင်ကအတိုင်း အေးဆေး ခရီးဆက်ရုံပဲ၊ ခုတော့ မင်းက ကောင်မလေး ဒုက္ခရာရတာကို တောင် စိုးရိမ်တကြီး ကုသပေးနေသေးတယ်၊ ဆရာဝန် ခေါ်သွင်းလာ လိုက် .. ကိုယ်တိုင် ပြုစုလိုက် ..၊ ဟွန်း .."

ဦးမောင်မောင် က အမြင့်ပေါ်ကနေ ခါးနှစ်ဖက်ထောက်၍ မဲ့လိုက် ကာ ...

"လူမမာကိုရော လူကောင်းအတွက်ပါ တစ်ယောက်တည်း ပြေး လွှားပြုစုပေးနေတဲ့ ငါ့လို ဘကြီးတစ်ယောက်လုံးကိုတောင် အားနာ ရမှန်း မသိဘူး .."

အားနာရမှန်းလည်း သိသည်။ ကျေးဇူးရှင်ဆိုတာလည်း နားလည် ပါသည်။ ဒါပေမယ့် ခုကိစ္စမှာ လိုတာထက် ပိုနေတာကတော့ နားလည် ပေးလို့ ဘယ်လိုမှ မရသည့်ကိစ္စ ဖြစ်နေ၏။

တကယ်တမ်း ပြောဆိုမရရကောင်းလားဆိုပြီး ဆွဲလွဲ ရိုက်နှက်ပစ် မည်ဆိုရင်လည်း ကိုယ့်တူ ကိုယ့်သားကိုပဲ အရိုးကျေကျေ အသားလျှော် လို့ ကြိုက်သလို ဆုံးမနိုင်သားနဲ့ ..။

"ကျွတ်!..."

ပြောပြန်ရင်လည်း စွပ်စွဲချက်တွေက ထွက်လာဦးမည်။ တကယ် တမ်း သူ ဖြစ်စေချင်တာက ကိုယ်နဲ့ သွေးသားမတော်စပ်သည့် တစိမ်း မိန်းကလေးတစ်ယောက်အပေါ်မှာ နှုတ်အားဖြင့်ရော လက်အားဖြင့်ပါ လွန်ကျူးအောင် ပုတ်ခတ် စော်ကားသလို ဖြစ်နေတာတွေကို ရပ်ဖို့...

ဒါပေမယ့် ဒီတစ်ခါလည်း သူ ရှုံးလေသည်။





## အခန်း(၂၈)

"ကိုကို စားလို့ကောင်းလားဟင် .."

"မဆိုးပါဘူး .."

ဘောဘီ က ထမင်းကို ကောင်းကောင်းမစားနိုင်ဘဲ သူ စားတာ ကိုပဲ ထိုင်ကြည့်နေကာ ဟင်းအမယ်တွေကို ရွှတ်ပြနေ၏။

"ကိုကိုက အသားကြိုက်လား ..၊ ငါးကြိုက်လား မသိတော့ ဘောဘီ ဘာချက်ရမှန်း မသိတာနဲ့လေ၊ ပြီးတော့ ဟင်းသီးဟင်းရွက်ကို ကော ကြိုက်မှာပဲဆိုပြီး မဖြစ်မနေ ထည့်ရသေးတယ်၊ အဲဒါကြောင့် ဟင်းတွေစုံသွားတာပါ၊ နောက်ဆို လျှော့ချက်မှာပါ၊ ရေခဲသေတ္တာထဲက ဟင်းချက်စရာတွေ ကုန်သွားရင် ဝယ်ထည့်မပေးဘဲ မနေနဲ့နော် ကိုကို..၊ ဘောဘီ တစ်ယောက်တည်းအတွက် မဟုတ်ပါဘူး၊ ကိုကို့ကိုပါ ဖွယ်ဖွယ် ရာရာလေး ကျွေးချင်လို့ .."

"ထမင်းစားရင် စားတဲ့အလုပ်ကို ပြီးအောင် လုပ် ..၊ ဘာဖြစ်လို့ စကားတွေ များနေတာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



သူ့ ထမင်းစားရင်း စကားပြောလိုက်တာကလည်း နှုတ်ခမ်းသာ တို့ မပွင့်တပွင့်နှင့် သေသေသပ်သပ်လေး ဖြစ်သည်။ ဘောဘီ က ငေး ကြည့်ရင်း ..၊ ပြီးတော့မှ ပြုံးလိုက်ကာ ...

"ထမင်းစားတုန်းလေးပဲ ကိုကို့မျက်နှာကို သေချာမြင်ရတာ - ဒီအချိန်လေးပဲ ဘောဘီ ပြောတာကို ကိုကို နားထောင်နေတာ နောက်ပြီး ကိုကို့ကို အမေးအမြန်းထူနေတာမှ မဟုတ်တာ၊ နားလေး ထောင်ပေးရတာကို .."

ပြောလိုက်ရင်း ဟုတ်ကဲ့ ဆိုပြီး ငြိမ်ကျသွားခဲ့တာ မရှိ။ တ တစ်ခါ သူမကပဲ စိတ်တို ဒေါသထွက်နေသေးသည်။

ပန်းနုရောင်ဖျော့ဖျော့ ခြေဖျားထိ ဂါဝန်လေးနှင့် ဆံပင်တွေ အမြဲတမ်း နှစ်ဖက်ခွဲ၍ ခပ်မြင့်မြင့် တင်စည်းထားတတ်သည့်ပုံစံအတိုင် ဒီနေ့ကျမှ ပါးပြင်လေးတွေကပါ ပန်းနုရောင် ပြေးနေ၏။

ကော့နက်သည့်မျက်တောင်တို့နှင့် နှာတံလုံးလုံးစင်းစင်း ကြောင့် သူမ ကြည့်ပုံ ပြောပုံတွေကအစ ကလေးဆန်နေ၏။

သူ့ မျက်ဝန်းတွေကို လွှဲလိုက်ရပေမယ့် သူမပုံစံလေးက ချက်ချင် ပျောက်မသွားတတ်တာလည်း ကိုယ့်ကိုယ်ကိုယ် သတိထားမိနေပါပြ

ဦးမောင် မျက်နှာကို ဖျတ်ခနဲ သတိရလိုက်မိလျှင် ကိုင်ထားသည့ ဇွန်းခက်ရင်းတွေကိုတောင် လွှတ်ချပြီး ထထွက်သွားချင်မိ၏။

တစ်စုံတစ်ယောက်၏ အလှအပ၊ တစ်လောက၏ သာယာ အလုံးစုံတို့သည် သူနဲ့ ဘာမှမသက်ဆိုင်တော့သလို ..၊ အရာအား ခဏတဖြုတ် အဓိပ္ပာယ်မဲ့သွားခဲ့တိုင်း .. ကိုယ့်ဟာကိုယ် မဟုတ်တေ သည့်နှယ် ..။

"ကိုကိုတို့ အိပ်ခန်းတွေမှာ မီးဖိုခန်းကအစ အိမ်တစ်လုံး အပြည့် ပြင်ဆင်ထည့်ထားတာ ဘယ်လိုအဓိပ္ပာယ်တွေနဲ့မှန်းတော့ မေ ဘူး၊ ဘယ်အခန်းထဲ ဝင်လိုက် ဝင်လိုက် အားလုံး ပြည့်စုံနေပြီလို့





းမိအောင်ဆိုရင်လည်း ဘောဘီ ကတော့ အဲဒီလို မခံစားရဘူး၊ ဒီလို လုပ်တဲ့အတွက် အထီးကျန်တာတွေ၊ ချောက်ချား ထုံထိုင်းပြီး ဒေါသတွေ စွပ်ဆက်ထွက်တတ်တာတွေ .."

"ဟော .. တော်ပြီ .. ထမင်းကောင်းကောင်း မစားရဘူးလား .."

ဒီတစ်ခါတော့ ဘောဘီ မျက်တောင်လေး တစ်ချက် နှစ်ချက်ခတ် း ငြိမ်ကျသွားရှာသည်။ ပြီးတော့မှ ပြန်မော့ကြည့်မိကာ သူ့နှုတ်ခမ်း းတွေ ရဲတွက်နေတာ မြင်သွားလျက် ...

"ကိုကို စပ်သွားလို့လားဟင် .. ငရုတ်သီးလဲ မပါဘဲနဲ့၊ ဩော်.. ပြီ - ချဉ်ဟင်းထဲမှာ .."

ဘောဘီ ကမန်းကတန်း ထရပ်ပြီး ရေနွေးတစ်ခွက်ယူကာ ချက် င်း ပြန်ရောက်လာ၏။

"ဆောရီးပါ ကိုကိုရယ် .. ငါးခေါင်းချဉ်စပ်ထဲမှာ ငရုတ်သီးစိမ်း း ငါးတောင့် ခါးချိုးပြီး ခပ်ထားလိုက်တာ၊ ကိုကို ငရုတ်သီး ဝါးမိ းတာလားဟင် .."

"ဟုတ်တယ် .. ထင်တယ် .."

စပ်နေတာကို ရေထည့်ပေးသည်ထင်ပြီး သူ ယူဖို့ လှည့်လိုက် ာ သူမက အငွေ့တထောင်းထောင်းနှင့် ရေနွေးပန်းကန်လုံးလေး င်၍ တဖူးဖူး မှုတ်နေ၏။

"ဘာလုပ်တာလဲကွ ..၊ ဒီမှာ အရမ်းစပ်နေပြီ .."

"ကိုကို .. ကိုကို .."

သူ ထရပ်လိုက်တာနှင့် ဘောဘီ ပျာပျာသလဲ လှမ်းတားကာ ...

"အရမ်းစပ်နေတာ ရေသောက်လို့ မရဘူး ကိုကိုရဲ့ .. ထမင်းစား ာစ အစပ်မပြေမချင်း ရေတွေ မျိုချနေမိပြီး ဗိုက်ကြီး ကယ်နေတာ ခံရလိမ့်မယ်၊ ဒီမှာ ရေနွေးလေး ငုံထားကြည့်လိုက် .. ရော့ပါ .. ိုရယ် .. ငုံကြည့်လိုက်ပါ၊ တကယ် သက်သာသွားလိမ့်မယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ ဘောဘီ့ မျက်နှာလေးကို ပြန်ငဲ့ကြည့်ပြီး သူ လက်ခံ
မိသည်။ သူမ ပျော်သွားပုံလေးက ပွင့်လင်းလွန်းကာ ...

"အပွန်း .. တွေ့လား ..၊ အဆင်ပြေသွားတယ်မို့လား ..၊
အမြဲတမ်း အဲဒီလိုဖြစ်တတ်တော့ ကိုကြီးက အမြဲတမ်းပဲ မညည်း
လုပ်ပေးတာလေ ..၊ ဒီတစ်ခါကျမှပဲ ဆရာကြီးလုပ်ခွင့် ရတော့တယ်

ဒါကို သူမက ကျေနပ်နေတာလား ..၊ ရေနွေးတစ်ငုံ ပါး
ရောက်တိုင်း သူမ ပြုံးနေသည့် နှုတ်ခမ်းလေးကို ဖျောက်လို့မရ
နေ၏။

စိတ်ထဲမှာ ဘာကိုမကောင်းဖြစ်သွားမှန်း မသိ ..၊ နင့်ခနဲ ဖြစ်
သလိုလို ..၊ ရှက်သွားတာလိုလို ..။

အိမ်မှာ အငယ်ဆုံး အလိုလိုက်ခံထားရဆုံး မိန်းမငယ်လေး
အခု သူ့ရှေ့မှာတော့ ...

"ရှော .. ကိုကို .."

"ခွမ်း .."

"အား!..."

သူ တွေးနေတုန်း အမှတ်တမဲ့ လက်နဲ့တို့ပြီး ရေနွေး
တစ်ခွက် ကမ်းပေးလိုက်သဖြင့် လက်ထဲက ပန်းကန်လုံး လွတ်ကျ
၏။ ဘောဘီ လည်း လန့်ဖျန့်ဆုတ်လိုက်သဖြင့် သူမ ကိုင်ထား
ရေနွေးပန်းကန်လုံးလေး လွတ်ကျသွားကာ ...

"ဆောရီး .. မင်းခြေထောက် အပူလောင်သွားသလား .."

"ဟင့်အင်း .. မပူပါဘူး .."

သူက ငုံ့ကြည့်တော့ ဘောဘီ ခြေထောက်လေးကို နောက်ဆုတ်
သည်။ ဒါပေမယ့် ဂါဝန်အနားစတွေမှာ ရေစိုထားတာ မြင်သဖြင့်
က စိတ်တိုသွားသည့်မျက်နှာနှင့် ...

"မပူရင် ဘာဖြစ်လို့ အော်လိုက်တာလဲ ..၊ ဂါဝန် 'မ' လိုက်စမ်း





"တကယ် မပူပါဘူးဆိုမှ ..၊ ဘောဘီ သေချာနွေးအောင် မှုတ်ပြီးမှ
ကိုကို့ကို ကမ်းပေးတဲ့ဟာ ..၊ အော်လိုက်တာက အဲဒီပန်းကန်လုံး ခြေ
ထောက်ပေါ် ကျတာ နာသွားလို့ .."

"တည့်တည့်ထိသွားတာလား ..၊ ခြေထောက် ရှေ့ ထုတ်လိုက်.."

သူက ရှေ့မှာ ခြေဖျားလေးထောက်ထိုင်လိုက်တော့ ဘောဘီ ခေါင်း
ခါနောက်ဆုတ်ရင်း ကုလားထိုင်နဲ့ တိုက်မိပြန်သည်။

လူက အားကို ယိုင်ခနဲ ဖြစ်သွားသဖြင့် စက် က လက်ကို ဖမ်းဆွဲ
ထားလိုက်ပြီး ...

"မင်း ဘယ်လိုဖြစ်နေတာလဲ .."

"ကိုကိုကလည်း .."

မျက်နှာနှစ်ခု နီးနီးလေး ဖြစ်သွား၏။ တစ်ယောက်၏ ဝင်သက်
ထွက်သက်တို့ကို တစ်ယောက်က ခံစားမိနေလျက် ရှူးစိုက် ငေးမောနေ
ရင်း စက္ကန့်တွေ ကြာသွားသည်။

ဒီမျက်ဝန်းတွေကို ဦးမောင်မောင် ဆိုတဲ့ လူကြီးက ယောကျ်ား
မပီသတဲ့ မျက်ဝန်းတွေလို့ ပြောခဲ့သေးသည်။ ဘောဘီ ရင်ထဲမှာ ကတိမ်း
တပါး လှုပ်ရှားနေခဲ့လျက် ..၊ နှုတ်ခမ်းလေးကိုက်မိရင်း မျက်လွှာချ
ဝစ်၏။

"ကိုကို ထမင်းပြန်စားလေ .."

ဘောဘီ သတိပေးလိုက်မှ သူ မျက်နှာလွှဲဖို့ သတိရသည်။ ခဏ
လေး လှုပ်ရှားသွားသည့်စိတ်နှင့် ဖျစ်ညှစ်ဆုပ်ကိုင်ထားသည့် လက်တို့
က တဖြည်းဖြည်း ပြေကျခဲ့လျက် ...

"ရင်ထဲမှာ ပြည့်နေပြီ .."

ခပ်သဲ့သဲ့ပြောပြီး သူ လှည့်ထွက်လာခဲ့သည်။ ရင်ထဲမှာ တစ်
တစ်ခုသော နင့်သီးခြင်းကြောင့် ခံရခက်နေတာ ဖြေရာရှာမတွေ့
မင်းနဲ့ မဆိုင်ဘူး ..၊ မင်းနဲ့ မထိုက်တန်ဘူး သျှန် .. ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



အားကိုးနဲ့ သာယာချင်တာလဲ ..၊ သာယာမှုတွေကရော မင်းနဲ့ တန်လို့လား ..။

လျှာဖျားပေါ်မှာ စပ်ဖျင်းပူလောင်ခဲ့ခြင်းက ရင်ထဲထိ ရောက်သွားသည် ထင်၏။ သူ့ အပေါ်ထပ် တောက်လျှောက်တက်လာခဲ့ပြီး ဝရန်တာမှာ ခြေစုံရပ်မိတဲ့အထိ ပူလောင်နေတာက မပျောက် ..။

အပြင်ထွက်ခါနီးတိုင်း နောက်ဆံတင်းတတ်လာသည်။ ရက်ရက်စက်စက်တွေ ပြောတတ်တဲ့ပါးစပ်က ပြောမထွက်တာတွေ ဖြစ်လာခဲ့၏။

ခုတော့ သူမနဲ့အတူ ထမင်းလက်ဆုံစားမိတဲ့အထိ သူ ပျော့ညံ့ခဲ့ပြီ ဖြစ်သည်။

"သား သျှန် .. မင်း အိမ်ထောင်ပြုလို့ မဖြစ်ဘူး .."

"မင်းကြောင့် နောက်ထပ်ဘဝတွေပါ ပျက်ကြရမှာ .."

"မိန်းမတွေကို မိန်းမလို့ သဘောမထားဘဲ မြင်တတ်လာအောင်ကြည့် ..၊ သမီးမိန်းကလေးတစ်ယောက်ကို ဆုံးမသလို ပြောရရင် မင်းသားလေးလို မင်း ချောနေတာ အန္တရာယ်ပဲကွ .."

"မလိုတာ ရှုတယ်ဆိုတာ မင်းကို ပြောထားသလိုပဲ၊ မင်းလိုလူကမှ ရုပ်ရည်လေး သနားကမား ဖြစ်နေတာ .. အဲဒါ ဝဋ်ကြွေး .." တဲ့

သူ့ အားလုံးကို ပြန်ကြားလာသည်။ ရင်ထဲမှာ ဗလောင်ဆူလာ၏။

"ဘေဘီ .. မင်း ငါ့ဆီရောက်လာတာ အရှမ်းကံဆိုးသွားပြီဆိုတာ သိရဲ့လား ..၊ ငါ့စိတ်တွေ ဖောက်ပြန်လာခဲ့ရင် မင်းဘဝ ပျက်ပြီ .."

လူ့သဘာဝအတိုင်း အလှအပ သာယာမှုကို မက်မောနေသေးတော့ ခက်သည်။

ဘေဘီ နဲ့ နောက်ထပ်ဆုံလာရတဲ့အခါတွေရဲ့နောက်မှာ ကိုယ့်မျက်နှာကို ဓားနဲ့မွှန်း၍ ဖျက်ဆီးပစ်ချင်လောက်အောင် ဒေါသတကြီး ဖြစ်ခဲ့ဖူးသည်။





သူမ ဒီအိမ်ပေါ်ထိ ရောက်လာတော့ ကိုယ့်ကိုယ်ကိုယ် ဒေါသထွက် အပြစ်တင်ခဲ့မိ၏။

သူ့ တကယ်ပဲ ကျရှုံးခဲ့ပြီလား ..။ ဒါမှမဟုတ် ဘေဘီ ကံဆိုးမိုးမှောင်ကျဖို့ အချိန်တန်ခဲ့တာလား ..၊ ရင်ခုန်သံတွေဟာ ဒေါသလား..၊ ကြေကွဲခြင်းလား ဘာမှန်းမသိရသေးခင် လေပြည်လေညှင်းလို တငြိမ့်ငြိမ့် သာယာပြန်၏။

♫ .. ညလေးတစ်ည .. ကိုယ် အိပ်ပျော်ဖို့ ခက်နေ .. အာရုံမှာ ..
– အိပ်မက်များမှာလည်း မင်းမျက်နှာ .. ရှောင်လို့တိမ်းလို့ မလွတ်နိုင်ပါ –
– ကြုံဆုံလာ မင်းနဲ့ဘဝ .. ရှေ့ကို ဘယ်လိုများ ရင်ဆိုင်ရမှာ ..
– နောက်ဆုတ်ဖို့ ကြိုးစားရင်း ရှေ့တိုးမိ .. မေ့ပျောက်ဖို့ အားထုတ်မှ ပိုမိုကာ သတိရမိ .. ♫

ဖုန်းမြည်နေတာမှန်း သိလျက်နှင့် သီချင်းသံနှင့် ရင်ဘတ်က ငြိသွားခဲ့ရင်း လူက ငုတ်တုတ်မေ့၏။

♫ .. နောက်ဆုတ်ဖို့ ကြိုးစားရင်း .. ရှေ့တိုးမိ .. မေ့ပျောက်ဖို့ အားထုတ်မှ သတိက ရနေပြန်မိ .. ♫

ကိုယ့်အာရုံကို ပျောက်ဖျက် လွှပ်ရှားစေလိုက်ရင်း အိတ်ထဲက ဖုန်းကို ထုတ်ကိုင်လိုက်သည်။

"ဟန်ဝင်း .. ဘာလဲ .."

"ငါ မင်းတို့ခြံရှေ့ ရောက်နေလို့ ..၊ ပြောစရာလည်း ရှိတယ် .. ထွက်ခဲ့မလား .."



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းနားထောင်ရင်း သူ တွေဝေသွားသည်။ ခုချိန်မှာ ဘယ်ညှို့သည့် ခေါ်လာလာ ဦးမောင် က ဆင်ခြင်တော့မှာ မဟုတ် ..။

"ရတယ် စက် ..၊ မင်း အဆင်မပြေရင် .."

"နေပါဦး .. အခု ထွက်လာတော့ လမ်းမှာ ခဏတစ်ဖြုတ် ပြော လို့ ပြီးမှာလား .."

"မပြီးဘူး .. နည်းနည်းများတယ် ..၊ ငါက မင်း ထွက်လာရင် တစ်နေရာ သွားပြောမလို့လေ .."

"မင်းက အဲ့ဒါပြောဖို့ တမင်လာတာလား .."

"မဟုတ်ဘူး ..၊ ဒါပေမယ့် မင်းအတွက် အရေးကြီးတာ ပြောမှာ နော် ..၊ လမ်းကြုံလို့ ဝင်လာတာဆိုပြီး ပေါ့တော့တော့ မတွေးနဲ့၊ မင်းဆီ တကူးတက အိမ်လည်လာဖို့ ငါက စိတ်ကူးကို မရှိခဲ့ဘူးတာ .."

"အင်းလေ .. ဒါဆို မင်း ပြန်တော့ ..၊ နောက်တစ်နာရီခွဲလောက်မှ ငါ လာခဲ့မယ်၊ မင်းဆိုင်ကိုပဲ .."

သူ ဖုန်းချလိုက်ပြီး သက်ပြင်းရှည်ကြီးတစ်ချက်နှင့် နဖူးပွတ်နေမိ၏။

ဘာသတင်းလဲ ..၊ ဘေဘီ နဲ့ပဲ သက်ဆိုင်နေတာလား ..။

သိချင်ပေမယ့် စိတ်ကလည်း မချမ်းသာ ..။





## အခန်း(၂၉)

ကားမောင်းပြန်လာရင်း စိတ်တွေက နောက်မှာကျန်ခဲ့၏။ ဟန်ဝင်း ပြောလိုက်သည့်စကားလုံးတိုင်းက နားစည်ကို ခုပဲ လာရောက် ရိုက်ပုတ်နေသလိုပင် ..။

သူ လက်မခံနိုင်ခဲ့တာ ဘာကြောင့်လဲ ..။

"ကျွတ်!..."

စတီယာရင်ကို ထုပစ်လိုက်ရင်း ကျွတ်ခနဲ ဖြစ်၏။ မီးပွိုင့် ဝါသွားတာကို မသိလိုက်ဘဲ အနီကြော ဖြတ်မိမလိုဖြစ်ပြီးမှ နောက်ပြန်ဆုတ်ရသည်။

ထိုအခါ ဘေးချင်းယှဉ်လျက်သား ဖြစ်သွားသည့် ကားထဲမှာ မြတ်နိုး ..၊

"ရှင် .. ကျွန်မ ညီမကို တစ်ခုခု လုပ်လိုက်သလား ကိုစက် .. အဲဒီက အခြေအနေကို ကျွန်မ အားလုံး သိပြီးသားနော် ..၊ ညီမလေးနဲ့ ကျွန်မကို တွေ့ခွင့်ပေးမလား .. မပေးဘူးလား .."



www.burmeseclassic.com

www.burmeseclassic.com



သူမအသံကို ကြားလိုက်ရကာမှ ကိုယ့်ကားမှန် လက်နှစ်လုံး လောက် လျှောကျနေတာကို သိလိုက်ရပြီး ဒုတ်ခနဲ တက်သွားအောင် တင်ပစ်လိုက်သည်။

မြတ်နိုး မျက်နှာလေး ရှုံ့မဲ့ စူချိတ်သွားကာ ဖွိုင့်ကလွတ်သည်နှင့် စက် ရဲ့ကားနောက်ကို မရမက လိုက်သည်။

ပြိုင်ကားတွေချည်း စီးတတ်သည့် စက် ရဲ့နောက်ကို သူမ ဘယ် လိုမှ လိုက်မမီနိုင်ဘဲရှိကာ သစ်လုံးကားကြီးတစ်စီးကို ရှောင်လိုက်သဖြင့် စက် ရဲ့ကားနား သူမ ကပ်သွားနိုင်ခဲ့၏။

ထို့ကြောင့် ဒီတစ်ခါ ကျော်တက်သွားလို့ မရတော့အောင် ဘမင် ဘကာ ပိတ်ဆို့ မောင်းပစ်လိုက်၏။ ဒီနေ့ စကားပြောရမှ ဖြစ်မည်။ ဘောဘီ နဲ့ သူမ ဒီနေ့ တွေ့ရရင် တွေ့ရ .. မတွေ့ရရင် ဖုန်းနဲ့ဖြစ်ဖြစ် ပြောခွင့်ပေးဖို့ စက် ကို ပြောရမှာဖြစ်သည်။

ဆုံးဖြတ်ချက်နှင့် အတင်းကပ်ချိတ် မောင်းနေမိလျှင် ...

"ဂျိမ်း .. ဂျီး .."

"အား!..."

ဘေးချင်းကပ် တွန်းသစ်လိုက်သဖြင့် မြတ်နိုး မျက်လုံးတွေ ပြာ သွား၏။ ကားနှစ်စီးက လမ်းဘေးကို ပူးလျက်အတိုင်း ထောင့်ဖြတ် ရွေ့သွားကာ မြတ်နိုး ကားလေး လမ်းဘေးချိုင့်ထဲကို ခေါင်းစိုက်သွားမှ ရပ်၏။

သူမ မူးမိုက်မေ့မြောမတတ် ထိတ်လန့်သွားပေမယ့် စကီ ရဲ့ ကားလေး လမ်းဘေးမှာ ရပ်သွားတာကို သိလိုက်သည်။ ပြီးတော့ ဝေါခနဲ ပြေးထွက်သွားတဲ့အထိ စိတ်မျက်ဝန်းထဲမှာ မြင်နေသည်။

ဒါပေမယ့် သူမ ထိတ်လန့်တုန်လှုပ်နေခြင်းကြောင့် လက်တွေ ဆတ်ဆတ်တုန်ကာ စတီယာရင်တောင် ကိုင်လို့ မရတော့ပေ ...။

"အား!... ကျွတ် .. ကျွတ် .."





တစ်ကိုယ်လုံး ပိကပ်ညစ်ကာ ခေါင်းထူကြည့်နိုင်သည့်အချိန်မှာ သူမရှေ့မှာ ကားကြီးတစ်စီး ရပ်သွားလျက် လူတွေ ပြေးဆင်းလာကြ တာ တွေ့လိုက်၏။

"ဘာဖြစ်တာလဲ .."

"ကားချင်းတိုက်တာ ထင်တယ် .."

"ဟိုကားကရော .."

တံခါးပြေးဖွင့်ကာ သူမကို တွဲထုတ်ဖို့ ကူညီကြ၏။ မြတ်နိုး ခေါင်းသာခါပြမိကာ လှမ်းဆွဲသည့်လက်တွေကို ဆုပ်ကိုင်အားပြုဖို့ ကြိုး အားလျှင် ...

ဟင်!... ပိုက်ဆံတွေ ..။

သူမဘေးမှာ သောင်းတန်အုပ်ကြီးက ထူခဲနေ၏။

"တောက်!..."

စက် ဆိုတဲ့ လူမဆန်တဲ့ကောင် ..။

ခေါသက အလိပ်လိုက်တက်ကာ ကိုယ့်ကားကို တွန်းချသွားသည့် ...င်ကွင်းက မျက်လုံးထဲမှာ ပြန်ပေါ်လာသည်။ ဒီလို ထင်တိုင်းကြဲပြီး ...လိုပဲ ငွေထုပ်ပစ်ချပေးတတ်တာလား ...။

ဖုန်းနဲ့တစ်ဆင့် ကိုဟန်ဝင်း ဆိုတဲ့လူကို ပြောခိုင်းတုန်းကလည်း ...တ်မခံ ...။

"ကျွန်တော် သေချာပြောပြပါတယ်၊ သူက 'လက်မခံနိုင်ဘူး'တဲ့"

"မဟုတ်ပါဘူးရှင်.. ဖေဖေ ဘယ်လောက်ပဲ စိတ်ဆိုးပါစေ.. ကျွန်မ ...လေးက မိသားစုနဲ့ အသိုင်းအဝိုင်းနဲ့ပါ၊ မိဘက စိတ်ဆိုးမပြေသေး ...ည်း သူ့အစ်ကိုနဲ့ အစ်မ ရှိပါတယ်၊ ညီမလေး ဆန္ဒအတိုင်း ဖြစ်စေချင် ...ါ၊ ကျွန်မတို့ ညီအစ်မချင်း စကားပြောပါရစေ..၊ ဖုန်းနဲ့ ဖြစ်ဖြစ်ပေါ့.."

"သူက စကားတစ်ခွန်း ပြောပြီးရင် နောက်တစ်ခွန်းလည်း ဒါပဲ ...တ်နိုး ..၊ ထူးမှာ မဟုတ်လို့ပါ .. မကြိုးစားပါနဲ့တော့ .." တဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ညီမလေး တစ်ယောက်လုံးကို သူ ထင်သလို အနိုင်ကျင့် နှိပ်စက်နေမှာ မကြိုးစားလို့ ရမလား ..၊ ခုလောက်ဆို ညီမလေးလည်း စိတ်ဆင်းရဲလို့ ပြန်လာချင်နေမှာပါ ..။

ဒါကြောင့် ပြန်လာလို့ ရတယ်ဆိုတာ ညီမလေး သိစေချင်သည်။ သိမှ ဖြစ်မှာမို့လို့ ကြိုးစားပေမယ့် သူမမှာသာ ..၊

"ဘယ်လိုလဲ .. ဘာဒဏ်ရာတွေ ရသွားသေးလဲ .."

မေးခွန်းတွေ ဘယ်လောက်မေးနေကြမှန်း မသိ ..၊ သူမကတော့ ခေါင်းပဲ ခါပြမိကာ ...

"လန့်သွားတာပါ ..၊ ကျွန်မ ဘာမှမဖြစ်ဘူး .."

"တော်သေးတာပေါ့ ..၊ ကားက နည်းနည်းပါးပါး ထုလိုက် မှုတ်လိုက်ရင် ကောင်းသွားမှာပါ .."

"ဟုတ်တယ် .. ဒီဘက်တစ်ခြမ်း ချိုင့်သွားတာ .."

ကားကို လမ်းပေါ် ပြန်ရောက်လာအောင် သူတို့တွေပဲ ကူညီကြသည်။ သူမမျက်လုံးထဲမှာ မောက်မာတင်းပြတ်နေသည့် စက် ရဲ့ မျက်နှာရယ်..၊ ထားရစ်ခဲ့သည့် ငွေတွေရယ် တစ်လှည့်စီ မြင်နေမိသည်။

ဒါတွေကို သူ့ကားပေါ်ကနေ လှမ်းပစ်ထည့်သွားတာပဲ ဖြစ်မည်။

"လူစိတ်မရှိတဲ့ လူ .."

စိတ်ထဲမှာ ရေရွတ်ရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကြ၏။ ညီမလေးနဲ့ ဒီလူ ငြိမိသွားသည့်ကိစ္စတွေကို သူမ လက်ထပ်ပြီး အတော်ကြာမှ သိခဲ့ရသည်။

ညီမလေး ပျောက်နေတာ သိပေမယ့် ယောကျ်ားနောက် လိုက်ပြေးသွားသလိုလို ..၊ အရက်ကွဲမှာစိုးလို့ ဖုံးဖိထားသလိုလို ဖေဖေတို့ မျက်နှာရိပ်ကိုကြည့်၍ တစိမ်းတွေရှေ့မှာ သေချာ မမေးဘဲ နေခဲ့ရ၏။

မေးကြည့်တော့လည်း 'ညည်းညီမ လိုက်သွားပြီ .. အမိုက်မ' ဆိုသည့်စကားနှင့် မေမေ ငိုငိုနေတော့ ချစ်သူနောက် လိုက်သွားတာမှန်း





သိလိုက်သဖြင့် မေမေ့ကိုသာ ဖျောင်းဖျ နှစ်သိမ့်ခဲ့သည်။ စက် နဲ့ဆိုတာ ဆုံးဝ မသိခဲ့ပေ ..။

ဒီလိုလူဆီက အချစ်ကို ညီမလေး ဘယ်တော့မှ မရနိုင်ဘူးဆိုတာ လူကြီးတွေ ခန့်မှန်းကြတာထက် သူမက ပိုသိသည်။ တကယ်ကို သည်းနှလုံး မရှိတဲ့သူ ..။

"ဒီကောင် ငါတို့ထက် ချမ်းသာတယ်၊ ပြီးတော့ တစ်လောကလုံးမှာ မောက်မာဆုံး စကားလုံးတွေနဲ့ မိုက်ရိုင်းတာလည်း နှစ်ယောက်မရှိဘူး၊ မင့်သမီးကို ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး ဇင် ..၊ ဒီလိုကောင်က ငါ့ရှေ့မှာ သနားခံတဲ့အမူအရာ .. အကြည့်တွေနဲ့ ငါ့ကို အရှက်ခွဲခဲ့တာ၊ မိသားစု ဂုဏ်သိက္ခာကို မငဲ့တာ၊ မိုက်လုံးကြီးတဲ့ သမီး၊ သူ့အသက် ငါ့တစ်သက် အပြတ်ပဲ"တဲ့ ..။

ဖေဖေက နေ့စဉ် ကြိမ်းဝါးနေကာ မေမေ့မျက်ဝန်းမှာ မျက်ရည်ဝေ့တတ်တဲ့အချိန်က ဘောဘီ ဆိုတဲ့နာမည်လေး ပါလာတိုင်း ..၊

သူမတို့ညီအစ်မနှစ်ယောက်ကျမှ ဘယ်လိုဝဋ်ကြွေးတွေ ပါခဲ့လို့လဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၀)

စားပွဲမှာ ငုတ်တုတ်ထိုင်နေပြီး မျက်နှာရှေ့မှာရှိသည့် ပုလင်းနဲ့ ဖန်ခွက်တွေကို မမြင် ...။ ဟန်ဝင်း တို့နဲ့ ပြောဖြစ်ခဲ့တဲ့စကားတွေရယ်- ဖြစ်သွားခဲ့သည့် အဖြစ်အပျက်တွေရယ် .. အားလုံးက စိတ်တို့ကို ရှုပ် ပတ် ရှုပ်ထွေးနေစေလျက် ...

"မြတ်နိုး ဆိုတဲ့တစ်ယောက်က သူ့ညီမကို မင်းက ခုတ်ထစ် လှီးဖြတ်ပြီး သတ်ပစ်တော့မှာလိုလို ..၊ တကယ်ကို အကြီးအကျယ် ပျာနေတာနော် ..၊ မင်း နည်းနည်းတော့ ရှောင့်ရှိလိမ့်မယ် .."

"သူက ကိုစက် ကို သိနေတယ် သိလား ..၊ တော်တော် သိတယ် လို့တောင် ပြောသွားသေးတယ် .."

"ဒီကောင့်ကို မိန်းကလေးတွေ သိနေတာက မဆန်းပါဘူး၊ ဒီမှာ စက် .. မင်းလည်း သူ့ကြောင့် အိမ်နဲ့ရင်ဆိုင်ရ၊ အဆင်မပြေရနဲ့ စိတ် ညစ်နေရတယ်မို့လား၊ အခြေအနေတစ်မျိုးပြောင်းသွားရင် မင်း အသက် ရှူချောင်ချင် ချောင်သွားမှာ ..၊ သူ့အစ်မနဲ့ သူ့ကို ဖုန်းနဲ့ဖြစ်ဖြစ် ပြော ပြောလိုက်ပါလား .."





"ငါ ခွင့်မပြုနိုင်ဘူး .."

သူ ယတိပြတ် ဖြတ်ချပစ်လိုက်သည်။ နောက်ထပ် ပြင်ဆင်မှာ မဟုတ်သည့် ဆုံးဖြတ်ချက်မှန်း သိလိုက်ကြသဖြင့် လင်မယားနှစ် ယောက်၏မျက်နှာတွေမှာ အုံ့ညှိုရိပ်တွေ ထင်ကုန်ကြသည်။

မမေးကြပေမယ့် နားမလည်နိုင်ဖြစ်သွားကြတာက အထင်းသား..။

ပြီးတော့ ဘယ်လိုသဘော မှတ်ယူသွားကြမှန်း မသိဘဲ မြွေ့ က အကြဲ့တွေဘာတွေ ပေးလို့ ..။

"ဒါဆိုလည်း သူ့အစ်မနဲ့ အဆင်ပြေသွားရင် ပိုကောင်းတာပဲ ကိုစက် ရယ် .. လက်ထပ်တယ်ဆိုတာ ဘယ်နိုင်ငံ ယဉ်ကျေးမှုမှာဖြစ် ဖြစ် အုပ်ထိန်းသူ နှစ်ဖက်မိဘတွေ ပါရတာပဲလေ ..၊ မြတ်နိုး ကတစ် ဆင့် ဘောဘီ တို့ဘက်က မိဘတွေနဲ့ ပြေလည်အောင် ညှိလို့ရတာပေါ့.."

ဒီစကားတွေ ထွက်လာအောင် သူ ဘာတွေပြန်ပြောလိုက်မိလို့လဲ ဆိုတာ ကိုယ့်စကားကို ပြန်စဉ်းစားရသည်။ 'ခွင့်မပြုနိုင်ဘူး' ဆိုတဲ့ စကားတစ်ခွန်းက ဘောဘီ ကို ပြန်မပေးနိုင်ပါဘူးလို့ ပြောလိုက်တာနဲ့ တူသွားသလား ..။

ရင်ထဲမှာ ပူလောင်သွားသည်။ သူ ဖြစ်စေချင်တာ ဒီလို မဟုတ် ဘူး၊ ရည်ရွယ်ထားတာက တခြား ..၊ ပြောမိနေတာတွေက တစ်မျိုး..။

သူ့စိတ်တွေ ဒီလောက်ထိ ဘာဖြစ်လို့ ပျံ့လွင့်နေခဲ့တာလဲဆိုတာ သွားလိုက်မိတိုင်း မကျေနပ်ချင် ..၊ တစ်ခွက်ပြီးတစ်ခွက် မျိုချနေခဲ့သည့် အရက်တွေလည်း အစာအိမ်တစ်လုံး ပြည့်ကျပ်နေပြီ ထင်၏။

"ဒေါက် .. ဒေါက် .."

တံခါးလာခေါက်တာ ဘောဘီ မှန်း သူ သိလိုက်၏။

"ဝင်ခဲ့ .."

စေ့ထားသည့်တံခါးကို ဖွင့်၍ ဘောဘီ ဝင်လာ၏။ ညဝတ်အင်္ကျီ အပြာအဖြူရောင်ပွပွလေးကို ခါးစည်းလေးနဲ့ ဝတ်ထားကာ ဆံပင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို အိပ်ရာဝင်ချိန်မို့ ဒီတိုင်း ဖြန့်ချထား၏။

သူမ၏ ကကြီးပုံ ပေါ်နေသော နဖူးပြေပြေလေးက ဆံပင်တွေကို ဖားလျားချထားပေမယ့် နဖူးပုံလေးအတိုင်း ကွေ့ချိုးပြီးမှ ပါးရိုးလေး နှစ်ဖက်ကနေ အဖြောင့်အတိုင်း ပြန်ဆင်း၏။

မီးရောင်အောက်မှာ ဝင်းနှစ်နေသည့်မျက်နှာလေးသည် နှာတံ ချွန်ချွန်လေးနှင့် ထင်းရှင်းနေ၏။ စက် မျက်ဝန်းတွေကို ရွှေ့ပစ်ကာ ဖန်ခွက်ကို ပြန်ကိုင်၏။

"မအိပ်ဘဲ ဘာလာလုပ်တာလဲ .."

"ကိုကို ဒီထဲမှာပဲ အိပ်ပျော်သွားမှာစိုးလို့ .."

"ငါ အဲဒီလို မူးတဲ့နေရာမှာ မှောက်အိပ်တတ်တဲ့ထုံးစံ မရှိဘူး သွားတော့ .."

"ဟင့်အင်း ..၊ ကိုကို ပြန်တဲ့အထိပဲ စောင့်တော့မယ် .."

ဘေဘီ က သူ နေ့လယ်ခင်း နားနေကျအခန်းထဲထိ ဝင်လာတာ ပေမယ့် တံခါးဝမှာပဲ ခုံတစ်လုံး ဆွဲထိုင်လိုက်၏။ ပြီးတော့ လက်ပိုက် လေး ထိုင်ချလိုက်ကာ ...

"ကိုကိုက ဘယ်လိုနေ့မျိုးတွေမှာ သောက်တတ်တာလဲဟင် .."

နှုတ်ခမ်းမှာကပ်ထားပြီး မမော့ဖြစ်လိုက်ဘဲ ပြန်ချမိသည်။ သူ ရောက်လာပြီဆို ပါးစပ်ပိတ်နေလို့ မရတော့ဘူးဆိုတာ အတပ် သိပြီ သား ..။

"ဖေဖေဆိုရင် ဘာအကြောင်းပြချက်နဲ့မှ မသောက်ဘူး၊ မကြိုက် ဘူးလို့ပြောရင် နည်းနည်းတော့ လုပ်ပါ တိုက်တွန်းတတ်လို့တဲ့၊ ရော ဖြစ်မှာစိုးလို့ ပြောပြီး ဒီတိုင်း ငြင်းတာ၊ ကျန်းမာရေးဆိုတော့ သူတို့ သိပ်တိုက်တွန်းတာ မလုပ်ဘူးတဲ့၊ ကိုကြီးတောင်မှ သဘောတက်ဖို့ တွေ လုပ်နေတုန်း အရာရှိနဲ့တွေ့ပြီး သောက်လာတာလေ ..၊ ဖေဖေ ပွဲကြီးပွဲကောင်းပဲ သိလား ..၊ အရက်သောက်ရခြင်း အကြောင်း





အမျိုးမျိုးပြကြတာ ဖေဖေက သိပ်မုန်းတာ .."

"မင်းကဓော .."

"ဘေဘီ က အားလုံးကို ချစ်တယ်လေ၊ ကိုကြီးနဲ့ ဖေဖေတို့ သောက်လာတာ မသောက်ထားတာတောင်မှ မသိဘူး၊ ညက ပြဿနာဖြစ် တယ်ဆိုပြီး မနက် ကော်ဖီသောက်ကြမှ သိတာ .."

စက် ၏ မူးနေတတ်တိုင်း မျက်လွှာပင့်မကြည့်တတ်သ=ည့်ညဉ့် ကြောင့် မျက်ဝန်းတို့သည် မျက်တောင်ဖျားတွေ စင်းချထားသည့်အောက် မှာ ရီဝေဝေ ငြိမ်သက်နေကြ၏။

"ကိုကိုလည်း အမြဲတမ်း သောက်နေတာ မဟုတ်ဘူးလေ၊ အဲဒါ ကြောင့် ဒီည ကိုကို တစ်ခုခု ဖြစ်လာတာလား၊ ဒါမှမဟုတ် ဘယ်လို အထိမ်းအမှတ်နဲ့ .."

"မင်းနဲ့ပတ်သက်ပြီး သေချင်လောက်အောင် စိတ်ညစ်ရတဲ့ အထိမ်း အမှတ်နဲ့ပေါ့ .."

"ကိုကို .. ဟိုအစနေ့တွေကတောင် ဒီလို မသောက်●ဘဲနဲ့ .."

ဘယ်လိုပြောပြော ဘေဘီ က နာကျင် ညှိုးငယ်သွားတယ်ဆိုတာ ရှိ။ တစ်ခွန်းပြောလိုက်တိုင်း သူမဆီက ပက်ခနဲ ထွက်လာတတ်တာ မေးခွန်းတစ်ခု ..၊ သို့မဟုတ် ဆင်ခြေစကား တစ်မျိုးမျိုး ..။

စက် က အတွေးတစ်ချက်ဝင်သွားပြီး မဲ့လိုက်၏။

"မကောင်းတာမှန်သမျှ ငါ အကုန်လုပ်တယ်၊ မင်း ဘာမှ မသိ သေးဘူးလား .."

"ဘေဘီ သိသမျှ ကိုကို ဘာမှ မကောင်းတာ မလုပ်သေးပါဘူး"

"အေး .. အစက မလုပ်ခဲ့လည်း ခု လုပ်တော့မှာ၊ မင်း ငါ့ကို နှုတ်ခမ်း မဆင်ခြင်ဘဲ ယုံမှား ကပ်တွယ်ခဲ့တဲ့အတွက် နောင်တတွေ တစ်လှေကြီးနဲ့ ဘဝပျက်ခြင်းဒုက္ခကို ခံစားရတော့မယ် .."

"သူများကို ဒုက္ခမပေးချင်တဲ့လူတွေပဲ ကိုယ့်ကိုယ်ကိုယ် ဒုက္ခပေး



www.burmeseclassic.com

www.burmeseclassic.com



ကြတာပါ၊ အခု ကိုကို အရက်တွေသောက်နေတာ ဘာတစ်ခုမှ ပေါက်ကွဲခွင့်မရလို့ မဟုတ်ဘူးလား ..၊ အဲဒါကြောင့် ခံစားနေရတာ .."

ကြည့်စမ်း ..၊ ပြောလိုက်တဲ့စကားနဲ့ လူနဲ့ တန်သလား ..။

နာမည်က ဘောဘီ ..၊ နေတော့ ကလေးလိုလို ခွေးလိုလို ..။

"ကိုကို တကယ်တော့ ဘောဘီ ကို ခွဲခြားထားဖို့ပဲ စဉ်းစားနေလို့ပါ၊ ကိုကို့ရင်ထဲမှာ မျိုသိပ်ထားတာတွေ .. ရှိနေတဲ့ အစိုင်အခဲ အခက်အခဲတွေ .. ဘောဘီ ကို ပြောပြကြည့်လိုက်၊ ကိုကို ခံစားရ သက်သာအောင် ဘောဘီ စဉ်းစားပေးလို့ ရတယ် .."

"ဟွန့် .."

"ပြောမပြချင်လည်း နေလေ ..၊ ဘောဘီ သိချင်တာ မေးရင်ရော ဖြေပေးမလား .."

"မမေးနဲ့ .."

"သိတယ် .. အဲလို ပိတ်ပြောမှာပဲဆိုတာ ..၊ ရပါတယ် .. ဘာမေးမေး ဖြေမှာမဟုတ်ဘူးဆိုတော့ ကိုယ့်ဘာသာ သိအောင်ပဲ ကြိုးစားရမှာပေါ့၊ ကိုယ်နေတဲ့အိမ်ပဲ မေးပါများ စကားရ၊ သွားပါများ ခရီးရောက်တဲ့၊ မေးလို့ မရရင် များများလျှောက်ကြည့်ရုံပဲ .."

စက် ရဲ့မျက်နှာ သူမဘက်ကို ဒီဂရီအနည်းငယ် တိမ်းစောင်းလာ၏။ အကြည့်တို့ မရောက်ပေမယ့် သူမ ပြောလိုက်တဲ့စကား ထိရောက်သွားပြီဆိုတာ သိလိုက်ပြီး ပြုံးမိသည်။

"ဘောဘီ က ကိုယ်နဲ့ လုံးဝ မသက်ဆိုင်တဲ့အပိုင်းကို စပ်စုနေတာ မဟုတ်ပါဘူး၊ အသံတွေကြားနေရပြီး နေရာရှာလို့မရဲ့တော့ လူက အရူးလိုပဲ၊ ပြီးတော့ ကြောက်လည်း ကြောက်တယ်၊ ဘယ်လိုက်ကြည့်ကြည့် အခန်းတွေက ပိတ်လျက်သားတွေနဲ့ .."

"အဲဒါကို မသိရတော့ မင်း ဘာဖြစ်သွားနိုင်လို့လဲ .."

"ကြောက်ပါတယ်ဆိုမှ ကိုကိုကလည်း ..၊ လူသံ လူညည်းသံမှန်း





နေသားနဲ့ လူနဲ့လည်း မတူဘူး .."

စက် မျက်နှာ ဖျတ်ခနဲ ငဲ့ကြည့်လာ၏။ ပြီးတော့ တင်းမာသည့် သံနှင့် ...

"ရှာနေလည်း မင်း ပင်ပန်းရုံပဲ ဘောဘီ ..၊ အဲဒီတော့ မေ့ထား ... နေတတ်အောင် နေ ..၊ ဒီအိမ်မှာ လျှို့ဝှက်ချက်တွေ ရှိတယ်၊ ပေမယ့် မင်း သိခွင့်ရမှာ မဟုတ်ဘူး .."

"ဒါဆိုရင်တော့ သရဲတွေမွေးပြီး အောက်လမ်းနဲ့ ထိန်းချုပ်ထား ... ထင်တယ် .."

"မင်း တော်တော် သတ္တိကောင်းပါလား ဘောဘီ .."

စက် သည်းမခံနိုင်အောင် ဖြစ်လာသဖြင့် ဖန်ခွက်ကို ဒိုင်းခနဲ ... ချပြီး အော်သည်။ ဘောဘီ မျက်လုံးလေး ဝိုင်းသွား၏။

ပုလင်းထဲမှာ ကုန်ခန်းနေပုံအရ ကိုကို တော်တော်သောက်ပြီးနေပြီ ... သည်။ ဒါပေမယ့် အာလေးလျှာလေးပုံစံလည်း မပီပြင် ..၊ ခေါင်း ... ယိမ်းထိုးတာမျိုးလည်း မဖြစ် ..။

"တောက် .."

သူက ဘောဘီ မျက်နှာကို တည့်တည့်ကြည့်ပြီးတော့ ထရပ်သည်။ ... ခါကျမှ အနည်းငယ် ယိုင်ခနဲ ဖြစ်သွားခဲ့ပြီး ...

"မစပ်စုပါနဲ့လို့ မှာထားတယ်၊ ဒါကြောင့်ပဲ မင်းကို ငါရော ... ာင် ပါ ရန်သူလို ဆက်ဆံနေခဲ့တာ၊ ဒါတောင် မင်း မဆင်ခြင်ဘူး"

"ဘောဘီ က .."

"ပြောမနေနဲ့..၊ မင်း နောက်ထပ် ဒီမှာနေနိုင်ရင် တစ်လပဲ..၊ မင်း ... င်တာတွေ သိရတဲ့နေ့ ဒီက ထွက်သွားရတဲ့နေ့ဆိုတာ မှတ်ထား.."

သူ့လိုပဲ ဘောဘီ ကလည်း ထရပ်လိုက်တာ ရှေ့ကို တိုးလျှောက် ... ရင်း ...

"ဒါဆိုလည်း ဘောဘီ ကို ကိုကို မောင်းထုတ်ချင်တယ်မို့လား..၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလျှို့ဝှက်ချက် ဘာလဲဆိုတာ အခု ပြောလိုက်လေ.. ဒါ ဘယ်လောက် ကြီးကျယ်နေလို့ ဘောဘီ ဒီက ထွက်သွားရလောက်အောင် ဖြစ်တာလဲ ဆိုတာ ခုပဲ သိချင်တယ် ..''

''မင်း .. ..''

သူ ဘောဘီ ကို စိတ်တိုလွန်းလို့ ကိုင်ပေါက်ပစ်ချင်စိတ်တွေ ဟုန်းဟုန်းထလာ၏။ လူက လှုပ်လိုက်တိုင်း တရိပ်ရိပ် မူးဝေလာတာမို့ ခြေလှမ်းမပျက်ချင်တော့ ဒီတိုင်းပဲ ရပ်နေရရင်း ...

''အဲဒီလျှို့ဝှက်ချက်ထက်ပိုပြီး မင်းအတွက် အရေးပါတဲ့ သတင်း တစ်ခု ရှိတယ်၊ ဒီညနေ မင်းအစ်မ မြတ်နိုး နဲ့ ငါ တွေ့တယ် ..''

''ဟင်!... ဘယ်လို ..၊ ကိုကို မကြီးနဲ့ တွေ့တယ် ဟုတ်လား..''

ဘောဘီ မျက်နှာလေးကို မေးစင်းသည့် မျက်တောင်ဖျားတို့အောက် ကနေ ခပ်မှုံမှုံ ကြည့်၍ ...

''ဟုတ်တယ် .. သူ့ကို ငါ ဘာလုပ်ခဲ့လဲ .. မင်း သိချင်သေးလား''

ဘောဘီ မျက်နှာလေး ဖွေးခနဲ သွေးဆုတ်သွား၏။ နှုတ်ခမ်းလေး တွေ လှုပ်ခတ်နေကာ မမေးရဲ မကြားရဲသလို ဖြစ်သွားတော့ ဆံပင်တွေ ထဲ လက်ထည့်ဖွ၍ စက် က ရယ်လိုက်၏။

''မင်းအစ်မ ငါ့ကို ကားနဲ့ လိုက်ပိတ်တာ ..''

ဘောဘီ ဘာမှလည်း မမေး ..၊ တုတ်တုတ်မျှလည်း မလှုပ် .. ဒါပေမယ့် စိုးရိမ်ကြီးစွာ ဝိုင်းစက်နေသည့် မျက်ဝန်းလေးတွေမှာ မျက်ရည်စတို့ကြောင့် ပြိုးပြက်လက်နေပြီဖြစ်ကာ ...

''ငါ့လမ်းကို လိုက်ရှုပ်နေလို့ တိုက်ချပစ်ခဲ့တယ် ..''

မျက်ရည်တစ်စက် ပေါက်ခနဲ ကြွေဆင်းသွား၏။ ဒီတစ်ခါ မျက် လုံးဝိုင်းလေးတွေကို လှည့်ကြည့်လိုက်မိတာ သူ ဖြစ်သွားသည်။

ထိုမျက်ဝန်းလေးတွေက မျက်ရည်ကျသွားသလားဆိုတာကို သူ ဘာဖြစ်လို့ သိချင်သွားခဲ့မှန်း မသိ ...။





ကိုယ်တိုင်က မူးမိုက်ရီဝေနေသည်ဖြစ်ရာ သူမ မျက်နှာလေးက နီးလာလိုက် .. ဝေးသွားသလို ရှိလိုက်နှင့် အမြင်အာရုံတွေက အမှန်ကို မပြတော့ပေ ..။ ပြီးတော့ လူက ယိုင်ချင်နေကာ သူမရှေ့မှာ ဘာမှမဖြစ် လိုသည်မို့ ...

''မင်း ပြန်တော့ ..''

''မကြီးကို သေအောင် တမင်လုပ်ခဲ့တာလား ..၊ အခု ဘာဖြစ်ကျန် ခဲ့တာလဲ ..''

''မင်း သွားကြည့်လေ ..၊ မင်း စိတ်နာသွားအောင် ငါ လုပ်တာ..''

''ကိုကို့ကို ဘောဘီ စိတ်နာဖို့အတွက် မကြီး သေပေးဖို့ မလိုပါဘူး၊ ကိုကို အဲဒီလောက်ထိ တကယ် ရက်စက်ခဲ့တာလား .. ဘောဘီ ကို ပြောစမ်းပါ''

''ဟုတ်တယ် .. ဟုတ်ပါတယ်လို့ မင်းကို ဘယ်နှစ်ခါ ပြောရ မလဲ..၊ အဲဒီတော့ မင်း ဒေါသထွက်သွားပြီလား၊ ပြန်ချင်သွားပြီမို့လား.. ကောင်းတယ်၊ အဲဒီလို ဖြစ်သင့်တာ ကြာပြီ ..၊ ဒါပေမယ့် အခု ငါ မင်းကို ပြန်မပို့နိုင်ဘူး .. မူးနေပြီ ..''

ထိန်းမရချင်တော့သည့် အသိတရားတို့က စကားတွေက စပြီး ကောက်ပြန်လာသည်။ ကိုယ့်ကိုယ်ကိုယ်လည်း သိနေသေးသည်မို့ ဘောဘီ ရှေ့ကနေ ယိုင်နဲ့မသွားအောင် လျှောက်ထွက်လာခဲ့ရင်း ...

''သွားအိပ်လိုက်တော့ ဘောဘီ .. မိုးလင်းရင် မင်းကို ပြန်ပို့မယ်၊ မင်း ဖုန်းဆက်လိုက်တာနဲ့ မင်းအစ်မ ချက်ချင်းရောက်လာမှာပါ.. မပူ နဲ့ ..၊ မင်းကို ဖုန်းဆက်နိုင်းမှာ .. မင်းတို့ချင်း တွေ့ရမယ် ..၊ လုံးဝ တွေ့နိုင်းတော့မှာ .. ငါ ဆုံးဖြတ်ပြီးပြီ ..''

''ဒုန်း ..''

''အမလေး ..''

သူ စိုက်ခနဲ ယိုင်သွားကာ နံရံနဲ့ခေါင်း ဆောင့်မိသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ခွေခနဲ ပြိုကျသွားလျှင် ဘောဘီ စိုးရိမ်တကြီး ပြေးသွားမိ၏။

"ကိုကို .. ကိုကို .. ခေါင်းထိသွားလားဟင် .."

"အား!..."

"ကိုကို လက်ဖယ်စမ်းပါ ..၊ ဘောဘီ ကြည့်ပါ့မယ် .."

"ဘာမှမဖြစ်ဘူး .. ဖယ် .. ဖယ် ..၊ မင်း ငါ့နား မကပ်နဲ့၊ နီးနီး မနေစမ်းပါနဲ့ .. သွားစမ်းပါကွာ .."

ဘောဘီ့ ကို အကိုင်မခံဘဲ သူ့ဘာသာ ထရပ်တာလည်း အဆင်မပြေ ..။

"ကိုကိုရယ် .."

ဘောဘီ စိတ်မကောင်းဖြစ်နေရရင်း မျက်ရည်တွေတောင် မသုတ်အားလိုက်ပေ။ စက် ရဲ့လက်တစ်ဖက်ကနေ ဝင်တွဲရင်း နှစ်ယောက်စလုံး ဒယိမ်းဒယိုင်နဲ့ပဲ အခန်းဆီ ပြန်ရောက်လာခဲ့၏။

ခေါင်းအုံးပေါ်မှာ သေချာနေရာကျအောင် လှဲပေးလိုက်ပြီး ကိုယ့်ရဲ့ လက်တစ်ဖက်ကို သူ ဆုပ်ကိုင်ထားသဖြင့် ဘောဘီ အသာလေး ဆွဲထုတ်လိုက်၏။ ပြီးတော့ ခုတင်ဘေးမှာပဲ မတ်တတ်လေး ရပ်ငေးရင်း ကိုကို့ မျက်နှာချောချောကို ကြည့်လို့မဝနိုင် ..။ မကြီးကို ကိုကို အနာတရဖြစ်အောင် မလုပ်ခဲ့ဘူးဆိုတာ ပြောခဲ့တဲ့စကားတွေထဲမှာ ရှာဖွေမိခဲ့ပါပြီ..။

နောက်ထပ်တစ်ခု သိလိုက်တာက မကြီးက ဘောဘီ့ ကို ပြန်ခေါ်ဖို့ စကားစခဲ့တာ ဖြစ်နိုင်ကာ ကိုကိုနဲ့ အဆင်မပြေဖြစ်လာခဲ့တဲ့ အကြောင်းအရင်းကတော့ မရေရာသေးပေ ..။

ဘာပဲဖြစ်ဖြစ် ဘောဘီ ယုံကြည်စွာ အားကိုးချစ်ခင်ခဲ့ရသည့် ခွဲလမ်းသူဟာ ဘောဘီ့ မိသားစုအပေါ်မှာ တစ်သက် မှတ်လောက်စရာ နာကျင်မှုမျိုး ပေးလိုက်တာ မဖြစ်စေချင် ..။

တကယ်ဆို ကိုကို့ရဲ့မသိစိတ်ထဲမှာ ဘောဘီ့ ကို ငဲ့ညှာထောက်ထားလိုခြင်းတွေ ရှိနေပါပြီ ..၊ ဒါ အမှန်ပဲ ဖြစ်ပါစေ ..။





ဘောဘီ ကြည်နူးစိတ်လေးနှင့် ယှဲ့ယှဲ့လေး ပြုံးမိသည်။ ငိုမျက်ဝန်းတွေနှင့်ပြုံးရိပ်ဆင်ခဲ့သော ဘောဘီ့ မျက်နှာလေးက တဖြည်းဖြည်း ငုံ့ကျသွား၏။ ထို့ပြင် ခါးလေးညွှတ်သွားကာ ခေါင်းအုံးဘေးမှာ လက်လေးထောက်၍ ကိုကို့ပါးပြင်ကို မထိတထိလေး နမ်းလိုက်မိသည်။

မူးနေသည့် ကိုကို မသိနိုင်ဘူးထင်၍ အနမ်းသူခိုးလေး လုပ်လိုက်တာ ပထမဆုံးပါပဲ ..။

တစ်ယောက်တည်း ရှက်ရွံ့ စိုးထိတ်ရင်း ရင်ခုန်သံတွေ တဒိန်းဒိန်းမြည်နေလျက် မျက်နှာကို ဖွဖွသာသာလေး ပြန်ခွာလိုက်စဉ် ...

"ဘောဘီ .."

"ဟင်!... ဟို .."

လက်ကောက်ဝတ်လေး တစ်ဖက်ကို သူ ဖျတ်ခနဲ ဆုပ်ကိုင်လိုက်သဖြင့် ဘောဘီ မျက်လုံးလေးပြူးသွားကာ အတင်း ပြန်ရုန်းမိ၏။

"ကိုကို .. ဟို .. မဟုတ်ဘူး ..၊ ဘောဘီ ဘာမှမလုပ်ဘူး .."

"မသွားပါနဲ့ ဘောဘီ ရယ် .. ကိုကိုနဲ့ နေပါ၊ မင်းကို ကိုကို မခွဲနိုင်တော့ဘူး .."

"အမေ့!..."

အံ့သြရင်း ငေးနေမိရင်းနဲ့ ဘောဘီ ကိုကို့စကားတွေထဲမှာ မျောသွားမိစဉ် လက်ကိုဆွဲယူ၍ ပွေ့ပိုက်ပစ်လိုက်သဖြင့် ကိုကို့ရင်ခွင်ထဲမှာ..၊

"ကိုကို .."

"မင်း သိပ်လှတာပဲ ကလေးရယ်.. ကိုယ့်စိတ်တွေ မနိုင်တော့ဘူး"

"ဟင့်အင်း .. မဟုတ်ဘူးလေ ကိုကို .."

ဘောဘီ့ လက်လေးတွေကို မွှေ့ရာနဲ့ ဖိကပ်ထားကာ ယစ်မူးသည့် အနမ်းတို့က မိုးစက်တွေထက် စိပ်၏။

ထိတ်လန့်ရလွန်းကာ ရင်ခုန်သံတွေကိုပါ နားထောင်နိုင်စွမ်း မရှိတော့ဘဲ ဘောဘီ အတင်းရုန်းနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ဘောဘီ ညဝတ်အင်္ကျီ ခါးစည်းကြိုးလေးကို သူ ဖြည်ချ လိုက်လျှင် ...

"အား!..."

မျက်လုံးထဲမှာ ပြာဝေ လင်းလက်ကုန်ကာ ဘောဘီ တအား တွန်း တိုက် ရုန်းထွက်၍ ...

"ဘုရား!... ဘုရား .."

အခန်းထောင့်မှာ သွားပြေးရပ်ပြီး ကိုယ့်ရင်ဘတ်လေး ကိုယ်ဖိ၍ အသက်ရှူမှန်အောင် မနည်း ထိန်းနေရသည်။ ပြီးတော့ ဖရိုဖရဲဖြစ် သွားတာတွေကို ပြုပြင်နေရင်း ...

"ဟေတုပစ္စယော .. အာရမ္မဏပစ္စယော .. အဲ .. ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ .. မဟုတ်ပါဘူး၊ အန္တရာယ်ကင်းအောင် ရွတ်ရမှာ ဘာလဲ .. သမ္ဗုဒ္ဓေ .. သမ္ဗုဒ္ဓေ .. ဟုတ်တယ် ..၊ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ ဒွါဒသဉ္စ သဟဿကေ .."

ကိုယ့်မွေ့ရာလေးပေါ်မှာ ငုတ်တုတ်လေး ထိုင်ချ၍ သမ္ဗုဒ္ဓေဂါထာ တော်ကို ရွတ်နေမိတာ ဘယ်နှစ်ခေါက်မှန်းတောင် မသိတော့ပေ ..

ကယောင်ကတမ်း ပြောနေသလိုမျိုး လူးလူးလွန့်လွန့်နှင့် စကား သံတွေ ကြားနေရပြီး သိပ်မကြာလိုက်ဘဲ စက် အိပ်မောကျသွားခဲ့သည်။ မအိပ်နိုင်တော့တာက သူမသာ ဖြစ်လျက် ..၊

ရင်ခုန်သံတွေနဲ့ လုံးထွေး သတ်ပုတ်နေရတာ မိုးလင်းလို့ လင်း မှန်းတောင် မသိခဲ့ ..။





## အခန်း(၃၁)

"ဟင်!..."

ခေါင်းတွေ ကိုက်နေသဖြင့် မျက်လုံးမဖွင့်ဘဲ အိပ်ရာထဲက ကျိုး ထလိုက်လျှင် လက်ထောက်မိသော နူးညံ့အိစက်သည့် အရာလေးတစ်ခု ကြောင့် ကြည့်လိုက်မိ၏။

သူ့အိပ်ရာထဲမှာ ဒါ ဘာလို့ရောက်နေတာလဲ ..၊ အဖြူရောင် ပိုးစ ကြိုးပြားလေးကို ကိုင်ထားမိရင်း သူ့အကြည့်တွေ တစ်နေရာ ရောက် သွား၏။

ဘောဘီ ကိုယ်ပေါ်မှာ ဝတ်ထားတာ ပန်းရောင် ညဝတ်အင်္ကျီလေး နှင့် ..၊

မဟုတ်ဘူး ..၊

သူ ခေါင်းကို ဆတ်ခနဲ ခါပစ်လိုက်ကာ ကြိုးစကိုကိုင်၍ အဝတ် ဗီရိုဆီ သွားသည်။ ဘောဘီ အင်္ကျီတွေဘက်မှာ ရှာကြည့်လိုက်တော့ ညဝတ်အင်္ကျီ အဖြူရောင်လေးကို တန်းခနဲ တွေ့၏။



www.burmeseclassic.com

www.burmeseclassic.com



သေချာ ဆွဲယူကြည့်လိုက်လျှင် ခါးမှာ နှစ်ဖက်ချည်ရသည့် ကြိုး နှစ်စမှာ တစ်စ ဖြုတ်ထွက်ထားတာ တမင် ဆောင့်ဆွဲဖြုတ်ထားသည့် အတိုင်း ...။

"တောက် .."

ခေါင်းထဲမှာ တဒိန်းဒိန်း တိုးဆောင့်ကာ ကိုက်ခဲလာခြင်းက ရုတ်တရက် မျက်လုံးတွေပါ ပြာသွားသည်။

မဟုတ်ဘူး ...၊ ဒီလို မဖြစ်နိုင်ဘူး ...။

"ဘေဘီ .. ဟော့ .. ထ .. ထစမ်း .."

"ဟင်!..."

ညက လန့်နေသည့်အရှိန်နှင့် ဘေဘီ အိပ်ချင်မူးတူးပေမယ့် ဝုန်းခနဲ လူးလဲ ထထိုင်၏။

"ကိုကို .."

"ထ .. ထစမ်း .. ဘေဘီ .."

စက် က ဘေဘီ လက်လေးကို ဆွဲထူလိုက်ကာ အဝတ်ဗီရိုတွေ တစ်ဖက်ထောင့်ကြားထဲထိ ဆွဲခေါ်သွားကာ ...

"ဘေဘီ .. ဒီမှာ ငါ့ကို ကြည့်စမ်း .."

ကြည့်ခိုင်းရင်းနဲ့ ဘေဘီ့ မျက်နှာလေးကို မေးဖျားလေးကနေ ခပ်ကြမ်းကြမ်း မော့ယူသည်။ မျက်နှာပေါ်မှာ မသေမသပ်ကျနေသည့် ဆံစတို့ကို သူ့လက်နဲ့ပဲ ကမန်းကတန်း သိမ်းဖယ်ပစ်ပြီး မျက်နှာချင်း နီးအောင် ကပ်၍ ...

"ညက မင်း .. မင်း .. ငါ့အိပ်ရာပေါ် ရောက်လာသလား .."

ဘေဘီ ဘာဖြေရမှန်း မသိ ...၊ ကိုကို့မျက်နှာ ဖြစ်ပျက် လှုပ်ရှားနေပုံက သူမ တစ်ခုခု ဖြေတာ မှားသွားတာနှင့် ငယ်ထိပ်တည့်တည့်ကို မိုးကြိုးပစ်ချခံရတော့မယ့်အတိုင်း ...။

"ဖြေလေ .. ဟော့ .. မေးနေတာ ဖြေစမ်းပါ၊ ငါ မင်းကို လက်မခံ





ဘူးလို့ ဒီလောက် ခါးခါးသီးသီးဖြစ်နေတာကို မင်း ဒီလို ကျူးလွန်ရဲတယ်၊ မင်းက အဲဒီလို မိန်းကလေးမျိုးလား ဘေဘီ..၊ ဟင် ...၊ ပြောစမ်း .."

ဘေဘီ့ နှုတ်ခမ်းလေး မဟတဟ ပွင့်လာခဲ့၏။ အံ့သြ မှင်တက်ခြင်းက စကားတို့ကို ဆွံ့အစေကာ ကိုယ့်ကိုယ်ကိုယ် ဒီလောက်ပြင်းထန်သည့် စကားလုံးရင့်ရင့်တွေနဲ့ ပစ်ပေါက် စော်ကားခံရမယ်လို့လည်း ထင်မိခဲ့သည့်အဖြစ်အတွက် ...။

"တောက်!..."

စက် က တက်ခေါက်ရင်း လှုပ်ခါပစ်ပေမယ့် ဘေဘီ့ ပခုံးလေး နှစ်ဖက်ကို မလွှတ်ဘဲ အတင်း ဖျစ်ညှစ်ထားကာ ...

"ငါ ဘာဖြစ်လို့ မင်းကို လက်မခံနိုင်တာလဲ သိလား ...၊ မင်း သိသေးတာတွေကို မင်း ဂရုမစိုက်ခဲ့ဘဲ .. ဘာမှမသိဘဲနဲ့ ...၊ မင်းကို လက်မခံနိုင်တဲ့ ငါ့ရဲ့အိပ်ရာပေါ်ထိ .. မင်း .."

"ဖြန်း .."

သူ့လက်နှစ်ဖက်ကို ဆောင့်ခနဲ ဖြုတ်ချပစ်ခြင်း၊ လှည့်ရိုက်လိုက်ခြင်းက တစ်ပြိုင်နက်တည်းလိုလို ...။

စက် ရဲ့မျက်နှာ တစ်ဖက်ကို လည်သွားသည်။ ဘေဘီ က ရိုက်လိုက်သည့် လက်ဖဝါးကို ဖိဆုပ်လိုက်ပြီး နောက်ကို နှစ်လှမ်း သုံးလှမ်း ဆုတ်သွားကာ ...

"ယောကျ်ားတစ်ယောက်ရဲ့ အိပ်ရာပေါ်ကို အလိုအလျောက် ရောက်နေရလောက်အောင် ဘေဘီ သိက္ခာမမဲ့ဘူး ကိုကို .. အဲဒါ မှတ်ထား .."

စကားသံတို့ ဩရှတုန်ခါလျက် ...၊ နောက်ကို ထပ်ဆုတ်တော့ ဗီဒိုဘက်ကို နီးသွားသည်။

ပြီးတော့ လက်လေးတစ်ဖက် ကတုန်ကယင် ဆန့်ထွက်လာကာ သူ့မျက်နှာကို လက်ညှိုးထိုး၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို .. ကိုကိုမို့လို့ ပြောရက်တယ်၊ မနက်မိုးလင်းလို့ အမှုးပြေတာနဲ့ ဒီလိုမျက်နှာကြီး ပြန်ဖြစ်သွားမှာကို မသိရလောက်အောင် ဘေဘီ မတုံးဘူး .. သိက္ခာမမဲ့ဘူး၊ ကိုကို့ဆီက ဘေဘီ လိုချင်တာ နူးညံ့စာနာမှု တစ်ခုတည်းရယ် ..၊ မကြင်နာတာ .. မချစ်တာတွေကိုတောင် သည်းခံနိုင်ခဲ့တဲ့ ဘေဘီ က ကိုကို မူးနေတုန်း အခွင့်အရေးယူတယ်လို့ ထင်လိုက်တယ် .. ဟုတ်လား၊ ရှင် .. ရှင် .. သိပ်ရက်စက်တဲ့လူကြီး .."

ဘေဘီ ဟီးခနဲ ငိုချလိုက်သည်။ နောက်ဆုတ်ရင်း အခန်းတံခါးဝရောက်သွားမှ တုံ့ခနဲ ရပ်ပစ်ကာ ...

"စိတ်ချနေ ကိုကို ..၊ ကိုကို့နားကို ဘေဘီ ဘယ်တော့မှ မလာတော့ဘူး .."

သူမ ချာခနဲ လှည့်ထွက်သွားသည့်ပုံရိပ်လေးက မျက်လုံးထဲမှာ ထင်ကျန်ရစ်၏။ ဆံနွယ်ရှည်တွေ ဝေ့ခနဲ လွန့်ခါသွားကာ လက်ခုံလေး တစ်ဖက်နဲ့ နှုတ်ခမ်းလေးကို ဖိကပ် ပိတ်ထားလျက် ...

"တောက်!..."

"ဒုန်း .."

စိတ်ရှိလက်ရှိ လွှဲကန်ပစ်လိုက်သည့် ခွေးခြေပုလေးက တံခါးဆီ အရှိန်နဲ့ ပစ်ဆောင့်၏။

ဒီလောက်ထိ မွန်းကျပ်သည့်ဝေဒနာဆိုးမျိုး သူ မခံစားဖူးခဲ့ပေ။ ဒါ ဘယ်သူ့မှာ အပြစ်ရှိခဲ့တာလဲ ..၊





အခန်း(၃၂)

ဝေဒနာကို အဖြေရှာမရသော်လည်း မနေတတ် မထိုင်တတ် ဖြစ်လာခဲ့သည့် မသိစိတ်ထဲမှာ ဘာလိုနေမှန်းမသိသည့် ပူလောင်မှုက ဆိုးဝါးလာသည်။

ပြီးတော့ စိတ်မှာ ခြောက်လှန့်နေခဲ့သည်က ညရယ် .. ဖန်ခွက်တွေရယ် .. ခါးစည်းကြိုးစလေး တစ်ဖက်ရယ် ..။

ဘေဘီ့ မျက်နှာကို သူ မကြည့်ရဲအောင် ဖြစ်နေခဲ့၏။ ဒီအရက်တွေကို သောက်ခဲ့မိတာကို မှားခဲ့တာလား ..၊ သူကိုယ်တိုင် အရက်ကြောင့်မဟုတ်ဘဲ စိတ်အလိုလိုက်ခဲ့မိတာလား ..။

အရက်သောက်မိပြီး စိတ်လွတ်ကိုယ်လွတ်ဖြစ်တဲ့အထိ သူ တစ်ခါမှ မမူးခဲ့ဘူးပေ ..။ ညက ဖြစ်ပျက်ခဲ့တာတွေမှာ သူ ထင်နေခဲ့တာက ဘာကယ်လား ..၊ ဘေဘီ ပြောခဲ့တဲ့ စကားတွေက အမှန်လား ..။

ပြတင်းတံခါးကနေ ခြံထဲကို ငေး၍ လည်ပင်းကိုပဲ ခဏခဏ ပွတ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေမှိတ်၍ နဖူးမှာ လက်သီးဆုပ်နဲ့ကပ်၍ ဘယ်လို စဉ်းစားပေမယ့် ညက ညပဲဖြစ်နေကာ သူ့ရင်ခုန်သံတွေက အိပ် လိုလို ဝေဝါးနေဆဲ ..။

သူ ရင်တွေခုန်နေခဲ့သည်။ တိမ်းမူးမက်မောဖွယ် လှုပ်ရှားလိုက် နေခဲ့၏။ ဒါပေမယ့် တွေးကြည့်လိုက်တော့ အိပ်မက်ဆန်သည့် ရင်ခုန် တွေက ဂီတလက်သံလို ငြိမ့်ငြိမ့်လေး ညွတ်ပျောင်းစီးမျောသွားခဲ့တာမျိုး

ဘောဘီ ရယ် .. မင်းနဲ့ငါ မှားလို့ မဖြစ်ဘူး၊ အဲ့ဒါ မင်း အနာဂ အတွက်ပါ။

ကိုယ့်ဘဝကို အေးစက်တည်ငြိမ်စွာ မောင်းနှင်နေခဲ့ပြီးမှ ခုလော ထိ ပူလောင်တာမျိုးလည်း မဖြစ်ခဲ့ဘူးဘဲနှင့် .. ခုကျမှ ..။

အဲဒါ မင်းအတွက်ပဲ ဘောဘီ..၊ မင်းကြောင့် ငါ နာကျင်နေခဲ့တာ

သူ နေရာမှ ချာခနဲ လှည့်ထွက်လာခဲ့သည်။ ဘောဘီ ရှိနေ နေရာတွေမှာ လိုက်ရှာမိ၏။

"မင်းတို့ ညက မှားယွင်းကြတယ်မို့လား .."

သူ့ခြေလှမ်းတွေ တုံ့သွားသည်။ ဒါပေမယ့် သူလည်း လှည့် မကြည့်သလို ဦးမောင် ကလည်း ထိုနေရာမှာပဲ ရှိနေလျက် ..

"ပြောတာ မကြိုက်ပေမယ့် ပြောရဦးမှာပဲ သျှန် ..၊ မထူးစိတ် ပိုက်လိုက်ဖို့ မင်း မကြိုးစားသင့်ဘူး .. ဖြစ်နေတဲ့ အခြေအနေအတိုင်း လွှတ်ထားလိုက် ..၊ နွံနစ်သလိုပဲ .. များများလှုပ်ရင် မြန်မြန်မြုပ်မှာ"

စိတ်တွေ ထွေနေတုန်းမို့ ဒေါသက အလျင်စလို ထဖြစ်၏။ ဦးမောင် သူ့ကို တစ်ချိန်လုံး စောင့်ကြည့်နေခဲ့တာပဲ ..၊ ဖြစ်ပျက်သမျှ တွေကို ဦးမောင် အားလုံး သိနေခဲ့၏။

တင်းခနဲ အံကြိတ်၍ နောက်လှည့် ရင်ဆိုင်လိုက်သည်။ ဒါပေမယ့် ဦးမောင် က မရှိတော့ပေ ..။

"ကျွတ်!..."





စက်အာဏာသျှန် .. မင်း ဘာကောင်ဖြစ်နေပြီလဲ ..၊ အာဏာသျှန် လား ..၊ အကျဉ်းသားလား ..။

မာနကြောင့် မခံရပ်နိုင်ခြင်းတွေ ရှိန်ရှိန်ထ၏။ ကိုယ့်အတွက်ဆို ဲ့ ခေါင်းစဉ်အောက်မှာ သိုးတစ်ကောင်လို သူ ဘယ်အထိ နေရမလဲ..။

ခြေလှမ်းတွေက ဘောဘီ ဘယ်မှာလဲဆိုသည့်ဇောနှင့် ခပ်ကျဲကျဲ မ်းနေရင်း ပြေးသလို ဖြစ်လာသည်။

တွေးနေရင်း .. စဉ်းစားရင်းနှင့် သူမကို မမြင်တာ တစ်မနက်လုံး..။

တံခါးတွေ လျှောက်ဖွင့်ကြည့်ရင်း ရင်ထဲမှာ ပူလာသည်။ သူမ က်သွားပြီလား ..။

"ဖြစ်လာတဲ့ အခြေအနေအတိုင်း လွှတ်ထားလိုက်" လို့ ဦးမောင် ပြောသွားသည်။ ဘောဘီ ထွက်သွားအောင် အကြောင်းတစ်မျိုးမျိုးနဲ့ န်းပို့လိုက်ပြီလား ..။

ရင်ထဲမှာ ဆောက်တည်ရာမဲ့သလို ဖြစ်သွားသည်။ မနက်တည်း ပျောက်နေတာ နေ့လယ် တစ်နာရီထိုးတော့မည် ဖြစ်၏။ သူကိုယ် င် ဘာမှ မစားသောက်ရသေးသလို အပြင်ထွက်သွားချင်စိတ်တွေ နေလျက်နှင့် မသွားနိုင်ခဲ့ ..။

သူမ ဘယ်နေရာမှာလဲ ..။

"ဟင်!..."

စတိုးခန်း မှောင်မှောင်မည်းမည်းထဲမှာ ငုတ်တုတ်လေး ထိုင်နေ ဘောဘီ လား ..။

"ချောက် .."

အခန်းထဲမှာ လင်းသွားသည်။ တစ်အိမ်လုံးမှာ မီးရောင်တွေ လင်းအဖျော နှစ်မျိုး နေရာတိုင်း၊ အခန်းတိုင်းမှာ ရှိကာ အလင်း ာက်တောက်ကို ဘယ်နေရာမှာမှ မဖွင့်ခဲ့ပေ ..။

ဒီအိမ်ကို ဘောဘီ ရောက်ကာမှ သူ ဖွင့်လိုက်တာ ဒါ ပထမဆုံး..။



www.burmeseclassic.com

www.burmeseclassic.com



"ဘောဘီ .."

မနက်က ဝတ်ထားသည့် အင်္ကျီလေးနဲ့ပဲဖြစ်ကာ ငုတ်တုတ်လေး ထိုင်နေပေမယ့် မျက်လုံးတွေမှိတ်ကာ ခေါင်းလေး တစ်ဖက်စောင်းလျှ နေ၏။

သတိလစ်နေတာလား .. အိပ်ပျော်နေတာလား ..။ သူမဘေးနား ပူပန်စိတ်နှင့် ထိုင်ချလိုက်ရင်း ...

"ဟိတ် .. ဘောဘီ .."

"ဟင်!..."

မျက်လုံးလေး အလန့်တကြား ပွင့်လာကာ ...

"ကိုကို့ .."

သူ့ကိုမြင်တော့ တအံ့တဩ ..။

"မင်း ဒီထဲဝင်ပြီး ဘာလုပ်နေတာလဲ ..."

"ငိုနေတာ .."

ဘောဘီ က မျက်ရည်လက်ကျန် တစ်စက်မှ မရှိတော့သည့်မျက်နှာ လေးကို ကမန်းကတန်း ပွတ်ပစ်ကာ ဘာမျက်ရည်မှ မရှိတော့တာ လည်း အံ့ဩနေပုံရှိလျက် ...

"ဘောဘီ အိပ်ပျော်သွားတာ .."

လို့ ထပ်ပြောပြီး နေရာမှ ဆတ်ခနဲ ထရပ်၏။ ဘောဘီ နဲ့အရ သူပါ ပြန်ထရပ်လိုက်ရင်း ...

"ဘောဘီ .."

ထွက်သွားဖို့ပြင်လိုက်သည့် သူမလက်လေးတစ်ဖက်ကို ဆွဲထား လိုက်၏။

"မင်း ငိုနေတာ ဘာကြောင့်လဲ ဘောဘီ .. ငါ ထပ်မေးမယ် မင်း ငါ့ကို ဖုံးကွယ်ထားလိုက်တာလား .."

"ကိုကိုနော် .. ဘောဘီ အဲဒါတွေ ထပ်မကြားချင်လို့ ဒီမှာ လာထိုင်





နေတာ .."

"မကြားချင်လောက်အောင် မင်းကို ငါ ဘာတွေ စော်ကားမိခဲ့ သလဲ ..၊ ငါ အဲ့ဒါကို သိရမှ ဖြစ်မယ် .."

"မစော်ကားဘူး ..၊ ဘာမှလည်း မဖြစ်ဘူး .."

ဘောဘီ ကလေးလို အော်ပြောရင်း သူ့ကိုယ်ကို ကိုယ်လုံးချင်း ခံတိုက်၍ တိုးထွက်သည်။ စက် က ဘောဘီ ကိုယ်လေးကို အတင်း အကျပ် ဖက်ထားလိုက်ကာ ...

"မင်း နားမလည်ဘူး ဘောဘီ .. ကျွတ်!..."

ခပ်ကြိတ်ကြိတ် မချင့်မရဲဆိုရင်း တစ်ကိုယ်လုံးကို သူ့ရင်ခွင်ထဲမှာ မြုပ်ကွယ်မတတ် ပွေ့ပိုက်၍ ဆံနွယ်လေးတွေကို မျက်နှာနဲ့ ဖိကပ် ပွတ်တိုက်ရင်း ...

"မင်းနဲ့ငါ ဒီတိုင်းပဲ .. ဒီတိုင်းပဲ ရှိနေကြတော့မှာ ..၊ အဲဒါတွေ မင်း လက်ခံနိုင်မှာ မဟုတ်ဘူး .."

"ကိုကို ဘာတွေ ပြောနေတာလဲ .."

ဘောဘီ ကိုကို့ရဲ့ခါးကို ပြန်ဖက်ထားမိလျက် ...

"ကိုကို မူးနေတာ မဟုတ်ဘူးမို့လားဟင် .."

သူ့မျက်နှာကို ကြည့်ဖို့ ကြိုးစားနေသည့် ဘောဘီ မျက်နှာလေး မော့မလာအောင် သူ အတင်းပဲ ဖိကပ် ဖက်ထားမိ၏။

"မင်းမျက်နှာလေးကို မကြည့်ရဲဘူး ဘောဘီ .. ကိုယ့်ဘက်က စောင့်ထိန်းမှုတွေ ဒီတစ်ခါဆို ရမှာ မဟုတ်တော့ဘူး .."

ကိုယ့်အဖြစ်ကို ကြေကွဲစွာ ကြိတ်မှိတ်ခံစားရင်း အသံတိတ်စကား တွေ ပြောနေမိသည်။

ပြီးတော့ တသိမ့်သိမ့် လှုပ်ခတ်လာသည့် ရင်ခုန်သံတွေအတွက် အုံးပွံ့ပွံ့ ဆံနွယ်တွေထဲမှာသာ သူ့အနမ်းတွေကို နှစ်သိမ့်ဖြေဖျောက်၍...

"ငါ လူမှန်းမသိအောင် မူးခဲ့ဖူးတာ .. မင်းကြောင့် .."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုရယ် .."

ဘောဘီ ကတော့ အစတည်းက ချစ်နေရတဲ့သူပါ ..။ ထို့ကြော… ပြေပြစ်သည့် ရင်ခွင်ကျယ်မှာ ကြည်နူးစွာ ဖေးကပ်မှီရင်း အနမ်းသူ… လေး ဖြစ်နေခဲ့သည်။

"ကိုကို ဘာကြောင့် စိုးရိမ်နေတာပဲဖြစ်ဖြစ် အဲဒါတွေ ထားလို… ပါတော့ ကိုကို ..၊ ဘောဘီ့ကို ဒီလိုစကားမျိုးတွေနဲ့ နောက်ထပ် မ… ကားပါနဲ့၊ အခု ကိုကို မကြည်ဖြူဘဲ ကိုကို့ဘေးမှာ ရောက်နေခဲ့ပေ… ကိုကိုတစ်ယောက်အတွက်ကလွဲရင် ဘောဘီ့ မာနက ကိုကို့ထက် မ… ဘူးဆိုတာ ယုံကြည်ပေးပါ .."

ဘောဘီ ကိုကို့ရင်ဘတ်ပေါ်မှာ လက်ဖဝါးလေး ဖွဖွကပ်ထား… လျက် ...

"ကိုကို မြတ်နိုးလာတဲ့စိတ်နဲ့ မဟုတ်ဘဲ .. ဘောဘီ ဘာမှ မလို… ဘူး .."

အချစ်သည် တန်ပြန် သက်ရောက်စေတတ်သော ..။





## အခန်း(၃၃)

"သူ့ အလိုရှိတိုင်း ဆုံးဖြတ်လို့ မရဘူး ..၊ ဒါ သူ့တစ်ယောက် …ည်းဘဝမှ မဟုတ်ဘဲ .."

"သူ့တစ်ယောက်တည်းဘဝလို့ပဲ သဘောထားပေးလိုက်ပါလား …မောင် .."

"ကျော်အောင် .."

ဦးမောင်မောင် မျက်နှာကြီးက အားနည်းသည့် အလင်းရောင် …ာက်မှာ အတွန့်ဆန်သည့်အဆိပ်တို့နှင့် ပို၍ ညိုမှောင်လျက် ...

"မင်းကိုယ်မင်း သျှန် ရဲ့အဖေတစ်ယောက်အနေနဲ့ ပြောရေးဆိုခွင့် …တွ ရှိနေတယ်လို့ မှတ်လိုက်တာလား .."

"ကျွန်တော် ပြောချင်တာက သျှန့် ရဲ့ အတိတ် ပစ္စုပ္ပန် အနာဂတ် …အားလုံးကို .."

"ဘယ်သူ့အနာဂတ်ဖြစ်ဖြစ် ငါ့လက်ထဲမှာပဲ ရှိရမယ် ကျော်အောင် …်းမဟာမှာ စက်အာဏာသျှန် သာ အမွေဆက်ခံနိုင်သူဖြစ်သလို ငါက



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း သူ့ရဲ့အုပ်ထိန်းသူ၊ သူ့ကိုတင်မကဘူး .. မင်းကိုပါ ငါ အု
ထိန်းခဲ့ရတာ၊ ခုထိ မင်းဘဝ .. သူ့ဘဝက ငါ့လက်ထဲမှာ .."

"ဒါပေမယ့် ကျွန်တော် လူလေးသျှန် အတွက် ဒီတိုင်း ရှေ့ဆ
ပြီး သူ့ဘဝလေးကို .."

"ကျော်အောင် .."

နောက်ထပ် ခေါ်သံ ကြားလိုက်တာနှင့် တစ်ဖက်ကအသံ တိ
တိတ်ကျသွား၏။

အသံနှစ်ရပ်သည် မဝေးပေမယ့် မနီးသော မျက်နှာချင်းဆို
အရပ်မျက်နှာတစ်ဖက်ဆီမှ ဖြစ်ကာ ...

"လူမင်း ဘုန်းကြီးတော့ နတ်မင်း မနေနိုင် .. ကျောက်ဖျာတ
တာမျိုး၊ သျှန် ဟာ 'နန်းမဟာ'ရဲ့ အရှင်သခင်မို့ ဘုန်းကံကြီးမာ
ကြီးမားလိမ့်မယ်၊ ဒါပေမယ့် သူ့အတွက် စောင့်ရှောက်မယ့်သူ လိုတ
အဲဒီ ဘုန်းတော်ရှင်ကို စောင့်ရှောက်နေရပေမယ့်လည်း စောင့်ရှော
သူက ဘုန်းတော်ရှင် ဖြစ်မလာဘူး ..၊ ငါ အမိကပြောချင်တာက 
အတွက် သူရှိမှ ဖြစ်မှာ .."

"သူ့အတွက်တော့ .."

"ငါရှိမှ ဖြစ်မယ့်ဘဝမျိုး ငါ အခု ဖန်ဆင်းနိုင်တယ် ကျော်အော
မင်း ဘေးကနေ ပွဲကြည့်ပရိသတ် လုပ်နေလိုက် ..၊ မင်းက သူ့အ
ဖြစ်နေတဲ့အတွက် သူ ဒီစံအိမ်ကြီးကနေ ဘယ်မှ ထွက်မသွားနိုင်
မင်းရဲ့အစ်ကိုဖြစ်နေတဲ့ ငါ့ကိုလည်း သူ နှင်ထုတ်လို့မရဘူး၊ ဒါပေမယ့်

ဦးမောင်မောင် က စကားတွေ ရစ်ပတ် ရှုပ်ပွနေအောင် ပြော
ဒါပေမယ့် ထပ်ဆင့်၍ ...

"ငါတို့ကလည်း သူ့ကို ဓားမိုး လုံမိုးပြီး ခြောက်လှန့် တိုက်နိ
မဖြစ်နိုင်ဘူး၊ အားလုံးကို ခြုံလိုက်တော့ မင်းလည်း မင်းအတိုင်း ရှိ
မယ် ..၊ ငါလည်း ငါ့အလုပ် ဆက်လုပ်ရုံပဲ၊ အမိက မရှိမဖြစ် လိုအပ်





တာ စက်အာဏာသျှန် .."

"ကိုမောင် .. ကျွန်တော့်ရောဂါအခြေအနေက လမ်းဆုံးကို ရောက်
နေပါပြီ ..၊ ကလေးကိုတော့ .."

"မင်း ပြောလိုက်သမျှ ငါ့ရည်ရွယ်ချက်တွေကို ဆန့်ကျင်ဖို့ချည်း
ပါပဲလား ကျော်အောင် .."

"စကားကို ဆုံးအောင် ပြောခွင့်ပြုပါဦး ကိုမောင် .."

"မပြုနိုင်ဘူး .."

တစ်ယောက်၏အသံက အာဏာစက်ပြင်းပြင်းနှင့် မာကြောပြတ်
သောက်နေကာ တစ်ယောက်၏အသံက စိုးရိမ်ကြောင့်ကြမှုတို့နှင့် တွန့်
ဆုတ်နေကာ ...

"မဟုတ်ပါဘူး ကိုမောင် .. သား ဒီအရွယ်ရောက်နေပါပြီ၊ ပြီး
တော့ သူ့နှလုံးသားမှာ .."

"တိတ်စမ်း ကျော်အောင် ..၊ သူ့နှလုံးသားက နန်းမဟာမှာပဲ
သပြိုဟ်ရမှာ၊ သူ့အတွက် ချစ်ဖို့ ကြိုးစားဖို့ လုံးဝမဖြစ်နိုင်ဘူးဆိုတာ
သည်း နားလည်နေရမယ်၊ ငါ သူ့ကို ဘယ်လိုနည်းနဲ့မှ လက်ထပ်ခွင့်
ပြုနိုင်ဘူး"

"လက်ထပ်ပြီး နန်းမဟာမှာပဲ ဒီတိုင်း နေသွားကြရင် ဖြစ်တာပဲ
ကိုမောင် .."

"တောစိတ်ဝင်လာတဲ့ကျားကို မင်း ဘယ်လို ထိန်းမလဲ ကျော်
အောင်၊ ခုတောင် ဒီကောင် အချိုးပြောင်းနေပြီ .."

ဦးမောင်မောင် က ရှေ့ကို တစ်လှမ်းတိုးလိုက်ပြီးမှ ပြန်ရပ်နေ၏။
နှံ့ပျသည့်အလင်းရောင်ဖျော့ဖျော့မှာ တစ်ဖက်တည်းက လှုပ်ရှားမှု
သည်သာ ပီပြင်နေကာ ပို၍ မှောင်ရိပ်ဖြစ်နေသည့်ဘက်ခြမ်းမှ အသံသာ
ထွက်လာနေပြီး လှုပ်ရှားမှု မရှိ ..။

"သျှန် က ဘာတွေလုပ်နေလို့လဲ ကိုမောင် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်မလေးကို စိတ်ဝင်စားနေပြီ၊ သိပ်မကြာခင် သူထင်ရာ ဖွတ်တိုး ဆုံးဖြတ်တော့မှာ၊ သျှန့် အကြောင်း မင်းထက် ငါ ပိုသိတယ် ကျော်အောင်၊ သူ့စိတ်ထဲမှာ အဖေဆိုတဲ့ ငွေညှာစရာ မျက်နှာကွက်ကွက် လေးတစ်ခုသာ ရှိမနေရင် ငါ သူ့ကို ကွန်ထရိုးလုပ်ထားနိုင်မှာ မဟုတ်ဘူး .."

"တားဆီးလို့ မရနိုင်တာ အချစ်ပဲ ကိုမောင် .. အဲဒါကြောင့်.."

"ငါတို့တွေအတွက် အချစ်ကို မွေးမြူခံစားခွင့်မရှိဘူးဆိုတာ သူ သိတယ်၊ သိသိမသိသိ ချစ်ခွင့်မပြုနိုင်ဘူး၊ ဒီမှာ ကျော်အောင် .. မင်း ရင်ထဲမှာ သူ့အတွက် မေတ္တာထုထည်တွေ ဘယ်လောက် ရှိနေနေ ငါ ကိုယ်ချင်းစာမပေးနိုင်ဘူး၊ ငါသိတာ တစ်ခုပဲ.. အဲဒါက ငါတို့အတွက် စက်အာဏာသျှန့် က မရှိမဖြစ် လိုအပ်နေတဲ့သူ .."

ယတိပြတ်ပြောပြီး ဦးမောင်မောင် လှည့်ထွက်သွား၏။ ကျန်ရစ်ခဲ့တာက တိတ်ဆိတ်ခြင်းပဲ ဖြစ်ကာ စောစောက အပြန်အလှန် စကား ပြောနေခဲ့ကြ မဟုတ်သည့်အတိုင်း ..။

အသံ ..၊ လှုပ်ရှားမှု တစ်စုံတစ်ရာမှ မကျန်ရစ်ခဲ့ဘဲ ..။





## အခန်း(၃၄)

"ပြောလိုက် ဟန်ဝင်း ..၊ ငါ့နောက်ကို ဒီတစ်ခါ ထပ်ပြီးလိုက်ရင် ဒီတစ်ခါ ဘာဖြစ်မလဲဆိုတာ .."

"ကိုကို .."

ဘေးမှာ ဘေဘီ ရောက်လာသဖြင့် သူ ဖုန်းချထားလိုက်သည်။

"ခဏလေး ကိုကို .."

အမိအရ လိုက်ဆွဲထားပေမယ့် မမိလိုက် ..၊

စက် က ဖုန်းကိုချလိုက်ပြီး တစ်ဖက်က ဘေဘီ့ လက်မောင်းလေး ကို ဆွဲ၍ ဖုန်းနဲ့ဝေးသည်အထိ တွန်းထားလိုက်ပြီး ...

"ဘာလုပ်မလို့လဲ .."

"ကိုကို မကြီးနဲ့ ဘေဘီ့ အကြောင်း ပြောနေတာမို့လား ..၊ မကြီး စိတ်မပူအောင် ဘေဘီ စကားနည်းနည်း ပြောပါရစေ ..၊ ကိုကိုနဲ့ပဲ နေတော့မှာလို့ .. ပြီးတော့ .."



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ .. မင်း ဘယ်လိုနေတာထိုင်တာတွေ တခြား ဘယ်သူမှ သိဖို့ မလိုဘူး၊ နန်းမဟာက မိသားစုတွေအကြောင်း လူစိတ်ဝင်စားတာ လည်း ငါ မကြိုက်ဘူး၊ နောက်ကို ဖုန်းပြောဖို့ လုံးဝ မကြိုးစားနဲ့ .."

"ကိုကို့ .."

ဘောဘီ ကိုကို ထွက်သွားတဲ့နောက် ပြေးလိုက်ပေမယ့် ကိုကိုက အခန်းတစ်ခုထဲ ဝင်သွားပြီးမှ ပြန်လှည့်ကြည့်ကာ ...

"ငါ အပြင်သွားစရာရှိတယ် .. ထမင်းစားချိန် ပြန်ရောက်မှာ လုပ်စရာရှိတာ သွားလုပ်နေလိုက် .."

'ရပ်နေလိုက်'ဆိုတိုင်း ရပ်စောင့်နေရတဲ့အကျင့်လေးလည်း အထာ ကျနေပါပြီ။ ဘောဘီ တုံ့ခနဲ ရပ်မိသည့်နေရာလေးမှာပဲ ရပ်ကျန်ခဲ့လေ သည်။

အပြင်သွားစရာရှိတယ်ဆိုပေမယ့် အိမ်ရှေ့ထွက်လာတာလည်း မမြင်။ ထွက်သွားသည့်ကားသံ ကြားရတယ်ဆိုတာလည်း တစ်ခါ တလေ ..။

ဒီခြံဝင်းကြီး ဘယ်လောက်ထိ အပြောကျယ်နေလို့ ဘယ်လမ်း ကြောင်းတွေက သွားလာနေကြတာလဲ..၊ နောက်ပြန်လှည့်ခဲ့ရင်း ဘောဘီ ခြေလှမ်းတွေ လေးကန်နေခဲ့သည်။

ကိုကို ရှိနေတဲ့အရပ်မှာ နေပူပူ မိုးရွာရွာ ဘယ်သူတွေ ဘယ်လိုရှိရှိ နေရဲသည်။ မနေတတ်ပါဘူးဆိုတာလည်း မရှိစေရပါ။ ဘောဘီ ကိုကို့ကို အဲလောက်ထိ ချစ်သည်။

ဒါပေမယ့် ကိုကို့မျက်နှာကွယ်သွားသည်နှင့် ချောက်ချားလောက် အောင် တိတ်ဆိတ်လွန်းသည့် ဒီလိုနေရာကြီးမှာ ..၊

"ကျလိ .. ကျလိ .."

အပြင်ဧည့်ခန်းကို သွားမယ့်ခြေလှမ်းတွေက တစ်စုံတစ်ရာ တိုး တိုက်ရွေ့လျားသံကြောင့် စိတ်ဝင်တစား ရပ်၏။ မနက်ခင်းကြီးတောင်





မှ အိမ်ကြီးထဲမှာ ညို့မှောင်နေလျက်ရှိကာ ဒီလိုအသံမျိုး ကြားလာရတိုင်း အကြီးအကျယ် ထိတ်လန့်ဖွယ်တွေဖြစ်အောင် တွန်းပို့နေသည့်နှယ် ..။

"ကျိ .. ကျိ .."

ဘောဘီ အသံလာရာကို ခြေဦးလှည့်ခဲ့ပေမယ့် ရင်ခုန်သံတွေ သိသာ စွာ မြန်ဆန်လာခဲ့၏။

နေ့နေ့ညည အလင်းရောင်အားက ဒီ့ထက်မပိုခဲ့ဘဲ အမြဲတမ်း လင်းနေသည့် လျှပ်စစ်မီးရောင်တွေကလည်း နေ့ဘက်ဆို မှောင်ရိပ်ကျ နေရာမှာတောင်မှ နေရဲ့အလင်းအားကို အရှုံးပေးနေကြသလို မည်းပြာ ပြာ .. ဖြူဆုတ်ဆုတ်နှင့် လင်းလင်းချင်းချင်း ဘယ်တော့မှ မရှိ ..။

ဒါပေမယ့် စိတ်ဝင်စားမိနေသည့်အသံကြောင့် နောက်ဆုတ်ဖို့ တော့ ရည်ရွယ်ချက် မရှိတော့ပေ ..။

"အမေ့!..."

မဲမဲလုံးလုံးသတ္တဝါကြီးတစ်ခု ရှေ့က ဖြတ်ပြေးသွားသဖြင့် ဘောဘီ မှတ်တရက် နံရံနဲ့ကျော အင့်ခနဲ ကပ်မိသွား၏။ ကြွက်ကြီးတစ်ကောင် မှန်း သိလိုက်တာတောင် အကြောက်မပြေနိုင် ..။

ကမန်းကတန်း ရှောင်လိုက်မိသဖြင့် အကျမလှတော့ ကျောအောင့် သွားသည်။ ထိုစဉ် ...

"အမလေး!..."

ခြေထောက်နဲ့ နင်းမိလိုက်သည့် စိုစိစိ ချွဲပျစ်ပျစ် အထိအတွေ့ ကြောင့် ခြေတစ်ဖက် မြောက်ခနဲဖြစ်ကာ ကံကောင်းလို့ ချော်လဲ မလဲ ခြင်း ဖြစ်သည်။

ငုံ့ကြည့်လိုက်တော့ ဘာမှန်းမသဲကွဲသဖြင့် ခြေဖျားထောက် ထိုင် လိုက်မိ၏။ သို့သော် နှာခေါင်းထဲကို ဝင်လာသည့် ညှီစို့စို့ စိမ်းရွှေရွှေနှင့် ဆိုးရွားသည့်အနံ့ဆိုးကြီးတစ်ခုကြောင့် ပြန်ထရပ်မိ၏။

သူမ ဘာနင်းမိလိုက်တာလဲ ..၊ မစင်ပုံတစ်ခု မဟုတ်တာတော့



www.burmeseclassic.com

www.burmeseclassic.com



သချ်ာကာ အသားပုပ်တစ်ခုခုဖြစ်ဖို့ ရှိပေမယ့်လည်း ဒီနေရာမှာ ဖြစ်စရာအကြောင်းမှ မရှိဘဲ ..။

ကြမ်းခင်းမမြင်ရအောင် ခင်းထားသည့် ကတ္တီပါကော်ဇောတွေနှင့် တစ်အိမ်လုံး ပန်းနံ့လိုလို .. သစ်နံ့လိုလို ကောင်းသည်ဆိုးသည် မပြည်သော ရနံ့တစ်မျိုးက အမြဲရှိနေခဲ့တာ..၊ ဒီလို အညစ်အကြေးတွေ တင်နေဖို့ မဖြစ်နိုင် ..။

စိတ်ဝင်စားလာလေ ကြောက်စရာ ရွံစရာတွေကို ဂရုမစိုက်ချင်လေ ဖြစ်လာပြီး ဘေဘီ ပြန်ထိုင်၍ အနံ့ဆိုးနှင့်အရာကို သေချာကြည့်မိ၏။

ကြွက်ချီလာတာလို့ တွက်မိလိုက်သဖြင့် ဒါကို မသက်ာ ..။

"ပတ်တီးကြီးလား .."

နှာခေါင်းပိတ်ထားရင်း နံရံမှာ ချိတ်ထားသည့် ကြက်မွေးတံကို ထဖြုတ်၍ အလင်းရောင်နဲ့နီးအောင် ထိုးကော်ကြည့်လိုက်မိသည်။

ပတ်တီးစကြီးကို သေချာတွေ့လိုက်ရပြီး တကယ်ပဲ သွေးသံတရဲရဲနှင့် ရွံစရာကြီးပါ ..။

'ဒါဆို တစ်ယောက်ယောက် ဒဏ်ရာရထားတာပေါ့ ..'

'ဘယ်သူ ဖြစ်နိုင်သလဲ' ခုတစ်လော ဦးမောင် နဲ့ မျက်နှာချင်းမဆိုင် ဖြစ်ခဲ့တာမို့ သူလည်း ဖြစ်နိုင်သလို တခြားတစ်ယောက်လည်း ဖြစ်နိုင်သေးသည်။

ထိုတစ်ယောက်က ကိုကို့ဖေဖေပေါ့ ..။

ဘေဘီ ပတ်ဘီးစကို အမှိုက်ပုံးထဲ သေချာထည့်ခဲ့ပြီးမှ ခုနက ကြွက်ထွက်လာသည့်နေရာကို တစ်လှမ်းချင်း လျှောက်ဝင်ခဲ့မိ၏။

အခန်းတိုင်းက ပိတ်ထားတာတွေပဲဖြစ်ကာ တီပုံသဏ္ဍာန် ထောင့်ချိုးလေးတွေမှာ ပို၍ မှောင်၏။ ဓာတ်မီးဆောင်ခဲ့ဖို့ သတိရပေမယ့် ဒီလောက်လည်း မလိုပါ။ မှုန်ဝါးဝါးမြင်ကွင်းတွေက ဒီအိမ်မှာ သိပ်





ဆန်းတော့တာမို့ ကိုယ့်မျက်လုံးကိုပဲ အားကိုး၍ ရှေ့တိုးခဲ့ရင်း ...

"အ!..."

ပစ်စလက်ခတ် ခလုတ်တိုက်သွားတာ ဘာနဲ့မှန်း မသိလိုက်ဘဲ ဒူးက ဒူးတုပ်လျက် လဲ၏။

"သေပါပြီ .. တစ်ယောက်တည်းနေပြီး ခလုတ်တိုက်နေတယ်.. ဒို့နှယ် .."

ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရင်း လက်တစ်ဖက်က ခြေဖျားကို ဆုပ်ထားလျက် ..၊ တစ်ဖက်နဲ့ နံရံကို လက်ထောက် ထရပ်လိုက်၏။

"အမေ့!..."

အားပြုလိုက်သည့် နံရံတစ်ဖက်က နိမ့်ခနဲ လှုပ်ရှားသွားသည်။ ပြီးတော့ တစ်ပတ်လည်သွားသဖြင့် ဘေဘီ ကိုယ်လေးကို ရိုက်သွင်းလိုက်တ်သလို အထဲကို အော်တိုမစ်တစ် ရောက်သွားသည်။

"ဟင်!..."

မြင်ကွင်းက ချက်ချင်း ပြောင်းသွား၏။ အထဲမှာ မီးရောင်တွေ ထွန်းထိန်နေကာ နံရံတွေ ပတ်လည်မှာ အပြာရောင် မီးလုံးတွေ မြုပ်ထားး၏။

အထဲမှာ ပရိဘောဂ ဘာမှသိပ်မရှိဘဲ ငါးလုံးတွဲ တီဗွီစခရင်န်တွေ တန်းလိုက်နှင့် ထိုင်ခုံတစ်လုံးက အမိက ..။

ဘေးမှာ မှန်တွေချည်း လုပ်ထားသည့် စားပွဲခုံ ခပ်နိမ့်နိမ့်တစ်လုံး ထိုနေရာမှာ ထိုင်ခုံ မရှိပေ ..။ စားပွဲပေါ်မှာ ရေမရှိသည့် ဖန်ချိုင့်တစ်လုံးယ်၊ ဆေးလိပ်ခွက်လေး တစ်ခု ..။

ပြီးတော့ လက်ပ်တော့ တစ်လုံးနဲ့ ရီမုဒ်လို ပစ္စည်းလေး တစ်ခု။ စားပွဲတစ်ခုလုံးက ပြောင်လက်နေကာ လက်ရာလေးတောင် ထင်စရာ မရှိပေ။ သူမ ထင်ခဲ့သည်က အိမ်ကြီးထဲမှာ အလုပ်သမားလည်း ..။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှလည်း သန့်ရှင်းလုပ်ကိုင်ကြတာ မရှိတော့ ပိတ်ထား
သည့်အခန်းတွေထဲမှာ ပင့်ကူမျှင်တွေ ဖုန်တွေနဲ့ ထုတက်နေနိုင်သည်ဟု

ဒါဆို ဒီအခန်းမှာ လူအမြဲနေတာပေါ့ ...၊ ဘောဘီ လှုပ်ရှားနေသည့်
စိတ်တွေ ငြိမ်သက်သွားကာ အခန်းကျယ်ကြီးကို လှည့်ပတ်ကြည့်
သည်။

နံရံတစ်ဖက်ဆီမှာ မီးလုံးတွေ မြှုပ်ထားကာ မီးမလင်းသည့် မီးလုံး
တစ်လုံးစီက မျက်နှာချင်းဆိုင် တစ်ဖက်စီမှာ ပါနေသေးသည်။

ဖြာနေသည့် မီးရောင်တွေက လှနေသောကြောင့် တရွေ့ရွေ့
လျှောက်သွားကာ မီးလုံးတွေကို မျက်လုံးနဲ့ ကပ်ကြည့်နေမိသည်။ တ
ဖက်မှာ မီးလုံး ဆယ့်ငါးလုံးရှိကာ ပန့်စာလုံး အက်စ်ပုံစံ ထည့်ထားတာ
ဖြစ်သည်။

သေချာစီရင်ထားတာမို့ မီးမလင်းသည့်မီးလုံးကို လက်နဲ့ အသ
လေး ထိကြည့်မိသည်။ မီးမလင်းတာက ပျက်နေလို့ဆိုလျှင် ဟိုဘ
ရော ဒီဘက်ရော ဘာဖြစ်လို့ တစ်လုံးစီ ပါနေတာလဲ ...။

ကိုင်ကြည့်နေရင်း နောက်က မီးလုံးကို ပြန်လှည့်ကြည့်၍
မလည်နိုင် ဖြစ်နေမိသည်။ ပြီးတော့ ဒီဘက် ပြန်လှည့်လိုက်လျှင် –

"အမလေး!..."

သူမ မျက်နှာရှေ့မှာ တံခါးပေါက်ကြီးတစ်ပေါက် ဘယ်တုန်း
ပွင့်သွားတာလဲ ...။

နောက်ကို အတွန်းခံလိုက်ရသလို ပြန်ကန်ဆုတ်မိကာ မှောင်
နေသည့် တံခါးရဲ့အထဲဘက်ကို စူးစိုက်ကြည့်နေမိသည်။

ဒီအိမ်ကြီးထဲမှာ လျှို့ဝှက်တံခါးတွေ ဘာလို့ရှိနေတာလဲ ...၊ ဘ
ကနေဘယ်ကို ဆက်သွယ်ထားတာတွေလဲ ...။ တကယ်တော့ လျှို့ဝှ
ခြင်းဟာ ဟန်ဆောင်ခြင်းပဲ ဖြစ်သည်။

ကိုကိုတို့ မိသားစုဟာ ဘယ်လိုလူတွေလဲဆိုတာ ပို၍ နားလည်





တ်လာ၏။ ဒါပေမယ့် ဘောဘီ ရှေ့ဆက်မတိုးရဲတော့ပေ ...။

ဒီတံခါးရဲ့ ဟိုဘက်ကို ရောက်သွားလျှင် အောက်မှာ တွင်းပေါက်
ကြီးလား ...၊ တခြားအခန်းတစ်ခုခု ရှိသေးလား ...၊ မှောင်နဲ့မည်းမည်း
ာက်မှာ ဘာမှ မသေချာတာမို့ သူမ ဒီတိုင်း ရပ်နေမိ၏။

ထိုစဉ် တံခါးချပ်က လျှောခနဲ ပြန်ပိတ်သွားကာ စောစောက
လုံးတွေ နေရာတကျ ပြန်ဖြစ်သွား၏။ နံရံကြီးက ဘာတံခါးမှ ရှိမနေ
သည့်အတိုင်း ...၊

ဒါဆို ဒီတံခါးက သူ့အလိုအလျောက် ပြန်ပိတ်ဖို့ စီရင်ထားတာ
နိုင်၏။ သူမ ကျွံဝင်ခဲ့သည့်နောက်ကို ပြန်ကြည့်လိုက်တော့လည်း
ခါးက ပိတ်နေပြီ ဖြစ်သည်။

ဘောဘီ တီဗွီတွေဆီ တိုးကပ်လာကာ ဘာမှန်းသိအောင် ဖွင့်ကြည့်
က်မိသည်။

"ဟင်!..."

ဖွင့်လိုက်သည်နှင့် ပလာဇာအထပ်တွေက ကားပါကင်ကဲ့သို့
ကင်တစ်ခု၏ လိုကေးရှင်း ပေါ်လာသည်။ ဒါ ဘယ်နေရာဆိုတာ
ပေမယ့် ဒီအိမ်ကြီးထဲက တစ်နေရာဆိုတာ သေချာ သိလိုက်သည်။

ဘာဖြစ်လို့လဲဆိုလျှင် ကားတွေ မော်ဒယ်စုံ အရောင်စုံ ရှိနေသော်
ည်း အားလုံးက ပြိုင်ကားတွေပဲ ဖြစ်နေကာ တခြားအမျိုးအစားက
း လောက်ပဲ ရှိ၏။

ဒါ ကိုကို စီးနေတဲ့ကားတွေပဲ။ အောက်ထဲမှာ ကားပါကင်တစ်ခု
တာတောင် သေချာသွားပြီဖြစ်သည်။ ပြီးတော့ ဘောဘီ အားလုံးကို
တ်ရွှေ့ကြည့်လျှင် နန်းမဟာရဲ့ ခြံတံတိုင်းပတ်လည်ကို အကုန်လုံး
ရ၏။

အထူးသဖြင့် ခြံရှေ့ကို မြင်နေရတာ ဒီတိုင်း ...။ ဒါကြောင့် ခြံဝကို
ဝင်သူ လာရပ်ရပ် အထဲက သိနေခြင်း ဖြစ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ထိ တခမ်းတနား စီရင်ထားခဲ့သော 'နန်းမဟာ' စံအိမ် ကြီးကို သူမ အံ့ဩလို့ မဆုံးတော့ပေ။ ပတ်ဝန်းကျင်နဲ့ လုံးဝ ပြတ် တောက်နေနိုင်အောင် စနစ်တကျ စီစဉ် တည်ဆောက်ထားခဲ့တာ အရင် ကတည်းကဆိုတာ ခန့်မှန်းမိသောကြောင့် ပို၍ အံ့ဩမိသည်။ အိမ်ထဲ မှာတော့ ကင်မရာတွေ မထားခဲ့ဘူး ထင်သည်။

ဒါကြောင့် ကိုကို အပြင်သွားမလို့ဆိုပြီး အိမ်ရှေ့ကိုမထွက်ဘဲ အထဲဝင်ပြီး ပျောက်ပျောက်သွားတတ်တာ ...၊

ဘောဘီ စဉ်းစားနေရင်း အပြင်ပြန်ထွက်ဖို့ သတိရလာ၏။ ဒီထဲကို ကိုယ်ရောက်ခဲ့တာ ဘယ်သူမှ မသိမှ နောက်တစ်ခါ ဝင်ပြီး သေချာ စုံစမ်းလို့ ရနိုင်မှာ ဖြစ်သည်။

ထော်ဝရလျှို့ဝှက်ခြင်း မရှိဘူးဆိုတဲ့ သက်သေပြချက်ကိုတော့ သူမ ရလိုက်ပါပြီ။

နောက်ထပ် သိသင့်တာတွေ သိထားဖို့ကတော့ ...။





## အခန်း(၃၅)

"ကိုကို မနေ့က အပြင်သွားမယ်ဆိုပြီး ပြန်လည်း ထွက်[illegible]ဘူး၊ သံလည်း မကြားလိုက်ဘဲနဲ့ ပြန်လာတော့ အပြင်က ပြန်လာတဲ့ပုံနဲ့..."

ဘောဘီ က ပြောနေရင်း စက် ရဲ့မျက်နှာကိုလည်း အကဲခတ်၏။ ်က သူမ ယူလာပေးသည့် အအေးဘူးနဲ့ ဖန်ခွက်ကို သူ့ရှေ့ ဆွဲယူ ်ပြီး မျက်လွှာပင့်ကြည့်၏။

"ဘောဘီ က မှာစရာရှိလို့ စောင့်ကြည့်နေတာ၊ ခေါ်မယ်ဆိုရင် ည်း လိုက်ချင်လို့လေ ..."

စက် က အအေးဘူးကို ဖွင့်ရင်း နောက်ထပ် အကြည့်ရောက်လာ ...

"ငါက အိမ်ရှေ့ကထွက်တာ မဟုတ်ဘူး ...၊ အောက်မှာ ပါကင်ရှိ ည်"

"ဂိုဒေါင် ဟုတ်လား ...၊ ကားဂိုဒေါင်ကို အောက်မှာ လုပ်ထား ည် ..."

သူက ခေါင်းခါ၍ ...

"ဂိုဒေါင် မဟုတ်ဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



ဘောဘီ ရင်ထဲမှာ အလုံးကြီး ကျသွားသည်။ ကိုယ် သိပြီးသားဒေ မယ့် ကိုကို ညာလိုက်မှာကို မကြားချင်ပါ။ လျှို့ဝှက်ဟန်ဆောင်ခြင်း တွေအားလုံးဟာ ကိုကိုနဲ့ မသက်ဆိုင်စေချင် ..။

"ဘောဘီ က ကိုကိုနဲ့ပဲ အတူတူနေဖို့ ဆုံးဖြတ်ထားတာပါ ကိုကို ခုထိ ဘောဘီ ကို ဘာဖြစ်လို့ မယုံဟာလဲဟင် ..၊ ကိုကို မရှိတဲ့ ခထ တစ်ဖြုတ်လေးတောင် ခြံထဲမှာ လမ်းဆင်းလျှောက်လို့ မရဘူး၊ ဒီအိမ် ကြီးထဲမှာ နေနိုင်ပေမယ့် ခြံထဲတောင် ဆင်းခွင့်မရှိတာကျတော့ အချုပ် ကျနေတာနဲ့ တူပါတယ် ကိုကိုရယ် .."

စက် က မျက်တောင်ဖျားတွေ မှေးစင်းကြည့်လျှင် ဘောဘီ က ခေါင်းခါ၍ ...

"မနေချင် ထွက်သွားလို့ရတယ်ဆိုတာ ဘောဘီ သိတယ် .. ထပ် မပြောပါနဲ့၊ ဘောဘီ ကိုကိုနဲ့ ဝေးဝေး မသွားနိုင်ဘူး၊ ခုပြောနေတာက ဘောဘီ ကို ကိုကို ယုံစေချင်တာပါ"

"ငါကိုယ်ငါတောင် မယုံခဲ့ဘူး .."

"ဘောဘီ ကိုတော့ ယုံပါ ကိုကို ..၊ ကိုကို့ကို ဘောဘီ ချစ်တာ ကိုယ့်ကိုယ်ကိုယ် ချစ်သလိုမျိုးပါ၊ ပြီးတော့ ကိုကို့ဖေဖေက လူမမာဆို တော့ ဘောဘီ တွေ့ခွင့်ရချင်တယ် .."

"ဘောဘီ .."

"ဟင် .."

"မင်းအစ်မနဲ့ တွေ့ဖို့ပဲ မင်း တောင်းဆိုသင့်တာ .."

ဘောဘီ မျက်လွှာချရင်း ငြိမ်ကျသွား၏။

"မင်းအစ်မ မင်းကို တွေ့ဖို့ပဲ ကြိုးစားနေတယ်၊ ငါ့ကို နောက်ထပ် ပြီး စိတ်ရှုပ်အောင် လုပ်လာရင် ငါ ခွင့်လွှတ်မှာ မဟုတ်ဘူး .."

"အဲဒါတွေ ဘောဘီ ပြောပြချင်ပါတယ်၊ ကိုကိုကမှ ခွင့်မပြုတာ"

"ဟုတ်တယ် .. ခွင့်မပြုဘူး ..၊ ဒီအိမ်ကနေ လူဖြစ်ဖြစ် .. ဘာ





ဖြစ်ဖြစ် ပတ်ဝန်းကျင်ထဲ လုံးဝ ရောက်ခွင့်မပြုဘူး၊ မင်း စကားပြောချင် ရင် အပြီးထွက်သွား .. နှုတ်ဆက်ဖို့ မလိုဘူး .."

ဘောဘီ က သူ့ အအေးသောက်တာကို တိတ်ဆိတ်စွာ ငေးနေ သဖြင့် ဖန်ခွက်ကို ပြန်ချထားလိုက်ပြီး ...

"မင်း သူ့ကို ပြောမယ့် စကားတွေထဲမှာ ငါ့အိမ်မှာ ဆင်ထားတဲ့ ရုပ်မြင်ကင်မရာတွေအကြောင်း၊ ပါကင်အကျယ်ကြီးတစ်ခု မြေအောက် မှာ ရှိနေတဲ့အကြောင်း .. အဲဒါတွေ ပါတော့မှာ၊ ပထမတစ်ခါ မပြော ဖြစ်ရင် နောက်ထပ်တစ်ခါ ပြောရင် ပါမှာပဲ၊ မိန်းမတွေရဲ့ပါးစပ်ကို ငါ မယုံဘူး .."

"ကိုကိုက .."

"မင်း ဘယ်နေရာထိ ရောက်သွားပြီးပြီလဲဆိုတာ ငါ သိတယ်"

ဘောဘီ ပါးပြင်လေးနှစ်ဖက် ရဲသွားသည်။ သူမ တမင်တကာ ရှာဖွေ စပ်စုခဲ့တာ မဟုတ်ပါ။

"ဦးမောင် သိသွားရင်တော့ မင်း မလွယ်ဘူးဆိုတာ မမေ့နဲ့ ဘောဘီ၊ မသိရင် မေးကြည့် ..၊ မေးလို့ မပြောဘူးဆိုရင် ဒါကို လျှို့ဝှက် ထားချင်တာပဲဆိုတာ သိရမယ်၊ မရမက သိချင်လာတော့ စပ်စုတာ.. အဲဒါ ရိုင်းပျခြင်းလို့လည်း ခေါ်တယ်၊ မင်းက အဲဒီလိုလူမျိုးဆိုရင် ငါ မင်းကို ကာကွယ်ပေးမှာ မဟုတ်ဘူး .."

"ဘောဘီ တမင်တကာ ရှာဖွေသွားတာ မဟုတ်ဘူး ကိုကို .."

စက် မျက်လုံးတွေ ခပ်စူးစူးရောက်လာတော့ သူမက ရှင်းပြရင်း ချက်နှာလေး ငယ်နေလျက် ...

"အဲဒါ အမှန်တွေပါ ..၊ ဘောဘီ မှားသွားတယ်ဆိုရင်လည်း အဲဒါ သွေးတွေပေနေတဲ့ ပတ်တီးနောက်ကို စိတ်ဝင်စားလို့ လိုက်ရင်းနဲ့ ရောက်သွားမိတာ .."

"ငါ့အဖေ ဘာဖြစ်နေနေ မင်းရဲ့သိချင်စိတ်က ဘာဖြစ်လို့ ဒါလောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့နေရတာလဲ ..၊ လူမမာဖြစ်တိုင်း မင်းကို ပြုစုပေးစေချင်မယ် ...
လို့လား ..၊ မင်း တော်သင့်ပြီ ဘောဘီ .. စပ်စုတာကို ငါ အမုန်းဆုံးပဲ ...

"ကိုကို .."

သူ ဆတ်ခနဲ ထရပ်လိုက်တာနှင့် ဘောဘီ က ကမန်းကတမ်း ... လိုက်ထကာ ...

"တစ်အိမ်လုံး အကျယ်ကြီး ရှိနေတာကို .. ဘောဘီ က ဘယ် ... မသွားမလာရဘူးလား ကိုကို၊ ခြံထဲလည်း မဆင်းဘဲနဲ့ ဒီအိမ်ထဲ ... တောင်မှ .."

"ကျွတ်!..."

သူ စားပွဲစွန်းမှာ လက်တစ်ဖက်တင်၍ မျက်နှာမဲ့သွား၏။ ဦးမော ... ရဲ့ စိတ်ဓာတ်ပြင်းထန်ပုံနဲ့ ဘောဘီ ဒီလိုလုပ်နေတာတွေ ကြား ... ဘာတွေဖြစ်လာမလဲ ...။

ဒါတွေ ဖြစ်မလာအောင် သူကိုယ်တိုင် ယတိပြတ် ဆုံးဖြတ်ချက် ... ဒီတစ်သက် လက်မထပ်တော့ဘူးလို့ နေခဲ့တာ ဖြစ်သည်။

ဒါပေမယ့် မရည်ရွယ်ဘဲ ဖြစ်လာတာတွေက သူ ဘယ်တုန်းက ... ပြင်ဆင်ထားဖို့ စိတ်ကူးမရှိခဲ့တာတွေချည်း ဖြစ်ခဲ့လျက် ..၊ ဘယ်သူ့ ... ခွင့်မလွှတ်နိုင်တဲ့လုပ်ရပ်တွေ လုပ်နေတဲ့ သူမကိုကျမှ ခွင့်လွှတ်နေမိ ... လည်း ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင် ...။

ချစ်တော့ ချစ်မိနေပေမယ့် မချစ်သလို နေနိုင်ရမည်၊ လိုက်လျော ... ကြင်နာချင်တာတွေ ရင်ထဲမှာ ပြည့်နှက်နေလည်း မလိုက်လျော ... မကြင်နာနိုင်သလို နေလိုက်ဖို့တွေ ...။

ခုတော့ သူ ဒီလို မဟုတ်ပါလား ...။

"ကိုကို .."

ဘောဘီ သူ့အားကို ရောက်လာကာ လက်မောင်းတစ်ဖက်ကို ... တွဲယှက်၍ ပါးပြင်လေး ကပ်ထားလိုက်ရင်း ...





"ကျွန်တော ဘာအခွင့်အရေးမှ မတောင်းဆိုပါဘူး၊ ဘောဘီ့ ကို ကိုကို့ရဲ့ဇနီးကောင်းအဖြစ် နေရာတကျ သတ်မှတ်ပေးပါ ကိုကို၊ ဘောဘီ တို့ လက်မှတ်ထိုးထားတဲ့ စာချုပ်သဘောအရ မဟုတ်ဘဲ ဘောဘီ့ ကို ကိုကိုကိုယ်တိုင် ယုံကြည်ပြီး နေရာပေးတာမျိုးလေ ..၊ အဲဒီလိုဆိုရင် ဘယ်သူက ဖယ်ကြဉ်ထားပါစေ .. ဘောဘီ ဂရုမစိုက်ဘူး .."

"မင်း ဂရုမစိုက်လည်း ငါ စိုက်ရမှာပဲ .."

လှည့်မကြည့်ဘဲ ပြောကာ သူမ လက်လေးကို အသာတွန်းချ သည်။ ထိုစဉ် ...

"သျှန် .."

ဦးမောင် အသံကြောင့် သူ တံခါးဆီ လျှောက်သွား၏။

"သျှန် ရှိလား .."

နောက်ထပ်မေးတော့ သူ တံခါးဖွင့်လိုက်ပြီဖြစ်ကာ ဦးမောင် က အထဲက ဘောဘီ နဲ့ သူ့မျက်နှာကို မျက်မှောင်ကုတ်နှင့် ကြည့်လိုက်ပြီး...

"ခဏ လိုက်ခဲ့ဦး .."

ခေါင်းညိတ်ကာ သူ ပြန်လှည့်မကြည့်ဘဲ တံခါးကို လက်ပြန်ဆွဲ ပိတ်ခဲ့သည်။ ဒါဆို ဘောဘီ လိုက်မလာရဘူးဆိုတာ နားလည်လိမ့်မည်။

သူတို့နှစ်ယောက် အခန်းထဲ အတူဝင်ခဲ့ကြပြီး ခြံတံခါးကြီးရှေ့က လိုက်ကာရှင်းကို ဆွဲချိန်ကြည့်လိုက်ကြ၏။

"တွေ့လား .."

ဦးမောင် က ခြံရှေ့မှာ ရပ်နေသည့် အမျိုးသမီးကြီးတစ်ယောက်ကို အနီးကပ်ဆုံးထိ ဆွဲပြ၏။ ဒါပေမယ့် ကင်မရာက အပေါ်စီးကျနေ သဖြင့် ခေါင်းပေါ်မှာ ဆောင်တင်ထားသည့် အမျိုးသမီးကြီးမျက်နှာကို သေချာ မမြင်ရပေ ...။

ကိုယ်လုံးက ခပ်ဖိုင့်ဖိုင့် အသားလတ်လတ်ပဲ ဖြစ်သည်။ တော ... အင်္ကျီးပုံစံ ဝတ်ထားပုံနှင့် သူမ ခြေထောက်နားမှာ ပလက်စတစ် ...



www.burmeseclassic.com

www.burmeseclassic.com



ဆွဲခြင်းလေးတစ်လုံး ရှိနေခြင်းက နှမ်းပါးစုတ်ပြတ်သည်လို့ ဆိုနိုင်၏။

"သူ ရပ်နေတာ ကြာပြီ .. ငါ မြင်ကတည်းက အဲဒီနားမှာပဲ၊ မင်း သိလား .."

"မသိဘူး .."

"ဘောဘီပန်ထွာ ကို ခေါ်ပြရင်ရော .."

"သူလည်း မသိလောက်ဘူး .."

"ယုံလှချေလား သျှန် .. မင်းနဲ့အတူ သူ အပြင်တွေဘာတွေ ထွက်ခဲ့သေးတော့ ဘယ်သူနဲ့ဖြစ်ဖြစ် ဆက်သွယ်လိုက်လို့ ရတယ်၊ သူ့အသိုင်းအဝိုင်းအားလုံးကို မင်း သိနေမယ်ဆိုရင် မင်း မသိတဲ့လူနဲ့ ဆက်သွယ်မှာပဲ .."

"ဘာလုပ်ရအောင်လဲ .."

မေးခွန်းထောက်လိုက်တော့ ဦးမောင် ကြောင်တောင်တောင် ဖြစ်သွားပြီး မဖြေနိုင် ..၊ ပြီးမှ ...

"ဘာလုပ်ရအောင်လဲဆိုတော့ မင်း စောင့်ကြည့်ပေါ့ သျှန် .. နန်းမဟာ ဘယ်လောက်ထိ ကြွယ်ဝချမ်းသာသလဲ၊ ဘာကြောင့် သီးခြား လျှို့ဝှက်ချက်တွေနဲ့ နေကြသလဲဆိုတာတွေ ..၊ ဒီမှာ .. မင်း ကောင်လေး ဘာကို ပိုပြီး စိတ်ဝင်စားနေသလဲ မင်း သိလား .."

စက် က မဖြေပါ။ ဦးမောင် မ'အ'ဘူးဆိုတာ သူ သိသည်။ သူ တွေ့ထားသလို မတွေ့သေးရင်တောင် တွေးမိနေပြီဆိုတာ သေချာပြီ သား ..။

"မင်း မသိသေးရင် ငါ ပြောပြမယ် ..၊ မင်းအဖေ ဘယ်လိုလူလဲ ဆိုတာ သူ မရမနေ ဖော်ထုတ်လိမ့်မယ် .."

စကားပြောနေရင်း ခြံရှေ့မှာ ရပ်နေဆဲ မိန်းမကြီးဆီ တစ်ချက်ပြန် ကြည့်၍ ...

"ငါ့သည်းမခံနိုင်ဆုံးကိုမှ လှုပ်နှိုး ရန်စလာရင်တော့ .."





"ဦးမောင် ဘာလုပ်တာလဲ .."

ခလုတ်တစ်ခုဆီ လှမ်းလိုက်သည့် ဦးမောင်မောင် လက်ကို စက် ချက်ခနဲ လှမ်းကိုင်ထားလိုက်၏။ ဦးမောင်မောင် က မရုန်းဘဲ သူ့ မျက်နှာကို ပြန်လှည့်ကြည့်ကာ ...

"ခြံရှေ့ကို ပိုပိုတိုးလာတာ မင်း မမြင်ဘူးလား .."

စခရင်နက်ကို စက် က လှမ်းကြည့်လိုက်ပြီး ...

"ကြည့်နေတာပဲ ကြည့်ပါစေ ..၊ ဒီထဲကို မြေလျှိုးမိုးပျံလာနိုင်မှာမှ မဟုတ်တာ .."

"မကြည့်ရဘူး .. စိတ်ဝင်စားဖို့လည်း မလိုဘူး၊ နောက်ထပ် ဒီခြံ ရှေ့မှာ ရပ်ကြည့်ခွင့်တောင် မရှိဘူးဆိုတာ ပညာရသွားစေရမယ် .."

"မလုပ်နဲ့ .."

စက် ရဲ့ တားဆီးသံက ရာဇသံလို ပြင်းထန်သည်။ လက်ကို ရှုန်း၍ ခလုတ်ကိုလည်း ထိမိနေကာမှ ဦးမောင်မောင် မနှိပ်ရဲ ..။

ဒီတိုင်း ခဏငြိမ်သွားပြီးမှ လက်ပြန်ရုတ်လိုက်ပြီး သူ့ဘက် လှည့်ရင်က ...

"သျှန် .. ငါ လုပ်ကိုင်နေတာတွေ မင်းနဲ့ မဆိုင်ဘူး ထင်နေလို့ လား .."

"ဆိုင်တယ် .. အဲဒါကြောင့် ဦးမောင် ကို ကျွန်တော် ရှေ့တန်းတင် ထားခဲ့တာ၊ ဒါပေမယ့် တံခါးကို အမှတ်တမဲ့ သွားထိလိုက်ရင် ဒီမိန်းမ ကြီး ဒုက္ခရောက်သွားမှာ .."

"ဒါဆို ငါ ပန်းကုံးစွပ်ပြီး ပွေးကြိုရမလား .."

"ဦးမောင် သေချာ စဉ်းစားဦး ..၊ သံတံခါးတွေမှာ လျှပ်စစ်လွှတ် ထားတာ လူကိုရော တိရစ္ဆာန်တွေကိုပါ သေစေနိုင်တယ်၊ ဒါ စနစ် တည့်ထားတာလည်း လုံခြုံရေးအတွက်ပဲ မဟုတ်ဘူးလား၊ သေအောင် ဖမ်းလုပ်တာမျိုး ကျွန်တော် လက်မခံဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဒီစံအိမ်ကြီးမှာ ဟိုအရင်တည်းက ငါ့ဆန္ဒနဲ့ ငါ ဆုံးဖြတ် ဦး ဆောင်ခဲ့တာ ..၊ မင်းက အရှင်သခင်ပေမယ့် ငါက မင်းရဲ့အုပ်ထိန်းသူ ရှင်ဘုရင်တောင်မှ မိဘကို သူ့ရှေ့မှာ ဒူးတုပ်မခိုင်းဘူး .."

"ကျွန်တော်က ရှင်ဘုရင့်မှ မဟုတ်တာ .."

"ဘာ!..."

"ဦးမောင် ကလည်း ကျွန်တော့်မိဘ မဟုတ်ဘူး .."

"ဟွန့် .."

"ဆိုတော့ .. ဦးမောင် ကျွန်တော့်ကို ဖယ်ထားပြီး ဆုံးဖြတ်လို့ မရဘူး .."

ဦးမောင်မောင် က စက် ရဲ့မျက်နှာနဲ့ စခရင်နံပေါ်က ပုံရိပ်ကို ကူးလူးကြည့်နေရင်း နှုတ်ခမ်းမဲ့ထားတာကို မဖြေ ..။

"ဒါဆိုရင် မင်းရဲ့ဆုံးဖြတ်ချက်ကသာ အတည်၊ ငါ ဘာမှ ဆုံးဖြတ် လုပ်ပိုင်ခွင့် မရှိဘူး ..၊ ဒီလိုလား .."

"ဥပမာ ဒီလိုလုပ်လိုက်ဖို့ ဆုံးဖြတ်တာမျိုးတွေပေါ့ .."

စက် ကလည်း ဘာကိုမှ ဂရုမစိုက်ချင်သည့် အေးစက်စက် အကြည့်တွေနဲ့ဖြစ်ကာ ...

"ဖေဖေလည်း ကျန်းမာရေး မကောင်းဘူး၊ အကုသိုလ်နဲ့ ကုသိုလ် ဘာကို လုပ်သင့်သလဲ .."

သူ ပြောနေတုန်းမှာပဲ ခြံဝက အမျိုးသမီးကြီးက တံခါးချပ်ဆွဲ နားကို ပိုတိုးလိုက်ပြီဖြစ်ကာ လက်တွေနဲ့ တို့ထိ ပွတ်သပ်ကြည့်၏။

ပြီးတော့ နောက်ကနေ ဖြတ်သွားသည့် ကားတစ်စီးကို လည်ပင်း လိမ်အောင် လိုက်ကြည့်သည်။ ပြီးတော့လည်း တံခါးချပ်တွေဆီ မျက်နှာပြန်လှည့်ပြီး လက်တွေနဲ့ ထိထား၍ ငြိမ်သက်နေပြန်သည်။

"မြင်လား သျှန် ..၊ မင်း ပေးလိုက်တဲ့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ သူနဲ့ တန်ရဲ့လား .."





ဦးမောင်မောင် က ပိုင်နိုင်သည့် မဲ့ပြုံးနှင့် ...

"ပါးစပ်တစ်ခုကို ပိတ်ချင်ရင် လက်နဲ့ ပြေးကာလို့ မရဘူး၊ အေးလေ .. မင်း သိနေတယ်ဆိုရင်လည်း လုပ်ပါ၊ မသိတာရှိရင်တော့ မေးပေါ့၊ ငါ့ညီနဲ့ မသက်ဆိုင်တာတွေ မင်း ဘာလုပ်လုပ် ငါ ဝင်မစွက် ဖက်တော့ဘူး .."

သူ ထွက်သွားတော့ စက် ရဲ့မျက်ခုံးတွေ တွန့်ကုတ်ကျုံ့ရစ်၏။ ဦးမောင်မောင် စကားပြောလိုက်တိုင်း 'ငါ့ညီ'ဆိုတာက မပါမပြီး ..။

သူ့ဘက်က ညီဖြစ်သလို သူ့ညီဆိုတာ ကိုယ့်ရဲ့မွေးသဖခင် မဟုတ် ဘူးလား ..။ ဖေဖေနဲ့ အကျိုးအကြောင်း ပတ်သက်လာနိုင်တာ အားလုံး က သူနဲ့သာ သက်ဆိုင်နေသလိုလို ..။

အမြဲတမ်း ရှုပ်ထွေးနေခဲ့သည့် အတိတ်နဲ့ပစ္စုပ္ပန်တွေက အနာဂတ် ကို ဘယ်လိုပုံဖော်နိုင်မလဲဆိုတာတောင် စိတ်ကူးမကြည့်ရဲတဲ့အဖြစ်..။

အဖြေ တစ်ခုခုတော့ ရှိနေမှာပါ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၆)

"ဘယ်လို!... ပြန်ပြောစမ်းပါ ဟန်ဝင်း ...၊ ဘယ်သူလဲ ..."

"နာမည်တော့ မပြောဘူးကွ ...၊ မင်းရဲ့ နန်းမဟာနဲ့ အရမ်းရင်းနှီးခဲ့တဲ့သူပါတဲ့၊ မင်းတို့သားအဖ ကျန်းကျန်းမာမာ ရှိကြရဲ့လားတဲ့၊ မနေ့က ငါ့ဆိုင်က မင်းထွက်သွားပြီး သိပ်မကြာဘူးကွ.. ဘေးပေါက်ကနေ ဝင်လာတာ၊ မြဲ့ကူ ကတောင် အလုပ်လုပ်ချင်လို့ လာပြောတယ်မှတ်ပြီး လူမလိုသေးဘူးလို့ ပြောနေသေးတယ် .."

"အသက်ငါးဆယ်လောက် ခေါင်းပေါ်မှာ တဘက်တစ်ထည် တင်ထားသေးလား .."

"အေး ဟုတ်တယ် .. ခေါင်းပေါ်မှာ မဟုတ်ဘူး၊ ပခုံးပေါ်မှာ တဘက်တစ်ထည် ပါတယ်၊ သူ့မျက်နှာက ဖြူဖြူပြည့်ပြည့်ပဲ၊ သူပြန်သွားတည်းက ငါ မင်းကို ဖုန်းဆက်ပြောချင်တာပါ၊ မင်းဆီ ဖုန်းဆက်ဖို့က သိပ်မလွယ်ဘူးလေ၊ ဒါနဲ့ မင်း ဒီမိန်းမကြီးကို တွေ့ဖူးတာလို့လား ..."





ပြန်ဖြေမည်ပြင်လိုက်ကာမှ နားထဲမှာ လှုပ်ရှားသံ ဖွဖွလေးတစ်ခုကြားလိုက်ရသဖြင့် ...

"ဒါပဲ ...၊ ပြီးမှ ငါ ပြန်ခေါ်မယ် .."

ပြောပြီး နောက်လှည့်ကြည့်လိုက်သည်။

ဦးမောင်မောင် က လက်နှစ်ဖက် နောက်ပစ်ကာ အေးဆေး ရပ်ကြည့်နေသည့်ပုံစံနှင့် ...

"ခိုးနားထောင်တာ မဟုတ်ဘူး၊ တမင် သိချင်လို့ နားထောင်နေတာ .."

"ဘာပဲဖြစ်ဖြစ် ခွင့်မပြုဘဲနဲ့ ရအောင်ယူလိုက်ရင် ခိုးတာပဲ..၊ ဦးမောင် ဒီလိုလုပ်တာတွေကို ဂုဏ်ယူနေတာတော့ မဟုတ်ဘူး ထင်ပါတယ်"

"ဘယ်ဂုဏ်ယူမလဲ ...၊ ဂုဏ်ရှိတဲ့အလုပ်မှ မဟုတ်တာ .."

ဦးမောင်မောင် က ရှေ့ကို လျှောက်လာပြီး မျက်နှာချင်းဆိုင်မှာ ရပ်လိုက်၏။

ခြံထဲမှာမို့ လင်းလင်းချင်းချင်း ဖြစ်နေသည့် နေရောင်အောက်မှာ ဦးမောင် မျက်နှာပေါ်က နီကျင်ကျင် ခပ်ပွပွ အသားကွက်တွေက ထင်းနေ၏။

သူ စိုက်ကြည့်လိုက်မှ ဦးမောင် က မျက်နှာကိုပွတ်၍ ပြုံးမဲ့မဲ့နှင့်...

"ဘာဖြစ်လို့ အထူးအဆန်း ကြည့်နေတာလဲ သျှန် ...၊ မင်းရှေ့မှာ ရပ်နေကာ မင်းရဲ့ဘကြီးတော်တဲ့ ဦးမောင်မောင် ပဲ .."

"အဲဒီလို သတိပေးနေတာ အပန်းမကြီးတတ်ဘူးဆိုရင်တော့ ဆက်လုပ်ပါ၊ ကျွန်တော် ခံစားမိနေတာကတော့ ဦးမောင် နဲ့ ကျွန်တော် ဘာဖြစ်လို့ တူဝရီးအရင်း လာတော်နေရတာလဲဆိုတာပဲ .."

"ဟား .. ဟား .. ဟား ..."

ဦးမောင် က ခေါင်းမော့ရယ်သည်။ ထိုအခါ လည်တိုင်ကြောများမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒီတိုင်းရှိလျက် ...

"မင်း ကြည့်ထားစမ်းပါ .. သဘောပေါက်အောင် ကြည့် ..၊ မင်း မေးတာကို ငါ ဖြေစရာမလိုဘဲ ကိုယ့်ဘာသာ အလိုလို သိသွားလိမ့်မယ် .."

စက် က တင်းခနဲ အံကြိတ်သည်။ လက်နှစ်ဖက် နောက်ပစ်၍ ရယ်နေသည့်မျက်နှာမှာ သူ့အတွက် ဘယ်တုန်းကမှ နူးညံ့သည် မရှိခဲ့သော အေးစက်မှုများနှင့် ...

"မင်း အခုလည်း သိနေပါပြီ .."

"ဘာကိုလဲ .."

"မင်း မှန်သလား ..၊ ငါ မှန်သလားဆိုတာ .."

ရယ်လက်စတွေ ပျောက်ကုန်ကာ ဦးမောင် မျက်နှာကြီးက မီးကင်ခံလိုက်ရသည့် ခရမ်းချဉ်သီးတစ်လုံးကဲ့သို့ ..။

"မင်းရဲ့မိတ်ဆွေ ဖုန်းဆက်နေတာ ဘာလဲ ..၊ မင်းက မကြားစေချင်ပေမယ့် ငါ ကြားလိုက်တယ်၊ ဒီမိန်းမ 'နန်းမဟာ'ထဲကို လက်လျှိုဝင်ဖို့ ခြေလှမ်းပြင်နေပြီဆိုတာ မင်း အခု လက်ခံပြီလား .."

"ခုမှ လက်လျှိုဝင်မှာ မဟုတ်ဘဲ နုတ်ထွက်သွားတဲ့ လက်တစ်ဖက် ဖြစ်နေရင်ရော .."

"ဟေ့ .. ငါ ပြောနေတာ ဒီမိန်းမ ဘယ်အရပ်က လာတာ ..၊ ဘယ်ကို သွားမှာတွေ မပါဘူး၊ ခလုတ်ကန်သင်းဖြစ်နေရင် ကန်ကျောက် ဖယ်ထုတ်ရမယ်၊ တစ်နွယ်တစ်ချုံ ဖြစ်နေရင်တော့ အမြစ်ပါ မကျန်အောင် ရှင်းရုံပဲ၊ နန်းမဟာက သွေးစိမ်းကို မပြောနဲ့ ကြားလေသွေးတာတောင် ဖြတ်သန်းခွင့် မပြုနိုင်တဲ့နေရာ .."

"ပြဿနာရှင်းတယ်ဆိုတာ ရှင်းကြပုံတွေ အများကြီးပဲ ဦးမောင်..၊ လူသိမခံချင်လေ သိချင်လာတဲ့လူတွေ ပိုများလေ ..၊ ကျွန်တော်ကတော့ ဒီဒေါ်ကြီး ဘယ်သူလဲဆိုတာ သိအောင် စုံစမ်းရမှာပဲ .."





ဦးမောင် မျက်နှာကြီးမှာ မျက်မှောင်ကုတ်လို့ မဲ့ခနဲ ဖြစ်သွားလိုက်၊ ပြိုကျ အေးစက်သွားလိုက်နှင့် အံကြိတ်ပစ်လိုက်တာလည်း သိသာစွာပဲ ဖြစ်သည်။

သူ့မျက်ဝန်းတွေမှာကိုက သွေးရင်းသားရင်းမည်သော ကြင်နာနွေးထွေးမှုဆိုတာ အလျဉ်းမရှိ ..။

"မိတ်ဆွေမှန်း မသိ .. ရန်သူမှန်း မသိ .. မည်းမည်းမြင်ရာ လိုက်ပစ်နေရင် အဲဒါ သွေးရူးသွေးတန်းဆန်တာ၊ ဒီဒေါ်ကြီးက နန်းမဟာဆို သိနေတယ် ..၊ ဘယ်လိုသိနေတာလဲဆိုတာ မေးရမှ ဖြစ်မယ် .."

စက် က ဦးမောင် ကို စူးခနဲ ကြည့်ပြီးမှ ရှောင်ထွက်လာခဲ့သည်။

"ဟွန်း .."

ဦးမောင် နှုတ်ခမ်းများက ထိမထင် မဲ့ပြုံးကိုတော့ မမြင်လိုက်ပေ။ ထိုအခါ မတူညီသော ခြားနားချက်တိုင်းသည် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၇)

"ဒေါက် .. ဒေါက် .."

"ကိုကိုလား .."

သောဘီ မီးပူတိုက်နေရာကနေ မီးပိတ်ခဲ့ပြီး တံခါးနားကို ထလာခဲ့သည်။ ဖွင့်ကြည့်လိုက်တော့ ဘယ်သူမှ မရှိ၊ ည ကိုးနာရီကျော်နေပြီဖြစ်ကာ ကိုကိုလည်း ဒီဘက် ပြန်ကူးမလာသေးပေ ..။

ညညဆို ဆယ်နာရီလောက်မှ ကိုကို အိပ်ခန်းထဲ ပြန်ရောက်တတ်ကာ တစ်ညလုံး အိမ်ကြီးထဲက အခန်းတစ်ခုခုထဲမှာ ဒါမှမဟုတ် သူ နေ့လယ်ပိုင်း ရှိနေတတ်သည့် အခန်းထဲမှာပဲ နေနေတာ များသည်။

စားစရာသွားပို့ရင်လည်း မကြိုက်၊ အိပ်ကြပါစို့လို့လည်း မခေါ်ရသဖြင့် သောဘီ ကိုကို ပြန်ဝင်မလာမချင်း ခုလိုပဲ အလုပ်မရှိ အလုပ်ရှာနေရသည်။

တံခါးဖွင့်ကြည့်လျက်သားနှင့် ဟိုဘက်ဒီဘက် မျှော်ကြည့်ရင်း စိတ်ထဲမှာ မလုံသလိုကြီး ဖြစ်လာသည်။ ခုလိုမျိုး တံခါးခေါက်ပြီး ဘာမှမရှိတာ ဒါနဲ့ဆို နှစ်ခါကြုံဖူးပြီ ဖြစ်၏။





ညနှင့် အမှောင်ကြောင့် စိတ်ထဲမှာ ဟိုလိုဒီလိုတွေ တွေးမိလာ၏။ အဖေတို့ မရှိတော့ပေမယ့် ဟိုဘက်မှာ သောဘီ တို့ခြံကြီး ရှိနေသည်လို့ အားတင်းခဲ့၏။

သောဘီ ဒီအိမ်ကြီးထဲမှာ မနေရဲတာတောင် နေလည်း မနေချင်ပေမယ့် ကိုကိုနဲ့ နေရသည့် သာယာမှုလေးတစ်ခုတည်းနှင့် ကြိတ်မှိတ်ကြိုးစားနေခဲ့တာပါ။

ကြာကြာဆို သူမ နေနိုင်ပါ့မလား ..၊ ကိုကို ဒီတိုင်း တစ်သက်လုံး ဒီဥပေက္ခာတွေနဲ့ ဆက်လက်နေထိုင်သွားမယ်ဆိုရင်ရော ဒီလိုညတွေကို သူမ တစ်သက်လုံး ကျော်ဖြတ်သွားနိုင်မလား ..။

တံခါးကို ဖျတ်ခနဲ ပြန်ပိတ်လိုက်ကာ ကျောနဲ့ကပ်၍ ပင့်သက်တစ်ဝကြီး ရှိုက်မိ၏။ ကြောက်လန့်ခြင်းဆိုတာကို စတင် ခံစားမိလာတာနှင့် ကိုကို့ကို ပြေးခေါ်ချင်စိတ်တွေပဲ ဖြစ်လာခဲ့၏။

ဒါပေမယ့် ခေါ်လို့မဖြစ်ပါ။ ကိုယ့်ရဲ့အချစ်တွေအပေါ်မှာ ကိုကို့ဘက်က အထင်မြင်သေးစရာတွေ နောက်ထပ် အဖြစ်မခံနိုင် ..။

ကိုကို လာတဲ့အထိ အားတင်းစောင့်နိုင်ဖို့ အလုပ်လုပ်ရင်း အချိန်ဖြုန်းရန် စိတ်ကူးမိစဉ် ...

"ဒေါက် .. ဒေါက် .."

အသံမထွက်မိအောင် ကိုယ့်ပါးစပ်ကို လက်ခုံလေးနဲ့ ကပ်ပိတ်လိုက်ရင်း သောဘီ ကျောလေးကော့သွားသည်။ တစ်ဖက်က တံခါးခေါက်လိုက်သည့် တုန်ခါအားက ကျောပြင်မှာပါ လာတုန်နေလျက် ...

"ဒေါက် .. ဒေါက် .."

ရင်ခုန်သံတွေ တဒိန်းဒိန်း ကြမ်းတမ်းလာသည်။ နှုတ်ခမ်းလေး ကိုက်ထားရင်း တံခါးနဲ့ ဖိကပ်ထားခဲ့သည့် ကျောပြင်ကို ဖြည်းဖြည်းသား ခွာလိုက်သည်။

ဒီတစ်ခါ အသံထွက်တာနှင့် ဆွဲဖွင့်လိုက်ဖို့စိတ်ကူးကာ လက်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘုကို သေချာဆုပ်ကိုင်ထားလိုက်ရင်း စောင့်နေမိ၏။ ထိုစဉ် ...

"ဒေါက် .. ဒေါက် .."

ဘောဘီ တံခါးကို ဖျတ်ခနဲ ဆွဲဖွင့်လိုက်လျှင် ...

"အား! .. .."

တံခါးရှေ့မှာ မားမားကြီးရပ်နေတာက ခေါင်းမပါသည့် ကိုယ် ကြီး ..၊ ဘောဘီ ရူးရူးဝါးဝါး အော်လိုက်မိကာ ခွေခနဲ ပုံကျသွား

အသံသွဲ့သွဲ့လေး ကြားလိုက်သဖြင့် စက် အခန်းထဲကနေ ထွက်လာခဲ့သည်။ တံခါးဖွင့်နေကာ အခန်းဝမှာ ခွေခွေလေး လဲ မေ့မြောနေသည့် ဘောဘီ ကို မြင်လိုက်တော့ ကမန်းကတန်း ပွေ့ လိုက်ရင်း ...

"ဘောဘီ .. ဘောဘီ .."

လှုပ်ခေါ်ကြည့်တာ မရတော့။ မွေ့ရာပေါ် အသာလေးချ ဘေးမှာ သူ ဝင်ထိုင်၍ ...

"ဘောဘီ .. ဟိတ် .. .."

"အင်း .."

"ဘောဘီ ဘာဖြစ်တာလဲ ..၊ မျက်လုံးဖွင့်ကြည့် .."

"ကိုကို .."

ဘောဘီ သူ့ကို မြင်သည်နှင့် အတင်းကျုံးထပြီး သိမ်းကျုံး သည်။ ပြီးတော့ ရင်ခွင်ထဲမှာ မျက်နှာလေး ကပ်၍ ကလေးလေး ငိုချလိုက်ရင်း ...

"သရဲ .. သရဲ ခြောက်တာ .. ဟီး .. ဟီး ..၊ ရှေ့မှာ ခေါင်းပြ ကြီး .. ဘောဘီ ကို တံခါးလာခေါက်တာ .."

ပြောရင်း ငိုရင်းနှင့် ရှိုက်နေတာ ရင်ဘတ်လေးပါ သိမ့်သိမ့်ခါ

"မင်းတစ်ယောက်တည်းမို့လို့ ကြောက်နေတာပါ.. ဘာမှမရှိဘူး

"ရှိတယ် .. ရှိတယ် ကိုကို .. တံခါးခေါက်တာ သုံးခါ





ဘောဘီ ဖွင့်လိုက်တာ၊ လူကြီးက အကြီးကြီးပဲ .. ခေါင်းမပါဘူး၊ တံခါး ရှေ့မှာ .. ဟီး .. ဟီး .."

သူ ဘာဆက်ပြောရမှန်း မသိတော့ပေ။ လူချင်းခွာလို့လည်း မရ..၊ မဟုတ်ပါဘူး ပြောတော့လည်း ဘောဘီ က ခေါင်းတွင်တွင်ခါပြီး ဒါကိုပဲ ထပ်ထပ်ပြောနေ၏။

ပြီးခဲ့တဲ့ တစ်ပတ်ကျော်ကလည်း တံခါးလာခေါက်လို့ ဖွင့်ကြည့် လိုက်တော့ လူမတွေ့ဘူးလို့ ပြောခဲ့ဖူးသေးသည်။ ဒါပေမယ့် အဲဒီတုန်း က ဘောဘီ မျက်နှာမှာ ကြောက်လန့်နေတဲ့ပုံ မရှိသေးပါ။

"ကိုကို ပြန်ထွက်မသွားနဲ့နော် ..၊ သွားရင်လည်း ဘောဘီ လိုက် မှာ .."

အကျီခါးစကို ဆွဲလိုက်၊ လက်မောင်းကို ဖက်ထားလိုက်နှင့် တစ်ညလုံး ဒီတိုင်းနေရတော့မလိုလို ..။

ခုတင်ပေါ်နဲ့ ခုတင်အောက် အိပ်နေကျပေမယ့် ထိုညမှာ စက် ရဲ့ခုတင်ပေါ်မှာပဲ သူမနဲ့အတူတူ အိပ်လိုက်ရ၏။ ရင်ခွင်ထဲမှာ ကလေး လို နှစ်ခြိုက်စွာ အိပ်ပျော်သွားသည့် သူမမျက်နှာလေးကို စီးမိုးငေးရင်း စက် အိပ်လို့ ဘယ်လိုမှမရတော့ဘဲ စီးကရက်သောက်ရင်း မိုးလင်းခါနီး မှ မှေးခနဲ ပျော်၏။

နိုးလာတော့လည်း သူပဲဖြစ်ကာ ဘောဘီ ကိုယ်လေးကို သိမ်းပွေ့ ဖက်ထားတာလည်း သူပါပဲ။ ပိုဆိုးသွားတာက ဘောဘီ နှာခေါင်းချွန်ချွန် လေးက သူ့မေးဖျားအောက်မှာ ထိကပ်ကာ လည်တိုင်ကို နမ်းနေသလို ရှိလျက် သူ့စိတ်တွေ ဘယ်လိုဖြစ်သွားခဲ့မှန်း မသိ ..။

တစ်ညလုံး မဖောက်မပြန် တည်ငြိမ်စွာ ရှိခဲ့ပြီးမှ ...

"ကိုကို .."

သူ မျက်နှာနုနုလေးကို ဘယ်လောက်ထိ မြတ်နိုးစွာ နမ်းနေမိမှန်း မသိ။ ဘောဘီ လူးလူးလွန့်လွန့်လေး ရုန်းဖယ်လာကာမှ သတိရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ဘေဘီ့ ကို ချစ်လို့လားဟင် .."

"... ... ... ..."

"ပြောလေ.ကိုကို ..၊ ဘေဘီ လိုချင်တာက ရင်ခွင်ထဲရောက်အောင်လို့ သွေးဆူနေတဲ့ အနမ်းတွေ မဟုတ်ဘူး၊ အချစ်နဲ့ပဲ .."

"လျှောက်မမေးနဲ့ကွာ .."

"မေးသင့်လို့ မေးနေတာပါ ကိုကို ..၊ ချစ်တယ်ဆိုတဲ့ စကားလေးကိုပဲ ပြောပေးပါ၊ ဘေဘီ ဘယ်လိုနေရနေရ ဘာတွေဖြစ်ဖြစ် ခွန်အားရှိမှာပါ .."

"သွေးဆူရအောင် မင်းကို ကိုယ် ဘာတွေ လုပ်နေလို့လဲ .."

'မင်း'နဲ့ 'ကိုယ်'လို့ သုံးနှုန်းလာတာလေးကို သတိထားမိပြီး ဘေဘီ ကြည်နူးသွားသည်။

"ဒါဆို ချစ်တယ်ပေါ့ ..၊ ပြောလေ ကိုကို .."

စက် က မဖြေပါ။ မေးခွန်းတွေ မေး၍ သူ နမ်းဖို့ ရှေ့တိုးလိုက်တိုင်း ရှောင်တိမ်းနေသည့် မျက်နှာလေးကိုပဲ မရမက သိမ်းပိုက်၍ –

"ငြိမ်ငြိမ်လေး နေ .."

အတူတူ အိပ်စက်ခွင့် မရခဲ့ဘူးသော ကိုကို့မွေ့ရာကြီးပေါ်မှာ ဘေဘီ ပထမဆုံး ကိုကို့နဲ့အတူ အိပ်စက်ခဲ့ရပြီး ပထမဆုံးရခဲ့သည့် ချိုမြိန်သောအနမ်းတို့သည် ..၊

ကိုကို မသိချင်ယောင်ဆောင်ပေမယ့် ဒါဟာ အချစ်တွေပါပဲ ကိုကို..။





## အခန်း(၃၈)

"မင်း မြင်ရင် သိမှာပဲလို့ ငါ ထင်တာ၊ ဘယ်လိုလဲ အခု .."

စကားပြောသံကို သေချာ ကြားလိုက်သည်။ ဘေဘီ နောက်ဖေးအခန်းဆက်ကို လျှောက်နေရင်း ခြေစုံရပ်၍ နားစွင့်မိ၏။

"ကျွန်တော် မသိဘူး .."

"မင်း သိနေတယ် ကျော်အောင် ..၊ ဒီမိန်းမ နန်းမဟာကို သိနေတယ်ဆိုရင် မင်း သူ့ကို မသိဘူးဆိုတာ မဖြစ်နိုင်ဘူး .."

"ကျွန်တော် တကယ် မသိဘူး၊ လူတစ်ယောက်ရဲ့ ပုံပန်းသဏ္ဌာန်ဟာ ပိန်ခြင်း၊ ဝခြင်း၊ ပုခြင်း၊ ညှပ်ခြင်း အားလုံးပေါ်မှာ တစ်မျိုးမျိုးနဲ့ သုံးဝ ပြောင်းလဲသွားနိုင်တာပဲ၊ ကျွန်တော့်ကိုပဲ ကိုမောင် ကြည့်စမ်းပါ.. လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်က ကျော်အောင် နဲ့ တူသေးရဲ့လား.."

"မဆိုင်တာတွေ အလုပ်ရှုပ်ခံပြီး ဆွဲတွေးမနေနဲ့ ..၊ သူ့မျက်နှာကို သေကွဲရင်တောင် နန်းမဟာကို သူက သိနေတယ်ဆိုရင် ဒီပုံပန်းသဏ္ဌာန်နဲ့ ဆက်စပ်တွေးကြည့်လို့ ရတယ်၊ ဘယ်သူ ဖြစ်နိုင်လဲ .."



www.burmeseclassic.com

www.burmeseclassic.com



"နန်းမဟာရဲ့ ဆွေမျိုးရင်းချာ ဘယ်သူမှ မရှိဘူး၊ တစ်စိမ်းဆိုရင်လည်း အဲဒါ တစ်ချိန်က ကျေးကျွန်တွေပဲ ဖြစ်မယ် .."

အသံတွေ တိတ်ကျသွားသည်။ ဦးမောင် အသံကို ဘေဘီ သိ... ကာ တခြားအသံကျတော့ အသံက သေးသုပ်သုပ်လေး ဖြစ်၏။

ဒီအိမ်မှာ လူသုံးယောက်ပဲ နေခဲ့ကြတာမှန်လည်း ထိုအသံလေး... ကိုကို့အဖေပဲ ဖြစ်ရမည်။ ဒါဆို ကိုကို့လေသံ ဒီလောက်ထိ ညြ... ပြည့်ဝနေပြီး ပုံပန်းသဏ္ဍာန်က မဟာဆန်နေတာ ..၊ အဖေဖြစ်သူက... ဒီလို မခန့်ညားသည့်လေသံ ပေါက်နေတာ ဘာကြောင့်လဲ ..။

တွေးစရာတွေ များပြားလာပေမယ့် စကားသံတွေ တိတ်သွား... သဖြင့် ဦးမောင်မောင် ဘယ်နေရာကဖြစ်ဖြစ် ထွက်လာနိုင်တာကို တွေး... လိုက်မိသည်။

ထို့ကြောင့် နံရံမှာ ကပ်နေရာကနေ ဆက်လျှောက်လာခဲ့မိသည်။ သူမ ထင်သည့်အတိုင်းပင် ခြေသံတစ်ချက်ကြားလိုက်ရပြီး ဦးမောင်မောင် ထွက်သွားသည့် ကျောပြင်ကြီးရဲ့ တစ်စွန်းတစ်စကို မြင်လိုက်ရ၏။

ဘေဘီ နံရံထောင့်လေးမှာ ကွယ်နေကာ ဦးမောင်မောင် လုံး... ပျောက်ကွယ်သွားတဲ့အထိ စောင့်နေခဲ့၏။ အားလုံး ပြန်လည်တိတ်ဆိတ်သွားလျှင် ခုနက အသံကြားနေရသည့်အခန်းနှင့် ဦးမောင်မောင် ထွက်လာသော စင်္ကြံလမ်းထောင့်နေရာကို ဆက်စပ် ရှာဖွေကြည့်လိုက်သည်။

သိပ်တော့ မရှာလိုက်ရပါ။ တွေ့လိုက်သည့်နေရာက သူမ ပထမ... ဆုံး ပတ်တီးတွေ့ခဲ့ဖူးသောနေရာမှာပဲ ဖြစ်ကာ ထိုနေရာမှာ ထပ်တွေ့... လိုက်ရတာက စီးကရက်ပြာတွေ ဖြစ်သည်။

တစ်အိမ်လုံး ဘယ်မှာမှ လင်းလင်းချင်းချင်း မရှိသောကြောင့် စီးကရက်ပြာတွေကို သေချာ ထပ်ကိုင်ကြည့်ပြီးမှ ပတ်ဝန်းကျင်မှာ... တံခါးပေါက်နဲ့တူတာကို လှည့်ပတ်ရှာရ၏။

ဒီအိမ်ကြီးထဲမှာ ရှိသမျှ အခန်းတိုင်းက အပြင်ကကြည့်တော့သာ...





...ခါးတွေကိုယ်စီနှင့် ဖြစ်နေပေမယ့် အထဲမှာ နောက်ထပ် ဆက်သွယ်... လာနိုင်သည့် လျှို့ဝှက်တံခါးတွေ ရှိနေနိုင်တာ သူမ လက်တွေ့... ...ပြီးသား ..။

ဒါကြောင့် အထဲဝင်ဖို့ ခလုတ်တစ်ခုခု ဒါမှမဟုတ် အရင်တစ်ခါ... ...ဒီတွန်းမိလို့ ပွင့်သွားတာမျိုး ..၊ တစ်ခုခု ထပ်ဖြစ်လာအောင် အမျိုး... ...လုပ်ကြည့်နေမိ၏။

သူမသာ ချွေးပြန်လာခဲ့သည်။ အထဲဝင်စရာ တံခါးနဲ့တူတာ... ...မတွေ့ ..။ ထိုစဉ် ...

"အား!.. ဟား .."

အသံကြီးတစ်ခု ထွက်လာသဖြင့် ဘေဘီ ဆတ်ခနဲ ကိုယ်လေး... ...သွားသည်။

"ကျွတ် .. ကျွတ် .."

ဘယ်က ညည်းတွားနေတာလဲ ..၊ သူမ ညဘက် တစ်ခါတစ်ခါ... ...ကြားရတတ်သည့်အသံက ဒီအသံပဲ ဖြစ်နိုင်၏။ သွားပါများ ခရီး... ...ပေါက် ဆိုသလို ဖွဲမလျှော့ဘဲ ရှာဖွေနေမိစဉ် ...

"ဟင်!..."

ဘယ်ကမှ ဝင်စရာမလိုဘဲ တံခါးတစ်ချပ် သိမ့်ခနဲ ဖြစ်သွားပြီး... ...လာသည်။ သူမနဲ့တော့ အလှမ်းကွာသော်လည်း ထွက်လာသည့်... ...ပုံစံကို သေချာ မြင်နေရ၏။

တစ်ကိုယ်လုံး အညိုရောင် အင်္ကျီဖားဖားအရှည်ကြီးကို ဝတ်ထား... ...ခေါင်းမှာလည်း ဆောင်းတွင်းဦးထုပ်ပုံစံမျိုး နားဖုံးတွေပါသည့်... ...ဦးထုပ်က ရုတ်တရက်ကြည့်လျှင် တော်လှန်ရေးကားတွေထဲက ဖက်ဆစ်... ...ပုံစံ ..။

ထိုပြင် အရပ်အမောင်းကလည်း ခပ်သွယ်သွယ် သေးသေးပဲဖြစ်... ...ဦးမောင် နဲ့ ကိုကိုတို့လို ကြံ့ခိုင်တောင့်တင်းတဲ့ပုံ မရှိ ..။



www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ခုထဲက ထွက်၍ တခြားအခန်းကို ကူးသွားပုံက မြေ
လှမ်းကျဲများနှင့် ရေးကြီးသုတ်ပျာဆန်နေသလို အခန်းအောင်းနေရသည့်
လူမမာနဲ့ နည်းနည်းလေးမှ မတူ ...။

ဒီလူကြီးက ကိုကို့ဖေဖေ ဟုတ်ရဲ့လား ...။

စဉ်းစားသည့်အလုပ်ကို လုပ်ရင်း လူကြီးဝင်သွားသည့် အခန်း
ဘက်ကို ဘောဘီ အမိအရ လိုက်သည်။ ကံကောင်းသွားတာက တံခါး
လော့ခ်ချပိတ်မထားခြင်းပင် ...။

အထဲမှာ လှုပ်ရှားနေသံတစ်ခုကို ကြားနေရသည်။ ပြီးတော့ ခုံရွှေ့
သံလည်း ပါ၏။ တံခါးကို တွန်းဖွင့်ကြည့်ချင်စိတ်တွေ ပြင်းထန်လာ
ကာ ဘောဘီ တံခါးပေါ် လက်တင်မိ၏။

ဒီလူကြီးက ကိုကို့ဖေဖေပဲဆိုတာ ပထမဆုံး ယုံကြည်ထားလိုက်
ကာ သူ့ရဲ့ချွေးမကိုတော့ ဦးမောင် ဆက်ဆံပုံမျိုးနဲ့ တုံ့ပြန်မှာ မဟုတ်
ဘူးလို့ ကိုယ့်ကိုယ်ကိုယ် ရဲဆေးတင်မိရင်း ...

"ဟင်!..."

အသာလေး တွန်းဖွင့်လိုက်သည့်အထဲမှာ မြင်လိုက်ရသည့်မျက်နှာ
တစောင်းက ပါးရိုးက ပြေပြေ .. နှာခေါင်းရိုးက ပေါ်လွင်ခြင်းမရှိတာ
ထက်ဆိုးကာ ပြားကပ်ကပ် ဖြစ်နေတာလား ...၊ ကိုယ်ပဲ အမြင်မှားတာ
လား ...။

ဘောဘီ တံခါးကို အားမလိုအားမရ ဖွင့်မိရင်း မျက်နှာတစ်ခုလုံး
အခန်းထဲထိ ကျုံ့ဝင်နေတာကိုလည်း သတိမထားမိတော့ပေ။

ထို့ပြင် နှာခေါင်းထဲ ဝင်လာတာက ညှီစို့စို့ အနံ့ဆိုးကြီး ...။

"အား!... ဟား .. ဟား .. ကျွတ် .."

လူကြီးဆီမှ ညည်းသံကြီး ထွက်လာကာ ခေါင်းကဦးထုပ်ကို ဆွဲ
ချွတ်သည်။ မျက်နှာ ဒီဘက်လှည့်လာတော့ ဘောဘီ ဆတ်ခနဲ ကိုယ်ကို
ကွယ်လိုက်ရ၏။





ထိုအခါကျမှ သူမ သေသေချာချာကြီး ကြည့်နေမိသည့်အဖြစ်ကို
သတိရကာ 'မိ'သွားလိုက်ရင် သွားပြီလို့ တွေးမိပြီး ကျောချမ်းသွား၏။

ကိုကို့ဖေဖေက ဘာရောဂါ ဖြစ်နေတဲ့ လူမမာလဲ ...၊ မြင်ရကြားရ
တာတွေကို ဆက်စပ်တွေးကြည့်ပေမယ့် တိကျသည့် အဖြေက မရှိ။
ဒါပေမယ့် ...

အလုံးစုံ သိမြင်အောင် တွေးတောစဉ်းစားနေဖို့ သူမမှာ အချိန်
မရှိသေးပေ ...။ အခန်းနားကနေ လှစ်လှစ်ပါအောင် ပြန်ပြေးလာခဲ့ရင်း
နှာခေါင်းထဲမှာ စွဲလာခဲ့သည့် အနံ့ဆိုးကြီးက စွဲကပ်ပါလာသလိုလို...။

သူမ တစ်ခါက တွေ့ခဲ့သည့် ပတ်တီးစနဲ့ ထိုအပေါ်က အညစ်
အကြေးတွေကို ပြန်တွေးမိကာ အခြေအနေတွေကို တွဲစပ်ကြည့်လိုက်
တော့ စိတ်ထဲမှာ ပေါ်လာသည့် ဖြစ်နိုင်ချေတွေက ဟိုလိုလို .. ဒီလိုလို...။

မဖြစ်နိုင်တာတွေလို့ပဲ သဘောထား၍ ဖျောက်ဖျက် ပြင်ဆင်
ကြည့်တော့လည်း ဖြစ်နိုင်တာက ဘာမှမရှိတော့ဘဲ ဖြစ်နေပြန်သည်။

ဒါဆို ကိုကို့ဖေဖေကို တွေ့နေသားနဲ့ ဘာဖြစ်လို့ ကိုယ်တိုင် ဝင်
မေးခဲ့တာလဲ ...၊ တွေ့ချင်လို့ လိုက်သွားမိပြီးမှ ဘာဖြစ်လို့ ပြန်ပြေးလာ
ခဲ့တာလဲ ...။

ဘာတွေလုပ်ခဲ့မိမှန်း မသိသည့် ကိုယ့်ကိုယ်ကိုယ်လည်း မကျေနပ်
ချင် ...၊ ဒီတစ်ခါဆိုရင်တော့ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၉)

ထမင်းစားချိန်ကိုတော့ ပြန်ရောက်လာတတ်တာမို့ ကိုကို့အကြိုက် ဖွယ်ဖွယ်ရာရာလေးတွေ လုပ်ကိုင်ပေးနေရတာကို ဘောဘီ ပျော်နေမိ၏။

ချစ်တယ်ဆိုတဲ့စကား မကြားရသေးပေမယ့် ကိုကို့ဆီက နွေးထွေးသည့်တုံ့ပြန်မှုလေးတွေ ရှိလာခဲ့သည့်အတွက် အရာရာဟာ စိတ်ချမ်းမြေ့ဖွယ် ဖြစ်နေခဲ့၏။

ဖေဖေတို့အားလုံးကို တစ်ခါတစ်ခါ သတိရမိပေမယ့် ကိုကို့နဲ့ပဲ နေချင်သည့်ဆန္ဒကပဲ အဓိကဖြစ်နေသဖြင့် လွမ်းမိတာကို ဖျောက်ထားနိုင်ခဲ့၏။

ပြီးတော့ မိဘနဲ့ မိသားစုဆိုတာ ဘယ်လို ဝေးကွာနေနေ သွေးအေးသွားတယ်ဆိုတာ မရှိ။ မေ့ပျောက် ပြတ်တောက်ကုန်ကြမှာလည်း မဟုတ်ပေ ...။

ကိုကို့နဲ့ ဝေးကြရင်သာ သူမ ရင်ကွဲရမှာ ဖြစ်သည်။





တကယ်ဆို ကိုကို့ဘဝထဲကို ဝင်နိုင်ဖို့ ဘောဘီ ကြိုးစားခဲ့ရတာဟုတ်ဘဲ ကံကြမ္မာကိုက ဆုံစည်းစေခဲ့တာပါ။

ဒါကြောင့် ဒီအခွင့်အရေးကိုတော့ ဘောဘီ ကိုယ့်ကြောင့် ထပ်ပြီး ဆုံးရှုံးမခံနိုင် ...။

"ဒုတ် .."

"အ!.. ကျွတ် .. ကျွတ် ..."

ကြက်ကုန်းဘောင်လုပ်မလို့ ရှော့တ်ပွနဲ့ ဥနီတွေကို လှလှပပ တုံးနေရင်း စာအုပ် ပြန်ကြည့်လိုက်၊ ဓားကိုင်လိုက်မို့ မျက်လုံးနဲ့လက်က တစ်ချက်တစ်ချက် နေရာလွဲ၏။

ဒီကြားထဲ ကိုကို့မျက်နှာကို မြင်နေရင်း စိတ်ကူးတွေထဲမှာ မျောနေခဲ့သဖြင့် ကံကောင်းလို့ ဓားနဲ့ လှီးမချမိတာ ဖြစ်သည်။

နာရီကြည့်လိုက်တော့ ညနေ လေးနာရီ ထိုးတော့မည်။ တွေးတာတွေ လျှော့၍ အလုပ် မြန်မြန်လုပ်ဖို့ စိတ်ကူးလိုက်၏။

အသီးအရွက်လှီးပြီးသားတွေကို ဆန်ခါထဲ ထည့်ထားခဲ့ပြီး ရေခဲသေတ္တာထဲက ထုတ်ထားသည့် ကြက်သားဘူးဆီ ယူဖို့အလှည့် ...။

"အား!..."

ကြက်သားဘူးနေရာမှာ မိန်းမခေါင်းပြတ်ကြီးက ဆံပင်တွေ ထိုးထိုးထောင်ထောင်ကြားမှာ မျက်လုံးအပြူးသားနှင့် ...။

မျက်နှာကို လက်နဲ့ကာ၍ ရူးရူးဝါးဝါး အော်မိကာ ဘောဘီ အခန်းထဲက ပြေးထွက်သည်။

"ကိုကို .. ကိုကိုရေ .."

"ဒုတ် .."

"အား!..."

မရှိတဲ့လူကို တအား အော်ခေါ်ရင်း စွတ်ပြေးသဖြင့် ဘာနဲ့ ခလုတ်တိုက်မိမှန်း မသိဘဲ အွန့်ခနဲ လဲ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးရဲ့ ဘေးတံခါးတစ်ခုနား ရောက်နေပြီမို့ လဲကျသွားသည့် ပြင် လေ့ကားငါးထစ်ကို ဒလိမ့်ခေါက်ကွေး ကျော်ဖြတ်၍ အပြင်ထို ပုံလျက်သား ရောက်သွားသည်။

"မဟုတ်ဘူး .. အဲ့ဒါ မဟုတ်ဘူး .. ကိုကိုရေ .. မြန်မြန်လာပါ- ဟီး .. ဟီး .."

ဘေဘီ မျက်လုံးတွေထဲမှာ ပြာဝေနေဆဲဖြစ်ကာ မျက်ရည်တွေက တော့ အင်တိုက်အားတိုက် ကျ၏။

သူမ အပုံလိုက်ကျသည့် နေရာလေးမှာပဲ ခွေခွေခေါက်ခေါက်လေး ငိုကြွေးရင်း ...၊





အခန်း(၄၀)

"ကိုစက် ပြန်သွားပြီလေ ညီမလေး ...၊ ပြန်မရောက်သေးဘူး လား .."

ဖုန်းပြောရင်း မြဒူ က ဟန်ဝင်း ကို လှည့်ကြည့်၏။ ဟန်ဝင်း က ထလာကာ ...

"ဘေဘီ လား .."

"ဟုတ်တယ် .. အိမ်ကနေ ခေါ်နေတာ၊ ထူးထူးဆန်းဆန်း ဖုန်း ခေါ်နေလို့ အံ့သြနေတာ ...၊ ဒီမှာ .."

"ဘာတဲ့လဲ .."

"ကြောက်နေတယ် ထင်တယ် .. မိုးစ သူမှာကို ကိုစက် ပြန် ရောက်သေးလို့တဲ့ ...၊ သနားပါတယ်"

မြဒူ က ဖုန်းကို လက်နဲ့ကပ်ပိတ်ထားပြီး ဟန်ဝင်း နဲ့ စကားပြော ပြီးမှ ဘေဘီ ကို အားပေးစကားတွေ ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား .. သူ့ဖုန်း ပိတ်ထားတာတော့ မဟုတ်လောက်ဘူး ညီမလေးကို ဖုန်းကိုင်ဖို့တောင် ခွင့်ပြုထားခဲ့ရင် သူ ပိတ်မှာ မဟုတ်ပါဘူး၊ ဒီကောင်က အရမ်းစေ့စပ်တဲ့ကောင် .."

လင်မယားနှစ်ယောက်စလုံး အားပေးနေပေမယ့် တစ်ဖက်မှာတော့ ဆောဘီ ဒီနေရာလေးမှာပဲ ငုတ်တုတ်လေး ပြန်ထိုင်နေတာ ဖြစ်ကာ ...

"အစ်ကို ဟန်ဝင်း .. ကိုကို့ဆီ ခေါ်ကြည့်ပေးပါဦးနော် .."

ဒီဖုန်းကိုတောင် ကိုကို နားနေကျအခန်းထဲ အရဲစွန့်ဝင်ပြီး တုန်တုန်ယင်ယင်နဲ့ ရှာဖွေယူခဲ့ရတာ ဖြစ်သည်။ ဒီမှာ ပြန်ထွက်လာပြီး ခေါ်တာ ကိုကို့ဆီလည်း ခေါ်မရ ..၊ ကိုဟန်ဝင်း တို့ဆီ ခေါ်တော့လည်း တော်တော်နဲ့ မရပေ ..။

မစဲသော မျက်ရည်တို့က တဝေ့ဝေ့တက်ကာ ဖုန်းကိုင်ထားသည့် လက်တို့ကလည်း တုန်ယင်နေဆဲ ..၊

မိုးချုပ်တဲ့အထိ ကိုကို ပြန်မရောက်သေးရင် ဘယ်လိုလုပ်ရမလဲ .. ဟုတွေးစဉ် ...

"ဖက် .."

"ဒုတ် .."

ဆောဘီ နောက်ထပ် ကိုကို့ကို ထပ်ခေါ်ကြည့်ဖို့ ပြင်နေဆဲ ဖုန်းကို တစ်စုံတစ်ယောက်က လှမ်းရိုက်ပစ်၏။ ဖုန်းသည် ဆောဘီ လက်ထဲကနေ တိုက်နံရံနဲ့ ဝှီးခနဲ ပြေးဆောင့်၏။

"ဘယ်သူ့ဆီကို ဆက်နေတာလဲ .."

ဦးမောင်မောင် က ဆောဘီ မျက်နှာကို ဒူးနဲ့ တိုက်ဆောင့်ပစ်တော့မယ့်အတိုင်း ..၊ ရှေ့မှာ လက်နောက်ပစ်၍ ရပ်လာပုံက ရန်လိုစွာ ..

"ဆောဘီ ကိုကို့ကို ခေါ်နေတာ .. မရလို့ .."

မခံချင်စိတ်နဲ့ သူ့ရှေ့မှာ ထရပ်ပြီး ပြန်ပြောချင်ပေမယ့် ရွတ်





တရက် လူက ခွန်အားမဲ့သလို ဖြစ်နေ၏။

"မင်း ငါ့ကို လိမ်တယ် ဟုတ်လား ..၊ တခြားလူတွေနဲ့ စကားပြောနေတာ ငါ ကြားလိုက်တယ်၊ မင်းကို ဖုန်းကိုင်ဖို့ ဘယ်သူ ခွင့်ပြုလိုက်တာလဲ ..၊ အပြင်လူတွေနဲ့ ဖုန်းပြောဖို့ ဘယ်သူ ခွင့်ပြုလို့လဲ.."

ဆောဘီ နံရံကို လက်လေးထောက်၍ ထရပ်လိုက်ကာ ဦးမောင်မောင် ကို စူးရဲစွာ ပြန်ကြည့်၏။

"ကိုကို ခွင့်ပြုထားတာ .."

"ဘာ!..."

"ဆောဘီ က အကျိုးအကြောင်းရှိလာရင် ကိုကို့ဆီ မဆက်ရတော့ဘူးလား ..၊ တစ်သက်လုံး ဖုန်းကိုင်ခွင့် မရှိတော့ဘူးလား .."

"ဟုတ်တယ် .. ဖုန်း လုံးဝ မကိုင်ရဘူး၊ ဖုန်းကိုင်ခွင့်ရတာနဲ့ မင်း အခု ဘယ်နှစ်အိမ်လောက်ကို လှမ်းခေါ်နေပြီလဲ ..၊ ဘာတွေပြောပြလိုက်ပြီလဲ .."

"ပြောစရာရှိတာတော့ ပြောရမှာပဲ အန်ကယ်လ် ..၊ တစ်ခုခုဖြစ်ပြီဆိုရင် ဒီအိမ်ကြီးထဲမှာ ဆောဘီ တစ်ယောက်တည်း ရှိနေသလို ခံစားရတယ်၊ အားလုံးက ကိုယ့်အခန်းထဲမှာ ကိုယ်နေ .. ကိုယ့်ကိစ္စရှိမှ ပေါ်ပေါ်လာတာ၊ ကိုကိုကအစ ဒီတိုင်းပဲ နေခဲ့တာ .."

"အဲဒါတွေ မင်း မခံစားနိုင်ရင် ထွက်သွားလေ .."

"ခံစားနိုင်ပါတယ် .. ဆောဘီ ရဲ့ သည်းခံခဲ့မှုတွေကြောင့် အခု ကိုကို့ဆီက လိုက်လျောမှုကို ရခဲ့တာ၊ ဘယ်လို အကြောင်းတရားတွေပဲ ရှိရှိ ဆောဘီ ကိုကို့နားကနေ ဘယ်မှ ထွက်မသွားဘူး .."

"အေး .. ဒါဆိုရင် နေလိုက် ..၊ တစ်ခုရှိတာက .. သျှန် က ခွင့်ပြုလိုက်ပေမယ့် ငါ ခွင့်မပြုဘူး၊ မင်း နောက်ထပ် လုံးဝ ဖုန်းမပြောပါနဲ့.."

"ဆောဘီ သတ်မှတ်ထားတာ ဆောဘီ ဘဝရဲ့ အရှင်သခင် အဖြစ် ဦးနေတ်က ကိုကို တစ်ယောက်တည်းပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် .."

ဦးမောင်မောင် အမြဲတမ်း နောက်ပစ်ထားတတ်သည့် လက်တစ်ဖက် ရိုပ်ခနဲ မြောက်တက်သွားသည်။ ရုတ်တရက် ထိတ်လန့်သွားပေမယ့် ဒါမျိုးကိုတော့ ဘောဘီ မကြောက်ပါ ..။

အင်အားချင်း မမျှလို့ သူ့ခြေထောက်အောက်မှာ ပိပြားနေပါစေ- ပြောနိုင်သမျှတော့ ပြောသွားမှာပဲ ဖြစ်သည်။

ထို့ကြောင့် စူးရဲ မျက်ဝန်းလေးတွေမှာ ကြောက်လန့်ထိတ်ပျာသွားတာမျိုး အလျဉ်းမဖြစ်ခဲ့ဘဲ ...

"ဒီလိုမလုပ်ပါနဲ့ ဦးမောင် .."

ဦးမောင် လက်ကို နောက်လက်တစ်ဖက်က ဖက်ခနဲ ဖမ်းဆုပ်လိုက်ကာ သျှန့် စကားသံ ပေါ်လာ၏။

ဘောဘီ မျက်ဝန်းလေးတွေက လေထဲမှာ ရပ်တန့်သွားသည့် ဦးမောင် လက်ဝါးကြီးကိုပဲ စူးစိုက်ကြည့်နေမိခဲ့သည်။

လက်ဖဝါးပြင်တစ်ခုလုံးက ရေနွေးပူလောင်ထားသလို အနီကွက်ကြီးတွေ ဆက်လျက် ...

"ဘောဘီ .. အထဲဝင် .."

ဖုန်းကွဲနဲ့ ဘောဘီ ကို ဝေ့ကြည့်ကာ အထဲဝင်နိုင်းလိုက်ပြီးမှ လက်ကို လွှတ်ပေး၍ ...

"သူ ဒီအိမ်မှာ မြဲသည်ဖြစ်စေ .. မမြဲဘူးဖြစ်စေ ဒီကလူတွေရဲ့ အဆင့်အတန်းကို ဒီပုံစံနဲ့ ဆုံးဖြတ် သတ်မှတ်သွားလို့ မဖြစ်ဘူး၊ သူက မိန်းမငယ်လေးပါ .."

"ယောက်ျား .. မိန်းမ .. ကြီးကြီး .. ငယ်ငယ် .. ငါ မလိုချင်ဘူး။ မင်းက အခု ဒီကောင်မလေးအတွက် ငါတို့ကိုပါ ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်တာလား .."

"ကျွတ်!..."





ရင်ဆိုင်မိပြီဆို ပြောရတာ ဒီစကားတွေပဲ ဖြစ်နေတာ စိတ်ပျက်မိ၏။

"သူ့ကို မင်း ဖုန်းကိုင်နိုင်းလိုက်တဲ့အတွက် အခု ဘာတွေ ဖြစ်နေသလဲ သိလား .."

စက် က ဘောင်းဘီအိတ်တွေထဲ လက်ထည့်ရင်း နောက်ဆုတ်ရပ်၏။ ပြီးတော့ ဦးမောင် မျက်နှာကို တည်ငြိမ်သည့် မျက်ဝန်းတို့ဖြင့် ကြည့်၍ ...

"ဖြစ်လာနိုင်တာတွေ သိလို့ သူ အားမငယ်အောင် ခွင့်ပြုထားတာ ..၊ အကြောက်လွန်ရင် သေတတ်တယ်လေ .."

ဦးမောင် က စိုက်ကြည့်နေသည့် စက် ရဲ့မျက်ဝန်းတွေကို ရင်ဆိုင်မကြည့်ဘဲ ဖျတ်ခနဲ မျက်နှာလွှဲ၏။ ဒါပေမယ့် ချက်ချင်း ပြန်မော့လာတာ ...

"ဒီအိမ်ကြီးထဲကို စဝင်လာကတည်းက ဘယ်လိုပုံစံ ဖွဲ့စည်းထားသလဲဆိုတာ သူ သိရမယ်၊ အဲဒီကောင်မလေး မက်လုံးတစ်ခုတည်းနဲ့ ခရမက ကုပ်တွယ်နေတာ မင်း သိလား ..၊ သူ မှက်မောနေတဲ့အရာဟာ မင်းမှမင်းပဲလို့ ထင်ပြီး သူ့အပေါ် 'ပ'စားပေးနေတယ်ဆိုရင်တော့ မင်း ကြောင်နေပြီ .."

"အဟွန်း .."

စက် က ပြုံးလိုက်ပေမယ့် မဲ့ပြုံးဖြစ်ကာ မျက်ဝန်းတွေကို ဦးမောင် မျက်နှာပေါ်ကနေ တစ်ချက်မှ မလွှဲ ..၊

"ကျွန်တော် ကြောင်နေပါစေ .. သူ ကြောင်သွားအောင် ဦးမောင် မလုပ်ပါနဲ့ .."

"ဘယ်လို .."

"အမျိုးမျိုးသော ခြောက်လှန့်နည်းတွေကို ရပ်လိုက်ပါ ဦးမောင်"

"မင်း ငါ့ကို စွပ်စွဲနေတာလား .."



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါ ..၊ လက်ပူးလက်ကြပ် ဆွဲပြနိုင်ပေမယ့် ဒါမျိုးက အဆင်ဆိုးပါတယ်၊ ဦးမောင် လုပ်တာတွေကို ကျွန်တော် မထုတ်ဖော်ဘဲ နေလိုက်မယ်၊ ရှေ့ဆက် မလုပ်ပါနဲ့ .."

သူ လှည့်ထွက်လိုက်တာနှင့် ဦးမောင်မောင် တစ်ချက် လှုပ်လှုပ် ရှားရှား ဖြစ်သွားလျက် ...

"သျှန် .."

စက် လှည့်ကြည့်လိုက်သည့်ရှေ့ကို ရောက်လာပြီး ...

"ငါလည်း ပြောဖို့ ရှိတယ် ..၊ မင်း လုပ်ချင်တာကို မင်း ရှေ့ဆက် လုပ်နေသလို ငါလည်း လုပ်သင့်တာမှန်သမျှ လုပ်ရမှာပဲ၊ မင်းက မိန်းမ တစ်ယောက်အတွက် ..၊ ငါက မင်းရဲ့အဖေ ငါ့ညီအတွက် .. 'နန်းမဟာ' စံအိမ်ကြီးအတွက် .."





## အခန်း(၄၁)

"ကိုကို .."

သူ ရေချိုးပြီးစ အင်္ကျီလဲနေတုန်း ဘောဘီ သူ့နောက်ကို ရောက်လာသည်။ အင်္ကျီကို အပြီးသတ် ဆွဲဆန့်ပြပြင်၍ ဗီရိုကို ပြန်ပိတ်လိုက်တော့ မှန်ထဲမှာ ဘောဘီ့ မျက်နှာလေးက ချောင်ကျနေကာ ...

"ကိုကို့ကို တောင်းပန်ပါတယ် .."

သူ့ခါးကို နောက်ကနေ သိုင်းဖက်ထားကာ ရှိုက်ငိုချလိုက်၏။

"ဘာတွေ ဖြစ်နေလို့လဲ ဘောဘီ .."

သူမကို ခပ်စိမ်းစိမ်းနေနိုင်ဖို့ ကြိုးစားတိုင်း မအောင်မြင်တော့တာ ကိုယ့်ကိုယ်ကိုယ်လည်း နားလည်နေပါပြီ ..။ စိုးရိမ်စိတ်တို့နှင့် သူမ သက်ကလေးတွေကို ခွာချကာ မျက်နှာချင်းဆိုင် လှည့်လိုက်မိ၏။

အမြဲတမ်း ဆံပင်နှစ်ဖက်စည်းလေး တဝေ့ဝေ့နှင့် တင်းပြည့်နှမွတ် နေသည့် မျက်နှာလှလှလေးက ဆံပင်တွေ ဖားလျားပြေကျလျက် မျက် ရည်တို့နှင့် စိုလူးနေ၏။

ကော့ညွတ်သည့် မျက်တောင်ဖျားတို့သည် မျက်ရည်ကြောင့် ပူးတွဲ ကပ်နေကာ မြင်မကောင်းအောင် နီမြန်းနေသည့် မျက်နှာလေး တစ် ပြင်လုံးက သူ့ရင်ကို လက်နက်တစ်ခုနဲ့ ထိုးနှက်နေသလိုပင် ..။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ .. ဘာဖြစ်လာတာလဲ .."

"ဘောဘီ ကြောက်တယ် ကိုကို ..၊ ကိုကို နောက်တစ်ခါ နေဝင်မိုးချုပ်တဲ့အထိ ထွက်သွားမယ်ဆိုရင် .."

"ကိုယ် မင်းကို ခေါ်သွားမယ် .."

မထင်မှတ်သည့်စကားကို ကြားလိုက်ရသဖြင့် ဘောဘီ သူ့ကို မယုံနိုင်စွာ ကြည့်သည်။ သူက ဘောဘီ မျက်ရည်တွေကို သုတ်ပေးကာ—

"ကိုယ့်ကို မင်း တစ်ခုပဲ ကတိပေး ..၊ ကိုယ်နဲ့ မသက်ဆိုင်တာကို မစပ်စုချင်နဲ့၊ မသိတာကို သိရအောင် ဘယ်လိုနည်းနဲ့မှ မကြိုးစားနဲ့၊ မင်း သိချင်တာကို ငါက ပြောမပြသရွေ့ ဘယ်က သိရဖို့မှ မကြိုးစားနဲ့—"

သူ ဘောဘီ့ ကိုယ်လေးကို တွန်းဖယ်၍ ထွက်သွားဖို့ ပြင်လိုက်လျှင် ဘောဘီ က လက်ကို ပြန်ဆွဲထားကာ ...

"ကိုကို .."

မျက်လုံးချင်းဆုံလိုက်တော့ ဘောဘီ စကားစရ ခက်သွားသည်။ သူမ သိထားတာတွေ မေးလိုက်ရရင် ကိုကို စိတ်ဆိုးမှာလား ..၊ စိတ်ဆိုးမှာပဲဆိုတာ ကိုယ့်ဘာသာ အဖြေထွက်နေပြီမို့ ပြောရခက်သွား၏။

"ပြော .. ဘာလဲ .."

"ဟင့်အင်း .."

ဘောဘီ ခေါင်းခါပြီး ကိုင်ထားသည့်လက်တွေကို ဖြုတ်ချပေးလိုက်တော့ စက် က သူမ လက်ကောက်ဝတ်လေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်ကာ ...

"မင်း တစ်ခုခု တွေ့ထားတယ်မို့လား .. ဒါမှမဟုတ် သိထားတာလား ..၊ ငါ့ကို အဲဒါ မေးမလို့လား .."

ရူးရဲနေသည့် မျက်ဝန်းတွေကို အံ့ဩသလို ငေးရင်း ဘောဘီ ဘာမှမဖြေဘဲ နေ၏။

"အဲဒါမျိုးမှာ မင်း မကြောက်တတ်ဘဲနဲ့ ဘာဖြစ်လို့ ခုမှ ပါးစပ်





ပိတ်နေတာလဲ ဘောဘီ ..၊ ဆုံးဖြတ်ရဲတယ်ဆိုရင် ဆုံးဖြတ်လိုက်တဲ့နောက်ကို ခြေလှမ်းတိုးလိုက်ရမှာ မတွန့်ဆုတ်ရဘူး .."

"ဘောဘီ မတွန့်ဆုတ်ပါဘူး၊ ဒါပေမယ့် ကိုကို စိတ်ဆိုး မုန်းတီးသွားမယ်ဆိုရင် .."

"ဘာလဲ ..၊ ပြော .."

"ကိုကို့ကို ဘောဘီ ကတိမပေးနိုင်တာက .."

"မင်း ခြေလှမ်းကျွံခဲ့ပြီမို့လား .."

မျက်လုံးချင်းဆုံပြီးမှ ဘောဘီ မျက်လွှာချသည်။ ပြီးမှ ခေါင်းညိတ်၍ ...

"ဒါပေမယ့် ဘောဘီ ရှာဖွေပြီး လိုက်သွားခဲ့တာ မဟုတ်ပါဘူး၊ ကိုကိုတို့ ဘယ်လိုနေထိုင်တယ်ဆိုတာကို စပ်စုချင်လွန်းလို့လည်း မဟုတ်ဘူး .. အဲဒါကို ယုံပါ ကိုကို၊ ဘောဘီ ကြားနေရတဲ့အသံတွေကြောင့် ကြောက်စိတ်ဝင်လာလို့ပါ၊ ဒီအသံတွေကြောင့် ကိုကို့နားကနေ ပြေးရတဲ့အထိ မဖြစ်ချင်ဘူး၊ ကိုယ့်စိတ်ကို ဖြေသိမ့်ရာရချင်လို့ အသံနောက်ကို လိုက်ကြည့်မိတာပါ .."

စက် ရဲ့မျက်ခုံးတွေ တဖြည်းဖြည်း ကုတ်ကျလာ၏။ မျက်နှာပြင်မှာ ပန်းရင့်ရောင်တက်လာကာ တွေ့စတုန်းကလို ရက်စက်ရင့်သီးသော အကြည့်တွေ ပြိုးပြက်လက်လာသည်။

"ဒါပေမယ့် .. ဘောဘီ သေချာ ဘာမှ .."

"တော်ပြီ .."

စက် ထံမှ အေးစက်စက်စကားသံနှင့်အတူ သူမရှေ့ကနေ ချာခနဲပြန်လှည့်သွား၏။ ဘာတွေဖွင့်နေမှန်း မသိဘဲ ဆွဲဖွင့် ပြန်ပိတ်သံတွေ ခဏတစ်ဖြုတ် ကြားနေရကာ ...

"ရော့ .."

ဘောဘီ့ ညာဘက်လက်ကို ဆွဲ၍ သော့တွဲကြီးတစ်တွဲ ထည့်ပေး



www.burmeseclassic.com

www.burmeseclassic.com



ဏ်။ ပြီးတော့ ဆုပ်ကိုင်ပြီးသား ဖြစ်သွားအောင် လက်ဖဝါးလေးကို ဖိဆုပ် လုံးထွေးပေးကာ ...

"မင်း သိထားတာတွေ ဘာတွေလဲဆိုတာ ငါ မမေးဘူး၊ နောက်ထပ် မပင်ပန်းရအောင် ဒါ ယူထား ..၊ ဒီတစ်အိမ်လုံးမှာ ရှိတဲ့ အခန်းတွေကို ဒီသော့တွဲတွေနဲ့ နံပါတ်တိုက်ပြီး ဖွင့်ကြည့်လို့ ရတယ် .."

ဘောဘီ မျက်ဝန်းလေးတွေ လှုပ်လှုပ်ရှားရှား ဖြစ်လာကာ စက်ရဲ့လက်ကို ပြန်ဆွဲထား၏။

"ကိုကို .. ဘောဘီ အဲဒီလို မဟုတ်ပါဘူး၊ ကိုကို မကြိုက်ရင်.."

"ကြိုက်တယ် .. မင်းကို ငါ ဒီမှာ မထားနိုင်တာ ..၊ ဘာဖြစ်လို့ လက်မခံနိုင်ခဲ့တာ .. အဲဒါတွေ မင်း သိဖို့ လိုပြီ .."

"သိသိ မသိသိ ..ကိုကို ကြိုးစားသမျှ အလကားဖြစ်မှာပဲ၊ ဘောဘီ ကိုကို့နားကနေ ဘာအကြောင်းကြောင့်မှ ထွက်သွားမှာ မဟုတ်ဘူး.."

"မသွားလို့ မရဘူး .."

စက် က ဘောဘီ ပခုံးလေးနှစ်ဖက်ကို ဆောင့်ခါပစ်လိုက်ကာ—

"ငါ့မိသားစုဝင် မင်း ဖြစ်ဖို့ မကြိုးစားနဲ့တော့ ဘောဘီ ..၊ မင်း စိတ်မကုန်သေးရင် အဲဒီသော့တွေ ယူ ..၊ အားလုံး သိအောင် လိုက်ကြည့် .."

"ဘယ်သော့မှ ကိုင်ခွင့်မရှိဘူးဟော့ .."

တံခါးက ဒိုင်းခနဲ ဆောင့်ပွင့်သွားသည်။ ဦးမောင်မောင် ဒေါသတကြီး တလွှားလွှား ဝင်လာကာ ဘောဘီ လက်ထဲက သော့ဆီ လက်ကြီးဖြန့်ကျလာလျှင် ...

"ဖက် .."

"ချွင် .."

စက် က ဘောဘီ လက်လေးကို အောက်ကနေ ပင့်ရိုက်ပစ်လိုက်၏။ သော့တွဲက ချွင်ခနဲ မြောက်တက်သွားကာ တလက်လက် ပြန်ကျ





လာတော့ ဦးမောင်မောင် ကလည်း ဖမ်းယူဖို့ ကြိုးစားသည်။

ဒါပေမယ့် စက် က အရပ်ပိုမြင့်ကာ သူ့ထက် ပိုမြန်၏။ စက်ရဲ့လက်ထဲကို ပါသွားသည့်သော့တွဲကို ဦးမောင် က အံကြိတ်သည့် အကြည့်နှင့် စိုက်ကြည့်ပြီး ...

"ဒီသော့တစ်တွဲ မင်းလက်ထဲကို ငါ ထည့်ပေးတာ .. မင်းက 'နန်းမဟာ'ရဲ့မျိုးဆက် ဖြစ်နေလို့ ..၊ ဒါပေမယ့် မင်းက နန်းမဟာ အပေါ်မှာ သစ္စာမရှိဘူးပဲ .."

"အဲဒီတော့ ပြန်သိမ်းမယ်လို့ ဦးမောင် ပြောချင်တာလား .."

"ဟုတ်တယ် .."

"ကျွန်တော်ကပဲ ဦးမောင် ဆီက သော့တွဲကို ပြန်သိမ်းမယ်ဆိုရင်ရော .."

"မင်းက နန်းမဟာရဲ့ အရှင်သခင် မဟုတ်သေးဘူး သျှန် ..၊ အရှင်သခင်ဆိုတဲ့လူက ငါ့ရဲ့ညီ .."

ဦးမောင် က စက် ဘာမှမပြောနိုင်ခင် ဘောဘီ ဘက်ကို လှည့်လိုက်တာ ဒေါသတကြီး ...။

"သင်းက ဘာမို့လို့ သော့တွဲအပ်ပြီး ကြည့်ခွင့်ပြုရမှာလဲ .."

ပြီးတော့ ရှုံ့ရှုံ့ရှားရှားဖြစ်လာသည့် ဒေါသတွေနှင့် စက် မျက်နှာဆီ ပြန်ကြည့်ကာ ...

"အခု သိပြီလား သျှန် .. မင်း မွေးခဲ့တဲ့မီး ဘယ်ထိ လောင်နေပြီဆိုတာ ..၊ သူ့ကို မင်း ဒီက ထွက်သွားဖို့ ကြိုးစားချင်တာ ဒီလိုနည်းလမ်း သုံးဖို့ မလိုဘူး .."

ဘာလုပ်မှာမှန်း သိလိုက်သည်နှင့် ဦးမောင် ခြေလှမ်းပြင်တာနဲ့ စက် က ဘောဘီ ရှေ့မှာ ဝင်ရပ်လိုက်၏။

"ကျွန်တော် သူငယ်နှပ်စား ကလေးလေး မဟုတ်ဘူး ဦးမောင် ကိုယ့်ပြဿနာကို ကိုယ့်စိတ်ကြိုက် ဖြေရှင်းမယ်၊ ဖြစ်လာတဲ့ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျိုးဆိုးကျိုးကလည်း ကျွန်တော့်ဘဝ .. ကျွန်တော့်ပြဿနာပဲ၊ ဦးမောင် ဘေးဖယ်နေပေးပါ ..”

“ဘာကွ!..”

ဦးမောင် ဒေါသတကြီး ဖြစ်သွားပုံက အသားဆတ်ဆတ်တုန်တဲ့ အထိ ..။

“မင်း .. ..”

စက် ရဲ့မျက်နှာကို ထိုးညွှန်လာသည့်လက်က တုန်ယင်နေကာ ပြီးတော့ ဘောဘီ့ မျက်နှာလေးဆီ ရောက်သွားပြီး ...

“ဒီလိုမိန်းကလေးမျိုးနဲ့ နန်းမဟာရဲ့ဂုဏ်သိက္ခာကို .. မင်းက..”

“လူတစ်ယောက်လုံးကို ရိုက်သတ်ပြီး နှုတ်ပိတ်ရအောင် နန်းမဟာက လူသတ်မှောင်ခို ဖွဲ့စည်းထားတဲ့ဂိုဏ်းကြီး မဟုတ်ဘူး၊ မိန်းမ ပဲဖြစ်ဖြစ် .. ယောကျ်ားပဲလာလာ .. မသိစေချင်တာကို သိမသွားအောင် ကိုယ့်ဘက်က လုံခြုံအောင် နေရုံပဲ၊ ဒီလိုနည်းလမ်းမျိုးနဲ့ ကျွန်တော် ဘယ်တော့မှ မဖြေရှင်းဘူး၊ အခု သူနဲ့ကျွန်တော် ရှင်းဖို့ လိုနေတာက လည်း ကျွန်တော်တို့ ရှေ့ဆက်ဖို့ ဖြစ်မဖြစ် ဒါပဲ ..၊ အဲဒါက ကျွန်တော့် ဘဝရဲ့ အနာဂတ်ပါ၊ ဘယ်သူနဲ့မှ မဆိုင်ဘူး ..”

“ဆိုင်တယ် သျှန် ..၊ ငါ့ညီ မသေသေးသရွေ့ .. ငါ အသက်ရှိနေ သရွေ့ .. မင်းသဘောတစ်ခုနဲ့ ဆုံးဖြတ်ခွင့် မရှိဘူး ..”

ဦးမောင် က အံတစ်ချက် သိသာစွာ ကြိတ်ပြီး ချာခနဲ လှည့်ထွက် သွားသည်။

စက် သော့တွဲကို ဖိညှစ်ဆုပ်ကိုင်ရင်း အံကြိတ်မိ၏။ အကောင်း တိုင်း ဖြစ်မလာနိုင်သည့် အရာအားလုံးအတွက် သူ ဘာလုပ်သင့်သလဲ..





## အခန်း(၄၂)

“ဘောဘီ ..”

“ရှင် ..”

ကိုကို့အတွက် သံပရာရည်ဖျော်နေတုန်း ဖုန်းကိုင်ရင်း ဝင်လာ သဖြင့် ဘောဘီ အံ့သြသွားသည်။

“ကိုကို ဘာလဲဟင် ..”

“ရော့ ..”

ဖုန်းလှမ်းပေးတော့ ဘာမှမသိဘဲ ယူထားလိုက်မိသည်။

“မင်းအစ်မ ..”

“မကြီး ..”

ဘောဘီ စမ်းသာရမည့်အစား လန့်သွား၏။ ကိုကို့ဖုန်းကို ဘယ်သူ မှ ဆက်လို့မရတာ ဘောဘီ သိသည်။ သူ့ဖုန်းနံပါတ်ကို ဘယ်လိုနည်းနဲ့ပဲ ရသွားရသွား နောက်ထပ် အဲဒီဖုန်းကို မကိုင်တော့သည့်အခါ ဖုန်းနံပါတ် ရထားလည်း အပိုပဲဆိုတာ မမမြူ တို့ ပြောဖူးလို့ သိထားတာပါ။

မကြီးရဲ့ဖုန်းကို ကိုကို လက်ခံခဲ့တယ်ဆိုတာ သူမအတွက် ဘယ် လိုမှ မကောင်းနိုင် ..။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ .. ဘာကြည့်နေတာလဲ .."

ဘောဘီ မျက်နှာလေး မသာမယာနှင့် နားထောင်လိုက်ရ၏။

"မကြီး .."

"ဘောဘီ .. ညီမလေး နေကောင်းလားဟင် ..၊ သူ နှင့်ကို နှိပ်စက်နေသေးလား .. အခု ဘယ်လိုနေရသလဲ ..၊ ဟိုတစ်ခါ မကြီး သူ့နဲ့ စကားပြောဖို့ ကြိုးစားသေးတယ်၊ နှင့်ကို အရမ်းကို စိတ်ပူလို့ သိရဲ့လား .. အခု ပြောစမ်းပါ .. ညီမလေးကို သူ ဘယ်လိုထားသလဲ .."

ခဏစောင့်ပေမယ့် ဖြေတာကို မစောင့်ဘဲ မြတ်နိုး က သူမချည်း မေးခွန်းတွေမေးရင်း စိတ်တွေပူနေတာ ရေပက်မဝင်အောင်ပင် ..။

"မကြီး .."

"ဟင် .. ပြောလေ ..၊ နှင် ငိုနေတာလား .."

"မကြီးရော .. ဘယ်လို ခံစားရလဲဟင် .."

"ဘာကို ခံစားရမှာလဲ .. စိတ်ပူလို့ ဒီမှာ သေတော့မယ်၊ နှင် ဘာဖြစ်လို့ ဒီလိုလူကိုမှ သွားချစ်ခဲ့တာလဲ ဘောဘီ ရယ် ..၊ အဲဒီလူက အသည်းနှလုံးရှိတဲ့လူ မဟုတ်ဘူး ..၊ အခု နှင် အဲ့ဒီမှာ ဘယ်လိုပုံစံနဲ့ နေနေလဲ .."

ဘောဘီ က လှည့်ထွက်သွားသည့် ကိုကို့ ကျောပြင်ကို လိုက်ငေးရင်း မျက်ရည်တွေသာ ဝေ့တက်နေခဲ့ပြီး ပြန်ဖြေဖို့ကို မေ့နေခဲ့၏။

မကြီးနဲ့ ဖုန်းပြောခွင့် ပေးလိုက်ကတည်းက 'မင်း သွားတော့'လို့ ကိုကို ပြောလာတော့မှာကို သိနေသည်။ ပြန်ခေါ်မယ့်လူနဲ့ တွန်းပို့မယ့်လူ ကြားမှာ ဘောဘီ ဘယ်လို ခြေကန် ငြင်းရမလဲ ..။

"ညီမလေး .. ဘောဘီ .."

"မကြီး .."

"ဟင်!... နှင် .. နှင် .. ငိုနေတယ် .. ဘာဖြစ်လို့လဲ ..၊ သူ ဘေးမှာ ရှိသလား ..၊ ဘာလုပ်လိုက်လို့လဲ .."





"ဟင့်အင်း ..၊ ဘောဘီ မေးတာကိုပဲ မကြီး ဖြေပါ၊ ကိုကို့ကို ဘောဘီ ချစ်ခဲ့မိတာ မကြီး စိတ်ထဲမှာ ဘယ်လိုခံစားရလဲလို့ .."

"သြော် .. ခက်တော့တာပဲ .. ဘာတွေ မေးနေတာလဲ ဘောဘီ ရယ် ..၊ မကြီးက လက်ထပ်ပြီးလို့ ကိုယ့်အိမ်ထောင်နဲ့ကိုယ် နေသားကျ ဖြစ်နေပြီ .. ဘာကို ခံစားရမှာလဲ၊ ပြီးတော့ မကြီးလည်း နှင့်လိုပဲ ရှုပ်ခဲ့ဖူးတာ .. သူနဲ့ ချစ်သူဖြစ်ခဲ့တာမှ မဟုတ်ဘဲ၊ အဲဒီလူ ရက်စက်တတ်လွန်းလို့ ဖေဖေတို့ ဘယ်လို အရှက်ရခဲ့လဲဆိုတာလည်း နှင် သိပြီးပြီမို့လား ..၊ အခု တို့ အားလုံးက နှင့်အတွက် ဒါကိုပဲ စိတ်ပူနေကြတာ၊ ဖေဖေတို့က ဒေါသထွက်နေပေမယ့် နှင့်ကို မပြတ်သားနိုင်လို့သာ နိုင်ငံရပ်ခြားကို ထွက်မသွားနိုင်တာပေါ့ .."

"ကိုကြီးကရော .."

"ကိုကြီး ထွက်သွားတာလည်း နှင့်ကြောင့်ပဲလေ ..၊ ဖေဖေ ခုလိုဖစ်ထားတာကို သူ ကန့်ကွက်တယ် .. မရလို့ စိတ်ဆိုးပြီး ထွက်သွားတာ၊ ဒါပေမယ့် ကိုသု နဲ့ မကြီး အဆက်အသွယ် ရှိပါတယ်၊ နှင့်ကို ဖေဖေက ခွင့်လွှတ်ရင် သူ ပြန်လာမယ်တဲ့ .."

"ဖေဖေက ခွင့်မလွှတ်ဘူးမို့လား .."

"စိတ်ဆိုးနေတာပါ .. စိတ်နာတာ မဟုတ်ပါဘူး၊ နှင့်ဆီကလည်း ခုထိ မလှုပ်တော့ ပိုစိတ်တိုတာပေါ့၊ တကယ်ဆို မကောင်းတဲ့လူနားမှာ ဒုက္ခခံမနေဘဲ မိဘဆီ ပြန်ပြေးလာရမှာ .."

"မဟုတ်ဘူး .. ဖေဖေက ပြန်ပြေးလာမှာစိုးလို့ အိမ်ကိုပါ ရောင်းဖို့ ဆိုင်းဘုတ်ချိတ်ခဲ့တာ .."

"နေပါဦး ဘောဘီ .. ငါ့ညီမက အဲ့ဒါကြောင့် နန်းမဟာအိမ်ကြီးထဲမှာ ဒုက္ခခံနေရတာလား ..၊ ဖြစ်ရလေ ဘောဘီ ရယ် .."

မြတ်နိုး အသံတွေ ငိုသံတွေ ပါလာသည်။ တကယ်ပဲ ဒီတိုင်း ထင်သွားပြီမှန်း သိလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မကြီး ..၊ ဘောဘီ က .."

"မဟုတ်ရင် ပြီးပြီလေ ..၊ အဲဒီအိမ်မှာ ဆိုင်းဘုတ်ချိတ်ခဲ့တဲ့ကိစ္စက ဖေဖေ့ဒေါသပါ၊ မေမေက နင်နဲ့ ဆက်သွယ်ဖို့ ငါ့ကို နေ့ရှိသရွေ့ ဖုန်းဆက်နေတာ၊ မေမေ သိပ်နေမကောင်းဘူး .. နင် သိရဲ့လား၊ ငါ့တုန်းက လူကြီးတွေရှေ့ထိ လာပြီး သူ မောက်မာ ရိုင်းပျသွားတာတွေကြောင့် နင့်ကို ဒီတိုင်း နှိပ်စက်နေပြီဆိုပြီး မေမေ စိတ်ဆင်းရဲနေတာ .."

"မဟုတ်ဘူး .. ကိုကို ဘောဘီ ကို မကြင်နာပေမယ့် မရက်စက်ဘူး၊ ဘောဘီ ကိုကို့ကို ချစ်တယ်၊ ကိုကိုနဲ့ပဲ နေချင်တယ် .. အဲဒါကြောင့် မကြီး ဘောဘီ ကို ဒီတိုင်းပဲ မေ့ထားလိုက်ပါ မကြီးရယ် .. နော် .. ဖေဖေတို့ စိတ်နာရင်လည်း နာပါစေ .. ကိုကို့အချစ်ကို ရမှ ..၊ ကိုကို့ဘဝနဲ့ ဘောဘီ နှစ်ယောက်တစ်ဘဝ ဖြစ်ခွင့်ရမှ စိတ်ချမ်းသာမှာ .."

"ဘယ်လို!... ဘယ်လို .."

"ဘောဘီ မှားသွားရင် တောင်းပန်ပါတယ်၊ မေမေ့ကိုလည်းလေ ဘောဘီ ကိုကိုနဲ့သာနေရရင် ဘယ်တော့မှ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ မဖြစ်ဘူးလို့ ပြောပေးပါ၊ မေမေလည်း စိတ်မဆင်းရဲပါနဲ့လို့ .. နော် .. မကြီး နောက်ထပ် ကိုကို့ဆီကို မဆက်သွယ်ပါနဲ့တော့ ..၊ ဘောဘီ ကို ချစ်ရင်နော် .. မကြီး နော် .."

ဘောဘီ ဖုန်းချပစ်လိုက်သည်။ မကြီးဆီက အံ့သြ မှင်တက်မိနေတာတောင် မပြေသေးဘဲ ဖုန်းချလိုက်မိပြီး သူမကိုယ်တိုင် တရှိုက်ရှိုက် ငိုမိ၏။ ချစ်ရသူတွေနဲ့ ဝေးနေရလို့ အားငယ်ပေမယ့် မခွဲနိုင်တဲ့သူကိုလည်း မထားခဲ့နိုင် ..၊ လွမ်းနေရသည့်ဒုက္ခနဲ့ အသည်းကွဲရသည့်ဒုက္ခ ဘယ်ဒုက္ခက ပိုကြီးသလဲ ..။

ဒါကတော့ နက်နဲသည့်မေတ္တာရဲ့သဘောတွေပဲ ဖြစ်လိမ့်မည်ထင်၏။ တစ်ထောင့်ငါးရာနဲ့ ငါးရာနှစ်ဆယ့်ရှစ်ဟာ ကိန်းဂဏန်းတွေအတိုင်းပဲ သက်ရောက်မှု ကွာခြားနေတာလား ..။





ဘောဘီ မျက်ရည်တွေ ဘယ်သောကကြောင့် ပိုမို ပေါများနေခဲ့သလဲ ..။ ငိုနေတုန်းမှာ လှုပ်ရှားမှုလေးတစ်ခုကို သတိထားမိလိုက်ပြီး ဘောဘီ လှည့်ကြည့်လိုက်မိ၏။

"ကိုကို .."

အကျီအစွန်းအစလေး မြင်လိုက်သဖြင့် ဘောဘီ ပြေးထွက် လိုက်သွားခဲ့ပြီး ...

"ကိုကို .."

စက် က ကျောခိုင်းလျက်သားနှင့် ရပ်စောင့်နေ၏။ သူမ အနားရောက်လာမှ ပြန်လှည့်ရပ်ကာ ...

"မျက်ရည်တွေက မကုန်နိုင်ဘူးလား .."

ငုံ့မိုးကြည့်နေသည့် မျက်နှာကို ဘောဘီ မော့မော့လေး ငေးနေရင်း ဆိုင်လာသည့်ဖုန်းကို စက် လက်ထဲ ပြန်ထည့်၏။ ပြီးတော့ ရင်ခွင်ထဲ ဆိုးဝင်ကာ တင်းကျပ်စွာ ဖက်ထားမိလျက် ...

"ကိုကို့ကို သိပ်ချစ်တယ် .."

စက် ရဲ့လက်တွေ သူမကိုယ်လေးပေါ်မှာ မွေ့ဖက် ပွတ်သပ်လာ၏။ ပြီးတော့ တဖြည်းဖြည်း တင်းကျပ်လာကာ ငိုနေသည့်မျက်နှာလေးကို မော့စေပြီး ...

"မငိုနဲ့ .."

နွေးထွေးသည့်အနမ်းတို့ ကြာရှည်စွာ ဖြစ်တည်နေလေသည်။ ချစ်သူရဲ့အနမ်းတွေနဲ့သာ မျက်ရည်တွေကို ခြောက်သွေ့စေမည်ဆိုလျှင် ..၊ သူမ ငိုပါရစေ ..။

ဂျက်လို့ .. လွမ်းလို့ .. အရမ်းချစ်နေလို့ ..၊ သူ့အနမ်းတွေနဲ့ နေချင်လို့ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄၃)

"ဘာလဲ .. ဘာဖြစ်လာတာလဲ ...၊ ကျွန်တော့်လက်တွေကို ဖြည်းဖြည်း ဆွဲပါ .."

"အရေးကြီးလို့ မင်းကို ခေါ်လာတာ၊ လာ .. ဒီမှာ လာကြည့်-

တီဗွီစခရင်န်မှာ ပေါ်နေတာ အသက်လေးဆယ်ကျော် အမျိုးသမီးကြီးတစ်ယောက်ဖြစ်ပြီကာ ခြံရှေ့မှာ ရပ်နေ၏။

"ဒါ .. ဟိုတစ်နေ့က မိန်းမပဲ .."

"ဟုတ်တယ် .. မျက်နှာကို စောင်ကွယ်မနေဘူးဆိုတော့ မင်း သေချာ ကြည့် ...၊ သူက နန်းမဟာကို သိနေတယ်ဆိုရင် မင်း သူ့ သိကို သိရမယ် ...၊ တောက် .. ဟိုခွေးကောင်လေးကို ငါ တားချိန် မရလိုက်ဘူး၊ မင်း သေချာကြည့်စမ်း ...၊ ငါ ထင်သလို ဖြစ်နေလို့ ကတော့ မောင်မောင့် အကြောင်း သိစေရမယ် .."

ဦးမောင်မောင် လက်သီးလက်မောင်းတန်းကာ တီဗွီတွေရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။





ပြီးတော့ တိတ်ဆိတ်နေခြင်းကို သတိရကာ သည်းမခံနိုင်စွာ လှည့်ကြည့်မိ၏။

ညီဖြစ်သူက စခရင်န်ပေါ်ကို ငေးရင်း ငြိမ်သက်နေလျက် ...၊ ဘာ အကြောင်းမှလည်း မပြန်။ ထို့ကြောင့် ဦးမောင်မောင် နားလည်သွားကာ ပြန်လှည့်လျှောက်လာရင်း ...

"သိပြီလား .. ဘယ်သူလဲ .."

မေးရင်း စခရင်န်ကို သူပါ ကြည့်လိုက်မိသည်။ မိန်းမကြီးက နောက်နည်းနည်း ထပ်ဆုတ်သွားပေမယ့် ငေးကြည့်နေဆဲဖြစ်ကာ ခု လောက်ဆို သျှန် လည်း ထိုနေရာကို ရောက်နေလောက်ပြီ ..။

သူ ထင်သည့်အတိုင်း စက် က ခြံတံခါးကို ဖွင့်ဖို့ စိတ်စောကာ ခြံလှမ်းကျဲတွေ လှမ်းနေရာမှ ပြေးလွှားခြင်းသို့ရောက်လျက် ...

"ဟိုအဒေါ်ကြီး ပြန်မသွားပါစေနဲ့ "လို့ ဆုတောင်းမိသေးသည်။ သူ ဘာဖြစ်လို့ ဒီဒေါ်ကြီးနဲ့ စကားပြောချင်နေမှန်း မသိ။ ဟန်ဝင်း တို့အညီနဲ့ လိုက်ရှာခဲ့တာလည်း မတွေ့ ..။

သူက ကိုယ့်ကို ရှာ ...၊ ကိုယ်က ပြန်ရှာနှင့် လွဲနေကြကာ ခုမှ ခြံရှေ့ကို ဆိုက်ဆိုက်မြိုက်မြိုက် ပြန်ရောက်လာခဲ့တာ တွေ့ရသည်။

ခုလောက်ဆို ဦးမောင် ဘယ်လောက်ထိ ဒေါကန်ကျန်ခဲ့ပြီလဲ မသိ...။ သူ ထွက်ဖို့ပြင်တာနှင့် ဒေါ်ကြီးမောကြီး တားဆီးခဲ့တာ ထိုးကြိတ်တော့ မတတ် ..။

ဘာဖြစ်လို့လဲ ...၊ ကိုယ်က နန်းမဟာကို လျှို့ဝှက်ချင်ခဲ့သလို ဒီဒေါ်ကြီး ရောက်လာတဲ့ပုံကလည်း ဒုက္ခာရီဆန်ဆန်ပဲ ဖြစ်နေတာ စိတ် ဝင်စားစရာ မဟုတ်ဘူးလား ..။

လူတိုင်း ဘာမှမသိဘဲ စိတ်ဝင်စားနေကြပေမယ့် ဒီဒေါ်ကြီးက သိနေသည်။

ဘာကြောင့် သိတာလဲ ...၊ ဘယ်တုန်းကလဲ ...၊ ဘယ်သူနဲ့လဲ ...၊



www.burmeseclassic.com

www.burmeseclassic.com



ဒါလေး မေးမြန်းစုံစမ်းကြည့်မှာ ဘာဖြစ်သွားနိုင်လို့လဲ ..။

စိတ်တို့က ဦးမောင် တားဆီးသမျှကို မနာခံချင်ဘူးဖြစ်နေတာ လည်း ဘာကြောင့်ဆိုတာ အဖြေမရှိခဲ့ပေ ..။

"ဟင်!..."

တံခါးချပ်ကြီး ပွင့်သွားတော့ ဒေါ်ကြီးက ရပ်ကြည့်နေဆဲဖြစ်က စက် ကို မြင်လိုက်သည်နှင့် ခပ်ပြည့်ပြည့် ဖြူဝင်းသည့်မျက်နှာကြီးက ခင်မင်နှစ်လိုဖွယ်ကောင်းအောင် ပြုံးချိုသွား၏။

"တံခါးကြီးလှုပ်သွားတော့ ကြီးဖော က လန့်သွားတာ .."

ကြည့်နေသည့် မျက်ဝန်းတို့သည် ချက်ချင်းကြီး ရှန်းလဲ့လာခဲ့ပြီ သေချာကြည့်တော့မှ မျက်ရည်ကြည်တွေ ဝေ့လည်နေတာကို မြင်ရ၏

ထိုမျက်ဝန်းနဲ့ မျက်ရည်တွေကို ပြန်စိုက်ကြည့်ရင်း စက် ၏စိတ် တွေမှာ နူးညံ့သက်ဝင်ခြင်းတို့ အလိုလို ဖြစ်ပေါ်လာခဲ့လျက် ...

"အဒေါ်က ဒီအိမ်ကို သိနေတယ်လို့ ပြောတယ် .."

"ကြည့်ပါဦးကွယ် .. ကရုဏာသံလည်း ဟုတ် ..၊ ဩဇာညောင် တဲ့လေသံမျိုးနဲ့ သခင်ကြီးနဲ့ တစ်ထပ်တည်းကို တူနေတာပဲ .."

သူ ပြောနေတာကို စိတ်ဝင်စားပုံမရှိဘဲ စက် ကို မြင်လိုက်ရသဖြ လှိုက်လှိုက်လှဲလှဲကြီး ပြုံးနေကာ ပြောချင်တာတွေပဲ ပြော၏။ ထို မျက်ရည်စက်တွေ ဆင်းကျလာတာကို မြင်လိုက်ရသဖြင့် စက် အံ့ သွားသည်။

သူ့ကိုယ်သူ ကြီးဖော လို့ တပ်ပြောလိုက်သည့်အသံကို ဖျတ် သတိရလိုက်မိကာ ကိုယ့်မိသားစုနဲ့ တကယ် ရင်းနှီးပတ်သက်ခဲ့သူ လည်း သေချာသွား၏။

"ကြီးဖော ဆိုတာ အဒေါ့်နာမည်ပဲလား ..၊ ကျွန်တော့်ကို သိ တာက .."

"သခင်လေးက စက်အာဏာသျှန် မဟုတ်ဘူးလား .."





"ဟုတ်ပါတယ် .."

"အမလေး.. သခင်လေးကို ဟောဒီလက်တွေနဲ့ ပွေ့ပိုက်ပြီး တယု တယ ချိုမိုး ပြုစုခဲ့ရတာပါ၊ ကြီးဖော နာမည်က ဒေါ်နော်ဖောသဲ.. ဒါပေမယ့် ကရင် မဟုတ်ပါဘူး၊ အဘိုးအဘွားတွေတုန်းက ကရင်ပေ ယ့် ကြီးဖော တို့က ဝေးပါတယ်၊ ပုံစံကိုက ကရင်ပုံပေါက်နေလို့ ဒီနာမည် ပေးခဲ့တာတဲ့၊ သခင်မလေးက ကြီးဖော ကို နော်ဖော လို့ပဲ ခေါ်တာ .."

သခင်မလေးဆိုတာ မေမေ့ကို ပြောတာလား ..၊ စက် ရဲ့မျက်နှာမှာ အမေဆိုတာနဲ့ပတ်သက်လို့ ဆက်လက်မကြားလိုသည့် အမူအရာတွေ ဖြစ်ထွန်းသွားသည်။

ဒေါ်နော်ဖော ကို အိမ်ထဲကို ဖိတ်ခေါ်ဧည့်ခံဖို့ ဖြစ်ပေါ်လာသည့် စိတ်ကူးတွေပါ ဖျတ်ခနဲ မှိန်ဖျော့သွားခဲ့၏။ ဒေါ်နော်ဖော က ဂရုစိုက် မိ မရပါ။

"သခင်လေးရဲ့မေမေက သိပ်ကို လှပတင့်တယ်ပြီး သခင်လေးရဲ့ မျက်နှာလေးလိုပဲ မဟာဆန်တယ်၊ ကြည့်တိုင်း မရိုးနိုင်အောင် လှတယ်၊ သခင်ကြီးလည်း ဒီတိုင်းပါပဲ၊ အရပ်အမောင်းကောင်းပုံရော၊ မဟာဆန် တဲ့ နဖူးတွေကအစ ချောတာလှတာပဲ ရွေးယူထားတဲ့အတိုင်းပဲကွယ်..၊ အခု သခင်ကြီး ကျန်းမာရဲ့လားဟင် .."

စက် က မဖြေပါ။ အရပ်အမောင်းနဲ့ မဟာဆန်တဲ့နဖူးကအစ တူတယ်ဆိုသည့်စကားကို နားထဲမှာ ရှုပ်ထွေးသွားသဖြင့် စိတ်က မအား။

ဒါကို ဒေါ်နော်ဖော က ထင်လိုက်တဲ့အတိုင်း ပုံဖော်တွေးယူလိုက် ပြီးကာ ...

"ဟုတ်ပါတယ် .. သခင်ကြီးက ကြီးဖော ကိုတော့ နာမည်တောင် ကြားချင်မှာ မဟုတ်ဘူး .."

ဒေါ်နော်ဖော က ရှေ့ကို ခပ်စမ်းစမ်းလျှောက်လာကာ ခြံဝင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ထဲကို လည်ပင်းရှည်ကြည့်၏။ ပြီးတော့ အားမရသလို ရှေ့တိုးလာရင်း ကြည့်၍ ...

"ပြောင်းလဲသွားလိုက်တာ ဟောဒီ တံတိုင်းကြီးတင်မကဘူး ... အထဲက စံအိမ်ကြီးလည်း အသစ်အတိုင်း ဖြစ်နေသလိုပဲနော်၊ ပြန်ဆောက်လိုက်တာလားဟင် .."

တွေးရင်း ရှုပ်ထွေးနေတာမို့ မေးခွန်းတစ်ခု ထွက်လာပေမယ့် ချက်ချင်းမဖြေနိုင် ..။

"ကြီးဖော က မေးတာ တိုက်ကြီးက ပိုလှပြီး ပိုကြီးလာသလိုပဲ ထင်လို့ပါ၊ ဟိုလေ .. ကြီးဖော ပြန်တော့မယ်၊ သခင်ကြီး နေထိုင်ကောင်းတယ်ဆိုရင် စိတ်ချမ်းသာပါတယ်၊ ကြီးဖော လာသွားတာကို ပြန်ပြောချင်လည်း ပြောလိုက်ပါ .. မပြောရင်လည်း ရတယ် .."

"ခဏနေပါဦး ကြီးဖော .."

ဒေါ်နော်ဖော က လက်ထဲမှာ ခေါက်လျက်သား ကိုင်ထားသည့် တဘက်ကို ခေါင်းပေါ်တင်လိုက်ပြီးမှ စက် က တားလိုက်တော့ မော့ကြည့်သည်။

"ဖေဖေက ကျန်းမာရေးမကောင်းလို့ ကြီးဖော တွေ့နိုင်မှာ မဟုတ်ဘူး .."

"ဘခင်ကြီး ကျန်းမာရေးမကောင်းဘူး ဟုတ်လား .."

"ဟုတ်တယ် .. ဒါပေမယ့် ကျွန်တော် ကြီးဖော နဲ့ စကားပြောချင်တယ်၊ အိမ်ထဲဝင်ပါဦး .."

"ဟင်!..."

ဒေါ်နော်ဖော ပုံစံက စိုးရိမ်စိတ်တွေ ဖြစ်သွားသလိုမျိုး ခေါင်းမခါပေမယ့် ခေါင်းလည်း မညိတ်။ စက် က ဒေါ်နော်ဖော အမူအရာတွေကို အကဲခတ်၍ ...

"ဘာပြဿနာရှိနေလို့လဲ ကြီးဖော၊ ဒီစံအိမ်ထဲမှာ ကြီးဖော အလုပ်





လုပ်ခဲ့တယ်ဆို .."

"ဟုတ်ပါတယ်၊ ဒါ .. ဒါပေမယ့် ..."

"ဖေဖေနဲ့ အဆင်မပြေတာ ရှိခဲ့ဖူးလို့လား .."

"အို .. မပြောကောင်းမဆိုကောင်းပါ သခင်လေးရယ် .. ကြီးဖောလို လူမျိုးက သခင်ကြီးနဲ့ အဲဒီလို ရှိခဲ့ဖူးစရာလား..၊ ရဲရဲတောင် မော်ကြည့်ရဲပါဘူး .."

"ဒါဆို ဘာဖြစ်လို့လဲ .."

"ဟို .. အဲဒါတွေက အရမ်းကို ရှုပ်ထွေးလွန်းပါတယ်၊ သခင်ကြီးက .. ဟို ..မိဘတွေရဲ့ အိမ်ထောင်ရေးအခြေအနေတွေ နည်းနည်းလေးမှ မပြောပြခဲ့ဘူးလားဟင် .."

"ကျွန်တော် အဲဒါတွေ အားလုံး သိချင်လို့ ကြီးဖော ကို ခေါ်တာပါ"

"အို .. ဒါဆိုရင်တော့ သခင်ကြီး သက်ရှိထင်ရှားရှိနေလျက်နဲ့ ကြီးဖော က ကျော်ပြီး အစဖော် မပြောရဲပါဘူးကွယ်၊ ပြီးတာတွေလည်း ပြီးခဲ့ပါပြီ၊ သခင်ကြီးလည်း ကျန်းမာရေးမကောင်းဘူးဆိုတော့ စိတ်အနှောင့်အယှက်ဖြစ်စရာ ထပ်ကြုံရရင် မကောင်းပါဘူး၊ သခင်လေးသိချင်ရင် ကိုယ့်မိဘကိုပဲ မေးကြည့်ပါ .."

စက် မျက်မှောင်ကုတ်မိပြန်၏။ ဖေဖေ့ ကျန်းမာရေးအခြေအနေဆိုတာကို ကြီးဖော လို ရင်းနှီးခဲ့တဲ့လူက သိနေရမှာ မဟုတ်ဘူးလား..။

ပြီးတော့ ခုချိန်ထိ သစ္စာမဲ့တဲ့မိန်းမတွေအကြောင်း တစ်ခွန်းတစ်စ၊ ဒါမှမဟုတ် ဖေဖေ့ကို စွန့်ခွာသွားခဲ့တဲ့ မေမေ့အကြောင်း ဘာဖြစ်လို့ တစ်ခွန်းတစ်ပါဒမှ မဟာသေးတာလဲ ..။

"မဟုတ်ပါဘူး .. ကြီးဖော အထဲ ခဏလိုက်ခဲ့ပါ၊ ဦးမောင် လည်း ရှိတယ်၊ ကျွန်တော်က ..."

"ဟင် .. ဦးမောင် ဆိုတာ ဘယ်သူလဲ .."



www.burmeseclassic.com

www.burmeseclassic.com



စက် ဘာဆက်ပြောရမှန်း မသိအောင် အိုးတိုးအမ်းတမ်းဖြစ်သွား၏။ ဦးမောင် က သူ့ကို ငယ်ငယ်တည်းက ချီပိုးထိန်းကျောင်းခဲ့တဲ့ ဘကြီးအရင်း၊ ဖေဖေ့ရဲ့အစ်ကို ...။

ကြီးဖော ဦးမောင် ကို မသိစရာ အကြောင်းမရှိ ...။

"ကြီးဖော ဦးမောင် ကို ဘာလို့ မသိရတာလဲ ...၊ ဦးမောင် က ဖေဖေ့အစ်ကိုလေ .. အစ်ကိုအရင်းပဲ .."

"ဘယ်လို!..."

ရုတ်တရက် အံ့ဩလွန်းကာ ဒေါ်နော်ဖော က တစ်ဝက်ကျန်နေသည့်တံခါးချပ်ကို ပခုံးစောင်းတစ်ဖက်နဲ့ ကပ်မှီချလိုက်လျှင် ...

"အား!..."

"ဟာ!... ကြီးဖော .."

ခုတ်လိုက်ပြီဆိုတာ သိလိုက်ကာ ရုတ်တရက် ကြောင်ငေးမနေဘဲ စက် ကိုယ့်ဖိနပ်ကို ကမန်းကတန်း ဆွဲချွတ်လိုက်သည်။ ထို့နောက် လက်နှစ်ဖက်နဲ့ကာ၍ ဒေါ်နော်ဖော ကို ဆွဲတွန်းချလိုက်၏။

"ဘုန်း .."

"အင်း .. ဟင်း .. ဟင်း .."

ဒေါ်နော်ဖော မချိမဆံ့ ခံစားသွားရကာ အသက်မသေခဲ့ပေမယ့်...





## အခန်း(၄၄)

"တောက်!..."

ဒေါသက အတိုင်းအဆမရှိ ရှန်းကန် ဆူပွက်နေသည်။ မျက်လုံးအကြောင်သားနှင့် ဘာစကားမှ မပြောနိုင်တော့သည့် ဒေါ်နော်ဖော မျက်နှာကို မြင်ယောင်ကာ တစ်ဖက်မှာ တွဲလျက်မြင်နေသည့် ဦးမောင် မျက်နှာကြီးက ဘီလူးသရဲသဖွယ် ကြမ်းတမ်းနေ၏။

အထဲကနေ လှမ်းကြည့်နေပြီး ဦးမောင် တမင်လုပ်ချလိုက်တာ..။

ကားမောင်းနေရင်း တစ်ချက်တစ်ချက် သတိလွတ်ကာ ကားက အရှိန်တွေ မြင့်သွားတတ်ကာ ဘေးက ဟွန်းသံတွေ ဆူညံသွားကာမှ ပြန်လျှော့ရသည်။

ဆေးရုံတင်ခဲ့ပြီး ဟန်ဝင်း တို့ လင်မယားကိုပဲ အကူအညီတောင်းထားခဲ့ပေမယ့် စိတ်ထဲမှာ ဘာကို စိုးရိမ်နေမှန်း မသိပေ ...။

ထိုကဲ့သို့ ဘာမှန်းမသိ ခံစားနေရသည့်အရာဟာ ဦးမောင် ရဲ့ ရှိမှန်ဟုတ်သည့် လုပ်ကွက်တွေကြောင့် ပိုမို ကြီးထွားလာသလိုပင် ...။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နော်ဖော ကို ဘာဖြစ်လို့ ဒီလောက်ထိ ဒုက္ခပေးလိုက်တာလဲ ... သေစေချင်တာလား .. ကျိုးကန်းသွားစေချင်တာလား ..၊ ဒီလိုဖြစ်သွားခဲ့ရင် နန်းမဟာမှာ ဘယ်လိုအကျိုးတွေ ပွားများလာမှာမို့လဲ ..။

"ဒုန်း .."

ခြံထဲကို တလကြမ်း ဆောင့်ကွေ့ဝင်လာ ကားကို အကြမ်းပတမ်း ရပ်ပစ်လိုက်သည်။ အိမ်ရှေ့ကနေပဲ ပြေးတက်ခဲ့ရင်း ဦးမောင် ရှိနေမည် ထင်သည့်အခန်းဆီ ခြေလှမ်းကျဲများနှင့် တန်းဝင်သွားခဲ့၏။

မေးချင်နေသည့် မေးခွန်းတွေက လူနာကို အရေးတကြီး ဆေး... ပြေးပို့လိုက်ရသည့်အဖြစ်ကြောင့် မျိုသိပ်ထားလိုက်ရပေမယ့် ရင်ထဲမှာ မီးစကြီးတစ်စလို ပူလောင်နေ၏။

"ဦးမောင် .."

အခန်းတစ်ခုထဲက ထွက်လာသည့် ဦးမောင် က စက် ကို မြင်လိုက် ... တော့ မျက်နှာ တစ်မျိုးတစ်မည် ဖြစ်သွားပေမယ့် တည်ငြိမ်ဟန်... နှင့် ...

"ဘယ်လိုလဲ ...၊ အသက်ကယ်လိုက်နိုင်ရဲ့လား .."

"ဦးမောင် .. ဦးမောင် .. ခင်ဗျား .. .."

စိတ်ကို ဘယ်လိုမှ ထိန်းမရခဲ့ဘဲ ဦးမောင် ရဲ့ရင်ဘတ်စကို ဆောင့်... ခနဲ ဆုပ်ဆွဲကာ နံရံမှာပဲ ဖိကပ်ချုပ်ပစ်လိုက်၏။ ဦးမောင် ရဲ့ကုတ်အင်္ကျီ ရှည်ဖားဖားနှင့် ကိုယ်လုံးကြီးက နံရံမှာ ကျောပြားလိုက် အင့်ခနဲ ... ကပ်သွားသည်။

ရုတ်တရက် ထိတ်လန့်အံ့သြကာ မျက်နှာရှေ့ထိ နီးကပ်စွာကျ... သည့် လက်သီးချက်ကို ဦးမောင် မျက်လုံးအပြူးသားနှင့် ကြည့်... စက် က စိတ်လိုက်မာန်ပါ တအား လွှဲရွယ်လိုက်ပြီးမှ မျက်... နှင့် ထိကပ်လုလုမှာ စိတ်ကို ပြန်ထိန်းရင်း လက်ကလည်း ရပ်တန့်သွား... သည်။





ထိုအခါကျမှ ဦးမောင် မျက်နှာတစ်ပြင်လုံး ရှက်ဒေါသနှင့် ရဲခနဲ သို့တက်လာကာ ...

"မင်းကလား .. ကဲကွာ .."

စက် မျက်နှာ ခွပ်ခနဲ ထိခတ်သံ ..၊ နောက်ကို ချာခနဲ လည်ထွက်သွားသည်။

ဦးမောင် က ဒရုံဒရွဲဖြစ်သွားသည့် ကိုယ်ပေါ်က အဝတ်အစားတွေကို ဟန်ကျပန်ကျ ဆွဲဆန့်ပြုပြင်လိုက်ရင်း ရှေ့တိုးလိုက်လာကာ...

"မင်းက လူစိတ်ပျောက်ပြီး ကိုယ့်ဘကြီးတစ်ယောက်လုံးကို လက်သီးရွယ်တယ် .. ဟုတ်လား .."

စက် ရဲ့မျက်လုံးတွေ မီးဝင်းဝင်းတောက်လျက် နှုတ်ခမ်းထောင့်က သွေးစကို လက်ခုံနဲ့ သုတ်သည်။

နှစ်ယောက်သား ရင်ဆိုင်ရပ်မိကြတော့ ဦးမောင် ရှေ့ဆက်မတိုးတော့ဘဲ မသိမသာ ခြေတစ်လှမ်း ပြန်ဆုတ်၍ ...

"ဘာတွေ မာန်တက်လာတာလဲ သျှန် ..၊ ဟိုမိန်းမက ဘာတွေ သတင်းပေးလိုက်လို့လဲ ..၊ မင်းက အခု ဘာလုပ်မယ်လို့ မောင်းတင်ပြီး ပြန်လာတာလဲ .."

"ဘာတွေ သတင်းပေးလိုက်လို့လဲဆိုတော့ ကျွန်တော့်အကြောင်း ကျွန်တော့်ထက် ပိုသိနေတဲ့လူတွေ နောက်ထပ်ရှိသေးတယ်လို့ ဦးမောင် ပြောလိုက်တာလား ..၊ ဒါဆို ဦးမောင် မှာ ကျွန်တော်နဲ့ပတ်သက်တဲ့ လျှို့ဝှက်ချက်တွေ သိမ်းထားတာ ရှိခဲ့တာပဲ .."

ဦးမောင် ကွက်ခနဲ မျက်နှာပျက်သည်။

"ဒေါ်နော်ဖော ကို ဦးမောင် သိတယ်မို့လား .."

"ငါနဲ့သိတယ်လို့ မင်းက ဘာကိစ္စ ထင်ရတာလဲ .."

"မသိဘဲနဲ့ ရပ်ကြည့်ပြီး လှည့်ပြန်သွားမယ့်လူတစ်ယောက်ကို ဘာဖြစ်လို့ ဒီလောက်ထိ ဒုက္ခပေးလိုက်တာလဲ၊ အဲဒီနေရာမှာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရင်ရော ဦးမောင် လုပ်လိုက်တာ ကျွန်တော့်ကို သေကြောင်းကြံချင် နေတာလို့ စွပ်စွဲရင် မရဘူးလား .."

"ဒါတော့ မင်းက ကိုယ့်ဘကြီးလို့ မသတ်မှတ်ခဲ့ဘဲ သတ်ပစ်ချင် လောက်အောင်မုန်းတီးနေခဲ့တာဆိုရင် မင်းရင်ထဲက အတိုင်းအတာနဲ့ နှိုင်းယှဉ်ပြီး စွပ်စွဲလို့ ရတာပေါ့"

"ဒါဆို ဖြေစမ်းပါ .. ဒေါ်နော်ဖော မဟုတ်ဘဲ ကျွန်တော် ဖြစ်ခဲ့ရင် ဒါက ဘာလဲ .."

"အခု မင်း မဖြစ်ခဲ့ဘူးဆိုတော့ ဒီမေးခွန်းကို မေးဖို့ မလိုပါဘူး ဒီမှာ အာဏာသျှန် .. မင်းကို ဒီနာမည်ပေးခဲ့တာ ကိုယ့်ထက်အကြီးအငယ် တွေအပေါ်မှာ အာဏာသျှန် လုပ်ဖို့ မဟုတ်ဘူး၊ ဘယ်သူ့အမိန့်ကိုမှ ခေါင်းငုံ့ နာခံမှာ မဟုတ်တဲ့ ကိုယ့်အမှန်တရားနဲ့နေတဲ့ အာဏာသျှန် ဖြစ်ဖို့ .."

"ကျွန်တော့်မှာ အမှန်တရားရှိတယ် ဦးမောင်၊ အဲဒါက မမှန်ရင် တော်လှန်ဖို့ပဲ၊ ဒေါ်နော်ဖော ကို ဆေးရုံကဆင်းရင် အိမ်ခေါ်လာမယ် ဖေဖေနဲ့တွေ့ပေးမယ် .. ဖေဖေရယ် .. ကျွန်တော်ရယ်နဲ့ အရင်းနှီးဆုံးလူ ဟာ ဒေါ်နော်ဖော ပဲ .."

ဦးမောင် မျက်နှာကြီး သပြေသီးမှည့်နဲ့ တူလာသည်။

"ဦးမောင် မသိလည်း ဖေဖေ သိရမယ် .."

"မသိဘူးဆိုရင်ရောကွာ .."

"ဖေဖေ မဖြေရသေးဘူးဆိုတော့ ဒါကို မေးဖို့ မလိုပါဘူး"

ကိုယ့်စကားနဲ့ ပြန်နှက်ခံလိုက်ရတော့ ရင်ထဲမှာ အောင့်သက်သွား သည်။ ဦးမောင် မျက်နှာပေါ်မှာ ဟန်ဆောင်ထိန်းချုပ်နိုင်စွမ်း မဲ့လာ သလို သိသာစွာ ပျက်ယွင်းနေခဲ့လျက် ...

"ဒီအိမ်မှာ တစိမ်းလူ လုံးဝ လက်မခံဘူး"

ဟု ယုတိပြတ် ပြော၏။





"ဆုံးဖြတ်ထားတဲ့အတိုင်းပဲ ဦးမောင်၊ ကျွန်တော့်အိမ်မှာ ဒေါ်နော် ဖော ကို ထားမှာ .."

စက် က ပိုင်ပြတ်သားစွာ ကြေညာလိုက်ပြီး လှည့်ထွက်သွားခဲ့ ၏။ 'ကျွန်တော့်အိမ်မှာ' ဆိုတဲ့စကားက 'ဦးမောင် အိမ် မဟုတ်ပါဘူး' လို့ ပြောသွားတာပဲ ..။

မာန်မာန၏ကောက်ကြောင်းတို့ ထင်ရှားစွာဖြစ်လျက် ဦးမောင် အံကြိတ်၏။

မမှားဘူးဆိုတိုင်း အမှန်တရားမဟုတ်သလို အဖြေတစ်ခုအတွက် အမှန်ဆိုတာလည်း တစ်ခုပဲရှိတယ် သျှန် ..၊

အဲဒီအမှန်တရားက ငါ့ဆီမှာပဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄၅)

"ဟာ!... အမိပ္ပာယ်မရှိတာ .."

စက် ဒေါသထွက်သွားသည်။ ပြီးတော့ ဆေးခန်းထဲ တန်းဝင်သွားသဖြင့် ဟန်ဝင်း ကမန်းကတန်း လိုက်ရတော့သည်။

"စက် .. စောင့်နေဦး .."

လို့ တားပေမယ့် စက် က ရီဆက်ပ်ရှင်ဆီ တည့်တည့်လျှောက်သွားပြီဖြစ်ကာ ...

"အခန်းခြောက်က လူနာကို ဘယ်သူခေါ်သွားတာလဲ .."

"ရှင်!..."

"ဒေါ်နော်ဖော .."

စာရေးမလေးက ခုနကမေးသွားပြီဖြစ်သည့် ဟန်ဝင်း ကို ဖျတ်ခနဲ လှမ်းကြည့်ပြီးမှ ...

"ထွက်သွားတာ ကျွန်မတို့ မသိလိုက်ဘူး၊ ဒါပေမယ့် ဒီအစ်ကိုကို ပြန်ခေါ်သွားလို့ ရပြီလို့ ကျွန်မတို့ ပြောထားပြီးပြီမို့လို့ ပြန်ခေါ်သွားတယ်လို့ပဲ ထင်ထားတာ .."





"ကျွန်တော် နာ့စ်နဲ့ထားခဲ့ပြီး ညပြန်အိပ်တာလေ၊ ရှစ်နာရီလောက်မှ ပြန်ရောက်လာတာ .."

"ဟုတ်ပါတယ် ..၊ ကျွန်မတို့ကလည်း ညတည်းက ပြောလိုက်တာဆိုတော့ .."

"ဒီမှာ .."

ဟန်ဝင်း ကိုပဲ အပြစ်တင်နေသလို လှည့်ပြောနေသဖြင့် စက် ဘယ်လိုမှ စိတ်မရှည်နိုင်တော့ဘဲ ...

"တစ်ည ထပ်ထားဖို့အတွက် ငွေသွင်းခဲ့ပြီးသား ..၊ လူနာ ဆင်းလို့ရပြီဆိုတာနဲ့ မင်းတို့နဲ့မဆိုင်တော့ဘူးဆိုပြီး ထားလိုက်တာလား .."

"မဟုတ်ပါဘူးရှင် .. ဒါပေမယ့် လူနာက စကားမပီတာပဲရှိတာ၊ သွားနိုင်လာနိုင်ဖြစ်နေပြီဆိုတော့ သူ့ဟာသူ စွပ်ခနဲ ထွက်သွားတာမျိုးဆို ကျွန်မတို့ .."

"သူ့ဟာသူ ထွက်သွားလောက်အောင် မသန်မာသေးဘူး ..၊ အမိပ္ပာယ်မရှိတာ မပြောနဲ့ .."

စက် ဒေါသထွက်လို့ အော်ပြောမိလေ သားလူတွေ ဝိုင်းအုံလာလေရှိကာ ရီဆက်ပ်ရှင်က မိန်းကလေးတွေ မျက်နှာတွေ ပျက်ကုန်၏။ ဟန်ဝင်း လည်း ကိုယ့်မှာ အပြစ်မကင်းသဖြင့် စက် ကို တောင်းပန်ဖို့၊ ဖျန်ဖြေဖို့ ဘယ်လိုကြားဝင်ရမှန်းမသိ ဖြစ်နေ၏။

ထိုစဉ် ဆေးရုံအုပ်က လာတောင်းပန်ကာ အားလုံးကို မေးမြန်းစုံစမ်းကြည့်လိုက်တော့ ဒေါ်နော်ဖော သူ့ဟာသူ ထထွက်သွားတာ မှန်သည်။ ဒါပေမယ့် ကိုယ်ပိုင်ကားတစ်စီးနဲ့ ပါသွားသည်တဲ့ ..။

ဒေါ်နော်ဖော က ကိုယ်ပိုင်ကား ဘယ်လိုစီးနိုင်မှာလဲ ..၊ ကားနံပါတ် မေးတော့ ဘယ်သူမှမပြောနိုင်ဘဲ ပါဂျရိုးပုံစံဆိုတာပဲ သိရသည်။

"အဲဒါ အမိပ္ပာယ်မရှိဘူး ဟန်ဝင်း ..၊ ဆင်းသွားတယ်ဆိုတာရော.. ပါဂျရိုးနဲ့ လာကြိုသွားတာရော .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် အခု ဟုတ်နေပြီလေကွာ ..၊ သူ့ဆွေမျိုးသားချင်း..

"ဟန်ဝင်း .. မင်း ကြောင်နေပြီလား .."

"ဟင်!..."

"သတိရလာတည်းက စကားမပီတော့တဲ့လူ၊ ဆေးခန်းထဲမှာ ရှိနေတာလည်း မင်းအသိ ..၊ သူ ဒီကိုရောက်နေတာ ဘယ်သူ့ကို အကြောင်းကြားထားလို့ လာကြိုမှာလဲ၊ သူ့ဆွေမျိုးတစ်ယောက်ယောက် က ကားစီးနိုင်လို့ လာခေါ်တယ်ဆိုရင်ရော .. ဒီမှာ ကြီးဖော ရှိနေတာ ဘယ်သူ သိတာလဲ .."

"ဒါလည်း ဟုတ်တယ် .."

ဆေးခန်းထဲမှာ လူတွေ ဝိုင်းကြည့်လာသဖြင့် အပြင်ထွက်ပြော ကြတာတောင် အထဲကနေ လှမ်းကြည့်နေကြတုန်း ...

"ငါ့ကြောင့်ပါ စက် ရာ ..၊ ငါ ပေါ့ဆတာ .."

"မဟုတ်ဘူး .. ဒီဆေးခန်းကိုက အလုပ်မဟုတ်တာ .. တော်"

"နေဦး .."

ဟန်ဝင်း က ဘာကို သတိရသွားသည် မသိဘဲ လက်ကာတား လိုက်ပြီး ခဏငြိမ်နေ၏။ ပြီးမှ ချာခနဲ ပြန်ဝင်ပြေးသွားကာ ပြန်ရောက် လာတော့ လက်ထဲမှာ နွမ်းကြေနေသည့် စာရွက်ပိုင်းလေးတစ်ရွက်နှင့်..

"စက် ရေ .. ဒီမှာ ဒေါ်နော်ဖောကြီး ပြန်ဖို့ထွက်လာတာတော့ မဟုတ်ဘူးကွ၊ ငါတို့ မနေ့ကဝယ်ခြမ်းထည့်ပေးထားတဲ့ ပစ္စည်းအထုပ် အထွာတွေ၊ အသုံးအဆောင်တွေ ဘာတစ်ခုမှ ယူမသွားဘူး ..၊ သပ်သပ် ရပ်ရပ် သိမ်းထားတဲ့ပုံတောင် မရှိဘူး"

"မင်း အခုမှ ပြောရသလား .."

"အေး .. ငါ မနက်က ဝင်ကြည့်တည်းက အဲဒါတွေ မြင်တယ် ဒါပေမယ့် ထပ်သိချင်လို့ ပြေးကြည့်တာ ..၊ အဲဒါ သူ့ခုတင်အောက်က တွေ့တာ .. ကြည့်ဦး .."





ကြည့်ဦးဆိုမှ လက်ထဲ ထည့်ပေးထားသည့် စာရွက်ပိုင်းလေးကို သေချာပြန်ကြည့်မိသည်။ သယ်န်းကျွန်းလိပ်စာတစ်ခု ဖြစ်သည်။ အိမ် ပိုင်ရှင်က ဒေါ်အေးနော် ..။

"တွေ့လား .. မင်းရဲ့ ဒေါ်နော်ဖော ဟာ သေချာတယ်၊ သူ့အိမ် သား .. သူ့ဆွေမျိုးအိမ်လားပဲ .."

"မင်း အဲဒီကို ခု ပြေးကြည့်စမ်းပါ ..၊ လူမတွေ့ရင်လည်း ငါတို့ ဆက်လိုက်လို့ရအောင် သေချာ စုံစမ်းလာခဲ့ .."

"အေး .."

"ဒါကို ငါ လုံးဝမသက်ဘူး ဟန်ဝင်း၊ အားလုံး သိရမှ မင်းကို ငါ ရှင်းပြမယ်၊ သေချာလုပ်ခဲ့နော် .. အချိန်မရှိဘူး .."

"အေးပါ .. မင်းဆီကို ငါ ဖုန်းဆက်ရမှာလား .."

"ငါ ရွှေအိမ်စည်က စောင့်မယ်၊ မင်း ပြန်လာခဲ့ .."

"အိုကေ .."

နှစ်ယောက် လမ်းခွဲခဲ့ကြတော့ နာရီကိုယ်စီ ကြည့်မိကြပေမယ့် ဆုံချိန်ကို မှန်းဆတာပဲဖြစ်ကာ အိမ်ပြန်ချိန် မပါသေး။ ဒါပေမယ့်..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄၆)

ခြင်းကြီး ကိုင်တွယ်လာပြီး ခြံနောက်ထောင့်ကြားထိ ထွက်သွား တာ မြင်လိုက်သည်။ ပြီးတော့ ချော်နံ့တွေနှင့်အတူ မီးခိုးတွေ တလွန့် လွန့်တက်လာတာ မြင်လိုက်၏။

ဦးမောင် ဘာတွေထည့်သွားပြီး မီးရှို့နေမှန်း မသိပေမယ့် ချော်နံ့ ထွက်လာတာကတော့ တော်တော်ကို ဆိုးဝါးနေကာ ဘေဘီ ပြတင်း ပေါက်မှာ ရပ်ကြည့်နေရင်း ပျို့ချင်လာ၏။

ဟိုဘက်မှာ ဘေဘီ တို့ နေကြတုန်းကလည်း ဒီဘက်ခြံထဲက မီးခိုးဖြူဖြူလေးတွေ တလွန့်လွန့်တက်လာတာ မြင်ဖူးသည်။ အမှိုက် တွေ မီးရှို့တာပဲလို့ ထင်ကြပေမယ့် မေမေကတော့ ချော်နံ့ကြီးက ဆိုးဝါးလိုက်တာလို့ ပြော၍ ရှုံ့မဲ့နေခဲ့၏။

ပြီးတော့ ဘာကောင်တွေများ မီးထဲ ထည့်ဖုတ်နေလဲ မသိဘူးလို့ ညည်းကာ အခန်းထဲပြေးဝင်ပြီး တံခါးပိတ်နေခဲ့ဖူးသည်။

ကြာတောင် ကြာနေပါပြီ ...။





ဒါက တစ်ခါတလေမို့ ...၊ ခုတစ်ခါတော့ ဘာတွေလုပ်တာလဲ ဆိုတာ ပြေးကြည့်ချင်စိတ်တွေ ဖြစ်လာခဲ့၏။

ကိုယ်က အေးချမ်းစွာ နေလိုတာပါ။ နေလို့မရအောင် မျက်စိ အောက် ရောက်လာတာကျတော့လည်း ပုထုဇဉ်ပီပီ သိချင်စိတ်က မျိုသိပ် မရချင် ...။

မီးခိုးတွေ ချော်နံ့တွေ ခဏလေးပဲထွက်ခဲ့ပြီး ဦးမောင် အထဲ ပြန်ရောက်လာလျှင် ဘေဘီ အခန်းပြင်ကိုထွက်၍ နားစွင့်ကြည့်မိ၏။

ခြေသံလိုလို၊ ပစ္စည်းရွှေ့လျားသံလိုလို ကြားကာ လှုပ်ရှားလှုပ်ရှားနေ တာ အကြာကြီး။ ပြီးတော့ ကားသံလိုလို ကြားလိုက်ရသဖြင့် ဦးမောင် အပြင်ထွက်သွားတာမှန်း သိလိုက်သည်။ ဒီနေ့ ဒီလူကြီး လှုပ်ရှားသွား လာနေပုံတွေက ဒေါသကြီးနေတာလား ...၊ တစ်ခုခုကို စိတ်စောနေ တာလား မသိ ...။

လက်နှစ်ဖက် နောက်ပစ်၍ တလွှားလွှားဖြစ်နေတာကို ပြန်မြင် ယောင်ကာ စဉ်းစားကြည့်ရင်း ဘေဘီ အပြင်ရောက်လာခဲ့သည်။

ဦးမောင် အများဆုံး ဝင်ထွက်နေတာမြင်ရသည့် တီပုံသဏ္ဌာန် အပေါ်ထပ်လှေကားကြီးထိပ်ကို မော့ကြည့်ရင်း ခဏတော့ စဉ်းစား မိ၏။

တကယ်လို့ ဦးမောင် နဲ့ မိသွားခဲ့ရင် ဘယ်လိုပြောမလဲ ...။

ပြောဖို့ အကြောင်းရှာမရပေမယ့် ဖုန်စုတ်စက် ပြေးယူလိုက်ပြီး အလုပ်လုပ်မယ့်ပုံနဲ့ပဲ တက်သွားခဲ့မိ၏။

ဟိုတစ်ခါ ဒီနားမှာပဲ ကိုကို့ကို ဖေဖေနဲ့ မတွေ့ရဘူးလို့ ဦးမောင် ပြောခဲ့တာမို့ အပေါ်ထပ် တစ်ခန်းခန်းမှာ ကိုကို့ဖေဖေ ရှိနေနိုင်သည်။

အတွင်းထဲမှာတောင် လျှို့ဝှက်သွားလာလို့ရအောင် ပြင်ဆင်ထား သားတာ...၊ အပေါ်နဲ့အောက် သွားလာလို့ရနေတာတွေလည်း ရှိနိုင် တာပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း .. အဟမ်း .."

ချောင်းဆိုးသံက ဘောဘီ ဘယ်နေရာသွားကြည့်ရမလဲဆိုတာကို လမ်းညွှန်ပေးလိုက်သည့်နှယ် ...။

အပေါ်ထပ်ဆိုသည့် တစ်ထပ်လုံးဟာ ဧည့်ခန်းလို ခန်းမကျယ်ကြီး တွေရှိနေကာ အခန်းတွေကို နံရံတွေလို သတ်မှတ် တည်ဆောက်ထား တာ ဖြစ်သည်။

တကယ့်ဧည့်ခန်းကြီးက ဘုရားခန်းရှေ့မှာဖြစ်လျက် ရှေးဟောင်း ရုပ်တုတွေ၊ ယဉ်ကျေးမှုလက်ရာ ရှေးရာပစ္စည်းတွေအားလုံးက ဝင်းဝင်း လက်လက်နှင့် အောက်ထပ်ထက် ပိုမှောင်ပြီး အောက်ထပ်မှာထက် ပို၍ ခန့်ညားး၏။

ဒါ ရွှေတွေချည်းပဲလား ...၊

ခြေလှမ်းပြင်နေပြီးမှ သွားမကြည့်ရဲ ...။ ငွေရောင် ရွှေခြည်ထိုး ခန်းဆီးစပ၀ါလေး တလွင့်လွင့်နှင့် ဧည့်ခန်းကြီးက နန်းတော်ကြီးလိုပင်။

ပ၀ါစလေးကို မရဲတရဲကိုင်မိကာ တိမ်းဖယ်ကြည့်မလို ပြင်ပြီးမှ ပ၀ါမှာ တကယ့်ရွှေခြည်တွေနဲ့ ထိုးသွင်း ယက်လုပ်ထားတာမှန်း သိ လိုက်သဖြင့် ဖျတ်ခနဲ ပြန်လွှတ်မိ၏။

တော်ကြာ အပေါ်ထိတက်ပြီး မက်မောနေပါသည် ...၊ ကြံစည်နေ ပါသည်ဆိုသည့် ပုဒ်မတစ်ခု ထပ်တိုးလာနိုင်သေးသည်။

ဘယ်လိုလုပ်ရမလဲ ...၊ ပြန်ဆင်းမလား ...။

ဟိုတစ်ခါကလည်း ကိုကို့ဖေဖေလို့ သေချာနေတဲ့လူကြီးကို မြင် နေရပါလျက်နှင့် သူမ ပြန်လှည့်ပြေးခဲ့မိ၏။ ဒီတစ်ခါတော့ ဦးမောင် လည်း အပြင်ထွက်သွားပြီ ...၊ ကိုကိုလည်း မရှိဘဲနဲ့ ဘာလို့ လှည့်ပြန် ရမှာလဲ ...။

ဘောဘီ ဧည့်ခန်းကိုကျော်ခိုင်းလိုက်ကာ စောစောက ချောင်းဆိုးသံ ကြားရသည့် ညာဘက်ခန်းမကျယ်ကြီးရဲ့ ထိပ်ဆုံးခန်းကို ခြေသံဖွဖွ





လျှောက်ခဲ့၏။

ထိုစဉ်ခဏလေးမှာ သူမ အခန်းရှေ့ရောက်တာနှင့် တံခါးက ရုပ် ခနဲ ပွင့်သွားသည်။

"ဟင်!..."

"မင်း .. .."

ဘောဘီ ထိတ်ခနဲဖြစ်သွားကာ နောက်ကို ခြေနှစ်လှမ်းလောက် ဆုတ်လိုက်မိ၏။ အခန်းထဲမှာလည်း မီးမရှိ၊ အပြင်မှာလည်း မှောင်နေ သဖြင့် ကိုကို့ဖေဖေရဲ့ပုံသဏ္ဍာန်ကို မြင်ရပေမယ့် မျက်နှာက ဦးထုပ်ကြီး အောက်မှာ ပျောက်ကွယ်လုလု ...၊

"တောက် .."

တက်ခေါက်သံက ဒေါသနှင့် ပြင်းပြင်းထန်ထန်ကြီး မဟုတ်ဘဲ စိတ်ပျက်သွားတာမျိုး ဖြစ်သည်။

"ဦး .. နေပါဦး .."

လူကြီးက တံခါး ဖျတ်ခနဲ ပြန်ဆွဲပိတ်လျှင် ဘောဘီ က တံခါးကို အမိအရပြန်ဆွဲကာ သူမပါ တိုးဝင်လိုက်၏။ အခန်းထဲဝင်လိုက်မိသည့် ခဏမှာ ညှီစို့စို့ သွေးပြည်နံ့ကြီးက စူးစူးဝါးဝါး ...။

"မင်း ထွက်သွားစမ်း ...၊ ဘာလာလုပ်တာလဲ .."

"ဦးရယ် .. ဟိုလေ .. ဘောဘီ က ဘောဘီပန်ထွာ .. ကိုကို့ဇနီးပါ၊ အဲဒါ ဦး သိပြီးသားနေမှာပါ၊ ဘောဘီ က ကိုကို့ဖေဖေကို တွေ့ချင်လို့ လိုက် .."

"ဘာလုပ်ဖို့လဲ .."

စကားသံသည် သေးညှပ်ညှပ် လုံးကျစ်လျက် နှာခေါင်းပိတ်ပြော နေတာမျိုး။ ဘောဘီ တစ်ခုခုကို နားလည်လာသလိုရှိစဉ် ...

"မင်း ဒီလောက်စွဲကောင်းတာ မင်းကို သိအောင် ပြလိုက်မယ်၊ ဒါပေမယ့် တစ်ခုရရင် တစ်ခုပြန်ပေးရတာတတ်တယ်၊ မင်းဒုက္ခ [illegible] ရှာ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ ..”

လူကြီးက ပြော၍ မီးခလုတ်ရှိရာ လျှောက်သွားကာ ...

“ချောက် ..”

“ဟင်!...”

တိုလန်နေသည့်နှာခေါင်းနှင့် ဖုထစ်နီရဲနေသော အဆီပြန်သည့် မေးဖျားကို မီးရောင်အောက်မှာ မြင်လိုက်ရ၏။ ထို့ပြင် ...

“ဒီမှာ .. သေချာကြည့်သွား ..”

ပြောပြီးတာနှင့် သူ့ခေါင်းစွပ်ကြီးကို ဆွဲချွတ်ပြလိုက်လျှင် —

“အမလေး!...”

မျက်နှာကို လက်ဝါးနဲ့ ဖြန့်ကာလိုက်ရင်း အလန့်တကြား အော်လိုက်မိ၏။ မြင်လိုက်ရတာက အရေခွဲဆုတ်ထားသလို နီရဲသော အသားပြင်တချို့၊ အနာဖေးတချို့နှင့် စို့ရွှဲ ပျက်စီးနေသည့် မျက်နှာကြီးမှာ နှာခေါင်းရယ်၊ နှုတ်ခမ်းသားရယ်ဆိုတာလည်း တိတိပပ မရှိတော့ပေ။

ထို့ပြင် လည်ပင်းတွေမှာ ဆေးတွေလား၊ အညစ်အကြေးတွေလား မသိနိုင်သည့် အဖြူဖတ်ကြီးတွေ ကပ်တွယ်နေကာ နောက်ထပ် ချွတ်လိုက်သော လက်အိတ်တွေထဲက လက်တွေမှာလည်း အနာတွေ စို့ရွှဲနေ၏။

“တွေ့ပြီလား ဘောဘီပန်ထွာ ...၊ အဲဒါ စက်အာဏာသျှန် ရဲ့အစေ ဦးကျော်အောင် ပဲ ..”

လူကြီးက ရှေ့ကို တစ်လှမ်းတိုးလိုက်လျှင် ဘောဘီ နောက်ကို တစ်လှမ်းဆုတ်၏။

“မင်းကို ငါ့သား ဘာဖြစ်လို့ လက်မထပ်ချင်တာလဲ ...၊ မိန်းမတွေ အပေါ်မှာ မာနကြီးသလို အဖက်မတန်သလိုနေခဲ့တာ ဘာကြောင့်လဲ — အဲဒါတွေ မင်း အခု တွေ့ပြီလား ..”

ဘောဘီ မယုံနိုင်သလိုရှိနေရင်း မျက်လုံးတွေ ဝိုင်းစက်နေတာက





နေရာမကျနိုင် ...။ ပွင့်ဟနေသည့် နှုတ်ခမ်းသားတို့ကလည်း ပြန်မစေ့နိုင်ခဲ့ဘဲ တစ်ခုခုပြောမလို့ အားယူရင်း လှုပ်ခတ်နေ၏။

တစ်ခန်းလုံးသည် ကုတ်အင်္ကျီတွေ၊ ခြေအိတ်လက်အိတ်တွေနှင့် နောင်မည်းနေကာ ကြမ်းပေါ်မှာ ဆေးဘူးကြီးတွေလည်း ရှိနေ၏။ ပြီးတော့ ကြွေရည်သုတ်ဇလုံကြီးတွေ ဟိုပက်လက် ဒီပက်လက်နှင့် ဘာ ရည်တွေ ထည့်ထားမှန်း မသိ ...။

စုးဝါးပြင်းထန်လာတာက ဒီလူကြီးနဲ့နီးလာလေ အနံ့ဆိုးကြီးက ပိုဆိုးလေ။ သူကလည်း တစ်ခွန်းစလိုက်တိုင်း ရှေ့ကို တရွေ့ရွေ့တက်လာလျက် ...

“သူ မိန်းမယူလိုက်လျှင် ငါ့လိုပဲဖြစ်သွားမှာ ...၊ အဲဒါကြောင့် မင်းကို သူ ဘယ်တော့မှ ပေါင်းမှာ မဟုတ်ဘူး ..”

ဘောဘီ ထိတ်လန့်တုန်လှုပ်စွာ ခေါင်းခါနေမိလျှင် လူကြီးက ဘယ်လိုသဘောပေါက်သွားသည် မသိ ...။

“အေး .. မင်းကို သူ ပေါင်းသင်းနေပြီဆိုရင် မင်းလည်း ဒီတိုင်း ဖြစ်ရင်ဖြစ် .. မဖြစ်ခဲ့ရင် သူ့ကိုထားခဲ့ပြီး ထွက်ပြေးမယ်.. ဒါပဲ၊ ဘယ် ဆက်ကမှ ကောင်းမွန်ဖို့ မရှိဘူး၊ မိန်းမဆိုရင် သူ့အမေက စပြီး သူ ရှုန်းခဲ့တာ .. အဲဒါ ဘာဖြစ်လို့လဲ သိလား...၊ သူ့အဖေကိုထားပြီး အသစ် ရှာ ထွက်ပြေးသွားလို့ ..”

ဘောဘီ နှုတ်ခမ်းမှာ ဖိကပ်ထားမိသည့် လက်ဖဝါးလေးတွေပါ တဆတ်ဆတ် တုန်ယင်လာသည်။ မျက်ရည်တို့ဟာ သူ့ရဲ့သခင် ပျော်နေတာလား ...၊ ဝမ်းနည်းနေတာလား မစုံစမ်းဘဲ ချက်ချင်း တဖြောဖြော ဆင်းလာကြလေသည်။

ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားခဲ့မှန်း မသိပါ။ သေချာတာက သူမ ငိုချင်တာ မဟုတ်ပေ။ ယူကျုံးမရ ဖြစ်မိခြင်းဟာလည်း ဘယ်သူ့ အတွက်ဆိုတာ မသိ ...။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အတွက်လား .. ကိုကို့အတွက်လား ..၊ ဒါမှမဟုတ် နှမ်
ယောက် တစ်ဘဝအတွက်လား ..၊

"မင်းလည်း မိန်းမထဲက မိန်းမပဲ၊ အခု ငါ့သား ချောမောလှပနေ
တာကို မင်း မက်မောနေတာ၊ ဒီလိုရုပ်ကြီးဖြစ်သွားရင် မင်း မက်ဦးမှာ
လား .."

လူကြီးက အလှမ်းကျယ်သည့် ခြေတစ်လှမ်းဖြင့် ဖျတ်ခနဲ ရှေ့
တက်လိုက်ပြီး မျက်နှာကြီး ရှေ့တိုးပြ၏။ ဘောဘီ အလန့်တကြား ဆုတ်
ရှောင်လိုက်မိရာ ကျောပြင်က နောက်ကရင်ခွင်တစ်ခုထဲကို အငိုက်မိ
ပစ်ကပ်သွားခဲ့သည်။

လှည့်ကြည့်လိုက်တော့ သူမနောက်မှာ ဦးမောင် ..၊

"ကောင်းတယ် .. ဒါမှ ပွဲကကြည့်ကောင်းလာတာ"

"ဂျိမ်း .."

"ဟင့်အင်း .. ဘာလုပ်တာလဲ၊ ဦးမောင် ဘောဘီ ကို လွှတ် .."

ဦးမောင် က တံခါးကို လော့ခ်ချပြီး ဆောင့်ပိတ်ပစ်ကာ ဘောဘီ
ကိုယ်လေးကို ခါးလှလှလေးကနေ ဆွဲ့ခနဲ မွေ့၍ ခါးစောင်းတင်လိုက်၏။

"ဦးမောင် ဒီလိုမလုပ်ပါနဲ့ .. ဘောဘီ အော်လိုက်မှာနော် .."

"တိတ်စမ်း .."

ဘောဘီ ကိုယ်လေးသည် ဦးမောင် လက်ထဲမှာ အရုပ်တစ်ရုပ်လို
ဖြစ်နေခဲ့ပြီး အလွန် ရွံရှာဖွယ်ကောင်းသည့်လူကြီးရှေ့မှာ ထိကပ်မတတ်
တိုးပေးလိုက်ကာ ...

"အဲဒါ ဘောဘီပန်ထွာ ဆိုတဲ့ တိုင်းပြည်ဖျက်မယ့် မိန်းမ .. မင်း
သေချာကြည့်ထား ကျော်အောင်၊ 'နန်းမဟာ' စံအိမ်ကြီးကို ဖောက်ထိုး
မိုးမျှော်ဖြစ်အောင်လုပ်မှာ သူပဲ ..၊ ငါတို့ရဲ့ အေးချမ်းနေတဲ့ သုံးယောက်
ကမ္ဘာလေးက သူ့ကြောင့် ပျက်သုဉ်းရတော့မှာ .."

အလွန်အမင်း နာကြည်းနေခဲ့သော စွပ်စွဲချက်တွေက ပြင်းထန်





သည်။ ဦးမောင် မျက်နှာတစ်ပြင်လုံးဟာ မီးတောက်မီးလျှံတွေလို အနီး
အလျှံတွေ တက်နေသလား ထင်ရလောက်အောင် နီရဲလျက် ...

"နင့်ကို ဒီတိုင်းမထားသင့်တော့ဘူးဆိုတာ ငါ တွေးမိနေတာ
ကြာပြီ .."

ပြောနေရင်း တိရစ္ဆာန်တစ်ကောင်ကဲ့သို့ လက်နှစ်ဖက်ကို မညှာ
တာ ဆွဲချုပ် လိမ်ထားလိုက်ရင်း ...

"ကျော်အောင် .. မင်း ဘာကြည့်နေတာလဲ ..၊ သူ့မျက်နှာကိုပဲ
ကြည့်..၊ စိုက်ကြည့်လိုက်တာနဲ့ ရင်မခုန်သေးရင် မင်း ရင်ခုန်အောင်
ငါ လုပ်ပေးမယ် .."

"ဘာ!... ဟာ ... မဟုတ်တာ .."

ကျော်အောင် လို့ အခေါ်ခံရသူ ထိတ်ထိတ်ပျာပျာပုံစံနှင့် နောက်
ဆုတ်သွား၏။ ဦးမောင် က ဘောဘီ ကိုယ်လေးကို ရင်ဘတ်လေး ကော့
နေအောင် ချုပ်ထားရင်း ထက်ချပ်မကွာ လိုက်ကပ်တိုးပေးကာ ...

"ငါ့ချွေးမလို့ မင်း မြင်နေသေးသလား ..၊ မင်းနဲ့ ဘာမှမဆိုင်ဘူး၊
ချွေးမလည်း ယောက္ခမနဲ့ ညားလို့ ရတယ်၊ လုပ်စမ်းကွာ .. ကြာတယ်"

"ကိုမောင် ဘာတွေပြောနေတာလဲဗျာ .."

"ဟိတ်ကောင် .."

"ရှင်ကြီး မယုတ်မာနဲ့နော်၊ ဦး .. ဦး သတိထားပါဦး၊ ဘောဘီ
က ကိုကို့ဇနီးပါ၊ ကိုကိုနဲ့ သေအတူ ရှင်မကွာ တစ်သက်လုံး နေသွား
မယ် .."

"တိတ်စမ်း .."

"အား!..."

ပါးလည်း မဟုတ် .. ဖက်ပိုးလည်း မဟုတ်ဘဲ မိသည့်နေရာကို
ကြောင်းခနဲ ရိုက်ချပစ်သည်။ နုနယ်လွန်းသည့် မိန်းမငယ်လေးတစ်
ယောက်က ထိုရိုက်ချက်ကို တောင့်မခံနိုင် ...။



www.burmeseclassic.com

www.burmeseclassic.com



အချုပ်ခံထားရရင်း ခွေခွေခေါက်ခေါက်လေး ပျော့ကျသွား
ဒါပေမယ့် သတိလစ်သွားတာမျိုးတော့ မဟုတ် ...။

"ကိုမောင် ဘာလုပ်တာလဲဗျာ ...၊ ကလေးတွေကို ..."

"ကျော်အောင် .. မင်း ပါးစပ်ကို ပိတ်ထားစမ်း၊ အခု ငါ နိုင်
ကို အေးအေး မင်း လုပ် ...၊ မဟုတ်ရင် ငါ့နည်းငါ့ဟန်နဲ့ မရ
လုပ်ယူမှာပဲ၊ ဖေးကူလို့မရတော့ ဆေးကူရတာပေါ့ ..."

"အင်း .. အ .."

သောဘီ ကိုယ်လေးကို မြောက်ခနဲ ပွေ့ချီသွားကာ ဦးကျော်အောင်
၏ မသတိစရာအိပ်ရာကြီးပေါ် ပစ်စလက်ခတ် လွှတ်ချလိုက်သည်

ဇက်ကြောတစ်ခုလုံး ထုံခဲသလိုကြီး ဖြစ်နေလျက် မူးဝေသည့်
ဝေဒနာကြောင့် သောဘီ ရုတ်တရက် ဘာမှမတုံ့ပြန်နိုင်သလို ပြေးလည်း
မပြေးနိုင် ...။

နားထဲမှာ ကြားနေရသည့် စကားသံတွေကတော့ သူမအတွက်
ငရဲတစ်ခုလို ...။

"ကိုမောင် .. ကိုမောင် ဘာလုပ်တာလဲ .."

"မင်းတို့အတွက်လေ ...၊ ဒီည မင်းရဲ့မင်္ဂလာဦးညလို့ မှတ်လိုက်
တော့၊ ဒီကောင်မကို ငါ အသေမုန်းတယ်၊ ဒုက္ခလှလှကြီးပေးပြီးမှ ဖြစ်
လွှတ်မယ် .."

"အဲဒီလို မရဘူးလေ ကိုမောင် ...၊ သားသျှန် ရဲ့မျက်နှာက ရှိ
သေးတယ်"

"ဟေ့ .. ဘယ်မျက်နှာမှ မလိုဘူး၊ တစ်သက်လုံး မင်းနဲ့ ဘဝ
ငါ ကိုင်တွယ် အသုံးပြုလာခဲ့တာ၊ သားဆိုတဲ့ စကားကိုလည်း နော
ထည့်မပြောနဲ့ ...၊ ဘာမှမဆိုင်ဘူးလို့ အသေမှတ် .."

"မလုပ်ပါနဲ့ ကိုမောင် ရာ ...၊ အဲဒီကြီးက မဖွယ်ရာပါဘူး"

"ဖွယ်ရာဖို့ မလိုဘူး .. မင်း ဖယ်စမ်း၊ ဒီဆေးတိုက်ပြီးရင် မင်း





တို့ကို အခန်းတံခါး ပိတ်ထားခဲ့မယ်၊ မင်းမျက်နှာကြီးကို အခု မသတိ
ရလို့ မြင်ရင် မြင်နေမယ်၊ ဒါပေမယ့် သိပ်မကြာခင်မှာ ချစ်မဝရှုမဝ
ဖြစ်လာမှာ .."

ဦးမောင် က ကောက်ကျစ်စွာ ပြုံးလိုက်ရင်း တားဆီးနေသည့်
ဦးကျော်အောင် ကို တံတောင်နဲ့ တိုက်ဖယ်ပစ်သည်။ အဖြူရောင်ဆေး
ရှုန့်တွေပါသည့် ပုလင်းလေးကို ကိုင်လှုပ်ရင်း သောဘီ ရှုံ့မဲ့ လူးလွန့်နေ
သည့်အိပ်ရာဘေးကို ရောက်သွားကာ ...

"ငါ့ကို ဒုက္ခပေးတဲ့ ကောင်မ .. နင် သျှန့် ကိုတော့ ရမှာမဟုတ်
ဘူး၊ ဒါပေမယ့် 'နန်းမဟာ'မျိုးဆက်ကို နင် ခံရမယ်၊ အစဉ်အဆက်
ဒုက္ခပေးလာတဲ့ ငါတို့ရဲ့မျိုးရိုးရောဂါကို နင် ရကို ရရမယ် .."

သောဘီ မေးဖျားလေးကို လက်ကြမ်းကြီးနဲ့ မညှာမတာ ဆွဲယူမော့
လိုက်သည်။ ပြီးတော့ ဆေးပုလင်းအဖုံးကို လက်တစ်ဖက်တည်းနဲ့ ထိုး
ကော်ဖွင့်လိုက်ကာ ...

"ဟင့်အင်း .."

သတိမလစ်အောင် မာန်တင်း တောင့်ခံနေခဲ့သဖြင့် ပြောသမျှကို
ကြားနေရပေမယ့် မူးမိုက်နောကျင်နေသည့်အရှိန်နှင့် ရန်းကန် မပြေးနိုင်
သဖြင့် သူမ အရှုံးပေးရတော့မယ့်ဆဲဆဲ ...

"ဦးမောင် .."

"ဒုန်း .."

တံခါးပွင့်သွားသံနှင့် စက် ရဲ့အော်သံ အတူတူ ထွက်ပေါ်လာကာ
ဦးမောင် လှည့်ကြည့်ချိန်မရလိုက်ခင် ကိုင်ထားသည့် ဆေးပုလင်းက
လွင့်ခနဲ မြောက်တက်သွား၏။

"ခင်ဗျား ယုတ်မာလှချည်လား .."

"ခွပ် .."

"သား .. မ .. မလုပ်နဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်အောင် ဝင်တားချင်ပေမယ့် ဒီအချိန်မှာ မရတော့ဘူးဆိုတာ သိလိုက်သည်။ ထို့ပြင် ကိုယ်က ဘယ်သူနဲ့မဆို ဝေးဝေးနေခဲ့တာလည်း ကြာပြီမို့ ...

"ဘာမှမတတ်နိုင်တော့တဲ့ မိန်းကလေးတစ်ယောက်ကို ခင်ဗျားနဲ့ ဒါမျိုး ကြံရက်တယ် .."

"မင်း .. မင်းက 'မ' စိတ်မွန်ပြီး ငါ့ကို ထိုးတယ်ပေါ့ .."

"ထပ်ပြောရင် ခင်ဗျားကို သက်ညှာတော့မှာ မဟုတ်ဘူးနော် -- ဘာအတွက် ညာအတွက် ကျွန်တော့်ကို ဘာမှ ထပ်မပြောနဲ့ ..၊ ခင်ဗျား လူယုတ်မာ .."

ဦးမောင် ဘယ်လိုမှ မလှုပ်နိုင်တော့မှ ရင်ဘတ်မှာ ဆုပ်ဆွဲထားတာကို လွှတ်ချလိုက်သည်။ မျက်နှာမှာ သွေးစိမ်းရှင်ရှင်တို့နှင့် ဦးမောင် ကြမ်းပေါ် ဘိုင်းခနဲ ပစ်ကျသွားသည်။

ပြန်လည်း မထနိုင်တော့ပေမယ့် မျက်ဝန်းတို့မှာ လူသတ်ချင်နေသည့် အငွေ့အသက်တွေ လျှံတက်နေပြီး ...

"ဟွန်း .. ဟုတ်တယ် .. ယုတ်မာတယ်၊ ငါ့ညီအကြောင်း သူ အားလုံး သိအောင် ကြိုးစားနိုင်လွန်းလို့ ရှိတာ ..၊ ဒီထဲထိ ငါ ခေါ်တာ မဟုတ်ဘူး .. သူ ရောက်လာတာ၊ အဲဒါကြောင့် အဲဒီလိုမိန်းမနဲ့ တန်ဖိုးကို ပေးမလို့ .."

"ခင်ဗျားကြီး တော်တော့ .."

"အခု မင်း နိုင်နေပြီဆိုတော့ လုပ်ပါ၊ ပါးစပ်ကို ပိတ်ချင်ပိတ်ထားလိမ့်မယ်၊ ငါ့လုပ်ရပ်တွေကို မင်းကြောင့် ရပ်တန့်ပစ်မှာ မဟုတ်ဘူး ဒီကောင်မ အိမ်ပေါ်မှာ ရှိနေသရွေ့ .."

"ကိုမောင် .. ကိုမောင် သူ့ကို သွားစေချင်တော့ရော ဒါတွေ သူ လျှောက်ပြောမှာပဲ၊ ဘာမှ ထူးလာမှာ မဟုတ်တာကို နေပါစေတော့လား သူတို့လင်မယား .."





"မပေါင်းရဘူး .. သျှန် မိန်းမ မယူရဘူး၊ အဲဒါ ငါ့အမိန့် .."

"တောက် .."

ခပ်ရှိုင်းရှိုင်းပဲ စိုက်ကြည့်မိသည်။ ပြီးတော့ တက်ခေါက်၍ ဦးကျော်အောင် ကို ငဲ့ကြည့်မိ၏။ ဦးမောင် က ဒါကိုကြည့်၍ လဲနေရာမှ လူးလဲထကာ ...

"ကြည့်သွား .. အဲဒါ မကြာခင် မင်း သွားရမယ့်လမ်း .."

"ဘောဘို ကို ခေါ်သွား သား ..၊ ခေါ်သွား .."

မသန့်စင်သော မွေ့ရာကြီးထက်မှာ ဘောဘို ကတုန်ကယင်လေး ထလိုက်ရှာသည်။ စက် က ဘောဘို ကို ဆွဲခနဲ ကောက်ပွေ့ကာ ...

"ကျွန်တော့်ကို နားလည်ပေးပါ ဖေဖေ .."

"သွားပါ .."

ဦးကျော်အောင် က ခေါင်းညိတ်ခွင့်ပြုရင်း မျက်နှာလွှဲသွား၏။

မုန်တိုင်းသည် ဒီနေရာမှာ ရပ်စဲသွားပေမယ့် လေဖိအားနည်းရပ်ဝန်းတစ်ခုသို့ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄၇)

ကိုကို့အသံကို ကြားလိုက်ရသည်နှင့် သူမဘဝ နွံနစ်ရခြင်းမှ ကင်းလွတ်ပြီလို့ စိတ်ခုံးခုံးကျကာ လူက လုံးဝ သတိလစ် မေ့မြောခြင်းသို့ ရောက်ခဲ့၏။

သူမ သတိရလာတော့ အမြဲတမ်း မှောင်ရိပ်ဖြစ်နေတတ်သည့် အိပ်ခန်းထဲမှာ မီးရောင်က ဖွေးထိန်နေခဲ့၏။

ဒါဆို အပြင်မှာ အလင်းရောင် လုံးဝ မရှိတဲ့အချိန်ပဲ ဖြစ်မှာပါ။ နာရီကို သတိရပြီး လှည့်ကြည့်လိုက်လျှင် မျက်လုံးက နာရီဆီ မရောက်လိုက်ဘဲ ဇက်နာသွားသဖြင့် အား .. ခနဲ အော်မိသည်။

ဦးမောင် တအားလွှဲရိုက်ပစ်လိုက်တာ သူမ မျက်လုံးတွေ မီးပွင့်ကာ နားတွေပါ အူထွက်သွားခဲ့၏။ ကိုယ့်အတွက် အရှက်သိက္ခာသာ ရှိမနေပါလျှင် ခွေခနဲကျသွားပြီဆိုတည်းက သူမ မေ့မြောသွားမှာဖြစ်၏။

ကိုကိုရော ...၊

ကိုယ်ပေါ်မှာ လွှားခြုံထားသည့်စောင်ကို ဖယ်ချလိုက်ကာ ခုတင်ပေါ်ကဆင်းလိုက်လျှင် ဇက် က အခန်းထဲဝင်လာပြီ ဖြစ်၏။





လည်ကစ် ဆွယ်တာလက်ရှည် အနီရဲရဲနှင့် ကုတ်အင်္ကျီအဖြူကို ထပ်ဝတ်ထားသည်။ ဆင်စွယ်ရောင်ဘောင်းဘီရှည်နှင့် ဇက် ၏မျက်နှာက ဝင်းမွန်နေသည်။

သူမ သတိရနေတာကို မြင်လိုက်တော့ ကိုင်ထားသည့်စီးကရက်ကို နှုတ်ခမ်းမှာ ကပ်ရှိုက်၍ နံရံနဲ့ ဖိချေပစ်လိုက်၏။

"ကိုကို .."

"အဲဒါတွေ ထားလိုက်ပြီး မင်းနဲ့ငါ ပြောစရာရှိတာ ပြောရအောင် ဘောဘီ ..၊ ဟန်ဆောင်ပန်ဆောင်တွေ ငါ မုန်းတယ် .."

"ဘယ်သူက ဟန်ဆောင်နေတာလဲ ကိုကို ..၊ ကိုကိုသာ ဘောဘီကို မရက်စက်ချင်ဘဲနဲ့ ရက်စက်ချင်သလို လုပ်နေတာ .."

ဘောဘီ က အသံတူ ပြန်ပြောကာ ခုတင်ပေါ်မှာပဲ နောက်ပြန်ဆောင့်ခနဲ ထိုင်ချလိုက်သည်။ အမြဲတမ်း ရက်စက်တဲ့စကားတွေပဲ ကြားလာခဲ့ရတာလည်း ရင်ထဲမှာ နာနေပါပြီ ..။

"ဘောဘီ ဒုက္ခရောက်တိုင်း ကိုကိုပဲ ရောက်ရောက်လာတာ .."

"အဲဒါ မင်းနဲ့ငါ ပတ်သက်နေလို့ .."

"ပတ်သက်ခွင့်ပေးခဲ့လို့ ပတ်သက်တာပါ ကိုကို၊ ဘောဘီ ဘာမှမသိတဲ့အချိန်မှာ လမ်းပေါ်မှာ ကိုကို ဒီတိုင်း ထားမပစ်ခဲ့နိုင်ဘူးမို့လား၊ ကားထဲမှာ တံခါးပိတ်ထားခဲ့မယ်လို့ ကြိမ်းဝါးပြီး ဘောဘီ သတိလစ်နေတော့ အိမ်ထိခေါ်လာတာ ကိုကိုပဲ၊ လက်ထပ်ကြတယ်ဆိုတာ ယောကျ်ားလေးဘက်က မပါဘဲ ဘောဘီ စိတ်ကြိုက် နှစ်ဖက် လက်မှတ်ထိုးလို့ရသလား ..၊ အဲဒါလည်း ကိုကို ဘောဘီ အတွက် လုပ်ပေးခဲ့တာပဲ"

"လျှောက်ပြောမနေနဲ့.. မင်းနဲ့ငါ ပြောရမှာ အဲဒါတွေ မဟုတ်ဘူး"

"အဲဒါတွေ အရင်ပြောမှ ဖြစ်မှာ ကိုကို ..၊ ကိုကို ဘောဘီ့ ကို မချစ်ပါနဲ့ .. ဒါပေမယ့် သံယောဇဉ်လေးပဲ ပေးပါ၊ ဘောဘီ ကိုကို့ကို ဘယ်တော့မှ မမုန်းဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမပေးဘူး .. မင်းမုန်းဖို့လည်း ငါ အလိုရှိနေတာပဲ၊ အဲဒီတော့ မင်းရဲ့အမုန်းတွေ ငါ့ဆီမှာ ထားခဲ့ပြီး ထွက်သွားလိုက်တော့.."

"ဘောဘီ ဦးမောင် ကို မကြောက်ဘူး"

"မင်း ကြောက်ရမှာ ငါ့ကိုပဲ ဘောဘီ ...၊ ငါ ဘာကောင်လဲဆိုတာ အခု သိပြီမို့လား ...၊ နန်းမဟာရဲ့မျိုးဆက်တိုင်းက နောက်မကြာခင် အဲဒီအတိုင်း ဖြစ်ကြမှာတွေ မင်း ဂရုမစိုက်ဘူးဆိုလည်း ငါ စိုက်တယ်၊ စိတ်တစ်ခုကို မထိန်းနိုင်လို့ နောင်လာနောက်သားအထိ မျက်နှာငယ် အရှက်ရကြမယ့်အဖြစ်မျိုး ငါ မဖန်တီးနိုင်ဘူး .."

"ဒါပဲလား ကိုကို .."

"မိန်းမဆိုတဲ့သတ္တဝါက ကြောင်တွေလိုပဲ .. လက်သာရာမှာ ပျော်တာ၊ မိန်းမက ရွံရှာကြောက်ရွံ့စွာ စွန့်ပစ်ခံရပြီး တစ်သက်လုံး ရှက်ရွံ့ အထီးကျန်ခဲ့တဲ့ အဖေ့အဖြစ်က ငါ့အတွက် နမူနာပဲ၊ ငါ့လို အဖြစ်ဆိုးမယ့် သားသမီးမျိုး နောက်ထပ်ရှိမလာအောင် .. အဖေ့လို ငါ မဖြစ်ရအောင် မိန်းမဆိုတဲ့ သတ္တဝါကို ရှောင်ရမယ် .."

"အဲဒါကြောင့် မကြီးကို ကိုကို အရှက်ရအောင် ဖေဖေနဲ့ လှည့်တိုင်ခဲ့တာလား .."

စက် က မျက်နှာကိုတင်းထားပြီး ခေါင်းညိတ်၏။ ဘောဘီ က မဲ့လိုက်ကာ ...

"ဘောဘီ ကို တမင်တကာ ရက်စက်ပြနေတာတွေက ဒါတွေကြောင့်ပေါ့ .."

"ဟုတ်တယ် .. လူပီသနေတဲ့စိတ်က သူများဒုက္ခရောက်ရင်တော့ လက်ပိုက်ကြည့်မနေချင်ဘူး .. သနားစရာမြင်ရင်လည်း သနားမိတာမျိုး ရှိတယ်၊ အဲဒါ အချစ်နဲ့မသက်ဆိုင်ဘူး ဘောဘီ၊ စိတ်ကူးမယဉ်နဲ့.. မင်း ခုနေ ရွံ့နုပဲနဲ့ ဆက်နေနေလည်း မင်းရှေ့မှာရှိနေတဲ့ ဒီမျက်နှာ ပျက်စီးစုတ်ပြတ်သွားတဲ့အခါ .."





"ဟွန်း .."

စက် က မဲ့ပစ်လိုက်ပြီး ဘောဘီ ကို အထင်မြင်သေးစွာ စိုက်ကြည့်၏။ ဘယ်လိုပုံစံနဲ့နေနေ ကိုကို က ချောနေတာပါပဲ။ တိုစိပ်စိပ် မျက်တောင်ကော့တို့နှင့် မျက်ခုံးတန်းတွေကို ဘောဘီ က ပြန်ငေး၏။

ပြီးတော့ ...

"လူကြီးတွေရဲ့အိမ်ထောင်ရေး ဘာတွေဖြစ်ပျက်ခဲ့ကြတယ်ဆိုတာ ကိုကို သေချာမသိရတာတွေလည်း ရှိမှာပါ ကိုကို၊ ဘောဘီ က ကိုကို အရမ်းချောလို့ လှတာမက်တာဆိုရင်တောင် ကိုကို့ဖေဖေက မချောပါဘူး၊ အခု မျက်နှာကြီးပျက်နေတာကို ပြောတာ မဟုတ်ဘူး၊ အရုပ်ပုတာ၊ အသားညိုတာ၊ အားလုံး ကိုကိုနဲ့ ဘယ်နေရာမှ မတူဘူး .."

စက် မျက်နှာလွှဲသွားခဲ့၏။ ကြီးဖော ပြောတဲ့ စကားတချို့ကို သတိရလိုက်လို့ပါ။ ဖေဖေနဲ့သူက တော်တော်ကြီးတူတယ်လို့ ပြောသွားသည်။

ဒါဆို ဖေဖေက ခုလို ပုံဆိုးသွားလို့သာ ကိုယ်နဲ့ ကွဲပြားသွားတာလား ...၊ ဒါပေမယ့် ဒီရောဂါကြောင့် အရုပ်ပုသွားသည်ဆိုတာ ဖြစ်နိုင်ပါ့မလား ...။

"ကိုကို့မေမေက ကိုကို့ဖေဖေကို ချစ်ခဲ့မှာပါ၊ သည်းမခံနိုင်ခဲ့တာလည်း ဒါတစ်ခုတည်းကြောင့်တော့ မဟုတ်နိုင်ပါဘူး ကိုကို၊ ဘာပဲဖြစ်ဖြစ် မိန်းမတိုင်းကို လက်ညှိုးထိုးပြီး ကိုကို မမုန်းသင့်ပါဘူး"

ဘောဘီ နေရာမှထရပ်ကာ မျက်ရည်ဝေ့လာသည့် မျက်ဝန်းလေးတွေနှင့် ...

"ကိုကို နောက်နောင် ဘာရောဂါတွေဖြစ်ဖြစ်၊ ဘယ်လိုအဖြစ်ဆိုးသွားပါစေ ဘောဘီ ကိုကို့နားမှာပဲ နေမယ် .."

"မနေရဘူး .."

စက် မျက်နှာ တင်းမာနေကာ ဘောဘီ့ ရှေ့ထိ လျှောက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်သည်။

"မင်းကို ငါ ပိုင်ဆိုင်သမျှ ကြိုက်တာ လက်ညှိုးထိုးခွင့်ပေးမယ် ကြိုက်သလောက် ချရေးလိုက် ..၊ ကိန်းဂဏန်းတွေ ဘယ်ထိဖြစ်ဖြစ်-"

"ဘေဘီ ကိုကို့ကိုပဲ လိုချင်တယ် .."

"ဘေဘီပန်ထွာ .."

"ဟင့်အင်း .."

ဘေဘီ ဘာမှအပြောမခံဘဲ စက် ရင်ခွင်ထဲ အတင်းဝင်ဖက်သည်။ ဖယ်ချလို့မရအောင် ကျောနောက်မှာ လက်ဖဝါးလေးနှစ်ဖက် ထပ်ဆုပ်ထားကာ ...

"ကိုကို့ကို ဘေဘီ အရမ်းချစ်တယ်၊ ဒီကအကြောင်းတွေကို သိချင်ခဲ့တာကလည်း ဘာတွေဖြစ်နေနေ ဘေဘီ က ဂရုမစိုက်ဘူးဆိုတာ ကိုကို သိစေချင်လို့ပါ .."

"ဘေဘီ ဖယ်စမ်းကွာ .."

ဘေဘီ က ခေါင်းခါနေရင်း ...

"ခုလိုပုံစံ ဖြစ်နေမလားလို့ ဘေဘီ ရိပ်မိနေတာ ကြာပြီ သိလား ဒါပေမယ့် မထင်ရက်ဘူး .. မဖြစ်နိုင်ဘူးလို့ပဲ ဖယ်ထားခဲ့တာ၊ အဲဒါ ကိုကို့ဘဝကို လက်မခံနိုင်လို့ မဟုတ်ဘူး ကိုကို .. သနားလို့ ..၊ အရမ်း မာနကြီးနေလေ ချောလေလို့ ထင်ထားတဲ့ ကိုကို့မျက်နှာပေါ်မှာ ဖုံး ကွယ်နေတဲ့ ညှိုးရိပ်တွေကို ဘေဘီ မမြင်ချင်လို့ .."

"မင်းက သနားတယ် .. ဟုတ်လား .."

"စိတ်မဆိုးပါနဲ့ ကိုကို .. ဘယ်သူမှလက်မခံချင်တဲ့ ပြဿနာမျိုး ကိုယ့်မှာရှိနေဟာ အဲဒါ အားနည်းချက်ပါ၊ ဘေဘီ က စီးကြောတဲ့စိတ် နဲ့ သနားတာ မဟုတ်ဘူး၊ ကိုကို စိတ်ဆင်းရဲလို့ မျက်နှာညှိုးသွားမှာကို မြင်ရမယ့်အစား ဘေဘီ ကိုယ်စားဝင်ပြီး ခံပေးချင်တာမျိုး .."

"မင်း အပြောကောင်းပေမယ့် ငါ အယုံအကြည်မရှိတာ စိတ်





မကောင်းဘူး ဘေဘီ .. ငါ နောက်ဆုံး ထပ်ပြောမယ် ..၊ မင်းရဲ့အုပ်ထိန်း သူလက်ထဲ နောက်ထပ်တစ်ယောက် သွားပြန်အပ်ပေးရမလား ..၊ မင်း အသိနဲ့မင်း ထွက်သွားမလား၊ ငါက မင်း အားနာနေရမှာစိုးလို့ လမ်းဖွင့် ပေးတာ၊ မိုးမလင်းခင် စဉ်းစားထား .."

"ကိုကို .."

စက် က စားပွဲပေါ်မှာရှိနေသည့် စာအုပ်အညိုလေးကို သွားကောက် ယူပြီး လှည့်ထွက်သွားလျှင် ဘေဘီ က ပြေးလိုက်ကာ ...

"နေပါဦး ကိုကို .."

မျက်နှာချင်းဆိုင် ရှေ့မှာ ပိတ်ရပ်လိုက်၏။ မျက်လုံးချင်းဆုံမိကာမှ သူမမျက်ဝန်းမှ မျက်ရည်နှစ်စက် တစ်ပြိုင်တည်း ကြွေဆင်းသွားကြ၏။

"မနက်ထိဆို ကြာပါတယ်၊ ဘေဘီ့ မှာ မပြောင်းလဲနိုင်တော့တဲ့ ဆုံးဖြတ်ချက်က ရှိပြီးသား .."

စက် မျက်ခုံးတွေ ကုတ်ကျသွားတော့ ဘေဘီ က နာကျင်သည့် ခဲပြုံးလေးနှင့် ...

"ကိုကို့အချစ်ကို မရသလို ကိုကိုကိုယ်တိုင် နှစ်သက်လက်ခံတဲ့ ဇနီးအဖြစ်ကို မရောက်မချင်း ဘေဘီ့ မှာ အန္တရာယ်တွေ ဝိုင်းနေမှာပဲ၊ အဲဒီတော့ ဒီည ဘေဘီ့ ကို ကိုကို့ဇနီးအဖြစ် မသတ်မှတ်နိုင်ဘူးဆိုရင် ဘေဘီ့ နောက်ကို မလိုက်ခဲ့ပါနဲ့ .."

"ဘာ!..."

"ကိုကို မနေစေချင်တဲ့ ဒီခြံဝင်းထဲမှာ ဆွဲထုတ်ခံရတဲ့အထိ ဘေဘီ ဆောင့်မနေချင်ဘူး ကိုကို ..၊ အဲဒါကြောင့် ခုပဲ သွားမယ် .."

မျက်လုံးချင်း စူးစူးရဲရဲ ဆုံစည်းကာ စက္ကန့်များစွာ တိတ်ဆိတ်နေခဲ့ ပြီးမှ ...

"ကိုကိုကတောင် ဥပေက္ခာထားနိုင်ရင် ကိုကို့အဝေးကပဲ ရှင်သန် ချင်ခဲ့တဲ့ ဒီစန္ဒာကိုယ်က အလကားပါ၊ ဘေဘီ ဘာကိုမှ ဂရုမစိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ချာခနဲ လှည့်ထွက်သွား၏။ သူ ဒီတိုင်း ရပ်ကျန်ခဲ့ပြီး လက်ကနာရီကို ပင့်ကြည့်မိ၏။ ည ဆယ့်တစ်နာရီကျော်နေပြီ ..။

လှုပ်ခတ်ကျန်ရစ်သည့် တံခါးကို ဖျတ်ခနဲ ဆွဲဖွင့်လိုက်လျှင် ဘောဘီ က မှောင်ရိပ်လေးမှာ ရပ်နေဆဲဖြစ်ကာ မျက်ရည်တွေကို အ... သတ် သုတ်သင်နေပုံ ရှိ၏။

နောက်ကခြေသံ ကြားရသဖြင့် ကိုယ်လေးမတ်သွားပြီး ခပ်သု... သုတ် ဆက်လျှောက်၏။ ဒါပေမယ့် ဒီအိမ်တံခါးကြီးတွေကို သူ... ဖွင့်ခွင့် မရှိဘဲ ..။

စည့်ခန်းကို ဖြတ်ကျော်သွားကာ တံခါးကြီးရှေ့မှာ ခြေစုံရပ်... အကြံအိုက်သွား၏။ ပြီးမှ ကိုကို့ကို ဖွင့်ခိုင်းဖို့ နောက်ကို ပြန်လှည့်လိုက် လျှင် ...

"ကိုကို .."

ရင်ဘတ်ချင်းထိမတတ် နီးကပ်စွာ ရပ်နေသည့် စက် ရဲ့ရင်ခွင်... မျက်နှာလေး ကပ်မိမလို ဖြစ်သွား၏။ ရုတ်တရက်မို့ လန့်ကာ နော... ပြန်ဆုတ်လိုက်မိသည်။ သို့သော် စက် ၏လက်တွေက သူမကိုယ်... ကို ဆွဲသိမ်း ပွေ့ပိုက်ထားလိုက်ပြီး ...

"ကိုယ့်ကို ခွင့်လွှတ်ပါ .."

တိုးသဲ့စွာ တောင်းပန်သည့် လေငွေ့နွေးက လည်တိုင်နုနုမှာ ... စယ်သွားခဲ့၏။ ပြီးတော့ တမ်းတမြတ်နိုးသည့်အနမ်းတွေက သူမ ... မက်ခဲ့ရသည့် အိပ်မက်တွေထဲကအတိုင်း ..။

ထို့ပြင် သူ့ ခသာလေး မွှေ့မှုလိုက်သည့်အခါ ရင်ထဲမှာ လှ... အေးစိမ့်သွားခဲ့ပြီး ..။

အချစ်ဖြင့် အပ်နှင်းခဲ့သော ..။





## အခန်း(၄၈)

"တောက် .. ကွာ .."

မှန်ထဲမှာပေါ်နေသည့် ကိုယ့်မျက်နှာကိုပဲ ဓားနဲ့လှီးပစ်ချင်မိသည်။ ...းကလေးတစ်ယောက်၏ လှုပ်ရှားလွယ်တတ်သော နှလုံးသားနုနုကို ... ဒီမျက်နှာ ဒီပုံစံတွေနဲ့ ဖြားယောင်း ဖျက်ဆီးခဲ့တာလား ..။

မကျူးလွန်သင့်သည့် အမှားတစ်ခုကို ကိုယ်က ဆင်ခြင်သင့်မှန်း ...သိလျက်နှင့် သူ မစောင့်ထိန်းနိုင် ..။

"ကျွတ်!.."

တဆစ်ဆစ် တိုးဆောင့်နေသည့် ရင်ထဲက မီးစလို ပူနေသော ...စ်စုံတစ်ရာသည် လူကို ဘယ်လိုမှနေမရအောင် နှိပ်စက်နေခဲ့၏။

မှန်ကို ပြန်မော့ကြည့်မိတိုင်း ဘောဘီ့ မျက်နှာ ချစ်စဖွယ်လေးသည် ...တူယှဉ်တွဲ မြင်မိသည်။

မင်းနဲ့ ထိုက်တန်လို့လား စက်အာဇာသျှန် ..။



www.burmeseclassic.com

www.burmeseclassic.com



မင်း ပိုင်ဆိုင်တာတွေနဲ့ သူ့ဘဝကို ဖြားယောင်း ဖျက်ဆီးခဲ့ပြီးပြီ- မတန်တဲ့ပန်းကို မင်း နမ်းခဲ့တာပဲ .. မင်းပဲ ခြေမွ ဖျက်ဆီးခဲ့တာ -

"ဒေါက် .. ဒေါက် .."

မျက်လုံးတွေ မှိတ်ထားရင်း အံကြိတ်နေခဲ့မိစဉ် တံခါးခေါက်သံ ကြောင့် သူ့မျက်လုံးတွေ တဖြည်းဖြည်း ပြန်ပွင့်လာ၏။ မှန်ထဲမှာ ပေါ် နေသည့် တံခါးချပ်ကို စူးစိုက်ကြည့်မိပေမယ့် သူ့နှုတ်ခမ်းတွေ ဖိုး စေ့ပိတ်သွားသည်။

"ကိုကို အထဲမှာလားဟင် ..၊ ကြာလှပြီ .. ရေလည်းမချိုးဘဲနဲ့-"

အသံလေး ခဏတိတ်သွားပြီး တံခါးက လှုပ်သွား၏။

"ကိုကို ဘေဘီ ဝင်ခဲ့မယ် .."

ခဏစောင့်နေပြီးမှ တံခါးပွင့်သွားသည်။ သူ မှန်ထဲကနေ မြင် လိုက်ရသည့် ဘေဘီ ပုံရိပ်လေးက မနက်ခင်း၏ နေခြည်နွေးလို ဖြူ ဝင်းဖန့်နေ၏။

မိတ်ကပ်ရောင်ဖျော့ဖျော့ ရုပ်အင်္ကျီပုံစံ လက်ပွလက်ရှည်လေးမှာ ခါးပွပွလေးကို ခါးပတ်အဖြူလေးနဲ့ ပတ်ထားသည်။

ဒူးကျဘောင်းဘီ အဖြူရောင်လေးနဲ့မို့ ဆံပင်တွေ ဖားလျားဖြန့်ချ ထားသည့် သူမပုံစံလေးက နုနုဖတ်ဖတ် ဝင်းဝင်းစက်စက်လေး -

"ကိုကို ဘာဖြစ်နေတာလဲဟင် .."

သူ့ဆီ လျှောက်လာပြီး ဘေးမှာယှဉ်တွဲရပ်၍ မျက်နှာကိုမော့ကြည့် သည်။

"ဘေဘီ .."

သူ ဘေဘီ့ ပခုံးလေးနှစ်ဖက်ကို ဖိဆုပ်ကိုင်ကာ ယူကျုံးမရ ဖြစ် နေမိသည်။ ဘယ်လောက်အထိ နာကျင်နေမှန်း မသိသော ရင်ထဲမှာ ဆောက်တည်ရာမရ လျှောက်ပြေးချင်လာခဲ့၏။

"ကိုကို ဘေဘီ့ကို နှင်လွှတ်ဦးမလို့ အားထုတ်နေတာလား -





"ဘေဘီ ရယ် .. မင်းကို .. ကိုယ် .."

သူ ဘေဘီ့ ကိုယ်လေးကို ညှာတာရမှန်း မသိလောက်အောင် သိမ်းကျုံးဖက်ထားလိုက်မိသည်။ ပြီးတော့ ခြောက်လှန့်နေသည့်အတွေး တွေနဲ့အတူ အရာခပ်သိမ်းကိုပါ မေ့သွားလောက်အောင် အနမ်းတွေနဲ့ ဆာစ်မူးနေမိ၏။

"ကိုကို လွှတ်ပါဦး .. ဘေဘီ မွန်းနေပြီ .."

"ဆောရီးပါ ကလေးရယ် .. အားလုံးအတွက် ဆောရီးပါ၊ ကိုယ် တောင်းပန်ပါတယ်"

သွေးခြည်ဥမလောက် နီရဲနေရှာသည့်မျက်နှာလေးမှာ ပါးချင်း အပ်၍ တတွတ်တွတ် တောင်းပန်မိသည်။

"မင်းဘဝကို ကိုယ် ဖျက်ဆီးမိပြီ၊ အခု မင်း ပစ်သွားမှာကို သေ လောက်အောင် ကြောက်နေပြီ ဘေဘီ၊ အဲဒါ ဘယ်လိုဝဋ်ကြွေးတွေလဲ"

"ကိုကို .."

"ဒါပေမယ့် ကိုယ့်နားမှာလည်း မထားချင်ဘူး၊ မင်း ကိုယ်နဲ့ နေရင် တစ်နေ့မှာ .."

"ဘာဖြစ်ဖြစ်ပါ ကိုကို .. ကိုကို ပဲ အဲဒီလိုဖြစ်ဖြစ်၊ ဘေဘီ ဖြစ် သွားလည်း သေအတူ ရှင်မကွာပါ၊ ဘေဘီ ကိုကို့ကို ရူးရူးမူးမူး စွဲလမ်း ပြီး ဇွတ်တရွတ်ဆန်ခဲ့တာတွေ ရှိပေမယ့် အရိုးစွဲအောင် ချစ်ခဲ့တာပါ၊ အရမ်းချောလို့ စွဲလမ်းခဲ့တယ်ဆိုတာထက် ကိုကို ဆိုတဲ့ လူတစ်ယောက် ရဲ့ ကာရိုက်တာကို လေးစားမြတ်နိုးခဲ့တာ .."

ဘေဘီ က သူ့မျက်နှာကို မြတ်နိုးမဝနိုင်သည့် မျက်ဝန်းလေးတွေ နဲ့ မော့ငေးနေကာ လည်တိုင်ကို တယုတယ ပွတ်ထိကြင်နာလျက်...

"ကိုကို့အဆင့်အတန်း .. ကိုကို့လိုလူမျိုးက အပျော်တွေ အများ ကြီး ရှာလို့ရတာပဲ၊ ကိုကို့နောက်ကြောင်းကို ဘယ်သူမှ မသိလိုက်ခင် ကိုကို ထင်သလို ပျော်ပါးလို့ ရတယ်၊ ဒါပေမယ့် ကိုကို အဲဒီလို ရှိခဲ့လို့



www.burmeseclassic.com

www.burmeseclassic.com



လား ..၊ တစ်ယောက်တည်း အထီးကျန်ဆန်ရတဲ့အနေအထားနဲ့ ဆင်းရဲကြီးစွာ ဖြတ်သန်းလာခဲ့တဲ့ ပစ္စုပ္ပန်မှာ ကိုကို စောင့်ထိန်းခဲ့တဲ့ ကိုယ်ကျင့်တရားက မှတ်ကျောက်တင်လို့ ရပါတယ် ..''

ဘောဘီ ကိုကို့လည်တိုင်မှာ နှုတ်ခမ်းလေးနဲ့ကပ်ထိရင်း မျက်ဝန်းတို့ကို မှိတ်ထားလိုက်မိသည်။

''ကိုကို့ကို ဘောဘီ အရမ်းချစ်တယ်.. ဟိုတုန်းကထက် အခု ပိုပြီးလေးစားတယ် .. မြတ်နိုးတယ်၊ ကိုကိုကသာ ဘောဘီ့ ကို တကယ်ချစ်တယ်ဆိုရင် ကိုကိုရှိစေချင်တဲ့နေရာမှာ အဝတ်လေးတစ်စ .. ကြိုးချွေလေး တစ်ချွေလို ကိုကို့သဘောအတိုင်းပါ ..''

''အရမ်းကိုကျေးဇူးတင်ပါတယ် ဘောဘီ.. မင်းနဲ့ကိုယ့်ရဲ့အနာဂတ်ကို မျှော်မကြည့်တော့ဘူး၊ အခု မင်းပြောတဲ့ အချစ်ရဲ့နွေးထွေးခြင်းတွေနဲ့ပဲ ကိုယ် ကျေနပ်နိုင်ပါတယ် ..''

''ဒါပဲလား ကိုကို ..''

သူ ဘောဘီ့ မျက်နှာလေးကို မော့ယူလိုက်ကာ ...

''မင်းကို ကိုယ်ချစ်မိနေတာ ကြာပြီ ဘောဘီ ..၊ မင်း မသိအောင် ဟန်ဆောင်နေရတာ ကိုယ် ပင်ပန်းလှပြီ ..''

အနမ်းတို့နှင့် အချစ်ဟာ နေ့ည နာရီတွေကိုလည်း မရှောင် ..





## အခန်း(၄၉)

''မြန်မြန်လုပ် ဘောဘီ ..''

ပြောတဲ့အတိုင်း ဘောဘီ ဆလင်းဘက်ခ်လေးထဲ အတိုအထွာလေးတွေ ကောက်ထည့်နေတုန်း သူ အင်္ကျီထပ်ဝတ်လို့ ပြီးသွားခဲ့၏။

''ယူမနေနဲ့တော့ .. အဲဒါတွေ ..''

''ကိုကို နေပါဦး၊ ဘာတွေဖြစ် .. အ ..''

လက်ကို မလွှတ်တမ်းဆွဲခေါ်ကာ အခန်းထဲ ပြေးဝင်၏။ လက်ကောက်ဝတ်လေးကို ဖိဆွဲထားမိသဖြင့် ဘောဘီ အော်သံလေးထွက်တော့ လက်ကို လက်မောင်းသားလေးမှာ ပြောင်းကိုင်၍ ...

''ဆောရီး .. ကိုယ်တို့အတွက် အရမ်းအရေးကြီးလို့ပါ၊ အောက်ကို ကြည့် .. မြန်မြန်ဆင်း ..''

ဘောဘီ ကင်မရာထဲကနေ မြင်ရသည့် ကားပါကင်ထဲရောက်လာတော့ အနီရောင်ပြိုင်ကားလေးထဲ ဘောဘီ့ ကို ထည့်၍ သူကိုယ်တိုင်ခါးပတ်ချိတ်ပေးသည်။ ပြီးမှ နေရာမှာ သွားထိုင်လိုက်ကာ ...

''ကိုင်ထား ..''



www.burmeseclassic.com

www.burmeseclassic.com



ခါးပတ်ပတ်ထားပြီးမှ ကိုင်ထားခိုင်းသေးသည်။ မြန်မာနိုင်ငံမှာ ခါးပတ်ပတ်ထားရလောက်အောင် စည်းကမ်းမဲ့ အကြမ်းပတမ်းမောင်းနှင်မှု မရှိတာလို့ သူမ တွေးနေတုန်း ကားက အုတ်တိုင်ကြီးတွေ ဝေါခနဲ ဝိုက်ကွေ့ကာ တစ်ရှိန်ထိုး ဦးမော့တက်သွား၏။

ဘောဘီ အလန့်တကြား အော်မိတတ် ဖြစ်သွားသည်။ မြေအောက် ပြေးထွက်လာသည့်ကားက မြွားတစ်စင်းလို အဖြောင့်ပြေးတာတောင် ဘုရားတရမယ့်အဖြစ် ..။

သူ ကားထဲကနေ ဘာလုပ်လိုက်တာလဲ ..၊ ဒါမှမဟုတ် တံခါး ဘယ်လိုစီရင်ထားတာလဲ မသိ၊ ကားထွက်လာတာနှင့် တရွေ့ရွေ့ ပွင့် သွားသည့်တံခါးက ကားထွက်တာ ပြန်ပိတ်တာလည်း ကွက်တိ ..

ပြီးတော့ ကားထဲက တီဗွီမှာပေါ်နေတာ ခြံရှေ့လမ်းပေါ်က မြင် ကွင်း ..၊ ဒါကြောင့် သူ ကားထွက်လာတိုင်း အထိန်းအကွပ်မဲ့ သည် ထိတ်ရင်ဖို ..၊

"ကိုကိုက ပရိဂရမ်မာလားဟင် .."

"အဲလောက်တော့ မဟုတ်ပါဘူး၊ ဂျပန်နည်းပညာတက္ကသိုလ်မှာ ကိုယ်နဲ့ ညီအစ်ကိုလိုခင်တဲ့ ဆရာ ရှိတယ်၊ ဒီအဆောက်အဦးကြီး ဖေဖေနဲ့ ဦးမောင် ပြန်ပြင်တော့ ဒါတွေမရှိသေးဘူး၊ ကိုယ် ဂျပန်က ပြန်ရောက်မှ ထည့်တာ .."

"သြော် .."

"ဆရာက ဒီမှာ ခြောက်လလောက် နေသွားတယ်လေ .."

"ကိုကိုက ဂျပန်မှာ ဘွဲ့ရခဲ့သေးတာပေါ့"

"အဲဒါလည်း မဟုတ်ဘူး၊ ဖေဖေက ကိုယ့်ကို .. အဲ .. ဦးမောင် ပေါ့၊ ဦးမောင် က ကိုယ့်ကို ဘယ်သွားတာမှ မကြိုက်ဘူး၊ အမြဲတမ်း ဖေဖေ ကူညီမှုပဲ ကိုယ် လွတ်လပ်ခွင့်ရတာ ..၊ ဘယ်နိုင်ငံဖြစ်ဖြစ် သုံး ခြောက်လလောက်တော့ သွားနေဖြစ်တာပဲ၊ တစ်နေရာကို နှစ်ခါလော





ရောက်ဖြစ်တာမျိုးတော့ ရှိတာပေါ့၊ အဲဒါကလည်း .."

ကားမောင်းနေရင်း ပြောပြနေတာဖြစ်ကာ မပြီးသေးဘဲနဲ့ ရပ်ပစ် လိုက်တော့ ဘောဘီ က လှည့်ကြည့်သည်။

"ဆက်ပြောလေ ကိုကို .."

"ထားလိုက်ပါကွာ .. နောက်မှပဲ ပြောပြမယ် .."

မိန်းမ မယူဘဲ တစ်သက်လုံး ဒီတိုင်းနေပါ့မယ်လို့ ကတိတစ်ခုပေး၍ လွတ်လပ်ခွင့်ကို တောင်းဆိုခဲ့ရတာတွေ ပြောမပြချင်တော့ပါ ..။

"ကိုကို .."

"ဟင် .. ဘာလဲ .."

ကားမောင်းနေရင်း စက် က လှည့်ကြည့်သည်။ မီးပွိုင့်မှာ တန်းစီ နေရတော့ ဘေးမှာ ယှဉ်ရပ်လာသည့်ကားထဲကနေ စက် ကို လှမ်းကြည့် ပြီး မိန်းမလှလေးတစ်သိုက် ဘာတွေပြောပြီး သဘောတွေကျနေကြ သည် မသိ ..။ ခိုးခိုးခစ်ခစ် ရယ်သံလေးတွေ ထွက်လာတော့ ဘောဘီ က လှမ်းကြည့်၏။

"ဒီမှာ .. ဒီကိုကြည့်လေ ..၊ ခေါ်ပြီး ဘာပြောမလို့လဲ .."

"ကိုကို့ကို ကြည့်နေတဲ့လူတွေ အများကြီးရှိနေလို့ လှမ်းကြည့်မိ တာ .."

"အရေးမပါတာကိုကွာ .. ကျွတ်!..."

"ကိုကိုကလည်း ဘောဘီ က တမင်စတာပါ .. စိတ်တိုမယ် ဆိုတာ ပဲ .."

"စိတ်တိုတာ မဟုတ်ပါဘူး .. ကိုယ်တို့ အေးအေးချမ်းချမ်း ပြော ဆို တိုင်ပင်ရတာ ဘာမှမရှိသေးဘူးလေ၊ အခုပဲ ပိုအရေးကြီးတဲ့ကိစ္စတွေ ပေါ်လာလို့ ထွက်ခဲ့ရတယ်၊ မင်း ဘာပြောချင်နေတယ် .. ဘာသိချင်နေ တယ်ဆိုတာ ကိုယ် စိတ်မဝင်စားရဘူးလား .."

ပြောင်းလဲသွားသည့် ကိုကို့ မျက်ဝန်းထဲက အလိုလိုက် ဂရုစိုက်မှု



www.burmeseclassic.com

www.burmeseclassic.com



တွေကို ကြည့်၍ ဘောဘီ ကြည်နူးသွားသည်။ ဒါဟာ သည်းခံနိုင်ခြင်းရဲ့ အောင်မြင်မှုပဲလား ..။

"ဘောဘီ မေးချင်တာက နေရာ အချိန်အခါမကျသေးဘူးလား ပါ၊ ဟို .. ကိုကို စိတ်ဆိုးမှာ အရမ်းကြောက်တယ် .."

စက် က မီးပွိုင့်စိမ်းသည်နှင့် ကားကို မောင်းထွက်လိုက်က -

"ကြောက်ပေမယ့် မင်း သိချင်နေတယ်မို့လား၊ ဘာလဲ မေး -

"မကြီးနဲ့ပတ်သက်ပြီး ဘောဘီ သိချင်လာလို့"

"မင်းအစ်မနဲ့ပတ်သက်တာကို ကိုယ် ဖြေနိုင်မယ်ထင်လို့လား"

"ကိုကို မညာဘူးဆိုရင် တစ်ခုခုတော့ ဖြေနိုင်မှာပါ"

"ဟုတ်ပြီ .. မေး .."

"မကြီးတုန်းက ကိုကို့ဘက်က ချစ်ရဲ့သားနဲ့ ခုလို ခြောက်လှန့်ခဲ့တဲ့အတွေးတွေကြောင့် တမင်မုန်းသွားအောင် ဖန်တီးခဲ့ရတာလား-

"ကိုယ့်ပုံစံက အဲဒီလိုထင်စရာ ဖြစ်နေလို့လား .."

"ဘောဘီ့ အဖြစ်နဲ့ ချိန်ကြည့်တာပါ၊ ကိုကို ဘောဘီ့ ကို ချစ်ခဲ့တယ်ဆိုတာ ဘောဘီ မယုံရဲခဲ့ဘူး၊ ကိုကို့စိတ်ကို မှန်းဆလို့မရအောင် ကိုကို့စကားလုံးတွေက ရက်စက်ခဲ့တာ .."

"ဒါဆို ခုထိ မယုံသေးဘူးပေါ့ .."

မေးခွန်းတစ်ခု မေးလိုက်တိုင်း ပြန်မေးတတ်ပေမယ့် ဘောဘီ ကိုကို့ ကို မငြိုငြင်မိပေ။ ကားကွေ့လိုက်တိုင်း ယိမ်းယိုင်သွားသည့် ကိုယ်ကို ထိန်းကာ ကိုကို့မျက်နှာကို ငေးနေရတာလည်း မငြီးငွေ့နိုင် ..။

"ယုံပါတယ် .. တကယ်လို့ မကြီးကို ကိုကို ချစ်လျက်နဲ့ မနစ်နာစေချင်လို့ စွန့်လွှတ်ခဲ့တာဆိုရင်တောင် .."

"သဘောတွေ သိပ်ကောင်းမနေနဲ့ ဘောဘီ .. အဖြစ်ချင်း တူရင် တူနေလိမ့်မယ်၊ အချစ်ချင်းတော့ မတူနိုင်ဘူး၊ မင်းအစ်မလို မင်း ကိုယ့်ကို လာပတ်သက်ခဲ့တာ မှန်ပေမယ့် မင်းနဲ့ကျမှ ကိုယ့်စိတ်တွေ လှုပ်ရှား





ခဲ့တာ ..၊ မင်းကို ဒေါသဖြစ်ရသလောက် သူ့ကို မဖြစ်ခဲ့ဘူး၊ မင်းကို ငဲ့ညှာခဲ့ရသလောက် သူနဲ့ကိုယ် ပတ်သက်ခဲ့ဖူးတာလည်း ဘာမှမရှိဘူး"

"ရန်ကုန်မှာ ဆုံကြတာ မဟုတ်ဘူးနော် .."

"မန္တလေးမှာ ဆုံကြတာ .."

သူက ကားမောင်းရင်း ဖျတ်ခနဲ လှည့်ကြည့်ကာ ...

"မင်းနဲ့သူ ဘာမှမဆိုင်ဘူး ဘောဘီ၊ ချစ်ဖို့ကောင်းတာရော .. လှုပ်ရှားခဲ့တဲ့ အမှုအရာတွေရော .."

ဘောဘီ က သိုင်းကြိုးလေးကို ပြန်ကိုင်ထားပြီး နားထောင်နေ၏။

"မင်း ကိုယ့်ဆီကို ရောက်လာတာက လိုချင်တဲ့အရုပ်လေးတစ်ရုပ်နောက်ကို တကောက်ကောက်လိုက်ရင်း ပွဲဈေးတန်းထဲမှာ မိဘနဲ့ကွဲသွားတဲ့ ကလေးလိုမျိုး ..၊ ဖြူစင်ပြီး ချစ်ဖို့ကောင်းတယ် .."

စက် က ပြောနေရင်း ချစ်စနိုးမျက်ဝန်းတို့နှင့် လှည့်ကြည့်သည်။

"သူက မင်းလို မဟုတ်ဘူး .. အုပ်စုလိုက် ဗရုတ်ကျတာ၊ မိဘကိုယ်တိုင် ထိန်းသိမ်းပေးဖို့ ဆွဲခေါ်သွားခဲ့တဲ့အထိ သူနဲ့ပတ်သက်တဲ့ ထိရှမှုမျိုး ကိုယ့်ရင်ထဲမှာ ဘာမှမဖြစ်ခဲ့ဘူး၊ စိတ်ပျက်တာတွေ ဒေါသဖြစ်တာတွေနဲ့ပဲ .."

စိတ်ထဲရှိသလို ပြောနေပြီးမှ သူ ဘောဘီ့ ကို ငဲ့ကြည့်ကာ ...

"ဆောရီးကွာ .. မင်းအစ်မအကြောင်း ကိုယ် ဒီလောက် မပြောသင့်ဘူး .."

ဘောဘီ က နှစ်ဖက်ခွဲစည်းထားသည့် ဆံပင်လေး တစ်ချက်သပ်ရင်း ခေါင်းခါ၍ ...

"ရပါတယ် .. ကိုကိုနဲ့ပတ်သက်ရင် စိတ်ဆိုးတာ စိတ်နာတာတွေ ဘောဘီ မေ့တောင်နေပြီ ထင်တယ် .."

"ဟာ .. အဲလိုတော့ မလုပ်နဲ့လေ ..၊ စိတ်ကောက်တာဖြစ်ဖြစ်တော့ ရှိရမှာပေါ့၊ ကိုယ်ယူထားတာ ဘောဘီလေး .."



www.burmeseclassic.com

www.burmeseclassic.com



သူ့ဟာသူပြော၍ ပြုံးနေသည်။ ပြီးတော့ နာရီငုံ့ကြည့်မိစဉ် ဖုန်းဝင်လာသဖြင့် နားထောင်လိုက်၏။

"မင်း ဘယ်မှာလဲ စက် .."

"လာနေပြီ .. ဒီမှာ လမ်းပြင်နေတာတွေနဲ့ ကားတွေ ကျပ်ပိတ်ပြီး ရှေ့တိုးမရ နောက်ဆုတ်မရ ဖြစ်သွားလို့ .."

"အခြေအနေကတော့ မကောင်းဘူးကွ၊ သူ မင်းအလာကို စောင့်နေတာ ထင်တယ် .."

စက် မျက်နှာပျက်ပျက်နှင့် ကျွတ်ခနဲ အသံထွက်၏။ ကိုယ်ကတော့ စကားတွေဖောင်ဖွဲ့မိပြီး အချိန်ကို ထိုင်စောင့်နေခဲ့သည်။

မဆီမဆိုင် ကိုယ်နဲ့ပတ်သက်ပြီး အသက်ပေးခဲ့ရတဲ့လူက နောက်ဆံတင်းပြီး အသေမဖြောင့်ရှာ ..။

"အမလေ့!..."

"ဟား!... ဘာလုပ်တာလဲ .."

"ဂျိး .."

ကားကို လမ်းကြောင်းပြောင်း၍ မရမကဖောက်ထွက်လိုက်သည်။ ကားတစ်စီးနဲ့ ဖင်ချင်း နည်းနည်းကပ်ငြိသွားကာ တစ်ဖက်က ကွေ့ကြောပေးထားတဲ့ထဲ ဝင်ပစ်လိုက်၏။

"ကိုကို ဘာလုပ်တာလဲ ..၊ နောက်မှာ ဝီစီမှုတ်နေပြီ .."

"ရတယ် .. လိုက်လာမှပဲ ရှင်းမယ် .."

လိုရာရောက်ပြီဆိုမှ ဘာဖြစ်ဖြစ်လို့ သူ ဆုံးဖြတ်လိုက်ပြီး ဝုန်းဒိုင်းကြဲလေသည်။





## အခန်း(၅၀)

"စက် .. ဒီမှာ .."

ဆေးခန်းကိုရောက်သွားတော့ ဟန်ဝင်း က ထွက်စောင့်နေကာ...

"ဒဏ်ရာတွေနဲ့ ရောက်လာပေမယ့် ခေတ်လိုက်လို့ စကားမပြောနိုင်တာက ပြန်ကောင်းသွားပြီ .."

"ဟုတ်လား .. သူ ဘာပြောသေးလဲ .."

ပြေးဝင်ခဲ့ရင်း မေးတဲ့လူက မေး ..၊ ဖြေတဲ့လူက ဖြေနှင့် အပေါ်ထပ် တက်ခဲ့ကြသည်။

"မင်း ရောက်မလာခင် သူ သေသွားခဲ့ရင် ပေးလိုက်ပါဆိုပြီး ငါ့ကို လိပ်စာတစ်ခု ပေးထားတယ်၊ စစ်ကိုင်းတောင်လိပ်စာ .. အဲဒီမှာ သူ နေတာတဲ့၊ မင်းအမေနဲ့ပတ်သက်တဲ့ ပစ္စည်းတချို့ သူ သိမ်းထားတာရှိတယ် .. သွားယူကြည့်ပါတဲ့၊ လာ .. မြန်မြန်လာ .."

အထဲကို နှစ်ယောက်ဝင်သွားတော့ ဘောဘီ မလိုက်သင့်ဘူး ထင်ကာ အပြင်မှာ ရပ်ကျန်ရစ်၏။ ဒါပေမယ့် ဟန်ဝင်း ပြန်ထွက်လာကာ..

"ဝင်လိုက်သွားလေ ဘောဘီ .. သူ့ကိစ္စက ညည်းကိစ္စပဲဟာ .."

"ကိုကို ကြိုက်ပါ့မလားလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"မကြိုက်ရင် ဒီထီ ခေါ်လာပါ့မလားဟ ..၊ သွား .. ငါက ကား ပြဿနာ ရှင်းရဦးမှာ၊ ညည်းလူ လုပ်ချလာတာ နောက်မှာ ဆူညံကျန်ခဲ့ တယ်ဆို .."

ဟန်ဝင်း ပြောကာ အထဲဝင်ဖို့ လက်နဲ့ပါ ညွှန်ပြပြီး ထွက်သွား သည်။ သူမ အထဲဝင်ခဲ့တော့ အသားဖြူဖြူ အမျိုးသမီးကြီးက ရွှေ့လျား မှု နှေးကွေးနေပြီဖြစ်သည့် မျက်ဝန်းတို့နှင့် ကိုကို့ကို ပင်ပန်းစွာ ကြည့် နေကာ စကားသံတွေလည်း လေးနေပါပြီ ..။

"သ..သခင်လေး လာခေါ်တယ်ဆိုလို့ လိုက် .. လိုက်သွားတာ.."

"ဘယ်သူလဲ ကြီးဖော .. ကုတ်အင်္ကျီနဲ့ မျက်နှာကြမ်းကြမ်းလား"

ခေါင်းညိတ်တာကို မျက်တောင်ဖျားတို့ မှိတ်ချပြရင်း ...

"မျက် .. မျက်နှာကြီးမှာ အရေပြားရောဂါလို အ .. အကွက်တွေ နဲ့ .."

ဦးမောင် ကိုယ်တိုင်ပါလား ..၊ ဦးမောင် ကို ကြီးဖော ဘာလို့ မသိရတာလဲ ..၊ မမှတ်မိလောက်အောင်လည်း မျက်နှာအစိတ်အပိုင်း တွေ မပျက်စီးသေးပါ ..။

လည်ပင်းနဲ့ လက်တွေမှာ သိသာပေမယ့် မျက်နှာမှာ ဒီလောက် မဟုတ်သေး ..။

"လူ .. လူလေးမှာ အန္တရာယ်တွေ ဝိုင်း .. ဝိုင်းနေပြီမှန်း သိလို့ ကြီးဖော အ.. အသေမဖြောင့်ဘူး၊ သခင်ကြီးက ပြော .. ပြောမပြဘူးဆို ရင် သခင်လေး .. ရဲ့ .. မေမေ့ပစ္စည်းတွေထဲမှာ .. ရှာ .. ရှာပြီး ..."

"ကြီးဖော .. ကြီးဖော အရမ်းမောနေရင် နားလိုက်ပါဦး၊ ကျွန်တော် ဆရာဝန်ပြေးခေါ်လိုက်မယ် .. ခဏလေး .."

သူ ထရပ်လိုက်တာနှင့် ကိုင်ထားသည့် ကြီးဖော လက်က သူ့ လက်ကို ပြန်ဆုပ်ကိုင်ထားလိုက်သဖြင့် မသွားဖြစ် ..။

"မ .. မသွားပါနဲ့ ..၊ ပြော .. ဖို့တွေ ရှိသေးတယ် .."





သူ့လက်ကို အတင်းဖိဆွဲချနေသဖြင့် ကြီးဖော မျက်နှာနားထိ ငုံ့ပေးလိုက်ရသည်။

"သခင်ကြီးနားမှာ သူ .. အဲဒီလူ ရှိနေသေးရင် မ .. မပြောနဲ့ဦး၊ ရတနာကိုးမျိုးက .. ဘုရား .. ဘုရားကိုးဆူထဲမှာ .."

"ကြီးဖော .. ကြီးဖော .."

နှုတ်ခမ်းတွေ ပွင့်လျက်သား မျက်လုံးတွေ မပွင့်တပွင့်နှင့် ငြိမ် သက်သွားတော့ သူ ထိတ်လန့်သွား၏။ ဘေးမှာရှိနေသည့် ဘောဘီ က အနားမှာဝင်ထိုင်ပြီး ကြီးဖော နှာခေါင်းမှာ လက်ညှိုးလေးနဲ့ ကပ် ကြည့်၏။ ပြီးတော့ လက်ကောက်ဝတ်ကို ကိုင်၍ သွေးတိုးစမ်းကာ...

"အသက်မရှိတော့ဘူး ကိုကို ..၊ ဘောဘီ ဆရာဝန် သွားခေါ်လိုက် မယ် .."

စက် ဘာမှမပြောလိုက်နိုင်ဘဲ ဒေါ်နော်ဖော မျက်နှာကို ကြည့်ကာ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လို့ မဆုံးနိုင် ..။

"မေမေ့ပစ္စည်းတွေထဲမှာ သွားရှာပါ" ဆိုတာက ရှာပြီး ဘာသဲလွန်စ မှ မတွေ့ရင် သူ မသိသေးတာတွေကို ဘယ်လိုသိရတော့မှာလဲ ..။

အကယ်၍ သူသာ နာရီဝက်လောက် အချိန်မီရောက်လာခဲ့လျှင် မေဖေနဲ့ မေမေ့ကြားက သူ မသိခဲ့ရသည့် ဖြစ်စဉ်တချို့ကို ပြည့်စုံစွာ သိရနိုင်သည်။

'နန်းမဟာ' ရဲ့ အတွင်းပစ္စည်းတွေ ဘယ်မှာရှိတယ်ဆိုတာတောင် သိထားသည့် ကြီးဖော လိုလူကိုမှ သူ အသက်မီအောင် မလာနိုင်ခဲ့တဲ့ အဖြစ် ..၊

ခုတော့ အားလုံး ပြီးဆုံးခဲ့ပြီလား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅၁)

မှားယွင်းမှုတိုင်းမှာ အမှန်တရားဆိုတာ ရှိနေစမြဲပဲ ဖြစ်သည်။ ရှာဖွေသူတိုင်းအတွက် တွေ့ရှိခြင်းဆိုတာလည်း ဖြစ်လာရမည်သာ ...

စစ်ကိုင်းကို သူ အားချင်းရောက်အောင်သွားကာ တစ်သက်လုံးက စိတ်မဝင်စားခဲ့သည့် မေမေနဲ့ပတ်သက်သော အတိတ်ကအကြောင်းအရာတွေကို ရှာဖွေခဲ့သည်။

ဘယ်လိုအမှတ်အသားမျိုးဆိုတာ အတိအကျမသိပေမယ့် အထည်တိုင်းမှာ တူညီသည့်အမှတ်အသားတွေပါသော မေမေ့လက်ဝတ်ရတနာတွေကို အစုံမပျက် တွေ့ခဲ့ရသည်။

ပြီးတော့ အယ်လ်ဘမ်တစ်အုပ်ရယ် .. ဒိုင်ယာရီတစ်အုပ်ရယ် ..

သူ အားလုံး ဖတ်ပြီးခဲ့ပြီ ဖြစ်သည်။

စာအုပ်ကိုင်လျက်နှင့် မြစ်ရေပြင်ကို ငေးရင်း ရေပြင်မှာ အရိပ်တွေ ထင်လာခဲ့၏။ စာထဲကအကြောင်းအရာတွေက အသက်ဝင်လာခဲ့သလို လို ...၊





တကယ်တော့ ဦးကျော်အောင် က သူ့အဖေ မဟုတ်ပေ။ သဘောထားကွဲလွဲခဲ့သော အိမ်ထောင်ရေးတစ်ခုကို သွေးထိုးဖျက်ဆီး၍ အခွင့်ကောင်းယူကာ လှမမယ် ကလေးငယ်တစ်ယောက်ကို လောဘပဉ္စလက်တွေနဲ့ ချုပ်ကိုင်ထားခဲ့ခြင်း ဖြစ်သည်။

သူ့အဖေက ဦးစိုင်းဝဇ္ဇာသျှန် ဖြစ်ကာ ရှမ်းစော်ဘွားမျိုးနွယ်တွေ ဖြစ်၏။

မေမေကတော့ မြန်မာပါ။ သူ တစ်နှစ်သားကျော်ကျော်လေးမှာ ဖေဖေနဲ့မေမေ အိမ်ထောင်ကွဲခဲ့ရသည်။ ထိုအချိန်မှာ မေမေ့ရဲ့လူယုံကြီးဖော ဖြစ်ကာ ဖေဖေ့လူယုံက ဖေဖေလို့ သူထင်နေခဲ့တဲ့ ဦးကျော်အောင် ...၊

မေမေ နောက်အိမ်ထောင်ပြုလိုက်လို့ ပထွေးကို အဖေခေါ်နေခဲ့မိတာဆိုရင်တောင် ဒီလိုအဖြစ်ဆိုးတွေ ရှိတတ်ကြတာမို့ ဖြေစရာရှိသေးသည်။

ခုတော့ သူ့အဖြစ်က ဒီလိုလည်းမဟုတ်၊ လင်မယား တစ်ယောက်တစ်နေရာစီ ကွဲနေကြတုန်းမှာ မေမေ ဆုံးသွားတော့ သူ့ကို မသက်ဆိုင်သူတွေက တာဝန်ယူခဲ့သည်။

ဖေဖေ ဆုံးသွားတော့ ဖေဖေ့နေရာမှာ အစားဝင်ရပ်တည်ပြီး နန်းမဟာရဲ့ အရှင်သခင်အဖြစ် နေခဲ့၏။

မေမေ့အယ်လ်ဘမ်ထဲမှာ မိသားစုဓာတ်ပုံလေးသာ ရှိမနေခဲ့လျှင် အဖေအရင်း အမေအရင်းတွေရဲ့ မျက်နှာကိုတောင် သူ မြင်ခွင့်ရလိုက်မှာ မဟုတ်ပါ ...။

"မင်းအမေအကြောင်း မင်းအဖေကို လုံးဝ သွားမမေးနဲ့၊ ဓာတ်ပုံတောင် မမြင်ချင်ပါဘူးဆိုလို့ မိသားစုဓာတ်ပုံကအစ အားလုံး ငါ အစဖျောက်ပစ်ခဲ့ရတာ"တဲ့ ...။

ဓာတ်ပုံတွေ မရှိခဲ့ခြင်းအတွက် ဦးမောင် က ခိုင်လုံသည့်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြချက်နဲ့ အတိအကျ နေသည်။

သူ့မှာတော့ ကိုယ်နဲ့ ဘာမှမသက်ဆိုင်သည့် အရေပြားရောဂါ သည်ကြီးတွေကို သွေးသားထင်ပြီး ပြုစုခဲ့ရသည်။ သည်းခံနေရသည်။

အဖေအရင်းကို ဘာမှမသိလိုက်ရဘဲ အမေအရင်းကို မုန်းပြီးရင်း မုန်းနေခဲ့၏။ လောကကြီးထဲမှာ ရှင်သန်လာခဲ့ရတာ သူ ဘယ်လိုလူစား မျိုးလဲ ..။

ဖေဖေ့ရဲ့လူယုံက တစ်သက်လုံး လိမ်ညာပြီး ဂုတ်သွေးစုပ်နေခဲ့ လျက် မေမေ့လူယုံ ဒေါ်နှော်ဖော က လွတ်မြောက်အောင် ကူညီဖို့ ရောက်လာခဲ့သည်။

ဦးကျော်အောင် အကျင့်ပျက်လူယုံ ဖြစ်လာခဲ့ရတာလည်း ဦးမောင် ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေပဲလို့ မေမေက ခန့်မှန်းခဲ့၏။

စာထဲမှာ ရေးထားတာက ဦးမောင် နဲ့ ဦးကျော်အောင် မသင်္ကာ ဖွယ် ပြောဆိုတိုင်ပင်နေတာကို နှစ်ခါ သုံးခါလောက် မေမေ မြင်ခဲ့ သည်။

ဦးမောင် ကို သေချာမသိပေမယ့် ဦးကျော်အောင် အပြင်လူတွေနဲ့ ချိတ်ဆက် ကြံစည်နေပြီလို့ တပ်အပ်သိနေသဖြင့် ဖေဖေ့ကို သတိပေးဖို့ ကြိုးစားခဲ့၏။

သို့သော် ဘယ်လိုနည်းနဲ့ ကြိုးစားပေမယ့် မေမေ ဖေဖေ့ကို မစည်း ရုံးနိုင်ခဲ့ပေ ..။

သူဌေးအလိုအကျ ပေါင်းတတ်လွန်းသည့် ဦးကျော်အောင် ကို သူဌေး ဦးစိုင်းဝဏ္ဏသျှန် က မျက်နှာသာပေး၏။ အရက်ဆို အရက်၊ မိန်းမဆိုလည်း သူပဲ တတ်နိုင်လွန်းကာ ကြာတော့ အောင်သွယ်ကောင်း လွန်းသဖြင့် သူဌေး ခြေလှမ်းမှားခဲ့၏။

လင်မယား စကားများတာတွေဖြစ်လာတိုင်း အိမ်ပြန်မအိပ်တော့ တဲ့အထိ ဖြစ်လာအောင် ဦးကျော်အောင် က လှည့်ပတ် ခွဲထုတ်၏။





မေမေ ကတော့ သားတစ်ယောက်ကိုပိုက်၍ အိမ်ကနေ လိုက်မျှော် ရုံ .. ဒေါသထွက်ရုံနှင့် ကြာရှည်စွာ သည်းခံခဲ့ရပြီး သည်းမခံနိုင်လို့ ပြော မိတိုင်းလည်း အိမ်ပေါ်ကဆင်းသွားပြီး သုံးဖြုန်းနေတာက ဖေဖေပဲ ဖြစ်သည်။

ထို့ကြောင့် ပစ္စည်းတွေကို မေမေက တတ်နိုင်သမျှ သိမ်းဝှက်ထား တော့သည်။

လူပေါင်းမှားနေပြီမှန်း သိလာလေ ပစ္စည်းကို အထိမခံလေ ဖြစ်ခဲ့ ပြီး လင်မယား လုံးဝ ကွဲကွာပြတ်စဲခြင်းသို့ ရောက်ခဲ့၏။

မေမေ့ရဲ့အမုန်းတွေက ဦးကျော်အောင် နဲ့ ညွန့်ကြားနေသောသူ့ အပြင် ဖေဖေ့ကိုပါ ကမ္ဘာမကျေ ဖြစ်လာခဲ့၏။

ထိုအချိန်မှာ စက် က တစ်နှစ်ကျော်ကျော်လေးပဲရှိသေးကာ ဘာ ကိုမှ နားလည် ခံစားတတ်သေးတာ မဟုတ် ..။

တိုင်ပင်စရာ လုပ်စရာရှိတာတွေကို ဒေါ်နှော်ဖော နဲ့ပဲ တိုင်ပင်ရ ကာ ရတနာတွေကို မြှုပ်နှံသိမ်းဆည်းတဲ့အထိ ဒေါ်နှော်ဖော ပါ၏။

နောက်ထပ် တစ်နှစ်စောင့်ပေမယ့် ဖေဖေ ပေါ်မလာခဲ့တော့သဖြင့် ဒေါ်နှော်ဖော ကိုပါ ခေါ်၍ နိုင်ငံခြားထွက်ဖို့ သေချာပြင်ဆင်ခဲ့သည်။

"ရှင့်လိုယောကျာ်းမျိုးကို ကျွန်မသားက အဖေမှန်း မသိစေရဘူး၊ ဘယ်တော့မှ အဖေလို့ မခေါ်စေရဘူး၊ ဒီည ရှင်နဲ့ကျွန်မ တစ်မြေတည်း နေ တစ်ရေတည်းသောက်တဲ့ကာလ နောက်ဆုံးပဲ"

လို့ ရေးထားခဲ့သည့်စာတမ်းလေးက နောက်ဆုံးပဲဖြစ်သည်။ မေမေ ကားမှောက်သေဆုံးခဲ့တယ်ဆိုတာကတော့ တကယ့် သတင်း အမှန်ပဲဖြစ်ပုံရကာ ဒီစာကို ညဘက်မှာရေးပြီး မနက်ပိုင်းမှာ ကား မှောက်ခဲ့တာ ဖြစ်လိမ့်မည်။

မေမေ တကယ်ကို နောက်ဆုံး နှုတ်ဆက်သွားခဲ့တာလား..၊ ဒါဆို လည်း ကျွန်တော့်ကိုပါ ဘာလို့ တစ်ခါတည်းခေါ်မသွားခဲ့တာလဲ မေမေ..။



www.burmeseclassic.com

www.burmeseclassic.com



အံကြိတ်ထားသည့်ကြားက မျက်ရည်တွေ တလိမ့်လိမ့် ဖြတ်ဆင်းသွားကြသည်။

ဒီလောက်ထိ သစ္စာတရားကြီးမားခဲ့တဲ့ မေမေ့ကို သူ တစ်သက်လုံး မုန်းတီးနေခဲ့သည်။

ဘာမှ သွေးသားမတော်စပ်သည့် နူနာရောဂါသည်ကြီးကိုတော့ အဖေ ခေါ်နေခဲ့၏။

သန်းခေါင်စာရင်းအသစ် လုပ်ပြီး တစ်ဘဝလုံး အဖေအတု လုပ်စားလာခဲ့တာ ကြီးဖေ သာ မကယ်လျှင် သူ အမှန်တရားကို သိခွင့်ရတော့မှာ မဟုတ်ပေ ..။

ထို့ပြင် ကိုယ့်မှာပါ ဒီလို မျိုးဆက်ရောဂါကြီး ပါနေပါသည်ဆိုပြီး ဘဝသေဆုံးနေခဲ့တာ နှစ်တွေ နည်းသလား ..။

ဒီလောက်အထိ သေချာ plan ချပြီး သူ့ဘဝကို စိတ်ကြိုက်ပုံဖော်နေခဲ့တာ ဦးမောင်မောင် ..၊ ဘာကို လိုချင်သေးတာလဲ ..၊ ဘာဖြစ်စေချင်တာလဲ ..၊

အိမ်ကြီးတစ်အိမ်လုံးကို အခန်းတွေဖြို့ချပြီး ပြင်လို ပြင် ..၊ သံတလင်းတွေ အကုန်လှန်ပြီး မြေအောက်ခန်း လုပ်လိုလုပ် ..၊

ရတနာကိုးမျိုးရှိတဲ့ သေတ္တာတွေကို ရှာဖွေနေတာလား ..၊ ဘာတွေ ထပ်ရှိသေးတယ် ထင်လို့လဲ ..။

"မင်း မိန်းမယူလို့ မဖြစ်ဘူး"ဆိုပြီး တစ်သက်လုံး ဒီတိုင်း ချုပ်ကိုင်ထားချင်တာကရော .. ဘာရည်ရွယ်ချက်နဲ့လဲ ..။

ခေါင်းတွေ ချာချာလည်နေပြီလား မသိ ..။

မျက်ရည်စွန်းနေသည့်မျက်နှာကို မော့ထားလည်း မရ၊ ခေါင်းငိုက်စိုက်နေလည်း မပျောက် ..။

မျက်လုံးမှိတ်နေတော့လည်း ဘာမှမထူးပေ ..။

"ငါ့ညီအတွက်နဲ့ပတ်သက်ရင် ငါ လုံးဝ သည်းမခံဘူး .."





"မင်းအဖေ .. ငါ့ရဲ့ညီက .."

"မင်းတို့ဘဝကို ငါ တစ်သက်လုံး အုပ်ချုပ် ထိန်းကျောင်းလာတာ .."

ဦးမောင် ရဲ့ အမျိုးမျိုးသော ချုပ်ကိုင်ကြိမ်းဝါးခြင်းတွေက နားစည်တို့ကို နှိပ်စက်နေကြ၏။

"တောက် .."

ပြန်လည်ရှာဖွေနောက်ပြီး စာမျက်နှာတစ်ကနေ ပြန်စီထားရအောင်က အတိတ်ဟာ ကိုင်တွယ် နေရာချထားလို့ရမယ့် စာရွက်ဟောင်းတွေလည်း မဟုတ် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅၂)

"ဟုတ်ပါတယ် .. သူလာတိုင်း ဆရာလေးဆီမှာ တည်းတာ ဒါနဲ့ဆိုရင် နှစ်ခေါက်ရှိပြီ .."

ဆရာလေး ဒေါ်သုဓမ္မစာရီ က ဒေါ်နော်ဖော ရဲ့ညီမဝမ်းကွဲဖြစ်တာ တစ်လောကလုံးမှာ တစ်ဦးတည်းရှိတော့သည့် ဆွေမျိုးရင်းချာဆိုတာ လည်း သိရ၏။

"ဒီပစ္စည်းတွေကို သူ ယုံကြည်စိတ်ချစွာ အပ်ထားခဲ့တာ ကြာ ပြီ၊ ဒါကို သူကိုယ်တိုင်လည်း မတို့ထိရဲခဲ့ဘူး ..၊ ပုထုဇဉ်မို့ 'မရှိတော့ ဝမ်းစာ' ဆိုတာမျိုး ထုတ်ယူသုံးစွဲမိမှာလည်း ကြောက်တယ်လေ၊ ဘာ ဖြစ်လို့လဲဆိုတော့ ဒီပစ္စည်းတွေမှာ ကျိန်စာရှိခဲ့တယ်လို့ သူပြောတယ်"

"ဗျာ!..."

အေးချမ်းနေသည့် ဒေါ်သုဓမ္မစာရီ မျက်နှာက ဒေါ်နော်ဖော ထားသလောက် သူ အားလုံးသိထားသည့်ပုံမျိုး ဖြစ်သည်။ ဒေါ်နော် ကိုယ်တိုင် ဒါတွေကို တစ်ယောက်တည်း ထိန်း[သိမ်း]လာခဲ့ရင်း လ





တလော အပ်နှံထားရမည့်သူကို ဖြစ်ကြောင်းကုန်စင် ပြောပြခဲ့တာ လည်း ဖြစ်နိုင်သည်။

"ဆရာတော်တို့ ဘုရားတရားအလုပ် နေ့စဉ်မပျက် လုပ်နေခဲ့တဲ့ လူတွေက ဒါမျိုးတွေပြောရတာ သိပ်တော့မကောင်းဘူး ဒကာ၊ ဒါပေ မယ့် မကောင်းမှုကျူးလွန်တဲ့သူ မကောင်းမှုဒဏ် ခံရတယ်ဆိုတာက တော့ ဒါ တရားသဘောပဲလေ .."

"ဟုတ်ပါတယ် .."

"သူ့ဖွေးကတော်ကြီးက သူ့စင်ပွန်းကို လူယုံသတ်တော့မယ်ဆို တာ သိတယ်၊ ဒါကြောင့် အရမ်းကို သန့်စင်ခဲ့တဲ့ ဘိုးဘွားမိဘ အမွေ အနှစ်တွေကို မသမာသူ လုယူ သုံးစွဲလို့ မရအောင် သွေးလှူအဓိဋ္ဌာန်ဝင် ပြီး သစ္စာဆိုခဲ့တယ်တဲ့၊ ဒီပစ္စည်းတွေကို 'နန်းမဟာ' ရဲ့မျိုးဆက်တိုင်းသာ သုံးစွဲခွင့် ရှိရမယ်၊ သူတို့ ကြည်ဖြူမှသာ သားလူတွေ စားသုံးစေ၊ ဒီလိုမဟုတ်ဘဲ မသမာတဲ့နည်းနဲ့ ရယူပိုင်ဆိုင်ဖို့ ကြိုးစားခဲ့ရင် ဒါကို စားသုံးမိတာနဲ့ ရောဂါဆိုးကြီးနဲ့တိုးပြီး အသေဆိုးနဲ့ သေရမယ်တဲ့၊ အဲဒီလို ကျိန်စာ ရှိထားခဲ့တာ .."

ဦးကျော်အောင် မျက်နှာကြီးကို စက် မြင်ယောင်သွားသည်။

ထို့ပြင် ဦးမောင် ကိုယ်မှာလည်း ဒီလက္ခဏာတွေ သိသာစွာ ပေါ် နေပြီ ဖြစ်သည်။ သူသိထားတာက မိန်းကလေးတစ်ယောက်နဲ့ ငြိစွန်း ပေါင်းသင်းမိကာမှ ဒီရောဂါလက္ခဏာ စသည် ဆိုတာပင် ..။

ဦးမောင် ကျတော့ လူပျိုကြီးဆိုပြီး ဘာဖြစ်လို့ ဒီရောဂါ လာဖြစ် တာလဲ ..၊ တကယ်ဆို ဒါတွေကို သူ အစတည်းက ဆက်စပ်တွေးကြည့် ခဲ့ဖို့ ကောင်းသည်။

ဦးကျော်အောင် တို့ ညီအစ်ကိုနှစ်ယောက်စလုံးက သူနဲ့ တစ်ခုမှ တူခဲ့တာ မရှိဘဲနှင့် ..၊

'ငါ့အဖေ' ဆိုသည့် အသိတစ်ခုနှင့် ဘာတစ်ခုမှ မသက်ဆိုင်လို့



www.burmeseclassic.com

www.burmeseclassic.com



မမြင်ဘဲ စုံလုံးကန်းခဲ့တာ နှစ်ပေါင်း မနည်းဝါလား ..။

ဦးမောင်တို့ညီအစ်ကို ကျိန်စာသင့်ကုန်ကြတယ်ဆိုတာ သေချာပါ သည်။

"သူ့ဗွေးကတော်ကြီးက သူ့လက်ပေါ်မှာပဲ ဆုံးသွားတာ၊ သူ့သား လေးကို သူ့လက်ထဲ အပ်ခဲ့တာပေမယ့် သူဗွေးကြီးရဲ့လူယုံက လာခေါ် သွားတော့ သူ ပေးလိုက်ရတယ်လေ၊ နောက်ပိုင်းမှာလည်း သူ လာဖို့ ကြိုးစားပါတယ်၊ သူ့ဗွေးကြီးလင်မယားက အစုန်းတွေနဲ့ သေကွဲကွဲခဲ့ကြ တာဆိုတော့ သူ့ဗွေးကတော်ရဲ့လူယုံဖြစ်နေတဲ့ သူက ပြောင်ပြောင်တင်း တင်းတော့ မသွားရဲဘူးပေါ့"

"ဒါဆို ကြီးဖော က ဒီမှာ တစ်ချိန်လုံး ရှိနေခဲ့တာပေါ့နော် -

"ဟုတ်တယ် ဒကာလေး၊ သူ ဒကာလေး ကြီးပြင်းလာတဲ့အချိန် ကျမှပဲ ဒကာလေးနဲ့တွေ့ဖို့ ကြိုးစားမယ်လို့ ပြောတယ်၊ ဒီမှာ ဘုရား ဓည့်သည်တွေကို ချက်ပြုတ်ပေးတယ်၊ တစ်ခါတလေ မြန်မာပြည်အနှံ့ ဘုရားဖူးကားတွေနဲ့လိုက်ပြီး ထမင်းချက်လုပ်တယ်၊ သူ့တစ်ဝမ်းတစ်ခါး မကပါဘူး .. ဒီမှာ အေးအေးချမ်းချမ်း နေရတယ်၊ လွန်ခဲ့တဲ့ သုံးနှ ဆောင်းရာသီတုန်းက ရန်ကုန်ဆင်းသွားပြီး လူလေးနဲ့တွေ့ဖို့ ကြိုး တယ်လေ .."

နန်းမဟာနားကို ဒီလို ရစ်ဝဲရစ်ဝဲ ရပ်ကြည့်ရုံလောက်နဲ့ အိမ်ထဲ ဆက်သွယ်လို့မရနိုင်မှန်း ကြီးဖော မသိရှာ ..။ ဒါတွေကို ကာကွယ် အတွက်ပဲ ဦးမောင် က အကွက်ကျ စီမံခဲ့တာ ဖြစ်သည်။

ကိုယ်ကတော့ နန်းမဟာထဲက ဒီအဖြစ်ဆိုးကို လူသိမခံချင် ပတ်ဝန်းကျင်နဲ့ လုံးဝ အဆက်ဖြတ်ဖို့ ကြိုးစားခဲ့တာလို့ပဲ ထင်ခဲ့

ဒါကြောင့် သူကိုယ်တိုင်လည်း ကင်းအောင်နေခဲ့သည်။ ဦးမော အိမ်ကို ပြုပြင်ပိတ်ဆို့ခဲ့သမျှ သူကလည်း နည်းပညာပိုင်းဆိုင်ရာ အားဖြည့် ပါဝင်ခဲ့၏။





ခုတော့ သူ့ဘဝထဲကို ကြီးဖော သာ ပြန်ရောက်မလာခဲ့လျှင် သူ ဟာ တစိမ်းလူတွေအတွက် မဆီမဆိုင်သည့်ဘက်ကနေ အသက် သေဆုံးချိန်အထိ ပေးဆပ်သွားရတော့မှာ ဖြစ်သည်။

"ဒကာမကြီးကလည်း ဒကာလေးကို ဖခင်နဲ့အတူတူ နေနေတယ် လို့ပဲ ထင်နေခဲ့တာကွယ့်၊ အဲဒါကြောင့် အတွင်းစကားတချို့ ပြောခွင့် ရရင် တော်ပြီဆိုပြီး အပြင်ကနေပဲ ချောင်းကြည့် လှည့်ပြန် လုပ်နေခဲ့ တာ .."

ဆရာလေးက ဆက်ပြောပြနေသည်။ သူ့အတွေးတွေကလည်း ထို အကြောင်းအရာများအတိုင်း စီးမျောနေခဲ့လျက် ...

"အခု ဒကာလေး သေချာပြောပြမှ ဆရာလေး သိရတာ၊ ဒါတွေ ကို ဒကာမကြီးတောင် မသိခဲ့ရှာဘူးထင်တယ်၊ သူဗွေးကြီးက ဆုံးသွား တာ ကြာခဲ့ပြီပေါ့ .."

"ဟုတ်ပါတယ် .. ဘယ်အချိန်တည်းကဆိုတာတော့ ဒါကို တမင် မြုပ်ကွယ်ထားခဲ့တဲ့လူတွေပဲ သိကြမှာ၊ မေမေက ကြီးဖော လက်ထဲမှာ ဆုံးခဲ့ရသလို ဖေဖေလည်း ဒီတိုင်းပဲ နေမှာလား ..၊ မိသားစုအကြောင်း သေချာသိထားတဲ့လူတွေအတွက် အလိုက်သင့် ဝင်မျောလိုက်ရုံပဲရှိတာ၊ အားလုံးက သူတို့အတွက် အခွင့်အရေးတွေချည်းပဲ ဖြစ်ခဲ့တာကိုး .."

"သူ့အလိုလို ဖြစ်လာတာတွေမှ မဟုတ်ဘဲကွယ်၊ မသမာစွာ ရယူ လိုက်တာမှန်ရင် သူတို့ရဲ့မကောင်းမှုကံကို သူတို့ ပြန်ခံစားရမှာပဲ"

ခံစားနေရပါပြီလို့ စိတ်ထဲမှာ ပြောမိရင်း ဦးကျော်အောင် ရဲ့ စိုရွှဲရွှဲ မျက်နှာကြီးကို ပြန်မြင်မိ၏။ ဦးမောင် လောက် မဆိုးခဲ့ပေမယ့် အစကနေအဆုံးထိ ကြီးဖော ကို နှိပ်စက် သတ်ပစ်ခဲ့တဲ့ လုပ်ရပ်အားလုံး မှာ ဦးကျော်အောင် မပါဘဲ ပြီးမှာ မဟုတ်ပါ။

သူက ခေါ်သလိုလို လိမ်ညာ၍ ကားပေါ်ခေါ်တင်ပြီး နှိပ်စက်ကာမှု ပြုခဲ့တဲ့အပြင် ကြိုးတွေတုပ်ကာ ရထားလမ်းပေါ်မှာ သွားပစ်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို အစအဆုံးမြင်လို့ ကယ်တင်ခဲ့တဲ့လူ ရှိတာတောင် နှိပ်စက် ပစ်ချခံခဲ့ရတဲ့ ဒဏ်ရာတွေနှင့် အသက်အရွယ်ရနေပြီဖြစ်သည့် လူကြီး တစ်ယောက်အဖို့ ခံနိုင်ရည် မရှိခဲ့ပေ ..။

ကြီးဖော ကိုယ်တိုင် ခံလိုက်ရကာမှ မသမာ တစ်ခုခု ရှိနေပြီမှန်း သိခဲ့ပုံ ပေါ်သည်။ ထို့ကြောင့်သာ သူ့ကို သိစေချင်တာတွေ ပြောပြဖို့ အားတင်း စောင့်ခဲ့ရှာသည်။

နောက်ဆုံး သူ့အတွက် ကံကြမ္မာပေးခဲ့တဲ့ အလင်းရောင်လေး တစ် ချက်ဟာ ကြီးဖော စကားပြောနိုင်သွားခြင်း ဖြစ်သည်။

ဒါတွေကို သူ ဘယ်ကစပြီး ကိုင်တွယ်ဖြေရှင်းရမလဲဆိုတာ သိ သည်။ ထို့ကြောင့် မေမေ့ပစ္စည်းတွေကို အိတ်ထဲမှာ ထည့်ပိတ်သိမ်းကာ ဆရာလေးကိုလည်း လှူဒါန်းခဲ့သည်။ ပြန်မလို့ နှုတ်ဆက်နေကာမှ ဖုန်းဝင်လာလျှင် ...

"ဟန်ဝင်း .. ပြော .."

"မင်း အဲဒီမှာ ကြာဦးမလား စက် ..၊ ကြာမှာဆိုရင် အဲဒီကပဲ စောင့်လေ .. ငါတို့ လာခဲ့မယ် .."

ဟန်ဝင်း နဲ့ ဆောဘီ ကို မန္တလေးဟိုတယ်မှာထားပြီး သူတစ်ယောက် တည်း ထွက်လာခဲ့တာ ဖြစ်သည်။ ဒီကကိစ္စပြီးမှ အဆင်ပြေသလို ပြန် ဆုံကြဖို့ ..၊

"ငါ အခုလာတော့မယ် ဟန်ဝင်း ..၊ အဲဒီမှာ စောင့်နေ .."

"မင်း အဆင်ပြေရဲ့လား .. ဘာလိုလဲ၊ ပြည့်ပြည့်စုံစုံ သိရရဲ့လား"

"အားလုံး သိပြီ .."

ဟန်ဝင်း ဝမ်းသာသွားသည့်ပုံနှင့် ဖုန်းချသွားသည်။ အိမ်ထောင် ကျပြီး ကိုယ့်စီးပွားနဲ့ကိုယ် ရှုပ်နေတဲ့ကြားက သူ့အတွက်ဆို ဟန်ဝင်း တို့ လင်မယားနှစ်ယောက်စလုံး မငြီးငွေ့ခဲ့ပေ ..။

ပိုပြီး ကျေးဇူးတင်စရာကောင်းတာက အားလုံး ဘာဖြစ်ဖြစ် ကူညီ





နေပေမယ့် သူကိုယ်တိုင် ပြောပြတာမဟုတ်ဘဲ ဘယ်ကိစ္စကိုမှ ထဲထဲဝင် ဝင် မမေးမြန်းခဲ့ပေ ..။

ကမ်းပါးအတိုင်း သူမောင်းနေရင်း ဟိုတွေးဒီတွေးဖြစ်နေဆဲ ရှေ့ တည့်တည့်ကလာသည့် ပါဂျရိုးကားကြီးကို သတိထားလိုက်မိသည်။

ဒါ .. အိမ်ကကားပဲ ..၊

ကားမောင်းသည့်လက်တွေ တင်းခနဲ ဖိဆုပ်လိုက်မိကာ လူက တောင့်မတ်သွားခဲ့၏။ ပါဂျရိုးက သူ့ကားကို ပြေးဆောင့်တော့မလို ဝင်လာပြီးမှ ခေါင်းလေး အနည်းငယ်တိမ်း၍ တုံ့ခနဲ ရပ်သွားသည်။

ဆင်းလာသူက ဦးမောင်မောင် ..၊

ကောင်းဘွိုင်ဦးထုပ်နှင့် ကုတ်အင်္ကျီကြီးဖားဖားကြောင့် သူ့ပုံစံမြင် လိုက်ရတာ စိတ်မသက်သာဖွယ် ဖြစ်နေသည်။ အမြဲတမ်း လက်နောက် ပစ် လမ်းလျှောက်တတ်တာ အကျင့်တစ်ခုမဟုတ်ဘဲ ဘာကြောင့်ဆိုတာ သိလိုက်ရပြီမို့ သူ့ နှုတ်ခမ်းတွေ မဲ့သွားသည်။

ဒီရောဂါဖြစ်နေပြီကို ဘယ်လောက်ထိ ဖုံးဖိထားလို့ ရမှာလဲ ..၊

"မင်း တော်တယ် စက်အာဏာသျှန် .."

"ခင်ဗျားက ပိုတော်ပါတယ် .."

ကားရဲ့တစ်ဖက်စီမှာ ရပ်လိုက်မိကြပြီး ရူးစိုက်ကြည့်၍ မဲ့ပြုံးတွေ ပြိုင်တူဖြစ်၏။

"ဟုတ်တယ် .. ငါက ပိုတော်တာတော့ အမှန်ပဲ၊ ခေါ်နော်ဖော နဲ့ မင်း စကားပြောလိုက်ရမှန်း သိကတည်းက ငါ ဘာလုပ်သင့်တယ် ဆိုတာ သိတယ်လေ၊ အဲဒါကြောင့် ..."

"ခင်ဗျား တစ်ခါတည်းသတ်ခဲ့တာ မဟုတ်တော့ သူက ကျွန်တော့် အတွက် နာရီတွေ ထပ်ဆွဲပြီး အသက်ရှင်သန်ပေးခဲ့တယ် .."

"အဲဒီအကွက်မှာ မင်း သာတယ်၊ ဒါပေမယ့် မင်းရဲ့လက်ရုံး တုတ် ဟန်ဝင်း ဆိုတဲ့ကောင်သာ ရှိမနေခဲ့ရင် မင်း ဒီလိုမတော်နိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဟွန်း .. မင်း အဲဒီကောင်ကို လိုရာစေခိုင်းနိုင်သလို မင်းကို ငါ ချုပ်ကိုင် ညွှန်ကြားဖို့ တစ်သက်လုံး အားထုတ်ခဲ့တာ .."

"မဖြစ်မြောက်ခဲ့တော့ စိတ်မကောင်းစရာပဲ .."

"ဖြစ်မြောက်ပါတယ် .. အဲဒီမှာ လွှဲခဲ့ရတာလည်း ဘေဘီပန်ထွာဆိုတဲ့ ကောင်မစုတ်ကြောင့် .."

"အဲဒီလို သူ့အလိုလို ပံ့ပိုးမှုတွေ ပေါ်လာခဲ့တာရော ကျွန်တော့်ဘုန်းကံ ကြီးမားလို့ပဲလို့ ခင်ဗျား မတွေးမိဘူးလား၊ ခုကစပြီး ခင်ဗျားရဲ့ ကျဆုံးခန်း လာတော့မယ် .."

"ဟား .. ဟား .. ဟား ..."

ဦးမောင် မျက်ဝန်းထဲမှာ မီးတောက်နေပေမယ့် ရယ်နေနိုင်သေး၏။ ခပ်မဲ့မဲ့နှင့် မျက်နှာလွှဲလိုက်တော့ ကားလမ်းကျဉ်းလေးပေါ်မှာ မကြာခဏ ဖြတ်သန်းသွားနေကြသည့် ကားတွေကြောင့် အလိပ်လိုက် တက်ကျန်ရစ်သည့် ဖုန်လုံးတွေနဲ့ မှုန်သွားသည်။

နှစ်ယောက်စလုံး နှာခေါင်းတွေ ရှုံ့အသက်အောင့်လိုက်မိပေမယ့် ဖုန်တွေ မှုန်လှချေရဲ့လို့ ဘယ်သူမှ သတိမထားမိကြပေ ..။

ဦးမောင် က မျက်နှာကို ခပ်ဖွဖွပွတ်လိုက်ပြီး ဒီဘက် ပြန်လှည့်ကာ ...

"ရတနာကိုးမျိုးကို မရှာနိုင်ခဲ့ပေမယ့် နန်းမဟာမှာ ဘာမှမကျန်တော့ဘူး သျှန်၊ တစ်သက်လုံး ငါ ကိုင်တွယ် သုံးစွဲခဲ့တဲ့ ဝစ္စည်းတွေ ဘယ်လိုသိမ်းမလဲ ..၊ ဘယ်လိုထုပ်ပိုး ပြင်ဆင်မလဲဆိုတာ မင်းထက် ငါ ပိုသိတယ် .."

"ထုပ်ပိုးနေစရာ မလိုတော့ပါဘူး၊ ခင်ဗျားတို့ ဝါးမျိုထားတာတွေ ခင်ဗျားတို့ကိုယ်ပေါ်မှာပဲ သီးပွင့်ကုန်ကြပြီ၊ မတန်မရာ စားသုံးခဲ့သမျှ မေမေ ထားခဲ့တဲ့ ကျိန်စာ ခင်ဗျားတို့ သင့်နေပြီ ..၊ မကြာခင် နုရွဲပြီး အသားတွေ အတစ်လိုက် ပြုတ်ကျလိမ့်မယ် .."





ဦးမောင် မျက်နှာကြီး ပြူးပြောင် နီမြန်းလာ၏။ ထို့ပြင် တလှုပ်လှုပ် တွန့်ခေါက်လာသည့် နှုတ်ခမ်းသားတို့ မဲ့ရွဲ့သွားကာ ..

"ဝစ္စည်းဥစ္စာဆိုတာ စားထိုက်မှ စားရတာကွ ..၊ မစားထိုက်တဲ့လူတွေ စောစောစီးစီး သေကုန်ကြတယ်၊ ငါ စားထိုက်လို့ စားနေရတာလေ ..၊ အခု ကျော်အောင် လည်း သေပြီ .."

"ဘာ ..."

"သူ့ကိုယ်သူ သတ်သေသွားတယ်လေ .. သေစေ၊ ပြိုင်ပွဲမှာ အနိုင်မယူရဲရင် ရှုံးမှာပဲ၊ ဒါမျိုး သနားစရာ အကြောင်းမရှိဘူး၊ ငါ အခု ဒေါ်မြော်ဖော တစ်ခုခုပြောခဲ့တယ်ဆိုတာတွေ ကြားလို့ အမိလိုက်လာပေမယ့် မမီတော့ဘူး၊ မင်းကို မြင်လိုက်ရတာနဲ့က ငါ နောက်ကျသွားပြီဆိုတာ သိလိုက်တယ်၊ ဒါပေမယ့် ဖြစ်ပါတယ် .. ရတနာကိုးမျိုး မရလည်း ငါ့တစ်သက်စာ မှုလုံအောင် စီစဉ်ပြီးပြီ .."

ဦးမောင် က သူ့ကိုစိုက်ကြည့်ပြီး ကားတံခါးနားထိ ပြန်ဆုတ်သွားသည်။ တံခါးပေါ်မှာ လက်တင်ပြီးမှ ...

"စက်အာဏာသျှန် ဟာ ဦးစိုင်းဝဏ္ဏသျှန် ရဲ့သားဆိုတာ သိတဲ့လူ ဘယ်သူရှိသေးလဲ၊ ဟွန့် .. ဦးကျော်အောင် ရဲ့သားဆိုတာတော့ အားလုံး သိကြတယ်နော် ..၊ မင်း ဘာတွေသိထားထား ဦးကျော်အောင် ရဲ့ ဂုဏ်သိက္ခာကို ထိန်းရဦးမှာပဲဆိုတာ မမေ့နဲ့ .."

"ခင်ဗျားရဲ့ လိမ့်လုံး ခြောက်လုံးတွေကို ဂရုစိုက်ခဲ့တဲ့ စက်အာဏာသျှန် အခု မရှိတော့ဘူး .."

"ဪ .. ဪ ..."

"ခင်ဗျားက ငရဲမကြောက် .. ပြာပူမကြောက်ပေမယ့် ကျွန်တော့် ဘိုးဘွားမိဘတွေရဲ့ ရတနာပုံပေါ်မှာ ဆက်လက် ခံစားခွင့် ကျွန်တော် မပြုတော့ဘူး .."

"ဟား .. ဟား .. မိုက်ပါ့ကွာ ..၊ မင်းက လမ်းပေါ်ကလူ ..."



www.burmeseclassic.com

www.burmeseclassic.com



ငါက အခုပဲ အိမ်ကထွက်လာခဲ့တာ ..၊ မင်းအိမ်ကို မင်းပြန်ရောက်ရင် ဘာတွေ ပြန်ရဦးမယ် ထင်လို့လဲ .."

"ခင်ဗျား ဘာတစ်ခုမှ ရသွားမှာ မဟုတ်ဘူးဆိုတာက ပိုသေချာတယ် .."

စက် က ပြောပြီး သူ့လိုပဲ နောက်ပြန်ဆုတ်၍ တံခါးနားမှာ ရပ်နေလိုက်ကာ ...

"ကိုယ်နဲ့ ဘာမှမတော်စပ်တဲ့ ရောဂါသည် လူလိမ်တွေအတွက် ဘယ်သူက ဘယ်သိက္ခာကို ထိန်းရဦးမှာလဲ၊ သေသွားတဲ့လူကို ခွေးသေဝက်သေ ဆွဲချပစ်မယ်၊ မသေသေးတဲ့လူ ဘယ်လိုဆက်ပြီး စခန်းသွားမလဲဆိုတာက စောင့်ကြည့်ဦး .."

ဦးမောင် မျက်နှာမှာ အပြုံးအရယ်တွေ မဲ့သွား၏။ ထိုမျက်နှာကို စက်ဆုပ်စွာကြည့်ရင်း စက် က အံကြိတ်သည်။

"မသွားခင် တစ်ခုတော့ ပြောခဲ့စေချင်တယ်၊ ဖေဖေ့ကို ဘယ်လိုစီရင်လိုက်တာလဲ .."

"မင်းအဖေ သူ့သောကနဲ့သူ အရက်နာကျပြီး သေသွားတာပါ၊ သူ့သားလေးနဲ့ ဇနီး နိုင်ငံခြားမထွက်လိုက်ရဘဲ ကားမှောက်ပြီး နှစ်ယောက်စလုံး ဆုံးသွားပြီဆိုတော့ သူ ဘယ်ခံစားနိုင်မလဲ .."

ကြည့်စမ်း .. ဦးမောင်မောင် ..၊

စက် ရဲ့မျက်နှာ ရဲတွတ်သွားသည်။

'လူလိမ်မှာအမျက် အပြင်မထွက်' ဆိုပေမယ့် ပါးစပ်တစ်ခုကိုပဲ ပိတ်ထားလို့ ရသည်။ မျက်နှာတစ်ပြင်လုံး၏ အရေးအကြောင်းတွေက မျဉ်းကောက်မျဉ်းဖြောင့်တွေ ရှုပ်ထွေးသွားခဲ့ပြီး ...

"ကျွန်တော့်ကို ဒေါ်နော်ဖော ဆီက သွားခေါ်ပြီး ဝှက်ထားခဲ့တာပေါ့ .."

"မှန်တာပေါ့ .. အဲဒီအချိန်မှာ မင်းအဖေ အရက်ချိုးကပ်ပြီး ကျော်





အောင့် လက်ထဲမှာ ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေပြီ၊ သူ စိတ်ရှိတိုင်း ဘာမှမတတ်နိုင်တော့ဘူး ..၊ သေတာတောင်မှ ဘာမှ မှာမသွားနိုင်တာ ကြည့်ပါလား .. သူ့အတွက် သံယောဇဉ်တစ်မျှင်မှ မရှိတော့ အရက်စားပွဲမှာ မျက်နှာမှောက်ပြီး တိတ်တိတ်ဆိတ်ဆိတ် သေသွားတာပဲ၊ ငါ ပြောပြီးပါပကော .. ပစ္စည်းဥစ္စာဆိုတာ စားထိုက်မှ စားရတာ .."

"ဟုတ်ပြီ .. အခု ခင်ဗျား နန်းမဟာတစ်ခုလုံးမှာ ရှိသမျှ သိမ်းကျုံးထုပ်ပိုးလာခဲ့ပြီဆိုတာ လာပြီး အသိပေးတာလား .."

"အသိပေးဖို့တော့ မဟုတ်ဘူး .. ငါ့ဟာငါ အသာလေး ထွက်သွားရုံပဲလေ၊ ဒါပေမယ့် ရတနာကိုးမျိုးကို ငါ ဘယ်လိုရှာရှာ မတွေ့ခဲ့လို့ ထားပုံထားနည်းလေးတော့ နားထောင်သွားချင်တယ် .."

"အခု အဲဒါကို သိချင်တယ်ပေါ့ .."

"မသိချင်တော့ပါဘူး .. မင်းအတွက် ချန်ခဲ့တယ်လို့ပဲ မှတ်လိုက်ပါ့မယ်"

ဦးမောင် က တံခါးဖွင့်၍ ကားထဲဝင်ထိုင်လိုက်ပြီးမှ ခေါင်းထွက်ကာ ...

"မင်းရဲ့ ဘောဘီပန့်ထွာ ကို ပြန်လိုချင်ရင် နောက်ထပ် နှစ်ဆယ့်လေးနာရီ မကျော်မချင်း ငါ့ကို မနှောင့်ယှက်နဲ့ သျှန် ..၊ မဟုတ်ရင်မင်း ငါ့အကြောင်း သိပါတယ်၊ ငါ့ကို ဒုက္ခပေးတာနဲ့ မင်းကောင်မကို အရေခွံ နွှာပစ်မယ် .. မယုံမရှိနဲ့ .."

"နေဦး .."

စက် က သူ့ကို တားဆီးကာ ဖုန်းထုတ်လိုက်သဖြင့် ...

"သြော် .. မယုံဘူးကိုး၊ မင်းကောင် ဟန်ဝင်း သူ့ကိုယ်သူ ဘာဖြစ်မှန်းတောင် သိလိုက်မှာ မဟုတ်ဘူး၊ ခုဆိုရင်တော့ သတိရနေလောက်ပါပြီ .. ခေါ်ကြည့်လေ .."

ဒီလောက်ထိ ကောက်ကျစ်လွန်းသည့် လူယုတ်မာမျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံတွေကို ဖျော့သိမ်၍ ကြည့်နေရတာ ရင်ထဲမှာ သွေးတွေ ပွက်ပွက်ဆူနေ၏။

ဒါပေမယ့် ဒီနေရာမှာ သူ ပေါက်ကွဲလို့ မဖြစ်သေး။ ကားထဲမှာ အသံမထွက် သူ ရှိုက်ငိုသည်။ ဒီလူကြီး၊ အားလုံး ခန့်မှန်းမပြီးမချင်း သူ့ဘက်က အပြစ်လုပ်လို့ မဖြစ် ...

"ဘယ်လိုလဲ ပြန်မေးရဦးမလား ..."

ကိုင်မယ်လုပ်ရှိသည် မှန်မြည်သံကြောင့် သူ အသာ ပြန်ရှုလိုက်ရကာ ...

"မန်နေဝင်း ကို မင်းများ ဘာလုပ်ခဲ့သလဲ ..."

"ဘာမှမလုပ်ဘူး .. သတိရနေလို့ ဟဲ .. ဟဲ .. လူသတ်ရှာ ပျော်စရာ မဟုတ်တာ၊ နှမ်းမဟာဘ ရတနာတွေနဲ့ ငါက လောဘ စည်းစိမ်ကို ခံစားဦးမှာ ..."

ဦးမောင်မောင် က တော် ဒီတိုင်းရပ်ကြည့်နေတာကို သဘောတွေ ခွတ်ကျနေကာ ခေါင်းကြီး ပြန်ထွက်လာချက် ...

"ငါ သိပါတယ် .. မင်းရဲ့ ဘေဘီပန်ထွာ က မင်းအတွက် ဘာနဲ့မှ လဲလှယ်တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာလေးဆိုတာ .."

တဟားဟားရယ်နေရင်း မှန်တင်လိုက်ကာ မောင်းထွက်သွားတော့ ရှောခနဲ ...။

ဒါဆို ဦးမောင် ကပဲ ပွတ်ကပ်ပြီး အနိုင်နဲ့ပိုင်းသွားပြန်ပြီပေါ့ ... အကွက်ကျကျ ချိတ်ဆက် ကြံစည်နေခဲ့သူမို့ သူပဲ အနိုင်ရဦးမည်ဆိုလျှင် အမြဲတမ်း ခေါင်းငုံ့ကျန်ခဲ့ရမှာ သူမဲပေါ့ ...။

စက် က ကိုယ့်အတွေးနဲ့ကိုယ် နှုတ်ခမ်းမဲ့၍ ပြုံး၏။ ပြီးတော့ ကားထဲဝင်ထိုင်ပြီး စက်နှိုးလိုက်ရင်း ...

"ခင်များ နိုင်နေတာ မဟုတ်ဘူး ဦးမောင်မောင်၊ ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေ များများလာတာ ခင်များ မေ့နေလို့ပါ၊ တရားဥပဒေမှာ အား





နည်းသူဘက်က ခုခံ ကာကွယ်ခွင့်ဆိုတာ ရှိသေးတယ် .."

စိတ်ထဲမှာ ရေရွတ်မိခြင်းနှင့် တစ်ပြိုင်နက် ဘိုးဘွားမိဘတွေရဲ့ အမွေအနှစ်တို့ကို မသမာသူလက်ထဲ မရောက်ရအောင် ကာကွယ်ဖို့ ဆုံးဖြတ်၍ ...

"ဒုန်း ..."

ကားကို ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ပဲ ပြန်ဝိုက်ကွေ့လိုက်သည်။ သူ့ရှေ့မှ ပါဂျရိုး၏နောက်မှာ ကျန်ရစ်သော ဖုန်လုံးကြီးက ရှိနေဆဲဖြစ်ကာ သူ့ကားလေး ဖုန်လုံးထဲကို တိုးဝင် ပျောက်ကွယ်သွား၏။

ဦးမောင် ကတော့ ကားမောင်းနေရင်း သဘောတွေ အကျကြီး ကျကာ စတီယာရင်ကို ဖျတ်ခနဲပုတ်၍ ပခုံးတွေလှုပ်အောင် ရယ်သည်။

သူ ဒီလောက်ထိ ရယူထားနိုင်ကာမှ ရတနာကိုးမျိုး မရတော့လည်း ရတာနဲ့ပဲ ကျေနပ်ရုံပေါ့။ တစ်သက်လုံး စိမ်ကျကျနေပြီး မိန့်မိန့်ကြီး စားသုံးလာခဲ့ရတာ တန်ပါသည်။

"ကိုမောင် .. နော်ဖော ကို သတ်ပစ်လိုက်တယ် ဟုတ်လား ..၊ အဲဒါတွေလုပ်တာ ကိုမောင် ကိုယ့်ကိုယ်ကိုယ် မှန်တယ်ထင်နေသလား"

"'လွယ်ရင် သူကြွယ်တောင် မနေဘူး' ဆိုတဲ့စကားကို ကျွန်တော် လက်ခံခဲ့တယ်၊ အခြေအနေ အချိန်အခါတွေက ကိုယ့်အတွက် ပေးနေတာကို အခွင့်အရေးယူတတ်ခဲ့တာလည်း ကျွန်တော်ကိုယ်တိုင်ပါ၊ ကိုမောင့် ကြောင့်ဆိုတဲ့ အတွေး မတွေးမိအောင် ကျွန်တော် နေခဲ့တယ်၊ အခု ကျွန်တော်ပို့ ကျေးစူးရှင်တွေကို သစ္စာမဲ့မိလို့ လူလုံးမလှ ဖြစ်နေကြရပြီ .."

"ကျွန်တော်က သူ့အဖေဖြစ်ခွင့် ရနေလို့ ကိုမောင့် လက်ထဲမှာ သျှန် က ရုပ်သေးရုပ်လိုဖြစ်နေတာ ကိုမောင်၊ လူငယ်တစ်ယောက်ကို လျှော့မတွက်နဲ့ ...၊ သူ အမှန်တိုင်း သိသွားတာနဲ့ ကိုမောင့် ယုံကြည်မှုတွေ ဖောက်တီဖောက်ထိုး ဖြစ်ကုန်မှာပဲ .." တဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



"ဟား .. ဟား .. ဟား ... ကျော်အောင် .. ကျော်အောင် .. မင်း ငါ့ညီဖြစ်ပြီး ညံ့သေးတယ် .."

ကားမောင်းနေရင်း ဦးကျော်အောင် ပြောခဲ့သမျှကိုတွေးကာ အသံထွက်အောင် ရယ်မိသည်။ တစ်ယောက်တည်းပဲ အရူးလို စကားတွေ ပြောနေမိကာ ...

"လူတွေက အပေါင်းစားဆိုတာ မင်း မေ့နေတာကိုး၊ ဟား .. ဟား .. ဟား ... ကိုယ့်ပစ္စည်းဖြစ်ပြီး ကိုယ် မသုံးရဘူး၊ ငါက ဘာမှ တစ်ပြားမှ မပိုင်ခဲ့ဘဲနဲ့ ရတနာပုံကြီးပေါ် ထိုင်မိခဲ့တယ်၊ ဒါပဲလေ .. ဒီဘဝမှာ ငါက လူဆိုးဖြစ်ရင် ဖြစ်မယ်၊ ဒါပေမယ့် ဒါတွေကို ငါ စားထိုက်လို့ စားရတာ၊ ငါပြုခဲ့တဲ့ ကောင်းမှုကြောင့် ငါ စံစားရတာ .. ဟား .. ဟား .. ဟစ်.. ဟစ် .."

သဘောတွေကျလို့မဆုံးဘဲ စိတ်လွတ်ကိုယ်လွတ် အော်ရယ်နေမိစဉ် ဖုန်းသံ မြည်လာ၏။ ဘယ်သူ့ဖုန်းဆိုတာ သိလိုက်ပေမယ့် အရယ်မပျက် ဖွင့်လိုက်နိုင်ပြီး ...

"ပြော .."

"အရမ်းကျေနပ်နေလား ဦးမောင် ..၊ ဗီဒီယိုထားတာက အကွက်စေ့ ထောင့်စေ့ ဆိုတော့ .."

"ဟား .. ဟား .. ဟား ... ဂရုမစိုက်လို့ မင်းကို ငါကိုယ်တိုင် ကြေညာပြီးမှ ထွက်ခဲ့တာပဲလေ၊ မှတ်ထားစမ်း သျှန် .. ငယ်နိုင်ဆိုတာ ငယ်ငယ်တည်းက နိုင်လာခဲ့တာ၊ နိုင်လျက် နိုင်ဆဲ အမြဲနိုင်သွားမယ့်လူ မင်း၊ ဆံဖြူသွားကျိုးတဲ့အထိ ဦးမောင် ဆိုတဲ့အသံ ကြားရင် ပြေးဖို့ ခြေလှမ်းပြင်ပြီးသား ဖြစ်နေရမယ် .. ဟုတ်တယ်မို့လား .."

"ဒါဆို အခု ထွက်ပြေးနေရတာ ဘယ်သူလဲ .."

ဦးမောင်မောင် ရယ်လက်စမျက်နှာကြီး တည်ခနဲ ဖြစ်၏။ အတက် အဆင်း အဝိုက်အကွေ့ပေါ့နှင့် ကားလမ်းက ကျဉ်းလိုက်ကျယ်လိုက်ဖြစ်





နေတော့ ကြားနေရသည့် မခံချင်စရာစကားတို့နှင့် ဒေါသက ပိုတိုးသည်။

ဖုန်းထဲကနေ စက် ရဲ့ရယ်သံ ခပ်သဲ့သဲ့ကြောင့် ကျောပြင်တစ်ခုလုံး ဝါ တောင့်မတ်သွားသည်။

"ကြောက်သေးပါနေတာတောင် ဖုန်ထလို့ ရေဖျန်းချင်တာပါ ပြောနေသေးတယ်၊ ခင်ဗျား မရှက်ဘူးလား ဦးမောင် .. ဘယ်လောက် ပြေးပြေး မလွတ်နိုင်ဘူးဆိုတာ သိရက်သားနဲ့ .."

"ဘာကွ!..."

"ခင်ဗျားလုပ်ခဲ့တဲ့ ပြစ်မှုတွေအတွက် ကျွန်တော် ခင်ဗျားကို အရှင် ဖမ်းဖမ်း .. အသေဖမ်းဖမ်း လွတ်ငြိမ်းခွင့်က ရှိပြီးသား .."

စကားပြောသံကို နားထောင်ကာ စိတ်ထဲမှာ မသင်္ကာဖြစ်လာသဖြင့် ဦးမောင် နောက်ကို မှန်ချိန်၍ သေချာကြည့်မိ၏။ ဖုန်ထနေသည့်ထဲမှာ ပြိုင်ကားလေးကို မြင်လိုက်ရသဖြင့် တစ်ကိုယ်လုံး ရှိန်းခနဲ ဖြစ်သွားသည်။

ဒီကောင် ဘာလုပ်တာလဲ ..၊ သင်းလုပ်ရပ်ကြောင့် ဟိုဟာမလေး သေသွားနိုင်တာ မသိဘူးလား ..။

စိတ် တစ်ချက်လွတ်သွားတာနှင့် ရှေ့မှာ ဘွားခနဲပေါ်လာသည့် ကားကို မနည်းရှောင်လိုက်ရသည်။

"မင်း ငါ့ကို မျက်စောင်းထိုးခွင့်တောင် မရှိဘူးဆိုတာ နားမလည်ဘူးလား သျှန် ..၊ ဘေဘီ့ အသက်က ငါ့လက်ထဲမှာ .."

"ဒါပေမယ့် ဘေဘီ့ ကို ခင်ဗျားကားထဲ ကောက်ထည့်မလာခဲ့တာ ခင်ဗျား ညံ့တာပဲ ..၊ ပစ္စည်းတွေနဲ့ ဘေဘီ့ ကို ခင်ဗျား ဘယ်မှာဝှက်ထား ထား ကျွန်တော် ရှာယူနိုင်တယ်ဆိုတာ မေ့နေတာ ထင်တယ် .."

"မင်းကလားကွ .. တောက် .."

ဦးမောင် တက်ခေါက်မိသည်။ ကားပေါ်က ခုန်ဆင်းပြီး ပြေး၍ သတ်ပုတ်ချင်စိတ်တွေပါ ဖြစ်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါ့ကို လှော့တွက်လိုက်တာပဲ သျှန် ...၊ မင်းလိုကောင်ကို ဂရုစိုက်နေရင် ငါက ဒီတိုင်းလာပြီး စိန်ခေါ်ပါ့မလား .."

"အဲဒါ မသိဘူး .. ကျွန်တော့်ကို ခင်ဗျား ဂရုမစိုက်တဲ့အတွက် အခု ခင်ဗျား သေရတော့မယ် .."

ဟင်!...

ဦးမောင် ထိတ်ခနဲဖြစ်သွားစဉ် နောက်မှာ ပြိုင်ကား၏အရိပ်က သတ္တဝါတစ်ကောင် ခုန်အုပ်လိုက်သလို မျက်လုံးထဲမှာ ရဲခနဲ ...၊

"ဝေါ .."

"ဟာ!..."

ဦးမောင် ရုတ်တရက် ဒေါသစိတ်တွေပဲ မှုန်သွားကာ ဒီလိုကောင်ကို အနိုင်မပေးနိုင်သည့်မာနနှင့် ဘေးက ချောက်ကမ်းပါးကို မေ့သွားသည်။ ထို့ကြောင့် ...

"ဝုန်း .. ဒုန်း .."





## အခန်း(၅၃)

"ငါ တကယ်ပြောနေတာ ကိုသု ...၊ တော်ကြာဆို ညီမလေးတို့ လင်မယား ရောက်လာကြတော့မှာ .."

"ဖေဖေက လက်ခံလိုက်တယ်ပေါ့"

"အဲဒါ မေမေ့တာဝန်လေ ...၊ ငါက ကိုစက် ဆီက ဖုန်းရတာနဲ့ မေမေ့ကို တန်းပြေးပြောတာ .. မေမေက ဝမ်းသာတာပေါ့၊ သူ့မှာ ဘယ်လိုအကြောင်းတွေပဲရှိရှိ ဒီလိုလူက တောင်းပန်မယ် .. ပြန်အပ်မယ် ဆိုတည်းက ညီမလေးကို ဘယ်လောက်ချစ်သွားလဲဆိုတာ သိသာနေပြီလေ ...၊ ငါတို့က ညီမလေး စိတ်ဆင်းရဲမှာစိုးလို့သာ သူ့ကို ဒေါကန်နေကြတာ၊ ပြေလည်မှုတသွားမယ်ဆို အကောင်းဆုံးပေါ့၊ နင် ပြန်လာခဲ့နော် .. တခမ်းတနား လက်ထပ်မှာလို့ ပြောတယ် သိလား၊ လက်ထပ်ပွဲ အမီ ပြန်ခဲ့ .."

"အေးပါ .. ညီမလေးတို့ ရောက်လာလို့ အားလုံး ပြောပြီးရင် ငါ ညီမလေးနဲ့ စကားပြောချင်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ပြောရမယ် .. တကယ်တော့ ကိုစက် က မိုက်ရိုင်းတဲ့လူ မဟုတ်ဘူးတဲ့ ..၊ သူ့မှာ မိသားစုပြဿနာရှိခဲ့လို့ လက်မထပ်ချင်တာနဲ့ အဲဒီပုံစံတွေ ဖြစ်နေတာတဲ့ .."

"ဘာဆိုင်လို့လဲ .."

"မသိဘူးလေ .. ဒါပေမယ့် ဖေဖေ့ကို အဲဒါတွေရှင်းပြပြီး ကျေနပ်အောင် တောင်းပန်မယ်တဲ့ ..၊ သူပြောမှပဲ သိရမှာပေါ့ .."

"ဖေဖေ လက်မခံရင် ပွဲပျက်ဖို့ရှိလား .."

"ပျက်စရာလား ကိုသု ရယ် .. ပွဲပျက်ပျက် မပျက်ပျက် ကိုယ့်ကလေးက အပျိုပြန်ဖြစ်မှာမှ မဟုတ်တာ၊ မေမေ အဆင်ပြေအောင် ကြိုးစားမှာပါ .. နင် မပူနဲ့၊ နာရီပိုင်းလောက်ဆိုရင် သတင်းကောင်း ကြားရပြီ .."

"အေးပါ .. ငါ့ညီမလေး ပြန်ရောက်လာမှာ သေချာရင် ငါ ပြန်ခဲ့မှာပါ"

"လူဆိုး .. မကြီးမငယ်နဲ့ ဖအေကို စိတ်ကောက်ပြီး ထွက်သွားတယ်၊ ဘောဘို ကို နင် ဒီလောက်ထိ ချစ်သလား .."

"နင့်ထက် ပိုချစ်တာတော့ သေချာတယ် .."

"ခွေးကောင် .."

အမြွာတွေမို့ ဘယ်သူက ဘယ်သူ့ကိုမှ လေးစားသမှု ထားမနေကြပေ။ သူငယ်ချင်းလည်း ဟုတ် ..၊ မောင်နှမဆိုလည်း ဟုတ်နေရာ မတည့်အတူနေ ဖြစ်ခဲ့ကြသည့် နှစ်ယောက်က ညီမလေးကို ချစ်ကြတာချင်းတော့ တူ၏။

မြတ်နိုး ဖုန်းချလိုက်ပေမယ့် မျက်နှာမှာ အပြုံးတွေ ဝေနေဆဲဖြစ်သည်။

အရာရာကို အကောင်းတိုင်းဖြစ်စေဖို့အတွက် ထိနိုက် ဆုံးရှုံးခဲ့ရတာတွေ အများကြီးပါ။ ဒါတွေထဲမှာ စက်အာဏာသျှန် လို လူက





ဘောဘို အတွက်နဲ့ သူ့ရာဇဝင်ကို ပြင်ပါမည်လို့ ကတိပေးလာသည့်အတွက် ကျေနပ်လို့မဆုံး ..။

ဒါဟာ ကိုယ် နမ်းခွင့်မကြုံခဲ့ပေမယ့် ညီမလေးကတော့ ခူးယူပန်ဆင်နိုင်ခဲ့တာမို့ အားရကျေနပ်မိတာမျိုးလား ..၊ ပျော်နေတာကတော့ သေချာလေသည်။

"ဟော ..."

ဖုန်းကိုင်ထားရင်း တံခါးဝမှာ တမျှော်မျှော်ဖြစ်နေခဲ့စဉ် မြတ်နိုးလည်ပင်လေး ရှည်ထွက်သွားသည်။

"လာကြပြီ ..၊ ဒေါ်စာဥ .. ဒေါ်စာဥ .."

"ဟော .. လာပြီး သမီးရေ .."

ဒေါ်စာဥ အပြေးတစ်ပိုင်း ထွက်လာတော့ မှာစရာရှိတာ မှာပြီး အပေါ်ထပ် ပြေးတက်မိသည်။

"မေမေ့ .."

"အေး .. လာပြီ ..၊ မေမေလည်း ကြည့်နေတာ .."

"မေမေ့ကို မြင်လားလို့ မေးတာမဟုတ်ဘူး .. ဖေဖေ့ကိုပြောတာ၊ အဆင်ပြေရဲ့လား .."

"မပူပါနဲ့ သမီးရယ် .. သူ့သမီးမျက်နှာ မြင်လိုက်ရင် မောင်းထုတ်မှာ မဟုတ်ပါဘူး၊ မေမေ သိနေပါတယ် .."

ကားရောက်လာတော့ ကားက ပရာဒိုရွှေအိုရောင်ဖြစ်ကာ ဘောဘိက ရွှေအိုရောင်မှာ ရောင်စုံချိတ်လေးနှင့်၊ လက်တိုရင်ဖုံးလေးမှာ အပါးသားလေးခံ ချုပ်ထား၏။

လည်တိုင်မှာ ပြိုးပြက်လက်နေသည့် စိန်ဘယက်နှင့် စံပယ်ပွင့်ပုံ စိန်နားကပ်က လူထက်အရင် ရှေ့ပြေး နှုတ်ဆက်လိုက်သည့်အတိုင်း။

"မေမေ့သမီး ပါဝါတွေ ပြကုန်ပြီ .."

လို့ နှုတ်ခမ်းမလှုပ်ဘဲ မြတ်နိုး က မျက်လွှာချ သင်္ဖော်ပို့၏။



www.burmeseclassic.com

www.burmeseclassic.com



လေ့ကားတွေပေါ်က ဆင်းလာရင်း ကိုယ့်သမီးလေးကို ဒီလိုလေး မြင် လိုက်ရတော့ ဖြစ်လာသည့် ဝမ်းသာပီတိတို့က မျက်ရည်ကြည်တွေ ဝေ့လာတဲ့အထိ ..။

"မေမေ .."

"သမီးလေး .."

ဒီလူကို ချစ်ပါသည်ဆိုပြီး ပါသွားတည်းက မိဘကို တစ်ချက်မှ မဆက်သွယ်ဘဲ နေနိုင်ခဲ့သည့်သမီး ..၊ လွမ်းတာတွေရော ကရုဏာ ဒေါသတွေမှာ စုပြုံ၍ မျက်ရည်စက်တို့ ဖြစ်ကုန်ကြ၏။

"သမီးလေး .. မေမေ့သမီးလေး .."

ဘေဘီလေး ကို ဖက်၍ မျက်ရည် တွေတွေကျမိသည်။ မြတ်နိုး ကလည်း မျက်ရည်သုတ်ရင်း ပြုံးနေကာ ...

"ကိုစက် ထိုင်လေ .."

နံ့သာရောင်ပုဆိုးနှင့် တိုက်ပုံဝတ်ထားသည့် စက် ၏မျက်နှာက အကျီနှင့်အပြိုင် ဝင်းဖန့် ကြည်စင်နေ၏။

ထူနက်သည့် မျက်ခုံးတန်းနှစ်ဖက်က အမြဲတမ်း ကုတ်ချိထား သည်သာ မြင်ခဲ့ဖူးတာမို့ ခုလို ပြေပြစ်နေသောမျက်နှာပြေပြေက ဟို တုန်းကထက်တောင် ချောမွေ့နေသလိုပါ။

မြတ်နိုး ကိုယ့်ကိုယ်ကိုယ်တောင် အံ့ဩမိသည်။ ဟိုအရင်က ကိုယ်ကလည်း စိတ်ဝင်စားခဲ့ဖူးသည်။ ကိုယ့်ကိုပဲ ရစရာမရှိအောင် မဲ့ရွဲ့ ချိုးနှိမ်ခဲ့သည်။ ထို့ပြင် ...

မကြာသေးသည့်ကာလကပဲ ကားနဲ့တိုက်ချပစ်ခဲ့တာ လူမသေ တာ ကံကောင်းလို့ ..၊

ဒါတောင် ခုချိန်မှာ ဒီလူကို ခင်မင်စိတ်တွေပဲ ရှိနေခဲ့လျက် အငြိုး အတေး ခံစိတ်ဆိုတာ တစ်စိုးတစ်စိမျှ မရှိခဲ့ပေ ..။

တကယ်တော့ မြတ်နိုး ညီမလေးကို အရမ်းချစ်လို့ပဲ ဖြစ်မှာပါ။





"ကျွန်တော်တို့ အန်ကယ်လ်နဲ့ အန်တီတို့ကို ကန်တော့ဖို့လာခဲ့ တာပါ၊ အန်ကယ့်လ်ကိုလည်း ရှင်းပြစရာတွေ ရှိပါတယ်၊ ကျွန်တော့်ကို တွေ့ခွင့်ပေးဖို့ ပြောပေးပါ အန်တီ .."

စက် ရဲ့စကားသံ ကြားလိုက်တာနှင့် ဒေါ်မြတ်သဇင် က ခေါင်း ညိတ်သည်။ ဦးသက်ပန် ကိုလည်း အထူးတလည် တောင်းပန် ခေါ် ထုတ်နေစရာ မလိုပါ ..။

ဒီလူကို ကျေနပ်လှသည် မဟုတ်ပေမယ့် ဒီတစ်ခါ မောင်းထုတ် လိုက်ရင်ဖြင့် ကိုယ့်သမီးလေးပဲ တစိမ်းတစ်ရံဆံလက်ထဲမှာ မျက်နှာ ငယ်ရမှာမို့ အလျှော့ပေးလိုက်ဖို့ စဉ်းစားခဲ့ရသည်။

ဒါပေမယ့် မျက်နှာချင်းဆိုင်သည့်အချိန်မှာ ကိုယ့်ကို လက်သိုးထိုး ပြောထားသည့် စကားလုံးတွေက နှိုးဆွသလိုရှိလျက် မပြေသည့် ရက် ဒေါသက နောက်ထပ် ရှင်းပြတောင်းပန်နေတာတွေကိုတောင် မကြား တစ်ချက် ကြားတစ်ချက် ..။

"အဲဒီလို အရိုင်းဆန်ဆန် ပြောဆို မောက်မာခဲ့မိတာတွေဟာ ကျွန်တော့်အတွက် မှန်ပါတယ်၊ ဒါပေမယ့် တစ်ဖက်က မိန်းကလေးကို မထိခိုက်စေချင်တဲ့စေတနာလည်း ပါပါတယ် အန်ကယ်လ်၊ ကျွန်တော် ဒီတိုင်းဆက်ဆံပြမှ ဖြစ်မှာမို့ ဒီတိုင်းပဲဖြစ်ခဲ့တာပါ .."

ကိုယ့်သမီးတွေက မရမက ကပ်တွယ်နေခဲ့လို့ ဒီလို ပြောလွှတ် လိုက်ရပါတယ်ပေါ့ ..၊

ခွေးလိုမိုက်တဲ့ သမီးတွေ ..၊

ဦးသက်ပန် မျက်နှာ အသံတိတ် ပြောင်းလဲ ဖြစ်ပေါ်နေသမျှ ဒေါ်မြတ်သဇင် တို့သားအမိတွေက နားလည်နေကြသဖြင့် ရင်မောနေ ကြ၏။

ထို့ကြောင့် ဒေါ်မြတ်သဇင် ကြားဝင်ပြောပေးဖို့ ဆုံးဖြတ်လိုက်ရ လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"အန်တီတို့ကတော့ ပြီးခဲ့တာတွေကို ပြန်ကောက်ပြီး အပြစ်တင်ရိုးမယ်ဖွဲ့ မနေချင်ပါဘူး၊ နောင် ရှေ့ဆက်ကြမယ့်အနာဂတ်မှာ သမီးလေးကို စိတ်ချမ်းသာအောင် ကြင်ကြင်နာနာ စောင့်ရှောက်သွားမယ်ဆိုရင် ကျေနပ်တယ် .."

ခင်ပွန်းဖြစ်သူ ဘာမှမပြောသေးခင် သူမပဲ ဆုံးဖြတ်ပေးလိုက်၏။ ဦးသက်ပန် ဝင့်ကြည့်လာသည့် မျက်လုံးကြီးကိုတော့ မမြင်သလို နေလိုက်ရကာ ...

"မင်္ဂလာကိစ္စအတွက် ဘယ်လိုစဉ်းစားထားသလဲ .. ပြောပါဦး"

"အဓိကက ဘောဘီ စိတ်ချမ်းသာဖို့ပါပဲ၊ အန်တီတို့လည်း သဘောကျသလို စီစဉ်ပါ၊ ကျွန်တော့်ဘက်မှာ မိဘအုပ်ထိန်းသူ မရှိတော့တဲ့အတွက် စီစဉ်တဲ့ကိစ္စတွေကို အန်တီတို့ကိုပဲ အပ်ပါတယ်၊ လူကြီးစုံရာနဲ့ဖြစ်ရမယ့်အပိုင်းကိုတော့ မိဘမရှိတော့ပေမယ့် ကျွန်တော် တတ်နိုင်သလောက် ဘောဘီ မျက်နှာမငယ်ရအောင် စီစဉ်ပေးမှာပါ .."

စက် က စကားနည်းပေမယ့် လိုရင်းကိုတော့ ပြောသွားနိုင်ခဲ့သည်။ အစက မပြေလည်သည့်အခဲ ရှိထားကြသည့်လူတွေမို့ စကားလည်း သိပ်ကြာကြာ မပြောဖြစ်ခဲ့ပါ။

"သမီးငယ် ဖေဖေ့အခန်းကို လာခဲ့ဦး .."

ဦးသက်ပန် က ထထွက်သွားကာမှ အတော်ကြီး ပြင်ဆင်ထားရသည့်မျက်နှာနှင့် ဘောဘီ ကို လှည့်ပြောသွား၏။

မြတ်နိုး တို့ ဇနီးမောင်နှံကတော့ စက် နေရမခက်အောင် ရင်းနှီးဖို့ကြိုးစားတာမို့ ...

"ဒါဆို ကိုစက် တို့အိမ်မှာ တခြားလူပို မရှိတော့ဘူးပေါ့နော်.. အိမ်ကြီးက အကြီးကြီးပဲ .. လူနှစ်ယောက်တည်း မကောင်းပါဘူး"

"ဘောဘီ ကို ပြောထားပြီးပါပြီ၊ 'နန်းမဟာ'ကို သူ့စိတ်ကြိုက် ပြင်ဆင် ဖန်တီးဖို့ .."





မြတ်နိုး မျက်ခုံးလေးတွေ မသိမသာ ပင့်တက်သွားသည်။ ဘောဘီတို့ တယ်ဟုတ်ပါလား ..၊

ကိုယ့်ညီမလေးမို့ ဝမ်းသာတာက တစ်ဖက်၊ အားကျတာက တစ်ဖက် ..။

စက် ကလည်း စိမ်းသက်နေသည့် အိမ်တစ်အိမ်မှာ ညှိခန်းမှာတောင် ကြာကြာမထိုင်ခဲ့ဘူးတာမို့ ဒီမှာ ညအိပ်ညနေ ရှိနေဦးမှာကို စိတ်တော့ညစ်မိ၏။

လူများများနဲ့မနေချင်သည့် အကျင့်ကိုတော့ တော်တော် ဖျောက်ရဦးမှာပါ။ ဒီကြားထဲ ညစာထမင်းစားကြပြီးကတည်းက ဘောဘီ ပျောက်သွားတာ ပြန်ပေါ်မလာတော့ပေ ..။

မျှော်သည့်လူက မလာဘဲ မမျှော်သည့်ဖုန်းက ဝင်လာ၏။

"ဟန်ဝင်း ဘာလဲ .."

"အံမာ .. အံမာ .. ယောက္ခမနဲ့ အဆင်ပြေနေတဲ့လေသံက ဒီလိုကြီးလား .."

မျက်ခုံးခြစ်ရင်း သူ ပြုံးလိုက်မိသည်။ ပြီးတော့ လက်ကြားမှာညှပ်ထားသည့် စီးကရက်ကို ပြာချွေလိုက်ရင်း ...

"အဆင်ပြေနေတဲ့အဆင့်တော့ မဟုတ်သေးပါဘူး"

"ဟုတ်လား၊ အဖေလား .. အမေလား .."

"ငါနဲ့ထိပ်တိုက်ဖြစ်ခဲ့တာ ဘောဘီ အဖေလေ ..၊ နည်းနည်းတော့ တင်းဦးမှာပေါ့"

"အေးပါကွာ .. မင်း အဲဒီလို နားလည်ပေးလိုက်တာ ငါ ဝမ်းသာပါတယ်၊ မင်း ဘောဘီ တို့ မိသားစုနဲ့ ပြေလည်မှ ဘောဘီ စိတ်ချမ်းသာမှာ ..၊ နောက်ပြီး ကိုယ်က တစ်ကောင်ကြွက်ဆိုတော့ မိသားစုတစ်စုနဲ့ နွေးထွေးတာ ဘယ်လောက်ကောင်းသလဲ .."

"အင်း .. မင်း ဘာပြောမလို့လဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဩော် .. မင်းနိုင်းထားတဲ့ကိစ္စက ရှောချ်ရှိတယ်ကွ .."

"ဘာဖြစ်လို့လဲ .."

"မင်းက ငါ့ကို ယုံကြည်ပေမယ့် ငါက ပန်းရန်သမားတွေကို ပြန်နိုင်းရမှာလေ ..၊ ပြီးတော့ မင်းအိမ်မှာ ပရိဘောဂတွေကလည်း ရွှေထည်တွေ ပါသေးတယ်၊ ငါ မလုပ်ချင်သေးဘူးကွာ .. မင်းတို့ ပြန်လာမှပဲ စရအောင်ပါ"

"မဟုတ်ဘူး .. ဘေဘီ က အဲဒီခြမ်း မှောင်နေတာကို ကြောက်တယ်၊ ငါ ပြန်ရောက်လာရင် လင်းနေချင်တာကွာ .. မင်း နည်းနည်း အာရုံစိုက်ပြီး လုပ်လိုက်စမ်းပါ"

ဟန်ဝင်း ရုတ်တရက် စကားမပြန်ဘဲ တိတ်ကျသွားသည်။

"ရဲစခန်းမှာ မင်း လက်မှတ်ထိုးပြီး ပစ္စည်းထုတ်ရမှာတွေ ရှိသေးတယ်နော်၊ အဲဒါတော့ မင်းကိုယ်စား ငါ လုပ်လို့မရဘူး၊ ဘာလဲ - မင်္ဂလာကိစ္စတွေပြီးမှ ပြန်လာမှာလား .."

"ဟုတ်တယ် .. ဘေဘီ ဘာလုပ်ချင်သလဲ မသိဘူး၊ ရဲစခန်းက ပစ္စည်းကိစ္စက အရေးမကြီးပါဘူး"

"စက် .."

"ဘာလဲ .."

"ခုမှ ဘေဘီ ကောင်းမွန်း သိနေတယ် ဟုတ်လား၊ တစ်ဘီတည်းကို ဘီနေတာ .. အေတွေစီတွေ မပါတော့ဘူး"

"ဟေ့ကောင် .."

"မင်း မဟုတ်ဘူးလား .. ပြော .."

"ဟုတ်တယ် .. ငါ့ဘဝရဲ့ စာမျက်နှာအားလုံးက သူချည်းပဲ"

"တော်သေးတာပေါ့ .. ရှုရှုပွပွနဲ့ လက်ထပ်ထားလို့"

"အဲဒါတွေမပါဘူး ဟေ့ကောင် .. ချစ်နေတာက တခြား၊ ရှုရှုပွရတာက တခြား .."





ဟန်ဝင်း ရယ်နေသည်။ သူ ဖုန်းမချခင် ဘေဘီ ဝင်လာသဖြင့် စကားဖြတ်၍ အိတ်ထဲ ပြန်ထည့်လိုက်သည်။

"အစ်ကိုဟန်ဝင်း ဆီကလား ကိုကို .."

"အင်း .."

"ဒီမှာ ကိုကို့အတွက် နို့ပူပူလေး လုပ်လာတယ်၊ ဒီကတည့်တည့် သွားတဲ့ထောင့်ချိုးမှာ ရေအိမ်ရှိတယ်နော် ကိုကို၊ ဘေဘီ တို့က ရန်ကုန်မှာလည်း ဒီလိုပဲ၊ ဘယ်မှာဖြစ်ဖြစ် ညဘက်လည်း မီးတွေဖွင့်ထားတာပဲ၊ ကိုကို လင်းတာမကြိုက်ရင် ပိတ်ပစ်လို့ ရတယ် .."

ဘေဘီ က နို့ဖန်ခွက်နဲ့ လက်သုတ်ပဝါလေးကို ဗန်းလေးနဲ့ အတိုင်း စားပွဲပေါ်မှာ ချထားလိုက်ကာ ...

"ကိုကို့ကို ဖေဖေက မျက်နှာပူနေလို့ပါ၊ အခု ရယ်ရယ်မောမော ဖြစ်သွားပြီ သိလား .. ကိုကို စိတ်အနှောင့်အယှက် မဖြစ်နဲ့နော် .."

အဖြူရောင် လက်ပြတ်လည်ဟိုက် တီရှပ်လေးနှင့် အပြာရောင် အပွင့်ပါသည့် စကတ်ရှည်အဖြူလေးက ခြေဖမိုးလေးပေါ်မှာ ပုံကျလုလု။

ဆံပင်တွေကို အရင်ကအတိုင်း နှစ်ဖက်ခွဲစည်းထားတာမို့ ဂုတ်သားလေးတွေ စိမ်းမြဖြူနုနေတာကို မီးရောင်အောက်မှာ မြင်နေရသည်။

မိဘအိမ်သွားမှာမို့ ဒီကိုလာတုန်းက ရင်ဖုံးလေးဝတ်ခဲ့ပါဆိုတော့လည်း သူမက လှသည်။ ခုလိုလေးကျတော့လည်း ကလေးဆန်ပြီး ချစ်ဖို့ ကောင်းနေလေသည်။

ဒါပေမယ့် မျက်နှာလေးကနေ ဘေဘီ့ ခြေဖျားထိ စူးခနဲ ငေးကြည့်လိုက်ပြီး စက် ရဲ့မျက်နှာ တည်နေတာက နည်းနည်းမှ အပြုံးအရယ် ခရိ ...။

"ကိုကို နေကောင်းရဲ့လား .."

ဘေဘီ က သူ့လည်ပင်းကြားထဲကို လက်ခုံလေး သွင်းကပ်ကြည့်၏။

"ခရီးပန်းလာလို့ ထင်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကရော .. ခရီးမပန်းဘူးလား .."

"ကိုကိုကလည်း ဘေဘီ က ဒီမှာအိမ်ရှင်ဆိုတော့ ခရီးပန်းနေလို့ ရမလား၊ ကိုကိုက ဘေဘီ နဲ့ လိုက်လာခဲ့တာလေ .. ကိုကို့ကို လိုလေ သေးမရှိ ပြုစုရမှာ ဘေဘီ့ တာဝန် မဟုတ်ဘူးလား .."

စက် က နှာခေါင်းရှုံ့လိုက်ပြီး ဟိုဘက်လှည့်သွားသည်။

"ကိုကို .."

ဘေဘီ က သူ့လက်မောင်းကို နောက်ကနေ ဆွဲထားကာ ...

"အဲဒါတွေပဲ သောက်နေတာ ဘယ်နှစ်လိပ်တောင် ရှိပြီလဲ -"

ပြောရင်း စီးကရက်ကို ဆွဲယူသွားသည်။ ပြီးတော့ ပြာခွက်လေး ထဲမှာ ဖိချေပစ်လိုက်ရင်း ...

"ဘေဘီ တို့ ရန်ကုန်မှာ အမှုကိစ္စတွေလည်း ရှိနေသေးတော့ ဖေဖေက မင်္ဂလာကိစ္စကို မလောနဲ့တဲ့ ..၊ အားလုံး အေးချမ်းမှလုပ်တဲ့-

"မင်းရဲ့အစီအစဉ်တွေကရော .. မင်းရဲ့အဖေ ပြောတဲ့အတိုင်း ဟုတ်ရဲ့လား .."

သူမေးလိုက်မှ ဘေဘီ က လှည့်ကြည့်သည်။ သူမမျက်ဝန်းလေး တွေက ဖေဖေ့အပေါ်မှာ ကိုကို ကြည်လင်ရဲ့လားလို့ စိုးရိမ်သွားတာမျိုး-

ဒါပေမယ့် ဘာမှတော့ မမေးခဲ့ပါ။ စက် အတွက် အိပ်ရာကို သေသေ ပြန့်ပြန့်အောင် ပြုပြင်ပေးဖို့ ထိကိုင်လိုက်ပြီး ခါးလေးမတ်မတ် ပြန်ရပ် ၍ ...

"ဖေဖေက ကိုကို အလုပ်ရှုပ်မှာစိုးလို့ ပြောတာလေ ..၊ ဘေဘီ က ကိုကို့အတွက် အဆင်ပြေမှာမို့လို့ လက်ခံမလားလို့ပါ၊ ကိုကိုက အဲဒီလို မကြိုက်ဘူးလား .."

"အဲဒါတွေ ခု မပြောချင်ဘူး .."

"မနက်ဖြန်မှ ပြောရမှာပါ၊ ဖေဖေကလည်း အဲဒါပဲ ကိုကို့ကို ပြောမှာ၊ အခု ဘေဘီ ကို ထားခဲ့ပြီး အမှုကိစ္စတွေရော .. ကျွန်္ . . . -





"ဘာ!... ဘာပြောလိုက်တယ် .."

စက် ပြန်မေးလိုက်တော့ ဘေဘီ ကြောင်အမ်းအမ်းလေး ဖြစ် သွား၏။

"ဖေဖေက ပြောတာပေမယ့် ကိုကို့သဘောအတိုင်း လုပ်လို့ရပါ တယ်၊ ဘေဘီ ပြောတာ ဘာမှားသွားလို့လဲ .."

"မင်းကိုထားခဲ့ပြီး ရန်ကုန်ပြန်ဆင်းရမယ်ဆိုတာ ကိုယ် နားကြား မှားသွားတာ ထင်တယ် .."

"ဟင်!..."

"လူကို ဘာဖြစ်လို့ မျက်လုံးအဝိုင်းသားနဲ့ ကြည့်နေတာလဲ၊ ဒီမှာ လာပြီး မင်းမိဘကို ကိုယ် တောင်းပန်တာ သူ့သမီးနဲ့ ကြည်ဖြူပေးဖို့ ပဲ .. ထားခဲ့ဖို့ မဟုတ်ဘူး"

"မဟုတ်ဘူးလေ ကိုကို .. ပြန်အပ်တယ်ဆိုတာ ခိုးပြေးကြတဲ့ ယောက်ျားလေးရှင်ဘက်က မိသားဖသားပီပီ ပြန်တောင်းယူပါမယ်ဆိုပြီး ပြန်အပ်တာ၊ အဲဒါ လက်မထပ်ရသေးဘဲနဲ့ ဘေဘီ ပြန်လိုက်လို့ မဖြစ်.."

"မရဘူး .. အဲဒီထုံးစံရှိရင်တော့ ကိုယ့်သမိုင်း ကိုယ်ရေးပြီး ဖျက်ရ မှာပဲ .."

စက် ဒေါကန်သွားသည်။ ဒါကြောင့် ဒီည ဘေဘီ့ ကို သူနဲ့ ခွဲသိပ်လိုက်ပြီဆိုတာလည်း နားလည်သွားကာ ...

"ကိုယ်ပြန်အပ်တဲ့ အဓိပ္ပာယ်က အဲဒီလိုမဟုတ်ဘူး၊ မင်းကို ထား ခဲ့ဖို့မပြောနဲ့ .. ဒီညလည်း မင်း ခွဲအိပ်လို့ မရဘူး"

"ကိုကိုကလည်း .."

အကျပ်ရိုက်သွားသည့်မျက်နှာကို မရှင့်မရဲ ဆွဲမော့လိုက်မိကာ...

"ဒီမှာ ဘေဘီ .. မင်းအတွက် ကိုယ့်ဘက်က ကိုယ့်အတွေးတွေ အစဉ်အလာတွေ ဘယ်လိုရှိရှိ အားလုံးကို ဖျက်ချ ပြင်ဆင်ခဲ့တာမှာ..၊ မဟုတ်ကစ်ချက်နဲ့ အကြောင်းပြချက်တွေ လာမပေးနဲ့၊ မိဘအိမ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်အပ်နှံရမယ့်သဘော သက်ရောက်နေတယ်ဆိုရင် .. လာ .. အ ဟိုတယ်လ်မှာ သွားအိပ်မယ် ..”

“အို .. ကိုကို ..”

လက်ကိုဆွဲ၍ တစ်ခါတည်းထွက်ဖို့ ပြင်လိုက်သဖြင့် ဘောဘီ ကမန်းကတန်း ပြန်ရုန်းလိုက်ရသည်။ ထိုစဉ် ...

“ဒေါက် .. ဒေါက် ..”

တံခါးခေါက်သံနှင့်အတူ မြတ်နိုး အသံလေး မရဲတရဲနှင့် ...

“ဘောဘီလေး ..”

“ရှင် .. မကြီး ..”

“အပေါ်ထပ်ကို ပြောင်းကြတဲ့ ..၊ အဲဒီထဲမှာ နှစ်ယောက်အိပ် ခုတင်မှ မရှိတာ ..”

ဟင်!...

ဘောဘီ သူ့အတွက် ပြင်ဆင်ပေးထားသည့်ခုတင်ကို လှမ်းကြည့်ကာ လည်ပင်းလေး ကုတ်မိ၏။ အထဲကမုန်တိုင်းသံကို မကြီး ကြားသွားတာလား ..၊ မေမေ သိသွားတာလား မသိ ..။

သူ့ကိုကြည့်လိုက်တော့ သူ့မျက်နှာကလည်း နီမြန်းနေကာ တင်ဖက်ကို ခပ်လွှဲလွှဲ လုပ်နေ၏။

“ဘောဘီ ကြားလား ..”

“ဟုတ် ..”

“အပေါ်မှာ နှစ်ယောက်ခန်း ပြင်ပြီးပြီ .. ပြောင်းအိပ်ကြ ..”

ထပ်ပြောပြီးမှ မကြီး ထွက်သွားသည်။

“ကိုကို ဘာမှန်းလည်း မသိဘူး .. မေမေ ကြားသွားတယ် ထင်တယ် ..”

“မင်းမှ အလိုက်မသိဘဲ ..”

“သွားပါ ..”





ဘောဘီ ရှက်သွားကာ ဒီဘက်ကိုပြန်လှည့်လိုက်လျှင် စက် က ဘောဘီ့ ပခုံးလေးကို ဆွဲယူလိုက်ပြီး ...

“နည်းနည်းလေးမှ အချိုးပြောင်းဖို့ မစဉ်းစားနဲ့ ..၊ ကိုယ်က ဖွတ်ဆိုရင် မင်းရဲ့ ဖွတ်တရှုတ်ထက် ဆိုးတယ် ..”

ဘောဘီ့ ကိုယ်လေးကို ဖက်ထားလိုက်ပြီး နဖူးလေးကို နမ်းသည်။

ပြီးတော့ မေးဖျားလေးကိုမော့၍ သူ့မျက်နှာ တိုးကပ်လာလျှင် ဘောဘီ က ပြန်တွန်းလိုက်ကာ ...

“တော်ကြာ ထပ်လာခေါ်လိမ့်မယ် ကိုကို၊ ဟိုအခန်းကို ပြောင်းရအောင် ..”

“ဒီမှာပဲ နေမယ် ..”

“တွေ့လား ..၊ တကယ်ပဲ .. ကလေးကျနေတာပဲ”

“ယောကျ်ားတွေက အမေ့လက်ကလွတ်ရင် သူ့ဇနီးလက်ထဲမှာ ကလေးပဲတဲ့ ..”

“ဟွန်း .. ဒါနဲ့များ ဘယ်တော့မှ လက်ထပ်ဖို့ စိတ်မကူးတဲ့လူတဲ့၊ ဒီက ဦးမိလို့ ရလိုက်တာများ ..”

“အံမာ .. ဦးယူတိုင်း ရရအောင် ကိုယ်က အရုပ်လား ..”

“သိပ်မထူးပါဘူး .. အသည်းနှလုံး မရှိသလိုပဲဥစ္စာ ..”

“ဒါဆို အရုပ်မဟုတ်ဘူးဆိုတာတော့ သိဖို့လိုပြီ ထင်တယ် ..”

စက် က အတင်းနမ်းပစ်လိုက်သဖြင့် ဘောဘီ ကိုကို့ကို ပြန်ဖက်ထားရင်း မျက်နှာလေးကို ပုန်းကွယ်ဖို့ ကြိုးစား၏။ တိုးကြိတ်ကြိတ် ရယ်သံလေးတွေနှင့် သာယာကြည်နူးစွာ ..။

“ပြဿနာပဲကွာ .. ဘာဖြစ်လို့ ဒီလောက်တောင် ချစ်မိသွားတာလဲ မသိဘူး ..”

“ဘောဘီ က အရမ်းချစ်လို့ နေမှာပေါ့”

“အဲဒါကြောင့် ဒီရောက်ကတည်းက ကိုယ့်နား ရောက်မလာတာ



www.burmeseclassic.com

www.burmeseclassic.com



လား ..."

"ဒါကတော့ မိဘတွေရှေ့မှာ နည်းနည်းဆင်ခြင်ရတာပေါ့ ကိုကိုရဲ့ ...၊ ကိုယ်ထင်ရာ ကိုယ်လုပ်ပြီးရင် ဒီလိုပဲ လိမ္မာယောင်လေးပြပြီး အချိုသပ်ရတာ .."

"ကိုယ့်ကိုတော့ အချိုသပ်နေတာ မဟုတ်ပါဘူးနော် .."

"ဘယ်လိုထင်လဲ .."

"ဘယ်လိုမှမထင်ဘူး .. အချိုလည်းမကြိုက်တော့ မင်း မောမှာပဲ"

ပြောပြီး နဖူးချင်း တိုက်ပစ်လိုက်ရင်း ရယ်ကာ ...

"သပ်ဖို့စဉ်းစားရင် အချိုတော့မသပ်နဲ့၊ အဖန်လေး အစပ်လေးနဲ့ သပ်၊ တကယ်ပဲကွာ .. လိုချင်တဲ့လူက ပြန်သင်ပေးရတယ်.. မမိုက်ဘူး"

"ဟုတ်တယ်နော် .. ကိုယ့်ချစ်သူရဲ့ရာဇဝင်ကို ဒီလောက်လေ့လာမှတ်သားနေတာတောင်မှ အများကြီး လိုနေသေးတယ် .."

စက် က ဘေဘီ ကိုယ်လေးကို ခါးလေးကနေ လက်နှစ်ဖက်နှင့် သိမ်းဖက်ထားလိုက်ကာ ...

"ကိုယ်လည်း မင်းမိသားစုနဲ့ အဆင်ပြေအောင်နေတတ်ဖို့ တော်တော် လိုသေးတယ်ကွ ...၊ ဟိုအရင်တည်းက ဦးမောင် ကို စိတ်ထဲက သိပ်မကြည်လင်ခဲ့တာတွေနဲ့ .. ကိုယ့်ဘဝအကြောင်းတွေကြောင့် မကျေနပ်တာရော .. လူတွေနဲ့ အဆင်ပြေအောင် နေထိုင်ချင်တဲ့စိတ် ကိုယ့်မှာ လုံးဝမရှိဘူး၊ တစ်ယောက်တည်းပဲ နေချင်ခဲ့တာက တကယ့်ကို ဝါသနာ တစ်ခု ဖြစ်နေတာ .."

"ဖေဖေက ပြဿနာရှိခဲ့လို့ ဒီလိုနေတာပါ .. ကျန်တဲ့လူတွေကလည်း သဘောကောင်းပါတယ်၊ ကိုကို့ကို ဘယ်သူကမှ ထိုင်ကြည့်ပြီး ဝေဖန်နေကြမှာ မဟုတ်ဘူး .."

"မင်းကရော .."

"ဟင် .. ဘာကိုလဲဟင် .."





"မင်းမိဘနဲ့ ကိုယ် အဆင်မပြေတာတွေရှိလာရင် ကိုယ့်ကို နားလည်ပေးနိုင်မှာလား .."

"ကိုကိုရယ် .. အကောင်းဆုံးကို မရနိုင်ရင်တောင် ကိုကို ပေးသလောက်နဲ့ပဲ ဘေဘီ ကျေနပ်ပါတယ်၊ အစတည်းက ဘေဘီ ကချဲ ကိုကို့ကို .."

"တော်ပြီ .. တော်ပြီ .. အဲဒါ မပြောနဲ့ .. မိန်းမမျက်နှာနဲ့ ကိုယ်ကပဲ တည့်အောင်ပေါင်းဖို့ စိတ်ကူးပြီးသား၊ အန်ကယ့်လ်မျက်နှာ ကြည့်ရတာ ကိုယ် စော်ကားပြောဆိုခဲ့တာတွေအတွက် .."

"မဟုတ်ဘူး ကိုကို .. ဖေဖေက ခွင့်လွှတ်ချင်နေတာပါ၊ လူကြီးဆိုတော့လည်း ချက်ချင်းကြီး ပြောင်းလဲရ ခက်တာပေါ့၊ ပြီးတော့ အခု ကိုကိုက ပြန်ပို့မှ ဘေဘီ က ပါလာတာလေ ...၊ ဖေဖေတို့ စိတ်ဆိုးနေတယ်ဆိုပြီး နောက် မမိုက်တော့ပါဘူးဆိုတဲ့ကတိနဲ့ ပြေးတောင်းပန်ခဲ့တာမှ မဟုတ်တာ ..ဒီသူ့သမီးလေးကိုယ်တိုင်က ဖေဖေတို့ မခေါ်လည်း ဖြစ်တယ်ဆိုတဲ့စတိုင်လ်နဲ့ ပြတ်တောက်နေခဲ့တာကိုး .."

စက် က ဘေဘီ ဂုတ်သားလေးမှာ သူ့မျက်နှာနဲ့ ဖိကပ်ပွတ်ထိရင်း ပို၍ တင်းအောင်ဖက်သည်။

"စိတ်ချပါ ချာတိတ်ရယ် .. မင်း နောက်ထပ် စ်ဟ်မချမ်းမသာဖြစ်ရအောင် ကိုယ် ဘာမှမလုပ်ဘူး၊ မင်း ကိုယ့်ဘဝထဲကို ဝင်လာကာမှ ကိုယ့်ဘဝမှာ အစစအရာရာ ပြောင်းလဲမှုတွေ စတင်လာခဲ့တာ ...၊ ကိုယ့်အတွက် ကံကောင်းခြင်းလက်ဆောင်တွေ ယူလာတဲ့ နတ်သမီး .. ပြီးတော့ ကိုယ့်ဘဝရဲ့အလင်းရောင် .."

"ဘေဘီ ကိုကို့ကို အရမ်းချစ်တယ် .."

"ကိုယ်လည်း ဒီတိုင်းပဲလေ .. ကိုယ့်ဘဝမှာ ကိုယ်ကလွဲရင် အချစ်ရဆုံးက မင်းတစ်ယောက်ပဲ ရှိတယ်၊ အဲဒါကြောင့် ကိုယ့်ဘဝနဲ့ထပ်တူ ချစ်ခဲ့ရတာ ...၊ မင်းထက်တောင် ပိုနိုင်သေးတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘဲနဲ့ .."

"ဘယ်လိုလဲ .. ဘယ်သူ ပိုချစ်လဲ ပြိုင်ချင်လို့လား .."

"ပြိုင်လို့သာရရင် ပြိုင်ချင်သေးတယ်၊ ဟွန်း .. သူများကို အမြဲတမ်းပဲ မောင်းထုတ်နေပြီးတော့ .."

"အဲဒါ ကိုယ် ပြောပြီးပြီကွာ .. မရစ်ပါနဲ့ .."

"မရစ်ပါဘူး .. ဘေဘီ က ချစ်လို့ စတာ၊ ကိုကို့ကိုလေ .. ဟို-ဘေဘီ တစ်ခုပြောချင်တယ် .."

"ပြော .. ဘာလဲ .."

"ရတနာကိုးမျိုးရယ် .. ဘုရားကိုးဆူရယ် ဟိုညတုန်းက ဘုရားစင်တွေမှာ ကိုကို ရှာနေတာလေ .."

"အင်း .. ကိုယ်တို့အိမ်မှာပဲ ဘုရားခန်း ငါးခန်း ရှိတယ်၊ ပြီးတော့ အောက်ထပ်က စာကြည့်ခန်းတွေ၊ နားနေခန်းတွေထဲမှာရော အားလုံး ဘုရားခန်းကိုးခန်း ဘုရားကိုးဆူပေါ့ .."

"ဒါဆို ကိုကို ရှာနေတာ တွေ့တယ်ပေါ့ .."

"တွေ့တယ် .. အဲဒါ မင်းကို ပြမလို့ပါ၊ ဒါပေမယ့် အရမ်းများနေလို့ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်လာတာနဲ့ ..၊ ဘာဖြစ်လို့လဲ .. ကြည့်ချင်လို့လား .."

"ဟင့်အင်း .. မဟုတ်ဘူး၊ ဦးမောင် ယူပြေးဖို့ ကြိုးစားခဲ့တဲ့ပစ္စည်းတွေကလည်း မနည်းဘူးတဲ့ ..၊ အပေါ်ထပ် ဧည့်ခန်းတွေမှာလည်း ရှေးဟောင်းပစ္စည်းတွေက .."

ရွှေတွေချည်းပဲလို့ ပြောမိကာနီးမှ အသံလေး တိတ်သွားသည်။ ဘေဘီ့ ပုံစံက ဒါတွေကို ပိုင်ဆိုင်နိုင်သူအဖြစ် ဂုဏ်ယူဝမ်းမြောက်နေတာမဟုတ်ဘဲ မျက်နှာလေးပျက်နေတာ ဖြစ်ကာ ...

"ပြောလေ .. အဲဒါတွေက ဘာဖြစ်လို့လဲ .."

"မသိဘူး .. သူများတွေ ချမ်းသာချင်ကြပေမယ့် ဘေဘီ ကတော့ ကြောက်တယ်၊ ကိုကို စိတ်မဆိုးနဲ့နော် .. ဘေဘီ လေ နန်းမဟာစံအိမ်ကြီးကို ဒီခေတ်ထဲကအိမ်ကြီးလို့တောင် ခံစားလို့ မရဘူး၊ အဲဒီထဲမှာ ရှိနေတဲ့ ရတနာတွေ အပုံလိုက်ကလည်း ဒဏ္ဍာရီထဲမှာ ကြားဖူးခဲ့တာမျိုးတွေကို အိပ်မက်ထဲမှာ မြင်ခဲ့သလိုပဲ၊ မမက်မောတဲ့အပြင် ကြောက်နေမိတယ်၊ ကိုကို အဲဒီလောက်ချမ်းသာနေတာကို ဘေဘီ စိတ်ညစ်နေတယ်ဆိုရင် ကိုကို ယုံလားဟင် .."

စက် က ပင့်သက်ရှိုက်လိုက်ပြီး ဘေဘီ့ ပါးလေးနှစ်ဖက်ကို ပင့်ကိုင်၍ မျက်နှာလေးကို ကြည့်သည်။

"ကလေးလိုပဲ ချာတိတ်ရာ .."

မချင့်မရဲပြောပြီး ရင်ခွင်ထဲမှာ ပွေ့ပိုက်ထားလိုက်၏။

"မင်း ဘာဖြစ်သလဲ ပြောလေ ..၊ နန်းမဟာကို မမြင်ချင်ပါဘူးဆိုရင် နေ့ချင်းညချင်း ပျောက်ကွယ်သွားအောင် ကိုယ် ဖြိုချလိုက်မယ်၊ အဲဒီရတနာတွေကို ဘယ်နှစ်ပုံ ပုံမယ်၊ ဘယ်အပုံကိုတော့ ဘာလုပ်ပစ်မယ်၊ မင်းစိတ်ကြိုက် ပုံဖော်ပြီး ကြိုက်သလို စီရင် ..၊ ကိုယ် ဘာမှမတားဘူး .."

"ဒါ .. ဒါဆို ဘေဘီ က နန်းမဟာမှာ မနေချင်ဘူးဆိုရင် ကိုကို စိတ်မဆိုးဘူးပေါ့၊ ဘေဘီ စိတ်ချမ်းသာသလို နေခွင့်ပြုမယ်ပေါ့၊ ဟုတ်လား ကိုကို .."

"ဟုတ်တယ် .. ဖေဖေတို့အိမ်မှာပဲ အတူတူနေချင်တယ်လို့ ပြောမှာ တစ်ခုကလွဲရင် အားလုံး မင်းသဘောအတိုင်း ဖြစ်ရမယ် .."

"ကိုကိုရယ် .."

ဘေဘီ ဝမ်းသာလွန်းလို့ မျက်ရည်ကြည်လေးတွေ ဝေ့၏။ ပြီးတော့ ကိုကို့ခါးကို ပြန်ဖက်ထားပြီး မျက်နှာလေး ဖေးကပ်မှီ၍ ...

"ဘေဘီ ကလည်း ကိုကို မျက်နှာညိုတာကို မမြင်ချင်တဲ့သူပါ ကိုကိုရယ် .. ဘေဘီ စိတ်ကူးယဉ်ခဲ့မိတာ သိလား၊ ကိုကို့ ဘေဘီ







www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တည်းလေ .. အရမ်းကို လှပအေးချမ်းတဲ့နေရာလေးတစ်ခုမှာ ပြည့်စုံ ပိုလျှံရုံ ရိုးရိုးဘဝလေးနဲ့ပဲ ..”

“နှစ်ယောက်တည်းက ပျော်စရာကောင်းပေမယ့် ဘယ်ပြည့်စုံမလဲကွ ..၊ မင်း ကိုယ့်ကို ဒီတိုင်းထားဖို့ပဲ စိတ်ကူးနေတာလား ..”

“ဟင် .. ကိုကို ဘာပြောတာလဲ ..”

“ကိုယ့်အတွက် ကွိစိကွစလေးတွေ မွေးပေးဖို့ ..”

“ကိုကိုနော် ..”

“ဒေါက် .. ဒေါက် ..”

စကားကောင်းနေတုန်း တံခါးခေါက်သံ ထွက်ပေါ်လာ၏။ သောဘီ နှုတ်ခမ်းလေးဟသွားကာ တံခါးဆီ လှည့်ကြည့်၏။

“သောဘီလေး ..”

မြတ်နိုး ပဲ ဖြစ်၏။ သောဘီ က သူ့လက်တွေကို ဖယ်ချ၍ တစ်ခုခု ပြောမလို့ လှည့်လိုက်လျှင် ...

“အမေ့!...”

စက် က သောဘီ ကိုယ်လေးကို သူ့ဘက်ကို ဆွဲလှည့်ယူကာ ...

“ညီမလေး .. ခြော် .. ငါ့နှယ် ..”

အိပ်ကုန်ကြတာလားလို့ ဟန်ဆောင်ပန်ဆောင် မေးသင့်ပေမယ့် ခုပဲ စကားပြောသံတွေ ကြားလိုက်သေးတာမို့ မြတ်နိုး ခေါင်းလေး ကုတ်၍ မချိုမချဉ် ပြုံး၏။

အဲဒါ မှတ်ထား မြတ်နိုး ..၊ နောက်ဆို ဒီအချိန်မျိုးမှာ မခေါ်ရင် မသွားနဲ့ ..။

**လရောင်ကျူးရင့်**



BURMESE CLASSIC .com

www.burmeseclassic.com